စစ်ကိုင်းတောင်ရိုး

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

# နိဗ္ဗာနမဂ္ဂဒီပနီ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သနာ ၂၅၂၂ ကောဇာ ၁၃၄၀ အောက်တိုဘာလ ၁၉၇၈

၂၁၄၂၈

စစ်ကိုင်းတောင်ရိုး

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

# နိဗ္ဗာနမဂ္ဂဒီပနီ


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၂ ကောဇာ ၁၃၄၀ အောက်တိုဘာလ ၁၉၇၈

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

ပထမ အကြိမ် ရိုက်နှိပ်ခြင်း၊ စာအုပ်ရေ-၃၀၀၀။ ၁၉၇၈။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။



စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး

နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

# နိဒါန်း

## အဖိုးတန်ပုံပြင်ကလေးတပုဒ်

ရှေးအခါက မောင်ဒေဝနှင့် မောင်ဒီပ ခေါ် သူငယ်ချင်းနှစ်ယောက် ရှိခဲ့ဘူးသည်။

ကျေးရွာအုပ်စု နယ်ကြီးတခု၌ နေထိုင်ကြသော ရွာသူ, ရွာသားတို့သည် နေရာသစ် ရွာသစ်များ, နယ်သစ်များ ရှာဖွေပြီး ပြောင်းရွှေ့သွားသည် ဟူသော သတင်းကို သူတို့ နှစ်ယောက် ကြားသိကြရသည်။

ထိုသို့ ကြားရသောအခါ " ထိုပြောင်းရွှေ့သွားသည့် နယ်ဟောင်းနေရာဆီသို့ သွားပြီးရှာဖွေရလျှင် တစုံတရာ ပစ္စည်းဥစ္စာ ရလိမ့်မည်" ဟု တိုင်ပင် သဘောတူကာ ခရီးထွက်ခဲ့ကြသည်။

ခရီးထွက်ခဲ့၍ ရွာဟောင်းအနီးသို့ ရောက်သောအခါ စွန့်ပစ်ထားခဲ့ကြသည့် ပိုက်ဆံလျှော်များကို တွေ့ရသည်၊ ပိုက်ဆံလျှော်ကို ပိုက်ဆံချည် ဖြစ်အောင် ကျစ်ပြီး အဝတ်အထည် ယက်လုပ်နိုင်သည်ဟု သိရှိကြ၍ ပိုက်ဆံလျှော်များကို နိုင်သလောက်တယောက် လျှင် တထုပ်စီ ထုပ်ပြီး သယ်ဆောင်ခဲ့ကြကာ ခရီးဆက်ခဲ့ကြသည်။

တော်တော်ဝေးဝေး သွားမိသောအခါ အခြားရွာဟောင်း တခုအနီး၌ ပိုက်ဆံချည်များ စွန့်ပစ်ထားသည်ကို တွေ့ရပြန်သည်၊ ထိုအခါ မောင်ဒေဝက—

> "ကျစ်ပြီးသားပိုက်ဆံချည်က ပိုက်ဆံလျှော်ထက် အဖိုးတန်သည်၊ ယူခဲ့သည့် ပိုက်ဆံလျှော်ကိုပစ်၍ ပိုက်ဆံချည်ကို ယူကြစို့"—

ဟု ပြောဆိုကာ ပိုက်ဆံလျှော်ကိုပစ်၍ ပိုက်ဆံချည်များကို နိုင်သလောက် ထုပ်ယူသည်။

မောင်ဒီပကာကော့—

> "ငါ ယူခဲ့တဲ့ ပိုက်ဆံလျှော်တွေက အဝေးကြီးက အလေးခံပြီး ယူဆောင်ခဲ့ရသည်၊ ထို့ပြင် ကောင်းမွန်သေသပ်စွာ ထုပ်ထားပြီး ဖြစ်သည်၊ မပစ်ခဲ့နိုင်ပါ"—

ဟု ပြောဆိုကာ ပိုက်ဆံချည်ကိုမယူဘဲ ပိုက်ဆံလျှော်ထုပ်ကိုသာ ထမ်းဆောင်၍ ခရီးဆက်ထွက်ခဲ့သည်။

ခရီး တော်တော်ဝေးဝေး သွားမိသောအခါ၊ အခြား ရွာဟောင်းတခုအနီး၌ ပိုက်ဆံချည်ဖြင့် ရက်လုပ်ထားသည့် အဝတ်အထည်များကို တွေ့ကြပြန်သည်၊ ထိုအခါ၌လည်း မောင်ဓနက ယူခဲ့သော အဖိုးတန်သည့် ပိုက်ဆံချည်များကို စွန့်ပစ်၍ အဖိုးတန်သည့် ပိုက်ဆံအဝတ်အထည်များကို ထုပ်ပိုးယူဆောင်ခဲ့သည်။ မောင်ဒီပကာကော့ မိမိ အဝေးကြီးက ဆောင်ယူခဲ့၍ ကောင်းစွာ ထုပ်ထားပြီး ပိုက်ဆံလျှော်များကို မစွန့်ပစ် နိုင်သောကြောင့် ပိုက်ဆံ အဝတ်အထည်များကို မယူဘဲ ပိုက်ဆံလျှော်ထုပ်ကိုသာ ထမ်း၍ လိုက်ခဲ့သည်။

ခရီးဆက်သွားသောအခါ… ဆက်၍ဆက်၍ပင်—

ဂုံလျှော်ကို တွေ့သည်၊
ဂုံချည်ကို တွေ့သည်၊

ဂုံချည် အဝတ်အထည်ကို တွေ့သည်၊
ဝါဂွမ်းကို တွေ့သည်၊
ဝါချည်ကို တွေ့သည်၊
ဝါချည် အဝတ်အထည်ကို တွေ့သည်၊
သံကို တွေ့သည်၊
ကြေးကို တွေ့သည်၊
ခဲပုပ်ကို တွေ့သည်၊
ခဲဖြူကို တွေ့သည်၊
ငွေကို တွေ့သည်၊
ရွှေကို တွေ့သည်။

တွေ့တိုင်း တွေ့တိုင်း မောင်ဒေဝက အဖိုးမတန်သည့် သယ်ဆောင်လာသော ပစ္စည်းများကို စွန့်ပစ်၍ အဖိုးတန်သည့် အသစ်တွေ့ရသော ပစ္စည်းကို ထုပ်၍ယူခဲ့သည်၊ မောင်ဒီပကတော့ ခရီးအဝေးကြီးက အလေးခံ သယ်ဆောင်ခဲ့ရ၍ ကောင်းမွန်သေသပ်စွာ ထုပ်ပြီးဖြစ်သည့် ယူခဲ့ရင်း ပိုက်ဆံလျှော်ကိုသာ မစွန့်ပစ်ခဲ့နိုင်သောကြောင့် တွေ့သမျှ အဖိုးတန် ပစ္စည်းများကို မယူခဲ့ချေ၊ လက်ဦးမဆွက ယူခဲ့ရင်း ပိုက်ဆံလျှော်ကိုသာ ဆောင်ယူခဲ့သည်။

နောက်ဆုံး မိမိတို့ နေအိမ်သို့ ပြန်ရောက်သောအခါ မောင်ဒေဝမှာ ရွှေ များစွာပါလာ ခဲ့သောကြောင့် မိဘ ဇနီး သားသမီးများနှင့်တကွ ချမ်းသာကြွယ်ဝစွာ အသက်ထက်ဆုံး နေရလေသည်။

မောင်ဒီပမှာမူ ယူခဲ့ရင်း ပိုက်ဆံလျှော်များသာ ပါလာသောကြောင့် မိဘ ဇနီး သားသမီးများနှင့်တကွ ဆင်းဆင်းရဲရဲ မွဲမွဲတေတေဖြင့် အသက်သေဆုံး တဘဝတုံးရလေတော့သည်။

ဤပုံပြင်ကလေးကား လူသားတိုင်းအတွက် များစွာအကျိုးရှိစေနိုင်သည့် အဖိုးတန် ပုံပြင်ကလေး ဖြစ်ပေသည်။ ဤပုံပြင်ကလေးကို ဆန်းကြယ်စွာ တရားဟောရာ၌ အမြတ်ဆုံး တေဒဂ်ဘွဲ့ရ အရှင်ကုမာရကဿပမထေရ်က ပါယာသိမြို့စားကြီးအား ဟောပြတော်မူသည်။

### ပါယာသိမြို့စား အယူမှားပုံ

အထက် ဖော်ပြသည့် ပုံပြင်ကို ဟောရခြင်း အကြောင်းကို အနည်းငယ် ရှင်းပြပါအံ့—

မြတ်စွာဘုရား လက်ထက်တော် အခါက ကောသလတိုင်း သေတဗျမြို့ကို အပိုင်စား ရရှိထားသည့် ပါယာသိ အမည်ရှိ မြို့စားကြီးတဦး ရှိသည်။ ပါယာသိမြို့စားကြီး၌—

၁။ အခြားတပါးသော ကမ္ဘာလောက မရှိ။

၂။ သေပြီး ပြန်ဖြစ်သည့် သတ္တဝါ မရှိ၊

၃။ ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုး မရှိ—

ဟူသော မှားယွင်းသည့် အယူအဆသုံးမျိုးကို စွဲယူနေပေသည်။ ယင်း အယူဝါဒ သုံးမျိုးသည်သာ အမှန်တရားဖြစ်၍ လက်ခံကျင့်သုံးသင့်ကြောင်းကို ပါယာသိမြို့စားက အထောက်အထား အကြောင်းအမျိုးမျိုး ပြဆိုသည်။

အရှင်ကုမာရကဿပထေရ်ကလည်း ပါယာသိမြို့စားကြီးတင်ပြသည့် အကြောင်းဟူသမျှကို ၎င်းထက်ပိုမိုခိုင်လုံသည့်အကြောင်း အထောက်အထားများကိုပြဆို၍ ပယ်ရှားတော်မူသည်၊ ပါယာသိမြို့စား၏ အယူအဆသုံးမျိုးလုံး အဓိပ္ပါယ်မရှိ သက်သက်

မှားယွင်းသော အယူအဆသာလျှင် ဖြစ်ကြောင်း ထင်ရှားသွားသည်။ သို့သော်လည်း ပါယာသိမင်းသည် မိမိကာလကြာမြင့်စွာ ယူဆပြီး ပြောဟောခဲ့သည်ဖြစ်သောကြောင့် ယင်းအယူအဆသုံးမျိုးကို မှားပင် မှားစေကာမူ မစွန့်ပစ်နိုင်ပါကြောင်း ဇွတ်အတင်း ငြင်းနေသည်။

ထိုအခါ အရှင်ကုမာရကဿပထေရ်က ကြာမြင့်စွာ ယူဆခဲ့သည့် အယူအဆပင် ဖြစ်သော်လည်း မှားယွင်း၍ မကောင်းလျှင် စွန့်ပယ်ပြီး မှန်ကန် ကောင်းမွန်သည့် အယူကို ယူဆသင့်ကြောင်းဖြင့် အထက်တွင် ဖော်ပြခဲ့သည့် ပုံပြင်ကလေးကို ဥပမာသာဓကအဖြစ် တင်ပြဟောတော်မူခြင်း ဖြစ်ပေသည်။

ယင်းပုံပြင်ကလေးကို ဒီဃနိကာယ်၊ သုတ်မဟာဝါပါဠိတော်၊ ပါယာသိရာဇညသုတ်မှ[၁] ထုတ်နုတ်၍ နားလည် လွယ်စေရန် အကျဉ်းချုပ် တင်ပြပါသည်။

ယင်း ပုံပြင်ကလေး အရ လူသားတို့အား "ဟောင်းပင်ဟောင်းသော်လည်း မကောင်းသော အယူအဆ အပြောအဆို အပြုအမူများကို မတွယ်မတာ ဖယ်ခွါစွန့်ပစ်၍ ကောင်းမွန်မှန်ကန်သည့် အယူအဆ အပြောအဆို အပြုအမူများသို့ ပြောင်းလွှဲလက်ခံသင့်ကြောင်းကို ဤပုံပြင်က နည်းပေးညွှန်ပြနေပေသည်။

ယင်းသို့ လူသားတို့အတွက် ကြီးမားသော အကျိုးစီးပွါးဖြစ်စေနိုင်သည့် နည်းလမ်းကို ညွှန်ပြပေသောကြောင့် ဤနိဒါန်း၌ အဖိုးတန်ပုံပြင်ဟု အမည်ပေးဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။

---

၁။ ဒီ ၂၊ နှာ ၂၄၄-၂၄၈။ သုတ်မဟာဝါ မြန်မာပြန် နှာ ၃၁၀-၃၁၁။

## အဖိုးတန် နိယံကဗျာ

ဖော်ပြခဲ့သည့် ပုံပြင်နှင့်ထပ်တူ အဓိပ္ပါယ်ကို ပြဆိုသည့် နိယံကဗျာကိုလည်း အလျဉ်းသင့်ခိုက် ဆက်လက် ဖော်ပြလိုပါသည်။

မန္တလေးမြို့၌ သာသနာတော်၏ တက္ကသိုလ် ဗဟိုချက်ချာ ခေါ်ထိုက်သည့် ဒက္ခိဏာရာမ ဘုရားကြီး ကျောင်းတိုက်ကြီး ရှိသည်။ ထိုဘုရားကြီးကျောင်းတိုက်၌ မြန်မာသက္ကရာဇ် ၁၃၀၆-ခုနှစ် မတိုင်မီ အထက်အခါက စာပေပို့ချရာ၌ ကျော်စောထင်ရှားတော်မူသည့် ဆရာတော် ဦးငြိမ်းခေါ် စာချဆရာတော် တပါး ရှိဘူးသည်။ ရဟန်းဘွဲ့အမည်မှာ အရှင်ဥက္ကံသမာလာဖြစ်၍ အင်္ဂလိပ်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်အလှူခံ ရရှိတော်မူသည်။ဘုရားကြီးတိုက်၏ ဆဋ္ဌမအဓိပတိမဟာနာယကလည်း ဖြစ်တော်မူသည်။

ဆရာတော်သည် စာပေ ပို့ချရာ၌ အလွန် ကောင်းသောကြောင့် စာဝါ တကြိမ်တကြိမ် ချလျှင် စာလိုက်သံဃာ ငါးရာကျော်မျှ ရှိသည်။ တနေ့တနေ့၌ စာဝါပေါင်း သုံးကြိမ်ကျော်မျှ ပို့ချတော်မူသည်ဟု ပြောစမှတ် ရှိသည်။

စာပေချပို့စဉ် စာထဲ၌ မသင့်မလျော် မှားယွင်းသည့် ပါဋ္ဌိများ,အဓိပ္ပါယ်အနက်များ တွေ့ရလျှင် ယင်းအမှားကို အကြောင်းယုတ္တိ အကိုး သာဓက ပြည့်ပြည့်စုံစုံ ဖော်ကာ ရဲရဲဝံ့ဝံ့ ပယ်ရှားတော်မူပြီး အမှန်ကို ပြင်ဆင်ပို့ချတော် မူလေ့ရှိသည်၊ ဆက်လက်၍လည်း စာသင်သားများအား အစဉ်အဆက် မှတ်သားဖွယ် နိယံကဗျာကိုလည်း ပို့ချတော်မူသည်။

နိယံကဗျာမှာ—

ရှေးကထုံးစံ၊ လမ်းမမှန်၊ အားသန်မလိုက်နှင့်။

ထုံးသစ် အကြောင်း၊ ကျိုးပေးကောင်း၊ ထုံးဟောင်း မခင်နှင့်။

ထုံးဟောင်းပယ်ပစ်၊ အကြိုလစ်၊ ထုံးသစ်မထွင်နှင့်-

ဟူ၍ ဖြစ်သည်။

ဤနိယံကဗျာ၏ အဓိပ္ပါယ်မှာ—

ရှေး အစဉ်အလာ အယူအဆ ဟောင်းများ လမ်းမမှန် မကောင်းမွန်လျှင် ထိုအစဉ်အလာ အယူအဆကို အားကိုးအား ထား အစွဲအလမ်း ကြီးမားစွာ ထား၍ မလိုက်နာသင့်ချေ၊ ထိုအယူအဆဟောင်းကို ပယ်ပစ်ရမည်။

အသစ်ဖြစ်သော အကြောင်းအရာက ကောင်းမွန်ပြီး အကျိုး ရှိလျှင် မကောင်းသည့် ရှေးအစဉ်အလာကို ပယ်ပစ်၍ အသစ် အယူအဆ အကြောင်းအရာကို ပြောင်းလွှဲယူဆရမည်။

သို့သော် ရှေးအစဉ်အလာ အယူအဆ အကြောင်းအရာကို ပယ်ပစ်ပြီး ထို ပယ်ပစ်ခဲ့သော အယူအဆ အကြောင်းအရာ လောက် နောက်အယူအဆက မကောင်းမွန် အကျိုးမရှိဖြစ်ခဲ့ လျှင် နောက်ထပ် အသစ်အယူအဆကို မထွင်သင့်ချေ၊ ရှေးအယူ အဆ အတိုင်းသာ ထားရမည်ဟု ဆိုလိုပေသည်။

ဤသို့ လူသားတို့အတွက် အကျိုးကြီးမားလှသည့် အဓိပ္ပါယ် ကို ပြဆိုသောကြောင့် ယင်းနိယံကဗျာကို အဖိုးတန်နိယံကဗျာ ဟု ဤနိဒါန်း၌ အမည်ပေးလိုက်ပါသည်။

## ပုံပြင်နှင့် နိယံကို ပြဆိုရခြင်းအကြောင်း

ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်း၏ နိဒါန်းတွင် ရှေးဦးစွာ အဖိုးတန် ပုံပြင်နှင့် အဖိုးတန် နိယံကဗျာကို ဖော်ပြရခြင်းမှာ စာရှုသူ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား မိမိကိုယ်ကို ဝေဘန်စိစစ် ကြည့်၍ မကောင်းမွန် မမှန်ကန်သည့် အယူအဆနှင့် ပြောဆို ပြုကျင့်မှုများ ရှိခဲ့လျှင် ပယ်ရှားစွန့်ပစ်ပြီး ကောင်းမွန် မှန်ကန် သည့် အယူအဆနှင့် ပြောဆိုပြုကျင့်မှုများ ဖြစ်ပေါ်အောင် ကြိုး စားအားထုတ် နိုင်ကြစေရန် ဖြစ်ပါသည်။

အနည်းငယ် ဆက်လက်၍ ရှင်းပြပါဦးအံ့—

မြတ်ဗုဒ္ဓ ရှင်တော်ဘုရား၏ သာသနာတော်ကြီးနှင့် တွေ့ဆုံ ကြုံကြိုက်ကြရသည့် ယခုကဲ့သို့သော အခွင့်အခါကောင်းကြီး၌ အဆိုးတရား ဟူသမျှမှ ကင်းစင်ပြီး အကောင်းတရား ဟူသမျှကို ရရှိအောင် ကြိုးစား အားထုတ်သင့်ကြောင်းကို ဤပုံပြင်နှင့် ဤ နိယံကဗျာက ပြဆိုနေပေသည်—

ဤစကားသည် နည်းပါး၍ ကျဉ်းလွန်းလှသေးရာ မည်သို့ သော အဆိုးတရားကို ပယ်ပစ်၍ မည်သို့သော အကောင်းကို ရအောင် ကြိုးစားရမည်ကို အကျယ်ချဲ့ ရှင်းပြပါဦးမည်—

**အဆိုးတရား။** ။အဆိုးတရားဟူသည်မှာ လောဘ ဒေါသ မောဟ အရင်းခံသည့် အကုသိုလ်မှု ဒုစရိုက်တရား များပင် ဖြစ်သည်။ ယင်းအကုသိုလ်မှု ဒုစရိုက် တရားများသည် ပြုလုပ်သူအား ယခုလက်ငင်း မျက်မှောက် ကာလ၌လည်း အပြစ် မကင်း ပူပန်ဆင်းရဲစေတတ်သော တရားများဖြစ်သည်။

နောင်တမလွန် အခါ၌လည်း ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရ-ကာယ် အပါယ်လေးပါး၌ ဆင်းရဲဒုက္ခကို မုချ ခံစားရရုံမက

ဖြစ်လေရာ ဘုံဘဝတို့၌ မကောင်းဆိုးဝါးသော အကျိုးများကို ဖြစ်ပေါ်စေနိုင်ပေသည်၊ ထို့ကြောင့် ယင်းအကုသိုလ်အရင်းခံတရား ၃-ပါးနှင့် ဒုစရိုက်တရားတို့ကို အဆိုးတရားဟု ဆိုရပေသည်။

ယင်းအဆိုးတရားတို့ကား အကျဉ်းချုပ်အားဖြင့်—

၁။ လိုချင်မက်မောမှု လောဘ၊

၂။ ကြမ်းတမ်းပြစ်မှားမှု ဒေါသ၊

၃။ မသိမိုက်မဲတွေဝေမှု မောဟ—

ဟူသော အရင်းခံတရား ၃-ပါးဦးဆောင်သည့် ဒုစရိုက် ၁၀-ပါး ဖြစ်ပေသည်။

ဒုစရိုက် ၁၀-ပါး ဟူသည်မှာ—

၁။ သူ့အသက်သတ်ခြင်း = ပါဏာတိပါတ၊

၂။ သူ့ဥစ္စာခိုးခြင်း = အဒိန္နာဒါန၊

၃။ သူ့သားမယားကျူးလွန်ခြင်း = ကာမေသုမိစ္ဆာစာရ၊

၄။ မဟုတ်မမှန်ပြောဆိုခြင်း = မုသာဝါဒ၊

၅။ ကုန်းတိုက်စကားပြောဆိုခြင်း = ပိသုဏာဝါစာ၊

၆။ ကြမ်းတမ်းသောစကားပြောဆိုခြင်း = ဖရုသဝါစာ၊

၇။ သိမ်ဖျင်းသောစကားပြောဆိုခြင်း = သမ္ဖပ္ပလာပ၊

၈။ သူ့ဥစ္စာမတရားလိုချင်ခြင်း = အဘိဇ္ဈာ၊

၉။ သူတပါးပျက်စီးစေလိုခြင်း = ဗျာပါဒ၊

၁၀။ လွဲမှားစွာယူဆခြင်း = မိစ္ဆာဒိဋ္ဌိ—

ဟူ၍ ၁၀-ပါး ရှိပေသည်။

ဤ အကုသိုလ်မူရင်းတရား ၃-ပါးနှင့် ဒုစရိုက်တရား ၁၀-ပါး တို့သည် ပုထုဇဉ်လူသားတို့အား မွေးဖွားလာသည်မှစ၍ သေသည်အထိ နှိပ်စက်ထိပါးနေကြပေသည်။

မိခင်ဝမ်းတွင်းမှ ကျွတ်လွတ်၍ အပြင်လောကသို့ ရောက်လျှင်ပင် "အူဝဲ၊ အူဝဲ"အသံမစဲအောင် ငိုကြွေးရသည်။ ယင်းသို့ ငိုကြွေးရသည်မှာ နှစ်သက်သဘောကျ ချမ်းသာမှုရ၍ မဟုတ်ချေ၊ မိခင်ဝမ်းတွင်း၌ ကျဉ်းကျပ်ခြင်း နံစော်ခြင်း ပူလောင်ခြင်း မှောင်အတိကျခြင်းတို့ဖြင့် ညှဉ်းဆဲနှိပ်စက်ခံခဲ့ရပြီးနောက် ကမ္ဘာ့လေအားဖြင့် မှုတ်ထုတ်လိုက်၍ အမိယောနိဝမှ ခဲခဲယဉ်းယဉ်း ကျဉ်းကျဉ်းကျပ်ကျပ် ထွက်ခဲ့ရရုံသာမက တခါမျှ အထိမခံရဘူးသည့် ပြင်ပလေစိမ်း လေကြမ်းကလည်း အတိုက်ခံရသည့်ပြင် လက်ကြမ်းအဝတ်ကြမ်းကြီးများနှင့် အထိ အခိုက် အပွတ် အတိုက် ခံရ၍ နာကျင်ခြင်း ကြောက်လန့်ခြင်း ဆင်းရဲမျိုးစုံကို မချိမဆံ့ ခံစားရသောကြောင့် ငိုခြင်း ဖြစ်ပေသည်။

ဤသို့ ငိုကြွေးရခြင်းသည် စိတ်မချမ်းသာခြင်း ဒေါမနဿ၊ ဆင်းရဲခြင်း ဒုက္ခတို့ကြောင့် ဒေါသဖြစ်ပွါးကာ ငိုကြွေးခြင်း ဖြစ်ပေသည်။

အပြင်လောကသို့ ရောက်လာပြန်တော့လည်း နို့ဆာ၏၊ ရေဆာ၏၊ ထမင်းဆာ၏၊ စားစရာ သောက်စရာကို လိုချင်တောင့်တလာ၏၊ အေးသောအခါ အနွေးကို လိုချင်တောင့်တလာ၏၊ ပူသောအခါ အအေးကို လိုချင်တောင့်တလာ၏၊ လိုချင်တိုင်းရသောအခါ သဘောကျနှစ်သက်၏၊ အချိန်ကျသောအခါ ထပ်မံလိုချင်တောင့်တလာ၏၊ ရသည် ဝသည်မှာ မကြာလှ၊ ခဏသာဖြစ်၏။ ကုန်လျှင် ကြာလျှင် လိုချင်လာပြန်၏၊ လိုချင်သည်

တောင့်တသည့်တို့မှာ တရားကိုယ်အားဖြင့် လောဘပင်ဖြစ်သည်။ မရလျှင် သဘောမကျ၊ စိတ်မချမ်းသာခြင်း ဒေါမနဿ၊ ဆင်းရဲခြင်း ဒုက္ခတို့ကြောင့် ဒေါသ ဖြစ်လာပြန်၏၊ ငိုရပြန်၏။

ယင်းသို့ လောဘ, ဒေါသ ဖြစ်သည်ကို မသိခြင်း၊ သင့်လျော်စွာ မဆင်ခြင်နိုင် မသိနိုင်ခြင်းသည် မောဟ ဖြစ်ပေသည်။

ဤသို့ဖြင့် ဝမ်းမှ ကျွတ်စ ကလေးငယ်ဘဝမှ သေဆုံးသည်အထိ အကုသိုလ်အရင်းခံတရား ၃-ပါး ဖြစ်ပေါ်နေတတ်ပေသည်။ ကြီးပြင်းလာသောအခါ၌လည်း ယင်းတရား ၃-ပါး အကြောင်းခံ၍ ဒုစရိုက်တရား ၁၀-ပါးတို့လည်း အခွင့်ရတိုင်း ဖြစ်ပေါ်တတ်ကြပေသည်။ ယင်း အကုသိုလ် အရင်းခံတရား ဒုစရိုက်တရား ၁၀-ပါးတို့သည် ဤဘဝ၌ ပညာရှိသူတော်ကောင်း မိဘဆရာသမားနှင့် မတွေ့ကြုံရဘဲ ဩဝါဒ,အနုသာသန ဆုံးမသွန်သင်မှုကို မကြားသမျှ အခွင့်ရတိုင်း အကြောင်းပေါ်ပေါက်တိုင်း ဖြစ်ပေါ်လာပေလိမ့်မည်။

ဤဘဝ၌ ဖြစ်ပေါ်သည့်နည်းတူပင် အတိတ်ကာလ အစမထင် သံသရာဘဝ စဉ်ဆက်ကာလျှောက်လုံးတွင်လည်း ဖြစ်ပေါ်ခဲ့ရလေလေပြီ။

နောင်အနာဂတ်အခါ၌လည်း မဂ်ဉာဏ်ဖြင့် မပယ်ရသေးသမျှ ဖြစ်ပေါ်ကြရဦးမည်။

ယင်း အကုသိုလ်အဆိုးတရားများ ရှိနေသမျှ အပါယ် ၄-ပါး ကျရောက်၍ ဆင်းရဲဒုက္ခ ခံစားကြရပေလိမ့်ဦးမည်၊ အခွင့်သင့်၍ အနည်းငယ်သော အကောင်းတရား ကုသိုလ်ကံများကြောင့် လူ့ဘုံ နတ်ဘုံ သုဂတိဘုံသို့ ရောက်ရပြန်ပါလျှင်လည်း အနာ

ရောဂါများခြင်း၊ ဆင်းရဲမွဲတေခြင်း စသည့် အမျိုးမျိုးသော ဆင်းရဲဒုက္ခများကို ခံစားရဦးမည်။

ယင်း အဆိုးတရား အကုသိုလ်များ ရှိနေသမျှ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း ဟူသော ဘဝဒုက္ခများကို ထပ်ပြန်တလဲလဲ ခံစား၍ သံသရာပင်လယ်ကြောမှာ မျောရပေဦးမည်။

ထို့ကြောင့် ယင်း အကုသိုလ် တရားတို့ကို သံသရာလဆန်း တရက်နေ့မှစ၍ သယ်ဆောင်လာခဲ့သည့် အဆိုးတရား ဝန်ထုပ် ဝန်ပိုးကြီး အဖြစ် သတ်မှတ်ကာ ပယ်ရှား စွန့်ပစ် နိုင်အောင် ကြိုးစား သင့်လှပေသည်။

**အကောင်းတရားများ။** ။အဆိုးတရားများတည်းဟူသော ဝန်ထုပ်ဝန်ပိုးကြီးကို စွန့်ပစ်ပြီး အသစ်လဲလှယ်သယ်ဆောင်ရမည့် အကောင်းတရားများမှာ—

၁။ မလိုချင် မတပ်မက်မှု=အလောဘ၊

၂။ မကြမ်းတမ်း မပြစ်မှားမှု=အဒေါသ၊


၃။ မတွေဝေ သိမြင်မှု=အမောဟ–

ဟူသော ကုသိုလ်အရင်းခံတရား ၃-ပါး ဦးဆောင်သည့် ပုညကြိယဝတ္ထု ၁၀-ပါး ဖြစ်သည်။

ပုညကြိယာဝတ္ထု ၁၀-ပါးမှာ—

၁။ လှူဒါန်းပေးကမ်းခြင်း 'ဒါန'၊

၂။ ကိုယ် နှုတ် ၂-ပါးကို ဒုစရိုက် မဖြစ်အောင် စောင့်ထိန်းခြင်း 'သီလ'၊



စစ်ကိုင်းမြို့။ စစ်ကိုင်းတောင်။ ဂူဘရုံချောင်။

၃။ စိတ်ကို ပွါးများခြင်း 'ဘာဝနာ'၊
၄။ ရိုသေထိုက်သူကို အရိုအသေပြုခြင်း 'အပစာယန'၊
၅။ လေးစားထိုက်သူ၏ အမှုကို ဆောင်ရွက်ခြင်း 'ဝေယျာဝစ္စ'၊
၆။ မိမိ၏ ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း 'ပတ္တိဒါန'၊
၇။ ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်း 'ပတ္တာနုမောဒန'၊
၈။ တရားနာခြင်း 'ဓမ္မဿဝန'၊
၉။ တရားဟောခြင်း 'ဓမ္မဒေသနာ'၊
၁၀။ အယူအဆကို မှန်ကန်စေခြင်း 'ဒိဋ္ဌိဇုကမ္မ'—

ဟူ၍ ၁၀-ပါး ရှိသည်။

**အဓိပ္ပါယ်ရှင်းချက်။** ။ပုညကြိယဝတ္ထု ဟူသော ပါဠိဝေါဟာရ၌ ပုည၊ ကြိယာ၊ ဝတ္ထု ဟူ၍ ဝေါဟာရအစိတ်အပိုင်း ၃-မျိုးပါဝင်သည်။ ပုည ဟူသည်မှာ မိမိသန္တာန်အစဉ်ကို ဖြူစင်စေတတ်သော တရားဟု အဓိပ္ပါယ် ရရှိ၍ ကောင်းမှုဟု မြန်မာဝေါဟာရ ပြန်ဆိုရသည်။ ကြိယာ ဟူသည် ပြုသင့် ပြုထိုက်သောတရားဟု အဓိပ္ပါယ် ရရှိသည်။ ဝတ္ထု ဟူသည်မှာ ကောင်းမြတ်သော အကျိုးတရားတို့၏ တည်ရာဟု အဓိပ္ပါယ် ရရှိသည်။ ၃-ပုဒ်လုံး ပေါင်းစပ်၍ ပုည ကြိယ ဝတ္ထုဟု ဝေါဟာရ တလုံးတည်း ဖြစ်လာသောအခါ ကောင်းကျိုးတို့၏ တည်ရာဖြစ်၍ ပြုသင့်သည့်ကောင်းမှုတရားဟူ၍ အနက်အဓိပ္ပါယ်ဖြစ်လာသည်။

သို့သော်လည်း ရှည်လျားသည့် အဓိပ္ပါယ်ရှိသော မြန်မာဝေါဟာရတခု အသစ် မတီထွင်မူ၍ ရှေးဆရာကြီးများသည် "ပုညကြိယဝတ္ထု" ဟု ပါဠိဝေါဟာရကိုပင် မြန်မာဘာသာဝေါဟာရ အနေဖြင့် အစဉ်အလာ သုံးစွဲခဲ့ကြပေသည်။

**အကျဉ်းချုံးပြချက်။** ။ယင်းပုညကြိယဝတ္ထု ၁၀-ပါးကို သဘော တူရာ တူရာ ပေါင်းလိုက်လျှင် ၃-ပါးမျှ အထိ ကျဉ်းသွားနိုင်သည်။ ပေါင်းပုံမှာ — (၆) ပတ္တိဒါန၊ (၇) ပတ္တာနုမောဒန တို့သည် (၁) ဒါန နှင့် သဘောချင်း တူကြ သည်။ မည်သို့တူသနည်းဆိုလျှင် ဒါနကလည်း မနာလိုမှု ဣဿာ, ဝန်တိုမှု မစ္ဆရိယ၏ ဆန့်ကျင်ဘက် ဖြစ်သည်၊ ပတ္တိဒါနနှင့် ပတ္တာနုမောဒန တို့ကလည်း ဣဿာ မစ္ဆရိယ၏ ဆန့်ကျင်ဘက် ဖြစ်သည်၊ ထို့ကြောင့် ပတ္တိဒါနနှင့် ပတ္တာနုမောဒနတို့ကို ဒါန၌ ပေါင်းယူသည်။

(၄) အပစာယန နှင့် (၅) ဝေယျာဝစ္စတို့သည် စာရိတ္တသီလ သဘော ရှိသောကြောင့် ယင်း ၂-ပါးတို့ကို (၂) သီလ ၌ ပေါင်း ယူသည်။

(၈) ဓမ္မသဝန၊ (၉) ဓမ္မဒေသနာ၊ (၁၀) ဒိဋ္ဌိဇုကမ္မတို့သည် ကုသိုလ်တရားကို အမြဲမပြတ် မှီဝဲခြင်း တိုးပွါးစေခြင်း သဘော ရှိသောကြောင့် ယင်း ၃-ပါးတို့ကို (၃) ဘာဝနာ ၌ ပေါင်း ယူသည်။

ဤသို့လျှင် ပုညကြိယဝတ္ထု ၁၀-ပါးသည် ဒါန, သီလ, ဘာဝနာဟူ၍ အကျဉ်းအားဖြင့် ၃-ပါး ဖြစ်လာသည်။ ထို့ကြောင့် ပြုလုပ်သင့် ပြုလုပ်ထိုက်သော ကောင်းသော တရားများမှာ အကျယ်အားဖြင့် ၁၀-ပါး ရှိ၍ အကျဉ်းအားဖြင့် ၃-ပါးသာ ဖြစ်ကြောင်း မှတ်ယူသင့်ပေသည်။

ယင်း အကောင်းတရားများကိုရနိုင်လျှင် အားလုံးကိုပင် ယူရ မည်ဖြစ်သည်၊ မဖြစ်နိုင်လျှင် ပိုမို၍အကျိုးကြီးမားသည့် တရားကို ရွေးချယ်၍ ယူရမည်ဖြစ်သည်။ သို့ဖြစ်၍ ဘယ်တရားသည် အကျိုး

အကြီးဆုံးဖြစ်သည်။ မည်သို့ပြုလုပ်ယူသင့်သည်ကို စိစစ်ဝေဘန်၍ ကြည့်ကြပါဦး စို—

## ဝေလာမသုတ် အကျဉ်းချုပ် မြန်မာပြန်

ရှေးအခါက ဝေလာမ အမည်ရှိ သူဌေးကြီးတဦး ရှိသည်၊ သူသည် မရေတွက် မတိုင်းတာနိုင်အောင် ပစ္စည်းဥစ္စာ ကြွယ်ဝ များပြားသောကြောင့် ဝေလာမ ဟု ခေါ်ခြင်းဖြစ်သည်၊ အတိုင်း မသိ ကြွယ်ဝသူဟု အဓိပ္ပါယ် ရှိပေသည်။

ဝေလာမ သူဌေးသည် အလှူ ဒါနကြီး တခု ပေးလှူသည်။ လှူရာ၌—

ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး အပြည့်ထည့်ထားသည့် ရွှေခွက်ကြီး ပေါင်း ၈၄၀၀၀၊

ရွှေတုံး၊ ရွှေခဲများ အပြည့်ထည့်ထားသည့် ငွေခွက်ကြီး ပေါင်း ၈၄၀၀၀၊

ရတနာ ၇ - ပါး အပြည့် ထည့်ထားသည့် ကြေးခွက်ကြီး ပေါင်း ၈၄၀၀၀၊

ရွှေ ငွေ ကကြိုးတန်ဆာ ဆင်ထားသည့် ဆင် အကောင် ပေါင်း ၈၄၀၀၀၊

ရွှေ ငွေ စသော အဖိုးတန်ပစ္စည်းများဖြင့် ပြင်ဆင်ထားသည့် ရထားပေါင်း ၈၄၀၀၀၊

အမျိုးကောင်း နို့စားနွားမပေါင်း ၈၄၀၀၀၊

အဝတ်အစား အပြည့်အစုံ ဆင်ယင်ထားသည့် မိန်းမပျို ပေါင်း ၈၄၀၀၀၊

တစုံလျှင် ၁၀-မျိုး ပါဝင်သည့် အဖိုးတန် အဝတ်စုံ ပေါင်း ၈၄၀၀၀။

ပြောမကုန်နိုင်အောင် များပြားသည့် အစားအသောက်တို့ကို လည်း မြစ်ရေအယဉ်စီးသကဲ့သို့ ထင်ရအောင် လှူဒါန်းလေသည်။

နောင်လာ နောက်သား အစဉ်အဆက် "ဝေလာမအလှူကြီး" ဟု ပြောစမှတ်တွင်၍ မှတ်တမ်းတင် ကျန်ခဲ့လေသည်။

ဤမျှကြီးကျယ်သော ဝေလာမအလှူကြီးထက် သောတာပန် ပုဂ္ဂိုလ်တပါးကို ဆွမ်းလှူ ရသည်က ပိုမို အကျိုးတရားကြီးမား ပေသည်။

သောတာပန် ပုဂ္ဂိုလ်တရာကို လှူရသည်ထက် သကဒါဂါမ် တပါးကို ဆွမ်းလှူရသည်က ပို၍အကျိုးကြီးမားသည်။

သကဒါဂါမ် တရာကို လှူရသည်ထက် အနာဂါမ် တပါးကို ဆွမ်းလှူရသည်က ပို၍အကျိုးကြီးမားသည်။

အနာဂါမ် တရာကို လှူရသည်ထက် ရဟန္တာတပါးကို ဆွမ်း လှူရသည်က ပို၍အကျိုးကြီးမားသည်။

ရဟန္တာတရာကို လှူရသည်ထက် ပစ္စေကဗုဒ္ဓါတဆူကို ဆွမ်း လှူရသည်က ပို၍အကျိုးကြီးမားသည်။

ပစ္စေကဗုဒ္ဓါ တရာကို လှူရသည်ထက် သဗ္ဗညုဘုရားတဆူကို ဆွမ်းလှူရသည်က ပိုမို၍ အကျိုးတရားကြီးမားသည်။

သဗ္ဗညုမြတ်စွာဘုရားကို ဆွမ်းလှူရသည်ထက် ဘုရားအမှူးရှိ သော ရဟန်းသံဃာကို ဆွမ်းလှူရသည်က ပိုမို၍ အကျိုးတရား ကြီးမားလေသည်။

ထို့ထက် သံဃိကကျောင်း ဆောက်လှူရသည်က ပိုမို၍ အကျိုးကြီးမားသည်။

ထို့ထက် သရဏဂုံ ခံယူတည်ခြင်းက ပိုမို အကျိုးကြီးမားသည်။

ထို့ထက် ငါးပါးသီလ ကျင့်သုံးရသည်က ပိုမို အကျိုးကြီးမားသည်။

ထို့ထက် နို့သာတရှူခန့်ကာလမျှ မေတ္တာဘာဝနာ ပွါးရသည်က ပို၍ အကျိုးကြီးမားသည်။

ထို့ထက် လက်ဖျောက်တခါတီး ကာလမျှ အနိစ္စပွါးရသည်က အကျိုးကြီးမားသည်။

ဤကား အင်္ဂုတ္တိုရ်ပါဠိတော် ဝေလာမသုတ်၏ အကျဉ်းချုပ်မြန်မာပြန်ဖြစ်ပါသည်။

**လေ့လာဝေဘန်ချက်။** ။ဤဝေလာမ သုတ်၌ လာသော ဝေလာမ အလှူကြီးသည် သာမန် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား လှူသည့် အလှူကြီးဖြစ်သည်၊ သောတာပန်မှစ၍ ဘုရားရှင်အထိမှာ ပုဂ္ဂိုလ်က အရိယာအလှူဖြစ်သည်။ ဤသုတ်၌ သာမန်ပုထုဇဉ် အလှူခံကို လှူရခြင်းထက် အရိယာအလှူခံကို လှူရခြင်းကမြတ်ကြောင်းကို ပြဆိုသည်။

အရိယာပုဂ္ဂိုလ်ကို လှူရခြင်း သည်လည်း အထက် အရိယာအဆင့်ဆင့်ကို လှူရသည်က မြတ်ကြောင်းပြသည်။ ထို့ထက် သံဃိကဆွမ်းအလှူက မြတ်သည်ကို ပြသည်။ ထို့ထက် သံဃိက ကျောင်းအလှူက မြတ်သည်ကို ပြသည်။

---

၁။ အံ ၃၊ ၁၉၇။ အံ-မြန် ၃၊ ၁၉၅။

သံဃိကကျောင်းအထိ လှူသမျှမှာ ဒါနဖြစ်သည်။ ထိုဒါန အမျိုးမျိုးထက် သရဏဂုံ တည်ခြင်းက မြတ်သည်ကို ပြသည်၊ ထို့ထက် ငါးပါးသီလ တည်ခြင်းက မြတ်သည်ကို ပြသည်။

ယင်း သရဏဂုံ တည်ခြင်းနှင့် ငါးပါးသီလ တည်ခြင်းမှာ သီလဖြစ်သည်။ ထို့ထက် မေတ္တာ ဘာဝနာက မြတ်သည်ကို ပြသည်။

မေတ္တာ ဘာဝနာ ဟူသည်မှာ သမထ ဘာဝနာ ဖြစ်သည်။ ထို့ထက် အနိစ္စဘာဝနာက မြတ်သည်ကို ပြသည်၊ အနိစ္စ ဘာဝနာ ဟူသည်မှာ ဝိပဿနာ ဘာဝနာပင် ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာ ဘာဝနာသည် အမြတ်ဆုံး အကျိုးအကြီးမားဆုံး ဖြစ်ကြောင်းကို ဤသုတ်အရ သိရှိရပေသည်။

ယင်းသို့ အဆင့်ဆင့်အကျိုးကြီးမားသည်ဟု အဘယ့်ကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောတော်မူပါသနည်းဟု အဋ္ဌကထာ, ဋီကာလာ မဟုတ်ပဲ အလွတ်တွေးဆကြည့်သော်—

ဒါနဟူသည် ပစ္စည်းဥစ္စာကို စွန့်လှူခြင်းသာဖြစ်သည်၊ ကျင့်သုံး ပွါးများမှု မပါချေ၊ သီလမှာ ကိုယ်နှုတ် ၂-ပါးကို စောင့်ထိန်းမှုသာ ဖြစ်သည်၊ နာမ်ပိုင်းဆိုင်ရာ စိတ်နှင့်ပညာကို ပွါးများမှုမပါသေး။ ဘာဝနာမှာ နာမ်ပိုင်းဆိုင်ရာစိတ်နှင့် ပညာကို ပွါးများမှု ဖြစ်သောကြောင့် ဒါနနှင့်သီလထက် ဘာဝနာက အကျိုးကြီးမြတ်သည်ဟု ဟောတော်မူခြင်းဖြစ်သည်။

ဘာဝနာမှာလည်း စိတ်ကိုပွါးများမှု သမထဘာဝနာနှင့် ပညာကို ပွါးများမှု ဝိပဿနာဘာဝနာဟု ၂-မျိုးရှိရာ သမထက စိတ်ကို ပွါးများမှုဖြစ်၍ ဝိပဿနာက အသိတရား ဉာဏ်ပညာ

ပွါးများမှု ဖြစ်ခြင်းကြောင့် ဉာဏဝိပ္ပယုတ်ကုသိုလ်ကံထက် ဉာဏသမ္ပယုတ်ကုသိုလ်ကံက အကျိုးကြီးမြတ်သကဲ့သို့ သမထဘာဝနာထက် ဝိပဿနာဘာဝနာက အကျိုးကြီးမားသည်ဟု ဟောတော်မူခြင်းဖြစ်သည်။

တနည်းအားဖြင့် ဒါန သီလမှာ အမြင့်ဆုံး ကာမာဝစရကုသိုလ်ကံသာ ဖြစ်နိုင်သည်၊ ကာမသုဂတိခေါ် လူ့ဘုံ နတ်ဘုံ၌သာ အကျိုးပေးနိုင်သည်။

သမထမှာ အမြင့်ဆုံး ရူပါဝစရကုသိုလ်ကံ အရူပါဝစရကုသိုလ်ကံများသာ ဖြစ်နိုင်သည်၊ ရူပဗြဟ္မာ့ဘုံ,အရူပဗြဟ္မာ့ဘုံတို့၌သာ ဖြစ်နိုင်သည်။

ဝိပဿနာမှာ မဂ်, ဖိုလ်တရားကို ဖြစ်စေနိုင်သည်၊ အရိယာပုဂ္ဂိုလ်ဖြစ်၍ နိဗ္ဗာန်ကိုပင် ရစေနိုင်သည်။

ထို့ကြောင့် ဒါန ထက် သီလ၊ ဒါနနှင့် သီလထက် သမထဘာဝနာ၊ ဒါန သီလ သမထ ထက် ဝိပဿနာဘာဝနာက အကျိုးကြီးမြတ်ကြောင်း မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားတော်မူသည်။

မည်သို့ဆိုစေ ဤဝေလာမသုတ်တော်အရ ဝိပဿနာဘာဝနာသည် အကျိုးကြီးမြတ်သော တရားဖြစ်ကြောင်းကိုကား သိနိုင်ပေပြီ။ ဤဝိပဿနာဘာဝနာကို မည်သို့ပွါးများလျှင် ပို၍ အကျိုးကြီးမြတ်သနည်း။ ဝိပဿနာဘာဝနာကို ပိုမိုအကျိုးကြီးမြတ်အောင် ပွါးနည်းရှိပါသေးသလော ဟုဆင့်တက်၍ ရှာဖွေစိစစ်ပြရမည်ဆိုလျှင်—

သုတ္တန္တပိဋက၊ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်[၁] လာ မြတ်ဗုဒ္ဓရှင်တော်ဘုရားကိုယ်တိုင် အထပ်ထပ်အခါခါ မိန့်ကြားတော်မူသည့် တရားစကားတော်ကို ခိုင်မာစွာ ထုတ်ပြရပေလိမ့်မည်။

### မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ တရားစကားတော်

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ပရိနိဗ္ဗာန်စံတော်မူရန် အတွက် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် ရှိရာအရပ်သို့ ရှေးရှုကြွတော်မူရာဝယ် ဝေသာလီမြို့တော်ကြီးကို နောက်ဆုံး ကြည့်ခြင်းဖြင့် ဆင်ပြောင်ကြီးကြည့်နည်း ပြန်ကြည့်တော်မူပြီး ဆက်လက်ကြွချီတော်မူ၍ ဘဏ္ဍုရွာသို့ ဆိုက်ရောက်တော်မူသည်။

ယင်း ဘဏ္ဍုရွာ၌ သီတင်းသုံးတော်မူစဉ် ထပ်ပြန်ခါခါဟော ကြားတော်မူသည့် တရားစကားတော်မှာ....

> " ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း၊ သီလ၌ တည်၍ဖြစ်စေအပ်သော သမာဓိသည် များသောအကျိုးအာနိသင်ရှိ၏၊ သမာဓိ၌ တည်၍ ဖြစ်စေအပ်သော ပညာသည် များသော အကျိုးအာနိသင်ရှိ၏၊ ပညာ၌ တည်၍ ဖြစ်စေအပ်သော စိတ်သည် **ကာမာသဝ** ဘဝါသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါ တရားတို့မှ ကောင်းစွာသာလျှင် လွတ်မြောက်၏" ဟူ၍ ဖြစ်သည်။

---

၁။ ဒီ-၂၊၁၀၂။ ဒီ-မြန်-၂၊၁၁၀။ ဤကျမ်း နှာ-၁၀၄။

ဤ မြတ်ဗုဒ္ဓဘုရားရှင်၏ ဟောကြားတော်မူသော တရားစကားတော်ဖြင့် ဝိပဿနာဘာဝနာဟု ဆိုအပ်သော ပညာဘာဝနာကို သီလ သမာဓိ၌ တည်၍ ပွါးများလျှင် အကျိုးအာနိသင် အကြီးမြတ်ဆုံးဖြစ်ကြောင်းကို ဆုံးဖြတ်ညွှန်ပြချက်ဖြစ်သည်ဟု ကောင်းစွာ မှတ်သားသိမြင်သင့်ပေသည်။

ယင်းသို့ သိမြင်ရလျှင် သီလ သမာဓိ၌ တည်၍ ပညာဘာဝနာဟု ဆိုအပ်သော ဝိပဿနာဘာဝနာကို မည်သို့ပွါးရမည်နည်း၊ တဆင့်တက်၍ သိရန်လိုလာပြန်သည်။

မြတ်ဗုဒ္ဓသာသနာတော်ကြီး ပွင့်လင်းစည်ပင်ကာ ဝိပဿနာခေတ် ဆန်းသစ်လျက်ရှိသည့် ဤအချိန်အခါ ဤ နိုင်ငံ၌ ပါဠိမြန်မာ ဝိပဿနာရှုနည်းကို ညွှန်ပြသည့် ကျမ်းပေါင်းများစွာရှိသည်၊ စုံစမ်းမေးမြန်း၍ ရှာဖွေဖတ်ရှုနိုင်ပါသည်။ သို့သော် ယခုလက်ငင်း ... ရှုသူ၏မျက်မှောက်သို့ ရောက်နေသည့် မဟာဂန္ဓာရုံဆရာတော်ဘုရား ရေးသားစီရင်တော်မူသည့် ဤ နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကိုမူ လက်မလွှတ်တမ်း ဆက်လက်၍ လေ့လာဖတ်ရှုပါဟု တိုက်တွန်းအပ်ပါသည်။

အဘယ့်ကြောင့် တိုက်တွန်းသနည်း။

တိုက်တွန်းရခြင်း၏ အကြောင်းအချက်တို့ကို စုံလင်စွာ ရှင်းပြပါဦးအံ့—

**နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၏ ကောင်းခြင်း ၃-ပါး**

နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေရာ၌ ကောင်းခြင်း ၃-ပါးကို အထောက်အထားပြု၍ ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

ဤကောင်းခြင်း ၃-ပါးကို အသောက်အထားပြု၍ စာရှုသူတို့အား အကောင်းမြတ်ဆုံးဖြစ်သည့် သံဝေ,သမာဓိနှင့်တည်လျက် ဝိပဿနာတရားအားထုတ်နည်းကို သိလိုပါလျှင် နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို ကြည့်ရှုလေ့လာပါဟု တိုက်တွန်းခဲ့ခြင်း ဖြစ်ပါသည်။

နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၏ ကောင်းခြင်း ၃-ပါး ဟူသည်မှာ—

၁။ ကျမ်းပြုပုဂ္ဂိုလ်၏ ဆရာစဉ်ဆက် ဆင်းသက်ပုံကောင်းခြင်း၊

၂။ ကျမ်းပြုပုဂ္ဂိုလ်၏ အရည်အချင်း ကောင်းခြင်း၊

၃။ ကျမ်း၏ အရည်အသွေး ကောင်းခြင်း —

ဟူသော ၃-ပါး ဖြစ်ပါသည်။

## ဆရာစဉ်ဆက် ဆင်းသက်ပုံ ကောင်းခြင်း

ယင်း ၃-ပါးတို့တွင် ဆရာစဉ်ဆက် ဆင်းသက်ပုံ ကောင်းခြင်းကို ဖော်ပြရမည်ဆိုလျှင် ဤကျမ်း၏ မူလနိဒါန်း၌ ဤကျမ်းကို ပြုစီရင်တော်မူသည့် မဟာဂန္ဓာရုံ ဆရာတော်၏ ဆရာစဉ်ဆက် ဆင်းသက်လာပုံကို ဝိနည်းဆောင် တေဇဂိရ အာရှင်ဥပါလိမှစ၍ ဒုတိယ ရွှေကျင်ဂိုဏ်း သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော် အထိ ပြဆိုထားပေသည်။

ဤနိဒါန်း သစ်၌မူ ဤကျမ်းပြု ဆရာတော်၏ ဆရာစဉ်ဆက်ကို အနီးဆုံး ၃-ဆက်မျှသာ သိသာရုံ ပြလိုပါသည်။

ဤကျမ်းပြု မဟာဂန္ဓာရုံ ဆရာတော်၏ ဆရာမှာ ဒုတိယ ရွှေကျင်ဂိုဏ်း သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော် ဖြစ်သည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်၏ ဆရာမှာ ပဌမ ရွှေကျင် သာသနာပိုင် ဆရာတော်ကြီး ဖြစ်သည်။

ရွှေကျင်ဆရာတော်ကြီး၏ ဆရာမှာ သီးလုံး ဆရာတော်ကြီး ဖြစ်သည်။

**၁။ သီးလုံးဆရာတော်။** ။သီးလုံးဆရာတော်ကြီးသည် ရွှေဘိုမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း တို့၏ လက်ထက်အခါ၌ ပရိယတ်, ပဋိပတ် ထင်ရှား ကျော်ကြားသည့် ဆရာတော်တပါး ဖြစ်၏။

ဘွဲ့အမည်မှာ အရှင်စန္ဒိမာလင်္ကာရ ဖြစ်၍ တံဆိပ်တော်ဘွဲ့မှာ "စန္ဒိမာဘိဝံသ သိရိသဒ္ဓမ္မဓဇ ရာဇာဓိ ရာဇဂုရု" ဖြစ်ပေသည်။

ဆရာတော်ကြီးသည်—

၁။ မူလပဏ္ဏာသအဋ္ဌကထာ နိဿယ၊

၂။ ကုလဒုသနဝိနိစ္ဆယ၊

၃။ ဂန္ထိရတ္တဒေသနာ (ပ-ဒု)၊

၄။ ဝိသုဒ္ဓိမဂ္ဂဒီပနီ၊

၅။ ပဋိပတ္တိပကာသနီ (ဂ-တွဲ)—

စသော ကျမ်းပေါင်း များစွာကို ပြုစီရင်တော် မူခဲ့သည်၊ ထင်ရှားသည့် တပည့်လည်း များစွာ ထွန်းကားခဲ့သည်။ ရွှေကျင် သာသနာပိုင် ဆရာတော်ကြီးနှင့် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် ဆရာတော်ကြီးတို့သည် သီးလုံး ဆရာတော်၏ တပည့်ကြီးများ ဖြစ်ကြပေသည်။

ဤသည်တို့မှာ သီးလုံးဆရာတော်၏ ပရိယတ္တိ၌ တတ်မြောက် ကျွမ်းကျင်တော်မူကြောင်း သာဓကများဖြစ်ပါသည်။

**စုံစမ်း ထောက်လှမ်းခြင်း။** ။ပဋိပတ္တိ **အကျင့်နှင့်** ပတ်သက်၍ **သာဓကတခုမျှ** ဖော်ပြပါဦးမည်—

ဆရာတော်ကြီး၏ စာပေ ကျမ်းဂန် ကျွမ်းကျင် တတ်မြောက်သည့် ပရိယတ္တိဂုဏ်နှင့် အကျင့်သီလ တရားအားထုတ် ပေါက်မြောက်သည့် ပဋိပတ္တိဂုဏ်များ တနိုင်ငံလုံး၌ ကြားရသူများ နားမဆံ့အောင် ထင်ပေါ် ကျော်စောလုပေရာ မင်းတုန်းမင်းတရားကြီးသည် ထိုသတင်းမှန်-မမှန် စုံစမ်း တော်မူကြရန် ရွှေမြို့တော်ရှိ ဆရာတော်ကြီးများကို လျှောက်ထားသည်။

ဆရာတော်ကြီးများကလည်း စာပေနှံ့စပ် တတ်မြောက်၍ စကားအရာ အလွန် လိမ္မာတော်မူသည့် သင်္ဂဇာဆရာတော်ကို သွားရောက် စုံစမ်းရန် တာဝန်ပေးတော်မူကြသည်။

သင်္ဂဇာဆရာတော်သည် သံဃာ့အမိန့်အရ နောက်လိုက် ရှင်လူအချို့ကို ခေါ်ပြီး သီးလုံးဆရာတော်ကြီး သီတင်းသုံးတော်မူရာ အရပ်သို့ ကြွသွားသောအခါ ဆရာတော်ကြီး နေရာ ကျောင်းသို့ ရောက်ခါနီး၌ လမ်းနှစ်သွယ်အခွဲကို တွေ့ရ၍ ဘယ်လမ်းလိုက်ရမည် မသိဖြစ်နေစဉ် ခါးတောင်း မြောင်အောင် ကျိုက်ကာ အင်္ကျီမပါ ထင်းစည်းကို ထမ်းလာသည့် လူတယောက်ကို တွေ့ရသဖြင့် ---

"ဟေ့ဒကာ.... သီးလုံးဆရာတော့်ကျောင်း သွားတဲ့ လမ်း ဘယ်ဟာလဲကွဲ့"—

ဟု သင်္ဂဇာဆရာတော်က မေးသောအခါ ထိုလူသည် ထင်းစည်းကို ပခုံးပေါ်မှ ချ၍ ခါးတောင်းကျိုက်ကို ဖြုတ်ကာ ခေါင်း

ပေါင်း တဘက်ကို ချွတ်ပြီး လက်ကန်တော့ထိုးလျက် သင်္ဇော ဆရာတော်ကို တည်မြင်း ငါးပါးဖြင့် ဦးသုံးကြိမ် ချသည်၊ ထို့နောက် သီးလုံးဆရာတော်ရှိရာ ကျောင်းဆီသို့ တည်မြင်းငါး ပါးဖြင့်ပင် ဦးသုံးကြိမ်ချသည်၊ ထို့နောက်မှ သီးလုံးဆရာတော့် ကျောင်းသို့ သွားရာလမ်းကို ရှိခိုးထားသည့် လက်နှစ်ဖက်ဖြင့် ညွှန်ပြကာ "သည်ရွှေတွဲတွဲက လမ်းပါဘုရား" ဟု ရိုသေစွာ လျှောက်ထားလေသည်။

ထိုအခါ သင်္ဇောဆရာတော်က သူ၏ နောက်ပါပရိသတ်များ ဘက်သို့လှည့်၍—

"ဆရာဖြစ်တဲ့ သီးလုံးဆရာတော်ကို တွေ့ရလျှင်တော့ မပြောနဲ့တော့၊ ဒကာဖြစ်တဲ့ သည်လူကိုကဘဲ ကြည်ညိုစရာ ကောင်းလှပြီ"—

ဟု မိန့်ကြားတော်မူကြောင်း ပြောစမှတ်တွင်လျက်ရှိပေသည်။

ဤမျှလောက်ပင် သီးလုံးဆရာတော်ကြီးသည် မိမိကိုယ်တိုင် ကလည်း ပဋိပတ်အကျင့်နှင့်ပြည့်စုံသည့်ပြင် နီးရာ တပည့်ဒကာ များကိုလည်း ဗုဒ္ဓ၏တရားတော်မြတ် ပဋိပတ်နှင့်ပြည့်စုံအောင် ဟောကြားညွှန်ပြတော်မူနိုင်ပေသည်။

တိုခေတ် ထိုဒေသရှိ လူများသည် သီးလုံးဆရာတော်ကို အဘိညာဉ် ၆-ပါး ရရှိသည့် "ဆဠဘိည ရဟန္တာ"ဟု စွဲမှတ် ကြည်ညိုကြသည်။ ပြောဆို ဆုံးမသမျှကိုလည်း လိုက်နာ ကျင့်ကြံ ကြသည်။

၂။ ရွှေကျင်ဆရာတော်။ ။သီးလုံးဆရာတော်၏ တပည့်များစွာ ရှိသည့်အနက်တွင် ရွှေကျင်ဆရာတော် သည် ထင်ပေါ်ကျော်စောသည့် တပည့်ကြီး ဖြစ်တော်မူသည်။

ရွှေကျင်ဆရာတော်သည် ရွှေကျင်ဂိုဏ်းကို စတင်တည်ထောင် တော်မူသည့် ဂဏသမုဋ္ဌာပကသာသနာပိုင်ဆရာတော်ဖြစ်သည်၊ "ဇာဂရာဘိဓေ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလဓိပတိ သိရိ- ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။

ပရိယတ်,ပဋိပတ် စွယ်စုံရပုဂ္ဂိုလ်ကျော်ကြီးဖြစ်တော်မူသဖြင့်–

၁။ နိဗ္ဗာန်အကြောင်းကို ပါဠိတော်,အဋ္ဌကထာ, ဋီကာ ကျမ်းပေါင်းများစွာမှ ထုတ်နုတ်ကိုးကား၍ ပြဆို သည့် ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်း၊

၂။ အရိုးစုကို သမထနည်း, ဝိပဿနာနည်း ၂-ပါးဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ရသည်အထိ ပွါးများနည်းကို ကိုယ် တွေ့, စာတွေ့ နည်းများဖြင့် ပြဆိုသည့် အဋ္ဌိက ကမ္မဋ္ဌာန်းကျမ်း၊

၃။ နေတ္တိလီနတ္ထသင်္ဂဟ၊

၄။ နေတ္တိဟာရဝိဘာဝိနီ——

စသော သာသနာတော်၌ ကျေးဇူးများမည့် ကျမ်းပေါင်းများစွာ တို့ကို ပြုစီရင်တော်မူခဲ့၏။

တပည့်ပေါင်းများစွာ ထွန်းကားအောင် ပိဋကတ်စာပေကို ပို့ချကာ ပရိယတ္တိသာသနာ့ဝန်ကိုလည်း ထမ်းဆောင်တော်မူ ခဲ့၏။

၁။ ခေါ်တော်ရွာအနီး ကောင်းပင်ကုန်းတောရကျောင်း၊

၂။ မန္တလေးမြို့အနီး၌ တည်ရှိသော တောရကျောင်း၊

၃။ မန္တလေးမြို့နှင့်အလှမ်းဝေးသော မင်းလှနွားလံတောင် တောရကျောင်း—

စသည့် တောရကျောင်းများ၌ တောရဆောက်တည်ကာ ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်ပြီး ပဋိပတ္တိသာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့၏။

ဤသို့လျှင် ရွှေကျင်ဆရာတော်ကြီးသည် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် ဆရာတော်ကြီးတဆူ ဖြစ်တော်မူသည်။

**၃။ မဟာဝိသုဒ္ဓါရုံဆရာတော်။** ။မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကား ပဌမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ တပည့် ဒုတိယရွှေကျင်သာသနာပိုင်ဆရာတော် ဖြစ်တော်မူသည်။

ဆရာတော်သည် မင်းတုန်းမင်း ဆက်ကပ်သည့် “ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်၊ သီပေါမင်း ဆက်ကပ်သည့် “ဝိသုဒ္ဓါစာရ ကဝိဓဇမိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်၊ အင်္ဂလန်ပြည် ဂျော့ဘုရင် ဆက်ကပ်သည့် “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့ တံဆိပ်တော်များကို အလှူခံ ရရှိတော်မူသည်။

၁။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း ရှေ့ ၈-ပိုင်း၏ ခဲရာ ခက်ဆစ် သရုပ်အဓိပ္ပါယ်များကို ပြဆိုသည့် ပရမတ္ထသရူပဘေဒနီကျမ်း ပဌမတွဲ။

၂။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း ကမ္မဋ္ဌာန်းပိုင်း၏ အနက်အဓိပ္ပါယ် အကျယ်ဖွင့်ပြသည့် ကမ္မဋ္ဌာန်းစွယ်စုံကျမ်းခေါ်လောက်သော ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲ။

၃။ ပိဋကအဋ္ဌကထာ, ဋီကာလာ ပါဠိဝေါဟာရတို့၏ ခေတ်အနက်ကို ပြဆိုသည့် ခေတ္တတ္ထဒီပနီကျမ်း။

၄။ ရဟန်းရှင်လူတို့ နည်းယူကျင့်ကြံရန် လောကီလောကုတ္တရာ ကြီးပွါးရေးနည်းပြ ဆိဒ္ဓိပိဓာနနီကျမ်း—

စသော ကျမ်းပေါင်းများစွာကို ပြုစီရင်တော်မူခဲ့၏။

သာသနာ့ အညွန့် အညှောက် တပည့်ပေါင်းများစွာကိုလည်း ဖြစ်ထွန်း ပေါ်ပေါက်စေတော်မူခဲ့၏။

ဤသို့ ပရိယတ္တိ ဂန္ထဓုရကို ရွက်ဆောင်တော်မူရုံမျှ မက ရဟန်း ၁၂-ဝါအရမှာ ရောပတိမြစ်ညာ ရေလင်မော်ရွာအနီး ဒေါင်းလည်ချောင်တောရကျောင်းနှင့် ကျောက်မြောင်းမြို့အနီး ရွှေခွန်ချောင် တောရကျောင်းတို့သို့ တောထွက်၍ ကမ္မဋ္ဌာန်းဘာဝနာများကို ကြိုးစားပွါးများခဲ့သည့် ဝိပဿနာဓုရဝန်ဆောင် ဆရာတော်ကြီးလည်း ဖြစ်တော်မူသည်။

ဤ ပရိယတ်, ပဋိပတ်စွယ်စုံကျော် ဆရာတော်ကြီးများသည် ဤ နိဗ္ဗာနမဂ္ဂဒီပနီကျမ်းပြု မဟာဂန္ဓာရုံဆရာတော်၏ အနီးဆုံးဆရာစဉ်ဆက်များ ဖြစ်ကြပေသည်။ယင်းသို့သော ဆရာကောင်းများထံ နည်းနာခံခဲ့ရသည့် တပည့် မဟာဂန္ဓာရုံဆရာတော်ကား မည်သို့သော အရည်အချင်း ရှိပါသနည်း။ ဤဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ထည့်သွင်းဖော်ပြပါအံ့—

## ၂။ ကျမ်းပြုပုဂ္ဂိုလ်၏ အရည်အချင်း ကောင်းခြင်း

ဤကျမ်းပြုပုဂ္ဂိုလ်မှာ မဟာဂန္ဓာရုံဆရာတော်ကြီး ဖြစ်သည်၊ ကျမ်းပြုပုဂ္ဂိုလ်၏ အရည်အချင်းကောင်းခြင်း ဟူသည်မှာ ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို ပြုစုရန်အတွက် မဟာဂန္ဓာရုံဆရာတော်ကြီး၌ ပြည့်စုံလုံလောက်သော အရည်အချင်းရှိခြင်းပင် ဖြစ်သည်။

မှန်လှ၏၊ ဆရာတော်သည် ပရိယတ္တိ စာပေပညာအတွက်—

၁။ မကွေးမြို့ ဂုံတောဆရာတော်၊

၂။ အိမ်မဲမြို့ အိမ်မဲ့ဆရာတော်၊

၃။ ဒေးဒရဲမြို့ ချောင်းဖျားဆရာတော်၊

၄။ ကွမ်းခြံကုန်းမြို့ မဟာဝုန်ဆရာတော်၊

၅။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်—

ဟူသော ဆရာတော်ကြီးများထံ၌ မှီဝဲဆည်းကပ်၍ ပရိယတ်စာပေကို လေ့လာသင်ယူခဲ့၏။

မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးထံ၌ ပရိယတ်စာပေကိုသာ သင်ယူရုံမက ဥပဇ္ဈာယ်ဆရာပြု၍ သိက္ခာထပ်မံခံယူတော်မူသည်၊ ဆက်လက်၍ ရဟန်း ၁၀-ဝါရသည်အထိ ပရိယတ္တိပညာ လေ့လာဆည်းပူးခဲ့သည်။

ရဟန်းဝါ ၁၀-ဝါမှစပြီး ရဟန်းဝါ ၄၂-ဝါရ၍ ပြန်လွန်တော်မူသည်အထိ စစ်ကိုင်းတောင်ရိုး၌ ကမ္မဋ္ဌာန်းဘာဝနာပွါးများကာ တောရဆောက်တည်လျက် သီတင်းသုံးတော်မူသည်။

ကမ္မဋ္ဌာန်းဘာဝနာ ပွါးများရာ၌လည်း သာမန်ကာ လျှံကာ ပွါးများသည် မဟုတ်ချေ၊ ကြိုးကြိုးစားစား ပွါးများသည်၊ တခါ တရံ ရှင်လူများနှင့် အတွေ့အမြင်မခံဘဲ အားထုတ်ပွါးများတော် မူသည်၊ တခါတရံ နေ့ရော ညပါ လိုဏ်ဂူတွင်းအောင်း၍ပင် တရားကို ပွါးများအားထုတ်တော်မူသည်။

ဤကျမ်း ဖေဟုရုပ္ပတ္တိ အကျဉ်း၌ ဖော်ပြထားသည့် အတိုင်း ထူးခြားအံ့ဩဖွယ်များလည်း ဖြစ်ပေါ်တော်မူခဲ့သည်။

ယင်းသို့ ဆရာကောင်းတို့ထံ၌ နှစ်ပေါင်းများစွာ နည်းနာခံယူခဲ့ပြီး နှစ်ပေါင်းများစွာ ကိုယ်တွေ့ ကမ္မဋ္ဌာန်းတရားကို ကြိုးစား ပွါးများတော်မူခဲ့သည် ဖြစ်သောကြောင့် ဤ နိဗ္ဗာနမဂ္ဂဒီပနီ ကျမ်းကို ပြုစီရင်တော်မူသည့် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အား ဤကျမ်းကို ပြုစုစီရင်တော်မူရန်အတွက် ပြည့်စုံလုံလောက် သော အရည်အချင်းရှိသည့် ကျမ်းပြုပုဂ္ဂိုလ်ဖြစ်သည်ဟု သတ်မှတ် ဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။

## ၃။ ကျမ်း၏ အရည်အသွေး ကောင်းခြင်း

သီလ,သမာဓိ၌ တည်၍ ပွါးစေအပ်သော ပညာသည် အကျိုး ကြီးမား၏ဟူ၍ ဤနိဒါန်း၌ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်လာ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်ကို ပဓာနဦး တည်ချက် အဖြစ် ထုတ်ဖော်ရေးသားခဲ့၏။

ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌လည်း သီလ သမာဓိ ပညာ ဟူသော သိက္ခာ ၃-ပါး ကျင့်ကြံပွါးများနည်းကို နိဗ္ဗာန်ရောက်ကြောင်း တရား ၃-ပါ ဟု အမည်ပေးပြီး ပေါ်လွင်ထင်ရှားအောင် ရေး သားဖော်ပြထား၏။

သီလ သမာဓိ ပညာ ဟူသော နိဗ္ဗာန်ရောက်ကြောင်းတရား သိက္ခာ ၃-ပါး ကျင့်ကြံပွါးများနည်းကို ပေါ်လွင်ထင်ရှားအောင် ရေးသားသားသောကြောင့် ဤကျမ်းကို အရည်အသွေးကောင်း သောကျမ်းဟု သတ်မှတ်လိုက်ခြင်း ဖြစ်ပေသည်။

ထင်ရှားစေရန် နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌ သီလ သမာဓိ ပညာ အကြောင်း ရေးသားပြဆိုပုံကို ဤနိဒါန်း၌ စာမြည်းအဖြစ် အနည်းငယ် တင်ပြပါအံ့—

## သီလ ကျင့်ကြံနည်း ပြဆိုချက်

ဗုဒ္ဓစာပေလောက၌ အလွန်ထင်ရှားကျော်စောသည့် အသုံး များလှသော အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိ ကျမ်းတဆူရှိပေသည်၊ ထိုကျမ်းကို သင်္ဂြိုဟ်ကျမ်းဟု အတိုကောက်အမည်ဖြင့်သာ ခေါ် ဝေါ်ပြောကြား လူသိများပေသည်။

သင်္ဂြိုဟ်ကျမ်းသည် အခန်းကဏ္ဍဖွဲ့ပုံ၊ စကားလုံး သုံးပုံ၊ ဝါကျ ဖွဲ့စည်းပုံမှစ၍ အစစအရာရာ ကျစ်လစ်သိပ်သည်း ကောင်းမွန် သောကျမ်းဖြစ်သည်၊ နောင်လာနောက်သားတို့ စံတင်ကြရသည့် ကျမ်းဖြစ်သည်။

ယင်းသင်္ဂြိုဟ်ကျမ်း၌ အပိုင်း ၉-ပိုင်း ပါဝင်သည်တွင် နောက် ဆုံး ၉-ခုမြောက် ကမ္မဋ္ဌာန်းပိုင်းမှာ သီလ သမာဓိ ပညာ သိက္ခာ ၃-ပါးကို ပြဆိုသော အပိုင်းဖြစ်သည်။

သီလ သမာဓိ ပညာ ဟု ဆိုရာ၌ သမာဓိဟူသည်မှာ သမထ တရားဖြစ်၍ ပညာဟူသည်မှာ ဝိပဿနာတရား ဖြစ်သည်။

သင်္ဂြိုဟ်ကျမ်း ကမ္မဋ္ဌာန်းပိုင်း၌ သီလ သမာဓိ ပညာ အကြောင်းပြဆိုပုံမှာ သမထကမ္မဋ္ဌာန်းအပြီး ဝိပဿနာကမ္မဋ္ဌာန်း အစ၌ သီလအကြောင်းကို ပြဆိုသည်။

ယင်းသို့ ပြဆိုခြင်းမှာ သီလသည် သမထ, ဝိပဿနာ နှစ်ပါးစုံ၌ လိုအပ်သည့်တရားဖြစ်ကြောင်း သိစေရန် သမထနှင့် ဝိပဿနာ နှစ်ပါး၏အလယ်၌ထား၍ ပြဆိုခြင်းဖြစ်ပေသည်ဟူ၍ အဖွင့်ဋီကာများ၌ ပြဆိုထားပေသည်၊ ထို့ကြောင့် သီလ သမာဓိ ပညာ အစဉ် ချွတ်ယွင်းစွာ ပြဆိုသည်ဟု အပြစ်မတင်သင့်ချေ။

ဤနည်းအတူပင် နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌လည်း ရှေးဦးစွာ သမထကမ္မဋ္ဌာန်းပိုင်းကို ပြဆို၍အပြီး ဝိပဿနာကမ္မဋ္ဌာန်းပိုင်း အစ၌ သီလကို ပြဆိုထားပေသည်။

ပြဆိုရာ၌လည်း သီလ ဟူသည်မှာ နည်းနာရှာဖွေယူငင်ရန် မလို၊ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်တိုင်းလိုလိုပင် ငါးပါး ရှစ်ပါး ဆယ်ပါးသီလများကို ခံယူကျင့်သုံးတတ်သောကြောင့်၎င်း၊ ရဟန်း သံဃာများထံ ခံယူဆောက်တည်ရန် လွယ်ကူသောကြောင့်၎င်း အကျယ်တဝင့်မပြ၊ အကျဉ်းမျှသာ ပြဆိုထားပေသည်။

ရဟန်းပုဂ္ဂိုလ်များအတွက်မှာလည်း ဒွေမာတိကာ, ခုဒ္ဒသိက္ခာ, မူလသိက္ခာ စသော ဝိနည်းကျမ်းများ ထင်ရှားရှိနေသောကြောင့်၎င်း၊ အကျယ်ပြလျှင်လည်း ကျမ်း ကြီးလေးမည်ဖြစ်သောကြောင့်၎င်း ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌ စာမျက်နှာ ၁၀၆ မှ ၁၁၁ အထိ အကျဉ်းမျှသာ ပြဆိုထားပေသည်။

## ၂။ သမာဓိအခန်း ပြဆိုပုံ

သမာဓိအခန်းဟူသည်မှာ သမထကမ္မဋ္ဌာန်းပိုင်းပင်ဖြစ်သည်။ သမထကမ္မဋ္ဌာန်းအမျိုးပေါင်း ၄၀-ရှိသည်၊ ယင်းတို့မှာ—

ကသိုဏ်း ၁၀-ပါး၊

အနုဿတိ ၁၀-ပါး၊

**အသုဘ** ၁၀-ပါး၊

အပ္ပမညာ ၄-ပါး၊

အရူပကမ္မဋ္ဌာန်း ၄-ပါး၊

ပဋိကူလသညာကမ္မဋ္ဌာန်း ၁-ပါး။

ဓာတုဝဝတ္ထာန် ၁-ပါး—

ဟူ၍ ၄၀-ဖြစ်သည်။

**ပါဒကကမ္မဋ္ဌာန်း။** ။ဝိပဿနာကမ္မဋ္ဌာန်း,ပွါးများလိုသူတို့အတွက် စိတ်တည်ကြည်မှုရ၍ စိတ္တဝိသုဒ္ဓိ ဖြစ်အောင် သမထကမ္မဋ္ဌာန်း ၄၀-အတွင်းမှ သမထကမ္မဋ္ဌာန်း တမျိုးမျိုးကို အခြေခံ၍ ပွါးများရသည်၊ ဤသို့ အခြေခံပွါးများသော ကမ္မဋ္ဌာန်းကို ပါဒကကမ္မဋ္ဌာန်းဟု ခေါ်သည်။

**သဗ္ဗတ္ထကကမ္မဋ္ဌာန်း။** ။သမထ ကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်းတို့တွင် မည်သည့် ကမ္မဋ္ဌာန်း တရားကို ပွါးများသည်ဖြစ်စေ ရှေးဦးစွာ ကြိုတင်ပွါးများရမည့် အထူး သမထကမ္မဋ္ဌာန်းတရား ၃-ပါး ရှိသည်။

၃-ပါး ဟူသည်မှာ—

၁။ မေတ္တာကမ္မဋ္ဌာန်း၊

၂။ အသုဘကမ္မဋ္ဌာန်း၊

၃။ မရဏာနုဿတိကမ္မဋ္ဌာန်း–

တို့ပင် ဖြစ်သည်[၁]။ ယင်း ၃-ပါးကို အလုံးစုံသော သမထ, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို မပွါးများမီ ရှေးဦးစွာ ကြိုတင်ပွါးများရန် လိုအပ်သောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟူ၍ ခေါ်သည်[၂]။ ကမ္မဋ္ဌာန်း အားလုံး၌ အလိုရှိအပ်သော ကမ္မဋ္ဌာန်းဟု အဓိပ္ပါယ် ရရှိပေသည်။

**အာရက္ခကမ္မဋ္ဌာန်း။** ။ကမ္မဋ္ဌာန်းတရား ပွါးများသူ အတွက်ပင် ဖြစ်စေ၊ မပွါးများသူ အတွက်ပင် ဖြစ်စေ အဘယ်ပုဂ္ဂိုလ်အတွက်ဖြစ်ဖြစ် စိတ်အစဉ်ကို ကိလေသာ အညစ်အကြေး မဝင်ရောက်နိုင်အောင် စောင့်ရှောက်သည့် သမထ ကမ္မဋ္ဌာန်း ၄-မျိုးရှိသည်၊ ယင်း ၄-မျိုးသော ကမ္မဋ္ဌာန်းကို အာရက္ခကမ္မဋ္ဌာန်းဟု ခေါ်သည်၊ အစောင့်အရှောက် ကမ္မဋ္ဌာန်း ဟု အဓိပ္ပါယ်ရသည်။ ယင်းတို့မှာ—

၁။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊

၂။ မေတ္တာကမ္မဋ္ဌာန်း၊

၃။ အသုဘကမ္မဋ္ဌာန်း၊

၄။ မရဏာနုဿတိကမ္မဋ္ဌာန်း—

ဟူ၍ ၄-မျိုး ဖြစ်သည်[၃]။

---

၁။ ဝိသုဒ္ဓိမဂ်၊ ပ။ ၉၄။ ၂။ ဝိသုဒ္ဓိ ဋီ၊ ပ။ ၁၁၉။ ၃။ စူဠ ဝဂ္ဂါဒိအဋ္ဌကထာ၊ ၃၃။

ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌ အဓိကအားဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို ပြဆိုလိုရင်း ဖြစ်သည်။ သမာဓိ၌ တည်၍ ပွါးစေအပ်သော ပညာဘာဝနာမျိုး ဖြစ်စေရန်အတွက် အခြေခံသမာဓိ စိတ်တည်ကြည်မှုရရန် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွါးနည်းကို ရွေးချယ် ရေးသားထားသည်။

ယင်းသို့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ဝိပဿနာအခြေခံ ပါဒကကမ္မဋ္ဌာန်းအဖြစ် ရွေးချယ် ထုတ်ဖော် လိုက်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းပွါးရာ၌ မပြမဖြစ်သည့် မေတ္တာ, အသုဘ, မရဏာဿတိ ဟူသော သဗ္ဗတ္ထကကမ္မဋ္ဌာန်း ၃-ပါးပါရော၍ ပြလိုက်သောအခါ ဤကျမ်း၌ ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏာဿတိ ဟူ၍ အာရက္ခကမ္မဋ္ဌာန်း တရား ၄-ပါး အပြည့်အစုံပြဆိုပြီး ဖြစ်သွားလေတော့သည်။

ယင်းသို့ဖြစ်၍ အားလုံးခြုံကြည့်လိုက်လျှင် ဤ နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌—

ရှေးဦးစွာ ကမ္မဋ္ဌာန်းမထိုင်မီ သိမြင်ပြုလုပ်ရမည့်နေရာရွေးနည်း၊ ထိုင်နည်း စသည့် ပုဗ္ဗဘာဂ အစီအရင်ကို ပြသည်။ (နှာ ၈ မှ ၁၉)

ထို့နောက် ဗုဒ္ဓါနုဿတိကို ပြသည်။ (နှာ ၂၀ မှ ၅၅)

ထို့နောက် အသုဘကမ္မဋ္ဌာန်းကို ပြဆိုသည်။ (နှာ ၅၆ မှ ၅၈)

ထို့နောက် မေတ္တာကမ္မဋ္ဌာန်းကို ပြဆိုသည်။ (နှာ ၅၈ မှ ၅၉)

ထို့နောက် မရဏာနုဿတိကမ္မဋ္ဌာန်းကို ပြဆိုသည်။ (နှာ ၅၉ မှ ၆၂)

ထို့နောက် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အကျိုးကြီးမားပုံကို ပြဆိုသည်။ (နှာ ၆၆ မှ ၁၁၄)

ဤသို့လျှင် နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌ သမထကမ္မဋ္ဌာန်းခေါ် သမာဓိတရားပွါးများပုံ ပြဆိုသည့် သမာဓိဘာဝနာ အခန်း၌ အာရက္ခကမ္မဋ္ဌာန်း ၄-ပါးကို ပြဆိုထားသည်ကို တွေ့ရှိ ဖတ်ရှုရပေမည်။

**အထူးဝေဘန်ပြဆိုချက်။** ။ ယင်းသို့ အာရက္ခ ကမ္မဋ္ဌာန်း တရား ၄-ပါးကို ပြဆိုရာ၌လည်း ဝိပဿနာကမ္မဋ္ဌာန်းခေါ် ပညာဘာဝနာ၏ အခြေခံ ပြုလုပ်ရမည့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွါးများနည်းကို အထူးသဖြင့် ကျယ်ဝန်းစွာ ဖွင့်ဆိုရေးသားထားသည်ကို တွေ့ရှိရမည် ဖြစ်သည်။

ယင်းသို့ သမထကမ္မဋ္ဌာန်းပိုင်းကို ပြည့်ပြည့်စုံစုံ ရေးသားပြဆိုပြီးလျှင် ပညာဘာဝနာခေါ် ဝိပဿနာကမ္မဋ္ဌာန်းပိုင်းကို မည်သို့ပြုစုရေးသားထားကြောင်းကို ဆက်လက်ဖော်ပြပါအံ့—

## ဝိပဿနာကမ္မဋ္ဌာန်း ပွါးများနည်း ပြဆိုပုံ

ဝိပဿနာ ကမ္မဋ္ဌာန်း ပွါးများ နည်းကား ဤ ကျမ်း၏ အဓိက ပြဆိုလိုရင်း တရားပွါးများနည်းပင် ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာကမ္မဋ္ဌာန်းပွါးနည်းကို စာမျက်နှာ ၁၁၅ - မှ စာမျက်နှာ ၄၄၀-ထိအောင် စာမျက်နှာပေါင်း ၃၃၅-မျက်နှာမျှ ရေးသားဖော်ပြထားပေသည်။

**သိက္ခာ ၃-ပါး။** ။ပြဆိုပုံမှာ— သီလ, သမာဓိ, ပညာ ဟူသော သိက္ခာ ၃-ပါးကို နိဗ္ဗာန် ရောက်ကြောင်း တရား ၃-ပါးဟု အမည်ပေးကာ ဝိပဿနာကမ္မဋ္ဌာန်း ပွါးနည်း၏ စကားဦးအဖြစ် အကျဉ်းသိသာရုံမျှ ပြဆို၏။ (၁၀၅ မှ ၁၁၅-ထိ)

**ဝိသုဒ္ဓိ ၇-ပါး။** ။နိဗ္ဗာန်ရောက်ကြောင်း တရားမှာ သိက္ခာ ၃ ပါးသာမဟုတ်၊ ဝိသုဒ္ဓိ ၇-ပါးလည်း နိဗ္ဗာန် ရောက်ကြောင်း တရားပင် ဖြစ်ပေရာ—

၁။ သီလဝိသုဒ္ဓိ၊

၂။ စိတ္တဝိသုဒ္ဓိ၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိ၊

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊

၇။ ဉာဏဒဿနဝိသုဒ္ဓိ၊

ဟူသော ဝိသုဒ္ဓိ ၇-ပါး၏ အမည်နှင့် လိုရင်း အဓိပ္ပါယ်ကို သိသာရုံ ရှင်းလင်းပြသည်။ (၁၁၆ မှ ၁၂၃)

**ဉာဏ်စဉ် ၁၆-ပါး။** ။နောက်ဆုံးပြဆိုသည့် နိဗ္ဗာန်ရောက်ကြောင်း တရားကား ဝိပဿနာ ဉာဏ်စဉ် ၁၆-ပါး ပင် ဖြစ်သည်။

ဉာဏ်စဉ် ၁၆-ပါးမှာ—

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်၊

၂။ ပစ္စယပရိဂ္ဂဟဉာဏ်၊

၃။ သမ္မသနဉာဏ်၊

၄။ ဥဒယဗ္ဗယဉာဏ်၊

၅။ ဘင်္ဂဉာဏ်၊

၆။ ဘယဉာဏ်၊

၇။ အာဒီနဝဉာဏ်၊

၈။ နိဗ္ဗိဒါဉာဏ်၊

၉။ မုဉ္စိတုကမျတာဉာဏ်၊

၁၀။ ပဋိသင်္ခါဉာဏ်၊

၁၁။ သင်္ခါရုပေက္ခာဉာဏ်၊

၁၂။ အနုလောမဉာဏ်၊

၁၃။ ဂေါတြဘူဉာဏ်၊

၁၄။ မဂ်ဉာဏ်၊

၁၅။ ဖိုလ်ဉာဏ်၊

၁၆။ ပစ္စဝေက္ခဏာဉာဏ်—

ဟူ၍ ၁၆-ပါး ဖြစ်သည်။

ယင်းဉာဏ်စဉ် ၁၆-ပါးတို့သည်ကား နိဗ္ဗာန်ရောက်ကြောင်း တရားအဖြစ် အမာခံထားကာ ဤကျမ်း၌ ရေးသားတော်မူသည့် တရားများဖြစ်သည်။

ယင်းသို့ ဖြစ်သောကြောင့်လည်း ဉာဏ်စဉ် တပါးတပါးကို နည်း အမျိုးမျိုးဖြင့် ထင်မြင် သဘော ပေါက်အောင် ဖွင့်ဆို ရေးသားထားပေသည်။ ဖွင့်ဆိုရေးသားရာ၌လည်း—

၁။ ဘာဝနာကာရနည်း = စီးဖြန်းပွါးများနည်း၊

၂။ ဥပဋ္ဌာနာကာရနည်း = ပွါးများ၍ ထင်မြင်လာပုံနည်း— တို့ဖြင့် ရသင့်သလို ပိုင်းခြား ဝေဖန် ရေသား ထားပေသည်။ (၁၂၃ မှ ၃၀၅)

၍ကား နိဗ္ဗာနမဂ္ဂ ဒီပနီကျမ်း၌ သမထ ကမ္မဋ္ဌာန်းနည်း၊ ဝိပဿနာကမ္မဋ္ဌာန်းနည်း ဟူသော နည်းနှစ်ပါးဖြင့် ပြဆိုပုံ အစီ အစဉ်ကို အကျဉ်းချုံး၍ စာရှုသူတို့ ဤကျမ်း မကြည့်ရှုရသေးမီ သိထားနှင့်ရန် တင်ပြခြင်းဖြစ်ပေသည်။

ယင်းသို့ တင်ပြပြီးလျှင် ဤ နိဗ္ဗာနမဂ္ဂ ဒီပနီကျမ်း၏ ထူးခြား ချက် ဂုဏ်ရည်များကို စွမ်းနိုင်သမျှ, တွေ့ရှိရသမျှ တင်ပြပါအံ့—

## ဤကျမ်းသာ ထူးခြားသည့် မှတ်သားဖွယ်များ

ဤ နိဗ္ဗာနမဂ္ဂဒီပနီကျမ်းပြု မဟာဂန္ဓာရုံ ဆရာတော်ကြီးကား ပရိယတ်,ပဋိပတ် ကျင့်စဉ်များကို ဆရာကောင်းထံ နည်းနာခံခဲ့ပြီး မှ နှစ်ပေါင်းများစွာ ကမ္မဋ္ဌာန်းတရား အလုပ် အားထုတ် ကြိုး ပမ်းခဲ့သည့် ပုဂ္ဂိုလ်သူမြတ်ကြီး ဖြစ်တော်မူပေသည်။

ယင်းသို့ စာတွေ့, ကိုယ်တွေ့ ပွါးများခဲ့သည့် ကမ္မဋ္ဌာန်း နည်း များကို နိဗ္ဗာန်လိုလား သူတော်ကောင်းများ ကြည့်ရှု ပွါးများနိုင် ကြစေရန် ရည်သန်၍ ဤ နိဗ္ဗာနမဂ္ဂ ဒီပနီကျမ်းကို ပြုစီရင်တော် မူသည်။

ပြု စီရင်တော်မူပြီးကျွင်လည်း မိမိ၏ဆရာရင်း ပရိယတ်, ပဋိပတ် နှစ်ရပ်စုံရ ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံ အပ်နှံတင်ပြ၍ တည်းဖြတ်ပြင်ဆင်မှုကို ခံယူပြီးမှ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဖတ်ရှု ကျင့်ကြံနိုင်ကြစေရန် ထုတ်ဝေဖြန့်ချီခြင်း ဖြစ်သည်။

ယင်းသို့ ဖြစ်သောကြောင့် စာရှုသူတို့သည် ဤကျမ်း၌ ထူးခြားသည့် အချက်အလက် များစွာကို တွေ့ရှိ ကြရပါလိမ့်မည်၊ အချို့သော ထူးခြားချက်များသည် ထူးခြား လွန်းလှ သောကြောင့် မျက်စိစိမ်း နားစိမ်း၍ ဘဝင်မကျ ဖြစ်မိကြပါလိမ့်မည်။ ယင်းသို့သော ထူးခြားချက်များကို ဖတ်ရှုတွေ့မြင်ကြရသော် မိမိဉာဏ်ဖြင့် မသော်ငြားလည်း၊ စာပေမှ ရှာဖွေ၍သော်ငြား၊ ဆရာကောင်း သမားကောင်းထံ မှီဝဲချဉ်းကပ်၍သော်ငြား သင့်လျော် ကောင်းမြတ်သည့် အကျိုးဘရား ဖြစ်ပွါးအောင် သတိထား၍ မှတ်သား ကျင့်ကြံကြစေလိုသည်။

သတိထား၍ မှတ်သား ကျင့်ကြံရမည့် များစွာသော အချက်အလက်များမှ အချို့သော ထူးခြားချက်များကို ပုံစံအဖြစ် ထုတ်ပြပါအံ့—

## မိမိကိုယ်ကို ဆုံးမနည်းများ

ဆရာတော်ကြီးသည် ကမ္မဋ္ဌာန်းတရား ပွါးများ အားထုတ်ရာ၌ မိမိကိုယ်ကို မိမိ များစွာတိုက်တွန်းတော်မူပေလိမ့်မည်၊ ဆုံးမတော်မူပေလိမ့်မည်၊ ဆရာသမားများ၏ တိုက်တွန်း ဆုံးမချက် ရှိဘူးပေလိမ့်မည်။ ယင်းသို့ မိမိကိုယ်ကို တိုက်တွန်းဆုံးမနည်းများအနက်မှ အထိရောက်ဆုံး အကောင်းဆုံးဖြစ်သော တိုက်

တွန်းဆုံးမချက် စကားလုံးများကို ဤကျမ်း၌ ဆောင်ပုဒ်သဖွယ် ရေးသားဖော်ပြထားပေသည်။ ယင်းတို့မှာ—

ဤကျမ်း စာမျက်နှာ ၂၁-၌—

နာဘေားကြီး, သေဘေးကြီး မဦးခင် တရားဟောအလျင် ဦးအောင် ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်။

အပါယ်ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို ကြိုးစား၍ သည်းခံ၊ ကြိုးစား၍ သည်းခံ။

နိဗ္ဗာန် ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေး တွေကို ကြိုးစား၍ ပယ်၊ ကြိုးစား၍ ပယ်—

ဟူ၍ သုံးကြိမ်စီ ဆိုရမည်ဟု ပြဆိုထားပေသည်။

ဤ အတ္ထုပ္ပတ္တိ စာမျက်နှာ ၃၀-၌—

နိဗ္ဗာန် ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးကို စွန့်ရမည်။

အပါယ်ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို သည်းခံရမည်—

ဟူ၍ ရှေးဆရာကြီးများ ဆုံးမကြောင်းကိုလည်း ပြဆိုထားပေသည်။

ဤကျမ်း စာမျက်နှာ ၆၅-၌လည်း—

ရှင်ချောင် သေကြပ်၊ ရှင်ချောင် သေကြပ်။

ရှင်ကြပ် သေချောင်၊ ရှင်ကြပ် သေချောင်။

ခုချောင် နောင်ကြပ်၊ နောင်ကြပ် ခုချောင်။

ခုကြပ် နောင်ချောင်၊ ခုကြပ် နောင်ချောင်—

ဟူ၍ ရေးသားဖော်ပြထားပေသည်။

ဤကျမ်း စာမျက်နှာ ၄၃၇-၌လည်း—

ကာယိန္ဒြေကို ကြီးကြီးမားမား ထား၊ စကားကို နည်းနည်းပါးပါး ပြော။

မနေ့ကြိုတိုင်း နှုတ်မထွက်နှင့်၊ ထွက်လျှင် မြဲစေ၊ မှတ်လေ သူတော်ကောင်းဂုဏ်ကြီး—

ဟူ၍ သူတော်ကောင်းဂုဏ်ကို ဖော်ပြထားပေသည်။

ဤသည်တို့မှာ ကျမ်းဂန် စာပေမှာလည်း တိုက်ရိုက်မလာ၊ ကျမ်းဂန်စာပေနှင့်လည်း လိုက်လျောညီညွတ်သည့် ထူးခြားသော မှတ်သားဖွယ်များ ဖြစ်ပေသည်။ ဤကဲ့သို့သော ထူးခြားသည့် မှတ်သားဖွယ်များကိုလည်း ဤကျမ်း၌ ဖတ်ရှု တွေ့မြင် ကြရပေလိမ့်မည်။

## ကမ္မဋ္ဌာန်းအားထုတ်သူတို့ ထိုင်နည်း

မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားတော်မူသည့် ပါဠိတော် စကားရပ်တို့၌ ကျောင်းသားများ အားထုတ်သူတို့ ထိုင်ရန်နည်းကို—

"ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ = တင်ပလ္လင်ခွေ ထိုင်၍ အထက်ပိုင်း ကိုယ်ကို ဖြောင့်စွာ ထားရမည်"[၁]—

ဟူ၍ လာရှိသည်။ ယင်းသို့ ပါဠိတော်လာ ထိုင်နည်းရှိသည်ကို ဆရာတော်ကြီးက အကျယ်ဖွင့်ပြသည်။ ပြဆိုပုံမှာ—

---

၁။ မဟာဝဂ္ဂပါဠိတော်၊ မဟာသတိပဋ္ဌာနသုတ်၊ နှာ ၂၃၁။ ၎င်း မြန်မာပြန်၊ နှာ ၂၆၀။

ဤကျမ်း စာမျက်နှာ ၂၀-၌—

ဆိတ် တင် ဖြောင့် ငါး၊ ရွှေမြ ပွါး၊ ကြိုးစားဘာဝနာ—

ဟူ၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွါးများနည်း ၇-ပါးကို အကျဉ်း ဆောင်ပုဒ်ထုတ်ပြီးလျှင် ဤကျမ်း စာမျက်နှာ ၂၆၊ ၂၇၊ ၂၈-တို့၌ တင်-အရ တင်ပလ္လင်ခွေ ထိုင်နည်းကို —

မဟာပလ္လင်ထိုင်နည်း၊

အခုပလ္လင်ထိုင်နည်း၊

ယောက်ျားထိုင်နည်း၊

မိန်းမထိုင်နည်း၊

ဗောဓိရိုးထိုင်နည်း၊

မဟာခွေထိုင်နည်း—

ဟူ၍ မှဘည်ထိုင်ရမည့်နည်းကို အကျယ်ဖွင့်ပြ ရေးသားထားပေ သည်။

ဤသို့သော ထိုင်နည်းများသည် စာပေကျမ်းဂန်တို့၌ တိုက် ရိုက် မလာသော်လည်း စာပေကျမ်းဂန်တို့နှင့် မဆန့်ကျင်, သင့် လျော်ညီညွတ်သည့် ဆရာတော်ကြီး ဆရာစဉ်ဆက်မှ ရရှိထား သည့် ထိုင်နည်းဖြစ်လိမ့်မည်ဟု မှန်းဆရပေသည်။

### ရဟန်းမဟုတ်သူတို့၏ စတုပါရိသုဒ္ဓိသီလ

ဝိသုဒ္ဓိ ၇-ပါးတွင် သီလဝိသုဒ္ဓိသည် တပါး အပါအဝင် ဖြစ် သည်။ သီလဝိသုဒ္ဓိအရ သီလစင်ကြယ်စေရာ၌ ရဟန်းတော်များ အတွက်—

၁။ ပါတိမောက္ခသံဝရသီလ=ပါတိမောက်လာ သိက္ခာပုဒ် စောင့်ထိန်းခြင်း၊

၂။ ဣန္ဒြိယသံဝရသီလ =ဣန္ဒြေငါးပါးစောင့်ထိန်းခြင်း။

၃။ အာဇီဝပါရိသုဒ္ဓိသီလ =အသက်မွေးမှု စင်ကြယ်ခြင်း။

၄။ ပစ္စယသန္နိဿိတသီလ =ပစ္စည်းလေးပါးကို မှန်ကန်ကောင်းမွန်စွာ မှီဝဲခြင်း—

ဟူ၍ သီလ ၄-ပါး ကျမ်းဂန်များ၌ လာသည်။

ယခုခေတ်၌ ထင်ရှားရှိနေကြသည့်ကိုရင်, ဘိုးသူတော်, သီလရှင်, လူပုတ်ကြောင်တို့အတွက် စတုပါရိသုဒ္ဓိသီလ ဟူ၍ မလာရှိချေ။ ယင်းသို့ပင် မလာသော်လည်း ဤကျမ်း စာမျက်နှာ ၁၀၆-မှ စ၍ ၁၂၈-အထိ——

ရဟန်းတော်များ စတုပါရိသုဒ္ဓိသီလပြည့်စုံပုံ၊ သာမဏေများ စတုပါရိသုဒ္ဓိသီလ ပြည့်စုံပုံ၊ ဖိုးသူတော်များ, သီလရှင်, လူများ စတုပါရိသုဒ္ဓိ သီလပြည့်စုံပုံ တို့ကို သိသာထင်ရှားအောင် ရေးသားဖော်ပြထားပေသည်။

ယင်းဖော်ပြချက်များသည်လည်း ကျမ်းဂန်စာပေတို့၌ တိုက်ရိုက်မလာရှိစေကာမူ သင့်လျော်ကောင်းမြတ်လှ၍ သမာသမတ်ဖြောင့်မတ်သည့် သဘောထားရှိသူ ပညာရှင်များ လက်ခံရမည့် ထူးခြားသည့် မှတ်သားဖွယ်များသာ ဖြစ်ပေသည်။

### တောရကျောင်း အတိုင်းအတာ

သာမညကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်း ပွါးများရာ၌ ဆိတ်ငြိမ်မှုကို ရရန်အတွက်ဖြစ်စေ၊ ဓုတင် ၁၃-ပါး မှ အာရညိ

ကင်ခုတင်ကို ဆောက်တည်ရန်အတွက်ဖြစ်စေ တောရကျောင်းသို့ ကပ်ရောက်နေထိုင်ကြရသည်။

တောရကျောင်းဆိုသည်မှာ ပိဋကတ်စာပေတို့၌ ဖော်ပြသော တော အဖြစ်သတ်မှတ်ခြင်း ခံရသည့် နေရာအရပ်၌ ဆောက်လုပ်သောကျောင်းဟု အဓိပ္ပါယ်ရှိပေသည်။

ဝိနည်း ပိဋကတ်၌မူ ရွာနှင့်ရွာ၏ ဥပစာ ဖြစ်ထိုက်သောအရပ်မှလွတ်လျှင် တောဖြစ်သည်ဟု သတ်မှတ်သည်။[၁]

အဘိဓမ္မာပိဋကတ်၌မူ ရွာ၏အဝင်ဝ တံခါးတိုင်မှ ကျော်လျှင် တောဖြစ်သည်ဟု သတ်မှတ်သည်။[၂]

သုတ္တန်ပိဋကတ်၌မူ ရွာ၏ဥပစာမှ အနည်းဆုံး ကုပ်လုပ်လေး တာ အပြန်ငါးရာ ဝေးကွာရာ အရပ်သည် တောဖြစ်သည်ဟု သတ်မှတ်သည်။[၃]

ကုပ်လုပ်လေး ဟူသည်မှာ အမှန်အားဖြင့် လေးသည် လေးကြိုးမတင် မကိုင်းညွတ်စေ မကုပ်စေသေးမီ အရှည် ၄-တောင့် ၁-ထွာရှိသည်၊ လေးကြိုးတင်၍ ကိုင်းညွတ်အောင် ကုပ်အောင် ပြုလုပ်လိုက်သောအခါ အရှည် ၄-တောင်သာရှိသည်။[၄]

ယင်းလေးတောင် ရှည်သည့် ကုပ်လုပ်လေးဖြင့် အပြန်ငါးရာ ဝေးသည့်အရပ်၌ တည်ရှိသော ကျောင်းသည် တောရကျောင်း ဖြစ်သည်ဟု သတ်မှတ်သည်။ ထို့ကြောင့် တောရကျောင်းသည် ရွာနှင့် အတောင်ပေါင်း (၂၀၀၀) နှစ်ထောင် ဝေးရပေမည်။

---

၁။ ပါရာဇိကကဏ္ဍပါဠိတော်၊ ၅၇။ ၂။ ဝိဘင်းပါဠိတော်၊ ၂၆၀။
၃။ ဝိသုဒ္ဓိမဂ် ၁၊ ၇၀။ ဝိသုဒ္ဓိ ဋီ ၁၊ ၉၇။ ၄။ ဝိမတိဝိနောဒနီ ၁၊ ၁၇၁။

ယောဂီ ပုဂ္ဂိုလ်များ တောရ ဆောက်တည်ရန် အတွက် တောရကျောင်းကို ကုပ်လုပ်လေးဖြင့် တိုင်းတာရမည်မှာ မလွယ်ကူသောကိစ္စ ဖြစ်၏။ ယခုခေတ်၌ လေးကိုရဘို့ မဆိုထားဘိ မြင်ဘူးရန်ပင် မလွယ်ချေ၊ လေးရှိသည့်နေရာ၌ ရှိပါသည်ဆိုလျှင်လည်း ထိုလေးသည် ၄-တောင့် ၁ - ထွာတိတိ ပြုလုပ်သည့်လေး ဟုတ်ချင်မှဟုတ်ပေမည်၊ ဘယ်လိုပင် ဖြစ်စေ အတောင် ၂၀၀၀ ပြည့်လျှင် ပြီးရော-ဟု ပေကြိုးဆွဲပြီးတိုင်းတာလျှင်လည်း အလုပ်ကြီးတခု ဖြစ်နေပေမည်။

ယင်းသို့သော အလုပ်ကြီးမျိုး ဖြစ်မည်ကို အလိုနည်းခြင်း အပ္ပိစ္ဆတာ ဂုဏ်နှင့် ပြည့်စုံသူ ပုဂ္ဂိုလ်မြတ်များ လုပ်လိုကြမည် မဟုတ်ချေ။

သို့ဖြစ်၍ တောရကျောင်း အတိုင်း အတာကို လွယ်ကူစွာ တိုင်းတာသိရှိနိုင်ရန် ဤကျမ်းစာမျက်နှာ ၄၂၆၊ ၄၂၇-တို့၌ –

ကကစ မြှောက်၊ အားသို့ရောက်၊ တခေါက်ပြန်ခါ ဘိငါး ရာ–ဟူ၍ စာအံပြီး ခြေလှမ်း,လှမ်း၍ တိုင်းတာနည်းကို ပြဆိုထားသည်။ ထိုပြင်——

ကုလလေးတာ ပြန်ငါးရာမှာ အတောင်ပေါင်း နှစ်တောင်ရှိ၏။ ခြေတလှမ်းမှာ တတောင့်ထွာရှိ၏၊ ခြေနှစ်လှမ်းမှာ သုံးတောင်ရှိ၏။ ခြေတလှမ်းကို တတောင့်ထွာ ရှိအောင်လှမ်းရမည်။ အရာမ်ထိုက်ရာအရပ်မှ ခြေစုံရပ် ဘယ်ခြေစလှမ်း၊ နောက်ညာခြေလှမ်း။ လုံးရေတရာရှိသော ပုတီးကိုင်၍ ညာခြေ လှမ်းပြီးတိုင်း တလုံးချ၊

> ပုတီးခုနစ်ပတ်ရလျှင် အဘောင်ပေါင်း နှစ်ထောင့်တရာ
> ရှိ၏။ တရာပို၏—

ဟူ၍ ခြေလှမ်း၍ပုတီးစိပ်ပြီး တိုင်းတာနည်းကို ပြဆိုသည်။

ယင်းသို့သော ဇေတာရကျောင်း တိုင်းတာနည်းမှာ စာပေကျမ်းဂန်တို့၌ တိုက်ရိုက် မလာချေ၊ သို့သော် စာပေကျမ်းဂန်ရှိသည်နှင့်လည်း မဆန့်ကျင်ချေ၊ မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် ဆရာစဉ်ဆက် မှတ်သားထားသည်ကို နောင်လာနောင်သားတို့ မှတ်သားနိုင်စေရန် မှတ်တမ်းတင် ရေးသားထားသည်ဟု ယူဆသင့်ပေသည်။

### ဗုဒ္ဓါနုဿတိ စီးဖြန်း၍ အာရုံထင်ပုံ

ဤကျမ်းပြု မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် မိမိကိုယ်တိုင်လည်း ကမ္မဋ္ဌာန်းတရား အမြဲပွါးတော်မူသည့် ယောဂါဝစရပုဂ္ဂိုလ်ကြီးဖြစ်၍ တပည့်ရဟန်း ရှင် လူ များကိုလည်း ကမ္မဋ္ဌာန်းတရား ဟောကြား ညွှန်ပြသည့် ကမ္မဋ္ဌာနာစရိယကြီးလည်း ဖြစ်ပေသည်။

ဆရာတော်ကြီးသည် ဤကျမ်းစာမျက်နှာ ၃၃-၃၆ တို့၌ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွါးများ၍ အာရုံထင်ပုံကို ရေးပြထား၏၊ တပည့်ရဟန်း ရှင်,လူ တို့ကိုလည်း ဤအတိုင်းပင် ဟောကြားတော်မူသည်ဟု မှတ်သားရဘူး၏။

ဤသို့ ရေးသား,ဟောကြားတော်မူရာ၌"ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ် ၂-ပါးကို ကမ္မဋ္ဌာန်းအားလုံး၌ ရနိုင်သည်၊ ပဋိဘာဂနိမိတ်ကိုမူ ကသိုဏ်း အသုဘ ကာယဂတာသတိ အာနာပါနဿတိ

ကမ္မဋ္ဌာန်းတို့၌သာ ရနိုင်သည် [၁] ဟု ကျမ်းဂန်တို့၌ လာသော ကြောင့် ဤကျမ်းလာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်း၍ အာရုံ ထင်သည်ဟူသော စကားကို ပရိကမ္မနိမိတ်အာရုံ၊ ဥဂ္ဂဟနိမိတ် အာရုံထင်သည်ဟုဆိုလျှင် ထူးခြားလှသည် မဟုတ်ချေ၊ ပဋိဘာဂ နိမိတ် အာရုံထင်သည်ဟု ဆိုလျှင်မူကား ထူးခြားလှသည့် ပြဆို ချက်ပင် ဖြစ်နေပေသည်။

ဤအရာ၌ ပွါးများအားထုတ်သူ၏ ရည်ရွယ်ချက် နှလုံးသွင်း ကို အလေးအနက်ထား၍ စဉ်းစားရပေမည်။ မြင်ရန်ခက်သော ထွက်လေ-ဝင်လေကို ရှုသည့် အာနာပါနဿတိနှင့် လေကို ရှုမှတ် သည့် ဝါယောကသိဏ်းတို့မှာပင် ပဋိဘာဂနိမိတ်ထင်နိုင်ပေရာ မြတ်စွာဘုရား ရုပ်ပုံတော်ကို မှန်းဆကြည့်ရှုလျက် အဖန်တလဲလဲ မြတ်စွာဘုရား ဂုဏ်တော်ဟု ဆိုအပ်သည့် အရဟံ,သမ္မာသမ္ဗုဒ္ဓေါ စသော အမည်တော် တခုခုကို ရွတ်ဆိုလျှင် ထိုမှန်းဆ ကြည့်ရှု နေသည့် ပုံတော်က ကသိဏ်းဝန်းအလား ဖြစ်ပေါ်ကာ ပဋိဘာဂ နိမိတ်အာရုံ အဖြစ် ထင်မြင်လာနိုင်ပေသည်။

ထို့ပြင် လှုပ်ရှားနေသည့် ပိုးလောက်များ ပုဋုဝက ကမ္မဋ္ဌာန်း, တဖျိန်ဖျိန်လောင်နေသည့်မီး တေဇောကသိဏ်းတို့၌ပင် ပဋိဘာဂ နိမိတ်အာရုံ ထင်နိုင်ပေသေးရာ မြတ်စွာဘုရား ထိုင်နေတော်မူပုံ, ရပ်နေတော်မူပုံ, စင်္ကြံလျှောက်နေတော်မူပုံ စသော မြတ်စွာဘုရား ပုံတော်များသည်လည်း ပဋိဘာဂနိမိတ်အာရုံအဖြစ် ထင်မြင် လာနိုင်ပေသည်။

---

၁။ အဘိဓမ္မတ္ထသင်္ဂဟ ၁၅၂။ ဝိသုဒ္ဓိမဂ် ၁၊ ၁၀၉။

ယင်းပြဆို ဟောပြောချက်များသည် ကျမ်းဂန်တို့၌ တိုက်ရိုက် မလာသော်လည်း ကျမ်းဂန်တို့နှင့် မဆန့်ကျင်သည့် ထူးခြားသော မှတ်သားဖွယ်များပင် ဖြစ်ပေသည်။

### သစ္စာလေးပါး ပွါးများပုံ ထင်မြင်ပုံ

သစ္စာတရား ၄-ပါး ရှိ၏။ ယင်းတို့မှာ—

၁။ ဒုက္ခသစ္စာ=ဆင်းရဲအမှန်တရား၊

၂။ သမုဒယသစ္စာ=ဆင်းရဲကို ဖြစ်စေသောအမှန်တရား၊

၃။ နိရောဓသစ္စာ=ဆင်းရဲချုပ်ရာအမှန်တရား၊

၄။ မဂ္ဂသစ္စာ=ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအမှန် တရား—ဟူ၍ ၄-ပါး ဖြစ်သည်။ ယင်းတို့တွင်—

၁။ ဒုက္ခသစ္စာသည် ပိုင်းခြား သိသင့်သည့် ပရိညေယျ တရား ဖြစ်သည်။

၂။ သမုဒယသစ္စာသည် ပယ်သင့်သည့် ပဟာတဗ္ဗတရား ဖြစ်သည်။

၃။ နိရောဓသစ္စာသည် မျက်မှောက်ပြုသင့်သည့် သစ္ဆိကာ တဗ္ဗတရား ဖြစ်သည်။

၄။ မဂ္ဂသစ္စာသည် ပွါးများသင့်သည့် ဘာဝေတဗ္ဗတရား ဖြစ်သည်—

ဟူ၍ ဓမ္မစက္ကသုတ် စသော စာပေကျမ်းဂန်တို့၌ လာရှိပေသည်[၁]၊ ဤအတိုင်းပင်လျှင် သမားရိုးကျ သိရှိနေကြသည်။

---

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ဓမ္မစက္ကပဝတ္တနသုတ် ၃၆၉၊၃၇၁။

သို့ပင် ဖြစ်သော်လည်း ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်း စာမျက်နှာ ၃၅၂-မှစ၍ ၄၀၁-အထိ စာမျက်နှာပေါင်း ၅၀-ခန့်မျှ သစ္စာ ၄-ပါးကို အကျဉ်းအကျယ်, အကြောင်းအကျိုး ပွါးများပုံ ဘာဝနာကာရနည်းနှင့် ထင်မြင်ပုံ ဥပဋ္ဌာနကာရနည်းတို့ဖြင့် ရှင်းလင်းရေးသားပေရာ ယင်း သစ္စာ ၄-ပါး ပွါးနည်းပြဆိုချက်သည် စာရှုသူတို့အတွက် မျက်စိစိမ်း နားစိမ်းဖြစ်၍ ဘဝင်မကျဖွယ် ထူးခြားချက် ဖြစ်ကောင်း ဖြစ်နေပေမည်။

ဤအရာမျိုး၌ သင့်လျော် ကောင်းမြတ်စွာ နှလုံးသွင်း ဆင်ခြင်ရန် အလွန်လိုအပ်ပေသည်။

အထက်ပါ ဓမ္မစက္ကသုတ် စသည်၌လာသော သစ္စာ ၄-ပါး၏ သိ ပယ် ဆိုက် ပွါး ကိစ္စ ၄-ပါးမှာ နောက်ဆုံး မဂ်ကိစ္စ ဖိုလ်ကိစ္စ ဖြစ်သည့်အခါ၌ ဖြစ်ပေါ်ပုံ အခြင်းအရာကို ဖော်ပြ ဟောကြားခြင်း ဖြစ်သည်။ ဆရာတော်ကြီး ဤကျမ်း၌ ပြဆိုသည့် သစ္စာ ၄-ပါး ပွါးများနည်းမှာ မဂ်ကိစ္စ ဖိုလ်ကိစ္စ ဖြစ်ပေါ်လာစေရန် ကြိုးစားအားထုတ်သူတို့ ပြုလုပ်ရန် ဖော်ပြခြင်း ဖြစ်သည်ဟု ယူဆရပေမည်။ ယင်းသို့ ဤကျမ်း၌ ဖော်ပြသည့်အတိုင်း သစ္စာ ၄-ပါးကို ပွါးများလျှင်လည်း အပြစ်မထင် အကျိုးပင် ရှိပေမည်။

ယင်းသို့ ဤကျမ်းလာ သစ္စာ ၄-ပါး ပွါးနည်းသည်—

ရဟန်းတို့ ဤသည်ကား ဒုက္ခသစ္စာတည်းဟု ပွါးများအားထုတ်မှုကို ပြုသင့်၏၊ ဤသည်ကား သမုဒယသစ္စာတည်းဟု ပွါးများ အားထုတ်မှုကို ပြုသင့်၏၊ ဤသည်ကား နိရောဓသစ္စာတည်းဟု ပွါးများအားထုတ်မှုကို ပြုသင့်၏၊ ဤသည်ကား မဂ္ဂသစ္စာတည်းဟု ပွါးများ အားထုတ်မှုကို ပြုသင့်၏—

ဟူသော သမာဓိသုတ်[၁]၌ ဟောတော်မူသည်နှင့်လည်း ညီညွတ်လှပေသည်။ ထို့ကြောင့် ဤသစ္စာ ၄-ပါး ပွါးပုံကို ပြဆိုခြင်းသည်လည်း ထူးခြားသည့် မှတ်သားဖွယ်တရပ် ဖြစ်ပေသည်။

ဤသို့ စသည်ဖြင့် ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌ ပါရှိသည့် ထူးခြားသည့် မှတ်သားဖွယ် အချက်အလက်များကား များပြားလှသည်။ ဤနိဒါန်း၌ကား ထူးခြားသည့် မှတ်သားဖွယ်များကို ပုံစံမျှသာ ထုတ်ဆိုတင်ပြခြင်း ဖြစ်ပေသည်၊ ကျန်ရှိသေးသည့် ထူးခြား မှတ်သားဖွယ်များကို စာရှုသူများ ဤကျမ်းကို ဖတ်ရှုလေ့လာလျှင် အမှန်ပင် တွေ့ရမည်ဖြစ်သောကြောင့် ဤနိဒါန်းမှာ ပေယျာလ ကန်၍ ချန်လှပ်ခဲ့ပါသည်။

ယင်းသို့—

၁။ နိဗ္ဗာန်ရောက်ကြောင်း တရားကို ပေါ်လွင် ထင်ရှားအောင် ပြနိုင်သောကြောင့်၎င်း၊

၂။ ထူးခြားသည့် မှတ်သားဖွယ်ရာ အချက်အလက်များ ပါရှိသောကြောင့်၎င်း—

ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို အရည်အသွေးကောင်းသော ကျမ်းဟု သတ်မှတ်ခြင်း ဖြစ်ပေသည်။

**နိဂုံးချုပ်။** ။ဤသို့လျှင်—

ဆရာစဉ်ဆက် ဆင်းသက်လာပုံ ကောင်းလှ၍ အရည်အချင်းကောင်းလှသော မဟာဂန္ဓာရုံဆရာတော်ကြီး ပြုစုတော်မူသည့် အရည်အသွေး ကောင်းလှသော နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို သာသ

---

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ ၃၆၃။

နာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ရိုက်နှိပ်၍ စာရှုသူ သူတော်စင် သူတေသီတို့လက်သို့ တင်ဆက်ဖြန့်ချိလိုက်ပေပြီ။

စာရှုသူ သူတော်စင် သူတေသီတို့သည် ဤနိဒါန်း အစ၌ ဖော်ပြခဲ့သည့် အဖိုးတန် ပုံပြင်နှင့် အဖိုးတန် နိယံများ၏ ညွှန်ကြားချက်ကို သတိထားလိုက်နာကြလျက် မကောင်းသည့်တရားများကို ပယ်ရှား၍ ကောင်းမြတ်သည့်တရားများကို အရယူသော အားဖြင့် အကောင်းဆုံးဖြစ်သည့် သီလ, သမာဓိ၌ တည်သော ပညာဘာဝနာဟု ဆိုအပ်သော ဝိပဿနာကမ္မဋ္ဌာန်း တည်းဟူသော နိဗ္ဗာန်ရောက်ကြောင်း တရားများကို ပွါးများအားထုတ် နိုင်ကြပါစေသတည်း။

## နိဗ္ဗာနမဂ္ဂဒီပနီကျမ်းပြု
## မဟာဂန္ဓာရုံဆရာတော်ကြီး၏
# ထေရုပ္ပတ္တိအကျဉ်း

---

နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို ပြုစုစီရင်တော်မူသော မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ဖြစ်တော်စဉ်ထေရုပ္ပတ္တိကို ဖော်ပြပါအံ့-

**ဖွားမြင်တော်မူချိန်။** ။မဟာဂန္ဓာရုံ ဆရာတော်အလောင်းအလျာကို မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ မြန်မာနာရီ ည ၁-ချက်တီးကျော် အချိန်တွင် မြစ်ကွေး ခေါ် မကွေးမြို့၌ ဖွားမြင်သည်။

**ငယ်ဆရာနှင့် ဇာတိရပ်မြေ။** ။ငယ်ဆရာဖြစ်တော်မူသော မကွေးမြို့ ဂုံတော ဆရာတော် အရှင်ကေသရထံတွင် သာမဏေဝတ်ခဲ့သည်၊ ဘွဲ့တော်မှာ ရှင်ဥတ္တရဖြစ်၍ ထိုဆရာတော်ထံမှာပင် သာမဏေဘဝဖြင့် ၅-ဝါ၊ ရဟန်းဘဝဖြင့် ၅-ဝါ မှီခိုနေထိုင်ခဲ့သည်။

**ဆရာစဉ်ဆက်နှင့် ပညာသင်ခဲ့ရာ ဒေသများ** ထို့နောက် အိမ်မဲမြို့ အိမ်မဲ ဆရာတော် အရှင်ပုညထံ၌ ၁-ဝါ၊ ဒေးဒရဲမြို့ ချောင်းဖျားရွာ ဆရာတော် အရှင်ဝိမလထံ၌ ၃-ဝါ၊ ကွမ်းခြံကုန်းမြို့ မဟာဝန်ဆရာတော် အရှင်ဝိမလထံ၌ ၂-ဝါ၊ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးထံ၌ ၄-ဝါ ဆည်းကပ်နေထိုင်ခဲ့သည်။

မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ၌ နေ၍ ၄-ဝါ မြောက် ရဟန်းဝါ ၁၅-ဝါ အရတွင် ဆရာရင်း ဂုံတောဆရာတော် ပြန်လွန်တော်မူသောကြောင့် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ သိက္ခာထပ်တော်မူသည်။ ထို့နောက် ၄-ဝါအထိ ဆက်၍ ပိဋကတ်စာပေတို့ကို သင်ယူတော်မူသည်။

**တောထွက်တော်မူခဲ့ခြင်း။** ။သက္ကရာဇ် ၁၂၅၇ ခုနှစ်၊ ဝါဆိုလဆန်း (၄) ရက်နေ့၌ စစ်ကိုင်းတောင်ရိုးသို့ တောထွက်တော်မူခဲ့သည်။ တောထွက်ခဲ့၍ ပဌမဂန္ဓာရုံ၌ နေသောအခါ ချမ်းအေးဆရာတော် ဖြစ်မည့် အရှင်သဒ္ဓမ္မ စသော သီတင်းသုံးဖော် ၅-ပါးမျှနှင့်အတူ သီတင်းသုံး နေတော်မူသည်။ သီတင်းသုံးနေတော်မူစဉ် ဝိပဿနာတရားကိုသာ ကြိုးစားအား ထုတ်တော်မူသည်။

ဥပုသ်သီတင်းနေ့များ၌ သီလယူလို,တရားနာလိုသူ ဒါယကာ ဒါယိကာမများလာမည်စိုး၍ တံခါးပိတ်နေတော်မူကြသည်။ ပဌမ ဂန္ဓာရုံ၌ ၃-ဝါ ၄-ဝါ နေမိ၍ မလွဲမရှောင်သာမှသာလျှင် သီလ ပေးသည်၊ တရားဟောသည်။

ဆရာတော်၏ အကျင့်သီလကောင်းကြောင်း သတင်းသည် တစတစ ပြန့်နှံ့သောအခါ စစ်ကိုင်း မန္တလေးမျှမက တနိုင်ငံလုံးမှ ရှင် လူအများ ဖူးမြော်လာကြလေရာ ဆိတ်ငြိမ်မှုဝိဝေကကို မရ သောကြောင့် ပဌမဂန္ဓာရုံ၌ ၁၁-ဝါမျှ သီတင်းသုံးတော်မူပြီး နောက် ၂၉-ဝါရ၌ ဒုတိယဂန္ဓာရုံခေါ် အရှေ့ဂန္ဓာရုံသို့ ပြောင်း ရွှေ့တော်မူခဲ့သည်။

**မဟာဂန္ဓာရုံချောင်။** ။အရှေ့ဂန္ဓာရုံ၌လည်း ရှင် လူ ပရိသတ်များ ဝိုင်းအုံလိုက်လာကြပြန်ရာ ဆိတ်ငြိမ်မှု ဝိဝေကကို မရပြန်သောကြောင့် ၂၀ ါမျှသာ သီတင်းသုံးနေတော်မူပြီး မဟာဂန္ဓာရုံသို့ ပြောင်းရွှေ့ခဲ့ပြန်သည်။

**နောက်ဆုံး သီတင်းသုံးရာဌာန။** ။ထိုမှတဖန် ၂၀ ါမျှ သီတင်းသုံးတော်မူပြီး ၁၂၇၂ ခုနှစ် ဝါကပ်မည့်နေ့၌ ဝက်ပါတောင် မဟာသုခချောင်သို့ ပြောင်းရွှေ့ဝါကပ်တော်မူသည်။

မဟာဂန္ဓာရုံဆရာတော် စစ်ကိုင်းတောင်ရိုးသို့ မရောက်မီက စစ်ကိုင်းတောင်ရိုး ပဌမဂန္ဓာရုံချောင်၌ အရှင်ပုည တပါးသာ လျှင် ရွှေကျင်ဂိုဏ်းဝင်သံဃာအဖြစ် သီတင်းသုံးနေတော်မူသည်။ ထင်ထင်ရှားရှား ရွှေကျင်ဂိုဏ်းသံဃာ မများပြားသေးချေ၊ မဟာဂန္ဓာရုံဆရာတော်ရောက်ပြီးနောက်မှ ရွှေကျင်သံဃာ ထွန်းကားများပြားလာသည်။

**ဝိနည်း စာပြန်ပွဲ။** ။စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးနေထိုင်တော်မူကြသော ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များသည် နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက်နေ့မှ ၈-ရက်နေ့အထိ ဝိနည်းစာပြန်ပွဲ ကျင်းပပြန်ဆိုတော်မူကြသည်။ ယင်းဝိနည်းစာပြန်ပွဲကို မဟာဂန္ဓာရုံဆရာတော်က စတင်ကျင်းပခြင်းဖြစ်သောကြောင့် မဟာဂန္ဓာရုံဝိနည်းစာပြန်ပွဲဟု အမည်တွင်သည်။ ယခုနှစ်တိုင်အောင်ပင် ဆက်လက်၍ နှစ်စဉ်ကျင်းပနေဆဲဖြစ်ပေသည်။

**တရားကျင့်ခြင်း။** ။ဆရာတော်ကြီးသည် သက်တော် ရှည်သမျှ ကာလပတ်လုံး ကမ္မဋ္ဌာန်း တရားကိုသာ ပွါးများ အားထုတ်နေတော်မူသည်၊ အများအားဖြင့် ဥမင်ဂူ ကျောင်း၌သာ သီတင်းသုံးတော်မူလေ့ရှိသည်။

**တရားပြခြင်း။** ။၁၂၅၇-ခုနှစ်မှ ၁၂၈၁-ခုနှစ်အထိ နှစ်ပေါင်း ၂၄-နှစ်မျှ ကမ္မဋ္ဌာန်းဘာဝနာကို ပွါးများ အား ထုတ်တော်မူခဲ့သည်။ထိုစဉ်အတွင်း ရဟန်း,ဘိုးသူတော်,သီလရှင်, လူဒါယကာ, ဒါယိကာမများကိုလည်း တရားပွါးများ အားထုတ် နည်းကို ဟောပြောသင်ပြတော်မူသည်။

**ကျမ်းပြုစုခြင်း။** ။ဆရာတော်ကြီးသည် မိမိ ကြည့်ရှု လေ့လာဘူး သမျှနှင့် အားထုတ်တွေ့ရှိရသမျှ တရားသဘော များကို ပေါင်းစပ်၍—

၁။ နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၊

၂။ နိဗ္ဗာနမဂ္ဂဘောဒနီကျမ်း၊

၃။ နိဗ္ဗာနဂတဗောဓျင်ဒီပနီကျမ်း—

ဟူသော ကျမ်း ၃-ဆူကိုလည်း ပြုစုရေးသားတော်မူသည်။

ဆရာတော်ကြီးထံ လာ၍ ကျောင်းဆောက် လိုကြောင်း လျှောက်ထားသည့် ဒါယကာများ ပေါ်ပေါက်ခဲ့လျှင် ကျောင်း ကန် မပြည့်စုံသော ချောင်များ၌ ဆောက်လုပ်ရန် ဟောပြော ညွှန်ပြတော်မူသည်။ အတိသုဒ္ဓါရုံကျောင်းကြီး, ကြံခင်းချောင်, ဇေတဝန်ချောင်, ချမ်းအေးချောင် စသည်တို့သည် မဟာဂန္ဓာရုံ ဆရာတော်က မိမိချောင်၌ ကျောင်းဆောက်ရန် လျှောက်သူ

ဒါယကာတို့ကို ဟောပြောညွှန်ပြ၍ ဆောက်လုပ်လှူဒါန်းစေသည့် ကျောင်းများ ဖြစ်သည်။

**ထူးခြားချက်များ။** ။ဆရာတော်ကြီး၏ ထူးခြားချက်များမှာ— ချမ်းအေးကျောင်းဆရာတော်အား ဂူတွင်း၌ စာအုပ်ယူခိုင်းသောအခါ မှောင်နေ၍ မမြင်ကြောင်းလျှောက်၍ ဆရာတော်ကြီးကိုယ်တော်တိုင် ဂူတွင်း ဝင်လိုက်လာသောအခါ ဂူတခုလုံးလိုလို လင်းသွားဘူးသည်။ ဤအကြောင်းကို ဘယ်သူ့ကိုမျှ မပြောရန် ဆရာတော်ကြီးက တားမြစ်တော်မူ၍ ချမ်းအေးကျောင်းဆရာတော်ကလည်း မပြောဘဲ နေခဲ့သည်။ ပြန်လွန်တော်မူမှ အောင်မြေသာစည်ဆရာတော်အရှင်အဂ္ဂဓမ္မအား ပြောကြားတော်မူသည်။

မဟာဂန္ဓာရုံဆရာတော် ပြန်လွန်တော်မူသော ညကလည်း ဝင်းလက်ကြည်လင်တောက်ပသော အလင်းရောင်များ ဟိုတောင်သည့်တောင် ကူးသန်းနေသည်ကို သုဓမ္မာဂိုဏ်းအုပ် ဃောသိတာဝန်ဆရာတော်ကြီး တွေ့မြင်ရကြောင်း ချမ်းအေးကျောင်းဆရာတော်အား ပြောပြသည်။

အခါတပါး မဟာဂန္ဓာရုံသိမ်အတွင်း၌ ဥပုသ်ပြုနေစဉ် မဟာဂန္ဓာရုံဆရာတော်ကြီး၏ အသားတော်များမှ အရောင်ထွက်နေသည်ကို ဖူးမြော်ဘူးကြောင်း အောင်မြေသာစည် ဆရာတော် ပြောပြဘူးသည်။

ဤ ထူးခြားချက်များကို ရွှေကျင်နိကာယသာသနာဝင်၌ မှတ်တမ်းတင်ထားပေသည်။

ဤသို့ ဖော်ပြခဲ့သည့် ကျင့်ကြံအားထုတ်ခြင်းများနှင့် ထူးခြားချက်များကို ထောက်ဆလျှင် အရိယာပုဂ္ဂိုလ် ဟုတ် မဟုတ်၊ ဟုတ်လျှင် မည်သည့်အဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မဆုံးဖြတ်နိုင်စေကာမူ ထူးခြားသည့် ပုဂ္ဂိုလ်သူမြတ်ကြီးတဆူ ဖြစ်တော်မူကြောင်းကိုကား ဆုံးဖြတ်သိရှိနိုင်ပေသည်။

**စုတိကမ္မဇရုပ် ချုပ်ငြိမ်းခြင်း။** ။ယင်းသို့ ပရိယတ်် ပဋိပတ်စွယ်စုံ ဖြစ်တော်မူသော ပုဂ္ဂိုလ်ထူးကြီးတဆူဖြစ်သည့် ဤနိဗ္ဗာနမဂ္ဂဒီပနီကျမ်းပြု မဟာဂန္ဓာရုံဆရာတော်ကြီးသည် ၁၂၇၁-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇-ရက်နေ့၌ ခန္ဓာကမ္မဇရုပ်ခေတ် ချုပ်ပြတ်တော်မူပါသတည်း။

## နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

# မူလနိဒါန်း

ဇိနသာသနံ စိရံ တိဋ္ဌတု

**ပရိနိဗ္ဗာန်ဝင်စံခဲ့ပြီ။** ။မဟာအတုလ သမ္မာသမ္ဗုဒ္ဓ ဒွိပဒုတ္တမ အတိဥက္ကဋ္ဌ ရာဇာဓိရာဇာ ဒေဝါတိဒေဝါ ဗြဟ္မာဓိဗြဟ္မာ မုနိန္ဒာအစစ် မဟာဓမ္မရာဇ် မင်းသက်မင်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ဒီပင်္ကရာ ထွဋ်ချာပရမေ သုံးလို့ ဆွေထံ ဗျာဒိတ်တော် ခံကာတည်းက ထန်သည်းသော အာသာဆန္ဒဖြင့် ဇနပုဂ်ဝေါ သုမေဓာရှင်ရသေ့သည် ဗုဒ္ဓေါ ဗောဓေယျံ-စသည်ကို အောင်သံကြိုးဝါးလျက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဆယ်ပါး စရိယတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူရကား သဗ္ဗညုတရွှေညာဏ်ကို ရတော်မူ၍ ကျွတ်ထိုက်သော ဗောဓနေယျ သတ္တဝါတို့ သန္တာန်ဝယ် ညာဏ်ရောင်အလင်းပြလျက် ရှေးရှေးသော နှောင်တော်ဘုရားတို့၏ ပွင့်တော်မူရာ ခေတ်ခါသမယ ကပ်ကမ္ဘာကာလတို့က နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် အစရှိသော ဉာဏ်တည်းဟူသော ဇာဂနာ စိန်သွားတို့ဖြင့် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ စသော ကိလေသာ ခြောင့်တံကျင်တို့ကို နုတ်ထွင်နှဲ့နှုံး ကော်ဆွခဲ့ဘူးသောကြောင့် လျော့နှုန်းနဲ့ယိုင် မခိုင်သော သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ စသော ကိလေသာ ခြောင့်တံကျင်တို့ကို ဓမ္မစကြာ, အနတ္တလက္ခဏာ စသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ဓွယ်စောင်မားမား

ဇာဂနာ စိန်သွားတို့ဖြင့် ပယ်ရှားနုတ်ထွင် တော်မူလျက် ကာသိတိုင်း ဗာရာဏသီပြည် ဥရုဝေလာ မိဂဒါဝုန် ရဂုံ သာလွင် တောမြိုင်ခွင်ထူး ပဥ္စဝဂ္ဂီ အမှူးရှိသော နတ် ဗြဟ္မာ အစည်းအဝေးစသော ထိုထို တိုင်းပြည်ဒေသ စည်းဝေးရာဌာနတို့၌ မေ့္မသဘင်ပွဲကြီးယင်၍ ဝန်းကျင်ဝဲယာ နောက်ပါအတူ ခေါ်ယူကြွသွားတော် မူလေပြီ။

**ထရားဒေသနာ ဟောမိန့်မှာ။** ။ပါရမီနုသေး သမ္ဘာရမြေးသောကြောင့် ရှေးရှေးသော နောင်တော်ဘုရားတို့၏ ပွင့်တော်မူရာ ခေတ်ခါသမယ ကပ်ကမ္ဘာကာလတို့က နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် အစရှိသော ဉာဏ်တည်းဟူသော ဇာဂနာ စိန်သွားတို့ဖြင့် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ စသော ကိလေသာ ငြောင့်တံကျင်တို့ကို နုတ်ထွင်နှဲနှုး မကော်ဆွခဲ့ဘူးသောကြောင့် မလျော့နူးမနဲ့ယိုင် ခိုင်မာလှစွာ ဒိဋ္ဌိ, ဝိစိကိစ္ဆာစသော ကိလေသာငြောင့်တံကျင် စူးဝင်ချက်နက်သောကြောင့် နောက်ပါအတူ မဂ်လမ်းယူ၍ နိဗ္ဗူမြို့ကျေး မလိုက်နိုင်သေးကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို ဖြေးဖြေးနုတ်ထွင်၍ လိုက်ခဲ့စေချင်လှသော မဟာကရုဏာသီတလ နှလုံးတော်ဆန္ဒဖြင့် ဗုဒ္ဓသာသနာ ငါးထောင်ကြာအောင် နောင်လာလတ္တံ့သောခေတ်၌ မေ့္မသဘင်ကျင်းပရစ်ကြဘို့ရာ လေးဆယ့်ငါးဝါ ခေတ်ခါသမယ ကာလပတ်လုံး ဟောကြားတော် မူအပ်သော တရားအပေါင်းတို့တွင် လိုရင်းကြီးအချုပ် နိဂုံးအုပ်၍ အားထုတ်ကြရန် ပညာပါရမီ ရင့်သန်ဘို့ အနိစ္စ, ဒုက္ခ, အနတ္တဟု ဆိုအပ်သော ဘာဝဉာဏ်ကို "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ" ပိုဒ်ဦးချီလျက် ပစ္ဆိမဝါစာ ဟောကြားမိန့်ဟ ဗုဒ္ဓကိစ္စ ပြီးကုန်ရကား။

**မြန်မာနိုင်ငံသာသနာ။** ။ရွှေဘုံနုတ်ကွန်း နိဗ္ဗာန်ကျွန်းသို့ စံယွန်းတော်မူသည်မှ စ၍ အရိမဒ္ဒနာမည် ပေါက္ကံပြည်ကြီး၌ ရှင်အရဟံတွင်သော ဓမ္မဒဿီ ရဟန္တာထေရ်ဖြစ်ထွန်းတော်မူရာ ခေတ်ခါကာလ သမယတိုင်အောင် အာစရိယ-ပရမ္ပရ သိဿာနုသိဿ အဆက်ဆက်တို့ ဆောင်ရွက်၍လာတော်မူခဲ့ကြရာမှ သက သက ကိုယ်စီကိုယ်င ရအပ်သော အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးပါးတို့ကိုပြုရာ ဓမ္မဒေသနာ ဇာဂ-နာ စိန့်သွားတို့ဖြင့် ကိုယ်စီကိုယ်င မိမိမိမိသန္တာန်တွင် စူးဝင်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ စသော ကိလေသာ ငြောင့်တံကျင်တို့ကို နုတ်ထွင်ပယ်ရှင်း အနာကင်း၍ ပြည်မင်းနိဗ္ဗူ သောင်ကမ်းငူသို့ စံယူကြွသွားတော် မူကြလေကုန်ပြီ။

**ဆရာစဉ် တပည့်ဆက်။** ။ကြွသွားတော်မူပြီးနောက် သိဿာနုသိ-ဿ ပရမ္ပရကား မြတ်စွာဘုရား ရှေ့လက်ထက်တော်၌ ဝိနည်းခိုရံအရာ ဧတဒဂ်ရသော ရှင်ဥပါလိ, ၎င်းတပည့် ရှင်ဒါသက, ၎င်းတပည့် ရှင်သောဏ, ၎င်းတပည့် ရှင်သိဂ္ဂဝ, ၎င်းတပည့် ရှင်မောဂ္ဂလိပုတ္တတိဿ၊ မဇ္ဈိမဒေသ ရဟန္တာငါးပါး။ ၎င်းမောဂ္ဂလိပုတ္တတိဿထေရ်၏ တပည့် အဆက်ဆက်ကား ရှင်သောဏ, ရှင်သောဘိတ, ရှင်သောမဒတ္တ, ရှင်သုမဏတိဿ, ရှင်သောဘာဂ, ရှင်သောမဒတ္တ, ရှင်အနောမဒဿီ, ရှင်အဓိသီလ, ရှင်ဇျာနဒဿီ, ရှင်မဟာကာဋ္ဌ, ရှင်ဓမ္မဒဿီ၊ သတိုပြည့် တကျိပ်တပါး ရဟန္တာချည်း။ ၎င်းရှင်ဓမ္မဒဿီ ကား ပေါက္ကံပြည်သို့ ရောက်သောအခါ ရှင်အရဟံ တွင်သည်။ ထို့နောင်ကာလ အရိမဒ္ဒနာမည် ပေါက္ကံ စသော ပြည်ကြီးများ၌ **ရဟန္တာ ရှင်အရဟံ၏ တပည့်အဆက်ဆက်ကား ရှင်ဂုဏသာရ, ရှင်အဂ္ဂ-**

ပဏ္ဍိတ, ရှင်အဂ္ဂဝံသ, ရှင်ဥတ္တမဇာဇိပ, ရှင်သဒ္ဓမ္မပါလ, ရှင်ဉာဏသဒ္ဓမ္မ, ရှင်ဓမ္မသိရိ, ရှင်ဓမ္မစာရီ, ရှင်အဂ္ဂဓမ္မာလင်္ကာရ, ရှင်ဓမ္မနန္ဒ, ရှင်ပုညဝါသီ, ရှင်ဉာဏာလင်္ကာရ, ရှင်ပုညာရာမ, ရှင်ဝိစာရိန္ဒ, သီးလုံးဆရာတော် ရှင်စန္ဒိမာ, ၎င်းတပည့် ရှမ်းကလေးကျွန်းသာသနာပိုင် ရှင်နန္ဒ, ၎င်းတပည့် ရွှေကျင်သာသနာပိုင် ရှင်ဇာဂရ, ၎င်းတပည့် ရတနာပုံ ဇေယျမန္တလ ရွှေပြည်မကို ပထမဥကင် ဘိသိက်ယင်သော ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်းတရားကြီး၏ ညာထားဒေဝီ မဟေသီ ဘွဲ့ခံ ကနောင်နန်းစံ ဆင်ဖြူမရှင် မိဖုရားခေါင်ကြီးသည် ကြီးမားသော သဒ္ဓါခြင်းဖြင့် ညွတ်စင်းတုပ်ပျပ် လှူဒါန်း ဆည်းကပ် ဆောက်လုပ်အပ်သော အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်, အနောက်ပြင် မဟာဝိသုဒ္ဓါရုံ ရေဝိုင်းတိုက်, ရန်ကုန်မြို့ ကျိုက္ကစံ မဟာဝေယန်တိုက် စသော တိုက်ကြီးများ၌ ပျော်ပိုက်လှည့်လည် သီတင်းသုံးနေတော်မူလျက် တဦးသူတို့ မလျှပ်ရှားနိုင် ကောင်မွန်မြိုင်သို့ ကြံ့ခိုင်သော သီလ, သမာဓိ, ပညာ အစရှိသော ကျေးဇူး ဂုဏ်တုး ပိုသေသတို့၏ အရှင်တဆူ ဖြစ်တော်မူရကား။

ကျမ်းပြုဆရာတော်။ ။အောက်စမ်းညာခွင် ကျေးငြိမ်မြို့မ ဒေသဟူဟူ ဇမ္ဗူထိုထို သိဟိုဠ်တိုင်တိုင် ရနိုင်မလစ် ပွဲတင်ထပ်မျှ နှီးစပ်ထင်ပေါ် ရွှေကျင်သာသနာပိုင် ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကအရှင်း မလှုပ် သက်ရှိုး နှလုံးသွင်းအပ်သည့် အတွင်းနေ တပည့်ကြီး တပါးဖြစ်၏ သီလ, သမထ, ဝိပဿနာ ကျေးဇူးဂုဏ်အတုးတို့နှင့် ပြည့်စုံ သော သီလဝန်, ဂုဏဝန်, ပညဝန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့၏ နှစ်ခြိုက်မွေ့လျော် ပျော်ဘွယ်ရာဖြစ်သော ဂန္ဓာရုံ

အရှေ့ချောင်, အနောက်ချောင်, ရက္ခမူချောင်, ကိန္နရာချောင်, သေလာချောင်, လျှော်ဖြူချောင်, မစိုးရိမ်ချောင်, သုဓမ္မာချောင်, ဇေတဝန် ပထမချောင်, ဒုတိယချောင်, သီလဝံသချောင်, ဓမ္မာရုံချောင်, မဟာဂန္ဓာရုံချောင်-စသည်တို့၏ အကြီးအမှူး ဦးစီးနာယက ဂဏာစရိယ ဂဏပါမောက္ခ ဖြစ်တော်မူသော ဇေယျာပုရတိုင်း စစ်ကိုင်းမြို့မြောက် တာခြောက်ရာကျော် ကွာသော ဂန္ဓာရုံချောင်၌ သီတင်းသုံး မွေ့လျော် သက်တော် ငါးဆယ် ဝါတော် သုံးဆယ့်တဝါရ ဂန္ဓာရုံဆရာတော် ဦးဥတ္တရ မဟာထေရ်သည်—

**ကျမ်းပြုတ်တဆူ။** ။နိဗ္ဗာန်ချမ်းသာကြီးကို ရစေချင်သည့် မေတ္တာတရား, သံသရာဝဋ်ဆင်းရဲကြီးမှ လွတ်စေချင်သည့် ကရုဏာတရား ရှေးဦးထား၍ ရေသားပြုပြင် စီရင်အပ်သော ရုပ်, နာမ်, ခန္ဓာ, အာယတနဓာတ်တို့၏ ချုပ်ရာ ခေမာနိဗ္ဗာန်သို့ လျင်မြန်စွာရောက်ကြောင်း ဖြစ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပြရာပြကြောင်း ဖြစ်၍ နိဗ္ဗာန-မဂ္ဂဒီပနီ အမည်ရှိသော ဤကျမ်းစာစောင်ကို သာသနာတော် ငါးထောင် မြင့်ရှည်ကြာအောင် တည်ရစ်စေခြင်း အကျိုးငှါ ကျွန်ုပ်တို့ ဓမ္မဒါနစာရင်းပါ ဒါယကာ ဒါယိကာမတစုတို့က ယောနိသော မနသိကာရ စိတ်ထားဖြင့် ပုံနှိပ်လုပ်ဆောင်ပါသတည်း။

**အာသီသနှင့် ဆန္ဒ။** ။သံသရာဝဋ်ဆင်းရဲကြီးကို ကြောက်သော သူတော်ကောင်း အပေါင်းတို့သည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် ဘုရားအာရုံနိမိတ် ထင်မြင်၍ သံသရာဝဋ်ဆင်းရဲကြီးမှ လွတ်နိုင်ကြစေကုန်သတည်း။

နိဗ္ဗာန်ဆုတောင်း သူတော်ကောင်း အပေါင်းတို့သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ-စသော ကိလေသာ ခြောင့်တံကျင်တို့ကို တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ-အားဖြင့် ပယ်ပြီးလျှင် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် အစရှိသော ဉာဏ်တည်းဟူသော ဇာ့ဂနာ စိန်သွားတို့ဖြင့် ဉာဏ်အားကုန် ထုတ်နုတ်ကြ၍ ယခုဘဝ, နောက်ဘဝ နှစ်ဘဝ, သုံးဘဝထက် မလွန်ကြမူ၍ ဘဝတိုတိုနှင့် မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာကြီးကို လျင်မြန်စွာ ရောက်ကြစေကုန်သတည်း။

## နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ပဏာမ | .... | .... | ၁ |
| ပဋိညာဉ် ဝန်ခံချက် | .... | .... | ၅ |
| ကြည့်ရှုသူတို့ နှလုံးသွင်းရန် | .... | .... | ၅ |
| အဘိယာစကနှင့် ဥယျောဇဉ် | .... | .... | ၆ |

**သမထကမ္မဋ္ဌာန်း**

**ပဌမကဏ္ဍ**

| | | | |
|---|---|---|---|
| **ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွါးနည်း** | .... | .... | ၈ |
| ဝစနတ္ထ | .... | .... | ၈ |
| ဗုဒ္ဓေါ ဝိဂြိဟ်နှင့် အရကောက် | .... | .... | ၈ |
| **ပလိဗောဓကြီး (၁၀) ပါးကို ပြဆိုချက်** | | .... | ၁၂ |
| ကျောင်းအပြစ် ၁၈-ပါး | .... | .... | ၁၂ |
| သပ္ပါယ ခုနစ်ပါးကို ပြဆိုချက် | .... | .... | ၁၄ |
| ကထာဝတ္ထု (၁၀) ပါးကို ပြဆိုချက် | | .... | ၁၅ |
| ဆောင်ပုဒ် | .... | .... | ၁၆ |
| **ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပေးနည်း လိုရင်းအချုပ်ကို ပြဆိုချက်** | | | ၁၇ |
| ဘုရားအား စွန့်လှူပုံ | .... | .... | ၁၇ |
| ဆရာအား စွန့်လှူပုံ | .... | .... | ၁၇ |

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကမ္မဋ္ဌာန်းတောင်းပုံ .... .... | ၁၈ |
| ကမ္မဋ္ဌာနပုဗ္ဗကိစ္စ .... | ၁၈ |
| **ဒုတိယ ကဏ္ဍ** | |
| ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်းအကျဉ်းချုပ် | ၂၀ |
| ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပုံအကျယ် .... | ၂၂ |
| **ပွါးနည်းအင်္ဂါ ၇-ပါး** .... | ၂၃ |
| ဆိတ်-အရ အကျယ် .... .... | ၂၃ |
| တင်-အရ အကျယ် .... .... | ၂၆ |
| ဖြောင့်-အရ အကျယ် .... .... | ၂၈ |
| မှာထားချက် .... .... | ၂၉ |
| ငါး-အရ အကျယ် .... .... | ၂၉ |
| ရွှေ-အရ အကျယ် .... .... | ၃၀ |
| မြဲ-အရ အကျယ် .... .... | ၃၀ |
| ပွါး-အရ အကျယ် .... .... | ၃၁ |
| ဘာဝနာကို ကြိုးစားပုံ .... .... | ၃၁ |
| အရဟံ ဂုဏ်တော်ပွါးနည်း .... .... | ၃၂ |
| **စိတ်အလိုရှိတိုင်း အာရုံပြုပုံကို ပြဆိုချက်** .... .... | ၃၃ |
| ဣရိယာပုထ် ၄-ပါးနှင့် မြတ်စွာဘုရားပုံတော် .... | ၃၃ |
| ဘုရားပွင့်တော်မူပုံ .... .... | ၃၄ |
| တန်ခိုးပြာဋိဟာ ပြတော်မူပုံ .... .... | ၃၄ |
| အဘိဓမ္မာ ဟောတော်မူပုံ .... .... | ၃၄ |
| နတ်ပြည်မှ ဆင်းတော်မူပုံ .... .... | ၃၄ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|


တရားဟောပုံ .... .... ၃၅
ပရိနိဗ္ဗာန်စံတော်မူပုံ .... .... ၃၅
ဗုဒ္ဓါနုဿတိမှ အဆင့်ဆင့်တက်ပုံ .... ၃၅
ကမ္မဋ္ဌာန်းအာရုံ အမျိုးမျိုးထင်ပုံကို ပြဆိုချက် .... ၃၆

**အရဟံဂုဏ်တော်ကို အားထုတ်လျှင် ကိလေသာမှ ဝေး၍**

**မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြောင်း ပြဆိုချက်....** .... **၃၇**

အရဟံနှစ်မျိုး .... .... ၃၉
ဘုရားအာရုံထင်လျှင် ကြီးကြီးငယ်ငယ်
အမှတ်မရှိ ထင်သင့်ကြောင်းပြဆိုချက် .... ၄၀
အရှုးကလေး အရှုးကြီးတို့ကို ခွဲ၍ပြဆိုချက် .... ၄၁
ဥက္ကဋ္ဌ-မဇ္ဈိမ-မုဒု ပုဂ္ဂိုလ်တို့ကို ခွဲ၍ပြဆိုချက် .... ၄၃

**အထူးနှလုံးသွင်းရန်များကို ပြဆိုချက်** .... .... **၄၄**

တနေ့ လေးပိုင်း-ပိုင်း၍ ဆင်ခြင်ပုံ .... ၄၄
အပါယ်ဘေးဖြင့် ဆင်ခြင်ပုံ .... .... ၄၅
နိဗ္ဗာန်ချမ်းသာဖြင့် ဆင်ခြင်ပုံ .... .... ၄၆
တိုက်တွန်းချက် .... .... ၄၇


## တတိယ ကဏ္ဍ


**ဥပမာအမျိုးမျိုးဖြင့် ပြဆိုချက်** .... .... **၄၈**

ဖွတ် ဥပမာ .... .... ၄၈
နွား ဥပမာ .... .... ၄၈
ဥပမာန ဥပမေယျ ဟပ်ပြချက် .... .... ၅၀

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မျောက် ဥပမာ | .... | .... | ၅၁ |
| ဥပမာန ဥပမေယျ ဟပ်ပြချက် | .... | .... | ၅၃ |
| **အသုဘကမ္မဋ္ဌာန်း စီးဖြန်းနည်းအချုပ်** | .... | .... | ၅၆ |
| အကျဉ်းချုပ် စီးဖြန်းပုံ | .... | .... | ၅၆ |
| အကျယ် စီးဖြန်းပုံ | .... | .... | ၅၆ |
| **မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံ** | .... | .... | ၅၇ |
| အကျဉ်းချုပ် | .... | .... | ၅၇ |
| အကျယ် စီးဖြန်းပုံ | .... | .... | ၅၉ |
| **မရဏာနုဿတိ စီးဖြန်းပုံ** | .... | .... | ၅၉ |
| သုတ္တန်နည်း ပွါးပုံ | .... | .... | ၅၉ |
| အဘိဓမ္မာနည်း ပွါးပုံ | .... | .... | ၆၀ |
| အချိန်ပိုင်းဖြင့် ပွါးပုံ | .... | .... | ၆၀ |
| သေခြင်းတရားကို အောက်မေ့ရာ၌ လိုရင်း အဓိပ္ပါယ် | .... | .... | ၆၁ |
| စိတ်ကိုဆုံးမပုံ သံပေါက်လက်ာ | .... | .... | ၆၃ |
| သံဝေဂ ၈-ပါး သံပေါက်လက်ာ | .... | .... | ၆၄ |
| အဓိပ္ပါယ် | .... | .... | ၆၄ |
| သံဝေဂ ၈-ပါး အကျယ်သံပေါက် | | .... | ၆၄ |
| အဓိပ္ပါယ် | .... | .... | ၆၅ |

**အကြောင်းအရာ** **စာမျက်နှာ**

**စတုတ္ထ ကဏ္ဍ**


တရားကျင့်ကြံခြင်း အကျိုးကြီးပုံ.... .... ၆၆
ၚင်းကမ္မဋ္ဌာန်းသည် အရိယာအားသာ ထိုက် တန်သည်မဟုတ် ပုထုဇဉ်အားလည်း ထိုက် တန်ကြောင်း .... .... ၆၇
ဗုဒ္ဓါရမ္မဏပီတိကြောင့် စိတ်ပူပန်ခြင်း ပျောက်၍ ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ကြောင်းကို ပြဆိုချက် .... ၇၄
ဂုဏ်တော် တခုခုကို အောက်မေ့သည် ရှိသော် များစွာသော ဂုဏ်တော်တို့ကို အောက်မေ့ ရာ ရောက်ကြောင်း .... .... ၇၆

**သဒ္ဓါယုံကြည်ခြင်းရှိသော တိလောကဝိဇယစကြာမင်းကြီး၏ ဘုရားကို ဖူးမြင်ရကြောင်း ပြဆိုချက် ....** .... ၇၇
မနောဒ္ဒါရ၌ ထင်ပုံ .... .... ၇၈
ဝဏ္ဏသာဓကေ .... .... ၇၉
သရဏဂုံ နှစ်မျိုး .... .... ၈၂
ဗုဒ္ဓါနုဿတိဘာဝနာ အမြတ်ဆုံးဖြစ်ကြောင်းကို ပြဆိုချက် .... .... ၈၃
ဂုဏ်တော်တို့တွင် အရဟံဂုဏ်တော် အကြီးဆုံး အကဲဆုံး ဖြစ်ကြောင်းကို ပြဆိုချက် .... .... ၈၃
အရဟံဂုဏ်တော် တခုတည်းကိုပင် အကျယ်ဖွင့်၍ ဟောတော်မူလျှင် ပိဋကတ်သုံးပုံထက် ကျယ်ဝန်းကြောင်းကို ပြဆိုချက် .... .... ၈၄

အကြောင်းအရာ — စာမျက်နှာ

တရားမဟောဘဲ ဘုရားတဆူ၏ ကျေးဇူးတော်ကို ဘုရားတဆူဟောပြသော်လည်း ကမ္ဘာသားကုန်ရာ၏၊ ကျေးဇူးတော် မကုန်နိုင်ကြောင်း.... .... ၁၄

သဗ္ဗညုက ကမ္မဋ္ဌာန်းကို ပြဆိုချက် .... .... ၁၅

စရိုက်အား လျော်စွာ ကမ္မဋ္ဌာန်း ယူရမည် ဆိုခြင်းသည် အတိသပ္ပါယ ဥဇုဝိပစ္စနီက အစွမ်းဖြင့်ဆိုကြောင်း.... ၁၅

အလိုရှိရာ နှစ်သက်ရာ ကမ္မဋ္ဌာန်းကို အားထုတ်သင့်ကြောင်း ၁၆

ဘဗ္ဗ-အဘဗ္ဗ ပုဂ္ဂိုလ်တို့ကို ပြဆိုချက် .... .... ၁၆

လောက၌ ရဟန္တာမှ မဆိတ်သောကြောင့် ကျွတ်ထိုက်သော တိဟိတ်မှ ဟုတ်ပါ၏လော-ဟု သံသယ မရှိသင့်ကြောင်း .... .... ၁၇

ပဌမကဏ္ဍ

သာသနာ့ငါးထောင် ခေတ်များကို ပြဆိုချက် .... ၁၉

ဗုဒ္ဓါနုဿတိအကျိုး .... .... ၉၀

အရှင်သုဘူတိ .... .... ၉၀

အရှင်မ သိင်္ဂါလမာတာ .... .... ၉၂

အရှင်ဖုဿဒေဝ မထေရ် .... .... ၉၂

ပီတိ ၅-မျိုး .... .... ၉၃

အရှင်မဟာတိဿ .... .... ၉၃

ဝဏ္ဏကာလက ရှာသူ .... ၉၄

ဥဗ္ဗေဂါပီတိ အစွမ်းများ .... .... ၉၅

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မြတ်စွာဘုရား ဂုဏ်တော်ကို အောက်မေ့သောသူတို့ ဘေးရန်မှ လွတ်ဘူးကြောင်း ဝတ္ထုသက်သေများ ... | | .... | ၉၆ |
| နန္ဒိဝါဏ်ကို ဇွဲ့ကုန်သည် | .... | .... | ၉၆ |
| သိဟဠဝတ္ထု | .... | .... | ၉၇ |
| အလမ္ဗာယ်ဆရာ | .... | .... | ၉၇ |
| မဟာကပ္ပိနမင်းကြီး | .... | .... | ၉၈ |
| ရင်းကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် ရာဂ-စသည် ကင်း၍ သုဂတိလျှင် လည်းလျောင်းရာ ရှိကြောင်းကို ပြဆိုချက် | .... | .... | ၉၉ |

ဝိပဿနာ ကမ္မဋ္ဌာန်း

ပဌမကဏ္ဍ

| | | | |
|---|---|---|---|
| ပဋိညာဉ် ဝန်ခံချက် | .... | .... | ၁၀၅ |
| နိဗ္ဗာန်ရောက်ကြောင်းတရား သုံးပါး | .... | .... | ၁၀၅ |
| သီလကို ပြဆိုချက် | .... | .... | ၁၀၆ |
| သီလ၏ ဓမ္မဝေဝတ္ထာန် လေးပါး .... | | .... | ၁၀၆ |
| ဝိသေသဘာဂိယသီလ | .... | .... | ၁၀၇ |
| နိဗ္ဗေဓဘာဂိယသီလ | .... | .... | ၁၀၇ |
| သီလဝိဂြိုဟ် | .... | .... | ၁၀၈ |
| သိက္ခာသုံးပါးနှင့်ကမ္မဋ္ဌာန်းနှစ်ပါး | | .... | ၁၀၈ |
| သီလအပြားခွဲခြားပြဆိုချက် | .... | .... | ၁၀၉ |
| သမာဓိကို ပြဆိုချက် | .... | .... | ၁၁၁ |

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **နိမိတ်နှင့် ဘာဝနာ** | .... | .... | **၁၁၃** |
| ပညာကိုပြဆိုချက် | .... | .... | ၁၁၄ |
| နိဗ္ဗာန်ရောက်ကြောင်းတရား ဝိသုဒ္ဓိခုနစ်ပါး အကျဉ်း ပြဆိုချက် | .... | .... | ၁၁၆ |
| **နိဗ္ဗာန်ရောက်ကြောင်း ဝိသုဒ္ဓိခုနစ်ပါး အကျယ်ပြဆိုချက်** | | .... | **၁၁၇** |
| သီလဝိသုဒ္ဓိလေးပါး | .... | .... | ၁၁၇ |
| **ရဟန်းများ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံပုံ** | | .... | **၁၁၇** |
| ပါတိမောက္ခသံဝရသီလ | .... | .... | ၁၁၇ |
| ဣန္ဒြိယသံဝရသီလ | .... | .... | ၁၁၇ |
| အာဇီဝပါရိသုဒ္ဓိသီလ | .... | .... | ၁၁၈ |
| ပစ္စယသန္နိဿိတသီလ | .... | .... | ၁၁၉ |
| သာမဏေများ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံပုံ | | .... | ၁၁၉ |
| ဖိုးသူတော်, သီလရှင်, လူများ စတုပါရိသုဒ္ဓိ သီလနှင့်ပြည့်စုံပုံ | .... | .... | ၁၁၉ |
| ဉာဏ်ဘဆယ့်ခြောက်ပါး ပြဆိုချက် | | .... | ၁၂၃ |
| **ဉာဏ်တဆယ့်ခြောက်ပါး၌ ဓမ္မဝဝတ္ထာန် ၄-ပါးပြဆိုချက်** | | .... | **၁၂၄** |
| နာမရူပ ပရိစ္ဆေဒဉာဏ်၌ ၄-ပါး | | .... | ၁၂၄ |
| ပစ္စယပရိဂ္ဂဟဉာဏ်၌ ၄-ပါး | .... | .... | ၁၂၅ |
| သမ္မသနဉာဏ်၌ ၄-ပါး | .... | .... | ၁၂၅ |
| ဥဒယဗ္ဗယဉာဏ်၌ ၄-ပါး | .... | .... | ၁၂၆ |
| ဘင်ဉာဏ်၌ ၄-ပါး | .... | .... | ၁၂၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဘယညာဏ်၌ ၄-ပါး | .... | .... | ၁၂၇ |
| အာဒီနဝညာဏ်၌ ၄-ပါး | .... | .... | ၁၂၇ |
| နိဗ္ဗိဒါညာဏ်၌ ၄-ပါး | .... | .... | ၁၂၇ |
| မုဉ္စိတုကမျတာညာဏ်၌ ၄-ပါး | .... | .... | ၁၂၈ |
| ပဋိသင်္ခါညာဏ်၌ ၄-ပါး | .... | .... | ၁၂၈ |
| သင်္ခါရုပေက္ခာညာဏ်၌ ၄-ပါး | .... | .... | ၁၂၉ |

**ဒုတိယကဏ္ဍ**

| | | |
|---|---|---|
| ညာဏ်တဆယ့်ခြောက်ပါး သံပေါက်လက်ာ | .... | ၁၃၀ |
| ညာဏ်တဆယ့်တပါး ပွါးပုံ ပြဆိုချက် | .... | ၁၃၁ |
| ညာဏ်တဆယ့်တပါး ထင်မြင်ပုံများ | .... | ၁၃၃ |
| ယောဂီတို့ အချဆောင်ရန် တရားများ | .... | ၁၃၆ |
| ပဌမ ဝိပဿနာ လက်ာသံခိပ် | .... | ၁၃၆ |
| ဒုတိယ ဝိပဿနာ လက်ာသံခိပ် | .... | ၁၃၆ |
| တတိယ ဝိပဿနာ လက်ာသံခိပ်.... | .... | ၁၃၆ |
| ရုပ်နာမ်အခွဲ လက်ာသံပေါက်များ | .... | ၁၃၇ |
| **သာမညနှင့်သဘာဝရုပ်နာမ်ခွဲပြချက်** .... | .... | **၁၃၈** |
| ဝစနတ္ထနှင့် အရကောက် .... | .... | ၁၃၈ |
| ပဌမ ဝိပဿနာ လက်ာအရ ပြဆိုချက် | .... | ၁၄၁ |
| ဒုတိယ ဝိပဿနာ လက်ာသံခိပ်အရ ပြဆိုချက် | .... | ၁၄၃ |
| **ဝိပဿနာ ကမ္မဋ္ဌာန်းပေးနည်း** .... | .... | **၁၄၆** |
| ဘုရားထံ ကိုယ်ကိုလှူပုံ .... | .... | ၁၄၆ |
| ဆရာထံ ကိုယ်ကိုလှူပုံ .... | .... | ၁၄၆ |
| ဝိပဿနာ တောင်းပုံ .... | .... | ၁၄၇ |

**အကြောင်းအရာ** **စာမျက်နှာ**

## တတိယ ကဏ္ဍ

ရူပပရိစ္ဆေဒဉာဏ် အခန်း .... .... ၁၄၇
ရုပ်ကို စီးဖြန်းသိပုံ .... .... ၁၄၇
ပရမတ် ပညတ်ခွဲပုံ .... .... ၁၄၉
သဏ္ဌာနဒိဋ္ဌိ ခွဲပုံအကျဉ်း .... .... ၁၄၉
ရူပပရိစ္ဆေဒဉာဏ် ပွါးပုံ .... .... ၁၅၀
ရူပပရိစ္ဆေဒဉာဏ် ထင်မြင်ပုံ .... .... ၁၅၁
ပညတ်ပျောက်၍ ရုပ်အင်ပုံကို ဥပမာအမျိုးမျိုး ပြဆိုချက်.... ၁၅၂
ဖယောင်းတိုင် ဥပမာ .... .... ၁၅၂
ယုန်ချို ဥပမာ .... .... ၁၅၃
ဆင်ရုပ် ဥပမာ .... .... ၁၅၅
ဇာတိဒိ သော ဥပမာ .... .... ၁၅၆
သဏ္ဌာနဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ်ခွဲပုံ .... ၁၅၇
အတ္တဒိဋ္ဌိနှင့် ယထာဘူတဉာဏ် ခွဲပုံ .... .... ၁၅၉
သဏ္ဌာနဒိဋ္ဌိ ခွါနည်းအကျယ် .... .... ၁၆၀
ရုပ်ကို အကျယ် ဝိပဿနာရှုနည်း .... .... ၁၆၁
ရုပ်အစု သုံးဆယ့်နှစ်ပါး .... .... ၁၆၁
ပညတ် ပရမတ်ခွဲပုံ .... .... ၁၆၂
သဏ္ဌာနဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ် ခွဲပုံ .... ၁၆၂
သဏ္ဌာနဒိဋ္ဌိ အကျယ်ခွါနည်း .... .... ၁၆၃
သုံးဆယ့်နှစ်ကောဋ္ဌာသ ပွါးပုံအကျဉ်း .... ၁၆၃
မှာထားချက် .... .... ၁၆၄
ဒိဋ္ဌိနှင့် ပညာ .... .... ၁၆၄

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **သတိပဋ္ဌာန်လာ ဝိပဿနာရှုနည်း** | .... | .... | ၁၆၅ |
| နိဿယ ပြန်ဆိုချက် | .... | .... | ၁၆၆ |
| **စီးဖြန်းနည်းအကျဉ်း** | .... | .... | ၁၆၉ |
| ခြေလှမ်းတိုင်း | .... | .... | ၁၆၉ |
| ကြည့်ရှုတိုင်း | .... | .... | ၁၆၉ |
| အသံကြားတိုင်း | .... | .... | ၁၆၉ |
| အနံ့နံတိုင်း | .... | .... | ၁၆၉ |
| အရသာလျက်တိုင်း | .... | .... | ၁၆၉ |
| အတွေ့ကို ထိတိုင်း | .... | .... | ၁၆၉ |
| ကွေးတိုင်း ဆန့်တိုင်း | .... | .... | ၁၆၉ |
| ဝတ်တိုင်း ရုံတိုင်း | .... | .... | ၁၇၀ |
| ကိုင်တွယ်တိုင်း | .... | .... | ၁၇၀ |
| စားသုံးတိုင်း | .... | .... | ၁၇၀ |
| သောက်မျိုတိုင်း | .... | .... | ၁၇၁ |
| ကိုက်ဝါးတိုင်း | .... | .... | ၁၇၁ |
| လျှာဖြင့် လျက်တိုင်း | .... | .... | ၁၇၂ |
| ကျင်ကြီး ကျင်ငယ်စွန့်တိုင်း | .... | .... | ၁၇၂ |
| ခြေလှမ်းတိုင်း | .... | .... | ၁၇၂ |
| တန့်ရပ်တိုင်း | .... | .... | ၁၇၂ |
| ထိုင်နေတိုင်း | .... | .... | ၁၇၃ |
| အိပ်နေတိုင်း | .... | .... | ၁၇၃ |
| နိုးကြားတိုင်း | .... | .... | ၁၇၃ |
| ပြောဆိုတိုင်း | .... | .... | ၁၇၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဆိတ်ဆိတ်နေတိုင်း | .... | .... | ၁၇၃ |
| စီးဖြန်းနည်း အကျယ်ဖွင့်ပြချက် | .... | .... | ၁၇၄ |
| ရုပ်-ဥပဋ္ဌာနာကာရထင်နည်းကို ပြဆိုချက် | | .... | ၁၇၆ |
| **သဘာဝဓမ္မရုပ် စီးဖြန်းပုံ** | .... | .... | **၁၇၇** |
| ပထဝီဓာတ် | .... | .... | ၁၇၈ |
| အာပေါဓာတ် | .... | .... | ၁၇၈ |
| တေဇောဓာတ် | .... | .... | ၁၇၈ |
| ဝါယောဓာတ် | .... | .... | ၁၇၈ |
| အဆင်းဓာတ် | .... | .... | ၁၇၈ |
| အနံ့ဓာတ် | .... | .... | ၁၇၈ |
| အရသာဓာတ် | .... | .... | ၁၇၈ |
| ဩဇာဓာတ် | .... | .... | ၁၇၉ |
| ဆံပင်၌ ဓာတ်ရှစ်ပါး ဆင်ခြင်ပုံ | .... | .... | ၁၇၉ |

စတုတ္ထ ကဏ္ဍ

နာမပရိစ္ဆေဒဉာဏ်အခန်း

| | | | |
|---|---|---|---|
| **သာမညနာမ် အလတ် စီးဖြန်းနည်း** | .... | .... | **၁၈၁** |
| သာမညနာမ်၌ ထင်မြင်ပုံ | .... | .... | ၁၈၂ |
| **သာမညနာမ်၌ အကျယ်စီးဖြန်းပုံ** | .... | .... | **၁၈၃** |
| သွားသောစိတ် | .... | .... | ၁၈၃ |
| ကြည့်သောစိတ် | .... | .... | ၁၈၃ |
| ကွေးလို ဆန့်လိုသောစိတ် | .... | .... | ၁၈၄ |
| **ဝတ်ရုံလိုသောစိတ်** | .... | .... | ၁၈၄ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ကိုင်လိုသောစိတ် | .... | .... | ၁၀၄ |
| စားလိုသောစိတ် | .... | .... | ၁၀၅ |
| သောက်လိုသောစိတ် | .... | .... | ၁၀၅ |
| ခဲလိုသောစိတ် | .... | .... | ၁၀၅ |
| လျက်လိုသောစိတ် | .... | .... | ၁၀၅ |
| ကျင်ကြီးကျင်ငယ် စွန့်လိုသောစိတ် | | .... | ၁၀၅ |
| သွားလိုသောစိတ် | .... | .... | ၁၀၆ |
| ရပ်လိုသောစိတ် | .... | .... | ၁၀၆ |
| ထိုင်လိုသောစိတ် | .... | .... | ၁၀၆ |
| အိပ်လိုသောစိတ် | .... | .... | ၁၀၆ |
| နိုးကြားလိုသောစိတ် | .... | .... | ၁၀၆ |
| ပြောလိုသောစိတ် | .... | .... | ၁၀၇ |
| ဆိတ်ဆိတ်နေလိုသောစိတ် | .... | .... | ၁၀၇ |
| သာမညနာမ်၌ ထင်မြင်ပုံ | .... | .... | ၁၀၇ |
| **သဘာဝနာမ်၌ စီးဖြန်းနည်း** | .... | .... | **၁၀၈** |
| သဘာဝနာမ် ကလာပ် | .... | .... | ၁၀၈ |
| **နာမ်ကလာပ်၌ ဝိပဿနာရှုပုံ** | .... | .... | **၁၀၉** |
| စက္ခုဝိညာဏကလာပ် | .... | .... | ၁၀၉ |
| သောတဝိညာဏကလာပ် | .... | .... | ၁၉၀ |
| ဃာနဝိညာဏ ကလာပ် | .... | .... | ၁၉၁ |
| ဇိဝှါဝိညာဏ ကလာပ် | .... | .... | ၁၉၁ |
| ကာယဝိညာဏ ကလာပ် | .... | .... | ၁၉၁ |
| မဟာကုသိုလ် ဝိညာဏ ကလာပ် | | .... | ၁၉၁ |

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ပဥ္စမ ကဏ္ဍ** | |
| **နာမရူပပရိစ္ဆေဒဉာဏ်အခန်း** .... .... | ၁၉၇ |
| ပြုမှုသိမြင်တိုင်း ပွါးရန် .... .... | ၁၉၇ |
| ရုပ်နာမ်ပွါး၍ ထင်မြင်ပုံ .... .... | ၂၀၀ |
| ရုပ်မှန်စုပွါးနည်း .... .... | ၂၀၀ |
| ၃၂-ကောဋ္ဌာသသည် မြူလေးမျိုး ခွဲ၍ ပွါးပုံ .... | ၂၀၁ |
| ပရမာဏုမြူ၌ ရုပ်ကလာပ်ပေါင်း .... | ၂၀၂ |
| အဏုမြူ၌ ရုပ်ကလာပ်ပေါင်း .... .... | ၂၀၂ |
| ရထရေဏုမြူ၌ ရုပ်ကလာပ်ပေါင်း .... | ၂၀၂ |
| ဆံပင်၌ မြူနှင့်ရုပ်ကလာပ် .... .... | ၂၀၃ |
| ရုပ်နာမ်စုပွါးနည်း .... .... | ၂၀၃ |
| ရုပ်နာမ် ၂-ပါး အကျဉ်းပွါးပုံ .... .... | ၂၀၄ |
| ရုပ်နာမ် ခွဲပုံ .... .... | ၂၀၄ |
| ပရမတ် ပညတ်ခွဲပုံ .... .... | ၂၀၄ |
| ဒိဋ္ဌိနှင့် ပညာ ခွဲပုံ .... .... | ၂၀၄ |
| ပညတ်အကျဉ်းချုပ် .... .... | ၂၀၅ |
| ပညတ်နှစ်မျိုး .... .... | ၂၀၅ |
| ရုပ်နာမ်၌ ပွါးပုံ .... .... | ၂၀၅ |
| ရုပ်နာမ်၌ ထင်ပုံ .... .... | ၂၀၅ |
| ရုပ်နှင့် နာမ်သာ ရှိပုံ .... .... | ၂၀၆ |

**အကြောင်းအရာ** **စာမျက်နှာ**

**အဘိဓမ္မာတတ်-မတတ်သောသူတို့၏ ဥပမာကို ပြဆိုချက်....** **၂၀၇**

သဗ္ဗညုဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓ .... .... ၂၀၇

ပညတ်သုံးမျိုးနှင့် သိပုံအထူး .... .... ၂၀၈

မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ .... .... ၂၀၉

**သက္ကာယဒိဋ္ဌိ ဖြစ်ခြင်း-ချုပ်ခြင်း အကျယ်-အကျဉ်း .... ၂၀၉**

သက္ကာယဒိဋ္ဌိဖြစ်ခြင်း အကျယ် .... .... ၂၁၀

သက္ကာယဒိဋ္ဌိ အကျဉ်း .... .... ၂၁၁

သက္ကာယဒိဋ္ဌိ မဖြစ်ခြင်းအချုပ် .... .... ၂၁၂

သက္ကာယဒိဋ္ဌိ၌ ဖြစ်,ချုပ်သာဓက.... .... ၂၁၃

ရုပ်နာမ်နှင့် လက္ခဏာယာဉ် .... .... ၂၁၆

သုတမယဉာဏ် ဘာဝနာမယဉာဏ်နှစ်ပါးကို ပြဆိုချက် ၂၁၇

အန္ဓ-ကလျာဏ ပုထုဇဉ် ခွဲပြချက် .... .... ၂၁၈

မြင်သင့်သည်ကို မမြင်, မမြင်သင့်သည်ကို မြင်ပုံ .... ၂၁၉

ကျမ်းဂန် တတ်သော်လည်း ဘီလူးလက်မှ မလွတ်သေး ကြောင်းကို ပြဆိုချက် .... .... ၂၂၁

ရုပ်နာမ်နှစ်ပါး ပေါင်းမိခြင်းကြောင့် လှုပ်ရှားတတ် သကဲ့သို့ဖြစ်ကြောင်းကို ပြဆိုချက် .... ၂၂၁

စိတ်ကို နှိပ်ကွပ်ရမည့်အကြောင်းကို ပြဆိုချက် .... ၂၂၂

**သမ္ပဇညတရား လေးပါးကို ခွဲ၍ ပြဆိုချက်.... .... ၂၂၃**

နာမရူပ ပရိစ္ဆေဒ အရေးကြီးပုံ .... .... ၂၂၃

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|

ဆဋ္ဌကဏ္ဍ


**ပစ္စယပရိဂ္ဂဟဉာဏ် အခန်း** .... .... ၂၂၅
- ကမ္မပစ္စည်းနည်း .... .... ၂၂၅
- ပဋိစ္စသမုပ္ပါဒ်နည်း ဆင်ခြင်ပုံ .... .... ၂၂၆
- အင်္ဂါ တဆယ့်နှစ်ပါး .... .... ၂၂၆
- အခြင်းအရာ နှစ်ဆယ် .... .... ၂၂၆
- အတိတ်အကြောင်း ငါးပါး .... .... ၂၂၆
- ပစ္စုပ္ပန်အကျိုး ငါးပါး .... .... ၂၂၇
- ပစ္စုပ္ပန်အကြောင်း ငါးပါး .... .... ၂၂၈
- ပဋ္ဌာန်းပစ္စည်းနည်း .... .... ၂၂၉
- ပစ္စယပရိဂ္ဂဟဉာဏ် ထင်ပုံ .... .... ၂၂၉

ယုံမှားခြင်း တဆယ့်ခြောက်ပါး .... .... ၂၃၀

**နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် အကျိုး** .... ၂၃၂
- စူဠသောတာပန် ဖြစ်နိုင်ပုံ .... .... ၂၃၂

စူဠသောတာပန် ဝိဂြိုဟ် .... .... ၂၃၄
စီးဖြန်းရန် သာဓကပါဠိ အနက် .... .... ၂၃၅
အနိစ္စသဘော .... .... ၂၃၆
ဒုက္ခသဘော .... .... ၂၃၆
အနတ္တသဘော .... .... ၂၃၇
လက္ခဏာယာဉ် သုံးပါး အဓိပ္ပါယ် .... .... ၂၃၈

**ရူပ-ဘာဝနာကာရနည်း** .... .... ၂၃၉
- ရုပ်ကို ဘာဝနာပွါးပုံ .... .... ၂၃၉
- ဣရိယာပုထ် လေးပါး၌ ရုပ်ကို ပွါးပုံ .... ၂၄၀

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အတွင်း-အပရုပ်၌ စီးဖြန်းပုံ | .... | .... | ၂၄၀ |
| ရုပ်၌ ဘာဝနာပွါး၍ ထင်မြင်ပုံ | .... | ... | ၂၄၁ |
| **နာမ-ဘာဝနာကာရနည်း** | .... | .... | **၂၄၂** |
| နာမ်ကို ဘာဝနာပွါးပုံ | .... | .... | ၂၄၂ |
| အတွင်းနာမ်၌ ပွါးပုံ | .... | .... | ၂၄၃ |
| နာမ်ကိုပွါး၍ ထင်ပုံ | .... | .... | ၂၄၄ |
| **နာမရူပ-ဘာဝနာကာရနည်း** | .... | .... | **၂၄၄** |
| ရုပ်နာမ်နှစ်ပါး၌ ပွါးပုံ | .... | .... | ၂၄၄ |
| **မျက်စိတမှိတ်အတွင်း ရုပ်နာမ်တရားပျက်ပုံကို ရှုနည်း** | | .... | **၂၄၅** |
| နာမ်ပျက်ပုံ ရှုနည်း | .... | .... | ၂၄၅ |
| စိတ္တဇရုပ်ပျက်ပုံ ရှုနည်း | .... | .... | ၂၄၆ |
| ကမ္မဇရုပ်ပျက်ပုံ ရှုနည်း | .... | .... | ၂၄၇ |
| ဥတုဇရုပ်ပျက်ပုံ ရှုနည်း | .... | .... | ၂၄၇ |
| အာဟာရဇရုပ်ပျက်ပုံ ရှုနည်း | .... | .... | ၂၄၈ |
| ပစ္စုပ္ပန်ဘဝ၌ ရုပ်နာမ်ကို ရှုပုံ | .... | .... | ၂၄၈ |
| တသံသရာလုံး၌ ရုပ်နာမ်ကို ရှုပုံ.... | | .... | ၂၄၉ |
| ဣရိယာပုထ်လေးပါး၌ ရုပ်နာမ်ကို ရှုနည်း | | .... | ၂၄၉ |
| စင်္ကြံလျှောက်သောအခါ၌ ရှုပုံ | .... | .... | ၂၅၀ |
| ကြည့်ရှုသောအခါ၌ ရှုပုံ | .... | .... | ၂၅၀ |
| ကွေးဆန့်သောအခါ၌ ရှုပုံ | — | .... | ၂၅၀ |
| ဝတ်ဆင်သောအခါ၌ ရှုပုံ | .... | .... | ၂၅၀ |
| စားသောက်သောအခါ၌ ရှုပုံ | .... | .... | ၂၅၁ |

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အလေးအပေါ့စွန့်သောအခါ၌ ရှုပုံ | | .... | ၂၅၁ |
| သွားခြင်းစသည် ပြုသောအခါ၌ ရှုပုံ | | .... | ၂၅၁ |
| သမ္ပသနညာဏ်နှင့် ဥဒယဗ္ဗယညာဏ် အထူး | | .... | ၂၅၂ |
| ညာဏ်နှစ်ပါး အကျိုး | .... | .... | ၂၅၂ |

## သတ္တမ ကဏ္ဍ

| | | | |
|---|---|---|---|
| **ဘင်ညာဏ်အခန်း** | .... | .... | **၂၅၄** |
| နောက်ဆုံး ဗျာဒိတ်တော် | .... | .... | ၂၅၄ |
| ရုပ်၌ ဘင်ညာဏ်ပွါးပုံ | .... | .... | ၂၅၇ |
| အဇ္ဈတ္တရုပ်၌ ဘင်ညာဏ်ပွါးပုံ | .... | .... | ၂၅၈ |
| ရုပ်၌ ဘင်ညာဏ် ထင်ပုံ | .... | .... | ၂၅၉ |
| နာမ်၌ ဘင်ညာဏ် ပွါးပုံ | .... | .... | ၂၅၉ |
| အဇ္ဈတ္တနာမ်ကို ဘင်ညာဏ် ပွါးပုံ .... | | .... | ၂၆၀ |
| နာမ်၌ ဘင်ညာဏ် ထင်ပုံ | .... | .... | ၂၆၂ |
| **ရုပ်နာမ်နှစ်ပါးကို ပေါင်း၍ အနိစ္စ-ဒုက္ခ-အနတ္တ စီးဖြန်းနည်း ပြဆိုချက်** | | | **၂၆၂** |
| ရုပ်နာမ်၌ ဘင်ညာဏ် ထင်ပုံ | .... | .... | ၂၆၂ |
| **မျက်စိတမှိတ်ခန့်ကာလ၌ ရုပ်နာမ်နှစ်ပါးကို အနိစ္စ-ဒုက္ခ-အနတ္တ စီးဖြန်းနည်းကို ပြဆိုချက်** | .... | .... | **၂၆၃** |
| နာမ်၌ ဘင်ညာဏ် ပွါးပုံ | .... | .... | ၂၆၃ |
| စိတ္တဇရုပ်၌ ဘင်ညာဏ် ပွါးပုံ | .... | .... | ၂၆၄ |
| ကမ္မဇရုပ်၌ ဘင်ညာဏ် ပွါးပုံ | .... | .... | ၂၆၄ |
| ဥတုဇရုပ်၌ ဘင်ညာဏ် ပွါးပုံ | .... | .... | ၂၆၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာဟာရဇရုပ်၌ ဘင်္ဂဉာဏ် ပွါးပုံ .... | ၂၆၅ |
| ပစ္စုပ္ပန်ကာလ၌ ရုပ်နာမ်နှစ်ပါးကို အနိစ္စ-ဒုက္ခ-အနတ္တ စီးဖြန်းနည်း ပြဆိုချက် .... .... | ၂၆၆ |
| ကာလသုံးပါး၌ ရုပ်နာမ်နှစ်ပါးကို အနိစ္စ-ဒုက္ခ-အနတ္တ စီးဖြန်းနည်း ပြဆိုချက် .... .... | ၂၆၆ |
| ဣရိယာပုထ်လေးပါး၌ သမ္ပဇဉ်တရားနှင့်အညီ ရုပ်နာမ်နှစ်ပါးကို အနိစ္စ-ဒုက္ခ-အနတ္တ စီးဖြန်းနည်း | ၂၆၇ |
| သွားသောအခါ ရုပ်နာမ်၌ ဘင်္ဂဉာဏ် .... | ၂၆၇ |
| ကြည့်သောအခါ ရုပ်နာမ်၌ ဘင်္ဂဉာဏ် .... | ၂၆၈ |
| ကွေးဆန့်သောအခါ ရုပ်နာမ်၌ ဘင်္ဂဉာဏ် .... | ၂၆၈ |
| ဝတ်ရုံသောအခါ ရုပ်နာမ်၌ ဘင်္ဂဉာဏ် .... | ၂၆၈ |
| စားသောက်သောအခါ ရုပ်နာမ်၌ ဘင်္ဂဉာဏ်.... | ၂၆၉ |
| အလေးအပေါ့ စွန့်သောအခါ၌ ရုပ်နာမ်၌ ဘင်္ဂဉာဏ် .... .... | ၂၆၉ |
| သွားခြင်း စသည့် ရုပ်နာမ်၌ ဘင်္ဂဉာဏ် .... | ၂၆၉ |
| ရုပ်နာမ်အပျက်ကို ရှုသောသူအား သေမင်း မမြင်နိုင်ကြောင်း ပြဆိုချက် .... .... | ၂၇၀ |
| အနိစ္စသညာထင်သောသူအား အနတ္တသညာထင်၍ မာနကွာပြီး နိဗ္ဗာန်ရောက်ကြောင်း .... | ၂၇၁ |
| အနိစ္စ-ဒုက္ခ-အနတ္တ သညာထင်သောသူအား ရအပ်သောအကျိုး .... .... | ၂၇၁ |
| ဘယဉာဏ် အစရှိသော အထက်ဉာဏ်များအခန်း .... | ၂၇၃ |

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

**အကြောင်းအရာ** **စာမျက်နှာ**


**အဘိဓမ္မာ သုတ္တန် ဘာဝနာကာရနည်းကို ပြဆိုချက်** .... ၂၇၄

အဘိဓမ္မာနည်း ဘယညာဏ်ပွါးပုံ .... ၂၇၄

ပစ္စုပ္ပန်ကာလ၌ ဘယညာဏ် .... .... ၂၇၅

ကာလသုံးပါး၌ ဘယညာဏ် .... .... ၂၇၅

သုတ္တန်နည်း ဘယညာဏ်ပွါးပုံ .... .... ၂၇၅

**အဘိဓမ္မာ သုတ္တန် ဥပဋ္ဌာနာကာရ ထင်နည်းကို ပြဆိုချက်**.... ၂၇၆

သုတ္တန်နည်းထင်ပုံ .... .... ၂၇၇

အာဒီနဝညာဏ် စီးဖြန်းနည်း .... .... ၂၇၈

**အဘိဓမ္မာ သုတ္တန် ဘာဝနာကာရ စီးဖြန်းနည်း ပြဆိုချက်** .... ၂၇၈

အဘိဓမ္မာနည်း အာဒီနဝညာဏ် .... .... ၂၇၈

ပစ္စုပ္ပန်ကာလ၌ အာဒီနဝညာဏ် .... .... ၂၇၉

ကာလသုံးပါး၌ အာဒီနဝညာဏ် .... .... ၂၇၉

သုတ္တန်နည်း အာဒီနဝညာဏ် .... .... ၂၇၉

**အဘိဓမ္မာ သုတ္တန် ဥပဋ္ဌာနာကာရထင်နည်းကို ပြဆိုချက်**.... ၂၈၀

အဘိဓမ္မာနည်း အာဒီနဝညာဏ် .... .... ၂၈၀

သုတ္တန်နည်း အာဒီနဝညာဏ် .... .... ၂၈၁

နိဗ္ဗိဒါညာဏ် စီးဖြန်းနည်း .... .... ၂၈၂

**အဘိဓမ္မာ သုတ္တန် ဘာဝနာကာရ စီးဖြန်းနည်းကို ပြဆိုချက်**.... ၂၈၂

အဘိဓမ္မာနည်း နိဗ္ဗိဒါညာဏ် .... .... ၂၈၂

သုတ္တန်နည်း နိဗ္ဗိဒါညာဏ် .... .... ၂၈၃

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **အဘိဓမ္မာ သုတ္တန် ဥပဋ္ဌာနာကာရထင်နည်းကို ပြဆိုချက်....** | | | **၂၈၄** |
| အဘိဓမ္မာနည်း နိဗ္ဗိဒါဉာဏ် | .... | .... | ၂၈၄ |
| သုတ္တန်နည်း အာဒီနဝဉာဏ် | .... | .... | ၂၈၅ |
| မုဉ္စိတုကမျတာဉာဏ် စီးဖြန်းနည်း | .... | .... | ၂၈၆ |
| **ဘာဝနာကာရ စီးဖြန်းနည်းနှင့် ဥပဋ္ဌာနာကာရ စီးဖြန်းနည်းတို့ကို ပြဆိုချက်** | .... | .... | **၂၈၇** |
| ဘာဝနာကာရထင်နည်း | .... | .... | ၂၈၇ |
| ဥပဋ္ဌာနာကာရထင်နည်း | .... | .... | ၂၈၇ |
| ပဋိသင်္ခါဉာဏ် စီးဖြန်းနည်း | .... | .... | ၂၈၈ |
| **ဘာဝနာကာရ စီးဖြန်းနည်း** | .... | .... | **၂၉၀** |
| ပဋိသင်္ခါဉာဏ် ပွါးပုံ | .... | .... | ၂၉၀ |
| ဥပဋ္ဌာနာကာရထင်နည်း | .... | .... | ၂၉၁ |
| သင်္ခါရုပေက္ခာဉာဏ် စီးဖြန်းနည်း | .... | .... | ၂၉၂ |
| **သင်္ခါရုပေက္ခာဉာဏ် ဘာဝနာကာရ စီးဖြန်းနည်း** | | .... | **၂၉၄** |
| အကျယ်ပွါးပုံ | .... | .... | ၂၉၄ |
| အလတ်ပွါးပုံ | .... | .... | ၂၉၇ |
| အကျဉ်းပွါးပုံ | .... | .... | ၂၉၈ |
| **သင်္ခါရုပေက္ခာဉာဏ် ဥပဋ္ဌာနာကာရထင်နည်း** | | .... | **၂၉၈** |
| အကျယ်ထင်ပုံ | .... | .... | ၂၉၈ |
| အလတ်ထင်ပုံ | .... | .... | ၃၀၀ |
| ဘိက္ခုမြည်ပုံ | .... | .... | ၃၀၀ |

| **အကြောင်းအရာ** | | | **စာမျက်နှာ** |
|---|---|---|---|
| **အနုလောမစသော အထက်ဉာဏ်ငါးပါးဖြစ်ပုံ** | | .... | **၃၀၁** |
| မဂ်စိတ် ဖိုလ်စိတ် ဖြစ်ပုံ | .... | .... | ၃၀၃ |

**နဝမ ကဏ္ဍ**

| | | | |
|---|---|---|---|
| **ဗုဒ္ဓါရမ္မဏပီတိမှ ဉာဏ်စဉ်တက် စီးဖြန်းနည်း** | | .... | **၃၀၆** |
| သမ္မသနဉာဏ် | .... | .... | ၃၀၆ |
| ဥဒယဗ္ဗယဉာဏ် | .... | .... | ၃၀၆ |
| ဉာဏ်နှစ်ပါးအထူး | .... | .... | ၃၀၇ |
| ဘင်္ဂဉာဏ် | .... | .... | ၃၀၇ |
| ဘယဉာဏ် | .... | .... | ၃၀၇ |
| အာဒီနဝဉာဏ် | .... | .... | ၃၀၇ |
| နိဗ္ဗိဒါဉာဏ် | .... | .... | ၃၀၇ |
| မုဉ္စိတုကမျတာဉာဏ် | .... | .... | ၃၀၇ |
| ပဋိသင်္ခါဉာဏ် | .... | .... | ၃၀၈ |
| သင်္ခါရုပေက္ခာဉာဏ် | .... | .... | ၃၀၈ |
| နိဗ္ဗာန်ရောက်ပုံ | .... | .... | ၃၀၈ |
| ဘုရားဂုဏ် အကျိုးပြ ပါဠိအနက် | .... | .... | ၃၀၉ |
| အဆက်ဆက်သော အကျိုးပြပါဠိအနက် | | .... | ၃၁၁ |
| ဉာဏ်စဉ် ၁၆-ပါး ဘုရားရှိခိုး | .... | .... | ၃၁၃ |
| ဉာဏ်စဉ် ၁၆-ပါးနှင့် တံငါဥပမာ | .... | .... | ၃၂၆ |
| ဉာဏ်စဉ် ၁၆-ပါးနှင့် အလောင်းမင်းသား ဥပမာ | | | ၃၃၀ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **အနိစ္စ-ဒုက္ခ-အနတ္တတို့ထင်မြင်ပြီး၍ ဇာရီယာပုထ်လေးပါး၌ မင်္ဂဖိုလ်မရမချင်း ဒုက္ခကမ္မဋ္ဌာန်း စီးဖြန်းရမည်ကိုပြဆိုချက်** | | | **၃၃၄** |
| တဏှာကိုရှု၍ ဉာဏ်စဉ် ၁၆-ပါးတက်ပုံ | | .... | ၃၃၄ |
| **လောဘကြီး ပယ်သတ်ခန်း** | .... | .... | **၃၃၇** |
| လောဘ အပြစ်ကိုရှုနည်း | .... | .... | ၃၃၇ |
| လောဘကြောင့် ဇာတိဒုက္ခရပုံ | .... | .... | ၃၃၀ |
| လောဘကြောင့် တိရစ္ဆာန်ဒုက္ခရပုံ | | .... | ၃၃၀ |
| လောဘကြောင့် ငရဲဒုက္ခရပုံ | .... | .... | ၃၃၀ |
| ပစ္စည်းတွယ်တာမှုအပြစ် | .... | .... | ၃၃၉ |
| ပုဂ္ဂိုလ်တွယ်တာမှုအပြစ် | .... | .... | ၃၃၉ |
| အဆင်း၌ တပ်မက်မှုအပြစ် | .... | .... | ၃၃၉ |
| အသံ၌ တပ်မက်မှုအပြစ် | .... | .... | ၃၄၀ |
| အနံ့၌ တပ်မက်မှု အပြစ် | .... | .... | ၃၄၀ |
| အရသာ၌ တပ်မက်မှု အပြစ် | .... | .... | ၃၄၁ |
| အတွေ့၌ တပ်မက်မှု အပြစ် | .... | .... | ၃၄၁ |
| **လောဘနည်းခြင်း အကျိုး** | .... | .... | **၃၄၁** |
| လောဘနည်း၍ ချမ်းသာပုံ | .... | .... | ၃၄၁ |
| **လောဘမရှိခြင်း အကျိုး** | .... | .... | **၃၄၁** |
| လောဘမရှိ၍ ချမ်းသာပုံ | .... | .... | ၃၄၁ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **လောဘအပြစ်ကိုရှု၍ အားထုတ်နည်း** | .... | .... | **၃၄၃** |
| အကျဉ်းချုပ် လောဘအပြစ်ရှုနည်း | | .... | ၃၄၃ |
| အာရုံငါးပါး နှစ်သက်လျှင် ဒုက္ခမှ မလွတ်ကြောင်း | | | ၃၄၅ |
| လောဘ၏အခိုက်အတန့်၌ ဒုက္ခငါးမျိုးဖြစ်ကြောင်း | | | ၃၄၅ |
| **လောဘဥပါဒ်ဆဲခဏ၌ သစ္စာလေးပါး ခွဲပြချက်** | | .... | **၃၄၅** |
| လောဘအကြောင်းခံ သစ္စာလေးတန် | | .... | ၃၄၅ |
| သစ္စာ ၄-ပါးကို မသိမမြင်နိုင်ကြပုံ | .... | .... | ၃၄၆ |
| သစ္စာလေးပါးမှ လွတ်သောတရားမရှိ | | .... | ၃၄၆ |
| ကမ္မဋ္ဌာန်းမှ လွတ်သောတရား မရှိ | .... | .... | ၃၄၇ |

## ဒသမ ကဏ္ဍ

| | | | |
|---|---|---|---|
| **တရားတော်များ အကျဉ်းချုပ်** | .... | .... | **၃၄၈** |
| ဝိပဿနာအကျဉ်း | .... | .... | ၃၄၈ |
| သတိပဋ္ဌာန်အကျဉ်း | .... | .... | ၃၄၉ |
| သစ္စာလေးပါးအကျဉ်း | .... | .... | ၃၅၀ |
| **ပဋိစ္စသမုပ္ပါဒ်၌ သစ္စာ ၄၈-ပါး ဖွဲ့ပြချက်** | .... | .... | **၃၅၂** |
| မရဏနှင့် သစ္စာလေးပါး | .... | .... | ၃၅၂ |
| ဇာတိနှင့် သစ္စာလေးပါး | .... | .... | ၃၅၂ |
| သစ္စာသိခြင်း လေးပါး | .... | .... | ၃၅၃ |
| သစ္စာမသိခြင်း လေးပါး | .... | .... | ၃၅၃ |
| သစ္စာလေးပါး ဆောင်ပုဒ်များ | .... | .... | ၃၅၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **သစ္စာလေးပါးကို ဆင်ခြင်နည်း** | .... | .... | ၃၅၅ |
| သစ္စာလေးပါး ဒေသနက္ကမဆင်ခြင်ပုံ | | .... | ၃၅၅ |
| သစ္စာလေးပါး ပဝတ္တိက္ကမဆင်ခြင်နည်း | | .... | ၃၅၅ |
| မရဏာဒုက္ခသိရန် အရေးကြီးပုံ | .... | .... | ၃၅၆ |
| **မရဏာဒုက္ခ သစ္စာထင်ပုံ** | .... | .... | ၃၅၇ |
| သတိပဋ္ဌာန် ပါဠိတော် | .... | .... | ၃၅၇ |
| သတိပဋ္ဌာန် ပါဠိတော်နိဿယ | .... | .... | ၃၅၈ |
| နိဗ္ဗာန်ရောက်နိုင်သည့်တရား တပါးသာ | | .... | ၃၆၂ |
| မရဏာဒုက္ခ သိမြင်ရန် ပဓာနဖြစ်ပုံ.... | | .... | ၃၆၃ |
| ပစ္စုပ္ပန်၌ မရဏာဒုက္ခထင်ပုံ | .... | .... | ၃၆၄ |
| တိဿမင်းသား ဝတ္ထု | .... | .... | ၃၆၄ |
| သေဘေးကို ကြောက်သင့်ပုံ | .... | .... | ၃၆၆ |
| အတိတ်၌ မရဏာဒုက္ခထင်ပုံ | .... | .... | ၃၆၆ |
| အနာဂတ်၌ ထင်ပုံ | .... | .... | ၃၆၈ |
| **သမုဒယသစ္စာ ထင်မြင်ပုံ** | .... | .... | ၃၇၀ |
| သမုဒယ သစ္စာများ | .... | .... | ၃၇၀ |
| အတိတ် သမုဒယသစ္စာကို ဆင်ခြင်ပုံ | | .... | ၃၇၀ |
| အနာဂတ် သမုဒယ သစ္စာကို ဆင်ခြင်ပုံ | | .... | ၃၇၁ |

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပစ္စုပ္ပန် သမုဒယသစ္စာကို ဆင်ခြင်ပုံ .... | ၃၇၂ |
| ဇာတိရန်ဘေးကို ဆင်ခြင်နည်း .... .... | ၃၇၂ |
| နိရောဓသစ္စာ ထင်မြင်ပုံ .... .... | ၃၇၄ |
| မဂ္ဂသစ္စာ ထင်မြင်ပုံ .... .... | ၃၇၅ |
| မသေရာ နိဗ္ဗာန်သို့ ရောက်ရန် ကြိုးစားသင့်ပုံ .... | ၃၇၆ |
| မရဏာဿတိ ပွါးခြင်းအကျိုးများ .... .... | ၃၇၇ |
| မရဏာဿတိ ပွါးသူ ၈-မျိုး .... .... | ၃၇၈ |
| သေခြင်းတရား ပွါးများသူများလက်ခံ .... | ၃၇၉ |
| သေခြင်းတရားပွါး ရဟန်းရှစ်ပါး .... .... | ၃၇၉ |
| သေလျှင် အပါယ်မလားရန် သတိပေးချက် .... | ၃၈၀ |
| **သစ္စာလေးပါး သိပုံလေးမျိုး** .... .... | **၃၈၁** |
| မဂ္ဂင်ရှင်းချက် .... .... | ၃၈၂ |
| **သစ္စာ ၂-ပါးကို ဝဋ္ဋနှင့်ပြချက်** .... .... | **၃၈၃** |
| သမုဒယသစ္စာ .... .... | ၃၈၃ |
| ဒုက္ခသစ္စာ .... .... | ၃၈၃ |
| တေလပတ္တဇာတ်တော် .... .... | ၃၈၃ |
| ကျွန်မများကို ဘီလူးစားခြင်း .... .... | ၃၈၄ |
| တပြည်လုံးကို ဘီလူးစားခြင်း .... .... | ၃၈၄ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အဆင်းကို တပ်မက်မှုအပြစ် | .... | .... | ၃၀၅ |
| သားဆိုးများကို မွေးဖွားခြင်း | .... | .... | ၃၀၇ |
| အဆင်း၌ တပ်မက်မှု မပြုသင့် | .... | .... | ၃၀၈ |
| ဒုက္ခ၏ အမြစ်ကို စိစစ်ချက် | .... | .... | ၃၀၉ |
| မိတ်ဆွေကောင်းကို ပေါင်းရမည် | .... | .... | ၃၉၀ |
| **သစ္စာလေးတန်ကို ဉာဏ်ဖြင့်ဆင်ခြင်ရန်** | | .... | **၃၉၂** |
| ဒုက္ခနှင့် နိရောဓ ဆင်ခြင်ရန် | .... | .... | ၃၉၂ |
| သမုဒယသစ္စာ, မဂ္ဂသစ္စာ နှစ်တန်ကို ဉာဏ်ဖြင့် ဆင်ခြင်ရန် ပြဆိုချက် | .... | .... | ၃၉၄ |
| မဂ္ဂသစ္စာ, နိရောဓသစ္စာ နှစ်တန်ကို ဉာဏ်ဖြင့် ဆင်ခြင်ရန် ပြဆိုချက် | .... | .... | ၃၉၆ |

**ကောဒသမ ကဏ္ဍ**

| | | | |
|---|---|---|---|
| နိဗ္ဗာန်သို့ အမြန်ရောက်ကြောင်း တရား ၆-ပါး | | .... | ၃၉၈ |
| **ဓမ္မကတိကတို့အား သတိပေးချက်** | .... | .... | **၃၉၉** |
| သစ္စာကို ပြ၍ တရားသိမ်းရန် | .... | .... | ၃၉၉ |
| ခနဉ္စာနီ ပုဏ္ဏားဝတ္ထု | .... | .... | ၄၀၀ |
| သစ္စာကို အကျယ်ပြဟောခြင်း အကျိုး | | .... | ၄၀၀ |
| **သီလာနုဿတိ စီးဖြန်းနည်း** | .... | .... | **၄၀၁** |
| သီလာနုဿတိ သုံးမျိုး | .... | .... | ၄၀၁ |
| ဟီနသီလာနုဿတိ | .... | .... | ၄၀၁ |
| မဇ္ဈိမသီလာနုဿတိ | .... | .... | ၄၀၂ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ပဏ္ဍိတသီလာနုဿတိ | .... | .... | ၄၀၂ |
| ဥဒယဗ္ဗယဉာဏ် အကျိုးကြီးပုံ | .... | .... | ၄၀၃ |
| **စာဂါနုဿတိ စီးဖြန်းနည်း** | .... | .... | **၄၀၅** |
| လိုရင်းအဓိပ္ပါယ် | .... | .... | ၄၀၅ |
| စာဂါနုဿတိ သုံးမျိုး | .... | .... | ၄၀၆ |
| ဟီနစာဂါနုဿတိ | .... | .... | ၄၀၆ |
| မဇ္ဈိမစာဂါနုဿတိ | .... | .... | ၄၀၆ |
| ပဏ္ဍိတစာဂါနုဿတိ အကျယ် | .... | .... | ၄၀၈ |
| ဒါနမှ ပုညကြိယာ ၁၀-ပါးဖြစ်ပုံ | .... | .... | ၄၁၄ |
| **ဒါနမှ ပါရမီ ၁၀-ပါးဖြစ်ပုံ** | .... | .... | **၄၁၅** |
| ပဏ္ဍိတစာဂါနုဿတိ အကျဉ်း | .... | .... | ၄၁၇ |
| **ပဋိသမ္ဘိဒါလေးပါး ကောက်ယူပုံ** | .... | .... | **၄၁၇** |
| စေတနာနှင့်နိဗ္ဗာန် လိုရင်းဖြစ်ပုံ | .... | .... | ၄၁၇ |
| စေတနာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | .... | .... | ၄၁၈ |
| ရေစက်ချနည်း အကျယ် | .... | .... | ၄၁၉ |
| **ရေစက်ချနည်း အကျဉ်း** | — | — | **၄၂၂** |
| မှာထားချက် | .... | .... | ၄၂၃ |
| ယောဂီပုဂ္ဂိုလ်များ သိမှတ်ဖွယ် ပိုဒ်စုံရတု | | .... | ၄၂၄ |
| စာအံ၍ ကုလလေးတာ တောရတာနည်း | | .... | ၄၂၆ |
| စာအံ၍ မဟာမြင်းမိုရ်ရတာ တတိုင်တာနည်း | | .... | ၄၂၇ |
| ခြေလှမ်း၍ ကုယလေးတာ တောရတာနည်း | | .... | ၄၂၇ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ခြေလှမ်း၍ မဟာမြင်းမိုရ်တာ တတိုင်တာနည်း | | .... | ၄၂၇ |
| ခေါင်းပါးသော အစာစားနည်း | | .... | ၄၂၈ |
| **မာရ်စစ်သည် ဆယ်တပ်** | — | .... | **၄၂၉** |
| ၁–ကာမတပ်မတော် | — | .... | ၄၃၁ |
| ၂–အရတိ တပ်မတော် | .... | .... | ၄၃၁ |
| ၃–ခုပ္ပိပါသ တပ်မတော် | ... | .... | ၄၃၂ |
| ၄–တဏှာ တပ်မတော် | — | — | ၄၃၂ |
| ၅–ထိနမိဒ္ဓ တပ်မတော် | .... | — | ၄၃၂ |
| ၆–ဘီရု တပ်မတော် | .... | .... | ၄၃၃ |
| ၇–ဝိစိကိစ္ဆာ တပ်မတော် | .... | .... | ၄၃၃ |
| ၈–မာန တပ်မတော် | .... | — | ၄၃၄ |
| ၉–လာဘသက္ကာရ တပ်မတော် | | — | ၄၃၄ |
| ၁၀–အတ္တုက္ကံသန ပရဝမ္ဘန တပ်မတော် | | .... | ၄၃၅ |
| **နိဗ္ဗာန်ရောက်ကြောင်း သံဝေ ၁၀-ပါး** | — | — | **၄၃၇** |
| သူတော်ကောင်းဂုဏ် | — | — | ၄၃၈ |
| အပြင်ပ အကာတရားများ | — | — | ၄၃၉ |
| နိဗ္ဗာန မဂ္ဂဒီပနီကျမ်း နိဂုံး | .... | .... | ၄၄၀ |


မာတိကာပြီး၏။

# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

၁။ အာရကတ္တာ ဟတတ္တာ စ-ရီနံ ဟတာ အရာန စ။
အရဟာ ပစ္စယာဒီနံ၊ ရဟာဘာဝါ စ ပါပကေ။

၂။ အရဟန္တံ တိလောကေသု၊ ဗျာပေတွာ ဝိဿုတော ဇုတိ။
ထောမေတွာ’ဿ ပါဒယုဂံ၊ အဟံ ဝန္ဒာမိ သီရသာ။

၁။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ အာရကတ္တာ စ၊ သဝါသနာ ကိလေသာမှ လေးဖြာမြိုက်မဂ် စိန်သန်လျက်ဖြင့် ချိုးဖျက်မလှူ ဝေးတော်မူသည်၏ အဖြစ်ကြောင့်၎င်း။ အရီနံ၊ လောဘဒေါသ မောဟကင်္ခါ မိစ္ဆာဒိဋ္ဌိ အဟိရိက နောတ္တပ္ပနှင့် ထိန မာန ဥဒ္ဓစ္စဟု ဒသ ကိလေ ရန်ညစ်တေတို့ကို။ ဟတတ္တာ စ၊ လေးထွေသောမဂ် ဉာဏ်လက်နက်ဖြင့် တက်တက်ပျက်ပြုန်း သတ်ဖျက် ဖြုန်း၍ ပတ်ကုံးရန်သူ မပြုဝံ့ရှောင်း ဤအကြောင်းကြောင့်၎င်း။ အရာနံ၊ အဝိဇ္ဇာနှင့် တဏှာပုံတောင်း အပေါင်းသုံးတန် အကန့် သင်္ခါရာ ဇရာမရဏ အကွပ်ပြသား အာသဝဝင်ရိုး လျှို့ထိုး ယှဉ်စပ် ဘဝသုံးပါး ဝင့်ရထား၌ ရှည်လျားတတ်သည့် ရှုဟတ် သံသာ ဝင့်စကြာ၏ ပုညာဒိက သင်္ခါရအကန့်တို့ကို။ ဟတာ စ၊ ဝိရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယိန် ဉာဏ်ပုဆိန်ကို ရွယ်ချိန်မိုးလျက် ချိုးဖျက်တော်မူသော ကြောင့်၎င်း။ ဝါ-အရာနန္တိ ဟတာ၊ ပုံတောင်းအဝိဇ္ဇာ ဇရာမရဏံ အကွပ်ရံ၍ ဆယ်တန် မင္ဂျ အကန့်ပြသား အလွှာလေးလွှာ ခွန့်သုံးဖြာနှင့် ခြင်းရာနှစ်ဆယ်

သုံးသွယ်အစပ် သမုပ္ပါဒ်ဟု ရဟတ်စက်ကန့် လယ်ဆယ်တန့်ကို ချိုးဟန့်ဖျက်ဆီးတော် မူပြီးသောကြောင့်ဧင်း။ ပစ္စယာဒီနံ၊ပစ္စည်း လေးထွေ မဟေသက္ခ လှူနတ်စမ္ပူး ပူဇော်အထူးတို့ကို။ အရဟာစ၊ အလှူခံထိုက် မြတ်ထက်မြတ်ဖြစ်၍ စင်စစ် ခံတော်မူထိုက်သော ကြောင့်ဧင်း။ ပါပကေ၊ပညာရှိယောင် လူမိုက်ခေါင်တို့ လူ့ဘောင် မလှ အရှက်ရမည်ကြောင့် ကွယ်ပညစ်ကျူ မကောင်းမှုကို ပြုကြ ပမာ ပါပည်စ်ကျူ မကောင်းမှုကို ပြုကျင့်ခြင်း၌။ ရဟာဘာဝါ စ၊ ဗောဓိညောင်ရွှေ ဗုဒ္ဓဟေပင်မင်း အောင်မြေခြင်းက ပယ်ရှင်း ဟေတု ဘယ်တခုကိုမျှ ပြုကျင့်ဘို့ရာ ဆိတ်ကွယ်ရာအရပ် မရှိ သည်၏အဖြစ်ကြောင့်ဧင်း။

၂။ အရဟန္တံ၊ အရဟာဟူ၍။ တိလောကော၊ ဘဝဂ်ဆုံး အောင် ဘုံသုံးဆောင်တို့၌။ ဗျာဗေပတ္တာ၊ သိမ့်သိမ့်တုန်ခတ် ပွဲတင် ထပ်မျှ နှံ့စပ်တော်မူ၍။ ဝိဿုတော၊ ထင်ရှားကျော်စောတော် မူ၏။ ဇုတိ၊ ဤသို့။ ထောမေတွာ၊ အရဟံဂုဏ်တော်ကြီးဖြင့် ချီးမွမ်း ၍။ အဿ ဘဂဝတော၊ ထိုအရဟံဂုဏ်တော်ကြီးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားသခင်၏။ ပါဒ ယုဂံ၊ တရာ့ရှစ်ကွက် စက် လက္ခဏာကုန် ခြေတော်စုံကို။ အဟံ၊ ငါဟူသမုတ် အကျွန်ုပ် နာမ်ရုပ်နှစ်ပါးသည်။ သိရသာ၊ လက်ဆယ်ဖြာနှင့် ကြည်သာ ညွတ်နူး သဥ္ဇလီထူး၍ ဦးအကြိမ်ကြိမ်ဖြင့်။ ဝန္ဒာမိ၊ ကာမရူပ အရူပဟု ဘဝတောင့်တ စသည်ကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့ပြန်ပြန် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကာယဝစီ မနောချီကာ သဥ္ဇလီမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ သက်တော်ထင်ရှား မြတ်စွာဘုရား....မြတ်စွာဘုရား။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (နှာ-၁၉၅)၌လာသော အရဟံဂုဏ် တော် ငါးနက်ဖြင့် ရှိခိုးနည်း။]

၃။ အာရကာ မန္ဒဗုဒ္ဓီနံ၊ အာရကာ စ ဝိဇာနတံ။
ရဟာနံ သုပ္ပဟီနတ္တာ၊ ဝိဒူန’မရဟေယျတော။
ဘဝေသု စ ရဟာဘာဝါ၊ ပါသံသာ ဘဂဝါ ဇိနော။

၄။ အရဟန္တိ တိလောကေသု၊ ဗျာပေတွာ ဝိဿုတော ဇုတိ။
ထောမေတွာ’ဿ ပါဒယုဂံ၊ အဟံ ဝန္ဒာမိ သီရသာ။

၃။ ဇိနော၊ ဒေဝပုတ္တ စသည်များဖြင့် မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးသော။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ မန္ဒဗုဒ္ဓီနံ၊ ကိလေပြောထူ ဉာဏ်နုံ့သူတို့မှ။ အာရကာ၊ သက်နိုး စွန်၍ကိုင်၍ လိုက်သော်လည်း သောင်းတိုက်စက္ကဝါ ပမာမပြား ဝေးခြားသည်၏ အဖြစ်ကြောင့်ရှင်း။ ဝိဇာနတံ-ဝိဇာနန္တာနံ၊ ဟုတ်မှန်သဖြင့် အကြံသင့်၍ အကျင့်ပြောထူ ဉာဏ်ရှိသူတို့နှင့်။ အာရကာ စ၊ အဝွန့်တရာ ယူဇနာဝယ် ကွယ်ကာဝေးရပ် နီးမစပ် သော်လည်း ချဉ်းကပ်နီးနားတော်မူသည်၏ အဖြစ်ကြောင့်ရှင်း။ ရဟာနံ၊ စီးပွါးနှစ်ဆူ ဖြည့်ကျင့်သူတို့ မယူဝေးရပ် စွန့်ပစ်အပ် ကုန်သော မကောင်းမှုတို့ကို။ သုပ္ပဟီနတ္တာ၊ ဗောဓိညောင်ရွှေ ဗုဒ္ဓဟေပင်မင်း အောင်မြေခင်း၌ အကြွင်းမချန် မဂ်လေးတန်ဖြင့် ပယ်လှန်တွန်းသတ် ဖြတ်တော်မူပြီးသည်၏ အဖြစ်ကြောင့်ရှင်း။ ဝိဒူနံ၊ သေက္ခာ သေက္ခ ကလျာဏပုထုဇန် သူမွန်ဇာတိ ပညာရှိ တို့သည်။ အရဟေယျတော၊ ကိုယ်စိတ်ညွတ်လျော သဒ္ဓါစော၍ နွေ့ရောည္ဓပါ အခါမလပ် မစွန့်အပ်သည်၏အဖြစ်ကြောင့်ရှင်း။ ဘဝေသု၊ ဘဝသံသရာ နာနာဂတိတို့၌။ ရဟာဘာဝါ စ၊ မြရိပ် ဝေဝေ အောင်မြေသာချက် ပလ္လင်ထက်က ကမ္မက္ခယန် မဂ်လေး တန်ဖြင့် သသမ္ဘာရတ် ကမ္မဝဋ်ကို ပယ်ဖြတ်ဖျက်ဆီး အောင်မြင် ပြီးရကား သွားလာဖြစ်ပြန်ခြင်း မရှိသည်၏ အဖြစ်ကြောင့်ရှင်း။

ပါသံသာ၊ သူတပါးထက် ထူးခြားကဲလွန် ဟုတ်မှန်ထင်ပေါ် ကျေးဇူးတော်ဖြင့် ကော်ရော်ကြွေးရိုက် ချီးမွမ်းထိုက်သည်၏ အဖြစ်ကြောင့်ငှင်း။

၄။ အရဟန္တံ၊အရဟဟူ၍။ တိလောကေသု၊ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်တို့၌။ ဗျာပေတွာ၊ သိမ့်သိမ့်တုန်ခတ် ပွဲတင်ထပ်မျှ နှံ့စပ်တော်မူ၍။ ဝိသုတော၊ ထင်ရှား ကျော်စောတော်မူ၏။ ဇုတိ၊ ဤသို့။ ထောမေတွာ၊ အရဟံ ဂုဏ်တော်ကြီးဖြင့် ချီးမွမ်း၍။ အဿ-ဘဂဝတော၊ ထိုအရဟံဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရားသခင်၏။ ပါဒယုဂံ၊ တရာ့ရှစ်ကွက် စက် လက္ခဏာကုန် ခြေတော်စုံကို။ အဟံ၊ ငါဟုသမုတ် အကျွန်ုပ် နာမ် ရုပ်နှစ်ပါးသည်။ သိရသာ၊ လက်ဆယ်ဖြာနှင့် ကြည်သာညွှတ်နူး သဒ္ဒါထူး၍ ဦးအကြိမ်ကြိမ်ဖြင့်။ ဝန္ဒာမိ၊ ကာမ-ရူပ အရူပဟု ဘဝတောင့်တ စသည်ကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက် မေ့ပြန်ပြန် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကာယ- ဝစီ မနော-ချီကာ သဒ္ဒါမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ သက်တော်ထင်ရှား မြတ်စွာဘုရား....မြတ်စွာဘုရား။

[ဝိသုဒ္ဓိမဂ်ဋီကာ (နှာ-၂၂၀) ၌ လာသော အရဟံဂုဏ်တော် ခြောက်နက်ဖြင့် ရှိခိုးနည်း။]

ကိုယ်ဖြင့်ညွှတ်ခြင်း နှုတ်ဖြင့်ညွှတ်ခြင်းသည် ရုပ်ဖြင့်ရှိခိုးသည် မည်၏။ စိတ်ဖြင့်ညွှတ်ခြင်းသည် နာမ်ဖြင့် ရှိခိုးသည် မည်၏။

ပဏာမ ပြီး၏။

## ပဋိညာဥ်ဝန်ခံချက်

(၅) နိဗ္ဗာနပစ္စယသမ္ဘူတံ၊ နိဗ္ဗာနဂံ’ဘိဝန္ဒိယ။
ဓမ္မံ သံဃဉ္စ ကာယာဟံ၊ နိဗ္ဗာနမဂ္ဂဒီပနိံ။

နိဗ္ဗာနပစ္စယသမ္ဘူတံ၊ နိဗ္ဗာန်သို့ရောက်တော်မူပြီးသော မြတ်စွာဘုရား ကိုင်း။ နိဗ္ဗာန ဂံ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ ဓမ္မဉ္စ၊ သစ္စာလေးပါး မြတ်တရားကိုင်း။ နိဗ္ဗာန ဂံ၊ နိဗ္ဗာန်သို့ ရောက်တော်မူပြီးသော။ သံဃဉ္စ၊ အရိယာသခင် အရှင်သူမြတ် အပေါင်းကိုင်း။ အဘိဝန္ဒိယ၊ ရှိခိုးပြီး၍။ နိဗ္ဗာန မဂ္ဂဒီပနိံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာ သဉပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်းကို ပြရာပြကြောင်းဖြစ်၍ နိဗ္ဗာနမဂ္ဂဒီပနီ အမည်ရှိသောကျမ်းကို။ အဟံ၊ ငါဟုသမုတ် အကျွန်ုပ် ဉတ္တမ မဟာထေရ်သည်။ ကာယံ- ကရိဿာမိ၊ နိဗ္ဗာန်ချမ်းသာကြီးကို ရခစေချင်သည့် မေတ္တာတရား, သံသရာဝဋ်ဆင်းရဲကြီးမှ လွတ်စေချင်သည့် ကရုဏာတရား ရှေးဦးထား၍ ရေးသားပြုပြင် စီရင်ပေအံ့။

ပဋိညာဉ်ဝန်ခံချက် ပြီး၏။

---

## ကြည့်ရှုသူတို့ နှလုံးသွင်းရန်

အိုခြင်း နာခြင်း သေခြင်း စသော ဘေးအနန္တ ဆင်းရဲ အပ္ပမေယျတို့၏ တည်နေ ခိုအောင်းရာ ခန္ဓာဝန်လက်စသိမ်း၍ ဘဝဇာတ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ မရောက်ရသေး၍ ခန္ဓာဝန် တွဲလွဲနှင့် သံသရာဝဋ်ဒုက္ခထဲမှာ တအဲအဲ ဟာလူးလဲလဲ အိုပွဲ နာပွဲ သေပွဲ

စသော အမင်္ဂလာပွဲ အနဲနဲနှင့် တွေကြုံ၍နေရသော သတ္တဝါတို့ကို နိဗ္ဗာန်ချမ်းသာကြီးကို ရစေလိုသော မေတ္တာ, သံသရာဝဋ်ဆင်းရဲဘေးကြီးတွေထဲမှ လွတ်စေချင်သော ကရုဏာတရားတို့ကို ရှေ့ထား၍ ရေးသားပြုပြင် စီရင်အပ်သော နိဗ္ဗာနမဂ္ဂဒီပနီအမည်ရှိသော ကမ္မဋ္ဌာန်းကျမ်းကို ကြည့်ရှုလေ့လာကြကုန်သော ပညာရှိ သူတော်ကောင်း သူမြတ်လောင်း အပေါင်းတို့သည် ပမာဒအားဖြင့်သော်၎င်း၊ အညာဏအားဖြင့်သော်၎င်း ရေးသားမိ၍ မှားယွင်းချွတ်ယွင်းချွတ်ပျက်သော အချက်များရှိ၍ မှားယွင်းချွတ်ပျက်မှန်းကို အသေအချာသိတော်မူကြပါလျှင်"ယောနိသော ပဒဟနံ သဗ္ဗသမ္ပတ္တီနံ မူလံ"ဟူသည်နှင့်အညီ သဗ္ဗသမ္ပတ္တိမူလ ယောနိသောမနသိကာရဖြင့် ပြင်ဆင်၍ မှတ်တော်မူကြစေကုန်သတည်း၊ အသင့်အတင့် နှလုံးသွင်းတော်မူကြပါစေကုန်သတည်း။

ကြည့်ရှုသူတို့ နှလုံးသွင်းရန်ကို ပြဆိုချက် ပြီး၏။

---

### အဘိယာစကနှင့် ဥယျောဇဉ်

ရာမညတိုင်း တလိုင်း[၁]သုံးရပ်တွင် ပါဝင်သော ပုသိမ်မြို့ **ပုသိမ်ဆရာတော်ဘုရား၊** ရန်ကုန်မြို့ **ကျောင်းတော်ရာ ဆရာတော်ဘုရား၊** ယက္ခပုရတိုင်း ဓညဝတီပြည် စစ်တွေမြို့သား ရွှေစေတီတိုက်၌ သီတင်းသုံးနေသော **ရွှေစေတီဘုန်းတော်ကြီး-ဦးတေဇာရာမ၊** ဇမ္ဗူဒီပ တိုင်း မဟာရဋ္ဌ ပြည်သား ဟိန္ဒူလူမျိုးဖြစ်သော **ဓမ္မာနန္ဒရဟန်း၊ ဇာရမံ** တိုင်းသား အင်္ဂလိပ်လူမျိုးဖြစ်သော **ဉာဏတိလောကရဟန်း၊** အရှေ့သမုဒ္ဒရာ ဩစတေလီယာ ကျွန်းသား အင်္ဂလိပ်လူမျိုးဖြစ်သော **တေဇဝံသသာမဏေ** မှစ၍ ရဟန်းရှင်လူ သုံးပါးသူတို့သည်

---

၁။ ယခု မွန်ဟုခေါ်သည်။

နိဗ္ဗုတာကို ရခြင်းငှါ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း,ဝိပဿနာကမ္မဋ္ဌာန်းကို အကြိမ်ကြိမ် အထပ်ထပ် တောင်းပန်အပ်သော‌ကြောင့် သုနာပရန္တတိုင်း ဇေယျာပုရပြည် စစ်ကိုင်းမြို့မြောက် တာပေါင်းမြောက်ရာကျော် ကွာသော ဂန္ဓာရုံတိုက်၌ သီတင်းသုံးနေသော ဂန္ဓာရုံဘုန်းကြီး ဦးဥတ္တရမဟာထေရ်သည် သံသရာဘေးကြီး,အပါယ်ဘေးကြီး,ဇာတိဘေးကြီး စသည်တို့ကို ကြောက်သော သူတို့အား ရုပ် နာမ် ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာဲ ဩဃထဲမှ ဆင်းရဲလွတ်ရာ ခေမာနိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်စေခြင်းအကျိုးငှါ မေတ္တာတရား ကရုဏာရှေ့ထား၍ ရေးသားစီရင်အပ် လတ္တံ့သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း,ဝိပဿနာကမ္မဋ္ဌာန်းကို မီးပွတ်သော ယောကျ်ားကဲ့သို့ မနေ မနား လွန်ကြိုးစား၍ အားထုတ်နိုင်ကြစေကုန်သတည်း။ အားထုတ်ကြကုန်လော့။

အဘိယာစကာနှင့် တကွ ဥယျောဇဉ်ကို ပြဆိုချက် ပြီး၏။

# သမထ ကမ္မဋ္ဌာန်း

## ပဉ္စမကဏ္ဍ

### ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွါးနည်း

**ဝစနတ္ထ။** ။အနု အနု သရဏံ အနုဿတိ၊ အရဟတာဒိ ဗုဒ္ဓဂုဏာရမ္မဏာ အနုဿတိ ဗုဒ္ဓါနုဿတိ။ (အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ နှာ-၂၅၈)

အနု အနု၊ အဖန်တလဲလဲ။ သရဏံ၊ အောက်မေ့ခြင်း။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့ခြင်း။ အရဟတာဒိ ဗုဒ္ဓဂုဏာရမ္မဏာ၊ အရဟတာ အစရှိသော ဘုရားဂုဏ်ကျေးဇူး အာရုံရှိသော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့ခြင်းသည်။ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိ မည်၏—

ဟူသော ဝစနတ္ထနှင့် အညီ အရဟတာ အစရှိသော ဘုရားဂုဏ်ကျေးဇူး အာရုံရှိသော အဖန်တလဲလဲ အောက်မေ့ခြင်း သတိစေတသိက်သည် ဗုဒ္ဓါနုဿတိ မည်၏။

ဗုဒ္ဓေါတိ ယော ဂုဏော ဥပါဒါယ ဘဂဝတိ ဗုဒ္ဓေါတိ ပညတ္တိ၊ တေ ဂုဏေ ဂေဟတွာ ဝုတ္တံ။ (ဝိသုဒ္ဓိမဂ်ဋီကာ-ပတွဲ၊ နှာ-၂၁၈)

**ဗုဒ္ဓေါ ဝိဂြိုဟ်နှင့် အရေကောက်။** ။ဗုဒ္ဓါနုဿတိ-၌ ဗုဒ္ဓ-သဒ္ဒါသည် "သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ", တနည်းလည်း "စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ" ဟူသော

ဝစနတ္ထနှင့်အညီ ခပ်သိမ်းသောတရားတို့ကို သိသော သဗ္ဗညုတ ဉာဏ်တော်သည် မုချအားဖြင့် ဗုဓ-ဓာတ်၏ အရမည်၏။ ပါရမီ ဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တော်သည် ဖလူပ-စာရတ္ထအားဖြင့် ဗုဓဓာတ်၏ အရမည်၏။ မဟာကရုဏာ သမာ-ပတ္တိဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, အာသယာနုသယဉာဏ် အစ ရှိသော နောက်နောက်သော ဉာဏ်တော်တို့သည် ကာရဏူပ-စာရတ္ထအားဖြင့် ဗုဓဓာတ်၏ အရမည်၏။

တနည်းလည်း— သစ္စာလေးပါး မြတ်တရားတို့ကို သိသော သယမ္ဘုဉာဏ်ဟု ဆိုအပ်သော အရဟတ္တမဂ် ဉာဏ်တော်သည် မုချအားဖြင့် ဗုဓဓာတ်၏ အရမည်၏။ ပါရမီဉာဏ်,ဝိပဿနာဉာဏ် ရှေးရှေး၌ဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် ဖလူပစာရတ္ထ အားဖြင့် ဗုဓဓာတ်၏ အရမည်၏။ အရဟတ္တဖိုလ်ဉာဏ်,သဗ္ဗညုတ ဉာဏ် အစရှိသော နောက်နောက်သော ဉာဏ်သည် ကာရ-ဏူပစာရတ္ထအားဖြင့် ဗုဓဓာတ်၏ အရမည်၏။ ထိုမုချ ဖလူပစာ-ရတ္ထ, ကာရဏူပစာရတ္ထတို့ဖြင့် မှတ်အပ်သော အနုတ္တရဝိမောက္ခ တို့ဖြင့် ထုံအပ်သော ခန္ဓာပဉ္စကသန္တာန်တော်ကိုစွဲ၍ ဘုရားဟု သမုတ်အပ်သောသတ္တသန္တာနပညတ် ဩဇာတော်ဝိသေသ အထူး နိဗ္ဗာန်လက်ဦးကူးနိုင်သော ကိုယ်တော်မြတ်ဘုရားကြီးသည်သာ တ-ပစ္စည်း၏အရ ဗုဒ္ဓမည်တော်မူ၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာနယောဂါဝစရော၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်။ ပဌမံ၊ ရှေးဦးစွာ။ ဝန္ဒဒုက္ခက္ခယံ၊ ဝင့်ဆင်းရဲ အပေါင်းတို့၏ ကုန်ရာဖြစ်သော။

သိဝံ၊ ချမ်းမြေ့စွာသော အနုပါဒိသေသ နိဗ္ဗာန်ကို။ ပဝေဒယန္တော၊
လျင်မြန်စွာ ရပါလိမ့်မည်ဟု ဟောင့်ကလျက်။ ပလိဗောဓုပစ္ဆေဒံ၊
ပလိဗောဓ ကြိုးငယ်ကို ဖြတ်ခြင်းကို။ ကတွာ၊ ပြုပြီး၍။ သီလံ၊
သီလကို။ ပဋိသောဓေတွာ၊ သုတ်သင်ပြီး၍။ ဝိဝိတ္တာသနေ၊ ဆိတ်
ငြိမ်ရာအရပ်၌။ ဝါ၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ–တို့၏
အာရုံငါးပါးမှ ဆိတ်ငြိမ်ရာအရပ်၌။ နိသီဒိတွာ၊ ထိုင်၍။ ပလ္လင်္ကံ၊
ထက်ဝယ်တင်ပြင်။ အာဘုဇိတွာ၊ ဖွဲ့နွေ၍။ ဥဇုံ၊ ဖြောင့်မတ်စွာ။
ကာယံ၊ ခန္ဓာကိုယ်ကို။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ပရိ-
ကမ္မနိမိတ်သို့ ရှေးရှု။ သတိံ၊ ပရိကမ္မနိမိတ်၌ အမြဲအောက်မေ့
ခြင်း သတိကို။ ဥပဋ္ဌာပေတွာ၊ စွဲကပ်တည်စေ၍။ ဝါ၊ ဖြစ်စေ၍။
ဗုဒ္ဓါနုဿတိကမ္မဋ္ဌာနံ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို။ သကိံ သကိံ
ကာလေ၊ တကြိမ်တကြိမ် စီးဖြန်းသောအခါ၌။ ကာလေသဟဿံ-
ပိ၊ ကာလ အတောင်ပတ်လုံးရင်း။ ကာလ ဒသသဟဿံပိ၊
ကာလ အသောင်းပတ်လုံးရင်း။ ဘာဝေန္တော၊ စီးဖြန်းလျက်။
ဥပစာရသမာဓိံ၊ စိတ်၏ ငြိမ်သက် မတုန်မလှုပ် အမြဲတည်ခြင်းကို။
ဥပ္ပါဒေတွာ၊ ဖြစ်စေပြီး၍။ ရူပါရူပေ၊ ရုပ်နာမ်တို့ကို။ ပုနပ္ပုနံ၊
အဖန်တလဲလဲ။ သမ္မသိတွာ၊ သုံးသပ်၍။ သက္ကာယဒိဋ္ဌိံ၊ မိမိကိုယ်
ဟု အမြင်မှားသော သက္ကာယဒိဋ္ဌိကို။ ဆိန္ဒိတွာ၊ ဖြတ်ပြီး၍။
ကင်္ခံ၊ လူနတ်ပြဟ္မာ မိဘ စသည်ကြောင့် ဖြစ်သည်ဟု ယုံမှား
သော ဝိစိကိစ္ဆာကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းလွန်မြောက်၍။
ဝိပဿနံ၊ သမ္မသနဉာဏ်မှ စ၍ အနုလောမဉာဏ် တိုင်အောင်
သော ဝိပဿနာဉာဏ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဘာဝေတွာ၊
မဂ်ဖိုလ်မရမချင်း စီးဖြန်း၍။ ဝါ-ဝိပဿနံ ပုနပ္ပုနံ ဘာဝေတွာ၊
ဝိပဿနာ ဉာဏ်ဆယ်ဖြာကို မဂ်ဖိုလ်ရအောင် မီးပွတ်သော
ယောကျ်ားကဲ့သို့ မနေမနား အားထုတ်၍ စီးဖြန်းသောကြောင့်။

ဝဋ္ဋဒုက္ခကျွယံ၊ ဝဋ္ဋဆင်းရဲအပေါင်း၏ ကုန်ရာဖြစ်သော။ တံ သိဝံ၊ ထိုအလွန်ချမ်းမြေ့စွာသော နိဗ္ဗာန်သို့။ သီဃံ၊ လျင်မြန်စွာ။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ပင်လျှင်။ ဂစ္ဆေယျ၊ ရောက်ရာ၏။ (ဇိနာလင်္ကာရ ဋီကာ။)

ငင်းပါဠိအနက်၏ လိုရင်းကြီး ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား— ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်၍ ဥပစာရသမာဓိ ရလျှင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကို ခွါနိုင်အောင် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ထင်မြင်အောင် ရုပ်နာမ်နှစ်ပါးကို ပိုင်းခြား အားထုတ်ရလိမ့်မည်။ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ထင်မြင် အောင် ရုပ်နာမ် ဖြစ်ခြင်း ပျက်ခြင်းကို ပွါးများ အားထုတ်ရ လိမ့်မည်။ ဘင်္ဂဉာဏ်ထင်မြင်အောင် ရုပ်နာမ် ပျက်စီးခြင်းကို ပွါးများ အားထုတ်ရလိမ့်မည်။ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာ ဉာဏ်တို့ ထင်မြင်အောင် သုတ္တန်နည်း, အဘိဓမ္မာနည်းတို့နှင့် ရုပ်နာမ်ဖြစ်ခြင်း၊ ပျက်ခြင်း၊ ရုပ်နာမ်ပျက်စီးခြင်း စသည်ကို စီးဖြန်း အားထုတ် ရလိမ့်မည်။ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ကို ရအောင် ပလိဗောဓ ကြီး-ငယ်ကို အဟုတ်အဟတ် တကယ်ဖြတ်ပြီး၍ ဂင်္ဂါတီရမထေရ်, မဟာသိဝမထေရ်, စိတ္တဂုတ္တ မထေရ်များ ကဲ့သို့ အားထုတ်ရလိမ့်မည်။ ငင်းအားထုတ်နည်းများကို ဝိပဿ- နာ ကမ္မဋ္ဌာန်းမှာ ကြည့်လေ။

ဗုဒ္ဓါနုဿတိပုဒ်၏ ဝစနတ္ထစသည်ကို ပြဆိုချက် ပြီး၏။

## ပလိဗောဓကြီး (၁၀) ပါးကို ပြဆိုချက်

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ (ပ-နှာ-၈၆)

အာဝါသော စ၊ သမထ-ဝိပဿနာဆုတ်ယုတ်ကြောင်း တဆဲ့ရှစ်ရပ် အပြစ်နှင့်စပ်သောကျောင်းငှင်း။ ကုလံ၊ သမထ-ဝိပဿနာဆုတ်ယုတ်ကြောင်း အလုပ်အကျွေး အမျိုးလေ့ထွေ အိမ်နေသူငှင်း။လာဘော၊သမထ-ဝိပဿနာဆုတ်ယုတ်ကြောင်းလာဘ်ငှင်း။ ဂဏော၊ သမထ-ဝိပဿနာ ဆုတ်ယုတ်ကြောင်း အပေါင်းအဖော်ငှင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။ ကမ္မဉ္စ၊ သမထ-ဝိပဿနာဆုတ်ယုတ်ကြောင်း အမှုကြီး-ငယ်ငှင်း။ အဒ္ဓါနံ၊ သမထ-ဝိပဿနာ ဆုတ်ယုတ်ကြောင်း ခရီးငှင်း။ ဉာတိ၊ သမထ-ဝိပဿနာဆုတ်ယုတ်ကြောင်း သာသနာ့မျိုးဆွေ အိမ်မျိုးဆွေငှင်း။ အာဗာဓော၊ သမထ-ဝိပဿနာ ဆုတ်ကြောင်း အနာရောဂါကို ငဲ့ကွက်၍ နေခြင်းငှင်း။ ဂန္ထော၊ သမထ-ဝိပဿနာ ဆုတ်ယုတ်ကြောင်း စာပေကျမ်းဂန် သင်အံဆောင်ရွက် ကျက်မှတ်ကြည့်ရှု ကျမ်းပြုကြံစည်၍ နေခြင်းငှင်း။ ဣဒ္ဓိ၊ ဝိပဿနာ ဆုတ်ယုတ်ကြောင်း ဈာန်အဘိညာဉ်တန်ခိုးနှင့် နေခြင်းငှင်း။ ဣတိ၊ ဤသို့။ တေ ပလိဗောဓာ၊ ထိုဈာန်မဂ်ဖိုလ်ရကြောင်း မဟုတ် သမထ-ဝိပဿနာ ဆုတ်ယုတ်ကြောင်းဖြစ်သော အနှောင့်အယှက် ပလိဗောဓကြီးတို့သည်။ ဒသ၊ ဆယ်ပါးတို့တည်း။

**ကျောင်းအပြစ် ၁၈-ပါး။** ။ ထိုတွင် အပြစ် တဆဲ့ရှစ်ရပ် ရှိသော ကျောင်းကို—

ကြီး- သစ်-အို-လမ်း၊ ချီးမွမ်း-ထုံး-ပွင့်၊ သီးနှင့်-လယ်-ဟင်း၊ မြို့-ထင်း-ဆိပ်-ရန်၊ ကြပ်-စွန်-ဘေး-ကင်း၊ ဆယ့်ရှစ်ခင်း၊ ရှောင်ကွင်း ဝေးဝေးခွါ—

ဟူသော လင်္ကာဖြင့် မှတ်။

**ကြီး**-ကား—နာနာ ဿန္ဒဝိဝါဒများသော ကျောင်းတိုက်ကြီး။

**သစ်**-ကား—နဝကမ္မ များသော တိုက်သစ်။

**အို**-ကား—အပျက်အစီး များသော တိုက်အို။

**လမ်း**-ကား—လမ်းခရီး နီးသောကျောင်း။

**ချီးမွမ်း**-ကား—လူစုံချီးမွမ်းသော ကျောင်း။

**ထုံး**-ကား—ရှင်လူရဟန်း ရေပြွမ်းစုဆိုင် ထုံးအိုင် ရေကန် နီးသော ကျောင်း။

**ပွင့်**-ကား—ပန်းတော ပန်းပွင့်ရှိသောကျောင်း။

**သီး**-ကား—သစ်သီးရှိသောကျောင်း။

**လယ်**-ကား—လယ်တော နီးသောကျောင်း။

**ဟင်း**-ကား—ဟင်းရွက်တော နီးသောကျောင်း။

**မြို့**-ကား—မာတုဂါမ-စသည် ဆူလှောင်း မြို့နီးကျောင်း။

**ထင်း**-ကား—ထင်းတော နီးသောကျောင်း။

**ဆိပ်**-ကား—ညှော်သည်လာအိပ် ကုန်းဆိပ်-ရေဆိပ် နီးသော ကျောင်း။

**ရန်**-ကား—ဝိသဘာဂ ရဟန်း ရန်သူရှိသောကျောင်း။

ကြပ်-ကား— မင်းဘေးနီးစပ် တိုင်းကြပ်ရွာကို မှီသော ကျောင်း။

ခွန်-ကား—သဒ္ဒါနည်းပါး တိုင်းစွန်ပြည်နား ရွာကို မှီသော ကျောင်း။

ဘေး-ကား—မာတုဂါမဘေး, ဘိလူးဘေးစသည် များသော ကျောင်း။

ကင်း-ကား— သီလ သမထ ဝိပဿနာ ပြည့်စုံအောင် ဆုံးမနိုင်သောဆရာ ကင်းသော ကျောင်း။

ဤကား အပြစ်ဒေါသ တဆယ့်ရှစ်ရပ်ရှိသောကျောင်းတည်း။

ကမ္မဋ္ဌာန်း မစီးဖြန်းမီ ရှေးအဖို့၌ ပယ်အပ်သော ပလိဗောဓကြီး ဆယ်ပါးကို ပြဆိုချက် ပြီး၏။

---

## သပ္ပါယခုနစ်ပါးကို ပြဆိုချက်

အာဝါသော ဂေါစရော ဘဿံ၊ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထော ဘာတိ သတ္တေတေ၊ သပ္ပါယေ သေဝ ပဏ္ဍိတ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ (ပ-နှာ-၁၂၃)

**အာဝါသော၊** သမထ ဝိပဿနာတရား တိုးပွါးကြောင်း အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကျောင်းငှင်း။ ဂေါစရော၊ သမထ ဝိပဿနာတရား တိုးပွါးကြောင်း ဆွမ်းခံရွာငှင်း။ ဘဿံ၊ သမထ ဝိပဿနာတရား တိုးပွါးကြောင်း ကထာဝတ္ထုစကား ဆယ်ပါးငှင်း။ ပုဂ္ဂလော၊ သမထ ဝိပဿနာတရား တိုးပွါးကြောင်း ကထာဝတ္ထုစကား ဆယ်ပါးကိုပြောသော ပုဂ္ဂိုလ်ငှင်း။ ဘောဇနံ၊ သမထ ဝိပဿနာတရား တိုးပွါးကြောင်း ဘောဇဉ်

ရင်း။ ဥတု၊ သမထ ဝိပဿနာတရား တိုးပွါးကြောင်း ဥတုရင်း။ ဣရိယာပထော၊ သမထ ဝိပဿနာတရား တိုးပွါးကြောင်း ဣရိယာပုထ်ရင်း။ ဣတိ၊ ဤသို့။ သတ္တ၊ ကုန်သော။ ဧတေ သပ္ပါယေ၊ ထိုမဂ်ဖိုလ်ရကြောင်းဖြစ်သော သမထဝိပဿနာအား လျောက်ပတ်သော သပ္ပါယတို့ကို။ ပဏ္ဍိတ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးကြောက်ဘိ အိုပညာရှိ။ တွံ၊ သင် သူတော်ကောင်းသည်။ သေဝ၊ အမတ နိဗ္ဗာန ဘေးဘယ ကင်းဝေး အမြိုက်ဆေးကြီးကို ရအောင် မှီဝဲလော့။

ထိုတွင် အင်္ဂါငါးပါးနှင့် ပြည့်စုံသောကျောင်းကို —

ဆွမ်းခံရွာကျေး၊ မဝေး နီးမော၊ မရော လူရှင်၊ မှက်ခြင် မြွေနည်း၊ ပစ္စည်းမိတ်ဆွေ၊ ရလွယ်လေ၊ ငါးထွေ ကျောင်း အင်္ဂါ—

ဟူသော လင်္ကာဖြင့် မှတ်။

**ပစ္စည်း**-ကား—မပေါ်လွန်း မရှားလွန်း။ **မိတ်ဆွေ**-ကား— သီလ-သမာဓိ - ဝိပဿနာကို ပြောဟောဆုံးမနိုင်သော ကလျာဏ မိတ္တ။ အကြွင်း သိသာ၏။ ဤကား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကျောင်းကို ပြဆိုချက်။

သပ္ပါယခုနစ်ပါးကို ပြဆိုချက် ပြီး၏။

---

### ကထာဝတ္ထု (၁၀) ပါးကို ပြဆိုချက်

အပ္ပိစ္ဆတာ စ သန္တုဋ္ဌိ၊ ပဝိဝေကာ အသံသဂ္ဂါ။
ဝီရိယာရမ္ဘာ သီလာဒိ၊ ကထာ'ယံ ဒသဝတ္ထုကာ။

အပ္ပိစ္ဆတာစ၊ အလိုနည်းခြင်းနှင့်စပ်သောစကားငှင်း။ သန္တုဋ္ဌိစ၊ ပစ္စည်း၌ ရောင့်ရဲလွယ်ခြင်းနှင့်စပ်သောစကားငှင်း။ ပဝိဝေ-ကာ၊ ကာယဝိဝေကစသော ဆိတ်ငြိမ်ခြင်းနှင့်စပ်သောစကားငှင်း။ အသံသဂ္ဂါ၊ ကာမဂုဏ်နှင့် မရောမယှက် ဒသဃန သံသဂ္ဂ စသည် ကင်းသော စကားငှင်း။ ဝီရိယာရမ္ဘာ၊ တရားကို လုံ့လအား ထုတ်ခြင်းနှင့် စပ်သောစကားငှင်း။ သီလာဒိ၊ သီလကထာ, သမာဓိကထာ, ပညာကထာ, ဝိမုတ္တိကထာ, ဝိမုတ္တိဉာဏဒဿန ကထာ ငါးပါးငှင်း။ အယံ၊ ဤဆယ်ပါးသော စကားသည်။ ဒသဝတ္ထုကာ၊ ဆယ်ပါးသော ဝတ္ထုရှိသော။ ကထာ၊ စကား ကောင်းမည်၏။

ဆောင်ပုဒ်။ ။ကထာလကၤာ ကဗျာအချုပ်ကား—

နည်း-ရဲ-ဆိတ်-ကင်း၊ ထုတ်ခြင်း-သီ-မာ၊ တိပညာ၊
ကထာ ဆယ်ဝတ္ထု—

ဟူသည်တည်း။

နည်း-ကား—ပစ္စည်းအာရုံ ကာမဂုဏ်ငါးပါး၌ အလို နည်းခြင်းနှင့်စပ်သော စကား။

ရဲ-ကား—ပစ္စည်းလေးပါးတို့၌ ရောင့်ရဲခြင်း တဆယ့်နှစ် နှစ်ပါးနှင့်စပ်သော စကား။

ဆိတ်-ကား—ကာယဝိဝေကစသော ဆိတ်ငြိမ်ခြင်းနှင့် စပ်သော စကား။

ကင်း-ကား—ကာမဂုဏ်နှင့် မရောမယှက် ဒသဃန သံသဂ္ဂစသည် ကင်းသော စကား။

**ထုတ်ခြင်း-ကား** – တရားကို အားထုတ်ခြင်းနှင့်စပ်သော စကား။

**သီ-ကား**—သီလ်နှင့်စပ်သောစကား။

**မာ-ကား**—သမာဓိနှင့် စပ်သောစကား။

**တိပညာ-ကား** – ဘာဝနာပညာနှင့် စပ်သောစကား၊ မိုလ်ပညာနှင့်စပ်သော စကား၊ ပစ္စဝေက္ခဏာဉာဏ်ပညာနှင့်စပ်သော စကား။

ဤကား ကမ္မဋ္ဌာန်းကို အားထုတ်သောသူတို့ ပြောဟောအပ်သော ကထာဝတ္ထု ဆယ်ပါးကို ပြဆိုချက်။

---

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပေးနည်း လိုရင်းအချုပ်ကို ပြဆိုချက်

**ဘုရားအား စွန့်လှူပုံ။** ။ဣမာ ဟံ ဘန္တေ အတ္တဘာဝံ ဘဂဝတော ကေမာသံ ပရိစ္စဇာမိ။

**ဘန္တေ**၊ မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ကေမာသံ၊ တလပတ်လုံး။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ (၃) ခေါက်ဆို။

ဤကား မြတ်စွာဘုရားအား စွန့်လှူအပ်နှင်းပုံ။

**ဆရာအား စွန့်လှူပုံ။** ။ဣမာ ဟံ အာစရိယ အတ္တဘာဝံ အာစရိယဿ ကေမာသံ ပရိစ္စဇာမိ။

အာစရိယ၊ အရှင် ကမ္မဋ္ဌာန်းဆရာ။ အဟံ၊ အကျွန်ုပ်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို။ အာစရိယဿ၊ အရှင်ကမ္မ-

ဋ္ဌာန်း ဆရာအား။ ကေမာသံ၊ တလပတ်လုံး။ ပရိစ္စဇာမိ၊ စွန့်လှူ ပါ၏။ (၃) ခေါက်ဆို။

**ဤကား** ကမ္မဋ္ဌာန်းဆရာအား စွန့်လှူအပ်နှင်းပုံ။

**ကမ္မဋ္ဌာန်းတောင်းပုံ။** ။နိဗ္ဗာနဿ မေ ဘန္တေ သစ္ဆိကရဏတ္ထာယ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာနံ ဒေဟိ။

ဘန္တေ၊ အရှင် ကမ္မဋ္ဌာန်းဆရာ။ မေ၊ အကျွန်ုပ်အား။ နိဗ္ဗာ-နဿ၊ နိဗ္ဗာန် ချမ်းသာကြီးကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက် ပြုပါရခြင်း အကျိုးငှါ။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာနံ၊ ဗုဒ္ဓါနုဿတိ ကမ္မ-ဋ္ဌာန်းကို။ တွံ၊ သင်ကမ္မဋ္ဌာန်း ဆရာသည်။ ဒေဟိ၊ ကရုဏာ ရှေ့ထား၍ ပေးသနားတော်မူပါလော့။ (၃) ခေါက်ဆို။

ဤကား ကမ္မဋ္ဌာန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းပုံ။

အဒ္ဓါ ဣမာယ ပဋိပဒါယ နိဗ္ဗာနသုခံ လဘိဿာမိ။

ဣမာယ ပဋိပဒါယ၊ ဤကမ္မဋ္ဌာန်းအကျင့်ဖြင့်။ အဒ္ဓါ၊ ကေန်စင် စစ်။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန် ချမ်းသာကြီးကို။ အဟံ၊ အကျွန်ုပ်သည်။ လဘိဿာမိ၊ လျင်မြန်စွာ ရပေတော့အံ့။ (၃) ခေါက်ဆို။

ဤကား နိဗ္ဗာန်ချမ်းသာကြီးကို အာသီသပြုပုံ။

**ကမ္မဋ္ဌာနပုဗ္ဗကိစ္စ။** ။ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခ-မူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီ-ဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

အင်္ဂုတ္တိုရ် ပါဠိတော် ပ-၁၄၆၊၅၃၁။ ဈာနဝိဘင်းပါဠိတော် ၂၅၃။ သတိပဋ္ဌာန် ပါဠိတော် ဒီ-၂-၂၃၁။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား သာသနာတော်၌။ ဘိက္ခု၊သံသရာဘေးကြီး-အပါယ်ဘေးကြီး-ဇာတိဘေးကြီးစသည်ကို ကြောက်သော ရှုသော သူတော်ကောင်း အပေါင်းသည်။ အရညဂတော ဝါ၊တောအရပ်သို့ ကပ်၍၎င်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်း အရပ်သို့ ကပ်၍၎င်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာ ကျောင်းအရပ်သို့ကပ်၍၎င်း။ ဝါ၊ စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ ငါးပါးဆိတ်ရာ အရပ်သို့ ကပ်၍၎င်း။ ပလ္လင်္ကံ၊ ထက်ဝယ် တင်ပြင်။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ကာယံ၊ ခါးအထက်ကိုယ်ကို။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ သတိံ၊ ကမ္မဋ္ဌာန်း၌ အမြဲအောက်မေ့ခြင်း သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ ဝါ၊ ပွါးစေ၍။ ဝါ၊ စီးဖြန်း၍။ နိသီဒတိ၊ ထိုင်နေ အားထုတ်ရ၏။

၎င်းပါဠိတော်ဖြင့် ကမ္မဋ္ဌာန်းလေးဆယ်တို့၏ ပုဗ္ဗကိစ္စကို ပြ၏။

ပထမကဏ္ဍ ပြီး၏။

# ဒုတိယကဏ္ဍ

## ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်း  အကျဉ်းချုပ်

ဂုဏ်းပါဠိတော်နှင့် အညီ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်း လိုရင်းကြီး အကျဉ်းချုပ်ကား—

ဆိတ်-တင်-ဖြောင့်-ငါး၊ ရှေ-မြဲ-ပွါး၊ ကြိုးစား ဘာဝနာ။
(ဆောင်ပုဒ်။)

ဂုဏ်းဆောင်ပုဒ်ကို ရှေးဦးစွာ ရအောင် ကျက်ရမည်။

ဆိတ်-ဆိုသည်ကား ဆိတ်ငြိမ်ရာသို့ကပ်ခြင်း။

တင်-ဆိုသည်ကား ထက်ဝယ်တင်ပြင်ခွေခြင်း။

ဖြောင့်-ဆိုသည်ကား ခါးအထက် ကိုယ်ကို ဖြောင့်မတ်စွာ ထားခြင်း။

ငါး-ဆိုသည်ကား စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ ဟု ဆိုအပ်သော ဒွါရငါးပေါက်ကို ပိတ်ခြင်း။

ရှေ-ဆိုသည်ကား မိမိရှေ့က ငါးတောင်ကွာခန့် နေရာ၌ ဗောဓိပင်ရွှေပလ္လင်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်ဖြင့် ထားခြင်း။

မြဲ-ဆိုသည်ကား စိတ်ဖြင့် မြတ်စွာဘုရား၌ အမြဲ အောက်မေ့ခြင်း။

ပွါး-ဆိုသည်ကား ဘုရားကို စေ့စေ့ကြည့်၍ အရဟံ-အရဟံ ဟု စိတ်ဖြင့် ပွါးခြင်း။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်၌ထိုင်၍ ထက်ဝယ်တင်ပြင်ခွေ၍ ခါးအထက်ကိုယ်ကို ဖြောင့်မတ်စွာထား၍ ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံ-ဟု ဆိုအပ်သော ငါးပါးသော အာရုံတို့ကို မမြင်ရ, မကြားရ, မနမ်းရ, မလျက်ရ, မထိရအောင် စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟု ဆိုအပ်သော ဒွါရငါးပေါက်တို့ကို ပိတ်ပြီး၍ မိမိရှေ့က ငါးတောင်ကွာခန့် နေရာ၌ ဗောဓိပင်ရွှေပလ္လင်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်ဖြင့် ထားပြီး၍ စိတ်ဖြင့် မြတ်စွာဘုရားကို အမြဲအောက်မေ့လျက် မြတ်စွာဘုရားကို စေ့စေ့ကြည့်၍ အရဟံ-အရဟံ ဟု စိတ်ဖြင့်ပွါးရမည်၊ စိတ်ဖြင့် စီးဖြန်းရမည်။

အရဟံကို ပွါး၍ စိတ်သည် ဘယ်ကိုမှ မပျံ့လွင့်ဘဲ ဘုရား၌ အမြဲတည်၍ နေလျှင် ဗောဓိပင်ရွှေပလ္လင်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရားကို စေ့စေ့ကြည့်၍ စိတ်ဖြင့် အရဟံ-အရဟံဟု ပွါးရမည်၊ တသက်လုံး မြတ်စွာဘုရားအာရုံ စွဲမြဲအောင် ပွါးရမည်။ တသက်လုံး မြတ်စွာဘုရားအာရုံ ကောင်းစွာစွဲမြဲမည် ထင်မှ နာမရူပ-ပရိစ္ဆေဒဉာဏ် စသည်ကို အားထုတ်ရမည်။

နာဘေးကြီး သေဘေးကြီး မငြိုးခင် တရားက အလျင် ဦးအောင် ကြိုးစား၍အားထုတ်၊ ကြိုးစား၍ အားထုတ်။
အပါယ်ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို ကြိုးစား၍သည်းခံ၊ ကြိုးစား၍သည်းခံ။
နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးကို ကြိုးစား၍ပယ်၊ ကြိုးစား၍ပယ်–

ဟု သုံးကြိမ်စီ ဆုံးမရမည်။

ခေတ်သုံးပါး၌ သတ္တဝါအပေါင်းတို့သည် ချမ်းသာကြစေကုန်သတည်း၊ ချမ်းသာကြစေကုန်သတည်း။

ဤအရပ်တွင်း၌ သတ္တဝါအပေါင်းတို့သည် ချမ်းသာကြစေကုန်သတည်း၊ ချမ်းသာကြစေကုန်သတည်း။

နတ်အပေါင်းတို့သည် ချမ်းသာကြစေကုန်သတည်း။ ချမ်းသာကြစေကုန်သတည်း–

ဟု သုံးကြိမ်စီ မေတ္တာပို့ရမည်။

သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ။
(သဠာယတနသံယုတ်ပါဠိတော်-၁၀၂။)

သမာဟိတော၊ သမထကို အားထုတ်၍ စိတ်တည်ကြည် ငြိမ်သက်သောသူသည်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဇာနာတိ၊ သိတတ်၏။ ပဿတိ၊ မြင်တတ်၏။ ဇာနာတိ၊ သိလွယ်၏။ ပဿတိ၊ မြင်လွယ်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်း
လိုရင်းကြီး အကျဉ်းချုပ် ပြီး၏။

---

## ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပုံ အကျယ်

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်း အကျယ်ဝိတ္ထာရကား—

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန ယောဂါဝစရော၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်။လ။ ဂန္ထေယျ၊ ရောက်ရာ၏-ဟူသည်နှင့်ညီစွာ သံသရာ ဘေးကြီး အပါယ် ဘေးကြီး ဇာတိဘေးကြီး စသည်တို့မှ မရှုနိုင် မရှုက်နိုင်အောင်

အဟုတ်ထိတ်ပျာ လွန်မင်းစွာကြောက်လန့်၍ သက္ကာယနယ် ပညတ်တွေ အကုန် ကွယ်ပျောက်ရန် ပရိယတ် ပဋိပတ် နှစ်လမ်း စွမ်းနိုင်သည့်လောက် ကောင်းကောင်းကြီး စခန်းပေါက်ခြင်းကို လွန်မင်းစွာ အလိုရှိသော ရဟန်း ရှင် လူ ယောကျ်ား မိန်းမ မဟူ အလုံးစုံသောသူတို့သည် ယေဘုယျအားဖြင့် ခုနစ်ရက် အတွင်း ယခုချက်ခြင်း ယခုလက်ငင်း ကိုယ်စီကိုယ်င လွန်မင်းစွာ အေးမြ၍ တသက်စာလုံး တသံသရာလုံး အငြိမ်းစား သုခကို မြန်မြန်ကြီး ရစေနိုင်သော ဤဗုဒ္ဓါနုဿတိ **ကမ္မဋ္ဌာန်းကို**—

ဆိတ် တင် ဖြောင့် ငါး၊ ရွှေ မြဲ ပွါး၊ ကြိုးစား **ဘာဝနာ**-ဟူသော အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံစွာ အားထုတ်ရလိမ့်မည်။ သည် အတိုင်း အဟုတ် ယုံကြည်စွာ အားထုတ်က မကြာခင် ခုနစ် ရက်အတွင်း ထင်ကြ၏။ နှစ်ရက် သုံးရက်အတွင်းမှာပင် ထင်ကြ၏။ နေ့ချင်း ညချင်းပင် ထင်ကြ၏။

### ပွါးနည်း အင်္ဂါ ၇-ပါး

**ဆိတ်-အရ အကျယ်။**　။ထိုတွင် ဆိတ် ဆိုသည်ကား— အလုံးစုံ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ရခြင်းကိုဆိုသည်။

ဤဆိတ်ဟူသော အင်္ဂါဖြင့် ကာလ-ဒေသ နှစ်ပါးကို ပြသည်။ ကာလ ဆိုသည်ကား–ဆိတ်ငြိမ်သော အခါကိုဆိုသည်။ ဒေသ ဆိုသည်ကား—ဆိတ်ငြိမ်သော တောအရပ် သစ်ပင်ရင်းအရပ်ကို ဆိုသည်။ တောအရပ် သစ်ပင်ရင်း အရပ်သည် များသောအား ဖြင့် ဆိတ်ငြိမ်ရာကို ရတတ်၏။ တော ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ သစ်ပင်ရင်း ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆိတ်ငြိမ်ရာ အရပ်သည်သာ လိုရင်းကြီးဖြစ်၏။ ဆိတ်ငြိမ်ရာရမှ ကာယ-

ဝိဝေကကို ရနိုင်မည်၊ ကာယဝိဝေက ရမှ စိတ္တဝိဝေကရနိုင်မည်၊ စိတ္တဝိဝေက ရမှ ဥပဓိဝိဝေက ရနိုင်မည်။ ထို့ကြောင့် ဆိတ်ငြိမ်ရာ အရပ်ကို ပဓာနလိုရင်းကြီး မှတ်။

လူရှင်မနေ့ာ ကာမဂုဏ်အာရုံငါးပါးမပေါ်သော တောအရပ်မှာ ကာလ ဒေသ နှစ်ပါးလုံးရ၏၊ လူရှင်ရောနေ့ာ ကာမဂုဏ်အာရုံငါးပါးပေါ်သော မြို့ကြီး ရွာကြီး တိုက်တာကြီးအတွင်းဖြစ်ခဲ့လျှင် လူခြေတိတ်ကစ၍ လူများထကြသည်တိုင်အောင် ဤအတွင်းမှာမှ ကာလတပါးသာ အနိုင်ရ၏။ တညဉ့်လုံး၌ ညဉ့်သုံးယံရှိသည်တွင် ပဌမယံ သန်းခေါင်အခါကြီး၌ အားထုတ်ရလိမ့်မည်။

နက္ခတ်အစဉ်တို့ဖြင့် ကြည်လင်တောက်ပ အန္တရာယ်မပွမ်းဆိတ်ချမ်းအေးမြသော ဤညဉ့်သန်းခေါင်ယံ ကာလကြီးသည် ပညာရှိသူတော်ကောင်းအပေါင်းတို့မှာ ငါးပါးအာရုံကာမဂုဏ်ရိပ်၌ တိတ်တိတ်ဆိတ်ဆိတ် အိပ်စရာအလို့ငှါ ဖြစ်ပေါ်လာသည်မဟုတ်၊ နိုးနိုး ကြားကြား အပါယ်ဘေးကြီးက လွတ်ဘို့ရန်တရားကိုသာလျှင် အားထုတ်စရာ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် သောဏစစ်သူကြီးဖြစ်ဘူးသောရဟန်းကို မြတ်စွာဘုရားက ဆုံးမတော်မူသည်မှာ—

> **န** တာဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တမာလိနီ။
> ပဋိဇဂ္ဂိတုံမေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတံ။
>
> (ထေရဂ ၁၊ ၄၀၅)

နက္ခတ္တမာလိနီ။ နက္ခတ်ပန်းတို့ဖြင့် ဆန်းကြယ်သော။ ရတ္တိ၊ ညဉ့်သည်။ သုပိတုံ၊ ကာမဂုဏ်ရိပ်၌ တိတ်တိတ်ဆိတ်ဆိတ် အိပ်

စရာအလိုင္ဂါ။ န တာဝ ဟောတိ၊ လိုရင်းစင်စစ် ဖြစ်လာ ပေါ်လာသည်မဟုတ်။ နက္ခတ္တမာလိနီ၊ နက္ခတ်အစဉ်တို့ဖြင့် ကြည်လင်တောက်ပသော။ သော ရတ္တိ၊ ဆိတ်ငြိမ်ချမ်းမြ ဤညဉ့်ကာလသည်။ ဝိဇာနတံ– ဝိဇာနန္တာနံ၊ သဒ္ဓါ ပညာ မြဲစွာ လုံ့လဉဿာဟနှင့် ပြည့်စုံကြကုန်သော ပညာရှိတို့အား။ပဋိဇဂ္ဂိတုမေဝ၊ နိုးနိုး ကြားကြား သူတော်ကောင်းတရားကို အားထုတ်စရာအလို့ငှါသာလျှင်။ ဟောတိ၊ လိုရင်းစင်စစ် ဖြစ်လာပေါ်လာ၏။

ဤ သောဏာစစ်သူကြီးဖြစ်ဘူးသော ရဟန်းသည် မြတ်စွာဘုရားဟောတော်မူသော ဒေသနာကို ရှင်ရှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ ကြားနာရ၍ တရားကိုသာ အားထုတ်ရာ၏။ ဤသောဏာစစ်သူကြီး ရဟန်းသည် အဟုတ် ပညာရှိသောသူပေတည်း။ ကြောက်မက်ဘွယ်အရေး အပါယ်ဘေးကြီးကို ကောင်းကောင်းကြီး မြင်သောသူပေတည်း။ မိမိကိုယ်ကိုလည်း ကောင်းကောင်းကြီး ချစ်ခင်၍ အလွန်ပင် သနားသောသူပေတည်း။ မိရင်း ဘရင်း ဗြဟ္မာမင်းအစစ် ကိုးကွယ်ရာအမှန်ဖြစ်သော ကံ-ကံ၏အကျိုးများကို ယုံကြည် ကိုးစားသော သူပေတည်း။ ပဋိညာဉ်ဝန်ခံချက်ကို ဖြောင့်ဖြောင့်ကြီး ဆောင်ရွက်သော သူပေတည်း။ သို့ကလောက် ဆိတ်ငြိမ်အေးမြ၍ ချမ်းသာလှသော ဤသန်းခေါင်ယံ ကာလကြီး၌ အားထုတ်ရလိမ့်မည်ဟိုလျှင် ဉာဏ်အမြင်ကင်း၍ အလျှင်း အားမထုတ်လိုသူ, အိပ်ရေးကိုသာ အလေးပြုသူတို့က ဤအခါ အိပ်ချိန်ကာလကြီးကို တရားမရ နေရတော့မှာဘဲ၊ အားမထုတ်နိုင်ဟု ဆိုကြရာ၏၊ ဆိုကြလိမ့်မည်၊ မဆိုသော်လည်း တုံးကနဲ လှဲ၍ အိပ်ကြလျှင် ဆိုရာရောက်၏၊ မုချလည်း အိပ်ကြလိမ့်မည်။ တိုသူတို့

သည် "ယထာသုခံ ဘုဥ္ဇန္တိ၊ ယထာသုခံ ပိဝန္တိ၊ ယထာသုခံ သုပန္တိ"အဆိုရှိသည့်အလျောက် စားချင်တိုင်း သောက်ချင်တိုင်း စားသောက်၍ ကာမဂုဏ်အရိပ်၌ အိပ်ချင်တိုင်းအိပ်ကာ ပျော်ပါးကာ နေကြသော သူဌေးသားလေးယောက်တို့ကဲ့သို့ အဟုတ်ပညာမရှိသော သူတို့ပေတည်း။ လွန်မင်းစွာ ကြောက်မက်ဖွယ် အရေး အပါယ်ဘေးကြီးကို ပိတ်မမြင်သော သူတို့ပေတည်း။ မိမိကိုယ်ကိုလည်း ကောင်းကောင်းကြီး မချစ်မခင် အလွန်ပင် မသနားသော သူတို့ပေတည်း။ မိရင်း-ဘရင်း မြဟ္မာမင်း အစစ်ကိုးကွယ်ရာ အမှန်ဖြစ်သော ကံ ကံ၏ အကျိုးများကို မယုံကြည် မကိုးစားသော သူတို့ပေတည်း။ ပဋိညာဉ် ဝန်ခံချက်ကို မဆောင်မရွက်ဘဲ ကိုယ်ကျိုးနဲ့အောင် ဖျက်ဆီးသော သူတို့ပေတည်း။ ထို့ကြောင့် ထိုသူများနှင့်တကွ သူဌေးသားလေးယောက်တို့ကဲ့သို့ မဟုတ်၊ ပညာရှိကြီး သောဏစစ်သူကြီး ရဟန်းကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးကာ ကျူးကာနှင့် ညဉ့်အခါ သန်းခေါင်ယံ ကာလကြီးပင် ဖြစ်သော်လည်း ကောင်းကောင်းကြီး အားထုတ်ရလိမ့်မည်။

ဆိတ်-အရ အကျယ် ပြီး၏။

တင် အရ အကျယ်။ ။တင်-ဆိုသည်ကား- ထိုင်နည်းကိုဆိုလိုသည်။
ထို ထိုင်နည်းသည်—

မဟာပလ္လင်ထိုင်နည်း၊

အဍ္ဍပလ္လင်ထိုင်နည်း—

အားဖြင့် နှစ်ပါးအပြား ရှိ၏။

တနည်းကား—

ယောက်ျားထိုင်နည်း၊

မိန်းမထိုင်နည်း—

အားဖြင့် နှစ်ပါး အပြား ရှိ၏။ မဟာပလ္လင်ထိုင်နည်းသည် ယောက်ျားထိုင်နည်းတည်း။ အဍ္ဎပလ္လင်ထိုင်နည်းသည် မိန်းမထိုင်နည်းတည်း။

ထိုနှစ်ပါးတို့တွင် မဟာပလ္လင်ထိုင်နည်းသည်လည်း—

ဗောဓိရိုးထိုင်နည်း၊

မဟာခွေထိုင်နည်း—

အားဖြင့် နှစ်ပါး အပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် ဗောဓိရိုးထိုင်နည်းသည် ယခု ဆင်းတုတော်များကဲ့သို့ ခြေလက်ကို ထား၍ ထိုင်နည်း။ ခြေကို ဆင်းတုတော်များကဲ့သို့ ထားပြီးလျှင် ဘယ်ဘက်လက်ကို အောက်ကထား၍ ညာဘက်လက်ကို အပေါ်ကတင်၍ လက်မထိပ်ချင်း ထိ၍ထိုင်နည်း။ ဤသို့အားဖြင့် နှစ်ပါး အပြား ရှိ၏။

မဟာခွေထိုင်နည်းမှာလည်း ဗောဓိရိုးထိုင်နည် နှင့် ခြေထား ပုံသာ ထူး၍ လက်ထားပုံ မတူသောကြောင့် နှစ်ပါးပင် အပြား ရှိ၏။

ခြေထားပုံမှာ – ဘယ်ဘက်ခြေကို အောက်ကထားပြီးလျှင် ညာဘက်ခြေကို အပေါ်က တင်၍ထားလေ။

ယောက်ျားထိုင်နည်း (၄) မျိုး ပြီး၏။

အခုပလ္လင်ထိုင်နည်းကား–ယခု မိန်းမများထိုင်သကဲ့သို့ ထိုင်ပြီးလျှင် ဘယ်ဘက်လက်ကို အောက်ကထား၍ ညာဘက်လက်ကို အပေါ်ကတင်၍ လက်မထိပ်ချင်း ထိ၍ထိုင်လျှင် အခုပလ္လင်ထိုင်နည်း ဖြစ်၏။

မိန်းမထိုင်နည်း ပြီး၏။

ပြဆိုခဲ့ပြီးသော ထိုင်နည်းတို့နှင့် အားထုတ်၍ ညောင်းညာလှလျှင် အညောင်းအညာလည်းပျောက်၊ မရောက်သေးသော အာရုံလည်းရောက်၊ ရောက်ပြီးသောအာရုံလည်း မပျောက်စိမ့်သောငှါ အမျိုးမျိုးသော ထိုင်နည်း, အမျိုးမျိုးသော ဣရိယာပုထ်တို့ဖြင့် ပြောင်းလဲပြင်ဆင်၍ ထိုင်ကြ အားထုတ်ကြလေကုန်။

ထိုင်နည်းရှိသရွေ့ကိုသာ စုံလင်အောင် အမျိုးမျိုး ရေးလိုက်သည်၊ လိုရင်း ထိုင်ပုံမှာ ယောကျာ်းများမှာ ရှေးကပါသော ဘုန်းတော်ကြီး ပုံအတိုင်း ထိုင်ကြလေ၊ မိန်းမများမှာ အခုပလ္လင် ထိုင်နည်းအတိုင်း ထိုင်ကြလေ။

တင်-အရ အကျယ် ပြီး၏။

ဖြောင့်-အရအကျယ်။ ။ဖြောင့်-ဆိုသည်ကား–ခါးအထက် ကိုယ်ကို ဖြောင့်မတ်စွာ ထားရမည်၊ ကိုယ်ကို ကိုင်း၍ မနေရ၊ ကုန်း၍ မနေရ၊ တပါးဝဏ္ဏကို မှီ၍ မနေရ၊ ဦးခေါင်းကို မော့၍ မနေရ၊ စောင်း၍ မနေရ၊ ဖြောင့်ဖြောင့် မတ်မတ် ကိုယ်-ဦးခေါင်းတို့ကို ထားရမည် ဆိုလိုသည်။

ဖြောင့်-အရ အကျယ် ပြီး၏။

**မှာထားချက်။** ။ ဤ ဒုတိယ-တတိယ အင်္ဂါနှစ်ပါးဖြင့် ထိုင်ပုံကို ပြသည်။ ဤထိုင်ခြင်းဣရိယာပုထ် တပါးကိုသာ ကမ္မဋ္ဌာန်းတိုင်းနှင့် လျော်ကပ်၍ အင်္ဂါအထူးဆိုလိုက်သည်။ ဤမှ တပါး အပွက အားဖြင့် တပါးပါးသော ဣရိယာပုထ်နှင့်လည်း ဖြစ်ပါသေး၏။

**ငါး-အရ အကျယ်။** ။ငါး-ဆိုသည်ကား—မျက်စိ-နား-နှာ-လျှာ-ကိုယ် ဤ ဒွါရငါးပေါက်ကို လုံလုံပိတ်ဆို့ရခြင်းကို ဆိုသည်။

ထိုတွင် မျက်စိကိုပိတ်-ဆိုသည်ကား—ခြေလက်စသည် အင်္ဂါ တစုံတခုကိုမျှ မမြင်ရအောင် မှောင်အတိပြီးသော အရပ်၌ အားထုတ်ရမည်။ မှောင်အတိပြီးသောအရပ် မရခဲ့လျှင် မျက်စိကို မှိတ်၍ အားထုတ်ရမည်။ အဆင်းအလုံးစုံကို မမြင်ရအောင် မျက်စိကိုမှိတ် ဆိုလိုသည်။ သို့မှ မြန်မြန်ကြီး ထင်လွယ်မည်။

နားကိုပိတ်-ဆိုသည်ကား—အသံဟူသမျှ မကြားသောအရပ်၌ အားထုတ်ရမည်။ အနည်းငယ်မျှ အသံကို အာရုံမပြုနှင့် ဆိုလို သည်။ အသံကို အာရုံမပြုလျှင် မိုးကြိုးသံပင် ဖြစ်သော်လည်း မကြားရ။

နှာခေါင်းကို ပိတ်-ဆိုသည်ကား—တစုံတခုသော အနံ့ကိုမျှ မနမ်းရ။ အနံ့အလုံးစုံကို အာရုံမပြုနှင့် ဆိုလိုသည်။

လျှာကိုပိတ်-ဆိုသည်ကား—တစုံတခုသောအရသာကိုမျှ မစား မဝါးရ။ အရသာအလုံးစုံကို အာရုံမပြုနှင့် ဆိုလိုသည်။

ကိုယ်ကိုပိတ်-ဆိုသည်ကား— ကိုယ်မလှုပ်ရ၊ လက်မလှုပ်ရ၊ ခြေမလှုပ်ရ၊ ခေါင်းမလှုပ်ရ၊ နှုတ်က အသံ မထွက်ရ၊ ကမ္မဋ္ဌာန်း

ကိုလည်း ရွတ်၍ မပွါးရ။ ယုတ်စွာ့အဆုံး အာရုံအချက်ကျတုန်း ကျခါနီးဖြစ်လျှင် မှက်-ခြင်-သန်း-ကြမ်းပိုးပင် ကိုက်ငြားသော်လည်း အယားမဖျောက်ရ။

**နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးကို စွန့်ရမည်။**

**အပါယ်ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို သည်းခံရမည်-**

ဟု ဆိုသော ဆရာကြီး သမားကြီး ပညာရှိကြီးများ ဆုံးမစကားနှင့် ညီစွာ ကောင်းကောင်းကြီး သည်းခံရလိမ့်မည်။ တကြိမ်တခါ အစလောက် သည်းခံလျှင် **နောက်ကို ကိစ္စမရှိ။** သို့မှ မြန်မြန်ကြီး ထင်လွယ်မည်။ သည်းမခံပါလျှင် တခါချောက်လျှင် ချောက်ချင်လျင်း,တခါဖျောက်လျှင် ဖျောက်ချင်လျင်းနှင့် အလျှင်းပင် အားထုတ်ခွင့် မရ။ ထင်လွယ်ရန်အရေး ကွာဝေးစွ။ အလွန်ညောင်းညာလှ၍ မခံသာလှလျှင် ပြင်ရဆင်ရပါသေး၏။ အာရုံထင်လွယ်အောင် အချက်ကျကျ ကောင်းကောင်းကြီး အားထုတ်က ကျောက်ရုပ်နှင့်တူစွာ နေရလိမ့်မည် ဆိုလိုသည်။

ငါး-အရ အကျယ် ပြီး၏။

ရွှေ-အရ အကျယ်။ ။ရွှေ-ဆိုသည်ကား—မိမိရွှေက ငါးတောင်ကွာခန့် နေရာ၌ ဗောဓိပင် ရွှေပလ္လင်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်ဖြင့် ထားရခြင်းကို ဆိုလိုသည်။

ရွှေ-အရ အကျယ် ပြီး၏။

မြဲ-အရ အကျယ်။ ။မြဲ-ဆိုသည်ကား-သက်တော်ထင်ရှား မြတ်စွာဘုရား၌ အမြဲအောက်မေ့ခြင်းကို ဆိုသည်။

မြဲ-အရ အကျယ် ပြီး၏။

**ပွါး-အရ အကျယ်။** ။ ပွါး - ဆိုသည်ကား — **သက်တော်ထင်ရှား** မြတ်စွာဘုရားကို စေ့စေ့ကြည့်၍ အရဟံ-အရဟံ-ဟု စိတ်ဖြင့် ပွါးရခြင်းကို ဆိုသည်။

ပွါး-အရ အကျယ် ပြီး၏။

ပွါးနည်းအင်္ဂါခုနစ်ပါး ပြီး၏။

---

**ဘာဝနာကို ကြိုးစားပုံ။** ။**ကြိုးစားဘာဝနာ** အရမှာ — ဝိရိယိန္ဒြိယံ **ဘာဝေန္တော ကောသဇ္ဇံ ပဇဟတိ**။

ဝိရိယိန္ဒြိယံ၊ သမထ-ဝိပဿနာ ထင်မြင်လွယ်အောင် အားထုတ်ခြင်း ဝိရိယိန္ဒြေကို။ ဝါ၊ ဝိရိယပါရမီရင့်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလွယ်အောင် အားထုတ်ခြင်း ဝိရိယိန္ဒြေကို။ ဘာဝေန္တော၊ ဇူရိယာပုထ်လေးပါး၌ မီးပွတ်သော ယောက်ျား ကဲ့သို့ မနေမနား ပွါးစေသော သူသည်။ ကောသဇ္ဇံ၊ "အချမ်း ပြည့်ဗုန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလွန်းလှယောင်၊ ဆာလောင်ပြင်းပြ၊ **ဝမ်းဝ**တထွေ၊ နေ**ကဘာဝနာ**၊ မဖြစ်ရာ" ဟု ခြောက်ဖြာသော ပျင်းရိခြင်းကို၊ **ပဇဟတိ**၊ လျင်မြန်စွာ စွန့်ခွါ ပယ်ပစ်နိုင်၏ —

ဟူသည်နှင့်အညီ ဤကမ္မဋ္ဌာန်းသည် ကေန်မုချ အဟုတ်ပဲ အမှန်ပဲဟု အလိုက်အလျှဲ အလွန်ယုံကြည်သော သဒ္ဓါ၊ သည် အတိုင်း လုပ်လိုက် အားထုတ်လိုက်က မကြာခင် သူတကာတွေ နှစ်ရက် သုံးရက်နှင့် ထင်သလို ငါလည်း ကေန်ထင်လိမ့်မည်၊ ထင်တော့မည် ကေန်ပဲဟု မလုပ်ခင် မထုတ်ခင်က မနေနိုင် မထိုင်နိုင်အောင်ပင် နိမိတ်ကို အလွန်လိုချင်သော အာသာဆန္ဒနှင့် တကွ မလျော့သော လုံ့လ၊ မှန်ကန်သော ဝိရိယဖြင့် ကြိုးစား

ပွါးများ အားထုတ်ခြင်းကို ဆိုလိုသည်။ ဤစကားစုကား ဘာဝ နာ ကျက်သရေတိုက်ခန်းတွင် လိုရင်းကြီး စကားစုတည်း။

**အရပ်ဖံ ဂုဏ်တော်ပွါးနည်း။** ။သည့်အတိုင်း အဟုတ် ကောင်း ကောင်းကြီး ပွါးများအားထုတ်၍ ထိုစိတ်သည် ဗဟိဒ္ဓသို့ မပျံ့မလွင့်ပဲ မြတ်စွာဘုရား၌ အမြဲတည်၍ နေလျှင်—

စိန္တေတိတိ စိတ္တံ၊ အာရမ္မဏံ ဝိဇာနာတီတိ အတ္ထော။
(အဘိဓမ္မတ္ထဝိဘာဝနိဋီကာ၊ နှာ-၇၄။)

ဤအရာ၌ ဋီကာအလိုအတိုင်း အနက်မပေးမူ၍—

အတ္ထပ္ပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ န သဒ္ဒါယေဝ ကေဝလံ-

ဟူသော သဒ္ဒသာရတ္ထ ဇာလိနီဆရာ မိန့်မှာတော်မူတိုင်း အနက်-အရာ-အသင့်, ကာလ-ဒေသ-ကို ထောက်ချင့်၍ အရာ အားလျော်စွာ ပေးရမည်။

ယံ ဓမ္မဇာတံ။ အကြင် တည်ကြည်ခြင်းနှင့်ယှဉ်သော သဘော တရားသည်။ အာရမ္မဏံ၊ အာရုံအပေါင်းတို့တွင် ဘုရားတည်း ဟူသော အဝိဇ္ဇဉ္စာရုံကို။ စိန္တေတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတည်ကြည်ခြင်းနှင့်ယှဉ်သော သဘောတရား သည်။ စိတ္တံ၊ သမာဓိ စိတ်မည်၏။ အာရမ္မဏံ၊ အာရုံကို။ ဝိဇာ-နာတိ၊ သိတတ်၏။ ဣတိ အတ္ထော၊ ဤကားအနက်။

ၡင်းဝစနတ္ထနှင့်အညီ မိမိရှေ့က ငါးတောင်ကွာခန့် အရပ်၌ ဗောဓိပင် ရွှေပလ္လင်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရား

သီတင်းသုံး နေတော်မူဟန်ကို ကြည်ညိုသော သဒ္ဓါတရား၊ ထင်ချင်သော စိတ်ထားနှင့် မနောဒွါရဖြင့် သေသေချာချာ မြင်အောင် ကြည့်ရမည်။ စိတ်ဖြင့် ကြံ၍ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက် တိုင်အောင် ကူး၍ပေးရမည်။ စိတ်ကူးလျှင် မကြာခင် လျင်မြန်စွာ သက်တော်ထင်ရှား မြတ်စွာဘုရား အာရုံ ထင်လာလိမ့်မည်။ ဘုရားအာရုံထင်လျှင်ထင်ချင်း ဘုရားကို စေ့စေ့ကြည့်၍ စိတ်ဖြင့် အရဟံ အရဟံဟု ခပ်မြန်မြန် မနေမနား မီးပွတ်သော ယောက်ျားကဲ့သို့ လွန်စွာကြိုးကုတ် အားပါးထုတ်၍ အယုတ်ဆုံး သုံးနာရီ လေးနာရီလောက် ကြာအောင် စီးဖြန်းရမည်။ ထိုနည်းတူစွာ အာရုံစွဲမြဲအောင် စီးဖြန်းရမည်။

**စိတ်အလိုရှိတိုင်း အာရုံပြုပုံကို ပြဆိုချက်**

**ဣရိယာပုထ် ၄-ပါးနှင့် မြတ်စွာဘုရားပုံတော်။**　။ထိုမှတဖန် ထင်ပြန်လျှင် မိမိ ဦးခေါင်းပေါ်၌ သက်တော် ထင်ရှား မြတ်စွာဘုရား ထိုင်၍ နေတော်မူဟန်ကို စိတ်ဖြင့်ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။ ထိုမှတဖန် ထင်ပြန်လျှင် မိမိဦးခေါင်းပေါ်၌ သက်တော်ထင်ရှားမြတ်စွာဘုရား ရပ်၍နေတော်မူဟန်ကို စိတ်ဖြင့် ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။

ထိုမှတဖန် ထင်ပြန်လျှင် မိမိဦးခေါင်းပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရား စင်္ကြံကြွ၍ နေတော်မူဟန်ကို စိတ်ဖြင့် ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။ ထိုမှတဖန် ထင်ပြန်လျှင် မိမိ ဦးခေါင်းပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရား လျောင်းစက်၍ နေတော်မူဟန်ကို စိတ်ဖြင့်ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။

**ဘုရားပွင့်တော်မူပုံ။** ။ထိုမှတဖန် ထင်ပြန့်လျှင် မောဓိပင် ရွှေပလ္လင်နှင့်တကွ သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်ဖြင့် ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။

**တန်ခိုးပြာဋိဟာ ပြတော်မူပုံ။** ။ထိုမှတဖန် ထင်ပြန်လျှင် သာဝတ္ထိပြည် ကဏ္ဍမ္ဗ သရက်ပင်ရင်း၌ သက်တော်ထင်ရှား မြတ်စွာဘုရား ထိုင်တော်မူ၍ ရောင်ခြည်တော်ခြောက်သွယ် လွှတ်လျက် လက်ျာဘက်မျက်လုံးတော်က ရေအလျှံဖွေးဖွေးထွက်ပုံ, လက်ဝဲဘက်မျက်လုံးတော်က မီးအလျှံ ဝင်းဝင်းတောက်ပုံ, လက်ျာဘက် နှာခေါင်းတော်က ရေအလျှံ ဖွေးဖွေးထွက်ပုံ, လက်ဝဲဘက် နှာခေါင်းတော်က မီးအလျှံ ဝင်းဝင်းတောက်ပုံ, လက်ျာဘက်နားတော်က ရေအလျှံ ဖွေးဖွေးထွက်ပုံ, လက်ဝဲဘက် နားတော်က မီးအလျှံ ဝင်းဝင်း တောက်ပုံတို့ကို စိတ်ဖြင့်ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။

**အဘိဓမ္မာ ဟောတော်မူပုံ။** ။ထိုမှတဖန် ထင်ပြန်လျှင် တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ သက်တော်ထင်ရှား မြတ်စွာဘုရားသခင်သည် နတ်မြဟ္မာပရိသတ်တို့ကို တရားဟော၍ နေတော်မူဟန်ကို စိတ်ဖြင့် ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။

**နတ်ပြည်မှ ဆင်းတော်မူပုံ။** ။ထိုမှတဖန် ထင်ပြန်လျှင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ အလယ်က ပတ္တမြားစောင်းတန်းဖြင့် သက်တော်ထင်ရှား မြတ်စွာဘုရား ဆင်းတော်မူဟန်, လက်ျာက ရွှေစောင်းတန်းဖြင့် သိကြား

မင်းဆင်းဟန်,လက်ဝဲက ငွေစောင်းတန်းဖြင့် ဗြဟ္မာမင်းဆင်းဟန်, ဘုရားနောက်တော်က နတ်ဗြဟ္မာပရိသတ် ဆင်း၍လာဟန်တို့ကို စိတ်ဖြင့် ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။

**တရားဟောပုံ။** ။ထိုမှတဖန် ထင်ပြန်လျှင် သင်္ကဿနဂိုရ်ပြည် စောင်းတန်းဦး၌ သက်တော်ထင်ရှား မြတ်စွာဘုရား ရပ်တော်မူလျက် ဗြဟ္မာ လူ နတ် ပရိသတ်တို့နှင့် တကွ သဿာတော် တပည့်သားတို့အား တရားဟော၍ နေတော်မူဟန်ကို စိတ်ဖြင့် ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။

**ပရိနိဗ္ဗာန် စံတော်မူပုံ။** ။ထိုမှတဖန် ထင်ပြန်လျှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ် အင်ကြင်းပင်ပျို အကြား ခင်ထားအပ်သော မြသလွန် ညောင်စောင်းပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရားသခင်သည် လျောင်းစက်တော်မူလျက် ဗြဟ္မာ လူ နတ် ပရိသတ်တို့နှင့်တကွ သဿာတော်တပည့်သားတို့အား တရားဟော၍ နေတော်မူဟန်ကို စိတ်ဖြင့် ကြံ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။ ထင်သောအာရုံကို စေ့စေ့ကြည့်၍ **အရဟံ-အရဟံ**ဟု စီးဖြန်းရမည်။ နောက်ကို ဤနည်းကဲ့သို့ တသက်လုံး မြတ်စွာဘုရားအာရုံ စွဲမြဲအောင် စီးဖြန်းရမည်။

**ဗုဒ္ဓါနုဿတိမှ အဆင့်ဆင့်တက်ပုံ။** ။**တသက်လုံး မြတ်စွာဘုရားအာရုံ** ကောန်စွဲမြဲမည်ထင်မှ သက္ကာယ ဒိဋ္ဌိကွါနိုင်အောင်, အနတ္တထင်မြင်အောင်, နာမရူပပရိစ္ဆေဒဉာဏ်

ထင်မြင်အောင် ရုပ်နာမ်ကို စီးဖြန်း အားထုတ်ရလိမ့်မည်။ ဝိစိ-ကိစ္ဆာခုါနိုင်အောင်, ပစ္စယပရိဂ္ဂဟဉာဏ် ထင်မြင်အောင် ရုပ်နာမ် ဖြစ်ကြောင်းကို ဆင်ခြင်အားထုတ်ရလိမ့်မည်။ အနိစ္စ-ဒုက္ခ-အနတ္တ ထင်မြင်အောင်, သမ္မသနဉာဏ်-ဥဒယဗ္ဗယဉာဏ် ထင်မြင်အောင် ရုပ်နာမ်ဖြစ်ခြင်း ပျက်ခြင်းကို ပွါးများအားထုတ်ရလိမ့်မည်။ အနိစ္စ-ဒုက္ခ-အနတ္တ ထင်မြင်အောင်, ဘင်္ဂဉာဏ်ထင်မြင်အောင် ရုပ်နာမ် ပျက်စီးခြင်းကို စီးဖြန်း အားထုတ်ရလိမ့်မည်။ ၎င်းအားထုတ်နည်းကို ဝိပဿနာကမ္မဋ္ဌာန်းမှာ ကြည့်လေ။

## ကမ္မဋ္ဌာန်းအာရုံ အမျိုးမျိုးထင်ပုံကို ပြဆိုချက်

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ကြသော အရာ အထောင်မကသော ရဟန်း-ရှင်-လူတို့အား အာရုံအမျိုးမျိုး ထင်ကြသည့်မှာ သက်တော်ထင်ရှား ဆင်းတုတော်, စေတီတော်, ရောင်ခြည်တော်, ဂန္ဓကုဋိတိုက်တော်, အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် အစရှိသော ရဟန္တာ, ပြာသာဒ်, တန်ဆောင်း, ဂူ,ကျောင်း, နေဝန်း, လဝန်း, နေရောင်, လရောင်, ကြယ်ရောင်, ပတ္တမြားလုံး,ပုလဲလုံး, ပန်းကုံး,တောင်ခိုး, တိမ်ခိုး, မီးခိုး,အရိုးစု, အသုဘကောင်, တော တောင် မြေ ရေ အစရှိသော တခုခုသော အာရုံ ထင်ကြကုန်၏၊ မြင်ကြကုန်၏။ ထင်မြင်ကြသော အာရုံကို အကုန်ရေးလျှင် ကျမ်းလေးအံ့စိုး၍ မရေးလိုက်ပြီ။ အရိုးစု,အသုဘကောင် အစရှိသော တခုခုသော အာရုံ ထင်မြင်လာခြင်းနှင့် အဘယ့်ကြောင့် ထင်မြင်သနည်း။ သမာဓိအဟုန် ကောင်းသောသူ, သမာဓိရင့်သောသူတို့မှာ သညာအားလျော်စွာ စိတ်အလိုရှိတိုင်း စိတ်ကမှန်း၍ ကြည့်တိုင်း ထင်မြဲ မြင်မြဲ ဖြစ်သောကြောင့်တည်း။

## အရဟံ ဂုဏ်တော်ကို အားထုတ်လျှင် ကိလေသာမှဝေး၍ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြောင်း ပြဆိုချက်

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်း သော သူသည် ငါးပါးသော အရဟံဂုဏ်ကို မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း အားထုတ်သည်မည်၏။ အဘယ်ကဲ့သို့ မည်သနည်း။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်း သောသူသည် အရဟံကိုပွါး၍ သက်တော်ထင်ရှား ဆင်းတုတော်, စေတီတော်, ရောင်ခြည်တော်တို့ကို ထင်မြင်သောအခါ ရာဂ ဒေါသ စသော ကိလေသာတို့မှ တဒင်္ဂပဟာန်အားဖြင့် ဝေး သောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း ပထမ အရဟံကို အားထုတ်သည် မည်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ သက်တော်ထင်ရှား ဆင်းတုတော်, စေတီတော်, ရောင်ခြည်တော် တို့ကို ထင်မြင်သောအခါ ရာဂ ဒေါသ စသော ကိလေသာတို့ကို တဒင်္ဂပဟာန်အားဖြင့် သတ်၍ နေသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း ဒုတိယအရဟံကို အားထုတ်၍နေသည် မည်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ သက်တော်ထင်ရှား ဆင်းတုတော်, စေတီတော်, ရောင် ခြည်တော်တို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ အဝိဇ္ဇာ သင်္ခါရ စသော သံသရာစက်၏ အကန့်တို့ကို တဒင်္ဂပဟာန်အားဖြင့် ဖျက်ဆီး၍ နေသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း တတိယ အရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ သက်တော်ထင်ရှား ဆင်းတုတော်, စေတီတော်, ရောင်

ခြည်တော် တို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ ဝိသေသဘာဂိယ သီလ, ဥပစာရ သမာဓိနှင့် ပြည့်စုံသည်ဖြစ်၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်သောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း စတုတ္ထအရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ သက်တော်ထင်ရှား ဆင်းတုတော်, စေတီတော်, ရောင် ခြည်တော် တို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာအရပ် မရှိသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန် ရကြောင်း ပဥ္စမအရဟံကို အားထုတ်၍နေသည် မည်၏။

တနည်းလည်း— ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော သူသည် အရဟံကို ပွါး၍ အရိုးစု, အသုဘကောင် စသော တခုခုသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ ရာဂ ဒေါသ စသော ကိလေသာတို့မှ တဒင်္ဂပဟာန်အားဖြင့် ဝေးသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း ပထမ အရဟံကို အားထုတ်၍နေသည် မည်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ အရိုးစု, အသုဘကောင် စသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ ရာဂ ဒေါသ စသော ကိလေသာတို့ကို တဒင်္ဂပဟာန်အားဖြင့် သတ်၍နေသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန် ရကြောင်း ဒုတိယအရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ အရိုးစု, အသုဘကောင် စသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ အဝိဇ္ဇာ, သင်္ခါရ စသော သံသရာစက်၏

အကန့်အကွက်တို့ကို တဒင်္ဂပဟာန် အားဖြင့် ဖျက်ဆီး၍နေသော ကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း တတိယ အရဟံကို အား ထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ အရိုးစု, အသုဘကောင် စသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ ဝိသေသဘာဂိယ သီလ, ဥပစာရ သမာဓိနှင့် ပြည့်စုံသည်ဖြစ်၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်သောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း စတုတ္ထအရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ အရိုးစု, အသုဘကောင်စသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင် မြင်သောအခါ မကောင်းမှုကို ပြုခြင်းဌ ဆိတ်ကွယ်ရာအရပ် မရှိ သောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း ပဉ္စမ အရဟံကို အား ထုတ်၍ နေသည်မည်၏။

**အရဟံ နှစ်မျိုး။** ။အရဟံသည် အာရုံ အရဟံ, အာရမ္မဏိက အရဟံ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သက်တော် ထင်ရှား မြတ်စွာဘုရား, ဓာတ်တော်,ဆင်းတုတော်, စေတီတော်, ရောင်ခြည်တော်တို့ကို ထင်မြင်သောအခါ အာရုံ အရဟံ, အာရမ္မဏိက အရဟံ နှစ်ပါး ရ၏။

အရိုးစု, အသုဘကောင် စသော အာရုံတို့ကို ထင်မြင်သော အခါ အာရမ္မဏိက အရဟံတပါးသာ ရ၏။ မြတ်စွာဘုရားသခင် သည် အရဟတ္တမဂ်ဉာဏ်ဟု ဆိုအပ်သော အရဟံ ဂုဏ်တော် နှင့် ပြည့်စုံသည်နှင့် တပြိုင်နက် ကြွင်းသော ဂုဏ်တော်ရှစ်ပါး

လည်း အလိုလို ပြည့်စုံသကဲ့သို့ ထိုနည်းအတူ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွါး၍ ထင်မြင် လျှင် ကြွင်းသော ဂုဏ်တော်ရှစ်ပါးလည်း ထင်လွယ် မြင်လွယ် တော့သည်သာတည်း။

## ဘုရားအာရုံထင်လျှင် ကြီးကြီး ငယ်ငယ် အမှတ်မရှိ ထင်သင့်ကြောင်း ပြဆိုချက်

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် သက်တော် ထင်ရှား မြတ်စွာဘုရား ထိုင်၍နေတော်မူဟန် ထင်မြင်သောအခါ ကိုးတောင်သာ ထင်ကောင်းသည် မဟုတ်၊ ကိုးတောင်ဖြစ်စေ၊ ဆယ်တောင် စသည်ဖြစ်စေ၊ လက်လေးသစ်, တမိုက် စသည် ဖြစ်စေ ထင်ကောင်း မြင်ကောင်း၏။

ရပ်တော်မူ၍ နေဟန် ထင်မြင်သောအခါ တဆယ့်ရှစ်တောင် သာ ထင်ကောင်း မြင်ကောင်းသည် မဟုတ်၊ တဆယ့်ရှစ်တောင် ဖြစ်စေ၊ အတောင်နှစ်ဆယ်စသည်ဖြစ်စေ၊ လက်လေးသစ်, တမိုက် စသည်ဖြစ်စေ ထင်ကောင်း မြင်ကောင်း၏။

အဘယ်ကဲ့သို့နည်း။ သက်တော်ထင်ရှား မြတ်စွာဘုရား သခင် သည် တန်ခိုးတော်အားဖြင့် အလွန် ကြီးတော်မူလိုလျှင် မြင်းမိုရ် တောင်မက ကြီးနိုင်မြင့်နိုင်၏။ ငယ်ရမည်ဆိုလျှင် မုန်ညင်းစေ့ထဲ၌ ပရိက္ခရာရှစ်ပါးနှင့်တကွ စကြံကြွ၍ နေတော်မူနိုင်၏။ ဆင်းတု တော်မှာလည်း ယခုမျက်မှောက် ကိုးကွယ်နေကြသော ဆင်းတု တော်ကဲ့သို့တည်း။ အထူး ထင်မြင်လွယ်ရန်မှာ— ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းတရား ကေန် မှန် သည်ဟု အလွန်ယုံကြည်သော သဒ္ဓါ(၁)၊ အလွန် အားထုတ်

သော ဝီရိယ(၁)၊ အလွန်အောက်မေ့သော သတိ(၁)၊ ဤသုံးပါးနှင့် ပြည့်စုံလျှင် ကေန်ထင်မြင်၏၊ မပြည့်စုံလျှင် ကေန်မထင်မြင်။

### အရူးကလေး အရူးကြီးတို့ကို ခွဲ၍ ပြဆိုချက်

လောက၌ အရူးသည် အရူးကလေး, အရူးကြီး ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် အရူးကလေးဆိုသည်ကား—သည်းခြေပျက်၍ စိတ်ကတောက် ကတက် စိတ်သွက်သွက် လည်အောင် ရူးသောသူကို အရူးကလေးဟု ဆိုသည်။ အဘယ့်ကြောင့် သည်စိတ်ရူးမျိုးကို အရူးကလေး ဆိုရပါသနည်းဟူမူ— စိတ်သွက်သွက်လည်အောင် ရူးငြားသော်လည်း စိတ်က ထွက်တိုင်း မပက်မသို ဖြောင့်မတ်စွာ ထွက်ဆို သွားလာသည်။ မတော်၍ ပါရာဇိက စသော အမှုကြီးများကို ပြုမိငြားသော်လည်း အပါယ်လေးပါး အဝီစိစသော ငရဲကြီးများ၌ မကျနိုင်သောကြောင့်တည်း။

အရူးကြီးဆိုသည်ကား—"ပုထုဇ္ဇနော ဥမ္မတ္တကော"ဟူသော ပါဠိနှင့်အညီ စိတ်ကို မနိုင်နင်းသော ယခု မြင်မြင်သမျှ လူများကို အရူးကြီးဆိုသည်။ အဘယ့်ကြောင့် စိတ်ကိုမနိုင်သူ ယခု လူများကို အရူးကြီး ဆိုရပါသနည်းဟူမူ—စိတ်တခုကို မနိုင်နင်းသည့်အတွက် ကတောက် ကတက်နှင့် ထွက်ချင်ရာ ထွက်၍ ယုတ်ယုတ်မာမာ ကြံချင်ရာ ကြံငြားသော်လည်း သူတပါးကို မပြောကြားဝံ့ဘဲ သိုဝှက်၍ ထားခြင်း တည်းဟူသော အလဇ္ဇီမှုကြီး ရှိကြ၍ အကာသိုလ်ဆိုလျှင် တွင်တွင်ကြီး ပြုလုပ်ကြလျက် အပါယ်ငရဲ အဝီစိထဲ၌ ထုတ်ထုတ်ထိ ကျနိုင်သောကြောင့်တည်း။

ဆေးသည်လည်း ငြုတ်, ပိတ်ချင်း-စသော ဇီဝကဆေးတမျိုး၊ သမထ-တည်းဟူသော မြတ်စွာဘုရားဆေးတော်ကြီး တမျိုးဟူ၍

နှစ်မျိုးပင် ရှိ၏။ အဗဒ္ဓသည်းခြေပျက်၍ ရူးသောသူ၏ စိတ်ရူး စိတ်လေ စိတ်လွင့် စိတ်ရိုင်းကလေးကို ဇီဝကဆေးနှင့် ကုသလျှင် မကြာခင် ခုနစ်ရက်အတွင်း, တဆယ့်ငါးရက်အတွင်း, တလ အတွင်းမှာပင် စိတ်ရူး စိတ်လေ စိတ်လွင့် စိတ်ရိုင်းကလေး ပျောက်၍ စိတ်၏ ငြိမ်သက်တည်ကြည် ချမ်းသာခြင်းသို့ ရောက်ရ၏။

ပုထုဇဉ် စိတ်ရူးကြီးကို အကျော်ကြီး အမော်ကြီးဖြစ်သော ဇီဝကဆေးဆရာကြီးသော်မှ မတတ်နိုင် လက်မှိုင်ချ၍ နေရ၏။ ထို စိတ်ရူးကြီးကို မဟာတိကိစ္ဆက အမည်တော်ရသော မြတ်စွာ ဘုရား၏ ဝဇီရစိန်လက်နက် မိုးကြိုးစက်နှင့်တူသော ဤသမထ တည်းဟူသောဆေးတော်ကြီးမှသာ တတ်နိုင်တော့၏။ ဤသမထ တည်းဟူသော ဆေးတော်ကြီးနှင့်ကုသလျှင် မကြာခင် ခုနစ်ရက် အတွင်း, တဆယ့်ငါးရက်အတွင်း, တလအတွင်းမှာပင် စိတ်ရူး စိတ်လေ စိတ်လွင့် စိတ်ရိုင်းကြီး ပျောက်၍ စိတ်၏ငြိမ်သက် တည် ကြည်ချမ်းသာခြင်းသို့ ဧကန်မုချ ရောက်နိုင်၏။ ထို့ကြောင့် စိတ်ရူး ကြီးရှိသူ ယခုလူတို့မှာ သမထဆေးတော်ကြီးရှိခိုက် လှင်လျင် မြန်မြန် ကိုယ်စီကိုယ်င ကုသလိုက်ကြရမည်။ စိတ်ကတောက် ကတက်နှင့် မကုသလိုက်သည့်အတွက် အပါယ်နရက် အဝီစိသို့ သက်ကြလျှင် ဆေးကို အပြစ်မတင်ရပေ၊ ရှုံမဲ့ရှုံမဲ့နှင့် ကိုယ့်ကိုယ်သာ အပြစ်တင်ရလိမ့်မည်။ ထို့ကြောင့် အလောင်းတော် သုမေဓာ မိန့်မှာတော်မူခဲ့သည့်အတိုင်း ပရမတ္ထသရုပဘေဒနီ(၃-၆၅၃)၌—

ရန်သူဝိုင်းထား၊ ထိုယောက်ျားကား၊ ပြေးသွားဘို့ရာ၊
လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ။

မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊
မဆေးရက်၊ ကန်တွက် မရှိလေ။

အနုပ္ပကမ်း၊ ဘေးဘျမ်းများစွာ၊ သံသရာမှ၊ ထွက်ရာလမ်းမ၊ သမထဝိပဿနာ၊ ကိလေသာဘင်၊ သန္တစင်ဈော်ဆေး၊ ရေအေးလေးမင်၊ ရှိပါလျက်နှင့်၊ မထွက်ပြေးလို၊ မဆေးလို၊ မင်းပျို ကိုယ့်တွက်ပေ—

ဟု တံဆိပ်နှစ်တန် အလှူတော်ခံရသော ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးလည်း မိန့်ဆိုတော်မူပြီ။

စိတ်ရှုးပျောက်ချင်လှလျှင်　မြတ်စွာဘုရား ဆေးတော်ကြီးကို သောက်ကြလေ။

## ဥဂ္ဃဋိတ-မဇ္ဈိမ-မုဒု-ပုဂ္ဂိုလ်တို့ကို ခွဲ၍ ပြဆိုချက်

ဤ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းကြသော ယောဂီပုဂ္ဂိုလ်မျိုးတို့သည် ဥဂ္ဃဋိတ,မဇ္ဈိမ, မုဒု-ဟူ၍ သုံးမျိုးရှိ၏။ စိတ်ရှုးပျောက်ရာ ကာလလည်း ခုနစ်ရက်အတွင်း, တဆယ့်ငါးရက်အတွင်း, တလ အတွင်းအားဖြင့်　သုံးမျိုးပင် အပြားရှိ၏။　ထိုတွင် ဥဂ္ဃဋိတပုဂ္ဂိုလ် ဆိုသည်ကား—နေ့ရော ညဉ့်ရော ကောင်းကောင်းကြီး အားထုတ်နိုင်သောသူကို　ဆိုသည်။　မဇ္ဈိမပုဂ္ဂိုလ်ဆိုသည်ကား—နေ့ကိုသာ အားထုတ်နိုင်၍ ညဉ့်ကို အားမထုတ်နိုင်၊ ညဉ့်ကိုသာ အားထုတ်နိုင်၍ နေ့ကို အားမထုတ်နိုင်သောသူကို ဆိုသည်။ မုဒုပုဂ္ဂိုလ် ဆိုသည်ကား—နေ့ထက်ဝက်၊ သို့မဟုတ် ညဉ့်ထက်ဝက်ကိုသာ အားထုတ်နိုင်သောသူကို　ဆိုသည်။　ပုဂ္ဂိုလ်နှင့်　ကာလကို　အစဉ်အတိုင်း ဟပ်။

ဟပ်ပုံကား—ဥဂ္ဃဋိတပုဂ္ဂိုလ်မှာ နေ့ရောညဉ့်ပါ အခါမစဲ အဖန်တလဲလဲ အမြဲမကွာ လွန်စွာကြိုးကုတ် အားထုတ်၍ စီးဖြန်းသည့်

အတွက် အနေးဆုံး ခြောက်ရက်-ခုနစ်ရက်ရှိလျှင် ဘုရားစသော အာရုံ ထင်လာ၏။

မဇ္ဈိမပုဂ္ဂိုလ်မှာ နေ့ကိုသာ အားထုတ်နိုင်၍ ညဉ့်ကို အား မထုတ်နိုင်၊ ညဉ့်ကိုသာ အားထုတ်နိုင်၍ နေ့ကို အားမထုတ်နိုင် သည့်အတွက် အနေးဆုံး တဆဲ့ငါးရက် ရှိလျှင် ဘုရားစသော အာရုံ ထင်လာ၏။

မုဒုပုဂ္ဂိုလ်မှာ ညဉ့်ထက်ဝက်၊ သို့မဟုတ် နေ့ထက်ဝက်ကိုသာ အားထုတ်နိုင်သည့်အတွက် အနေးဆုံး တလ ရှိလျှင် ဘုရားစသော အာရုံ ထင်လာ၏။ ထို့ကြောင့် ထိုစိတ်ရှုးကြိုးဝေဒနာကို မခံစားဘဲ သည်ကာလအတွင်း အလျှင်းပျောက်အောင် ကုသလိုက်ကြလေ။

### အထူးနှလုံးသွင်းရန်များကို ပြဆိုချက်

**တနေ့ လေးပုံင်းပိုင်း၍ ဆင်ခြင်ပုံ။** ။ဤ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ် သည် သံဝေဂဖြစ်ပွါးခြင်း အကျိုးငှါ စီးဖြန်းတိုင်း စီးဖြန်းတိုင်း "နာဘေးကြီး သေဘေးကြီး မဦးခင် တရားက အလျင်ဦးအောင် ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်" ဟု နှလုံးသွင်း။

ၛင်းအရမှာ—တနေ့ကို လေးပိုင်း ပိုင်းရမည်။ ပိုင်းနည်းကား နေထွက်က မွန်းတည့်တပိုင်း၊ မွန်းတည့်က နေဝင် တပိုင်း၊ နေဝင်က သန်းခေါင်တပိုင်း၊ သန်းခေါင်က နေထွက်တပိုင်း။ ဤသို့ (၄) ပိုင်း ပိုင်းရမည်။

ထိုလေးပိုင်းတို့ဘွင် "လွန်လေပြီးသောသန်းခေါင်က နေထွက် အတွင်းမှာ နာဘေးကြီး သေဘေးကြီး လွတ်ခဲ့ပြီ။ ရောက်ဆဲသော

နေထွက်က မွန်းတည့်အတွင်းမှာ နာဘေးကြီး သေဘေးကြီး မဦးခင် တရားက အလျင်ဦးအောင် သီလ-သမထ-ဝိပဿနာတို့ကို ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်။

လွန်လေပြီးသော နေထွက်က မွန်းတည့်အတွင်းမှာ နာဘေးကြီး သေဘေးကြီး လွတ်ခဲ့ပြီ။ ရောက်ဆဲသော မွန်းတည့်က နေဝင်အတွင်းမှာ နာဘေးကြီး သေဘေးကြီး မဦးခင် တရားက အလျင် ဦးအောင် သီလ-သမထ-ဝိပဿနာတို့ကို ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်။

လွန်လေပြီးသော မွန်းတည့်က နေဝင်အတွင်းမှာ နာဘေးကြီး သေဘေးကြီး လွတ်ခဲ့ပြီ။ ရောက်ဆဲသော နေဝင်က သန်းခေါင် အတွင်းမှာ နာဘေးကြီး သေဘေးကြီးမဦးခင် တရားက အလျင် ဦးအောင် သီလ သမထ ဝိပဿနာတို့ကို ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်။

လွန်လေပြီးသောနေဝင်ကသန်းခေါင်အတွင်းမှာနာဘေး ကြီး သေဘေးကြီးလွတ်ခဲ့ပြီ။ ရောက်ဆဲသော သန်းခေါင်က နေထွက် အတွင်းမှာ နာဘေးကြီး သေဘေးကြီး မဦးခင် တရားက အလျင် ဦးအောင် သီလ-သမထ-ဝိပဿနာတို့ကို ကြိုးစား၍ အားထုတ်။ ကြိုးစား၍ အားထုတ်"ဟု မိမိကိုယ်ကို တနေ့ လေးကြိမ် လေးကြိမ် ဆုံးမရမည်။

**အပါယ်ဘေးဖြင့် ဆင်ခြင်ပုံ။**　။"အပါယ်ဆင်းရဲကြီးကိုကြောက်လျှင် ဆင်းရဲကလေးကို ကြိုးစား၍သည်းခံ၊ ကြိုးစား၍ သည်းခံ" ဟု နှလုံးသွင်း။

၎င်းအရမှာ—“အပါယ်ဆင်းရဲကြီး စသည်ကို ကြောက်လျှင် စားချင်တိုင်း မစားရသော ဆင်းရဲကလေး၊ အိပ်ချင်တိုင်း မအိပ်ရသော ဆင်းရဲကလေး၊ မညောင်းမညာ နေချင်တိုင်း မနေရသော ဆင်းရဲကလေး၊ သွားချင်တိုင်း မသွားရသော ဆင်းရဲကလေး၊ စကားပြောချင်တိုင်း မပြောရသော ဆင်းရဲကလေး၊ ပူမှု အိုက်မှု ချွေးယွက်မှု ဆင်းရဲကလေး၊ သန်း ကြမ်းပိုး မှက် ခြင် ယင်ရဲ ကိုက်ခဲမှု ဆင်းရဲကလေး၊ ဤဆင်းရဲကလေးများကို သည်းခံရမည်။ ဤဆင်းရဲကလေးများကို သည်းခံမှ သံသရာဝဋ်ဆင်းရဲကြီး အပါယ်ဆင်းရဲကြီးမှ လွတ်မည်။ သံသရာဝဋ်ဆင်းရဲကြီး အပါယ်ဆင်းရဲကြီးမှ လွတ်လိုလျှင် ဤဆင်းရဲကလေးများကို ကြိုးစား၍ သည်းခံ၊ ကြိုးစား၍ သည်းခံ” ဟု မိမိကိုယ်ကို ဆုံးမရမည်။

နိဗ္ဗာန်ချမ်းသာဖြင့် ဆင်ခြင်ပုံ။ ။“နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးကို ကြိုးစား၍ ပယ်၊ ကြိုးစား၍ ပယ်” ဟု နှလုံးသွင်း။

၎င်းအရမှာ—“နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် စားချင်တိုင်း စားရသော ချမ်းသာကလေး၊ အိပ်ချင်တိုင်း အိပ်ရသော ချမ်းသာကလေး၊ မညောင်းမညာ နေချင်တိုင်း နေရသော ချမ်းသာကလေး၊ သွားချင်တိုင်း သွားရသော ချမ်းသာကလေး၊ ပြောချင်တိုင်း ပြောရသော ချမ်းသာကလေး၊ မပူမအိုက် ချွေးမလိုက်ဘဲ အေးအေးမြမြနေရသော ချမ်းသာကလေး၊ သန်း ကြမ်းပိုး မှက် ခြင် ယင်ရဲ ကိုက်ခဲရာ၌ အယားဖျောက်ရသော ချမ်းသာကလေး၊ ဤချမ်းသာကလေးများကို ကြိုးစား၍ ပယ်ရမည်။ ဤချမ်းသာကလေးများကို ပယ်မှ နိဗ္ဗာန်ချမ်းသာကြီးကို

ရမည်။ နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ဤချမ်းသာကလေးများကို ကြိုးစား၍ ပယ်၊ ကြိုးစား၍ ပယ်”ဟု မိမိကိုယ်ကို ဆုံးမရမည်။

**တိုက်တွန်းချက်။** ။ရေခဲကြီးနှင့် တူစွာ လွန်စွာအေးမြသော သမထ သုခကြီးကို မရခင်သော ကျဉ်း ကြပ် ပူပန်ရပါသည်။ ကောင်းကောင်းကြီး ရလျှင် ထိုထိုသုခများထက် သာမှန်းသိ၍ ထိုထိုသုခကလေးကို တစ တစ စွန့်နိုင်တော့သည်။ အလျှင်းပယ်နိုင်တော့သည်။ ဘယ်ကိုထောက်၍ သိသာသနည်း။ သုခရပ်ဌာန် နိဗ္ဗာန်ပြည်ကြီးသူများကို ထောက်၍ သိသာ၏။ ထို့ကြောင့် တနပ်စား သုခကို အလျှင်းပယ်၍ သုခရပ်ဌာန် နိဗ္ဗာန်ပြည်ကြီးသူများကဲ့သို့ တသက်စာလုံး တသံသရာလုံး အငြိမ်းစား သုခကြီးကို ခုနစ်ရက်အတွင်း,တဆဲ့ငါးရက်အတွင်း, တလအတွင်း မှာပင် လျင်လျင်မြန်မြန်ကြီး ရအောင် ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းနည်း ဟန် ကျကျ သံသယ ကင်းရှင်း ယုံကြည်ခြင်းနှင့် တကွ ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။ ကြိုးစားအားထုတ်နိုင်ကြပါစေကုန်လော့။

ကြိုးစားဘာဝနာအရ ဥယျောဇဉ် ပြီး၏။

ဒုတိယကဏ္ဍ ပြီး၏။

# တတိယကဏ္ဍ

## ဥပမာအမျိုးမျိုးဖြင့် ပြဆိုချက်

**ဖွတ် ဥပမာ။** ။ဖွတ်ဥပမာကို ပြဆိုပေအံ့—ဖွတ်ကို အလိုရှိသော သူသည် တခုသော တောင်ပို့၌ အပေါက် ခြောက်ပေါက် ရှိရာ၏။ ထိုတွင် ငါးပေါက်ကို ပိတ်၍ တခုသော အပေါက်က ဖွတ်ကို မိအောင်ဖမ်းသကဲ့သို့ ထို့အတူ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကိုစီးဖြန်းသောသူသည် မိမိခန္ဓာကိုယ်၌ မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနော ပေါက်ဟု ဆိုအပ်သော အပေါက် ခြောက်ပေါက်ရှိ၏။ ထိုတွင် မျက်စိ-နား-နှာ-လျှာ-ကိုယ် ဤငါးပေါက်ကို ပိတ်၍ မနော ပေါက်က စိတ်တည်းဟူသော ဖွတ်ကို မိအောင် ဖမ်းရာ၏။ စိတ်တည်းဟူသော ဖွတ်သည် အဘယ်ကိုမှ မပြေး မသွား မပျံ့ မလွင့်ပဲ မနောပေါက်၌ အမြဲတည်၍ နေလျှင် သက်တော် ထင်ရှား ဘုရားအစရှိသော အာရုံသည် သညာဖြစ်သည် အားလျော်စွာ ထင်လာ၏။

ဖွတ် ဥပမာ ပြီး၏။

**နွား ဥပမာ။** ။နွားဥပမာကို ပြဆိုပေအံ့—သူဌေးမင်း စည်းစိမ် ချမ်းသာကြီးကို အလိုရှိသော နွားရှင်သည် တခု သော မြို့ကြီး၌ နွားခြောက်ကောင် ရှိရာ၏။ တံခါ လည်း ခြောက်ခု ရှိရာ၏။ ထိုမြို့၏ အနီး၌ စပါးခင်းကြီးလည်း ခြောက်ခင်း ရှိရာ၏။ ထိုနွားခြောက်ကောင်တို့တွင် တကောင်သောနွားသည် နွားလားဥသဘ နွားစွမ်းကောင်း ဖြစ်ရာ၏။ အဘယ့်ကြောင့်

ကောင်းသနည်း၊ ကိုးတောင် ဆယ်တောင် စသည် မြင့်သော တံခါးစည်းရိုးတို့ကို ခုန်လွှား၍ ထိုထိုစပါးတို့ကို ကျက်စားနိုင်သော သတ္တိရှိသောကြောင့်တည်း။

ထိုခြောက်ကောင်သော နွားတို့သည် ထိုထိုတံခါးမှ ထွက်၍ ထိုထိုစပါးခင်းတို့ကို ကျက်စားလျှင် ငွေလျော်ရမည့် ဘေးကို ကြောက်သောကြောင့် နွားရှင်သည် ငါးကောင်သော နွားတို့ကို ဘယ်ကိုမှ မထွက် မသွားနိုင်အောင် တံခါးငါးခုတို့ကို ပိတ်ရ၏။ နွားလားဥသဘ နွားစွမ်းကောင်းကြီးကိုကား အစွမ်းကောင်းသည့် အတွက် ဘယ်ကိုမျှ မထွက် မသွားနိုင်ရအောင် တခုသော ချည်တိုင်၌ တခုသော ကြိုးဖြင့် ထိုနွား၏ နဖားကြိုးကို မြဲမြဲစွဲစွဲ ခိုင်ခိုင်ကြီးချည်၍ တလထားရ၏။ တလပြည့်လျှင် လိမ္မာယဉ်ကျေးသည်ဖြစ်၍ ထိုနွားလားဥသဘကြီးကို တဖက်က ပုံသေထားပြီး ငါးကောင်သော နွားတို့ကို တဖက်က တလှည့်စီထား၍ လယ်ထွန်ခြင်း, ယာထွန်ခြင်း, ကုန်တိုက်ခြင်း စသည်တို့ကို ပြုရသောကြောင့်ဝင်း၊ နွားလား ဥသဘ နွားစွမ်းကောင်းကြီး သည် တကောင်တည်းနှင့်ပင် လှည်းငါးရာတို့ကို ကုန်အပြည့်နှင့် ရုန်းနိုင်သောကြောင့်ဝင်း နွားရှင်သည် မကြာမြင့်မီ ကုဋေအရာမက, ကုဋေအထောင် မကသော ရွှေငွေတို့နှင့် ပြည့်စုံရ၏။ ပြည့်စုံလျှင် ရွှေသူဌေးကြီး ဖြစ်ရ၏။

နွားရှင်သည် သူဌေးစည်းစိမ်ကို အလိုရှိ၍ နွားကို အဆုံးအမကောင်းသည့်အတွက် ငွေလျော်ရဘေးမှ လွတ်၍ သူဌေး၏ စည်းစိမ်ချမ်းသာကြီးကို ရသကဲ့သို့ ထို့အတူ နိဗ္ဗာန် ချမ်းသာကြီးကို အလိုရှိ၍ ဉာဏ္ပဒ္ဓါနုသာရီ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မိမိခန္ဓာကိုယ်ကြီး၌ ဝိညာဏ်ခြောက်ခု ဒွါရ

ခြောက်ခု အဇ္ဈတ္တဗဟိဒ္ဓ အာရုံခြောက်ခု ရှိသည်။ ထိုတွင် ထိုထို ဒွါရပေါက်မှ ထွက်၍ ထိုထိုအာရုံတို့၌ ကျက်စားလျှင် အပါယ်ဘေးကြီး ကျမည်ကြောက်သောကြောင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းငှါ စက္ခုဝိညာဏ် စသော ငါးပါးသော ဝိညာဏ်တို့ကို ဘယ်မှ မထွက်မသွားနိုင်အောင် မျက်စိ နား နှာ လျှာ ကိုယ် ဤ ဒွါရငါးပေါက်တို့ကို ပိတ်၍ ထိုထိုမြို့ရွာ, ထိုထို စကြဝဠာ, ထိုထိုဘုံတို့၌ရှိသော ငါးပါးအာရုံ ကာမဂုဏ်ကို ခုန်ထွက်ပြေးယူနိုင်သောကြောင့် အလွန် အစွမ်းသတ္တိ ကောင်းလှသော မနောဝိညာဏ်ကို ဘယ်မှ မထွက်သွားနိုင်အောင် အရဟံဟု ဆိုအပ်သော ချည်တိုင်၌ သတိတည်းဟူသော ကြိုးနှင့် မြဲမြဲစွဲစွဲ ခိုင်ခိုင်ကြီး ချည်၍ တလထားရမည်။ တလပြည့်၍ စိတ်သည် ဘယ်ကိုမှ မပျံ့မလွင့်ဘဲ အရဟံဟု ဆိုအပ်သော ချည်တိုင်၌ အာရုံပြုတိုင်း အာရုံပြုတိုင်း အမြဲတည်၍ နေလျှင် စိတ်သည် လိမ္မာယဉ်ကျေးသည် ဖြစ်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသောသူသည် သမာဓိတည်းဟူသော ရွှေအိုးကြီးကို ရ၏။ သမာဓိတည်းဟူသော ရွှေအိုးကြီးကို ရလျှင် အပါယ်ဘေးကြီးမှ လွတ်၍ နိဗ္ဗာန်ချမ်းသာကြီးကို လျင်မြန်စွာ ရောက်နိုင်၏။

**ဥပမာန ဥပမေယျ ဟပ်ပြချက်။** ။ဥပမာန ဥပမေယျ နှစ်ပါးတို့၏ တူသည့်အဖြစ် ဥပမာကား–နွားရှင်နှင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော သူသည် တူ၏။ ခြံကြီးနှင့် ခန္ဓာကိုယ်ကြီးသည် တူ၏။ နွားခြောက်ကောင်နှင့် ဝိညာဏ် ခြောက်ခုသည် တူ၏။ တံခါးခြောက်ခုနှင့် ဒွါရ ခြောက်ခုသည် တူ၏။ စပါးခင်းကြီး ခြောက်ခုနှင့် အာရုံ ခြောက်ခုသည် တူ၏။ ငွေလျော်ရမည့် ဘေးကို ကြောက်ခြင်း

နှင့် အပါယ်ဘေးကျမည်ကို ကြောက်ခြင်းသည် တူ၏။ နွားလား ဥသဘနှင့် မနောဝိညာဏ်သည် တူ၏။ ချည်တိုင်နှင့် အရဟံ ဂုဏ်တော်သည် တူ၏။ ကြိုးနှင့် သတိသည် တူ၏။ မွှေအိုးကို ရခြင်းနှင့် သမာဓိရခြင်းသည် တူ၏။ ပွေလျော်ဘေးလွတ်ခြင်း နှင့် အပါယ်ဘေး လွတ်ခြင်းသည် တူ၏။ သူဌေးစည်းစိမ် ချမ်းသာကြီးကို ရခြင်းနှင့် နိဗ္ဗာန်ချမ်းသာကြီးကို ရခြင်းသည် တူ၏။

နွား ဥပမာ ပြီး၏။

**မျောက် ဥပမာ**။ ။မျောက် ဥပမာကို ပြဆိုပေအံ့၊ တခုသော ဥယျာဉ်ကြီး၏ အတွင်း၌ ဥယျာဉ်မှူးတယောက် စောင့်ရှောက်လျက်ရှိသော သုံးဆောင်ခြင်းငှါ ထိုက်-မထိုက်သော အသီး,အပွင့် စသည်တို့ကို စားသောက် ဖျက်ဆီးတတ်သော မျောက်ရိုင်းကြီးတကောင် အမြဲနေသော သရက်ပင်ကြီးတပင် သည် ရှိ၏။ ထိုသရက်ပင်ကြီးကို တနေ့လျှင် နှစ်ကြိမ် နှစ်ကြိမ် ရေသွန်းလောင်းရ၏။ ထိုသရက်ပင်ကြီး၌ အကိုင်းကြီး ငါးကိုင်း နှင့်တကွ မျောက်ရိုင်းကြီးနေထိုင်ရန် သင့်လျော်သော ခွဆုံကြီး တခုလည်း ရှိ၏။ များသောအားဖြင့် မျောက်ရိုင်းကြီးသည် သုံးဆောင်ခြင်းငှါ ထိုက်သော မှည့်သော အသီးကို မစားဘဲ သုံးဆောင်ခြင်းငှါ မထိုက်သေးသော အသီး,အပွင့် စသည်ကို ဖျက်ဆီးကာ ဖျက်ဆီးကာ နေ၏။ ထိုသို့ သုံးဆောင်ခြင်းငှါ မထိုက်သေးသော အသီး,အပွင့် စသည်ကို ဖျက်ဆီးကာ ဖျက် ဆီးကာ နေသော မျောက်ရိုင်းကြီးကို ဥယျာဉ်မှူးသည် မြင်၍ ခိုင်ခံ့ လုံခြုံစွာ ဝတ်ရုံလျက် လွန်ကဲသော လုံ့လဖြင့် အဖန်ဖန်

အားထုတ် ဖမ်းဆီးပြီးလျှင် တနေ့လျှင် နှစ်ကြိမ် သုံးကြိမ် ကြိုးဖြင့် ချည်၍ထား၏။

ထိုအခါမှစ၍ ထိုမျောက်ရိုင်းကြီးသည် ယဉ်ကျေးသည်ဖြစ်၍ သုံးဆောင်ခြင်းငှါ မထိုက်သေးသော အသီး, အပွင့်စသည်ကို မဖျက်မဆီးဘဲ ဥယျာဉ်မှူးစကားကို နားထောင်၍ သုံးဆောင်ခြင်းငှါ ထိုက်သော မှည့်သော အသီးကိုသာ စားကာ စားကာ နေရှာလေသကဲ့သို့ ထို့အတူ ဤသတ္တလောကကြီး၌ ဆင်ခြင်စဉ်းစားတတ်သော ပညာရှိသော ကောင်းသောအာရုံ, မကောင်းသော အာရုံကို အာရုံပြုတတ်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကြီးသည် ရှိ၏။ ထိုခန္ဓာကိုယ်ကြီးကို တနေ့လျှင် နှစ်ကြိမ်, နှစ်ကြိမ် လျောက်ပတ်သော ခဲဘွယ် ဘောဇဉ်တို့ကို ကျွေးမွေးရ၏။ ထို ယောဂီပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကြီး၌ စက္ခု သောတ စသော ငါးပါးသော ဒွါရနှင့်တကွ မနောဝိညာဏ်စိတ်၏ မှီရာ ဟဒယဝတ္ထုရုပ်လည်း ရှိ၏။ များသောအားဖြင့် စိတ်သည် ဘုရားစသော ကောင်းမြတ်သော အာရုံကို အာရုံမပြုဘဲ ရူပ, သဒ္ဒ-စသည့် အာရုံ ကာမဂုဏ်ကိုသာ အာရုံပြုကာ အာရုံပြုကာ နေ၏။ ထိုသို့ ရူပ, သဒ္ဒ-စသည့်အာရုံ ကာမဂုဏ်ကိုသာ အာရုံပြုကာ, အာရုံပြုကာနေသော စိတ်ကို ပညာသည် သိ၍ သီလကို စင်ကြယ်စေပြီးလျှင် လွန်မင်းသော သမ္မပ္ပဓာန်ဝီရိယဖြင့် တနေ့လျှင် နှစ်ကြိမ်, သုံးကြိမ် ကြိုးစားအားထုတ်၍ သတိဖြင့် စိတ်ကို ထား၏။ ထိုအခါမှစ၍ ထိုစိတ်သည် တည်ကြည်ငြိမ်သက်ခြင်း သမာဓိကို ရ၍ ရူပ, သဒ္ဒ-စသည့်အာရုံ ကာမဂုဏ်ကို အာရုံမပြု၊ ဘုရားစသော ကောင်းမြတ်သော အာရုံကိုသာ အာရုံပြုကာ အာရုံပြုကာ နေလေ၏။

**ဥပမာန ဥပမေယျ ဟပ်ပြချက်။** ။ဥပမာန-ဥပမေယျ နှစ်ပါးတို့၏ တူသည့်အဖြစ် ဥပမာကား-

ဤသတ္တလောကကြီးသည် ဥယျာဉ်ကြီးနှင့် တူ၏။ ကောင်းမြတ်သောအာရုံသည် သုံးဆောင်ခြင်းငှါ ထိုက်သော အသီးနှင့်တူ၏။ မကောင်းသော အာရုံသည် မသုံးဆောင်ထိုက်သေးသော အသီး, အပွင့်စသည်နှင့် တူ၏။ ယောဂီပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကြီးသည် သရက်ပင်ကြီးနှင့် တူ၏။ ဟနေ့လျှင် နှစ်ကြိမ်, နှစ်ကြိမ် လျောက်ပတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ကျွေးမွေးရခြင်းသည် နှစ်ကြိမ်, နှစ်ကြိမ် ရေသွန်းလောင်းရခြင်းနှင့် တူ၏။ ပသာဒရုပ် ငါးခုသည် အကိုင်းကြီး ငါးကိုင်းနှင့် တူ၏။ ဟဒယဝတ္ထုရုပ်သည် ခွဆုံကြီးနှင့် တူ၏။ စိတ်သည် မျောက်ရိုင်းကြီးနှင့် တူ၏။ ထိုစိတ်၏ ရူပ, သဒ္ဒ-စသည့်အာရုံ ကာမဂုဏ်ကို အာရုံပြုကာ, အာရုံပြုကာ နေခြင်းသည် သုံးဆောင်ခြင်းငှါ မထိုက်သေးသော အသီး, အပွင့်စသည်ကို ဖျက်ဆီးကာ, ဖျက်ဆီးကာ နေသည်နှင့် တူ၏။ ရူပ, သဒ္ဒ စသည့်အာရုံ ကာမဂုဏ်ကို အာရုံပြုကာ, အာရုံပြုကာ နေသောစိတ်ကို မလျောက်ပတ် မသင့်တင့်မှန်းသိသော ပညာသည် သုံးဆောင်ခြင်းငှါ မထိုက်သေးသော အသီး, အပွင့် စသည်ကို ဖျက်ဆီးကာ, ဖျက်ဆီးကာနေသော မျောက်ကိုမြင်သော ဥယျာဉ်မှူးနှင့် တူ၏။ သီလကို စင်ကြယ်စေခြင်းသည် ခိုင်ခံ့လုံခြုံစွာ အဝတ်ကို ဝတ်သည်နှင့် တူ၏။ လွန်မင်းသော သမ္မပ္ပဓာန်ဝီရိယသည် အဖန်ဖန် အားထုတ် ဖမ်းဆီးသည်နှင့် တူ၏။ တနေ့လျှင် နှစ်ကြိမ်, သုံးကြိမ် သတိဖြင့် စိတ်ကိုထားခြင်းသည် နှစ်ကြိမ်, သုံးကြိမ် ကြိုးဖြင့် မျောက်ကို ချည်၍ထားသည်နှင့် တူ၏။ သမာဓိဖြစ်ခြင်းသည် ယဉ်ကျေးသည်နှင့် တူ၏။

ဤသို့သော အကြောင်းကို ရည်တော်မူ၍ ထေရဂါထာ ပါဠိတော် (ပ-နှာ-၂၄၇) ၌ ဝလ္လိယ မထေရ်သည် တံခါးငါးပေါက်ရှိသော အိမ်ခန်းတွင်းသို့ ဝင်၍ အလယ်ချက်မ၌ နေလျက် တံခါးငါးပေါက်တို့သို့ လှည့်လည်ပြေးသွား၍ နေသော မျောက်နှင့်တူသည်ဟူ၍ ဥပမာ ထားတော်မူပြီးလျှင် ထိုမျောက်နှင့်တူသော မိမိစိတ်ကို နှိပ်ကွပ်ဆုံးမတော်မူခြင်းငှါ—

မက္ကဋော ပဉ္စဒွါရာယံ၊ ကုဋိကာယံ ပသက္ကိယ။
ဒွါရေန အနုပရိယေတိ၊ ဃဋ္ဋယန္တော မုဟုံ မုဟုံ။
တိဋ္ဌ မက္ကဋ မာ ဓာဝိ၊ န ဟိ တေ တံ ယထာ ပုရေ။
နိဂ္ဂဟိတောသိ ပညာယ၊ နေဝ ဒူရံ ဂမိဿသိ–

ဟူ၍ မိန့်တော်မူ၏။

မက္ကဋော၊ မျောက်ရိုင်း မျောက်လှောင် မျောက်ပြောင်တောင်နှင့်တူသော စိတ်မိုက်ကြီးသည်။ ပဉ္စဒွါရာယံ၊ အကိုင်းကြီးငါးကိုင်းနှင့် တူသော စက္ခုသောတ စသည်ငါးပါး အကြည်မှန်တံခါးရှိသော။ ကုဋိကာယံ၊ သရက်ပင်ကြီးနှင့် တူသော ကံလက်သမားဆောက်လုပ်ထားအပ် ရုပ်ကုဋီအိမ်ကြီး၌။ ပသက္ကိယ၊ ခွဆုံကြီးနှင့်တူသော ဟဒယ ရုပ်ကို မှီ၍ခိုအောင်း၍။ မုဟုံ မုဟုံ၊ အဖန်တလဲလဲ။ ဃဋ္ဋယန္တော၊ အသီး,အပွင့် စသည်ကို ဖျက်ဆီးသည်နှင့်တူသော ရူပ,သဒ္ဒ-စသည့် အာရုံ ကာမဂုဏ်ကို အာရုံပြုသောအားဖြင့် ထိပါးတိုက်မိုက်လျက်။ ဒွါရေန၊ အကိုင်းကြီး ငါးကိုင်းနှင့်တူသော စက္ခုသောတ စသည်ငါးပါး အကြည်မှန်တံခါးဖြင့်။ အနုပရိယေတိ၊ လှည့်လည်ပြေးသွား ကစားမြူးပျော်၍ နေရှာလေ၏။

မက္ကဋ္ဋ၊ မရပ်မတည် လှည့်လည်ပြေးသွားသော မျောက်ရိုင်းကြီးနှင့်တူသော ဟယ်....စိတ်မိုက်ကြီး။ တိဋ္ဌ၊ ဘုရားစသော ကောင်းသော အာရုံကို အာရုံပြုသောအားဖြင့် ရပ်ဘိလော့။ မာ ဓာဝိ၊ ရူပ,သဒ္ဒ စသည့်အာရုံ ကာမဂုဏ်ကို အာရုံပြုသော အားဖြင့် မပြေးလင့်။ တေ၊ မျောက်ရိုင်းကြီးနှင့်တူသော သင်စိတ်မိုက်ကြီးအား။ ပုရေ ယထာ၊ ရှေးအခါကဲ့သို့။ နှ ဟိ၊ မဟုတ်တော့ပြီ။ ဒါနိ၊ ယခု။ တံ၊ မျောက်ရိုင်းကြီးနှင့်တူသော သင်စိတ်မိုက်ကြီးကို။ ဝါ၊ သည်။ ပညာယ၊ ဥယျာဉ်မှူးနှင့်တူသော ပညာသည်။ ပယသိတော၊ မြင်အပ်သည်။ ဟုတွာ၊ ဖြစ်၍။ သတိယာ၊ ကြိုးနှင့် တူသော သတိဖြင့်။ (ၚင်းပေါင်ဖြင့်တို့ကား ပါဌသေသ)။ နိဂ္ဂဟိတော၊ နှိပ်ကွပ်ဆုံးမအပ်သည်။ အသိ၊ ဖြစ်လတ်ပြီ။ ဝါ၊ ဖြစ်၏။ တွံ၊ မရပ်မတည် လှည့်လည်ပြေးသွားသော မျောက်ရိုင်းကြီးနှင့် တူသော သင် စိတ်မိုက်ကြီးသည်။ ဒူရံ၊ မသုံးဆောင်ထိုက်သော အသီး, အပွင့် စသည်နှင့်တူသော ရူပ,သဒ္ဒ စသည့်အာရုံ ကာမဂုဏ်ရှိရာ ခရီးဝေးအရပ်သို့။ နေဝ ဂမိဿသိ၊ အာရုံပြုသောအားဖြင့် မသွားရတော့သည်သာလျှင်တည်း။

ဤဂါထာတို့ကို ဥပမာနှင့်ညီအောင်သာ အနက် ယောဇနာ လိုက်သည်။ သဒ္ဒါသည် ကိုးကွယ်ရာမဟုတ်။ အနက်သာ ကိုးကွယ်ရာ ဖြစ်သည်။

ထို့ကြောင့် "အတ္ထံ ဟိ နာထော သရဏံ အဝေါစ န ဗျဉ္ဇနံ"ဟု မိန့်တော်မူ၏။

မျောက် ဥပမာ ပြီး၏။

## အသုဘကမ္မဋ္ဌာန်း စီးဖြန်းနည်းအချုပ်

**အကျဉ်းချုပ်စီးဖြန်းပုံ။** ။အသုဘကို ပြဆိုပေအံ့–"အရိုးစု,အရိုးစု" "အဋ္ဌိပုဉ္ဇ၊ အဋ္ဌိပုဉ္ဇ" ဤ နှစ်ပါးတို့တွင် တပါးပါးကို စီးဖြန်းရမည်။

အသုဘစီးဖြန်းနည်း လိုရင်းကြီးအချုပ် ပြီး၏။

**အကျယ်စီးဖြန်းပုံ။** ။ပုဗ္ဗါနုဿတိ ကမ္မဋ္ဌာန်း ထင်မြင်ပြီးသော သမထယောဂီပုဂ္ဂိုလ်သည် လောဘနေယျ အာရုံနှင့် တွေ့ကြုံလျှင် လောဘတည်းဟူသော ကိလေသာရန်သူ တို့ကို ပယ်ရှားဖျက်ဆီးနိုင်အောင် အရိုးစုကို ထင်မြင်အောင် အားထုတ်၍ ထားရမည်။ အရိုးစုထင်မြင်ပြီးသော ယောဂီပုဂ္ဂိုလ် သည်—

"အယမ္ပိ ခေါ ကာယော ဧဝံ ဓမ္မော ဧဝံ ဘာဝီ ဧဝံ အနတီတော"။ (ဒီ ၂၊ ၂၃၇)

မေ၊ ငါဟုသမုတ် အကောင်ပုပ်ကြီး၏။ အယမ္ပိ ခေါ ကာယော၊ သုံးဆယ့်နှစ်ဖြာ ပေါင်းစုရာ ဤခန္ဓာကိုယ်ကြီးသည် လည်း။ ဧဝံ ဓမ္မော၊ ဤအရိုးစုကဲ့သို့ အရိုးစုကြီးချည်းသက်သက် ဆက်ဆက်အမှန် ဧကန်စင်စစ် ဖြစ်ခြင်းသဘောတရား ရှိရချေ သေး၏။

မေ၊ ငါဟုသမုတ်အကောင်ပုပ်ကြီး၏။အယမ္ပိ ခေါ ကာယော၊ သုံးဆယ့်နှစ်ဖြာ ပေါင်းစုရာ ဤခန္ဓာကိုယ်ကြီးသည်လည်း။ ဧဝံ ဘာဝီ၊ ဤအရိုးစုကဲ့သို့ အရိုးစုချည်းသက်သက် ဆက်ဆက်အမှန် ဧကန်စင်စစ် ဖြစ်ရချေသေး၏။

မေ၊ ငါ့ဟု သမုတ်အကောင်ပုပ်ကြီး၏။ အယမ္ပိ ခေါ ကာယော၊ သုံးဆယ့်နှစ်ဖြာ ပေါင်းစုရာ ဤခန္ဓာကိုယ်ကြီးသည်လည်း။ ဧဝံ အနတီတော၊ ဤအရိုးစုကဲ့သို့ အရိုးစုချည်းသက်သက် ဆက်ဆက် အမှန် ကေန်စင်စစ် ဖြစ်ခြင်းသဘောတရားကို မလွန်နိုင်ပါ တကား။

သုံးဆယ့်နှစ်ဖြာ ပေါင်းစုရာ ဤခန္ဓာကိုယ်ကြီးသည် ဤအရိုးစု ကဲ့သို့ အရိုးစုချည်းသက်သက် ဆက်ဆက်အမှန် ကေန်စင်စစ် ဖြစ်ခြင်းသဘောတရား ရှိချေ၏ပါတကား။

သုံးဆယ့်နှစ်ဖြာ ပေါင်းစုရာ ဤခန္ဓာကိုယ်ကြီးသည် ဤအရိုးစု ကဲ့သို့ အရိုးစုချည်းသက်သက် ဆက်ဆက်အမှန် ကေန်စင်စစ် ဖြစ်ရချေဦးမည်ပါတကား။

သုံးဆယ့်နှစ်ဖြာ ပေါင်းစုရာ ဤခန္ဓာကိုယ်ကြီးသည် ဤအရိုးစု ကဲ့သို့ အရိုးစုချည်းသက်သက် ဆက်ဆက်အမှန် ကေန်စင်စစ် ဖြစ် ခြင်းသဘောကို မလွန်နိုင်ပါတကား။

ဤဆိုအပ်ခဲ့ပြီးသည့် ပါဠိ, အနက်, အဓိပ္ပါယ် ၃-ပါးတို့တွင် တပါးပါးကိုလည်း နှလုံးသွင်း၍ ထားရမည်။ ဤကဲ့သို့ အနက်, အဓိပ္ပါယ်ကို ထင်မြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည်—

အဋ္ဌိပုဉ္ဇံ မေ ကိသ္မိဉ္စိ ဌာနေ ဆဍ္ဍေသာဝမိ။

မေ၊ ငါ့ဟု သမုတ် အကောင်ပုပ်ကြီး၏။ အဋ္ဌိပုဉ္ဇံ၊ သုံးရာ သော အရိုးစုကို။ ကိသ္မိဉ္စိ ဌာနေ၊ တစုံတခုသော မြို့ရွာဒေသ အရပ်ဌာန၌။ ဆဍ္ဍေသာဝမိ၊ နေ့ရက်မရွေး ပနေ့းလျှင်မြန် ကေန် စင်စစ် စွန့်ပစ်ရလအံ့။

ငါဟုသမုတ် အကောင်ပုပ်ကြီး၏ စက်ဆုပ်ရွံရှာဘွယ်ရှိသော သုံးရာသော အရိုးစုကို တစုံတခုသော မြို့ရွာဒေသ အရပ်ဌာနၐ္ဌ နေ့ရက်မရွေး မနေ့းလျှင်မြန် ကေန်စင်စစ် စွန့်ပစ်ရအံ့ပါတကား။

ဤသို့ ဗုဒ္ဓါနုဿာတိကမ္မဋ္ဌာန်းကို စီးဖြန်းသောပုဂ္ဂိုလ်သည် ဝိသဘာဂအာရုံနှင့် တွေ့ကြုံလျှင် လောဘ မဖြစ်စေခြင်း၄ါ အသုဘကိုလည်း အားထုတ်၍ထားရမည်။ အသုဘသည် သဝိညာဏက အသုဘ, အဝိညာဏက အသုဘ ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသသည် သဝိညာဏက အသုဘမည်၏။ အသုဘဆယ်ပါးသည် အဝိညာဏက အသုဘမည်၏။ သဝိညာဏက အသုဘကို မြင်လျှင် လောဘ အားကြီးစွာ ဖြစ်တတ်၏။ အဝိညာဏက အသုဘကို မြင်လျှင် ဒေါသ အားကြီးစွာ ဖြစ်တတ်၏။ ဤကား အသုဘ ၂ ပါးတို့၏ အထူးတည်း။

အသုဘကမ္မဋ္ဌာန်း ပြီး၏။

---

### မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံ

**အကျဉ်းချုပ်။** ။မေတ္တာပို့ကို ပြဆိုပေအံ့။ မေတ္တာပို့နည်း လိုရင်း ကြီး အကျဉ်းချုပ်ကား—

ဇာတိအာဏာ၊ ဝိသယာ၊ သုံးဖြာခေတ်ပေါင်းမှတ်—

ဟူသော ခေတ်သုံးပါး၌—

သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

ဤအရာမ်တွင်း၌ သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါ စေကုန်သတည်း။

နတ်အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

**မေတ္တာပွားနည်း** လိုရင်းကြီး အကျဉ်းချုပ် ပြီး၏။

**အကျယ်စီးဖြန်းပုံ။** ။ငင်းမေတ္တာပွားကိုဘေးရန်ကင်းခြင်းအကျိုးငှါ **နံနက်တခါ, ညဉ့်တခါ** ၃-ကြိမ်စီ ၃-ကြိမ်စီ ပွားရမည်။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းတိုင်း စီးဖြန်းတိုင်း **ရှေး ဦးစွာ** ၃-ကြိမ် ပွားရမည်။

**မေတ္တာသုံးမျိုး။** ။မေတ္တာသည် ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ အားဖြင့် ၃-ပါး အပြားရှိ၏။

ထိုတွင် သူတပါးကို ကိုယ်ဖြင့် ရှိခိုးခြင်း၊ သူတပါးချမ်းသာ အောင် ကိုယ်ဖြင့် အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းသည် ကာယ ကံမေတ္တာ မည်၏။

သူတပါးကို နှုတ်ဖြင့် ရှိခိုးခြင်း, နှုတ်ဖြင့် မေတ္တာပွားခြင်း, သူတ ပါးနားချမ်းသာအောင် ကောင်းသောစကားကို ပြောဆိုခြင်း သည် ဝစီကံမေတ္တာ မည်၏။

သူတပါးကို စိတ်ဖြင့် ရှိခိုးခြင်း, စိတ်ဖြင့် မေတ္တာပွားခြင်း, သူတ ပါးကို ချမ်းသာစေလိုသော စိတ်ရှိခြင်းသည် မနောကံ မေတ္တာ မည်၏။

မေတ္တာပွား ပြီး၏။

---

**မရဏာနုဿတိ စီးဖြန်းပုံ**

**သုတ္တန်နည်းပွါးပုံ။** ။သေခြင်းတရားကို ပြဆိုချက်— ငါသည် ခုသေ မလားမသိ၊ တော်တော်ကြာ သေမလားမသိ။

ငါသည် ခုသေမလား မသိ၊ တော်တော်ကြာ သေမလား မသိ

ငါသည် ယနေ့ သေမလားမသိ၊ နက်ဖြန်ခါ သေမလားမသိ။ ငါသည် ယနေ့ သေမလားမသိ၊ နက်ဖြန်ခါ သေမလားမသိ။

ငါသည် ဤလ သေမလားမသိ၊ ထိုလ သေမလားမသိ။ ငါသည် ဤလ သေမလား မသိ။ ထိုလ သေမလားမသိ။

ဤသေခြင်းတရားကား သုတ္တန်နည်းတည်း။

**အဘိဓမ္မာနည်းပွါးပုံ။** ။ရုပ်နာမ်တွေ ခုသေ၍ နေပါတကား။ ရုပ်နာမ်တွေ ခု သေ၍ နေပါတကား။

ရုပ်နာမ်တွေ ခု များစွာသေ၍ နေပါတကား။ ရုပ်နာမ်တွေ ခု များစွာသေ၍ နေပါတကား။ ရုပ်နာမ်တွေ ခု မရေတွက်နိုင်အောင် သေ၍ နေပါတကား။ ရုပ်နာမ်တွေ ခု မရေတွက်နိုင်အောင် သေ၍ နေပါတကား။

ဤသေခြင်းတရားကား **အဘိဓမ္မာနည်း**တည်း။

သေခြင်းကိုအောက်မေ့နည်း လိုရင်းကြီးအကျဉ်းချုပ် ပြီး၏။

**အချိန်ပိုင်းဖြင့် ပွါးပုံ။** ။ဤ သေခြင်း တရားကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ကြပ်ကြပ်ကြီး အားထုတ်နိုင်အောင် သံဝေဂဖြစ်ခြင်းအကျိုးငှါ နေထွက်က မွန်းတည့်အတွင်းမှာ တကြိမ်, မွန်းတည့်က နေဝင်အတွင်းမှာ တကြိမ်, နေဝင်က သန်းခေါင်အတွင်းမှာ ပ ကြိမ်, သန်းခေါင်က နေထွက်အတွင်းမှာ တကြိမ် တနေ့ကို ၄-ကြိမ်, ၄-ကြိမ် အောက်မေ့ရမည်။

## သေခြင်းတရားကို အောက်မေ့ရာ၌ လိုရင်းအဓိပ္ပါယ်

သေခြင်းတရားကို အောက်မေ့ခြင်း၌ လိုရင်းကြီး ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား–ခု မသေခင်, တော်တော်ကြာ မသေခင် နိဗ္ဗာန် ချမ်းသာကြီးကို တောင့်တ၍ ဒါန-သီလ-သမထ-ဝိပဿနာတို့ကို ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်ဟု ဆိုလိုသည်။

ခု မသေခင်, တော်တော်ကြာ မသေခင် သံသရာဝဋ်ဆင်းရဲ ကြီးသို့ ရောက်ကြောင်း ဖြစ်သော လူ့ဘုံ-နတ်ဘုံ-ဗြဟ္မာ့ဘုံကို တောင့်တ၍ ဒါန သီလ သမထ ဝိပဿနာတို့ကို အားမထုတ်နှင့်၊ အားမထုတ်နှင့်ဟု ဆိုလိုသည်။

ခု မသေခင်, တော်တော်ကြာ မသေခင် အပါယ် ဆင်းရဲကြီး သို့ ရောက်စေတတ်သော ဒုစရိုက်အကုသိုလ်တို့ကို မပြုနှင့်,မပြုနှင့် ဟု ဆိုလိုသည်။

> ပရမတ္ထတော ဟိ အတိပရိတ္တော သတ္တာနံ ဇီဝိတက္ခ-
> ဏော ဧကစိတ္တပ္ပဝတ္တိမတ္တောယေဝ။
>
> ဧကစိတ္တက္ခဏိကံ သတ္တာနံ ဇီဝိတံ။ တသ္မိံ စိတ္တေ
> နိရုဒ္ဓမတ္တေ သတ္တော နိရုဒ္ဓေါတိ ဝုစ္စတိ။
>
> စိတ္တဘင်္ဂါမတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။
>
> အတီတေ စိတ္တက္ခဏေ ဇီဝိတ္ထ၊ န ဇီဝတိ၊ န ဇီဝိဿ-
> တိ။ အနာဂတေ စိတ္တက္ခဏေ န ဇီဝိတ္ထ၊ န ဇီဝတိ၊
> ဇီဝိဿတိ။ ပစ္စုပ္ပန္နေ စိတ္တက္ခဏေ န ဇီဝိတ္ထ၊ ဇီဝတိ၊ န
> ဇီဝိဿတိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နှာ ၂၃၀-၁)။

ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတက္ခဏော၊ အသက်ဝိညာဉ် ရှင်သောကာလသည်။ အတိ

ပရိတ္တော၊ စိတ္တက္ခဏ တချက်သာဖြစ်၍ စင်စစ်နည်းလှစွာ၏။ ကေစိတ္တပဝတ္တိမတ္တောဝယေဝ၊ တခုသောစိတ်၏ ဖြစ်ခြင်းမျှသာ တည်း။

သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ ဇီဝိတိန္ဒြေသည်။ ကေ စိတ္တက္ခဏိကံ၊ တခုသော စိတ္တက္ခဏနှင့် ယှဉ်၏။ တသ္မိံ စိတ္တေ၊ ထိုစိတ်သည်။ နိရုဒ္ဓမတ္တေ၊ ချုပ်ခါမျှ ဖြစ်လတ်သော်။ သတ္တော၊ သတ္တဝါကို။ နိရုဒ္ဓေါတိ၊ ချုပ်၏ဟူ၍။ ဝါ၊ သေ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

စိတ္တဘင်္ဂါ၊ ဘင်သို့ရောက်၍ စိတ်တိုင်း ချုပ်ပျောက်ခြင်း ကြောင့်။ လောကော၊ သတ္တလောကသည်။ မတော၊ ခါခါ ထပ်ထပ် ဆတ်ဆတ်သေသည်မည်၏။ ဧဝံ သန္တေပိ၊ ထိုသို့ပင် ပုံသေ-သေ၍နေသော်လည်း။ ပညတ္တိ၊ တည်ဆဲတည်ဆဲ စိတ်ကို စွဲလျက် အသက်ရှင်၏ ဟူသော စကားဖြစ်ခြင်း၏အရာ သန္တာန်-ပညတ်သည်။ ပရမတ္ထိယာ=ပရမတ္ထဘူတာ၊ (နာမဂေါတ္တံ န ဇီရတိ) ဆိုဘိသည့်နှဲ အမြဲနိယတ် ပရမတ်ကဲ့သို့ ဖြစ်၍နေ၏။

အတီတေ စိတ္တက္ခဏေ၊ အတိတ်စိတ်နှင့် ယှဉ်သောခဏ၌။ ဇီဝိတ္ထ၊ အသက်ရှင်ပြီ။ န ဇီဝတိ၊ အသက်ရှင်ဆဲ မဟုတ်။ န ဇီဝိဿတိ၊ အသက်မရှင်လတ္တံ့။ အနာဂတေ စိတ္တက္ခဏေ၊ အနာဂတ်စိတ်နှင့် ယှဉ်သောခဏ၌။ န ဇီဝိတ္ထ၊ အသက်ရှင်ဘူးပြီ မဟုတ်။ န ဇီဝတိ၊ အသက်ရှင်ဆဲမဟုတ်။ ဇီဝိဿတိ၊ အသက်ရှင်လတ္တံ့။ ပစ္စုပ္ပန္နေ စိတ္တက္ခဏေ၊ ပစ္စုပ္ပန်စိတ်နှင့် ယှဉ်သော ခဏ၌။ န ဇီဝိတ္ထ၊ အသက်ရှင်ဘူးပြီ မဟုတ်။ ဇီဝတိ၊ အသက် ရှင်ဆဲ။ န ဇီဝိဿတိ၊ အသက်ရှင်လတ္တံ့ မဟုတ်။

သေခြင်းတရား ပြီး၏။

## စိတ်ကိုဆုံးမပုံ သံပေါက်လင်္ကာ

စိတ်ထင်တိုင်းသာ၊ လိုက်ကြရှာ၊ ယထာဘူတ ဝေးလေမြဲ။

ယထာဘူတော၊ ဝေးလေလေ၊ မဂ္ဂချော်၍ ဩဃထဲ။

မဂ်မရမူ၊ ရှိပြန်သူ၊ ပူ၍ ဘယ်မစဲ။

သူ့ကိုယ်, ငါ့ကိုယ်၊ စွဲလမ်းဆို၊ ကိုယ့်ကိုယ်ဟူသမျှ၊ သက္ကာယ၊
 မှချ ဖြစ်စမြဲ။

သက္ကာယဒိဋ္ဌိ၊ စွဲလမ်းငြိ၊ မသိမဂ်ဖိုလ် ဝေးလေမြဲ။

မဂ်ဖိုလ်မသိ၊ လူ့ဒိဋ္ဌိ၊ အတိဒုက္ခ ဆင်းရဲမြဲ။

စိတ္တေကဂ္ဂတာ၊ ကျမှသာ၊ ယထာဘူတ သိမြင်မြဲ။

ယထာဘူတော၊ သိမြင်လေ၊ အခြေမှန်လှ နိဗ္ဗိန္ဒဖြစ်မြဲ။

ဉာဏ်နိဗ္ဗိန္ဒ၊ ဖြစ်လေက၊ မဂ်ဝအနီး ရောက်စမြဲ။

ဝိပဿနာ၊ ဉာဏ်ဆယ်ဖြာ၊ မနောသမျှ စိတ်မချရမြဲ။

စတုသစ္စံ၊ ဟုတ်တိုင်းမှန်၊ ကောန်သိမှ မဂ်ဖိုလ်ရမြဲ။

မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စ ချမ်းသာမြဲ။

စိတ်မငြိမ်နော်၊ ပျံ့လွင့်သော်၊ မဂ်ဖိုလ်ချော်၍ သံသာဝဲ။

စိတ်ကိုငြိမ်အောင်၊သတိဆောင်၊မဂ်ဖိုလ်တိုင်အောင်ပြီးဆုံးမြဲ။

နေ့ရောညဉ့်ပါ၊ မပျင်းသာ၊ အားသာထုတ်၍ စိတ်ထိန်းမြဲ။

စိတ်ကို ဆုံးမခြင်း ပြီး၏။

### သံဝေဂ ၈-ပါး သံပေါက်လင်္ကာ

သံဝေဂ ၈-ပါးကို ပြဆိုပေအံ့—

ချမ်းသာ-ဆင်းရဲ၊ပေါ-ရှားမြဲ၊ဆုံ-ကွဲ,ချစ်-စိုး၊ရှင်,သေမျိုး။

ချီးမွမ်း-ပြစ်တင်၊ ထောင် လဲချင်၊ ပျိုလျှင် အိုရိုး၊ သံဝေမျိုး။

ဤကား သံဝေဂရှစ်ပါး သံပေါက်အကျဉ်းတည်း။

**အဓိပ္ပါယ်။** ။ဤသံပေါက်အရ အဓိပ္ပါယ်ကား—ချမ်းသာလျှင် ဆင်းရဲမြဲ။ ပေါလျှင် ရှားမြဲ။ ဆုံမိလျှင် ကွဲမြဲ။ ချစ်လျှင် စိုးရိမ်မြဲ။ ရှင်လျှင် သေရမြဲ။ ချီးမွမ်းလျှင် ပြစ်တင်ခံရမြဲ။ ထောင်လျှင် လဲရမြဲ၊ ပျိုလျှင် အိုရမြဲ ဆိုလိုသည်။

### သံဝေဂ ၈-ပါး အကျယ်သံပေါက်

ကြည်သာရွှင်ပျ၊ လွန်ချမ်းမြ၊ ဒုက္ခနောက်ဆုံး ရှိချေ၏တကား။

ဆင်မြင်းပေါများ၊ ဥစ္စာပွား၊ ရှားပါးနောက်ဆုံး ရှိချေ၏တကား။

ဆုံမိဆက်ဆံ၊ ရှိခဲ့ပြန်၊ ကွဲရန်နောက်ဆုံး ရှိချေ၏တကား။

လွန်စွာချစ်လှ၊ တရားပ၊ သောကနောက်ဆုံး ရှိချေ၏တကား။

တင်းလင်းဝိညာဏ်၊ သက်ရှင်ပြန်၊ သေရန် နောက်ဆုံး ရှိချေ၏ တကား။

ပွဲလယ်ပွဲပြင်၊ ချီးမွမ်းလျှင်၊ ပြစ်တင်နောက်ဆုံး ရှိချေ၏တကား။

တံခွန်မှန်ကင်း၊ ထောင်လွှားပြင်း၊ လဲခြင်း နောက်ဆုံး ရှိချေ၏ တကား။

ပျိုမျစ်နုနယ်၊ ရုပ်ဆင်းကြွယ်၊ အိုရွယ်နောက်ဆုံး ရှိချေ၏တကား။

ရှင်ချောင်-သေကြပ်၊ ရှင်ချောင်-သေကြပ်။

ရှင်ကြပ်-သေချောင်၊ ရှင်ကြပ်-သေချောင်။

ခုချောင်-နောင်ကြပ်၊ ခုချောင်-နောင်ကြပ်။

ခုကြပ်-နောင်ချောင်၊ ခုကြပ်-နောင်ချောင်။

အဓိပ္ပါယ်။　။ရှင်ချောင် သေကြပ် ဆိုသည်ကား-အသက်ရှင်တုန်းက ကာမဂုဏ်ငါးပါးကို လိုက်စား၍ ချောင်ချောင်ချိချိနေလျှင် သေလျှင် ကြပ်ကြပ်တဲတဲ ဆင်းဆင်းရဲရဲ တွေတွေဝေဝေ ကေန်သေရမည် မှတ်။

ရှင်ကြပ်-သေချောင်ဆိုသည်ကား-အသက်ရှင်တုန်းကနိဗ္ဗာန်ကို တောင့်တ၍ ဒါန-သီလ-သမထ-ဝိပဿနာနှင့် ကြပ်ကြပ်တဲတဲ အမြဲအားထုတ်၍နေလျှင် သေလျှင် ချမ်းချမ်းသာသာ မတွေ မဝေ ကေန် သေရမည်မှတ်။

ခုချောင်-နောင်ကြပ် ဆိုသည်ကား-ယခုဘဝ ကာမဂုဏ်ငါးပါးကို လိုက်စား၍ ချောင်ချောင်ချိချိနေလျှင် နောက် ဘဝများစွာ သံသရာဝဋ်ဆင်းရဲကြီး၌ အမြဲကေန် ခံရမည်မှတ်။

ခုကြပ်-နောင်ချောင်ဆိုသည်ကား-ယခုဘဝ နိဗ္ဗာန်ချမ်းသာကြီးကို ပေါင့်တ၍ ဒါန-သီလ-သမထ-ဝိပဿနာတို့ကို ကြပ်ကြပ်တဲတဲ အမြဲအားထုတ်၍နေလျှင် နောက်ကို လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကြီးကို ချောင်ချောင်ချိချိ ကေန် ရလိမ့်မည် မှတ်။

သံဝေဂ ၈-ပါးအကျယ် ပြီး၏။

တတိယကဏ္ဍ ပြီး၏။

# ဓာတုဒ္ဒကာလျာ

## တရားကျင့်ကြံခြင်း အကျိုးကြီးပုံ

မြတ်စွာဘုရားအား ဖူးမြင်သည်မည်ကြောင်းကို ပြဆိုပေအံ့—

သက်တော်ထင်ရှား မြတ်စွာဘုရားကို ရှိခိုးပူဇော် ဖူးမြော်ခြင်းကို ချီးမွမ်းတော်မမူ။ ပဋိပတ္တိ တရားကို အားထုတ်သည်ကိုသာ ချီးမွမ်းတော်မူ၏။ အဘယ်ကို ထောက်ဆ၍ သိရအံ့နည်းဟူမူကား "မိထွေးတော် ဂေါတမီ····ငါဘုရားကို ဤသို့ ရှိခိုးခြင်းသည် ရှိခိုးသည် မမည်" ဟု ပယ်တော်မူ၍ ရှိခိုးသောနည်းလမ်းကို ဤသို့ ဟောတော်မူ၏။

"မိထွေးတော် ဂေါတမီ ···· အားထုတ်ခြင်း လုံ့လဝီရိယ ရှိကုန်သော နိဗ္ဗာန် သို့ စေလွှတ်သော စိတ်ရှိကုန်သော သားတော်, ဘုရား အဆုံးအမ သာသနာတော်၌ မြဲမြဲသော လုံ့လဝီရိယ ရှိကုန်သော တပည့်သာဝက တစုတို့ကို ရှုလော့။ ဤသို့ ငါဘုရား၏ အဆုံးအမ၌တည်၍ ငါဘုရား စကားကို နားထောင်ကုန်သော ငါဘုရား၏ သားတော် ရဟန်းတို့သည်သာလျှင် ငါဘုရားကို ရှိခိုးသည်မည်၏" ဟု မိန့်တော်မူ၏။

"အားထုတ်ခြင်း လုံ့လဝီရိယ ရှိသော သူသည်သာလျှင် ဘုရား၏ အလိုတော်ကို ယူခြင်းငှါ စွမ်းနိုင်၏။ အားထုတ်ခြင်းလုံ့လဝီရိယ မရှိသောသူအား သဒ္ဓါ-သတိ-

ပညာ-သမာဓိ-တို့သည် ဆုတ်ယုတ်ကုန်၏။ ထိုတရားတို့ ဆုတ်ယုတ်ကုန်သည်ရှိသော် မဂ်ဖိုလ်သို့ မရောက်နိုင်”။ (သုတ္တသင်္ဂဟ အဋ္ဌကထာ)

ထို့မှတပါးလည်း ရဟန်းတို့ .... ငါဘုရားဆုံးမတိုင်း မကျင့်လိုဘဲလျက် ငါဘုရား၏ ဒုကုဋ်သင်္ကန်းတော်စွန်းကို ဆွဲ၍ ဖဝါး ခြေထပ် လိုက်၍ နေသော်လည်း အကြင်သူသည် သူ့စည်းစိမ်ပျက်စီးကြောင်းကို ကြံ၏၊ ပြစ်မှားလိုသော စိတ်အကြံ ရှိ၏၊ ကင်းလွတ်သော သတိ ရှိ၏။ မတည်ကြည်ခြင်း ပျံ့လွင့်ခြင်း ရှိ၏၊ စက္ခုစသော မစောင့်သော ဣန္ဒြေရှိ၏၊ ထိုသူသည် ငါဘုရားမှ ယူဇနာ အရာ အထောင်မက ဝေး၏။ ငါဘုရားသည်လည်း ထိုသူမှ ယူဇနာ အရာ အထောင်မက ဝေး၏။ ဆုံးမတိုင်း ကျင့်သောသူသည် ငါဘုရားမှ ယူဇနာ အရာ, အထောင် မက ဝေးသော်လည်း ငါဘုရား၏ အထံတော်၌ နေသည် မည်၏။ ငါဘုရားသည်လည်း ထိုသူ၏ အထံ၌ နေသည် မည်၏။ (ဝိသုဒ္ဓိမဂ်ဋီကာ၊ ပ နှာ-၂၂၅)

ထို့မှတပါးလည်း “ဘုရားရှင်ကို ဖူးမြင်ခြင်းသည် မံသ-စက္ခုဖြင့် ဖူးမြင်ခြင်း၊ ပညာစက္ခုဖြင့် ဖူးမြင်ခြင်းဟူ၍ နှစ်ပါးရှိသည်တွင် မံသစက္ခုဖြင့် ဖူးမြင်ခြင်းသည် ကား ဘုရားကို ဖူးမြင်သည် မမည်။ အရိယာ၏ အဖြစ်ဖြင့် အာရုံကို မယူတတ်၊ အဆင်းမျှကိုသာ ယူတတ်သည်ဖြစ်၍ ဖူးမြင်သည် မမည်။ ပညာစက္ခုဖြင့်ဖူးမြင်ခြင်းသည်သာလျှင် အရိယာ၏ အဖြစ်ဖြင့် အာရုံကို ယူတတ်သည်ဖြစ်၍ ဘုရားရှင်ကို ဖူးမြင်သည် မည်၏”။ (ဓမ္မသင်္ဂဏီအဋ္ဌကထာ)

ထိုမှတပါးလည်း—**ကိံ တေ ဝက္ကလိ ဇ္ဈမိနာ ပူတိ-ကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။** ။ (ဓမ္မသင်္ဂဏီအဋ္ဌကထာ။နှာ-၃၀၅။ ထေရ-ဂါထာအဋ္ဌကထာ နှာ-၅၀)။

ဝက္ကလိ၊ ဝက္ကလိရဟန်း။ တေ၊ သင့်အား။ ဇ္ဈမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ဤငါဘုရား၏ ရုပ်ပုပ်ကြီးကို ဖူးမြင်၍နေသဖြင့်။ ကိံ၊ အဘယ်မှာ မဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်နိုင်ပါအံ့နည်း။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ ယော၊ အကြင်သူသည်။ ခေါ၊ စင်စစ်။ ဓမ္မံ၊သီလ-သမထ-ဝိပဿနာတရားကို။ဝိပဿတိ၊မဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်အောင် ရှု၏။ သော၊ ထိုသီလ-သမထ-ဝိပဿနာကို ထင်မြင်အောင် ရှုသောသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မပြတ်ဖူး မြင်၍နေသည် မည်၏။

ယော ဓမ္မံ န ပဿတိ၊ သော မံ န ပဿတိ။

ယော၊ အကြင်သူသည်။ ဓမ္မံ၊ သီလ-သမထ-ဝိပဿနာတရားကို။ န ပဿတိ၊ ထင်မြင်အောင် မရှု။ သော၊ ထို ထင်မြင်အောင် မရှုသောသူသည်။ မံ၊ ငါဘုရားကို။ န ပဿတိ၊ ဖူးမြင်ရသည် မမည်။

**ရင်းကမ္မဋ္ဌာန်းသည် အရိယာအားသာ ထိုက်တန်သည် မဟုတ်၊**
**ပုထုဇဉ်အားလည်း ထိုက်တန်ကြောင်းကို ပြဆိုချက်**

သတ္တဝါတို့အား လွန်စွာ ကျေးဇူးပြုတတ်သော ကျေးဇူးတော်ရှင် ဘုရားသခင်၏ အရဟံဂုဏ်တော် ကျေးဇူးတော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွါးများရာ၌—

> ဣမာ ပန ဆ အနုဿတိယော အရိယသာဝကာနံ-
> ယေဝ ဇာယန္တိ။ တေသံ ဟိ ဗုဒ္ဓဓမ္မသံဃဂုဏာ ပါကဋာ
> ဟောန္တိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပ နှာ-၂၂၀)

ပန၊ ဆက်၍ဆိုဦးအံ့။ ဆ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အစ ဒေဝတာနုဿတိ အဆုံးရှိသော ခြောက်ပါးကုန်သော။ ဣမာ အနုဿတိယော၊ ဤအနုဿတိတို့သည်။ အရိယသာဝကာနံ၊ အရိယာ သာဝကတို့အား။ ဇာယန္တိယေဝ၊ လွယ်သဖြင့် ပြည့်စုံကုန်သည်သာလျှင်တည်း။ ဟိ သစ္စံ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ တေသံ၊ ထိုအရိယာသာဝကတို့အား။ ဗုဒ္ဓဓမ္မ-သံဃဂုဏာ၊ တို့သည်။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဇာယန္တိယေဝ၊ ပြည့်စုံကုန်သည် သာလျှင်တည်း။

ဤ၌ "ဥတ္တရပဒါဝဓာရဏံ ဒဋ္ဌဗ္ဗံ"ဟု ဋီကာဆရာ မိန့်သော ကြောင့်"အရိယသာဝကာနညေဝ"ဟူသော ရှေ့ပုဒ်၌ ဧဝ-သဒ္ဒါကို ဇာယန္တိ ဟူသော နောက်ပုဒ်၌ ယှဉ်၍ အနက် ယောဇနာအပ်၏။ အကျိုးကား ထိုအရိယာ သာဝကတို့အား လွယ်သဖြင့် ပြီးခြင်းကို ပြခြင်းအကျိုးရှိ၏။ ထို့ကြောင့်—

> သာဝဓာရဏဉ္စ တေသံ သုခသိဒ္ဓိဒဿနတ္ထံ။တေနာဟ
> တေသံ ဟီတိအာဒိ။ (ဝိသုဒ္ဓိ ဋီ-ပ-နှာ ၂၀၆။)

အရိယာတို့မှာ ခြောက်ပါးသော ကမ္မဋ္ဌာန်းသာ လွယ်သည် မဟုတ်။ ဘယ်ကမ္မဋ္ဌာန်းပင် ဖြစ်သော်လည်း ပုထုဇဉ်ထက် လွယ်သည်ချည်း မှတ်။ နိဿယဝိဟာရဖြစ်၍ အထူးလွယ်သည်

ကိုသာ ပြသည်။ "အရိယသာဝကာနညေဝ"ဟူသော ရှေ့ပုဒ်၌ ဧဝ-သဒ္ဒါကို ဌာန-ပယုဂ်ကြံ၍ "န ပုထုဇ္ဇနာနံ"ဟု ဧဝတ္ထဖလ အညတ္ထာပေါဟန-ယူပြီးလျှင် ငါတို့ပုထုဇဉ်ကား ပင့်ကူချည်မျှင် ဖြင့် ဝဇိရစိန်ကျောက်ကို ထိုးဖောက်ဘိသကဲ့သို့ ပင်ပန်းကာမျှသာ ဖြစ်၏။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် အရာမဟုတ်။ အရိယာတို့ အရာသာဟု ဆိုငြားအံ့၊ မဆိုထိုက် မဆိုကောင်း။ အဘယ့် ကြောင့်နည်း။ ထိုအရိယာပုဂ္ဂိုလ်တို့မှာ ထိုဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်းကို အားထုတ်သည်ဖြစ်စေ, မထုတ်သည်ဖြစ်စေ သဒ္ဓါ စသောတရားတို့က ပြည့်စုံခဲ့ပြီးဖြစ်သောကြောင့်တည်း။ ပုထုဇဉ် တို့မှာကား သဒ္ဓါစသော တရားနှင့် မပြည့်စုံသေးသောကြောင့် အချင်းခပ်သိမ်း ပြည့်စုံအောင် အားထုတ်ရမည်သာ။ အားထုတ် သင့်ကြောင်းကိုလည်း "ဧဝံ သန္တေပိ"စသော နောက်ဝါကျကို ထောက်၍သိ။ ထိုကြောင့်—

န ပုထုဇ္ဇနာနံ သဗ္ဗေန သဗ္ဗံ ဇုတ္တန္တိတိ။ တထာ ဟိ ဝက္ခတိ ဧဝံ သန္တေပိတိ အာဒိ။ (ဝိသုဒ္ဓိ-ဋီ ၁ နှာ-၂၇၆)

"ဧဝံ သန္တေပိ"စသော နောက်ဝါကျကား—

ဧဝံ သန္တေပိ ပရိသုဒ္ဓသီလာဒိဂုဏာသမန္နာဂတေန ပုထုဇ္ဇနေနာပိ မနသိ ကာတဗ္ဗာ။ အနုဿဝ ဝသေနာပိ ဟိ ဗုဒ္ဓါဒိနံ ဂုဏေ အနုဿရတော စိတ္တံ ပသီဒတိယေဝ။ ယဿာနုဘာဝေန နီဝရဏာနိ ဝိက္ခမ္ဘေတွာ ဥဠာရ- ပါမောဇ္ဇော ဝိပဿနံ အာရဘိတွာ အရဟတ္တံ ယေဝ သစ္ဆိကရေယျ ကဋအန္ဓကာရဝါသီ ဖုဿဒေဝတ္ထေရော ဝိယ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၁ နှာ-၂၂၁)

၎င်း အဖွင့် ဋီကာ၌လည်း—

ဧဝံ သန္တေပိ ပရိသုဒ္ဓသီလာဒိဂုဏာ သမန္နာဂတာနံ ပုထုဇ္ဇနာနံပိ ဇာယန္တိ။ အရိယသာဝကာနံ ပန သုခေန ဇာယန္တိ-ဟု မိန့်၏။

ဧဝံ၊ ဤသို့ မဟာနာမသုတ် အစရှိသော များစွာသော သုတ်တို့၌ အရိယာသာဝကအားသာလျှင် ခြောက်ပါးသော အနုဿတိတို့ကို ဟောတော်မူအပ်ကုန်သည်။ သန္တေ-သန္တေသုပိ၊ ရှိကုန်သော်လည်း။ ပရိသုဒ္ဓသီလာဒိဂုဏာသမန္နာဂတေန၊ ထက်ဝန်းကျင်မှ စင်ကြယ်သော သီလ အစရှိသောဂုဏ်နှင့် ပြည့်စုံသော။ ပုထုဇ္ဇနေနာပိ၊ ပုထုဇဉ် ပုဂ္ဂိုလ်သည်လည်း။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်၏။ ဟိ-ယုတ္တံ၊ သင့်စွ။ အနုဿဝဝသေနာပိ၊ အဆင့်ကြားသည်၏ အစွမ်းဖြင့်လည်း။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိသည်တို့၏။ ဂုဏေ၊ ဂုဏ်တို့ကို။ အနုဿရတော၊ အောက်မေ့သော ပုထုဇဉ်၏။ စိတ္တံ၊ စိတ်သည်။ ပသီဒတိယေဝ၊ ကြည်သည်သာလျှင်တည်း။ ယဿ စိတ္တပ္ပသာဒဿ၊ အကြင်စိတ်ကြည်လင်ခြင်း၏။ အာနုဘာဝေန၊အစွမ်းဖြင့်။ နီဝရဏာနိ၊တို့ကို။ ဝိက္ခမ္ဘေတွာ၊ ခွါ၍။ ဥဠာရပါမောဇ္ဇော၊ ပြန့်ပြောပေါများသော ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍။ ဝိပဿနံ၊ ကို။ အာရဘိတွာ၊ အားထုတ်၍။ ကဋ္ဌအန္ဓကာရဝါသီ ဖုဿဒေဝတ္ထေရော ဝိယ၊ ကဲ့သို့။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ သစ္ဆိကရေယျေဝ၊ မျက်မှောက် ပြုနိုင်သည်သာတည်း။

ဤကား အဋ္ဌကထာနက်။ ဋီကာနက်ကား ထင်လွယ်၏။ ထိုမှ တပါးလည်း ဇိနာလင်္ကာရဋီကာ (နှာ-၄၃), ထေရာ-အဋ္ဌကထာတို့၌ မိန့်ဆိုကုန်သေး၏။

သစေ ဟိ ပုထုဇ္ဇနော ဗုဒ္ဓဂုဏံ န ကထေတိ၊ နာနုဿရတိ၊ သော ကထံ သံသာရဒုက္ခာ မုစ္စိဿတိ။ ကေန မဂ္ဂေန ပါရံ နိဗ္ဗာနံ ဂစ္ဆိဿတိ၊ ကထံ သဒ္ဓါယ ဝဍ္ဎိဿတိ။ သီလေန သုတေန စာဂေန ပညာယ ဝဍ္ဎိဿတိ။ သော ခါ- သော ခါ ပန ဗုဒ္ဓဂုဏံ သရန္တို ဝါ န သရန္တို ဝါ ပုထုဇ္ဇန- ကလျာဏောဟိ ပန အဝဿံ အညံ ဝိကြော်ပံ ပဟာယ သဗ္ဗထာမေန သောတဗ္ဗာ ပဂုဏာ ကာတဗ္ဗာ။ ဧဝံ ကရောန္တော ဟိ သဒ္ဓါယ ဝဍ္ဎတိ သီလေန သုတေန စာဂေန ပညာယ ဝဍ္ဎတိ။

သဒ္ဓါဓနံ သီလဓနံ သုတဓနံ စာဂဓနံ ပညာဓနန္တိ ဣမေသံ သုဝိတ္ထာနံ အတ္တိတာယ အဒလိဒ္ဒေါတိ တံ တာဒိသံ ပုဂ္ဂလံ ဗုဒ္ဓါဒယော အရိယာ အာဟု။

**အနက်ကား။** ။ဟိသစ္စံ၊ မှန်၏။ သစေ၊ အကယ်၍။ ပုထုဇ္ဇ- နော၊ ပုထုဇဉ်သည်။ ဗုဒ္ဓဂုဏံ၊ အရဟံစသော ဘုရားဂုဏ်ကို။ န ကထေတိ၊ မဆိုငြားအံ့။ နာနုဿရတိ၊ အဖန်တလဲလဲ မအောက် မေ့ငြားအံ့။ သော၊ ထို အရဟံစသော ဘုရားဂုဏ်ကို မအောက် မေ့သော ပုထုဇဉ်သည်။ သံသာရဒုက္ခာ၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ရာ သံသရာ ဝဋ်ဆင်းရဲတည်းဟူသော ဤမှာဘက်ကမ်းမှ။ ကထံ မုစ္စိဿတိ၊ အဘယ်မှာ လွတ်နိုင်အံ့နည်း။ ကေန မဂ္ဂေန၊ အဘယ်ခရီးဖြင့်။ ပါရံ နိဗ္ဗာနံ၊ ရုပ်နာမ်နှစ်ပါးတို့၏ ချုပ်ရာနိဗ္ဗာန် တည်းဟူသော ထိုမှာဘက်ကမ်းသို့။ ကထံ ဂစ္ဆိဿတိ၊ အဘယ် မှာ ရောက်နိုင်အံ့နည်း။ သဒ္ဓါယ၊ သဒ္ဓါဥစ္စာဖြင့်။ ကထံ ဝဍ္ဎိဿတိ၊ အဘယ်မှာ တိုးပွါးနိုင်အံ့နည်း။ သီလေန၊ သီလဥစ္စာဖြင့်လည်း ကောင်း။ သုတေန၊ လည်းကောင်း။ စာဂေန၊ လည်းကောင်း။

ပညာယ၊လည်းကောင်း။ ကထံ ဝဍ္ဎိဿတိ၊အဘယ်မှာ တိုးပွါးနိုင်အံ့နည်း။ သေခါသေခါ ပန၊သေက္ခ,အသေက္ခဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်ကား။ ဗုဒ္ဓဂုဏံ၊ အရဟံစသော ဘုရားဂုဏ်ကို။ သရန္တု၊ ဝါ၊ အောက်မေ့သည်မှုလည်းဖြစ်စေကုန်။ န သရန္တု၊ ဝါ၊ မအောက်မေ့သည်မှုလည်း ဖြစ်စေကုန်။ ပုထုဇ္ဇနကလျာဏေဟိ ပန၊ ကလျာဏပုထုဇဉ်ဖြစ်သော ရဟန်း ရှင် လူ တို့သည်ကား။ အဝဿံ၊ မချွတ်။ အညံ ဝိကွေပံ၊ တပါးသော ပျံ့လွင့်ခြင်း အကုသိုလ်တရားကို။ ပဟာယ၊ ပယ်၍။ သဗ္ဗထာမေန၊ ခပ်သိမ်းသော အစွမ်းဖြင့်။ သောတဗ္ဗာ၊ နာအပ်ကုန်၏။ ပဂုဏာ၊ နှုတ်တက်လေ့လာသည်တို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ ဥဂ္ဂဏှိတဗ္ဗာ၊ သင်အပ်ကုန်၏။ ပရိပုစ္ဆိတဗ္ဗာ၊မေးအပ်ကုန်၏။ ဘာဝေတဗ္ဗာ၊ပွါးစေအပ်ကုန်၏။ ဝါ၊ စီးဖြန်းအပ်ကုန်၏။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ ဧဝံ၊ ဤသို့။ ကရောန္တော၊ ပြုသည်ရှိသော်။ သဒ္ဓါယ၊ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ကြောင်း တရား၌ အလွန်ယုံကြည်သော သဒ္ဓါတရားဖြင့်။ဝဍ္ဎတိ၊တိုးပွါး၏။ သီလေန၊ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ကြောင်း အလွန်စင်ကြယ်သော သီလဖြင့်လည်းကောင်း။ သုတေန၊ နိဗ္ဗာန်ကို လျင်မြန်စွာရောက်ကြောင်းတရား အကြားအမြင်ဖြင့် လည်းကောင်း။ စာဂေန၊ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ကြောင်း တရား စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြင့်လည်းကောင်း။ ပညာယ၊ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ကြောင်း ဝိပဿနာပညာ, မဂ်ပညာဖြင့်လည်းကောင်း။ ဝဍ္ဎတိ၊ တိုးပွါး၏။

သဒ္ဓါခန်၊ သဒ္ဓါဥစ္စာလည်းကောင်း။ သီလခန်၊ သီလဥစ္စာလည်းကောင်း။ သုတခန်၊ သုတဥစ္စာလည်းကောင်း။ စာဂခန်၊

စာဂဥစ္စာလည်းကောင်း။ ပညာဓနံ၊ ပညာဥစ္စာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ သုဝိတ္တာနံ၊ ဤမဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရကြောင်းဖြစ်သော ဥစ္စာကောင်းတို့၏။ အတ္ထိတာယ၊ ရှိသည်၏ အဖြစ်ကြောင့်။ တံ တာဒိသံ၊ ထိုသို့သော ဥစ္စာရှိသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ အဒလိဒ္ဒေါတိ၊ သူဆင်းရဲမဟုတ်ဟူ၍။ ဝါ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာရကြောင်း ဥစ္စာကောင်းရှိသော လူရတတ် ကြီးဟူ၍။ ဗုဒ္ဓါဒယော၊ ဘုရားအစရှိကုန်သော။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ အာဟု၊ ဟောတော်မူကုန်၏။

## ဗုဒ္ဓါရမ္မဏပီတိကြောင့် စိတ်ပူပန်ခြင်းပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိသို့ ရောက်ကြောင်းကို ပြဆိုချက်

ထိုမှတပါးလည်း မြတ်စွာဘုရား၏ ဂုဏ်တော် တည်းဟူသော သမုဒ္ဒရာသည် အပြောလည်း ကျယ် နက်လည်း နက်နဲသည်ဖြစ်၍ အိုးကြီးအိုးငယ်ဖြင့် သမုဒ္ဒရာရေကို ခပ်လျှင် အလုံးစုံသော သမုဒ္ဒရာ ရေပင် မကုန်သော်လည်း မိမိအိုးပမာဏရှိသော ရေ သည် ပါသည်ဖြစ်လျက် ပျင်းရိ၍ မခပ်သောသူသည် သမုဒ္ဒရာ ရေကို မသုံးဆောင်ရ။ ကြောက်တတ်သော သူသည်လည်း သမုဒ္ဒရာရေသို့ဆင်း၍ မွှေးထူးကစားခြင်းကို မပြုရ။ ထိုသူအား ကိုယ်၏ ညစ်ညူးခြင်း မချမ်းသာခြင်းသို့ ရောက်၏။ မပျင်းမရှိ သောသူ,မကြောက်တတ်သောသူသည် သမုဒ္ဒရာရေကို သုံးဆောင် ရခြင်း, မွှေးထူးကစားရခြင်းကြောင့် ကိုယ်၏ စင်ကြယ်ခြင်း ချမ်း သာခြင်းသို့ ရောက်၏။

ထို့အတူ မြတ်စွာဘုရား၏ ဂုဏ်တော်သမုဒ္ဒရာသို့ ဆင်း၍ မွှေးထူး ကစားသည်ဖြစ်အံ့၊ ကိလေသာဖြင့် ညစ်ညူးသော စိတ်

သန္တာန်တည်းဟူသော ကိုယ်၏ စင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိသို့ ရောက်၏။ ထိုကြောင့်—

> ဗုဒ္ဓဂုဏသာဂရံ ဩဂါဟေတွာ ဗုဒ္ဓဂုဏာရမ္မဏာယ ပီတိယာ စိတ္တသန္တာနဂတ္တမလံ သောဓေတွာ ကိလေသ-ဒရထံ နိဗ္ဗာပေတွာ ဣတိ ပိ သော ဘဂဝါ အရဟန္တိ အာဒိနာ ဧကမေကံ ပဒံ ဂဟေတွာ ဂုဏကိဋ္ဋံ ကိဋ္ဋိတွာ အတ္တနော ပညာပမာဏေန ဧကံ ဂုဏံ ဂဟေတွာ ဥပ-စာရသမာဓိံ ဥပ္ပါဒေတွာ တပ္ပဓာနာ ဝိသုဒ္ဓိ ပါပုဏိ-တဗ္ဗာ—

ဟု ဇိနာလင်္ကာရဋီကာ (သုမေဓဝတ္ထု နှာ-၄၃) ၌ မိန့်၏။

အနက်ကား—

ဗုဒ္ဓဂုဏသာဂရံ၊ မြတ်စွာဘုရား၏ဂုဏ်တော်သမုဒ္ဒရာသို့။ ဩ-ဂါဟေတွာ၊ သက်၍။ ဗုဒ္ဓါဂုဏာရမ္မဏာယ၊အရဟံစသော ဘုရားဂုဏ်လျှင် အာရုံရှိသော။ ပီတိယာ၊ ပီတိဖြင့်။ စိတ္တသန္တာနဂတ္တ-မလံ၊ စိတ်သန္တာန်တည်းဟူသော ကိုယ်၏ ညစ်ညူးခြင်းကို။ သောဓေတွာ၊ သုတ်သင်၍။ ကိလေသဒရထံ၊ ကိလေသာဟူသော ပူပန်ခြင်းကို။ နိဗ္ဗာပေတွာ၊ ငြိမ်းစေ၍။ ဣတိ ပိ သော ဘဂဝါ အရဟန္တိ အာဒိနာ၊ ဣတိ ပိ သော ဘဂဝါ အရဟံ ဤသို့စသည်ဖြင့်။ ဧကမေကံ ပဒံ၊ တခုတခုသော ဂုဏ်ပုဒ်ကို။ ဂဟေတွာ၊ နှစ်သက်ရာယူ၍။ ဂုဏကိဋ္ဋံ၊ ဘုရားဂုဏ်၌ မြှုးထူးကစားခြင်းကို။ ကိဋ္ဋိ-တွာ၊ မြှုးထူးကစား၍။ အတ္တနော၊ မိမိ၏။ ပညာပမာဏေန၊ ပညာအတိုင်းအရှည်ဖြင့်။ ဧကံ ဂုဏံ၊ တခုသောဂုဏ်ကို။ ဂဟေ-တွာ၊ ယူ၍။ ဥပစာရသမာဓိံ၊ ဥပစာရသမာဓိကို။ ဥပ္ပါဒေတွာ၊

ဖြစ်စေ၍။ တပ္ပဓာနာ၊ ထိုသမာဓိလျှင် ပြဌာန်းခြင်းရှိသော။ ဝိသုဒ္ဓိံ၊ အထူးသဖြင့် စင်ကြယ်သော ဒိဋ္ဌိဝိသုဒ္ဓိသို့။ ပါပုဏာတိ- တဗ္ဗာ၊ ရောက်အပ်၏။

## ဂုဏ်တော်တခုခုကို အောက်မေ့သည်ရှိသော် များစွာသော ဂုဏ်တော်တို့ကို အောက်မေ့ရာ ရောက်ကြောင်းကို ပြဆိုချက်

ထိုမှတပါးလည်း ဘုရားဂုဏ်တော်သည် မရေတွက်နိုင်, ကောင်းကင်ပြင်ကဲ့သို့ အဆုံးမရှိသည်ဖြစ်၍ မိမိဉာဏ်နှင့် တန်ရုံ တခုခုသောဂုဏ်ကို အောက်မေ့သဖြင့်“သမုဒ္ဒေါ မယာ ဒိဋ္ဌော” အစရှိသည်ကဲ့သို့ များစွာသော ဂုဏ်တို့ကို အောက်မေ့ခြင်းသို့ ရောက်၏။ ထို့ကြောင့်—

> အပ္ပမတ္တကမ္ပိ အတ္တနော ဥပဋ္ဌဟန္တံ ဗုဒ္ဓဂုဏံ နိရန္တရံ အနုဿရန္တော ဗုဒ္ဓါနုဿတိကောဋ္ဌာသော ဟောတိ။ မဟန္တဥ္စ ပဒတ္ထံ ပါပုဏာတိ ယထာ ဂန္ဓဟတ္ထိ- ကုစ္ဆိမှိ ပဝိဋ္ဌော ယော ကောစိ တိဏပဏ္ဏ ပလာလာဒိ- ဂေါစရောပိ စတုဇာတိယဂန္ဓော ယေဝ ဟောတိ။ ဧဝ မေဝ ယောကောစိ ပုထုဇ္ဇနောပိ ဂုဏာသုရာဘိ ဗုဒ္ဓဂန္ဓ- ဟတ္ထိကုစ္ဆိံ အနုဿရဏမတ္တေနပိ ပဝိဋ္ဌော သုဂန္ဓိကော- ယေဝ ဟောတိ။ သဒေဝကေန လောကေန ပူဇိတော တီသု ဗောဓိသု အညတရံ ပါပုဏာတိ—

ဟု ဇိနာလင်္ကာရဋီကာ (နှာ-၄၄) ၌ မိန့်၏။

**အနက်ကား။** ။အတ္တနော၊ မိမိအား။ ဥပဋ္ဌဟန္တံ၊ ထင်လာသော။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှလည်းဖြစ်သော။ ဝါ၊ တပါးတည်းလည်း ဖြစ်သော။ ဗုဒ္ဓဂုဏံ၊ ဘုရားဂုဏ်တော်ကို။ နိရန္တရံ၊ မပြတ် မလပ်။ အနုဿရန္တော၊ အဖန်တလဲလဲ အောက်မေ့သော လူရှင်ရဟန်းသည်။ ဗုဒ္ဓါနုဿတိကောဋ္ဌာသေ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသော သူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ မဟန္တံ၊ များမြတ်ကြီးကျယ်သော။ ပဒတ္တံ၊ ဂုဏ်ပုဒ်အနက်သို့။ ပါပုဏာတိ၊ ရောက်၏။ (သဒတ္တံ-ရှိလျှင် ကိုယ်ကျိုး-ကိုယ် စီးပွါးသို့-ဟု အနက်ပေး)။ ဂန္ဓဟတ္ထိကုဋ္ဌိမှိ၊ ဂန္ဓအမည်ရှိသော ဆင်၏ဝမ်း၌။ ပဝိဋ္ဌော၊ ဝင်သော။ ယောကောစိ၊ တစုံတခုသော။ တိဏပဏ္ဏပလာလာဒိဂေါစရောပိ၊ မြက် သစ်ရွက် ကောက်ရိုး အစရှိသော အစာသည်လည်း။ စတုဇာတိယဂန္ဓောဋ္ဌာသေ၊ လေးပါးသော နံ့သာမျိုးသည်သာလျှင်။ ဟောတိ ယထာ၊ သို့။ ဧဝမေဝ၊ လျှင်။ ယောကောစိ၊ သော။ ပုထုဇ္ဇနောပိ၊ သည်လည်း။ ဂုဏသုရဘိ ဗုဒ္ဓဂန္ဓဟတ္ထိ ကုဋ္ဌိံ၊ဂုဏ်တော်တည်းဟူသော ကောင်းသောအနံ့ရှိသော ဘုရားတည်းဟူသော ဂန္ဓဆင်မင်း၏ ဝမ်းသို့။ အနုဿရဏမတ္တေနပိ၊ အဖန်တလဲလဲ အောက်မေ့ကာမျှဖြင့် လည်း။ ပဝိဋ္ဌော၊ ဘာဝနာ စိတ်ဖြင့် ပြေးဝင်သည်ရှိသော်။ သုဂန္ဓိကောဋ္ဌာသေ၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအနံ့ ရှိသည်သာလျှင်။ ဟောတိ၊ ၏။ သဒေဝကေန၊ နတ်နှင့် တကွ သော။ လောကေန၊ လူအပေါင်းသည်။ ပူဇိတော၊ ပူဇော်အပ် ၏။ တိသု ဗောဓိသု၊ သုံးပါးသော ဗောဓိတို့တွင်။ အညတရံ၊ တပါးပါးသော ဗောဓိသို့။ ပါပုဏာတိ၊ ရောက်၏။

ထို့ကြောင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် ငါတို့ပုထုဇဉ်တို့အားလည်း ထိုက်တန်သည်သာတည်းဟု အမြဲကြေနပ်မှုချ မှတ်အပ်၏။

## သဒ္ဓါယုံကြည်ခြင်းရှိသော တိလောကဝိဇယ စကြာပင်းကြီး၏ ဘုရားကို ဖူးမြင်ရကြောင်းကို ပြဆိုချက်

သဒ္ဓါယုံကြည်ခြင်း မရှိ၍ ဗုဒ္ဓါနုဿတိ ဘာဝနာကင်းသော ပုထုဇဉ်သည် ဓမ္မိဿရ ဓမ္မသာမိ ဖြစ်တော်မူသော တရားအရှင် နိဗ္ဗာန်သခင် ဘုရားရှင်ကို မမြင်နိုင်။ သဒ္ဓါယုံကြည်ခြင်းနှင့် ပြည့်စုံသော အမျိုးကောင်းသမီးသားသည် ဗုဒ္ဓါနုဿတိ ဘာဝနာဟူသော တရားတော်ကို သဒ္ဓါတရားတည်းဟူသော လက်၌ သတိဖြင့် မြဲစွာကိုင်မိသည်ရှိသော် သဒ္ဓါပရိဝိတက္ကဒိဋ္ဌိနိဇ္ဈာနခန္တိတို့၏အစွမ်းဖြင့် မနောဒွါရတွင် အာရုံထင်လာမြဲဖြစ်၍ ထိုဗုဒ္ဓါ-နုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ တည်တည်ကြည်ကြည် မြဲမြဲစွာ အားထုတ်သော အမျိုးကောင်းသမီးသားတို့၏မနောဒွါရ၌ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိတုန်းကအလား ထင်လာသည်၊စေတီရုပ်ပွါး စသည်ထင်လာသည်၊ ပကတိမျက်စိဖြင့် မြင်ရ၏သို့ မနောဒွါရတွင် ထင်လာသည်။

**မနောဒွါရ၌ ထင်ပုံ။** ။ဒိဗ္ဗစက္ခုအဘိညာဉ်မှ ကင်းသောပုဂ္ဂိုလ်တို့သည် ဒူရ, အာသန္န, ပဋိစ္ဆန္န, သဏှ, သုခုမ ဖြစ်သော ရူပါရုံကို အာရုံပြုခြင်းငှါ မစွမ်းနိုင်၊ ဒိဗ္ဗစက္ခုအဘိ-ညာဉ်နှင့် ပြည့်စုံသော စတုမဟာရာဇ်, တာဝတိံသာ စသော နတ်, ရသေ့, ရဟန်းဖြစ်သော ဝိသေသပုဂ္ဂိုလ်တို့သည်သာလျှင် ထို

ဒူရ, အာသန္န, ပဋိစ္ဆန္န, သဏှ, သုခုမ-ဖြစ်သော ရူပါရုံကို အာရုံ ပြုခြင်းငှါ စွမ်းနိုင်သကဲ့သို့တည်း။

**ဝတ္ထုသာရက။**　။မြင်ရသိရဘူးသော ဝတ္ထုသက်သေကား–လွန် လေပြီးသောအခါ ငါတို့ဘုရားအလောင်းတော် သည် တိလောကဝိဇယကြောမင်း ဖြစ်၍ လွန်မင်းကြီးမားစွာ သော သဒ္ဓါယုံကြည်ခြင်းနှင့် ပြည့်စုံသည့်အတိုင်း ဤဆိုလတ္တံ့သော နည်းဖြင့် ကြီးကျယ်လှစွာသော ဒါနကုသိုလ် ပါရမီပုညသမ္ဘာရ အထူးကို ဉာဏ်ရှိတိုင်း ဖြည့်ကျင့်ဆည်းပူး စိတ်ကူးတော်မူ၏။

ယာဝတာ ဗုဒ္ဓခေတ္တသု၊ ရတနာ ဝိဇ္ဇန္တိ’ သင်္ခိယာ။
အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ မနသာ သဗ္ဗ’မာဟရိံ။
(အပဒါန-ပ-၂)

ယာဝတာ၊ အကြင်မျှလောက်သော အပိုင်းအခြားဖြင့်။ ဗုဒ္ဓ- ခေတ္တသု၊ ဘုရားဖြစ်ရာ စက္ကဝါဠတသောင်း တိုက်ပေါင်းရွေးစစ် ဇာတိခေတ်တို့၌။ အာကာသဋ္ဌာ စ၊ ကောင်းကင်၌ တည်သည် လည်း ဖြစ်ကုန်သော။ ဘူမဋ္ဌာ စ၊ မြေ၌တည်သည်လည်း ဖြစ်ကုန် သော။ အသင်္ခိယာ၊ မရေတွက်နိုင်ကုန်သော။ ရတနာ၊ ရွှေ, ငွေ, ပုလဲ, မျက်ရွဲ, နီလာ, သန္တာ, ဂေါမုတ်, ဥဿဖယား, ပတ္တမြား အစရှိသော ရတနာတို့သည်။ ဝိဇ္ဇန္တိ၊ ထင်ရှားတည်ရှိကုန်၏။ တာဝတကံ၊ ထိုမျှလောက်စစ် ဇာတိခေတ်၌ရှိသော။ သဗ္ဗံ၊ အလုံး စုံကို။ မနသာ၊ စိတ်ကူးဖြင့်။ အာဟရိံ၊ ဆောင်ယူပြီ။

ဤသို့ စသည်ဖြင့် ဗုဒ္ဓအပဒါန် ပါဠိတော်လာသည်နှင့် ညီစွာ ငွေဖြူဘော်မြေအပြင်ဝယ် ဘုံဆင့်မြင့်ကျယ် အံ့သြချီးမွမ်း၍ မပြီး နိုင်ဘွယ် အလွန်ဆန်းကြယ်သော ပြာသာဒ်ကြီးကို စိတ်ထဲတွင်

ထင်မြင် ပေါ်ပေါက်လာအောင် ဖန်ဆင်းပြီး၍ ခင်းနှီးနေရာ ဝိဟာရ-ပရိဘောဂ ကျောင်းအသုံးအဆောင် အခြံအရံ ဥယျာဉ် ပန်းမာလ် တန်ဆာပလာ တူရိယာစသော လောက၌ တင့်တယ်ဘွယ်ရာ ဟူသမျှကို ဘယ်ဟာတခုမျှ မပြည့်မစုံ မရှိစေရ, ပြည့်စုံလှပအောင် စိတ်ဖြင့် တည်ထောင်ပြုပြင် စီရင်ဖန်ဆင်း၍ ထားပြီးလျှင် ရှေးရှေးအခါ ကပ်ကမ္ဘာဟူဟူက ပရိနိဗ္ဗာန် စံယူတော်မူကုန်ပြီးသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်တို့ကို သက်တော်ရှိသော ပကတိအသွင်ဖြင့် ထင်မြင်အောင် နှလုံးသွင်း၍ ဖန်ဆင်းဆောက်လုပ်ပြီး ရှိနှင့်သော စံကျောင်းတော် ပြာသာဒ်ကြီးအတွင်းသို့ ထိုထို တံခါးပေါက်တို့မှ ပင့်ဆောင်တင်သွင်း၍ အသီးအသီး ရွှေဖြင့်ပြီးသော နေရာအင်းပျဉ်သို့ တင်၍ နတ်၌ဖြစ်သော ပဒေသာပင်, လူ၌ဖြစ်သော ပဒေသာပင်တို့မှ ဆွတ်ယူအပ်သော သက်န်းတိစီဝရိက်တို့ကို ဆက်ကပ်လှူဒါန်းပြီးလျှင် ထူးဆန်းသော ဘောဇဉ်ခဲဘွယ် စားဖွယ်သောက်ဖွယ် အချိုအချဉ် အထွေထွေတို့ဖြင့် ပတ္တမြားညိုသပိတ်တို့ကို ပြည့်စေလျက် ကပ်ဆက်ကျွေးမွေးသည်ကို ဘုဉ်းပေးသုံးဆောင်တော် မူကြပြီး၍ ရတနာခန်းတိုက်ကြီးသို့ အသီးအသီး ဝင်တော်မူ၍ ရွှေဂူနေကေသရီရွှေခြင်္သေ့ကဲ့သို့ စံမွေကိန်းစက်တော်မူပြီ။ ကိန်းစက်ရာမှ ထတော်မူပြီး၍ အသီးအသီး နေရာပလ္လင်၌ တင်ပြင်ဖွဲ့ခွေ ထိုင်နေတော်မူကြ၍ အချို့သောဘုရားက ဈာန်ဝင်စား, အချို့သောဘုရားက တရားစကားပြောဟော, အချို့သောဘုရားက တန်ခိုးဖန်ဆင်း, ဘုရားက ဘုရားချင်း မေး, သာဝကများက ဘုရားကို မေးလျှောက်, အချင်းချင်း မေးလျှောက်ကြသည်ကို အချင်းချင်း ဖြေဆိုကြကုန်၏။

ဗုဒ္ဓါပစ္စေကဗုဒ္ဓါ စ၊ သာဝကာ ပရိစာရကာ။
ဇဝံ သကာယ ရတိယာ၊ ပါသာဒေ’ဘိရမန္တိ တေ။
(အပဒါန် ပါဠိတော်၊ နှာ—၄)

ဗုဒ္ဓါ စ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်တို့သည်၎င်း။ ပစ္စေက-ဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်၎င်း။ ပရိစာရကာ၊ အလုပ်အကျွေး အခြွေအရံဖြစ်ကုန်သော။ သာဝကာ စ၊ တပည့်သား အပေါင်းတို့သည်၎င်း။ ဇဝံ၊ဤသို့။ တေ၊ ထို ဘုရား,ပစ္စေကဗုဒ္ဓါ, သာဝက, အသျှင်ကောင်း အသျှင်မြတ်တို့သည်။ သကာယ၊ မိမိတို့၏ ဥစ္စာဖြစ်သော။ ရတိယာ၊ ရွှန်ဖိုလ်ဟူသော မွေ့လျော်ခြင်းဖြင့်။ ပါသာဒေ၊ ရတနာကိုးလီ မွမ်းခြယ်စီသော ပြာသာဒ်ကြီး၌။ အဘိရမန္တိ၊ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်လှစွာ သီတင်းသုံး နေတော်မူကြပါကုန်၏။

ထိုအခါ ရတနာတို့ဖြင့်ပြီးသော ထီး မျက်နှာကြက် ပန်းချက် ပန်းဆိုင်း နံ့သာဆိုင်းအထပ်ထပ် ပြာသာဒ်ထက်ဝန်းကျင် ရှုစချင့် ဘွယ် တင့်တယ် လှပစွာ ပဒုမာ ကြာကန် တူရိယာ ညိုးညံ့ ၄က်သံ သောင်းပြောင်း နတ်ပေါင်းရံခ ကြီးကျယ်စွာသော ဒါနကို စိတ်ကကြီသိ အမိဋ္ဌာန်မနောပဏိမိဖြင့် ဆိထိသည့် ဝါဂွမ်း ကဲ့သို့ အိအိရွှမ်းရွှမ်း ပီတိလွှမ်း၍ လှူဒါန်းပူဇော်ပြီးလျှင် နတ်, လူ, ဗြဟ္မာ သတ္တဝါမိုလ်ခြေ များဝေဖောတို့အား ကုသိုလ်အဖို့ ဘာဂကို ပတ္တိဒါန အမျှ ပေးဝေ၍ နောင် စုတေသည့်အခါ တာဝတိံသာနတ်နန်း၌ စံမြန်းတော်မူရ၍ ထိုအခါမှစပြီး လူ့ပြည် နတ်ပြည်၌သာ ကျင်လည်ကျက်စား၍ ဘုရားအဖြစ်သို့ ရောက်တော်မူလေသတည်း။

မနသာ ဒါနံ မယာ ဒိန္နံ၊ မနသာ ပသာဒ'မာဝဟိံ။
ပူဇိတာ သမ္ဗသမ္ဗုဒ္ဓါ၊ ပစ္စေကာ ဇိနသာဝကာ။
(အပဒါန်ပါဠိတော်။ နှာ၁-၅)

မယာ၊ တိလောကဝိဇယစကြာမင်းဖြစ်သော ငါဘုရားသည်။ မနသာ၊ ဉာဏ်ဖြင့်စိတ်ဖြာ သဒ္ဓါရှေးတည် စိတ်ကြီးစည်သဖြင့်။ ဒါနံ၊ အသဒိသအလှူကြီးကို။ ဒိန္နံ၊ ပေးလှူအပ်ပြီ။ မနသာ၊ စိတ်အကြံဖြင့်။ ပသာဒံ၊ ကြည်ညိုခြင်းကို။ အာဝဟိံ၊ ရွက်ဆောင်ပြီ။ သမ္ဗ သမ္ဗုဒ္ဓါ၊ ဂင်္ဂါဝါဠု သဲစုမသွေ ပွင့်လေကုန်ပြီးသော ဘုရားရှင်တို့ကိုလည်း။ ပစ္စေကာ၊ သူတပါးကို မနိုးမဆော်ဘဲ အသီးအခြား သစ္စာလေးပါးကို သိမြင်ကုန်သော ပစ္စေကဗုဒ္ဓါ ဘုရားတို့ကိုလည်း။ ဇိနသာဝကာ၊ နိဗ္ဗာန်ကို လိုလားကုန်သော ဘုရားရှင်တို့၏ တပည့်သားဖြစ်ကုန်သော ရဟန္တာတို့ကိုလည်း။ ပူဇိတာ၊ ပူဇော်အပ်ကုန်ပြီ။

ထိုစကြာမင်း၏ ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့ကို ကိုးကွယ်ဆည်းကပ်ခြင်းကို သရဏဂုံဟု မှတ်။ ထိုစကြာမင်းကို မဆိုထားဘိ၊ တိရစ္ဆာန်ဖြစ်သော ဘုရားအလောင်း ရွှေဥဒေါင်းမင်း၏လည်း ရှေးဘုရားတို့ကိုရှိခိုးကိုးကွယ်ခြင်းကိုလည်း၊ ဘုရားအလောင်း ငုံးမင်း၏လည်း ရှေးဘုရားတို့ကို အောက်မေ့ဆောက်တည်ခြင်းကိုလည်း သရဏဂုံပင်ဟု မှတ်။ သာသနာပ၌ ဘုရားထင်ရှားမရှိသော်လည်း တိလောက စကြာမင်း, ရွှေဥဒေါင်းမင်း, ငုံးမင်းတို့ကဲ့သို့ သိ၍ ဆောက်တည်မှုကား သရဏဂုံ တည်သည်သာဟု မှတ်။

**သရဏဂုံ နှစ်မျိုး။** ။သရဏဂုံသည်လည်း လောကီ သရဏဂုံ, လောကုတ္တရာ သရဏဂုံ ဟူ၍ နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် လောကီ သရဏဂုံသည် ဒိဋ္ဌိအယူကို ယူခြင်း, သေခြင်း နှစ်ပါးတို့ကြောင့် ပျက်၏။ လောကုတ္တရာ သရဏဂုံမှာ အခါခပ်သိမ်း ပျက်သည် မရှိပြီ။

**ဗုဒ္ဓါနုဿတိဘာဝနာ အမြတ်ဆုံးဖြစ်ကြောင်းကို ပြဆိုချက်**

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ။
(အပဒါန်ပါဠိ၊ ထေရာ အဋ္ဌကထာ နှာ-၇၆)

နန္ဒ၊ နန္ဒရသေ့။ ဘာဝနာနံ၊ ဘာဝနာ ဟူကာဘတို့ထက်။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိ ဘာဝနာကို။ တွံ၊ သင် နန္ဒရသေ့သည်။ ဘာဝေဟိ၊ ပွါးစေလော့။ ဝါ၊ စီးဖြန်းလော့။

ပဒုမုတ္တရ မြတ်စွာဘုရားသခင်သည် "နန္ဒရသေ့ ဘာဝနာ တကာဘတို့ထက် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို စီးဖြန်းလော့"ဟု မိန့်တော်မူ၏။

**ဂုဏ်တော်တို့တွင် အရဟံဂုဏ်တော်အကြီးဆုံး အကဲဆုံး ဖြစ်ကြောင်းကို ပြဆိုချက်**

သဗ္ဗေသံ ကမ္မဋ္ဌာနာနံ၊ ဗုဒ္ဓဝဏ္ဏော မုခံ မတော။
သဗ္ဗေသံ ဗုဒ္ဓဝဏ္ဏာနံ၊ အရဟံ ပမုခံ ဘဝေ။

သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ကမ္မဋ္ဌာနာနံ၊ ကမ္မဋ္ဌာန်းတို့တွင်။ ဝါ၊ ကမ္မဋ္ဌာန်း တကာတို့ထက်။ ဗုဒ္ဓဝဏ္ဏော၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို။ မုခံ၊ အကြီးအကဲ အလွန်အမြတ်ဆုံးဟူ၍။ မတော၊ သိအပ်၏။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗုဒ္ဓဝဏ္ဏာနဥ္စ၊ ဘုရား

ရှင်၏ ဂုဏ်ကျေးဇူးတော်တို့တွင်လည်း။ ဝါ၊ ဂုဏ်ကျေးဇူးတကာ တို့ထက်လည်း။ အရဟံ၊ အရဟံဂုဏ်တော်သည်။ ပမုခံ၊ အကြီး အမှူး အဦးအဖျားသည်။ ဘဝေ၊ ဖြစ်၏။

ဗုဒ္ဓဝဏ္ဏာနုဿတိ စသဒ္ဒါကား—"စ-၏ အကျိုး၊ ရှိသနိုး၊ ထည့် ရိုး အနက်ပေး"ဟု ဆိုသောကြောင့် ယည့်လိုက်သည်။

**အရဟံဂုဏ်တော်တခုတည်းကိုပင် အကျယ်ဖွင့်၍ ဟောတော်မူလျှင် ပိဋကတ်သုံးပုံထက် ကျယ်ဝန်းကြောင်း ပြဆိုချက်**

သဗ္ဗဝဏ္ဏာ ပတိဋ္ဌန္တု၊ ဝဏ္ဏော စာရဟမေကကော။
ဝဏ္ဏိတော တိပိဋကမော၊ အပိ သမ္ဗဟုလော ဘဝေ။

သဗ္ဗဝဏ္ဏာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော ဘုရားကျေးဇူး တော်တို့သည်။ ပတိဋ္ဌန္တု၊ တည်စေကုန်ဦး။ ဧကကော၊ တခုခု သော။ အရဟံ၊ အရဟံတာဟု ဆိုအပ်သော။ ဝဏ္ဏော စ၊ ကျေးဇူးတော်သည်လည်း။ ဝဏ္ဏိတော၊ အကျယ်ဖွင့်၍ ဟောအပ် ချီးမွမ်းအပ်သည် ရှိသော်။ တိပိဋကမော အပိ၊ ပိဋကတ်သုံးပုံ ထက်လည်း။ သမ္ဗဟုလော၊ များသည်။ ဘဝေ၊ ဖြစ်၏။

**တရားမဟောဘဲ ဘုရားတဆူ၏ ကျေးဇူးတော်ကို ဘုရားတဆူ ဟောပြောသော်လည်း ကမ္ဘာသာ ကုန်ရာ၏ ကျေးဇူးတော် မကုန်နိုင်ကြောင်း ပြဆိုချက်**

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပံ ပိ စေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃမန္တရေ၊
ဝဏ္ဏော န ခီယေထ တထာဂတဿ။

(ဒီ၊ဋ္ဌ-၁-၂၅၇)

အညံ၊ ဘုရားဂုဏ်တော်မှတပါး အခြား တရားစကားကို။ အဘာသမာနော၊ မဟော မပြောဘဲ။ ဗုဒ္ဓေါပိ၊ ဘုရားဟုဆိုသည်လည်း။ ဗုဒ္ဓဿ၊ ဘုရားဟုဆို၏။ ဝဏ္ဏံ၊ ကျေးဇူးတော်ကို။ ကပ္ပံပိ၊ ဟာကမ္ဘာပတ်လုံးလည်း။ စေ ဘဏေယျ၊ အကယ်၍ ဟောပြော ချီးမွမ်းငြားအံ့။ စိရဒီဃမန္တရေ၊ ကြာမြင့်ရှည်စွာ ဟောသောအခါ၏ အတွင်း၌။ ကပ္ပေါ၊ ကမ္ဘာသည်။ ခီယေထ၊ ကုန်ရာ၏။ တထာဂတဿ၊ တဆူသော မြတ်စွာဘုရား၏။ ဝဏ္ဏော၊ ဂုဏ်တော် ကျေးဇူးတော်သည်။ န ခီယေထ၊ မကုန်နိုင်ရာ။

## သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို ပြဆိုချက်

ဗုဒ္ဓါနုဿတိ မေတ္တာ စ၊ အသုဘံ မရဏဿတိ။
ဣစ္စိမာ စတုရာရက္ခာ၊ သဗ္ဗတ္ထကာတိ ဝါ မတာ။

ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိဂုဏ်း။ မေတ္တာ၊ မေတ္တာဂုဏ်း။ အသုဘံ၊ အသုဘဂုဏ်း။ မရဏဿတိ၊ မရဏဿတိဂုဏ်း။ ဣတိ၊ ဤသို့။ စတုရော၊ လေးပါးသော ကမ္မဋ္ဌာန်းတို့ကို။ အာရက္ခာ၊ စောင့်ရှောက်တတ် စောင့်ရှောက်အပ်သည်၏ အဖြစ်ကြောင့် အာရက္ခတရားတို့ ဟူ၍။ ဥတ္တာ၊ ဆိုအပ်ကုန်၏။ သဗ္ဗတ္ထကာတိ ဝါ၊ အလုံးစုံသော အရာတို့၌ အလိုရှိအပ်သည်၏ အဖြစ်ကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းတို့ဟူ၍လည်း။ မတာ၊ သိအပ်ကုန်၏။

## စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်း ယူရမည် ဆိုခြင်းသည် အတိသပ္ပါယ ဥဇုဝိပစ္စနိက အစွမ်းဖြင့် ဆိုကြောင်း ပြဆိုချက်

ဣဒံ စိတ္တံ ကမ္မဋ္ဌာနံ၊ အသုကဿာနုရူပကံ။
အတိသပ္ပါယ အတျုဇု·ပစ္စနီကဝသာ မတံ။

ဇူဒံ စိဒံ ကမ္မဋ္ဌာနံ၊ ဤမည် ဤမည်သော ကမ္မဋ္ဌာန်းသည်။ အသုကဿ၊ ဤမည်-ဤမည်သော စရိုက်ရှိသော သူအား။ အနုရူပကံ၊ လျောက်ပတ်၏။ ဇူတိ၊ ဤစကားကို။ အတိသပ္ပါယအတျုဇုပစ္စနီကဝသာ၊ အလွန်လျောက်ပတ် အလွန်ဖြောင့်မတ် အလွန် ဆန့်ကျင်ဘက် တို့၏ အစွမ်းဖြင့်။ မတံ၊ သိအပ်၏။

## အလိုရှိရာ နှစ်သက်ရာကမ္မဋ္ဌာန်းကို အားထုတ်သင့်ကြောင်း ပြဆိုချက်

ရာဂါဒိအဝိက္ခမ္ဘိကာ၊ သဒ္ဓါဒိနုပကာရကာ။
ဘာဝနာ နာမ နတ္ထေဝ၊ တသ္မာ ဘာဝေ ယထိစ္ဆိတံ။

ရာဂါဒိ အဝိက္ခမ္ဘိကာ၊ ရာဂစသည်ကို မခွါမပယ်နိုင်သော။ သဒ္ဓါဒိနုပကာရကာ၊ သဒ္ဓါစသော သူတော်ကောင်းတရားတို့ အား ကျေးဇူးမပြုတတ်သော။ ဘာဝနာနာမ၊ ဘာဝနာမည်သည်။ နတ္ထေဝ၊ မရှိသည်သာတည်း။ တသ္မာ၊ ထိုကြောင့်။ ယထိစ္ဆိတံ၊ နှစ်သက်ရာ အလိုရှိရာကမ္မဋ္ဌာန်းကို။ ဘာဝေ၊ ပွါးများရာ၏။

## ဘဗ္ဗ အဘဗ္ဗ ပုဂ္ဂိုလ်တို့ကို ပြဆိုချက်

ဗုဒ္ဓေ ဓမ္မေ စ သံဃေ စ၊ အပ္ပသန္နာ အသဒ္ဓိယာ။
ကမ္မေ ကမ္မဖလေ ဝါ ပိ၊ အဘဗ္ဗာ ဇူတရေ ဟရေ။

ဗုဒ္ဓေစ၊ ဘုရား၌၎င်း။ ဓမ္မေစ၊ တရား၌၎င်း။ သံဃေစ၊ သံဃာ၌၎င်း။ အပ္ပသန္နာ၊ ကြည်ညိုခြင်းမရှိကုန်သော။ ကမ္မေဝါပိ၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော စေတနာ၌၎င်း။ ကမ္မဖလေဝါပိ၊ စေတနာ၏ အကျိုးဖြစ်သော နိဗ္ဗာန်၌၎င်း။ အသဒ္ဓိယာ၊ မယုံကြည်ကြကုန်သော သူတို့သည်။ အဘဗ္ဗာ၊ မကျွတ်ထိုက်သော

အဘဗ္ဗတို့ မည်ကုန်၏။ ဇုတရေ၊ ဤသူတို့မှ တပါးကုန်သော ရတနာသုံးပါး, ကံ, ကံ၏အကျိုးတို့ကို ကြည်ညိုယုံကြည်သော သူတို့သည်။ ဇုတရေ၊ ကျွတ်ထိုက်သော ဘဗ္ဗတို့မည်ကုန်၏။

**လောက၌ ရဟန္တာမှ မဆိတ်သောကြောင့် ကျွတ်ထိုက်သော တိဟိတ်မှ ဟုတ်ပါ၏လောဟု သံသယမရှိသင့်ကြောင်းကို ပြဆိုချက်**

သစေ သမ္မာ ဝိဟရေယျုံ၊ န ဆိဉ္စေယျုံ ဝိတာသဝါ။
တသ္မာ သမ္မာ ဝိဟရေယျုံ၊ သံဆိန္ဒိတွာန သံသယံ။

**သမ္မာ**၊ ကောင်းစွာ။ သစေ ဝိဟရေယျုံ၊ အကယ်၍နေကြကုန်သည်ဖြစ်အံ့။ ဝိတာသဝါ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ လောကေ၊ လောက၌။ န ဆိဉ္စေယျုံ၊ မပြတ်ကုန်ရာ။ တသ္မာ၊ ထို့ကြောင့်။ သံသယံ၊ ကျွတ်ထိုက်သောပုဂ္ဂိုလ် ဟုတ်လေသလော-မဟုတ်လေသလော, တိဟိတ်ပုဂ္ဂိုလ် ဟုတ်လေသလော - မဟုတ်လေသလော စသော ယုံမှားခြင်း ဝိစိကိစ္ဆာ စိတ်နှစ်ခြာကို။ သံဆိန္ဒိတွာန၊ ဖျောက်၍။ သမ္မာ၊ ဘုရားဆုံးမ ဩဝါဒကို ချွတ်ယွင်းမပါ ကောင်း မွန်စွာ။ ဝိဟရေယျုံ၊ နေကုန်ရာ၏။

ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊အသုညော
လောကော အရဟန္တေဟိ အဿ။

**သုဘဒ္ဒ**၊ သုဘဒ်ရဟန်း။ ဣမေ စ ဘိက္ခူ၊ ဤရဟန်းတို့သည် ကား။ သမ္မာ၊ ကောင်းစွာ။ ဝိဟရေယျုံ၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးဝ မိမိကိစ္စကို အားထုတ်၍ နေကုန်ငြားအံ့။ လောကော၊ ပြဟ္မာ, နတ်, လူ သုံးဘုံသူ သည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်မကင်းသည်။ အဿ၊ ဖြစ်ရာ၏။

သစေ သမ္မာ ဝိဟရေယျုံ၊ သတိပဋ္ဌာနေ ယထာဂတံ။
ပါပုဏေယျုံ ဖလဂ္ဂံပိ၊ အစိရံပိမ သာသနေ။

သတိပဋ္ဌာနေ၊ မဟာသတိပဋ္ဌာနသုတ်၌။ ယထာဂတံ၊ လာသည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ သစေ ဝိဟရေယျုံ၊အကယ်၍ နေကုန်သည်ဖြစ်အံ့။ ဣမ သာသနေ၊ ဤဘုရားသာသနာတော်၌။ အစိရံ၊ မရှည်မကြာ လျင်မြန်စွာသာလျှင်။ ဖလဂ္ဂံပိ၊ အရဟတ္တဖိုလ်သို့လည်း။ ပါပုဏေယျုံ၊ ရောက်ကုန်ရာ၏။

စတုတ္ထကဏ္ဍ ပြီး၏။

# ပဉ္စမကာလ

## သာသနာငါးထောင် ခေတ်များကို ပြဆိုချက်

ဘိက္ခုနီခန္ဓက အဋ္ဌကထာ၌—ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊ အနာဂါမ် ခေတ် တထောင်၊ သကဒါဂါမ်ခေတ် တထောင်၊ သောတာပန် ခေတ်တထောင်၊ ပေါင်း သာသနာငါး ထောင်။

သုတ်ပါထိယ-အင်္ဂုတ္တရ အဋ္ဌကထာ နှစ်ကျမ်း၌—ပဋိသမ္ဘိဒါ-ပတ္တ ရဟန္တာခေတ် တထောင်၊ ဆဠဘိည ရဟန္တာခေတ် တထောင်၊ တေဝိဇ္ဇ ရဟန္တာခေတ် တထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊ ပါတိမောက္ခသံဝရခေတ် တထောင်၊ ပေါင်း သာသနာငါးထောင်။

သံယုတ်အဋ္ဌကထာ၌—ပထမဗောဓိပဋိသမ္ဘိဒါ ရဟန္တာခေတ် တထောင်၊ ဆဠဘိည ရဟန္တာခေတ် တထောင်၊ တေဝိဇ္ဇ ရဟန္တာခေတ် တထောင်၊ အာသဝက္ခယပတ္တ ရဟန္တာခေတ် တထောင်၊ နောင် အနာဂါမ်, သကဒါဂါမ်, သောတာပန်, ပုထုဇဉ်ခေတ် တထောင်၊ ပေါင်း သာသနာငါးထောင်။

သာသနာငါးထောင်ရှိသည့်အနက်တွင် တတိယအစု, စတုတ္ထအစု၌ ရဟန္တာခေတ် ရှိသေးသည်ဖြစ်၍ တကြောင်း, ပဉ္စမအစု၌ အနာဂါမ်, သကဒါဂါမ်, သောတာပန်ခေတ် ရှိသေးသည်ဖြစ်၍ တကြောင်း၊ တို့ကြောင့် ယခုဘဝ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရကြအောင် သမထ, ဝိပဿနာတရားကို မိုးပွတ်သော ယောဂီများ

ကဲ့သို့ မနေမနား လွန်ကြိုးစား၍ အားထုတ်နိုင်ကြစေကုန် သတည်း၊ အားထုတ်နိုင်ကြစေကုန်လော့။

**ဗုဒ္ဓါနုဿတိအကျိုး**

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူအား ရအပ်သော အကျိုးကို ပြပေအံ့—

**အရှင်သုဘူတိ။** ။ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်း၍ အဘယ်သူ သည် လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာ ကို ရဘူးလေသနည်းဟူမူကား-ငါတို့ဘုရားရှင်လက်ထက်တော်၌ အရှင်သုဘူတိ ရဟန္တာသည် **ကမ္ဘာ**တသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဟံသာဝတီပြည်တွင် ကြွယ် **ဝ**သော ပုဏ္ဏားအမျိုး၌ နန္ဒအမည်ရှိသော ပုဏ္ဏားဖြစ်၏။ ထို ပုဏ္ဏား**သည်** အရွယ်သို့ရောက်သဖြင့် ရသေ့ပြု၍ ဟိမဝန္တာ၌ ရှစ် **သောင်း**လေးထောင်သော ရသေ့တပည့်တို့နှင့် တကွနေ၏။ ထို **ရသေ့**တို့အထံသို့ မြတ်စွာဘုရားသည် ကြွတော်မူသောအခါ ရ**သေ့**တို့သည် ပန်းသစ်သီးတို့ဖြင့် ပူဇော်သက္ကာရကို ပြုကြကုန်၏။ ထိုအခါ မြတ်စွာဘုရား**သည်**—

"ဘာဝေဟိ ဗုဒ္ဓါနုဿတိံ ဘာဝနာနံ အနုတ္တရံ"

ဟူသော ပါဠိတော်ဖြင့်—

"**နန္ဒ**ရသေ့၊ သင်သည် ဘာဝနာတကာတို့ထက် အမြတ်ဆုံး ဖြစ်**သော** ဗုဒ္ဓါနုဿတိ ဘာ**ဝ**နာကို စီးဖြန်း**လော့**"ဟု မိန့်တော်မူ၍ စီးဖြန်း**စေ၏**။ ထိုသို့စီးဖြန်းသော နန္ဒရသေ့**အား** ဤသို့ ဗျာဒိတ် ပေးတော်မူ၏။ နန္ဒရသေ့၊ သင်သည် ဗုဒ္ဓါနုဿတိဘာဝနာကို စီးဖြန်းသော ကောင်းမှုကြောင့် ကမ္ဘာ သုံးသောင်းပတ်လုံး နတ်

ပြည်၌ မွေ့လျော်ရလတ္တံ့။ နတ်တကာတို့ကို အစိုးရသောသိကြားနတ်မင်း၏ အဖြစ်သည် ၁၈ကြိမ်ရှစ်ဆယ် ဖြစ်လတ္တံ့။

လေးကျွန်းလုံးကို အစိုးရသော စကြာမင်း၏ အဖြစ်သည် အကြိမ်တထောင် ဖြစ်လတ္တံ့။ ပဒေသရာဇ်မင်း အဖြစ်ကိုကား ဂဏန်းသင်္ချာဖြင့် မရေတွက်နိုင်သည် ဖြစ်လတ္တံ့။ ဤသို့ ဖြစ်ရခြင်းကား ဗုဒ္ဓါနုဿတိ ဘာဝနာ၏ အကျိုးသာလျှင်တည်း။

နန္ဒရသေ့၊ သင်သည် ဘဝကြီးငယ်၌ ကျင်လည်သော်လည်း အသုံးအဆောင် ဥစ္စာ ရတနာ ရလတ္တံ့။ ထိုသို့ ရသော အသုံးအဆောင် ဥစ္စာရတနာတို့ဖြင့် ဆုတ်ယုတ်သည် မရှိ။ ဤသို့ဖြစ်ရခြင်းသည်လည်း ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးသာလျှင်တည်း။ ဗုဒ္ဓါနုဿတိ ဘာဝနာဟူသော ကောင်းမှုကြောင့် ကမ္ဘာတသိန်း အပါယ်သို့ မလားရ။

နန္ဒရသေ့၊ သင်သည် ကမ္ဘာတသိန်းလွန်သောအခါ၌ ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ ကုဋေ ရှစ်ဆယ်သော ဥစ္စာရတနာ ကျေးကျွန် သင်းပင်းတို့ကို စွန့်၍ သာသနာတော်၌ ရဟန်းပြုသဖြင့် သုဘူတိ အမည်ရှိသော ရဟန္တာဖြစ်လတ္တံ့။ ဂေါတမမြတ်စွာဘုရားသည် ကိလေသာမှုကင်းသော နေခြင်းလည်း တပါး၊ မြတ်သောအလှူကို ခံခြင်းငှါ ထိုက်ခြင်းလည်းတပါး၊ ဤ ၂-ပါးသော အရာတို့၌ သင့်ကို ဧတဒဂ် ထားလတ္တံ့-ဟူ၍ ဗျာဒိတ်ပေးတော်မူ၏။ ထိုနန္ဒရသေ့သည် စုံတော်သော် ပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်တော်မြတ်အတိုင်း ကမ္ဘာတသိန်း ကာလ ပတ်လုံး အပါယ်သို့မလားဘဲ လူ့ပြည်, နတ်ပြည်သို့သာ ကျင်လည်၍ ငါ့ကို မြတ်စွာဘုရား၏ ရှေ့လက်ထက်တော်၌ ရဟန်းပြုသဖြင့်

ကိလေသာ မြူကင်းသော နေခြင်းဟူသော အရဏဝိဟာရ၊ မြတ်သော အလှူကို ခံထိုက်ခြင်းဟူသော ဒက္ခိဏေယျ၊ ဤ ၂-ပါး သော အရာတို့၌ တေဒဂ်ရသော သုဘူတိရဟန္တာဟူ၍ ထင်ရှား စွာ ဖြစ်လာ၏။ (အပဒါန်ပါဠိ၊ ထေရဂါထာအဋ္ဌကထာ၊၁။၁၉)

**အရှင်မ သိင်္ဂါလမာတာ။** ။သိင်္ဂါလမာတာ မည်သော ဘိက္ခုနီမ သည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် တော်၌ အမတ်သမီးဖြစ်၍ အရွယ်သို့ရောက်လျှင် ရဟန်းပြု၍ ရတနာသုံးပါးကို မြတ်နိုးလေ့ရှိ၏။ တရားကို နာလေ့ရှိ၏။ ဘုရားရှင်ကို အဖန်တလဲလဲ ရှုမရဲသော စိတ်ရှိ၏။ သဒ္ဓါဓိမုတ္တ အရာ၌ ပဌာနာကို ပြု၏။ ထိုကောင်းမှုကြောင့် ကမ္ဘာတသိန်း ကာလပတ်လုံး အပါယ်လေးပါးသို့ မလားဘဲ ငါတို့ဘုရား လက်ထက် သူဌေးသမီးဖြစ်၍ သူဌေးသားနှင့် ထိမ်းမြားသဖြင့် သိင်္ဂါလ သတို့သားကို ဖွားမြင်ပြီးမြောက်၍ ရဟန်းပြုပြီးလျှင် ဗုဒ္ဓါ- နုဿတိ ဘာဝနာကို ပွါးစေ၍ ရဟန္တာမအဖြစ်သို့ ရောက်၏။ မြတ်စွာဘုရားကို သဒ္ဓါကြည်ညိုသော မိန်းမတို့တွင် ဤ သိင်္ဂါလ- မာတာသည် အထူးသဖြင့် သာလွန်၍ သဒ္ဓါကြည်ညိုသော အရာ၌ တေဒဂ်ရ၏။ (အင်္ဂုတ္တရအဋ္ဌကထာ၊ပ၊ ၂၉၃။)

**အရှင်ဖုဿဒေဝ မထေရ်။** ။အရှင်ဖုဿဒေဝ မထေရ်သည်လည်း မာရ်မင်းသည် ဖန်ဆင်း၍ ပြအပ်သော မြတ်စွာဘုရား၏ အသွင်သဏ္ဌာန်ကို မြင်ရ၍ ရာဂ,ဒေါသ,မောဟ မကင်းဘဲလျက် တင့်တယ်သေး၏၊ ရာဂ, ဒေါသ, မောဟကင်းပြီး သော မြတ်စွာဘုရားမှာမူကား အဘယ်မှာ ဆိုဘွယ်ရာရှိအံ့နည်း၊ အလွန် တင့်တယ်တော်မူပေမည်တကား ဟု ဘုရားလျှင် အာရုံ

ရှိသော ဗုဒ္ဓါရမ္မဏပီတိကို ရပြီး ဝိပဿနာကို ပွါးများအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်၏။ (ပရိဝါအဋ္ဌကထာ။ နှာ-၁၇၄။)

**ပီတိ ၅-မျိုး**

ထိုအရဟတ္တဖိုလ်၏ အကြောင်းဖြစ်သော ကောင်းစွာနှစ်လိုခြင်း ပီတိသည်—

ခုဒ္ဒိကာပီတိ၊
ခဏိကာပီတိ၊
ဩက္ကန္တိကာပီတိ၊
ဥဗ္ဗေဂါပီတိ၊
ဖရဏာပီတိ—

ဟူ၍ ငါးပါးအပြားရှိ၏။ ထိုတွင် ကြက်သီးမွေးညှင်း ထစေ၍ အမွေးရှင်လန်းသော နှစ်လိုခြင်းသည် **ခုဒ္ဒိကာပီတိ** မည်၏။ လျှပ်စစ်ပြက်ကဲ့သို့ ခဏ ခဏမျှဖြစ်သော နှစ်လိုခြင်းသည် **ခဏိကာပီတိ** မည်၏။ လှိုင်းတံပိုးအဟုန်သည် လွှမ်း၍ လွှမ်း၍ တက်သကဲ့သို့ ကိုယ်အလုံးကို လွှမ်း၍ လွှမ်း၍ တက်သော နှစ်လိုခြင်းသည် **ဩက္ကန္တိကာပီတိ** မည်၏။ ကိုယ်လုံးကြွ၍ ပျံတက်မတတ် ဖြစ်သော နှစ်လိုခြင်းသည်, တနည်းလည်း တသူ, ထန်းတဖျားစသည် တက်သည့်ကား **ဥဗ္ဗေဂါပီတိ** မည်၏။ လေဖြင့် ပြည့်သော သားရေအိတ်, ရေဖြင့် ပြည့်သော ရေသနုတ်ပုဆိုးသည် ဖူးဖူးရောင်သကဲ့သို့ ကိုယ်အလုံးနှံ့စေ၍ စိမ့်သည့်ကား **ဖရဏာပီတိ** မည်၏။

**အရှင်မဟာတိဿ။** ။ဤဖရဏာပီတိကို ရမှသာလျှင် ဥပစာရဈာန်ကို ရသည်ဖြစ်၍ ဥဗ္ဗေဂါပီတိ ဖြစ်ဘူးသောသူကား ပုဏ္ဏဝလ္လိက အမည်ရှိသော ကျောင်း၌ မဟာတိဿ

မထေရ်သည် ညဉ့်အခါ၌ လ-ရောင်ဖြင့် စေတီသို့ ရှေးရှုကြည့်လျက်နေ၏။ ဤအခါ၌ ပရိသတ်လေးပါးတို့သည် မဟာစေတီကို ရှိခိုးပူဇော်ကုန်စွတကား ဟု ရှေးက ပြကတေ့မြင်ဘူးသော အာရုံအစွမ်းဖြင့် ဘုရားလျှင် အာရုံရှိသော ဥဗ္ဗေဂပီတိဖြစ်၍ ကောင်းကင်၌လွင့်၍ မဟာစေတီအပြင်၌ တည်လေ၏။

**ဝတ္တကာလက ရွာသူ။** ။ထိုမှတပါးလည်း ဂိရိကဏ္ဍက ကျောင်း၏ ဂေါစရဂါမ ဖြစ်သော ဝတ္တကာလက အမည်ရှိသော ရွာ၌ အမျိုးသမီးတယောက်သည် ညဉ့်အခါ၌ မိဘတို့သည် တရားနာခြင်းငှါ ကျောင်းသို့ သွားလိုသည်ဖြစ်၍ "ချစ်သမီး သင်သည် လေးသော ကိုယ်ဝန်ရှိ၏၊ အခါမဟုတ် သွားခြင်းငှါ မတတ်နိုင်၊ သင်၏ကုသိုလ်အဖို့ ပြု၍ ငါတို့သည် တရားကို နာကြအံ့" ဆို၍ သွားကုန်၏။

ထိုအမျိုးသမီးသည် လိုက်လိုသော်လည်း မိဘတို့ အာဏာကို မပယ်ဝံ့သဖြင့် အိမ်၌နေပြီးလျှင် အိမ်တံခါးဝယ် ရပ်လျက် လရောင်ဖြင့် တောင်ထိပ်တွင် ကည့်သော အာကာသ စေတီပြင်ကို ကြည့်သည်ရှိသော် ပရိသတ်တို့သည် စေတီအား ဆီမီး ပူဇော်ခြင်း, ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်းကို ပြု၍ လက်ျာရစ် လှည့်လည်ခြင်း အစရှိသည်ကို မြင်၍ "သူတပါးတို့ကား စေတီပြင်သို့ သွား၍ တရားကို နာကြရကုန်၏၊ ထိုသူတို့ကား ဘုန်းကံရှိစွတကား" ဟု နှလုံးသွင်း၍ ပုလဲ[illegible]နှင့်တူသော စေတီကို မြင်စဉ် ဘုရားလျှင် အာရုံရှိသော ဥဗ္ဗေဂပီတိဖြစ်သဖြင့် ကောင်းကင်၌ လွင့်၍ မိဘတို့၏ ရှေးဦးစွာ သက်ပြီးလျှင် စေတီကို ရှိခိုး၍ တရားကို နာလျက် နေ၏။

မိဘတို့ရောက်၍ မေးသည်ရှိသော် ကောင်းကင်ပြင်ဖြင့် လာခဲ့သည်ဟု ဆို၏။ "ချစ်သမီး၊ ကောင်းကင်ခရီး၌ ရဟန္တာတို့သာ သွားနိုင်သည်၊ ချစ်သမီး အဘယ်သို့ လာခဲ့သနည်း" ဟု တဖန်မေးပြန်သော် "အကျွန်ုပ်သည် လရောင်ဖြင့် စေတီကို မြင်ရာတွင် အကျွန်ုပ်အား ဘုရားလျှင် အာရုံရှိသော ဗလဝပီတိသည်ဖြစ်၍ ရပ်သည်ကိုလည်း ရပ်မှန်းမသိ၊ ထိုင်သည်ကိုလည်း ထိုင်မှန်းမသိ၊ ယူအပ်သော ဘုရားဟူသော အာရုံနိမိတ်ဖြင့်သာလျှင် ကောင်းကင်၌လွင့်၍ စေတီပြင်ဝယ် ကျလာသည်''ဟု ဆို၏။

ဤ နှစ်ယောက်စကား အဋ္ဌသာလိနီ အဋ္ဌကထာ နှာ-၁၅၉။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှာ-၁၃၉ တို့၌ လာ၏။

**ဥဗ္ဗေဂါပီတိအစွမ်းများ။** ။ကမ္မဋ္ဌာန်း ဆရာမြတ်တို့သည်ကား ထို ဥဗ္ဗေဂါပီတိ ဖြစ်ရာ၌ ဤသို့ မိန့်တော်မူကုန်၏။ "ခြေလက် တုန်လှုပ်ရုံ, ကိုယ်လက် တုန်လှုပ်ရုံ ရှိ၏၊ ရင်ကွဲအံ့ သကဲ့သို့ ရှိ၏၊ ခြေထား, လက်ထား ပြုမှား ပြုယောင်လည်း ရှိ၏၊ ငိုယောင်, ရယ်ယောင်လည်းရှိ၏၊ ထတုံ,ထိုင်တုံ,ပြေးသွား, ပြေးလာလည်း ရှိ၏၊ အသား, အကြော, လက်ရုံး, မျက်တောင်, လှုပ်ရှုံလည်း ရှိ၏၊ တတောင်,နှစ်တောင်-စသည် တက်သကဲ့သို့ ထင်သည်လည်း ရှိ၏၊ ဤသို့ ဖြစ်ခြင်းသည် ဥဗ္ဗေဂါပီတိအဟုန် ကြောင့်တည်း"ဟူ၍ မိန့်တော်မူကုန်၏။

ထိုစကားသည် ဓမ္မပဒအဋ္ဌကထာ၌ ဝမ်းမြောက်ခြင်း, မျက်ရည်ထွက်ခြင်း, ကြက်သီးမွေးညှင်းထခြင်း ဖြစ်သည်ဟု လာသည်နှင့် ညီညွတ်၏။

(ဓမ္မပဒ အဋ္ဌကထာ၊ ၁ နှာ-၃၅၄)၌မဟာကပ္ပိနမင်းကြီးသည် "ဆိုသော စကားကို မမှတ်မိ"ဟု လာ၏။

အင္ဂုတ္တရအဋ္ဌကထာ (နှာ-၁၅၉), ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နှာ ၁၃၉-တို့၌ "အမျိုးသမီးဟုယောက်သည် ဘုရားလျှင် အာရုံရှိသော ဗလဝ ဥဗ္ဗေဂါပီတိဖြစ်၍ ရပ်သည် ထိုင်သည်ကို မသိ"ဟု လာ၏။

ဓမ္မပဒအဋ္ဌကထာ (၃ နှာ-၃၇၁)၌ "အရှင်ဝက္ကလိ မထေရ်သည် မိမိသွားလာရာလမ်းကို မသိ၊ တောင်သို့တက်သည်, တည်သည်ကိုမသိ၊ မြတ်စွာဘုရားမှ မခွါရက်သည်"ဟူ၍လည်း လာ၏။

ဓမ္မပဒအဋ္ဌကထာ (၃ နှာ-၆၅)၌ "ဝိသာခါမသည် ငါ့အား ဆုတောင်းခြင်း၏ အပြီးအဆုံးသို့ ရောက်ပြီဟူ၍ ဥဒါန်းကျူးပြီး ကျောင်းကိုလည်သည်" ဟူ၍လည်း လာ၏။

ဇူဠဝဂ္ဂဋီကာ (သာရတ္ထ၊ ၃။၃၉၆)၌ "အနာထပိဏ်သူဌေးကြီးသည် ပီတိ အရောင်ဖြင့် အလင်းကို ရသည်"ဟူ၍လည်း လာ၏။

ဤသို့ အစရှိသည်တို့ကို ထောက်၍ "ကမ္မဋ္ဌာန်းဆရာ တို့၏ စကားကို မယုံသင့်ပါသတည်း"ဟု ဝိသုဒ္ဓိဒီပနီ ဆရာမြတ် မိန့်တော်မူ၏။

**မြတ်စွာဘုရားဂုဏ်တော်ကို အောက်မေ့သောသူတို့ ဘေးရန်မှ လွတ်ဘူးကြောင်း ဝတ္ထုသက်သေများကို ပြဆိုချက်**

**နန္ဒိဝါဏိဇ္ဇကုန်သည်။** ။နန္ဒိဝါဏိဇ္ဇအမည်ရှိသော ဥပါသကာသည် အရောင်းအဝယ် သွားသောအခိုက်၌ မိမိ မယားကို အမတ်တယောက်သည် လောဘတံခါးဖြင့် မြင်ရာတွင် တပ်သောစိတ်ရှိ၍ လင်ကို သတ်ခြင်းငှါ ဆေးသမားကို ခေါ်ပြီးလျှင် သူကောင်ကို ဘုတ်သွင်းစေ၍ သူကောင်သည် သန်လျက်ကို ယူ၍ သွားလေသော် နန္ဒိဝါဏိဇ္ဇကုန်သည်လည်း ကုန်ရောင်း၍

ပြန်ခဲ့သည်နှင့် တွေ့လေလျှင် ဘုတ်ဘီလူးသည် အခိုးအလှုံ့လွှတ်၍ ကြောက်မက်ဖွယ်ကို ပြ၏။

ထိုအခါ နန္ဒိဝါဏိဇ္ဇ ကုန်သည်သည်လည်း "ဇုတိ ဝိ သော ဘဂဝါ အရဟံ" အစရှိသည်ဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်သည်ဖြစ်၍ ဘုတ်ဘီလူးသည် သံတံတိုင်းကာသည် ထင်မှတ်၍ ပြန်လေ၏။ ထိုအတူ သုံးကြိမ်စေ့အောင် လွှတ်သော်လည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို သရဇ္ဈာယ်သည်ဖြစ်၍ ဘုတ်ဘီလူးသည် သံတံတိုင်းကာသည် ထင်မှတ်၍ ပြန်ခဲ့ပြီးလျှင် စေခိုင်းသော အမတ်နှင့် ဆေးသမားကို သန်လျက်ဖြင့် ခုတ်သတ်လေ၏။

**သိဟဠဝတ္ထု**

**အလမ္ပာယ်တဦး။** ။ကဿပမြတ်စွာဘုရား သာသနာတော်၌ အလမ္ပာယ် တယောက်သည် မြွေရှာသွား လေသဖြင့် မိုးချုပ်၍ တခုသောရွာ၌ အိပ်ရာတွင် ထိုရွာ၌နေသောသူတို့သည် ရွတ်အပ်သော ဗုဒ္ဓါနုဿတိအသံကို ကြားရ၏၊ မိုးသောက်၍ မြွေရှာသွားသည်ရှိသော် နဂါးမင်းကို မြွေမှတ်သဖြင့် ဖမ်းမည်ပြုရာ နဂါးမင်းသည် အမျက်ထွက်၍ လိုက်ရာတွင် အလျင်တဆော ပြေးသဖြင့် ကျောက်ခဲကို တိုက်မိ၍ လည်းလေသော် ကိုးကွယ်ရာမရှိ၍ ညဉ့်ကကြားဘူးသော ဗုဒ္ဓါနုဿတိကို ရွတ်သဖြင့် နဂါးမင်းသည် မလိုက်မူ၍ ရွှေပန်းသုံးပွင့်ကို ပေး၍ တပွင့်ကို စေတီအား ငါ၏ကိုယ်စား ပူဇော်လေ၊ တပွင့်ကို သင်၏ကိုယ်စား ပူဇော်လေ၊ တပွင့်ကို သင်အသက်မွေးလေဟု ဆို၍ လွှတ်လိုက်၏။ အလမ္ပာယ်လည်း နဂါးမင်းဆိုလိုက်တိုင်း ပြု၍ အလမ္ပာယ်၏ အဖြစ်ကို စွန့်ပြီးလျှင် ကောင်းမှုကိုသာပြု၍ စုတေသော် နတ်ပြည်၌ ဖြစ်၏။

**နိဗ္ဗာနမဂ္ဂဒီပနီ ၇—ပ-မ-ဘ-စ**

**မဟာကပ္ပိနမင်းကြီး။** ။မဟာကပ္ပိနမင်းသည် ကုက္ကုဋဝတီပြည်ကို စွန့်၍ မြတ်စွာဘုရားအထံသို့ လာခဲ့သဖြင့် အစောက် တဂါဝုတ်, အနံ နှစ်ဂါဝုတ်ရှိသော အပရစ္ဆာမြစ်သို့ ရောက်သောအခါ၌ လှေဖောင်ကို ရှာ၍နေသော် ကြာလိမ့်မည်ဟု ရတနာသုံးပါးတို့ ဂုဏ်ကို ဆင်ခြင်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလျက် မြင်းစီးအမတ်တထောင်နှင့်တကွ မြစ်ရေအပြင်၌ မြင်းကို စိုင်းနှင်သည်ရှိသော် ကျောက်ဖျာအပြင်၌ စိုင်းနှင်ရသကဲ့သို့ ခွါဖျားကိုမျှ ရေမစွတ်ကုန်။ (ထေရဂါထာအဋ္ဌကထာ၊ ၂။ နှာ-၁၇၉)

ယဿာနုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ'မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။
သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ။

**အနက်ကား**—ယဿ၊ အကြင် အရဟံ-အစရှိသော ဂုဏ်တော်အပေါင်းကို။ အနုဿရဏေနာပိ၊ အနည်းငယ်အောက်မေ့ကာမျှဖြင့်လည်း။ အန္တလိက္ခေပိ၊ တည်ရာမရှိ ကောင်းကင်၌လည်း။ ပါဏိနော၊ သတ္တဝါတို့သည်။ ဘူမိယံ ဝိယ၊ တည်ရာမြေကဲ့သို့။ သဗ္ဗထာ၊ ခပ်သိမ်းသောအပြားအားဖြင့်။ ပတိဋ္ဌံ၊ တည်ရာကို။ အဓိဂစ္ဆန္တိ၊ ရကုန်၏။ ယက္ခ စောရာဒိသမ္ဘဝါ၊ ဘီလူး-ခိုးသူ အစရှိသည်တို့ကြောင့်ဖြစ်သော။ **သဗ္ဗုပဒ္ဒဝ ဇာလမှာ**၊ ခပ်သိမ်းသော ဘေးရန်အပေါင်းတည်းဟူသော ကွန်ရက်မှ။ မုတ္တာနံ၊ လွတ်ဘူးသော သတ္တဝါအပေါင်းတို့၏။ ဂဏနာ၊ အရေအတွက်သည်။ **န** စ အတ္ထိ၊ မရှိသလျှင်ကတည်း။ (ဓဇဂ္ဂသုတ်။)

အဓိပ္ပါယ်ကား အရဟံ-အစရှိသော ဘုရားဂုဏ်ကို အောက်မေ့သောကြောင့် အဇ္ဈတ္တဝေဟင် ကောင်းကင်ပြင်၌ သတ္တဝါတို့သည် တည်ရာ မှီရာ ရကုန်သေး၏၊မြေ၌ကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း၊ ဘေးဘျမ်းဥပဒ္ဒဝေါတို့မှ လွတ်ဘူးသည်ကား မရေမတွက်နိုင်။ (ပရိတ်ကြီးဋီကာ၊ နှာ-၆၆)

မြတ်စွာဘုရားအား ကြည်ညိုခြင်း, ရှိခိုးပူဇော်ခြင်း စသော ကောင်းမှုကြောင့် လောကီ, လောကုတ္တရာ ချမ်းသာတို့ကို ရဘူးသော ဝတ္ထုသက်သေများကို အကျယ်ဝိတ္ထာရ ဓမ္မဥပဒေ မူသေသုံးစွဲ အမြဲကြည့်ရှု ဗဟုသုတအရာ ရှာကြံလိုလားသော အမျိုးကောင်းသား ပညာရှိတို့သည် ဓမ္မပဒအဋ္ဌကထာ, ထေရဂါထာ-အဋ္ဌကထာ, ထေရီအဋ္ဌကထာ, အပဒါန်ပါဠိ, ဝိမာနဝတ္ထုပါဠိ-အဋ္ဌကထာတို့၌ ကြည့်ရှုကြပါကုန်။

**ဤငါးကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် ရာဂစသည်ကင်း၍**
**သုဂတိလျှင်ိုလည်းလျှောင်းရာရှိကြောင်းကို ပြဆိုချက်**

ဗုဒ္ဓဂုဏေ အနုဿရတော နေဝ တသ္မိံ သမယေ ရာဂ-ပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န ဒေါသပရိယုဋ္ဌိတံ၊ န မောဟ-ပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။ ဥဇုဂတမေဝဿ တသ္မိံ သမယေ စိတ္တံ ဟောတိ တထာဂတမာရဗ္ဘ။ ဣစ္စဿ ဧဝံ ရာဂါဒိပရိယုဋ္ဌာနာဘာဝေန ဝိက္ခမ္ဘိတနီဝရဏဿ ကမ္မ-ဋ္ဌာနာဘိမုခတာယ ဥဇုဂတစိတ္တဿ ဗုဒ္ဓဂုဏာပေါဏာ ဝိတက္ကဝိစာရာ ပဝတ္တန္တိ။ ဗုဒ္ဓဂုဏေ အနုဝိတက္ကယတော အနုဝိစာရယတော ပီတိ ဥပ္ပဇ္ဇတိ။ ပီတိမနဿ ပီတိ-ပဒဋ္ဌာနာယ ပဿဒ္ဓိယာ ကာယစိတ္တဒရထာ ပဋိပ္ပ-ဿမ္ဘန္တိ။ ပဿဒ္ဓဒရထဿ ကာယိကမ္ပိ စေတသိကမ္ပိ

သုခံ ဥပ္ပဇ္ဇတိ။ သုခိနော ဗုဒ္ဓဂုဏာရမ္မဏံ ဟုတွာ စိတ္တံ သမာဓိယတီတိ အနုက္ကမေန ဧကက္ခဏေ ဈာနင်္ဂါနိ ဥပ္ပဇ္ဇန္တိ။ ဗုဒ္ဓဂုဏာနံ ပန ဂမ္ဘီရတာယ နာနပ္ပကာရဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ အပ္ပနံ အပ္ပတွာ ဥပစာရပ္ပတ္တမေဝ ဈာနံ ဟောတိ။ တဒေတံ ဗုဒ္ဓဂုဏာနုဿရဏဝသေန ဥပ္ပန္နတ္တာ ဗုဒ္ဓါနုဿတိစ္စေဝ သင်္ခံ ဂစ္ဆတိ။

ဣမဉ္စ ပန ဗုဒ္ဓါနုဿတိံ အနုယုတ္တော ဘိက္ခု သတ္ထရိ သဂါရဝေါ ဟောတိ သပ္ပတိဿော၊ သဒ္ဓါဝေပုလ္လံ သတိဝေပုလ္လံ ပညာဝေပုလ္လံ ပုညဝေပုလ္လဉ္စ အဓိဂစ္ဆတိ၊ ပီတိပါမောဇ္ဇဗဟုလော ဟောတိ၊ ဘယဘေရဝသဟော ဒုက္ခာဓိဝါသနသမတ္ထော၊ သတ္ထာရာ သံဝါသသညံ ပဋိလဘတိ။ ဗုဒ္ဓဂုဏာနုဿတိယာ အဇ္ဈာဝုတ္ထဉ္စဿ သရီရမ္ပိ စေတိယဃရမိဝ ပူဇနာရဟံ ဟောတိ။ ဗုဒ္ဓဘူမိယံ စိတ္တံ နမတိ။ ဝီတိက္ကမိတဗ္ဗဝတ္ထုသမာယောဂေ စဿ သမ္မုခါ သတ္ထာရံ ပဿတော ဝိယ ဟိရောတ္တပ္ပံ ပစ္စုပဋ္ဌာတိ။ ဥတ္တရိံ အပ္ပဋိဝိဇ္ဈန္တော ပန သုဂတိပရာယဏော ဟောတိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပ နှာ-၂၀၅)

ဗုဒ္ဓဂုဏေ၊ အရဟံ-စသော ဘုရားဂုဏ်တို့ကို။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့သော။ အဿ ယောဂိနော၊ ထို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုစီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား။ တသ္မိံ သမယေ၊ ထိုအရဟံ-အစရှိသော ဘုရားဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သောအခါ၌။ ရာဂပရိယုဋ္ဌိတံ၊ ရာဂ-ထိုးကျင့်သော။ စိတ္တံ၊ အကုသိုလ်စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်။ ဒေါသပရိယု-

ဋ္ဌိတံ၊ ဒေါသ ထိုးကျင့်သော။ စိတ္တံ၊ အကုသိုလ်စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်။ မောဟပရိယုဋ္ဌိတံ၊ မောဟ ထိုးကျင့်သော။ စိတ္တံ၊ အကုသိုလ်စိတ်သည်။ န ဟောတိ၊ မဖြစ်။ တထာဂတံ၊ မြတ်စွာဘုရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ တသ္မိံ သမယေ၊ ထို အဖန်တလဲလဲ အောက်မေ့သောအခါ၌။ တဿ ယောဂိနော၊ ထို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ ကုသိုလ်စိတ်သည်။ ဥဇုဂတမေဝ၊ ဖြောင့်မတ်စွာ သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဧဝံ ရာဂါဒိပရိယုဋ္ဌာဘာဝေန၊ ဤ အခြင်းအရာအားဖြင့် ရာဂ စသည်တို့၏ ထိုးကျင့်ခြင်းမရှိသည်၏ အဖြစ်ဖြင့်။ ဝိက္ခမ္ဘိတနီဝရဏဿ၊ ခွါအပ်ပြီးသော နီဝရဏရှိသော။ ကမ္မဋ္ဌာနာဘိမုခတာယ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသို့ ရှေးရှုဖြစ်သဖြင့်။ ဥဇုဂတစိတ္တဿ၊ ဖြောင့်မတ်သောကုသိုလ်စိတ်ရှိသော။ အဿ ယောဂိနော၊ ထို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား။ ဗုဒ္ဓဂုဏပေါဏာ၊ အရဟံ-စသော ဘုရားဂုဏ်သို့ ညွတ်, ကိုင်း, ရှိုင်းကုန်သော။ ဝိတက္က-ဝိစာရာ၊ ဝိတက်, ဝိစာရတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဗုဒ္ဓဂုဏေ၊ အရဟံ - အစရှိသော ဘုရားဂုဏ်တို့ကို။ အနုဝိတက္ကယတော၊ အစဉ် ကြံအောက်မေ့သော။ အနုဝိစာရယတော၊ အစဉ် ဆင်ခြင်သော ပုဂ္ဂိုလ်အား။ ပီတိ၊ ဗလဝပီတိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပီတိမနဿ၊ ဗလဝ နှစ်လိုခြင်းနှင့်တကွ စိတ်ဖြစ်သော ယောဂီပုဂ္ဂိုလ်အား။ ပီတိပဒဋ္ဌာနာယ၊ပီတိလျှင် အကြောင်းရင်းရှိသော။ ပဿဒ္ဓိယာ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်း ပဿဒ္ဓိကြောင့်။ ကာယစိတ္တဒရထာ၊ ကိုယ်, စိတ်၏ ပူပန်ခြင်းတို့သည်။ ပဋိပ္ပဿမ္ဘန္တိ၊ ငြိမ်းကုန်၏။ ပဿဒ္ဓဒရထဿ၊ ကိုယ်,စိတ်တို့၏ ပူပန်ခြင်း ငြိမ်းပြီးသော ယောဂီပုဂ္ဂိုလ်အား။ ကာယိကမ္ပိ

ကိုယ်ကို မှီ၍လည်းဖြစ်သော။ စေတသိကမှီ၊ စိတ်ကိုမှီ၍လည်း ဖြစ်သော။ သုခံ၊ ချမ်းသာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ သုခိနော၊ ကိုယ် စိတ် ချမ်းသာသော ယောဂီပုဂ္ဂိုလ်အား။ ဗုဒ္ဓဂုဏာရမ္မဏံ၊ အရဟံ-စသော ဘုရားဂုဏ်လျှင်အာရုံရှိသည်။ဟုတွာ၊ဖြစ်၍၊ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊တည်ကြည်၏။ ဣတိ၊ ဤသို့။ အနုက္ကမေန၊ အစဉ်သဖြင့်။ ဧကက္ခဏေ၊ တခဏာ၌။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဗုဒ္ဓဂုဏာနံ ပန၊ အရဟံ-စသော ဘုရားဂုဏ်တော်တို့၏ ကား။ ဂမ္ဘီရတာယ ဝါ၊ နက်နဲသည်၏ အဖြစ်ကြောင့်လည်းကောင်း။နာနပ္ပကာရဂုဏာနုဿရဏာဓိမုတ္တ တာယဝါ၊ အထူးထူး အပြားပြားရှိသော အရဟံ-အစရှိသော ဂုဏ် တော်တို့ကို အဖန် တလဲလဲ အောက်မေ့ခြင်း၌ ညွတ်သည်၏ အဖြစ်ကြောင့်ဝင်း။ အပ္ပနံ၊ အပ္ပနာ ဈာန်သို့။ အပ္ပတွာ၊ မရောက် မူ၍။ ဥပစာရပ္ပတ္တမေဝ၊ ဥပစာရသို့ ရောက်ရုံမျှသာလျှင်ဖြစ်သော။ ဈာနံ၊ ဈာန်သည်။ ဟောတိ၊ ဖြစ်၏။ တဒေတံ-တံ ဧတံ၊ ထိုဈာန် သည်။ ဗုဒ္ဓဂုဏာနုဿရဏဝသေန၊ အရဟံ-စသော ဘုရားဂုဏ် ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓါနုဿတိစ္စေဝ သင်္ခံ၊ ဗုဒ္ဓါနုဿတိ ဟူ၍သာ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဣမဉ္စ ပန ဗုဒ္ဓါနုဿတိံ၊ ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန် ကို။ အနု-ယုတ္တော၊ အဖန်တလဲလဲ စီးဖြန်းခြင်းနှင့် ယှဉ်သော။ ဘိက္ခု၊ သံသ ရာဘေးကိုရှုသောသူသည်။ သတ္ထရိ၊ မြတ်စွာဘုရား၌။သဂါရဝေါ၊ ရိုသေခြင်းနှင့် တကွဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သပ္ပတိဿော၊ ကျိုးနွံခြင်းနှင့် တကွဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဓါဝေပုလ္လံ၊ မြတ်စွာဘုရား၌ မပြတ်မလပ် ကြည်ညိုခြင်း သဒ္ဓါ၏ ပြန့်ပြောများ

သော အဖြစ်သို့ရင်း။ သတိဝေပုလ္လဥ္စ၊ မြတ်စွာဘုရား၌ မပြတ်မလပ် အောက်မေ့ခြင်း သတိ၏ ပြန့်ပြောများသော အဖြစ်သို့ရင်း။ ပညာဝေပုလ္လဥ္စ၊ ပစ္စုပ္ပန် တမလွန်၌ အကျိုးရှိသည်-မရှိသည်, လျောက်ပတ်သည်-မလျောက်ပတ်သည် စသည်ကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော ယထာဘူတဉာဏ်၏ ပြန့်ပြောများသော အဖြစ်သို့ရင်း။ ပုညဝေပုလ္လဥ္စ၊နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ဒါန,သီလ,သမထ, ဝိပဿနာ ကုသိုလ်ကောင်းမှု၏ ပြန့်ပြောများသော အဖြစ်သို့ ရင်း။ အဓိဂစ္ဆတိ၊ ရောက်၏။ ပီတိပါမောဇ္ဇဗဟုလော၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်း များသည်။ ဟောတိ၊ဖြစ်၏။ ဘယဘေ-ရဝသဟော စ၊ကြောက်ခြင်း, ရွံ့ရှားခြင်းဘေးကို သည်းခံနိုင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုက္ခာဓိ ဝါသန သမတ္ထော စ၊ ဆင်းရဲခြင်းကို သည်းခံခြင်းငှါ စွမ်းနိုင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သတ္ထာရာ၊မြတ်စွာဘုရားနှင့်။ သံဝါသသညံ၊ အတူတကွနေရသော အမှတ်ကို။ ပဋိလဘတိ၊ရ၏။ ဗုဒ္ဓဂုဏာနုဿတိယာ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၏။ အဇ္ဈာဝုတ္ထံ၊ ကိန်းအောင်းရာဖြစ်သော။ အဿယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်၏။ သရီရမ္ပိ၊ ကိုယ်သည်လည်း။ စေတိယဃရမိဝ၊ စေတီအိမ်ကဲ့သို့။ ပူဇာရဟံ၊ လူ, နတ်, ဗြဟ္မာသတ္တဝါတို့ ပူဇော်ထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓဘူမိယံ၊ ဗုဒ္ဓဘုံ၌။ စိတ္တံ၊ စိတ်သည်။ နမတိ၊ ညွတ်၏။ အဿ၊ ထိုဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား။ ဝီတိက္ကမိတဗ္ဗ-ဝတ္ထု၊ သမာယောဂေ၊ လွန်ကျူးအပ်သော ဝတ္ထုနှင့်ယှဉ်သည်။ သတိ စ၊ ရှိသော်လည်း။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ သမ္မုခါ၊ မျက်မှောက်၌။ ပဿတော ဝိယ၊ ဖူးမြင်ရသကဲ့သို့။ ဟိရောတ္တပ္ပံ၊ ရှက်ခြင်း, ကြောက်လန့်ခြင်းသည်။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်လာ၏။ ဥတ္တရိံ၊ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတရားအထူးကို။ အပ္ပဋိ-

ဝိဇ္ဇူပမော ပန၊ ယခုဘဝ ထိုးထွင်း၍ မသိရ သေးသော်လည်း॥ သုဂတိပရာယဏော၊ နောက်နောက်ဘဝတို့၌ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါး တရားအထူးကို ထိုးထွင်း၍ သိရခြင်း၏ အကြောင်းဖြစ်သော လူ့ဘုံ, နတ်ဘုံသာလျှင် လည်းလျောင်းရာရှိသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဗုဒ္ဓါနုဿတိံ၊ ကို။ တုမှေ၊ သံသရာဘေးကြီး, အပါယ်ဘေးကြီး, ဇာတိဘေးကြီး စသည်ကို ကြောက်သော ရှုသော သင်သူတော်ကောင်း အပေါင်းတို့သည်။ အနုယုဉ္ဇထ၊ နေ့ရော ညဉ့်ပါ အခါမစဲ အဖန်တလဲလဲ အမြဲမကွာ အားထုတ်ကြပါကုန်လော့။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပြီး၏။

ပဉ္စမကဏ္ဍ ပြီး၏။

# ဝိပဿနာကမ္မဋ္ဌာန်း

## ပဌမကဏ္ဍ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပဋိညာဉ် ဝန်ခံချက်

(၁) ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝန္ဒိတွာ ဂတနိဗ္ဗုတိံ။
ဝိပဿနာကမ္မဋ္ဌာနံ၊ ကဿံ နိဗ္ဗာနပါပကံ။

အဟံ၊ ဥတ္တရဟု နာမသမုတ် အကျွန်ုပ်သည်။ ဂတနိဗ္ဗုတိံ၊ နိဗ္ဗာန်သို့ ကြွသွားတော်မူပြီးသော။ ဗုဒ္ဓံ စ၊ မြတ်စွာဘုရားကိုရင်း။ ဂတနိဗ္ဗုတိံ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ ဓမ္မဉ္စ၊ ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။ ဂတနိဗ္ဗုတိံ၊ နိဗ္ဗာန်သို့ကြွရောက်တော်မူပြီးသော။ သံဃဉ္စ၊ အရိယာသင်္ဃာတော် ရှစ်ပါးကိုရင်း။ ဝန္ဒိတွာ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဝိပဿနာကမ္မဋ္ဌာနံ၊ ဝိပဿနာကမ္မဋ္ဌာန်း ကျမ်းကို။ ကဿံ-ကရိဿာမိ၊ ရေးသားပြုပြင် စီရင်အံ့သတည်း။

ပဋိညာဉ် ဝန်ခံချက် ပြီး၏

---

### နိဗ္ဗာန်ရောက်ကြောင်းတရား သုံးပါး

ပိဋကတ်သုံးပုံ၏ အဆီအနှစ်ကြီးဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းတရားသည် အကျဉ်းအားဖြင့် သီလ, သမာဓိ, ပညာ ဟူ၍ ၃-ပါး၊ မကျဉ်းမကျယ်အားဖြင့် ဝိသုဒ္ဓိ ၇-ပါး၊ အကျယ်အား

ဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါး အပြားရှိ၏။ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်း တရားအပေါင်းတို့တွင် အကျဉ်းဆုံးတရားကို ရွေးဦးစွာ ပြဆိုပေအံ့။

**သီလကိုပြဆိုချက်။** ။သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော။ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ပရိမုစ္စတိ။ (မဟာပရိနိဗ္ဗာနသုတ်၊ဒီ-၂၊ နှာ-၁၀၂)

သီလပရိဘာဝိတော၊ သီလဖြင့် ထုံအပ်သော။ သမာဓိ၊ သမာဓိသည်။ မဟပ္ဖလော၊ များသောအကျိုးရှိသည်။ မဟာနိသံသော၊ များသော အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သမာဓိပရိဘာဝိတာ၊ သမာဓိဖြင့် ထုံအပ်သော။ ပညာ၊ ဝိပဿနာ ပညာသည်။ မဟပ္ဖလာ၊ များသောအကျိုးရှိသည်။ မဟာနိသံသာ၊ များသော အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပညာပရိဘာဝိတံ၊ ဝိပဿနာပညာဖြင့် ထုံအပ်သော။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ အာသဝေဟိ၊ အာသဝေါ တရား လေးပါးတို့မှ။ ပရိမုစ္စတိ၊ ထက်ဝန်းကျင် လွတ်နိုင်၏။

**သီလ၏ဓမ္မဝတ္ထုာန် လေးပါး။** ။ဤင်း မဟာပရိနိဗ္ဗာနသုတ်နှင့်အညီ သီလ, သမာဓိ, ပညာ ဟူ၍ သုံးပါး အပြား ရှိသည်တွင် သီလ၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဟူ၍ လေးပါး အပြားရှိ၏။ ထိုတွင် သီလသည် ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးကို မဖောက်မပြန်စေရ၊ ကုသိုလ်ဓမ္မတို့၏ တည်ရာ လက္ခဏာရှိ၏။ သီလမဲ့သောအဖြစ်ကို သတ်ညှစ်ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏။ အပြစ်မရှိခြင်း အနဝဇ္ဇဂုဏ်နှင့် ပြည့်စုံခြင်း သမ္ပတ္တိ

ရသ ရှိ၏။ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံး၏ စင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဒုစရိုက်ကို ပြုရမည်မှ ရှက်ခြင်း ကြောက်ခြင်း ဟိရီ ဩတ္တပ္ပလျှင် နီးစွာသော အကြောင်းရှိ၏။

တနည်းလည်း—သီလသည် အကုသိုလ်ကို မဖြစ်စေခြင်း လက္ခဏာရှိ၏။ အကုသိုလ်ကို ဖျက်ဆီးခြင်းကိစ္စရသ ရှိ၏။ ကုသိုလ်နှင့် ပြည့်စုံခြင်း သမ္ပတ္တိရသ ရှိ၏။ အကုသိုလ်စင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ သမထ ဝိပဿနာ၌ အသင့်အတင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

တနည်းလည်း—ဠတိ ဘာဂိယသီလသည် ဝီတိက္ကမကိလေ-သာကို မဖြစ်စေခြင်း လက္ခဏာ ရှိ၏။ ဝီတိက္ကမကိလေသာကို ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏။ သီလယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား သီလစင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ ဟိရီဩတ္တပ္ပနှင့် ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။

**ဝိသေသဘာဂိယသိလ။** ။ဝိသေသ ဘာဂိယ သီလသည် ပရိယုဋ္ဌာန ကိလေသာကို မဖြစ်စေခြင်း လက္ခဏာ ရှိ၏။ ပရိယုဋ္ဌာန ကိလေသာကို ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏။ သမထ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အား သီလစင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ စိတ္တသုခနှင့် ယောနိသော မနသိကာရလျှင် နီးစွာသောအကြောင်း ရှိ၏။

**နိဗ္ဗေဓဘာဂိယသိလ။** ။နိဗ္ဗေဓဘာဂိယ သီလသည် အနုသယ ကိလေသာကို မဖြစ်စေခြင်းလက္ခဏာ ရှိ၏။ အနုသယကိလေသာကို ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏။ ဝိပဿနာ

**ယောဂီပုဂ္ဂိုလ်၏**ဉာဏ်**အား** သီလစင်ကြယ်ခြင်းလျှင် ထင်သော **အခြင်းအရာ** ရှိ၏။ သမာဓိနှင့် ယောနိသော မနသိကာရလျှင် **နီးစွာသောအကြောင်း** ရှိ၏။

**အလုံးစုံသော** အကုသိုလ်မဖြစ်ခြင်းသည် သီလ လက္ခဏာ **မည်၏။** သီလကို အဖန်တလဲလဲ စီးဖြန်းခြင်းသည် ဘာဝနာကာရ **လည်း** မည်၏၊ ကိစ္စရသလည်း မည်၏။ ယောဂီပုဂ္ဂိုလ်၏ဉာဏ် **အား** သီလစင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာသည် ဥပဋ္ဌာနာကာရလည်း မည်၏၊ ပစ္စုပဋ္ဌာန်လည်းမည်၏။ ဘာဝနာ ကာရနှင့် ကိစ္စရသ အတူတူမှတ်၊ ဥပဋ္ဌာနာကာရနှင့် ပစ္စုပဋ္ဌာန် အတူတူမှတ်။ သီလ-သမထ-ဝိပဿနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ သည် ဟိရိ, ဩတ္တပ္ပ, စိတ္တသုခ, သမာဓိ, ယောနိသောမနသိကာရ တို့ကို ကောင်းကောင်းကြီး စောင့်ရှောက်နိုင်ကုန်၏။ သီလ, သမထ, **ဝိပဿနာနှင့်** မပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ဟိရိ ဩတ္တပ္ပ, စိတ္တသုခ,သမာဓိ,ယောနိသောမနသိကာရတို့ကိုကောင်းကောင်း ကြီး မစောင့်ရှောက်နိုင်ကုန်။

**သီလဝိဂ္ဂဟ်။** ။သီလတိ ကုသလေ ပတိဋ္ဌာပေတီတိ သီလံ။ ကုသလေ၊ သီလ, သမာဓိ, ပညာဟု ဆိုအပ်သော ကုသိုလ်တရားတို့ကို။ သီလတိ ပတိဋ္ဌာပေတိ၊ တည်စေတတ်၏။ ဣတိ၊ ထိုကြောင့်။ သီလံ၊ သီလ မည်၏။

**သိက္ခာသုံးပါးနှင့် ကမ္မဋ္ဌာန်း နှစ်ပါး။** ။ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ-ဟူသော ပါဠိနှင့် အညီ သီလ, သမာဓိသည် သမထကမ္မဋ္ဌာန်း မည်၏၊ ပညာသည် ဝိပဿနာကမ္မဋ္ဌာန်း မည်၏။

သီလံ သမ္ဗသမ္ပတ္တိနံ မူလံ။

သီလံ၊ ဝိတိဘာဂိယသီလ, ဝိသေသဘာဂိယသီလ, နိဗ္ဗေဓဘာဂိယ သီလသည်။ သမ္ဗသမ္ပတ္တိနံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာနှင့်ပြည့်စုံခြင်းတို့၏။ မူလံ၊ အရင်းပေတည်း။

သီလေ ပတိဋ္ဌာယ ဒိန္နံ မဟပ္ဖလံ။

သီလေ၊ဋ္ဌိတိဘာဂိယသီလ,ဝိသေသဘာဂိယသီလ,နိဗ္ဗေဓဘာဂိယသီလတို့ကို။ ပတိဋ္ဌာယ၊ ဆောက်တည်ပြီး၍။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိ၏။ ဝါ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရနိုင်၏။

**သီလအပြား ခွဲခြားပြချက်။** ။ကိံ သီလန္တိ စေတနာ သီလံ၊စေတသိကံ သီလံ၊ သံဝရော သီလံ၊ အဝီတိက္ကမော သီလံ။ ပဋိသမ္ဘိဒါမဂ် (နှာ-၄၃)၌ လာသော အလုံးစုံသော စာရိတ္တ ဝါရိတ္တ ကုသိုလ်စေတနာသည် စေတနာသီလ မည်၏။ ဝါရိတ္တ ဝိရတိ အလောဘ, အဒေါသ, အမောဟ စေတသိက်သည် စေတသိကသီလ မည်၏။

တနည်းလည်း– သတ္တကမ္မပထစေတနာသည် စေတနာသီလ မည်၏၊ အလောဘ, အဒေါသ, အမောဟ စေတသိက်သည် စေတသိကသီလ မည်၏၊ ပါတိမောက္ခသံဝရ, သတိသံဝရ, ဉာဏသံဝရ, ခန္တိသံဝရ, ဝိရိယသံဝရ-ဟူသော သံဝရငါးပါးသည် သီလ မည်၏။ဆောက်တည်၍ မလွန်ကျူးကြောင်းဖြစ်သော အဝီတိက္ကမစိတ္တုပ္ပါဒ်သည် သီလမည်၏။

သံဝရငါးပါးတို့တွင် ပါတိမောက္ခ သံဝရသည် သဒ္ဓါသံဝရ မည်၏၊ ဣန္ဒြိယသံဝရသည် သတိသံဝရ မည်၏၊ ပစ္စဝေက္ခဏာ

ပညာ, ဘာဝနာပညာ, မဂ်ပညာသည် ဉာဏသံဝရ မည်၏။ သီတ,ဥဏှ စသည်ကို သည်းခံသော အဒေါသသည် ခန္တီသံဝရ မည်၏၊ ကာမဝိတက် စသည် မဖြစ်ရအောင် အားထုတ်သော ဝီရိယနှင့် အာဇီဝပါရိသုဒ္ဓိသီလသည် ဝီရိယသံဝရ မည်၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လာသော သီလသည် ဟာနဘာဂိယ သီလ, ဌိတိဘာဂိယသီလ,ဝိသေသဘာဂိယသီလ,နိဗ္ဗေဓဘာဂိယ သီလဟူ၍ လေးပါးအပြား ရှိ၏။ ထိုတွင် ဒုဿီလကို မှီဝဲခြင်း, သီလဝန္တကို မမှီဝဲခြင်း, အကုသိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဝတ္ထုကို လွန်ကျူးရာ၌ အပြစ်ကို မရှုခြင်း, မိစ္ဆာဝိတက်ကို အကြံအစည်များခြင်း, ဣန္ဒြေကို မစောင့်ရှောက်ခြင်းသည် ဟာန ဘာဂိယသီလမည်၏။ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံကာမတ္တသည် ဌိတိဘာဂိယသီလ မည်၏။ သီလ, သမထနှင့် ပြည့်စုံခြင်းသည် ဝိသေသဘာဂိယ သီလမည်၏။သီလ,ဝိပဿနာနှင့် ပြည့်စုံခြင်းသည် နိဗ္ဗေဓဘာဂိယ သီလမည်၏။

သမထ,ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် ဓုတင်ကို ဆောင်ရမည်။ အဘယ့်ကြောင့် ဓုတင်ကို ဆောင်ရမည်နည်း။ ကိလေသေ ဓုနာတီတိ ဓုတော။ ဓုတဿ အင်္ဂံ ဓုတင်္ဂံ။ ကိလေသေ၊ လောဘ ဒေါသ အစရှိသော ကိလေသာတို့ကို။ ဓုနာတိ၊ ခါတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဓုတော၊ ဓုတမည်၏။ ဓုတဿ၊ လောဘ ဒေါသ အစရှိသော ကိလေသာကို ခါခြင်း၏။ အင်္ဂံ၊ အကြောင်းတည်း။ ဓုတင်္ဂံ၊ လောဘ ဒေါသ စသော ကိလေသာကို ခါခြင်း၏အကြောင်း။ ဓုတင်သည် လောဘ ဒေါသ

အစရှိသော ကိလေသာတို့ကို ခါနိုင်ခြင်းအကြောင်း ဖြစ်သည်။ ထိုကြောင့် ဓုတင်ကို ဆောင်ရမည်။

ထိုဓုတင်တို့တွင် အာရညကင်ဓုတင်, ပိဏ္ဍပါတ်ဓုတင်, ကော-သနိက်ဓုတင်တို့သည် သမထ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့နှင့် သာ လျော်ပတ်ကုန်၏။ အဘယ့်ကြောင့် လျော်ပတ်သနည်း။ အာရညကင် ဓုတင်သည် ငါးပါးအာရုံ ကာမဂုဏ်နှင့် ဝေး၍ သမထ ဝိပဿနာ အားထုတ်ခွင့် ရသောကြောင့်ဂင်း၊ ပိဏ္ဍပါတ် ဓုတင်သည် ဇာရိယာပထ မျှတ၍ သမထဝိပဿနာ အားထုတ်ခွင့် ရသောကြောင့်ဂင်း၊ ကောသနိက်ဓုတင်သည် ဆွမ်း၌ ကိစ္စနည်း၍ သမထ ဝိပဿနာ အားထုတ်ခွင့် ရသောကြောင့်ဂင်း သမထ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့နှင့် လျော်ပတ်ကုန်၏။ ဂင်း သုံးပါးကို အမြဲဆောင်ရမည်။ အလုံးစုံ အကုန်ဆောင်နိုင်လျှင် သာ၍ကောင်းပါ၏။ ဓုတင်သည် စာရိတ္တသီလမည်၏။

သီလကို ပြဆိုချက် ပြီး၏။

**သမာဓိကို ပြဆိုချက်။** ။သမံ သမ္မာ စ ဧကတ္တ သမ္ပယုတ္တကေ အာဓေတီတိ သမာဓိ။

ယော ဓမ္မော၊ အကြင်တရားသည်။ သမ္ပယုတ္တကေ၊ ယှဉ်ဘော် ယှဉ်ဘက်တရားတို့ကို။ သမံ စ၊ အညီအညွတ်ဂင်း။ သမ္မာ စ၊ မဖောက်မပြန် ဖြောင့်မှန်စွာဂင်း။ ဧကတ္တ၊ ကသိဏ်းစသော တခုတည်းသော အာရုံ၌။ အာဓေတိ၊ ထားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ သမာဓိ၊ သမာဓိမည်၏။

**သမာဓိ၏ ဓမ္မဝဝတ္ထာန လေးပါး။** ။သမာဓိ၌ လက္ခဏ, ရသ, ပစ္စု-ပဋ္ဌာန်, ပဒဋ္ဌာန် ဟူ၍ လေး

ပါး အပြားရှိ၏။ ထိုတွင် သမာဓိသည် စိတ်မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ ပျံ့လွင့်သော ဥဒ္ဓစ္စကို ဖျက်ဆီးခြင်း ကိစ္စရသရှိ၏။ သမထ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား မတုန်မလှုပ် စိတ်၏ ငြိမ်သက်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ စိတ်ချမ်းသာခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။

နီဝရဏ ဝိတက္က ဝိစာရ ပီတိသုခသင်္ခါတေ ပဋိပက္ခဓမ္မေ သမေတီတိ သမထော။ ကရိယတေ ကရဏံ ဝါ ကမ္မံ။ အာရမ္မဏေ နိစ္စလဘာဝေန တိဋ္ဌတီတိ ဌာနံ။ ကမ္မမေဝ ဌာနံ ကမ္မဋ္ဌာနံ။ သမထော စ သော ကမ္မဋ္ဌာနဉ္စာတိ သမထကမ္မဋ္ဌာနံ—

ဟူသော ဝစနတ္ထကြောင့် သမထကမ္မဋ္ဌာန်းမည်၏။ ထိုကုသလ စိတ္တေကဂ္ဂတာ ဘာဝနာသမာဓိ၏ အာရုံဖြစ်သော—

ကသိုဏ်းဆယ်ဖြာ၊ ဆယ်သုဘာနှင့်၊ ဒသာနုဿတိ၊ လေးရှိ-ပမညာ၊ သညာဝဝတ္ထာန်၊ လေးတန်အရူပ၊သမထ၊ ဘောဒစတ္တာလီ—

ဟူသော လေးဆယ်သော အာရုံသည်လည်း ဘာဝနာကမ္မံ တိဋ္ဌတိ ဧတ္ထာတိ ကမ္မဋ္ဌာနံ ဟူသော ဝစနတ္ထကြောင့် ကမ္မဋ္ဌာန်းမည်၏။

ထိုကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများကာ သံသရာနှုတ်ခမ်း သတ်၍ နိဗ္ဗူသောင်ကမ်း ခပ်လိုသော ပုဂ္ဂိုလ် ယောဂီ လဇ္ဇီပေသလ ဓမ္မဒါယာဒ ကုလပုတ္တ အများ အမျိုးကောင်းသားသမီး တို့သည်

ဧကော ဓမ္မော ဘိက္ခဝေ အာသေဝိတော ဘာဝိတော
ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ
သံဝတ္တတိ—

ဟူသော ပါဠိနှင့်အညီ ဧကောဓမ္မော တခုသောကမ္မဋ္ဌာန်းကိုသာ အမြဲအစွဲ အားထုတ်ကြသဖြင့် အာရုံထင်မြင်၍ ဥပစာရဈာန်စိတ်, အပ္ပနာဈာန်စိတ် ဖြစ်ခြင်းသည် သမာဓိ မည်၏။

## နိမိတ်နှင့် ဘာဝနာ

နိမိတ်သည် ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် ဟူ၍ သုံးပါး အပြား ရှိ၏။ ဘာဝနာသည်လည်း ပရိကမ္မဘာဝနာ, ဥပစာရ ဘာဝနာ, အပ္ပနာ ဘာဝနာဟူ၍ သုံးပါးအပြားရှိ၏။

ထိုတွင် တစုံတခုသော အာရုံသည် **ပရိကမ္မနိမိတ်** မည်၏။ ထိုပရိကမ္မနိမိတ်ကို အာရုံပြု၍ စိတ်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်းသည် **ပရိကမ္မဘာဝနာ** မည်၏။

ထိုသို့ စီးဖြန်းအပ်သော ယောဂီပုဂ္ဂိုလ်အား မနောဒွါရ၌ ထင်သော အာရုံသည် **ဥဂ္ဂဟနိမိတ်** မည်၏။ ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ စိတ်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်းသည် **ပရိကမ္မဘာဝနာ မည်၏**။ သမထလည်း အားကြီး၏။

ထိုသို့ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ထိုဥဂ္ဂဟနိမိတ်၏ အထူးဖြစ်သော ညစ်ကြေးမတင် သန့်ရှင်း စင်သော ကြေးမုံ မှန်ပြင် အကြည်ကဲ့သို့ ဥဂ္ဂဟနိမိတ်ထက် ငြိမ်သက် တည်ကြည် သန့်ရှင်းစင်ကြယ်စွာ ထင်သော ပရမတ္ထသဘောမှ လွတ်သော အာရုံသည် **ပဋိဘာဂနိမိတ်** မည်၏။

နိဗ္ဗာနမဂ္ဂဒီပနီ ၈—ယ-မ-သ-စ

ထိုပဋိဘာဂနိမိတ်ကိုအာရုံပြု၍ ဂေါတြဘူတိုင်အောင် စိတ်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်းသည် **ဥပစာရဘာဝနာ** မည်၏။ **ဥပစာရ သမာဓိ**လည်း မည်၏။ ဥပစာရဈာန်လည်း မည်၏။

ထိုဂေါတြဘူမှစ၍ ပဌမဈာန် ရသည်တိုင်အောင် စိတ်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်းသည် **အပ္ပနာဘာဝနာ** မည်၏။ **အပ္ပနာ-သမာဓိ**လည်း မည်၏။ အပ္ပနာဈာန်လည်း မည်၏။

ထိုပဋိဘာဂနိမိတ် ဖြစ်သည်မှ စ၍ ရာဂ ဒေါသစသော ကိလေသာငြိမ်းသဖြင့် ကာမာဝစရကုသိုလ်သည် သိခါပတ္တဖြစ်၍ သမာဓိ၏အထွတ်အထိပ်သို့ ရောက်လေ၏။ ဥပစာရဘာဝနာ, ဥပစာရသမာဓိကို ရပြီးသော သမထ ယောဂီပုဂ္ဂိုလ်သည် ဈာန်ကို အလိုရှိသော် ဈာန်ရကြောင်းတရားကို အားထုတ်ရာ၏။ မဂ်ဖိုလ် နိဗ္ဗာန်ကို အလိုရှိသော် နာမရူပပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ် စသည်တို့ကို အားထုတ်ရာ၏။

## သမာဓိကို ပြဆိုချက် ပြီး၏။

**ပညာကို ပြဆိုချက်။** ။ခန္ဓာဒိသင်္ခတဓမ္မေ အနိစ္စာဒိဝိဝိဓာကာ-ရေန ပဿတီတိ ဝိပဿနာ။ ။ယာ ပညာ၊ အကြင် အပြားအားဖြင့် သိတတ်သော ပညာသည်။ ခန္ဓာဒိသင်္ခတဓမ္မေ၊ ခန္ဓာအစရှိသော ပြုပြင်စီရင်တတ်သော ရုပ် နာမ်တရားတို့ကို။ အနိစ္စာဒိဝိဝိဓာကာရေန၊ မမြဲခြင်းအစရှိသော အထူးထူးသော အခြင်းအရာအားဖြင့်။ ပဿတိ၊ ရှုမြင်တတ်၏။ ဣတိ၊ထို့ကြောင့်။ သာပညာ၊ထိုပညာသည်။ ဝိပဿနာ၊ဝိပဿနာ မည်၏။မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု၌ရှိသောပညာ ရှ၏။

သာ ဟိ သဒ္ဓါရာနံ အနိစ္စတာဒိ° အဂဏ္ဍနိပိ ဝိပဿနာ-
ကိစ္စပါရိပူရိယာ, နိဗ္ဗာနသ ဝါ တထလက္ခဏံ ဝိသေ-
သတော ပဿတီတိ ဝိပဿနာတိ ဝုစ္စတိ။ မဂ်လေးခု၌
ရှိသော ပညာရ၏။ (ဝိသုဒ္ဓိမဂ်ဋီကာ ၂၊ ၇၉။)

ဝေါဒြဘူဉာဏ်ကား မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်သော
ကြောင့် ဝိပဿနာဟူသော ဝေါဟာရကို မရ။ မဟာကြိယာ
သမ္ပယုတ်၌ရှိသော ဉာဏ်သည် ဝိပဿနာ မည်သော်လည်း ဤ
အာဒိကမ္မိကအရာ၌ မလို။ ပညာ၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်,
ပဒဋ္ဌာန်ဟူ၍ လေးပါးအပြား ရှိ၏။ ထိုတွင် ပညာသည် ပထဝီ,
ဖဿစသည်တို့၏ ကက္ခဋ္ဌ, ဖုသန စသော မိမိသဘော, အနိစ္စတာ
အစရှိသော သာမညသဘောတို့ကို ထိုးထွင်း၍ သိခြင်းလက္ခဏာ
ရှိ၏။ ယင်းသဘောနှစ်ပါးကို ဖုံးလွှမ်းတတ်သော မောဟ
မိုက်မှောင်ကြီးကို ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏။ ယင်းသဘော
နှစ်ပါး၌ မတွေမဝေခြင်း ဝိပဿနာ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား
ရှေးရှုထင်သော အခြင်းအရာရှိ၏။ ကောင်းစွာ စိတ်၏တည်ကြည်
ခြင်း သမာဓိလျှင် နီးစွာသော အကြောင်းရှိ၏။ သမာဓိသည်
အလုံးစုံသော ပညာတို့၏ ပဒဋ္ဌာန် မည်၏။

ပညာကို ပြဆိုချက် ပြီး၏။

နိဗ္ဗာန်ရောက်ကြောင်းတရား အကျဉ်းသုံးပါး ပြီး၏။

## နိဗ္ဗာန်ရောက်ကြောင်းတရား ဝိသုဒ္ဓိခုနစ်ပါး အကျဉ်းပြဆိုချက်

သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ
မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ
ဉာဏဒဿနဝိသုဒ္ဓိ စေတိ သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော။

သီလဝိသုဒ္ဓိ စ၊ သမထဝိပဿနာကို အားထုတ်ရာ၌ လေးဖြာသီလ၏ စင်ကြယ်ခြင်းရှင်း။ စိတ္တဝိသုဒ္ဓိ စ၊ တခုခုသောကမ္မဋ္ဌာန်းကိုသာ ဒဲ့မြဲအစွဲ အားထုတ်သဖြင့် အာရုံထင်မြင်၍ ဥပစာရ ဈာန်စိတ်၏ စင်ကြယ်ခြင်းရှင်း။ ဒိဋ္ဌိဝိသုဒ္ဓိ စ၊ ရုပ်နာမ်နှစ်ပါးသာ ဘုံသုံးပါး၌ရှိသည်ဟု ကောင်းစွာအမှန် သိမြင်သော နာမရူပ ပရိစ္ဆေဒဉာဏ်၏ စင်ကြယ်ခြင်းရှင်း။ ကင်္ခါဝိတရဏဝိသုဒ္ဓိ စ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ဖြစ်ကြောင်းတရားကို သိမ်းဆည်း၍ သိမြင်သဖြင့် လူနတ်ဗြဟ္မာ စသည်တို့ကြောင့်ဖြစ်သည်ဟု ယုံမှားခြင်း ဝိစိကိစ္ဆာကို လွန်မြောက်နိုင်သော ပစ္စယပရိဂ္ဂဟဉာဏ်၏ စင်ကြယ်ခြင်းရှင်း။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ စ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း, ပျက်ခြင်းကို သုံးသပ်ဆင်ခြင်၍ ဖြစ်ခြင်း, ပျက်ခြင်းကို ထင်မြင်သောကြောင့် ဩဘာသ, ပီတိ-စသည် ဖြစ်ခြင်းသည် ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်တည်းဟု သိမ်းဆည်းဆင်ခြင်သောအားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို ကောင်းစွာအမှန်သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းရှင်း။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ စ၊ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် အားထုတ်၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ကောင်းစွာအမှန်သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းရှင်း။ ဉာဏဒဿနဝိသုဒ္ဓိ စ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို အား

ထုတ်၍ နိဗ္ဗာန်ကို ကောင်းမွန်သိသော မဂ်ဉာဏ်အမြင်၏ စင်ကြယ်ခြင်းဂုဏ်။ ဇုတိ၊ ၍သည်ကား။ သတ္တဝိဓေနေ၊ ခုနစ်ပါးအပြားအားဖြင့်။ ဝိသုဒ္ဓိသင်ဟော၊ ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်းတရားကို ရေတွက်၍ ပြခြင်းတည်း။

ဝိသုဒ္ဓိခုနစ်ပါးအကျဉ်း ပြီး၏။

---

## နိဗ္ဗာန်ရောက်ကြောင်း ဝိသုဒ္ဓိခုနစ်ပါး အကျယ်ကို ပြဆိုချက်

ဝိသုဒ္ဓိသည်–သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏ-ဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ-အားဖြင့် ခုနစ်ပါး အပြားရှိ၏။

**သီလဝိသုဒ္ဓိလေးပါး။** ။ထိုတွင် သီလဝိသုဒ္ဓိသည် ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ ဟူ၍ လေးပါးအပြားရှိ၏။

### ရဟန်းများ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံပုံ

**ပါတိမောက္ခသံဝရသီလ။** ။ထိုတွင် ရဟန်းတို့မှာ ပါတိမောက်၌လာသည့်အတိုင်း မကျင့်လျှင် ပါတိမောက္ခသံဝရသီလ ပျက်၏။ ပါတိမောက်၌ လာသည့်အတိုင်း ကျင့်လျှင် ပါတိမောက္ခသံဝရသီလ ပြည့်စုံ၏။

**ဣန္ဒြိယသံဝရသီလ။** ။ဣန္ဒြိယသံဝရသီလကား — စက္ခုန္ဒြေသီလ, သောတိန္ဒြေသီလ, ဃာနိန္ဒြေသီလ, ဇိဝှိန္ဒြေသီလ,ကာယိန္ဒြေသီလ, မနိန္ဒြေသီလဟူ၍ ခြောက်ပါး အပြားရှိ၏။

ထိုတွင် အဆင်းကိုမြင်၍ လောဘဖြစ်လျှင် စက္ခုန္ဒြေသီလ ပျက်၏။ နောင်ကို ဤကဲ့သို့ အဆင်းကို လောဘနှင့် မကြည့်ပါဘူးဟု စိတ်ကို ဆောက်တည်လျှင် စက္ခုန္ဒြေသီလနှင့် ပြည့်စုံ၏။ အဆင်းကိုမြင်၍ ဒေါသဖြစ်လျှင် စက္ခုန္ဒြေသီလ ပျက်၏။ နောင်ကို ဤကဲ့သို့ အဆင်းကို ဒေါသနှင့်မကြည့်ပါဘူးဟု စိတ်ကိုဆောက်တည်လျှင် စက္ခုန္ဒြေသီလနှင့် ပြည့်စုံ၏။ မောဟ, ကောဓ, ဥပနာဟ, မက္ခ, ပလာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ, ပမာဒ-တို့မှာ လောဘ ဒေါသ နည်းတူမှတ်။

အဆင်းကို မြင်၍ လောဘ ဒေါသ စသည် မဖြစ်လျှင် စက္ခုန္ဒြေသီလနှင့် ပြည့်စုံ၏။ အသံကို ကြား၍ လောဘ ဒေါသ စသည် မဖြစ်လျှင် သောတိန္ဒြေသီလနှင့် ပြည့်စုံ၏။ အနံ့ကို နံ၍ လောဘ ဒေါသစသည် မဖြစ်လျှင် ဃာနိန္ဒြေသီလနှင့် ပြည့်စုံ၏။ အရသာကို လျက်၍ လောဘ ဒေါသစသည် မဖြစ်လျှင် ဇိဝှိန္ဒြေသီလနှင့် ပြည့်စုံ၏။ အတွေ့ကို ထိ၍ လောဘ ဒေါသ စသည် မဖြစ်လျှင် ကာယိန္ဒြေသီလနှင့် ပြည့်စုံ၏။ မိမိစိတ်ထဲ၌ ထင်သော အာရုံကို လောဘ ဒေါသစသည် မဖြစ်လျှင် မနိန္ဒြေသီလနှင့် ပြည့်စုံ၏။

**အာဇီဝပါရိသုဒ္ဓိသီလ**။ ။အာဇီဝပါရိသုဒ္ဓိသီလကား–ကုလဒူသက, အနေသနကို ရှောင်ကြဉ်၍ တရားသဖြင့် ရှာ၍ရသော ပစ္စည်းဖြင့် အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံ၏။

**ပစ္စယသန္နိဿိတသီလ။** ။တရားသဖြင့် ရသော ပစ္စည်းကို ပစ္စ-ဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလနှင့် ပြည့်စုံ၏။

### သာမဏေများ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံပုံ

သာမဏေများမှာ လိင်, ဒဏ်, သေခိယ, ခန္ဓကဝတ်နှင့် အညီကျင့်လျှင် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံ၏။ အာရုံကိုတွေ့၍ လောဘ ဒေါသစသည် မဖြစ်လျှင် ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံ၏။ ကုလဒူသက, အနေသနကို ရှောင်ကြဉ်၍ တရားသဖြင့်ရအပ်သော ပစ္စည်းဖြင့် အသက်ကို မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံ၏။ တရားသဖြင့် ရအပ်သောပစ္စည်းကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလနှင့် ပြည့်စုံ၏။

### ဖိုးသူတော်, သီလရှင်, လူများ စတုပါရိသုဒ္ဓိသီလနှင့်ပြည့်စုံပုံ

ဖိုးသူတော်, သီလရှင်များမှာ ရှစ်ပါးသီလ, ဆယ်ပါးသီလ လုံခြုံလျှင် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံ၏။ လူမှာ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလလုံခြုံလျှင် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံ၏။ အာရုံကိုတွေ့၍ လောဘ ဒေါသ စသည် မဖြစ်လျှင် ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံ၏။ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်၍ တရားသဖြင့် ရသောပစ္စည်းဖြင့် အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံ၏။ တရားသဖြင့်ရသော ပစ္စည်းကို သမထ ဝိပဿနာနှင့် ဆင်ခြင်၍ သုံးဆောင်လျှင် ပစ္စယသန္နိဿိတသီလနှင့် ပြည့်စုံ၏။

စတုပါရိသုဒ္ဓိသီလ လုံခြုံလျှင် သီလဝိသုဒ္ဓိနှင့် ပြည့်စုံ၏။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားယုတ်၍ စိတ်တည်ကြည် ငြိမ်သက်လျှင် စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံ၏။ နာမရူပပရိစ္ဆေဒဉာဏ် ထင်မြင်လျှင် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံ၏။ ပစ္စယပရိဂ္ဂဟဉာဏ် တင်မြင်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံ၏။ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ထင်မြင်လျှင် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနှင့် ပြည့်စုံ၏။ ဥဒယဗ္ဗယ-ဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ထင်မြင်လျှင် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနှင့် ပြည့်စုံ၏။ မဂ်ဉာဏ်ကိုရလျှင် ဉာဏဒဿန ဝိသုဒ္ဓိနှင့် ပြည့်စုံ၏။ ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့မှာ ဥပစာရအားဖြင့် ဉာဏဒဿနဝိသုဒ္ဓိ၌ ဝင်၏။

နိဗ္ဗာန်ရွှေပြည်ကြီးမှာ ရွှေနန်းအိမ်ကြီးလည်း တခုရှိ၏၊ ရွှေတံခါးကြီးလည်း လေးထပ်ရှိ၏၊ ရွှေနန်းရွှေအိမ်ကြီးသို့ တက်ဘို့ရာ ရွှေလှေကားကြီးလည်း ခုနစ်ထစ်ရှိ၏။

သီလဝိသုဒ္ဓိနှင့် ပြည့်စုံသောသူသည် ပဌမရွှေလှေကားထစ်ကို တက်နိုင်ပြီဟူ၍မှတ်။ စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံသောသူသည် ဒုတိယရွှေလှေကားထစ်ကို တက်နိုင်ပြီဟူ၍မှတ်။ ဒိဋ္ဌိဝိသုဒ္ဓိနှင့်ပြည့်စုံသောသူသည် တတိယရွှေလှေကားထစ်ကို တက်နိုင်ပြီဟူ၍မှတ်။ ကင်္ခါ-ဝိတရဏ ဝိသုဒ္ဓိနှင့် ပြည့်စုံသောသူသည် စတုတ္ထ ရွှေလှေကားထစ်ကို တက်နိုင်ပြီ ဟူ၍မှတ်။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနှင့် ပြည့်စုံသောသူသည် ပဉ္စမ ရွှေလှေကားထစ်ကို တက်နိုင်ပြီဟူ၍ မှတ်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံသောသူသည် ဆဋ္ဌ ရွှေလှေကားထစ်ကို တက်နိုင်ပြီဟူ၍ မှတ်။ ဉာဏဒဿန ဝိသုဒ္ဓိနှင့် ပြည့်စုံသောသူသည် သတ္တမ ရွှေလှေကားထစ်ကို တက်နိုင်ပြီဟူ၍ မှတ်။

သောတာပတ္တိမဂ်ကို ရသောသူသည် ပဌမ ရွှေတံခါးကို ဖွင့်နိုင်ပြီဟူ၍မှတ်။ သကဒါဂါမိမဂ်ကို ရသောသူသည် ဒုတိယ ရွှေတံခါးကို ဖွင့်နိုင်ပြီဟူ၍မှတ်။ အနာဂါမိမဂ်ကို ရသောသူသည် တတိယ ရွှေတံခါးကို ဖွင့်နိုင်ပြီဟူ၍မှတ်။ အရဟတ္တမဂ်ကို ရသောသူသည် စတုတ္ထ ရွှေတံခါးကို ဖွင့်နိုင်ပြီဟူ၍မှတ်။ စတုတ္ထ ရွှေတံခါးကိုဖွင့်နိုင်မှ ရွှေနန်း ရွှေအိမ်ကြီးသို့ ရောက်၏။

ရွှေနန်းရွှေအိမ်ကြီးသို့ ရောက်လျှင် ကာယိက,စေတသိက-ဒုက္ခ ခပ်သိမ်း ကုန်ငြိမ်း၍ သဥပါဒိသေသ နိဗ္ဗာန်တည်းဟူသော ရွှေပြည်တော်ကြီးကို အုပ်စိုးတော်မူ၍ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကြီးကို ဆောင်း၍ စကြာမင်းကြီး လုပ်လျက် ဘယ်ဘဝ ဘယ်ကမ္ဘာမှ တကြိမ်တခါမျှ မရစဘူးသော သုခကြီးကို အမြဲ ရကြ၏။ နိဗ္ဗာန် ရွှေနန်း ရွှေအိမ်ကြီးသို့ ရောက်လျှင် နိဗ္ဗာန် ရွှေပြည်ကြီးသို့ ရောက်၏။ နိဗ္ဗာန် ရွှေပြည်ကြီးသို့ ရောက်ကြသော သူတော်ကောင်းအပေါင်းတို့သည် အဖန်တလဲလဲ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း အစရှိသော ဆင်းရဲခပ်သိမ်း ကုန်ငြိမ်း၍ နိစ္စ သုခ အမြဲ နိဗ္ဗာန်ချမ်းသာကြီး ကို ခံစား စံစား ရကြလေကုန်၏။ ထို့ကြောင့်—

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ-

ဟု ဟောတော်မူ၏။ (မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်။ နှာ-၁၂၉)

ဒုက္ခာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

အနတ္တာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ—
ဟူ၍လည်း နည်းယူ၍ ရွတ်။

ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်တတ်, ပျက်တတ်သော သဘော တရားရှိကုန်သော။ သင်္ခါရာ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးတို့သည်။ အနိစ္စာ ဝတ၊ အဖန်တလဲလဲ ဖြစ်ပျက်၍ နေသောကြောင့် အမြဲ မရှိ ကုန်စွတကား။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ် ပျောက်ကုန်၏ တကား။ တေသံ၊ ထိုဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၏။ ဝူပသမော၊ အဖန်တလဲလဲ ဖြစ်ခြင်း, ပျက်ခြင်း ငြိမ်းရာ, ဆင်းရဲခပ်သိမ်း ကုန်ငြိမ်းရာ ဖြစ်သော အနုပါဒိသေသ နိဗ္ဗာန်သည်။ သုခေါ-သုသုခေါ၊ အလွန်ချမ်းသာလှပေ၏။

ဒုက္ခာ ဝတ၊ အဖန်တလဲလဲ ဖြစ်ပျက်၍ နေသောကြောင့် ဆင်းရဲကုန်စွ တကား။

အနတ္တာ ဝတ၊ အဖန်တလဲလဲ ဖြစ်ပျက်၍ အစိုးမရလေသော ကြောင့် ကိုယ်မဟုတ်ကုန်စွတကား။ (ကြွင်းသောအနက်တို့မှာ အနိစ္စ နည်းတူ။)

ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်တတ်,ပျက်တတ်သော သဘောတရား ရှိကုန်သော။ သင်္ခါရာ၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ သည်။ အနိစ္စာ ဝတ၊ အမြဲ မရှိကုန်စွတကား။ ဥပ္ပဇ္ဇိတွာ၊ ပွင့် တော်မူကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ပရိနိဗ္ဗာန် စံတော်မူကြကုန်၏။ တေသံ၊ ထို ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏။ ဝူပသမော၊

ဆင်းရဲခပ်သိမ်း ကုန်ငြိမ်းရာဖြစ်သော အနုပါဒိသေသ နိဗ္ဗာန် သည်။ သုခေါ-သုသုခေါ၊ အလွန်ချမ်းသာလှပေ၏။

နိဗ္ဗာန်ရောက်ကြောင်း ဝိသုဒ္ဓိခုနစ်ပါးအကျယ် ပြီး၏။

**အမှာ။** ။အကျယ် မောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို အလွန်ကျယ်အံ့စို ၍ လျှစ်လျူရှုလိုက်သည်။

## ဉာဏ်တဆယ့်ခြောက်ပါး ပြဆိုချက်

ဒိဋ္ဌိဝိသုဒ္ဓိစသော ငါးပါးသော ဝိသုဒ္ဓိတို့၏ အတွင်း၌ အကျုံး ဝင်သော နိဗ္ဗာန်ရောက်ကြောင်း ဉာဏ် တဆယ့်ခြောက်ပါး, ထို ဉာဏ်တို့၌ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကို ပြဆိုပေအံ့—

> နာမရူပ ပရိစ္ဆေဒဉာဏံ ပစ္စယ ပရိဂ္ဂဟာဉာဏံ သမ္မ-
> သနဉာဏံ ဥဒယဗ္ဗယဉာဏံ ဘင်္ဂဉာဏံ ဘယဉာဏံ အာဒီ-
> နဝဉာဏံ နိဗ္ဗိဒါဉာဏံ မုဉ္စိတုကမျတာဉာဏံ ပဋိသင်္ခါဉာဏံ
> သင်္ခါရုပေက္ခာဉာဏံ အနုလောမ ဉာဏံ ဂေါတြဘု ဉာဏံ
> မဂ္ဂဉာဏံ ဖလဉာဏံ ပစ္စဝေက္ခဏာ ဉာဏန္တေတိ သောဠသ-
> ဝိဓာနိ ဉာဏာနိ **နာမ**။

နာမရူပပရိစ္ဆေဒဉာဏံ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးကို ပိုင်း ခြား၍ သိမြင်သော ဉာဏ်ငင်း။ ပစ္စယပရိဂ္ဂဟဉာဏံ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး၏ ဖြစ်ကြောင်းတရားကို သိမ်းဆည်းသော ဉာဏ် ငင်း။ သမ္မသန ဉာဏံ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်သော ဉာဏ်ငင်း။ ဥဒယဗ္ဗယဉာဏံ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း ပျက်ခြင်းကို ထင်မြင်သောဉာဏ်ငင်း။ ဘင်္ဂဉာဏံ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို ထင်မြင်

သောဉာဏ်ရင်း။ ဘယဉာဏ်၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို ဘေးကြီးဟု ထင်မြင်သောဉာဏ်ရင်း။ အာဒီနဝဉာဏ်၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို အပြစ်ကြီးဟု ထင်မြင်သောဉာဏ်ရင်း။ နိဗ္ဗိဒါဉာဏ်၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို စက်ဆုပ်ရွံရှာ ငြီးငွေ့ဘွယ်ဟု ထင်မြင်သောဉာဏ်ရင်း။ မုဉ္စိတုကမျတာဉာဏ်၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းမှ လွတ်ရာနိဗ္ဗာန်သို့ ညွတ်, ကိုင်း, ရှိုင်းသော ဉာဏ်ရင်း။ ပဋိသင်္ခါဉာဏ်၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်းပျက်ခြင်း စသည်ကို တဖန် သိမ်းဆည်း ပြန်သောဉာဏ်ရင်း။ သင်္ခါရုပေက္ခာဉာဏ်၊ ဘုံသုံးပါးမှ လွတ်ကြောင်း ရုပ်နာမ်နှစ်ပါး၏ ဖြစ်ခြင်း, ပျက်ခြင်းကို ချစ်ခြင်း, မုန်းခြင်းမရှိ လျစ်လျူရှုသောဉာဏ်ရင်း။ အနုလောမဉာဏ်၊ ရှေ့ဉာဏ်, နောက်ဉာဏ်အား လျော်သော ဉာဏ်ရင်း။ ဂေါတြဘုဉာဏ်၊ ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာ အနွယ်ကို ပွါးစေသော ဉာဏ်ရင်း။ မဂ္ဂဉာဏ်၊ နိဗ္ဗာန်ကို သိမြင်သော မဂ်ဉာဏ်ရင်း။ ဖလဉာဏ်၊ နိဗ္ဗာန်ကို သိမြင်သော ဖိုလ် ဉာဏ်ရင်း။ ပစ္စဝေက္ခဏာဉာဏ်၊ မဂ်,ဖိုလ်,နိဗ္ဗာန်,ပယ်ပြီး,မပယ်ပြီး သေးသော တရားငါးပါးတို့ကို ဆင်ခြင်သောဉာဏ်ရင်း။ ဇာတိ၊ ဤသည်ကား။ သောဠသ၊ တဆယ့်ခြောက်ပါးကုန်သော။ ဉာဏာနိ နာမ၊ နိဗ္ဗာန်ရောက်ကြောင်း ဉာဏ်တို့မည်ကုန်၏။

နိဗ္ဗာန်ရောက်ကြောင်း ဉာဏ်တဆယ့်ခြောက်ပါးကို ပြဆိုချက် ပြီး၏။

### ဉာဏ် တဆယ့်ခြောက်ပါး၌ ဓမ္မဝဝတ္ထာန် ၄-ပါး ပြဆိုချက်

နာမရူပ ပရိစ္ဆေဒဉာဏ်၌ ၄-ပါး။

။ဤဉာဏ်များ၌လည်း လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အား

ဖြင့် လေးပါးစီ အပြားရှိ၏။ ထိုတွင် နာမရူပပရိစ္ဆေဒဉာဏ်သည် ရုပ်နာမ်နှစ်ပါးကို ပိုင်းခြား၍ သိမြင်ခြင်း လက္ခဏာရှိ၏။ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြား၍ မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟ မိုက်မှောင်ကြီးကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ ရုပ်နာမ်နှစ်ပါးကို မတွေ့မဝေခြင်းလျှင် ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ ရုပ်နာမ်နှစ်ပါးကို သိမြင်ခြင်း၏အကြောင်း ကောင်းစွာ စိတ်၏ တည်ကြည်ခြင်း သမာဓိလျှင် နီးစွာသောအကြောင်း ရှိ၏။

(နာမရူပပရိစ္ဆေဒဉာဏ်ဘွဲ့)။

**ပစ္စယပရိဂ္ဂဟဉာဏ်-၌ ၄-ပါး။** ။ပစ္စယပရိဂ္ဂဟဉာဏ်သည် ရုပ်နာမ်နှစ်ပါးဖြစ်ကြောင်းကို သိမ်းဆည်း၍ သိမြင်ခြင်း လက္ခဏာ ရှိ၏၊ ရုပ်နာမ်နှစ်ပါး ဖြစ်ကြောင်းကို မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင်ကြီးကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏၊ ရုပ်နာမ်နှစ်ပါး ဖြစ်ကြောင်းကို မတွေမဝေခြင်းလျှင် ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏၊ ရုပ်နာမ်နှစ်ပါးဖြစ်ကြောင်းကို သိမြင်ခြင်း၏ အကြောင်း ကောင်းစွာသိသော နာမရူပပရိစ္ဆေဒဉာဏ်လျှင် နီးစွာသောအကြောင်း ရှိ၏။

(ပစ္စယပရိဂ္ဂဟဉာဏ်ဘွဲ့)။

**သမ္မသနဉာဏ်-၌ ၄-ပါး။** ။သမ္မသနဉာဏ်သည် ရုပ်နာမ် နှစ်ပါး ဖြစ်ခြင်း, ပျက်ခြင်းကို သုံးသပ်၍ သိမြင်ခြင်း လက္ခဏာ ရှိ၏၊ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း, ပျက်ခြင်းကို မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင်ကြီးကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏၊ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း,ပျက်ခြင်းကို မတွေ

မဝေခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း, ပျက်ခြင်းကို သိမြင်ခြင်း၏အကြောင်း ကောင်းစွာသိသော ပစ္စယပရိဂ္ဂဟဉာဏ်လျှင် နီးစွာသောအကြောင်း ရှိ၏။ (သမ္မသနဉာဏ်ဘို့)

**ဥဒယဗ္ဗယဉာဏ်-၌ ၄-ပါး။** ။ဥဒယဗ္ဗယဉာဏ်သည် ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း, ပျက်ခြင်းကို သိမြင်ခြင်း လက္ခဏာ ရှိ၏၊ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း, ပျက်ခြင်းကို မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟ မိုက်မှောင်ကြီးကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏၊ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း,ပျက်ခြင်းကို မတွေမဝေခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း, ပျက်ခြင်းကို သိမြင်ခြင်း၏ အကြောင်း ကောင်းစွာသိသော သမ္မသနဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ (ဥဒယဗ္ဗယဉာဏ်ဘို့)

သမ္မသနဉာဏ်သည် အနိစ္စ, ဒုက္ခ, အနတ္တကို အကြမ်းထင်မြင်၏။ ဥဒယဗ္ဗယဉာဏ်သည် အနိစ္စ, ဒုက္ခ, အနတ္တကို အနုထင်မြင်၏။ ဤသည်လျှင် ဉာဏ်နှစ်ပါးတို့၏ အထူးတည်း။

**ဘင်ဉာဏ်-၌ ၄-ပါး။** ။ဘင်ဉာဏ်သည် ရုပ်နာမ် နှစ်ပါး ပျက်စီးခြင်းကို သိမြင်ခြင်း လက္ခဏာ ရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင်ကြီးကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို မတွေမဝေခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ ရုပ်နာမ်နှစ်ပါး

ပျက်စီ ခြင်းကို သိမြင်ခြင်း၏အကြောင်း ကောင်းစွာ သိသော ဥဒယဗ္ဗယဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။

(ဘင်္ဂဉာဏ်ဘို့)

**ဘယဉာဏ်-၌ ၄-ပါး။** ။ဘယဉာဏ်သည် ရုပ်နာမ်နှစ်ပါး ပျက်စီး ခြင်းကို ဘေးကြီးဟု သိမြင်ခြင်း လက္ခဏာ ရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို ဘေးကြီးဟု မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင်ကြီးကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို ဘေးကြီးဟု မတွေမဝေ ခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်း အရာရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို ဘေးကြီးဟု သိမြင်ခြင်း အကြောင်း ကောင်းစွာသိသော ဘင်္ဂဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။

(ဘယဉာဏ်ဘို့)

**အာဒီနဝဉာဏ်-၌ ၄-ပါး။** ။အာဒီနဝဉာဏ်သည် ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို အပြစ်ကြီးဟု သိမြင်ခြင်း လက္ခဏာ ရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို အပြစ်ကြီးဟု မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင်ကြီးကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို အပြစ်ကြီး ဟု မတွေမဝေခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှု ထင်သော အခြင်းအရာရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို အပြစ်ကြီးဟု သိမြင်ခြင်း၏ အကြောင်း ကောင်းစွာသိသော ဘယဉာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

(အာဒီနဝဉာဏ်ဘို့)

**နိဗ္ဗိဒါဉာဏ်-၌ ၄-ပါး။** ။နိဗ္ဗိဒါဉာဏ်သည် ရုပ်နာမ်နှစ်ပါး၌ ငြီးငွေ့ ခြင်း လက္ခဏာရှိ၏။ ရုပ်နာမ် နှစ်ပါး၌

ငြိးငွေ့ဘွယ်ကို မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟ မိုက်မှောင်ကြီးကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ ရုပ်နာမ် နှစ်ပါး၌ ငြိးငွေ့ဘွယ်ကို မတွေ့မဝေခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ ရုပ်နာမ်နှစ်ပါး၌ ငြိးငွေ့ခြင်းကို သိမြင်ခြင်း၏ အကြောင်း ကောင်းစွာသိသော အာဒီနဝဉာဏ် လျှင် နီးစွာသော အကြောင်းရှိ၏။ (နိဗ္ဗိဒါဉာဏ်ဘို့)

**မုဉ္စိတုကမျတာဉာဏ်၌ ၄-ပါး။** ။မုဉ္စိတု ကမျတာ ဉာဏ်သည် ရုပ် နာမ်နှစ်ပါးမှ လွတ်ခြင်းငှါ အလို ရှိခြင်း လက္ခဏာရှိ၏။ ရုပ်နာမ်နှစ်ပါးမှ လွတ်ခြင်းငှါ အလို မရှိအောင်ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင်ကြီးကို ဖျက်ဆီး ခြင်း ကိစ္စရှိ၏။ ရုပ်နာမ်နှစ်ပါးမှ လွတ်ကင်းကွာပြတ် မစပ်မယှက် လိုခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ ရုပ်နာမ်နှစ်ပါးမှ လွတ်ခြင်းငှါ အလိုရှိခြင်း၏ အကြောင်း ကောင်းစွာငြိးငွေ့သော နိဗ္ဗိဒါဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ (မုဉ္စိတုကမျတာဉာဏ်ဘို့)

**ပဋိသင်္ခါဉာဏ်၌ ၄-ပါး။** ။ပဋိသင်္ခါ ဉာဏ်သည် ရုပ် နာမ် နှစ်ပါး ပျက်စီးခြင်းကို အလွန် သိမြင်အောင် တဖန် ဆင်ခြင်ခြင်းလက္ခဏာ ရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို အလွန် မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင် ကြီးကို ဖျက်ဆီးခြင်းကိစ္စရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို မတွေ့မဝေခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို အလွန် သိမြင် ခြင်း အကြောင်း ကောင်းစွာသိသော မုဉ္စိတုကမျတာဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ (ပဋိသင်္ခါဉာဏ်ဘို့)

**သဒ္ဓါရုပေက္ခာဉာဏ်-၌ ၄-ပါး။** ။သဒ္ဓါရုပေက္ခာဉာဏ်သည် ရုပ်နာမ် နှစ်ပါးကို လျစ်လျူ ရှု၍ သိမြင်ခြင်း လက္ခဏာရှိ၏။ ရုပ်နာမ်နှစ်ပါးကို လျစ်လျူရှု၍ မသိမမြင်အောင် ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင်ကြီးကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ ရုပ်နာမ်နှစ်ပါးကို လျစ်လျူရှု၍ မတွေဝေခြင်းလျှင် ယောဂီ ပုဂ္ဂိုလ်၏ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ ရုပ်နာမ် နှစ်ပါးကို လျစ်လျူရှုနိုင်ခြင်းအကြောင်း ကောင်းစွာ သိသော ပဋိသင်္ခါဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။

(သင်္ခါရုပေက္ခာဉာဏ်ဘို့)

ဉာဏ်တဆယ့်ခြောက်ပါး၌ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် (ဓမ္မဝဝတ္ထာန် ၄-ပါး)ကို ပြဆိုချက် ပြီး၏။

ပဌမကဏ္ဍ ပြီး၏။

# ဒုတိယကဏ္ဍ

## ဉာဏ်တဆယ့်ခြောက်ပါး သံပေါက်လင်္ကာ

ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ ကျက်မှတ်ရန် ဉာဏ်တဆယ့်ခြောက်ပါး သံပေါက်လင်္ကာကို ပြဆိုပေအံ့ —

မသိလျှင်ရုပ်၊ သိလျှင်နာမ်၊ ရုပ်နာမ်နှစ်ပါးခွဲ။

မရှိသာ သိ၊ ရှိသာ သိ၊ ဉာဏ်ရှိ ရုပ်နာမ်ကွဲ။

(နာမရူပပရိစ္ဆေဒဉာဏ်ဘို့)

ရုပ်နာမ်ဖြစ်ကြောင်း၊ ကံစရှောင်း၊ ကောင်းကောင်းသိစမြဲ။

(ပစ္စယပရိဂ္ဂဟဉာဏ်ဘို့)

ရုပ်နာမ်နှစ်ရပ်၊ လက္ခဏာတပ်၊ သုံးသပ်-သမ္မသနဘဲ။

(သမ္မသနဉာဏ်ဘို့)

ရုပ်နာမ်နှစ်ခု၊ ဖြစ်ပျက်ရှု၊ မြင်မှု-ဥဒယဗ္ဗယဘဲ။

(ဥဒယဗ္ဗယဉာဏ်ဘို့)

ရုပ်နာမ်နှစ်ခု၊ အပျက်ရှု၊ မြင်မှု ဘင်ဂ်ဘဲ။ (ဘင်ဂ်ဉာဏ်ဘို့)

ရုပ်နာမ်ပျက်မှု၊ ဘေးဟုရှု၊ မြင်မှု ဘယဘဲ။ (ဘယဉာဏ်ဘို့)

ရုပ်နာမ်ပျက်မှု၊ အပြစ်ရှု၊ မြင်မှု အာဒီနဝဘဲ။

(အာဒီနဝဉာဏ်ဘို့)

ရုပ်နာမ်ပျက်မှု၊ငြီးငွေ့ပြု၊ ယခု မင်ဂ်ဖိုလ်အနီးဘဲ။(နိဗ္ဗိဒါဉာဏ်ဘို့)

ရုပ်နာမ်ပျက်မှ၊ လွတ်လိုပ၊ ရကြ မင်ဂ်ဖိုလ်မဝေးဘဲ။

(မုဉ္စိတုကမျတာဉာဏ်ဘို့)

မဂ်ဖိုလ်နိဗ္ဗာန်၊ရလိုပြန်၊တဖန် အပျက်ရှုစမြဲ။ (ပဋိသင်္ခါဉာဏ်ဘို့)
ရုပ်နာမ်နှစ်ခု၊ လျစ်လျူရှု၊ ယခု မဂ်ဖိုလ်ရစမြဲ။
(သင်္ခါရုပေက္ခာဉာဏ်ဘို့)
ရှေ့နောက်နှစ်တန်၊ လျော်သောဉာဏ်၊ နိဗ္ဗာန်အနီးဘဲ။
(အနုလောမဉာဏ်ဘို့)
ပုထုဖြတ်ပြီး၊ ရိယာပွါး၊ မြင်ပြီး နိဗ္ဗာန်ဘဲ။
(ဂေါတြဘုဉာဏ်ဘို့)
သစ္စာလေးတန်၊ သိမြင်ပြန်၊ မဂ်ဉာဏ်ကေန်ဘဲ။ (မဂ်ဉာဏ်ဘို့)
သစ္စာလေးအင်၊ သိမြင်လျှင်၊ ကိုယ်တွင် ဖိုလ်ဖြစ်မြဲ။
(ဖိုလ်ဉာဏ်ဘို့)
မဂ်ဖိုလ်နိဗ္ဗာန်၊ ကိလေသာကျန်၊ ငါးတန် ဆင်ခြင်မြဲ။
မဂ်ဖိုလ်နိဗ္ဗာန်၊ ကိမကျန်၊ လေးတန်ဆင်ခြင်မြဲ။
(ပစ္စဝေက္ခဏာဉာဏ်ဘို့)
ဉာဏ်ဆယ့်ခြောက်တန်၊ သိမြင်ပြန်၊ ကေန်နိစ္စ ချမ်းသာမြဲ။

ငါးတန်ဆင်ခြင်နည်းမှာ—သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ ဆင်ခြင်နည်း။ လေးတန်ဆင်ခြင်နည်းမှာ—ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ ဆင်ခြင်နည်း။

ဉာဏ် တဆယ့်ခြောက်ပါး သံပေါက်ကို ပြဆိုချက် ပြီး၏။

## ဉာဏ်တဆယ့်တပါးပွါးပုံ ပြဆိုချက်

နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍ သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင် ဘာဝနာကာရအကျဉ်း စီးဖြန်းနည်း, ဥပဋ္ဌာနာကာရ ထင်နည်းတို့ကို ပြဆိုပေအံ့—

ရုပ်, ရုပ်။ ။နာမ်, နာမ်။ ။ရုပ်စု, ရုပ်စု။ ။နာမ်စု, နာမ်စု။
(နာမရူပပရိစ္ဆေဒဉာဏ်စီးဖြန်းဘို့)

**ကံ**-ကိလေသာကြောင့် ရုပ်နာမ်ဖြစ်၏။ လူ, နတ်, ဗြဟ္မာ, မိဘကြောင့် ရုပ်နာမ်မဖြစ်။ ငါးပါးသော အကြောင်းကြောင့် ငါးပါးသော အကျိုးဖြစ်၏။ နှစ်ဆယ့်လေးပါးသော အကြောင်းကြောင့် နှစ်ဆယ့်လေးပါးသော အကျိုးဖြစ်၏။
(ပစ္စယပရိဂ္ဂဟဉာဏ်စီးဖြန်းဘို့)

ရုပ်တွေခုဖြစ်, ခုပျက်၏၊ ရုပ်တွေ ခု များစွာဖြစ်, ခုများစွာပျက်၏။ ရုပ်တွေ ခု မရေတွက်နိုင်အောင်ဖြစ်,ခု မရေတွက်နိုင်အောင်ပျက်၏။ နာမ်တွေ ခုဖြစ်,ခုပျက်၏၊ နာမ်တွေ ခုများစွာဖြစ်, ခုများစွာပျက်၏၊ နာမ်တွေ ခု မရေတွက်နိုင်အောင် ဖြစ်, ခု မရေတွက်နိုင်အောင် ပျက်၏။
(သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်နှစ်ပါး စီးဖြန်းဘို့)

ရုပ်တွေ ခု ပျက်စီးကုန်၏၊ ရုပ်တွေ ခု များစွာ ပျက်စီးကုန်၏၊ ရုပ်တွေ ခု မရေတွက်နိုင်အောင် ပျက်စီးကုန်၏။ နာမ်တွေ ခုပျက်စီးကုန်၏၊ နာမ်တွေ ခု များစွာ ပျက်စီးကုန်၏၊ နာမ်တွေ ခု မရေတွက်နိုင်အောင် ပျက်စီးကုန်၏။
(ဘင်ဉာဏ်စီးဖြန်းဘို့)

ပျက်စီးသော ရုပ်နာမ်သည် ကြောက်မက်ဘွယ်ရှိစွပါတကား။
(ဘယဉာဏ်စီးဖြန်းဘို့)

ပျက်စီးသော ရုပ်နာမ်သည် အပြစ်ကြီး ရှိစွပါတကား။
(အာဒီနဝဉာဏ်စီးဖြန်းဘို့)

ပျက်စီးသော ရုပ်နာမ်သည် ငြီးငွေ့ဘွယ် ရှိစွပါတကား။
(နိဗ္ဗိဒါဉာဏ် စီးဖြန်းဘို့)

ပျက်စီးသော ရုပ်နာမ်မှ လွတ်ခြင်းငါ အလိုရှိသင့်ပါတကား။

(မုဉ္စိတုကမျတာဉာဏ် စီးဖြန်းဘို့)

ရုပ်နာမ်အနိစ္စ၊ ရုပ်နာမ်ဒုက္ခ၊ ရုပ်နာမ်အနတ္တ၊ ရုပ်နာမ် အသုဘ။

(ပဋိသင်္ခါဉာဏ်စီးဖြန်းဘို့)

ရုပ်နာမ်ဖြစ်ပျက်ခြင်းသည် သူ့သဘောအတိုင်း ဖြစ်ပျက်၍ နေပါတကား။ ဖြစ်ခြင်းပျက်ခြင်းရှိသော ရုပ်နာမ်သည် နိစ္စ, သုခ, အတ္တ, သုဘမှ ကင်းဆိတ်ပါတကား။ နိစ္စ, သုခ, အတ္တ, သုဘမှ ကင်းဆိတ်သော ရုပ်နာမ်သည် ငါ, သူတပါး, ယောကျာ်း, မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ခဲ့ပါတကား။ ငါ, သူတပါး, ယောကျာ်း, မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါမဟုတ်သော ရုပ်နာမ်သည် ချစ်ခြင်း, မုန်းခြင်း မရှိ၊ လျစ်လျူသာ ရှုဘွယ်ရှိစွပါတကား။ ရုပ်နာမ်ကို လျစ်လျူရှုမှသာ မဂ်ဖိုလ် နိဗ္ဗာန် လျင်မြန်စွာ ရလိမ့်ပါတကား။

(သင်္ခါရုပေက္ခာဉာဏ်စီးဖြန်းဘို့)

နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ် တိုင်အောင် ဘာဝနာကာရ အကျဉ်းစီးဖြန်းနည်း ပြဆိုချက် ပြီး၏။

---

### ဉာဏ်တဆယ့်တပါး ထင်မြင်ပုံများ

နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ် တိုင်အောင် ထင်မြင်သော ဥပဋ္ဌာနာကာရ အကျဉ်းနည်းကို ပြဆိုပေအံ့—

ရုပ်ချည်း ထင်မြင်၏။ နာမ်ချည်း ထင်မြင်၏။ ရုပ်စုချည်း ထင်မြင်၏။ နာမ်စုချည်း ထင်မြင်၏။

(နာမရူပပရိစ္ဆေဒဉာဏ်ထင်မြင်ပုံ)

ကံ=ကိလေသာကြောင့် ရုပ်နာမ်ဖြစ်ခြင်းကို ထင်မြင်၏။ လူ, နတ်, ဗြဟ္မာ, မိဘကြောင့် ရုပ်နာမ်မဖြစ်ခြင်းကို ထင်မြင်၏။ ငါးပါးသော အကြောင်းကြောင့် ငါးပါးသော အကျိုးဖြစ်ခြင်းကို ထင်မြင်၏။ နှစ်ဆယ့်လေးပါးသော အကြောင်းကြောင့် နှစ်ဆယ့်လေးပါးသော အကျိုးဖြစ်ခြင်းကို ထင်မြင်၏။

(ပစ္စယပရိဂ္ဂဟဉာဏ်ထင်မြင်ပုံ)

ရုပ်တွေ ခုဖြစ် ခုပျက်ခြင်းကို ထင်မြင်၏။ ရုပ်တွေ ခု များစွာဖြစ် ခုများစွာ ပျက်စီးခြင်းကို ထင်မြင်၏။ ရုပ်တွေ ခုမရေတွက်နိုင်အောင်ဖြစ် ခု မရေတွက်နိုင်အောင် ပျက်စီးခြင်းကို ထင်မြင်၏။ နာမ်တွေ ခုဖြစ် ခုပျက်စီးခြင်းကိုထင်မြင်၏။နာမ်တွေ ခုများစွာဖြစ် ခုများစွာပျက်စီးခြင်းကို ထင်မြင်၏။ နာမ်တွေ ခု မရေတွက်နိုင်အောင်ဖြစ် ခုမရေတွက်နိုင်အောင် ပျက်စီးခြင်းကို ထင်မြင်၏။

(သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်နှစ်ပါး ထင်မြင်ပုံ)

ရုပ်တွေ ခု ပျက်စီးခြင်းကို ထင်မြင်၏။ ရုပ်တွေ ခု များစွာ ပျက်စီးခြင်းကို ထင်မြင်၏။ ရုပ်တွေ ခု မရေတွက်နိုင်အောင် ပျက်စီးခြင်းကို ထင်မြင်၏။ နာမ်တွေ ခု ပျက်စီးခြင်းကို ထင်မြင်၏။ နာမ်တွေ ခု များစွာ ပျက်စီးခြင်းကို ထင်မြင်၏။ နာမ်တွေ ခု မရေတွက်နိုင်အောင် ပျက်စီးခြင်းကို ထင်မြင်၏။ (ဘင်္ဂဉာဏ်ထင်မြင်ပုံ)

ရုပ်နာမ်ပျက်စီးခြင်းကို ဘေးကြီးဟု ထင်မြင်၏။

(ဘယဉာဏ်ထင်မြင်ပုံ)

ရုပ်နာမ်ပျက်စီးခြင်းကို အပြစ်ကြီးဟု ထင်မြင်၏။

(အာဒီနဝဉာဏ်ထင်မြင်ပုံ)

ရုပ်နာမ်ပျက်စီးခြင်းကို ငြီးငွေ့ဘွယ်ကြီးဟု ထင်မြင်၏။
(နိဗ္ဗိဒါဉာဏ်ထင်မြင်ပုံ)

ရုပ်နာမ်ပျက်စီးခြင်းမှ လွတ်ခြင်းငှါ ထင်မြင်၏။
(မုဉ္စိတုကမျတာဉာဏ် ထင်မြင်ပုံ)

ရုပ်နာမ်ကို အနိစ္စချည်း ထင်မြင်၏။ ရုပ်နာမ်ကို ဒုက္ခချည်း ထင်မြင်၏။ ရုပ်နာမ်ကို အနတ္တချည်း ထင်မြင်၏။ ရုပ်နာမ်ကို အသုဘချည်း ထင်မြင်၏။ (ပဋိသင်္ခါဉာဏ်ထင်မြင်ပုံ)

ရုပ်နာမ် ဖြစ်ပျက်ခြင်းသည် သူ့သဘောအတိုင်း ဖြစ်ပျက်၏ဟု ထင်မြင်၏။ ဖြစ်ခြင်း ပျက်ခြင်းရှိသော ရုပ်နာမ်သည် နိစ္စ, သုခ, အတ္တ, သုဘမှ ကင်းဆိတ်ခြင်းကို ထင်မြင်၏။ နိစ္စ, သုခ, အတ္တ, သုဘမှ ကင်းဆိတ်သော ရုပ်နာမ်သည် ငါ,သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါမဟုတ်ခြင်းကို ထင်မြင်၏။ ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော ရုပ်နာမ်သည် ချစ်ခြင်း, မုန်းခြင်း မရှိ၊ လျစ်လျူသာ ရှုဘွယ်ရှိခြင်းကို ထင်မြင်၏။ ရုပ်နာမ်ကို လျစ်လျူ ရှုမှ မဂ် ဖိုလ် နိဗ္ဗာန် လျင်မြန်စွာ ရလိမ့်မည်ကို ထင်မြင်၏။
(သင်္ခါရုပေက္ခာဉာဏ် ထင်မြင်ပုံ)

**နာမရူပပရိစ္ဆေဒဉာဏ်မှ စ၍ သင်္ခါရုပေက္ခာဉာဏ်**
**တိုင်အောင် ထင်မြင်သော ဥပဋ္ဌာနာကာရ**
**အကျဉ်းနည်း ပြဆိုချက် ပြီး၏။**

## ယောဂီတို့ အရဆောင်ရန် တရားများ

ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ ကျက်မှတ်ရန် အဘိဓမ္မာသင်္ဂြိုဟ်ကို ပြဆိုပေအံ့—

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊စိတ်။ (ဒွါရခြောက်ခု)

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန။ (ဒွါရခြောက်ခု)

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့သဘော။ (အာရုံခြောက်ခု)

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ။ (အာရုံခြောက်ခု)

မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ ထိခြင်း၊ သိခြင်း။ (ဝိညာဏ်ခြောက်ခု)

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ကာယဝိညာဏ်၊မနောဝိညာဏ်။ (ဝိညာဏ်ခြောက်ခု)

### ပဌမ ဝိပဿနာ လင်္ကာသံခိပ်

မြင်-ကြား-နံ-လျက်-ထိ၊ရုပ်နာမ်မှတ်ဘိ၊သိလျှင်နာမ်ချည်းမှတ်။

### ဒုတိယ ဝိပဿနာ လင်္ကာသံခိပ်

မြင်-ကြား-နံ-လျက်-ထိ၊ ရုပ်မှတ်ဘိ၊ သိလျှင် နာမ်ချည်းမှတ်။

### တတိယ ဝိပဿနာ လင်္ကာသံခိပ်

မြင်-ကြား-နံ-လျက်-ထိ-သိ၊ ခြောက်လုံးရှိ၊ သိလျှင် နာမ်ချည်း မှတ်။

## ရုပ်နာမ်အခွဲ လက်ာသံပေါက်များ

၁။ မသိလျှင် ရုပ်၊ သိလျှင် နာမ်၊ ရုပ်နာမ်အမှန်ဘဲ။

၂။ မရှိသာ သိ၊ ရှိသာ သိ၊ ဉာဏ်ရှိ ရုပ်နာမ်ကွဲ။

၃။ ရှိ ပရမတ်၊ မရှိ ပညတ်၊ နှစ်ရပ် ကွဲစမြဲ။

၄။ ပရမတ်ဆတ်ဆတ်၊ ခြင်း ဟုမှတ်၊ မုချတ် ကေန်ဘဲ။

၅။ ပညတ်ဟူသမျှ၊ မည်နာမ၊ မုခမှာ ဖြစ်မြဲ။

၆။ မရှိရာမြင်၊ ရှိသာကြည်၊ ဒိဋ္ဌိမြင် အမှားဘဲ။

၇။ မရှိရာကြည်၊ ရှိသာ မြင်၊ ဉာဏ်မြင် အမှန်ဘဲ။

၈။ ရုပ်စု ရုပ်ပုံ၊ မြင်ပါတုံလျက်၊ ရုပ်ပုံမထင်၊ မောဟဝင်၊ အမြင် အလွဲလွဲ။

၉။ နာမ်စုနာမ်ပုံ၊ မြင်ပါတုံလျက်၊ နာမ်ပုံမထင်၊ မောဟဝင်၊ အမြင်အလွဲလွဲ။

၁၀။ ရုပ်နာမ်မထင်၊ အနိစ္စမမြင်၊ ရုပ်နာမ်ထင်မှ၊ အနိစ္စ မြင်မြဲ။

၁၁။ ရုပ်နာမ်မထင်၊ ဒုက္ခမမြင်၊ ရုပ်နာမ်ထင်မှ၊ ဒုက္ခမြင်မြဲ။

၁၂။ ရုပ်နာမ်မထင်၊ အနတ္တမမြင်၊ ရုပ်နာမ်ထင်မှ၊ အနတ္တ မြင်မြဲ။

၁၃။ ရုပ်နာမ်နှစ်ခု၊ ပွါးမရှု၊ သိမှု သုတဉာဏ်ဘဲ။

၁၄။ ရုပ်နာမ်နှစ်ခု၊ စီးဖြန်းပြု၊ မြင်မှု ဘာဝနာဘဲ။

၁၅။ ရုပ်နာမ်နှစ်ကို၊ ငါ့ကိုယ်မှတ်က၊ သက္ကာယ၊ မုချဖြစ်စမြဲ။

၁၆။ ရုပ်နာမ်မသိ၊ လူ့ဒိဋ္ဌိ၊ အတိဒုက္ခ ဆင်းရဲမြဲ။

၁၇။ ရုပ်နာမ်ကိုသိ၊ လူ့ကဝိ၊ အတိသုခ ချမ်းသာမြဲ။

၁၈။ အရင်းမူလ၊ ရုပ်နာမ်ပ၊ မှတ်ကြ လိုရင်းဘဲ။

ဝိပဿနာ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဝိသုဒ္ဓိ ခုနစ်ပါး၊ ဉာဏ်တဆယ့်ခြောက်ပါး၊ ၎င်းသံပေါက်၊ ဘာဝနာ- ကာရ စီးဖြန်းနည်း၊ ဝိပဿနာလက်ာသံခိပ်တို့ကို ရှေးဦးစွာ ရအောင် ကျက်ရမည်။ ။လိုရင်းကြီး အကျဉ်းချုပ် အဘိဓမ္မာ သင်္ဂြိုဟ် မှတ်ရန်ကား—

ရုပ်–နာမ်။ ။သိ-မသိ။ ။ရှိ-မရှိ။ ။မြင်၊ကြား၊နံ၊လျက်၊ ထိ၊ သိ။

ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ ကျက်မှတ်ရန် လိုရင်းကြီး
အကျဉ်းချုပ် အဘိဓမ္မာသင်္ဂြိုဟ် ပြီး၏။

---

### သာမညနှင့် သဘာဝ ရုပ်နာမ် ခွဲပြချက်

သာမညဓမ္မ-ရုပ်၊ သဘာဝဓမ္မ-ရုပ်၊ သာမညဓမ္မ-နာမ်၊ သဘာ ဝဓမ္မ-နာမ်တို့ကို ပြဆိုပေအံ့—

**ဝစနတ္ထနှင့် အရကောက်။** ။သာမညသဘာဝပုဒ်တို့၏ ဝစနတ္ထနှင့် တကွ ၎င်းတို့၏အရကို ပြဆိုချက်—

ရုပ်သည် သာမညဓမ္မ-ရုပ်၊ သဘာဝဓမ္မ-ရုပ်ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုတွင် ရုပ်နှစ်ဆယ့်ရှစ်ခု အပေါင်းကို ဖောက်ပြန် တတ်သော သဘောချင်း တူသည်၏ အဖြစ်ကြောင့် သာမည- ဓမ္မ-ရုပ်ဟူ၍ မှတ်။ (သမာနဿ ဘာဝေါ သာမညံ။)

ရုပ်တစ်ဆယ့်ရှစ်ခု အသီးအသီးကို ခက်မာခြင်း, နူးညံ့ခြင်း, ဖွဲ့စည်းခြင်း,ယိုစီးခြင်း အစရှိသော မိမိတို့၏ သဘော အသီးအသီး ရှိသည်၏ အဖြစ်ကြောင့် သဘာဝဓမ္မ-ရုပ်ဟူ၍ မှတ်။ (အတ္တနော ဘာဝေါ သဘာဝေါ။)

သမာနဿ၊ ဖောက်ပြန်တတ်သော သဘောချင်းချင်း တူသည်၏။ ဘာဝေါ၊ ဖြစ်ကြောင်းဇာတ်တည်း။ သာမညံ၊ ဖောက်ပြန်တတ်သော သဘောချင်းချင်း တူသည်၏ ဖြစ်ကြောင်းဇာတ်။

အတ္တနော၊ ခက်မာခြင်း, နူးညံ့ခြင်း, ဖွဲ့စည်းခြင်း, ယိုစီးခြင်း အစရှိသော မိမိတို့သဘော အသီးအသီးရှိသည်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ သဘာဝေါ၊ ခက်မာခြင်း, နူးညံ့ခြင်း, ဖွဲ့စည်းခြင်း, ယိုစီးခြင်း အစရှိသော မိမိတို့သဘော အသီးအသီး ရှိသည်၏ ဖြစ်ကြောင်း။

နာမ်သည်လည်း သာမညဓမ္မ-နာမ်၊ သဘာဝဓမ္မ-နာမ်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ငါးဆယ့်နှစ်ခုကို အာရုံသို့ ညွတ်တတ်သော သဘောချင်းချင်း တူသည်၏ အဖြစ်ကြောင့် သာမညဓမ္မ-နာမ်ဟူ၍ မှတ်။ (သမာနဿ ဘာဝေါ သာမညံ။)

စိတ်တခုယုတ် ကိုးဆယ်ကို အာရုံကို သိခြင်းသဘော, စေတသိက် ငါးဆယ့်နှစ်ခုကို အာရုံကို တွေ့ခြင်း, ခံစားခြင်းအစရှိသော မိမိတို့သဘော အသီးအသီးရှိသည်၏ အဖြစ်ကြောင့် သဘာဝဓမ္မ-နာမ်ဟူ၍ မှတ်။ (အတ္တနော ဘာဝေါ သဘာဝေါ။)

သမာနသဿ၊ အာရုံသို့ ညွတ်တတ်သော သဘောချင်းချင်း တူသည့်၏။ ဘာဝေါ၊ ဖြစ်ကြောင်းဇာတ်တည်း။ သာမညံ၊ အာရုံသို့ ညွတ်တတ်သော သဘောချင်းချင်းတူသည့်၏ ဖြစ်ကြောင်းဇာတ်။

အတ္တနော၊ အာရုံကို သိမြင်ခြင်း အစရှိသော မိမိတို့၏ သဘောအသီးအသီး ရှိသည့်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ သဘာဝေါ၊ အာရုံကို သိမြင်ခြင်း အစရှိသော မိမိတို့သဘော အသီးအသီးရှိသည့်၏ ဖြစ်ကြောင်း။

ဝိပဿနာယောဂီပုဂ္ဂိုလ်မှာ သာမညဓမ္မ-ရုပ်, သာမညဓမ္မ-နာမ်ကို သိမြင်လျှင် ဝိပဿနာကိစ္စ ပြီးစီးနိုင်၏။ သာမညဓမ္မ-ရုပ်, သာမညဓမ္မ-နာမ်ကိုသာ လိုရင်းကြီးမှတ်။ သဘာဝဓမ္မ-ရုပ်၊ သဘာဝဓမ္မ-နာမ်ကို မသိသော်လည်း လိုရင်းကြီး မဟုတ်၊ သိလျှင် သာလို့ကောင်း၏။

> ဣမသ္မိံ သရီရေ ယံကိဉ္စိ ရုပ္ပနလက္ခဏံ ရူပံ၊ ယဉ္စ ကိဉ္စိ နမနလက္ခဏံ နာမံ၊ ဣဒဉ္စ နာမံ ဣဒဉ္စ ရူပံ ဣဒံ ဝုစ္စတိ နာမရူပံ။

ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ယံကိဉ္စိ၊ အလုံးစုံသော။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော။ ရူပံ၊ ရုပ်သည်ငင်း။ ယံကိဉ္စိ၊ အလုံးစုံသော။ နမန လက္ခဏံ၊ အာရုံသို့ ညွတ်ခြင်း လက္ခဏာရှိသော။ နာမဉ္စ၊ နာမ်သည်ငင်း။ အတ္ထိ၊ ရှိ၏။ ဣဒဉ္စ နာမံ၊ ဤနမနလက္ခဏာရှိသော နာမ်ကိုငင်း။ ဣဒဉ္စ ရူပံ၊ ဤရုပ္ပနလက္ခဏာရှိသော ရုပ်ကိုငင်း။ ဣဒံ၊ ဤနာမ်ရုပ်နှစ်ခုကို။ နာမရူပံ၊ နာမ်ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## ပဋ္ဌမ ဝိပဿနာလင်္ကာအရ ပြဆိုချက်

ပဋ္ဌမ ဝိပဿနာလင်္ကာသံခိပ်အရ ပြဆိုချက် သာမညမွေ-ရုပ်နာမ်ကား—

မြင် ကြား နံ့ လျက် ထိ၊ ရုပ်နာမ်မှတ်ဘိ၊
သိလျှင် နာမ်ချည်းမှတ်—

ဟူသော ပဋ္ဌမ ဝိပဿနာလင်္ကာ သံခိပ်နှင့်အညီ မျက်စိဖြင့် အဆင်းကို မြင်ခိုက် မြင်ဆဲ မျက်စိထဲမှာ နာမ်ရှိသည်ဟူ၍ မှတ်။ ထိုနာမ်မှ ကြွင်းသော တကိုယ်လုံးကို ရုပ်ချည်း မှတ်။

နားဖြင့် အသံကို ကြားခိုက် ကြားဆဲ နားထဲမှာ နာမ်ရှိသည် ဟူ၍ မှတ်။ ထိုနာမ်မှ ကြွင်းသော တကိုယ်လုံးကို ရုပ်ချည်း မှတ်။

နှာခေါင်းဖြင့် အနံ့ကို နံ့ခိုက် နံ့ဆဲ နှာခေါင်းထဲမှာ နာမ်ရှိသည် ဟူ၍ မှတ်။ ထိုနာမ်မှကြွင်းသော တကိုယ်လုံးကို ရုပ်ချည်း မှတ်။

လျှာဖြင့် အရသာကို လျက်ခိုက် လျက်ဆဲ လျှာလယ်မှာ နာမ်ရှိသည်ဟူ၍ မှတ်။ ထိုနာမ်မှကြွင်းသော တကိုယ်လုံးကို ရုပ်ချည်း မှတ်။

ကိုယ်ဖြင့် အတွေ့ကို ထိခိုက် ထိဆဲ ထိရာအရပ်မှာ နာမ်ရှိသည် ဟူ၍ မှတ်။ ထိုနာမ်မှ ကြွင်းသော တကိုယ်လုံးကို ရုပ်ချည်း မှတ်။

ကုသိုလ်စိတ် ဖြစ်ခိုက် ဖြစ်ဆဲ နှလုံးထဲမှာ နာမ်ရှိသည်ဟူ၍ မှတ်။ ထိုနာမ်မှကြွင်းသော တကိုယ်လုံးကို ရုပ်ချည်း မှတ်။

အကုသိုလ်စိတ် ဖြစ်ခိုက် ဖြစ်ဆဲ နှလုံးထဲမှာ နာမ်ရှိသည်ဟူ၍ မှတ်။ ထိုနာမ်မှကြွင်းသော တကိုယ်လုံးကို ရုပ်ချည်း မှတ်။

လောကဝ္၌ အလုံးစုံသိသရွေ့ နာမ်ချည်း မှတ်။ ဓမ္မ၌ အလုံးစုံ သိသရွေ့ နာမ်ချည်း မှတ်။ အလွန်ထင်လွယ်သော မြင်လွယ် သော နည်းကိုသာ လိုရင်းကြီးမှတ်။ ဝိပဿနာ ယောဂီပုဂ္ဂိုလ် မှာ ရှေ့အဘို့၌ သင့်ပြဟ်အဘိဓမ္မာမတတ်သော်လည်း ၎င်းရုပ်နာမ် နှစ်ပါးကိုသိလျှင် ဝိပဿနာကိစ္စ ပြီးစီးနိုင်၏။ ၎င်းရုပ်နာမ်နှစ်ပါး ကို ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၏ သင့်ပြဟ် အဘိဓမ္မာဟူ၍ မှတ်။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ စီးဖြန်းဘို့ အဇ္ဈတ္တ ရုပ်နာမ်နှစ်ပါး ဟူ၍ မှတ်။ (ရုပ်နာမ်နှစ်ပါး ခွဲနည်း။)

**မြင်-ကြား-နံ-လျက်-ထိ၊ ရုပ်နာမ်မှတ်ဘိ၊ သိလျှင် နာမ်ချည်းမှတ်** – ဟူသော ပဌမ ဝိပဿနာ သံခိပ်နှင့်အညီ မျက်စိဖြင့် အဆင်းကို မြင်တိုင်း မြင်တိုင်း မြင်အပ်သော အဆင်းကို ရုပ်ဟူ၍ မှတ်။ မြင် တတ်သောစိတ်ကို နာမ်ဟူ၍မှတ်။

နားဖြင့် အသံကို ကြားတိုင်း ကြားတိုင်း ကြားအပ်သောအသံ ကို ရုပ်ဟူ၍မှတ်။ ကြားတတ်သောစိတ်ကို နာမ်ဟူ၍မှတ်။

နှာခေါင်းဖြင့် အနံ့ကို နံတိုင်း နံတိုင်း နံအပ်သော အနံ့ကို ရုပ်ဟူ၍မှတ်။ နံတတ်သောစိတ်ကို နာမ်ဟူ၍မှတ်။

လျှာဖြင့် အရသာကို လျက်တိုင်း လျက်တိုင်း လျက်အပ်သော အရသာကို ရုပ်ဟူ၍မှတ်။ လျက်တတ်သော စိတ်ကို နာမ်ဟူ၍ မှတ်။

ကိုယ်ဖြင့် အတွေ့ကို ထိတိုင်း ထိတိုင်း ထိအပ်သောအတွေ့ ကို ရုပ်ဟူ၍မှတ်။ ထိတတ်သောစိတ်ကို နာမ်ဟူ၍မှတ်။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ စီးဖြန်းဘို့ ရုပ်နာမ်နှစ်ပါးဟူ၍ မှတ်။ (ရုပ်နာမ် နှစ်ပါးခွဲနည်း။)

ဤကား ပဌမ ဝိပဿနာ လင်္ကာသံခိပ်အရတည်း။

## ဒုတိယ ဝိပဿနာလက်ာသံခိပ်အရ ပြဆိုချက်

မြင်-ကြား-နံ-လျက်-ထိ၊ ရုပ်မှတ်ဘိ၊ သိလျှင်နာမ်ချည်းမှတ်-ဟူသော ဒုတိယဝိပဿနာ လက်ာသံခိပ်နှင့်အညီ မျက်စိဖြင့် မြင်အပ်သော အဆင်းကို ရုပ်ဟူ၍မှတ်။ ၎င်းရုပ်ကို သိသောဉာဏ်ကို နာမ်ဟူ၍မှတ်။

နားဖြင့် ကြားအပ်သော အသံကို ရုပ်ဟူ၍မှတ်။ ၎င်းရုပ်ကို သိသော ဉာဏ်ကို နာမ်ဟူ၍မှတ်။

နှာခေါင်းဖြင့် နံအပ်သော အနံ့ကို ရုပ်ဟူ၍မှတ်။ ၎င်းရုပ်ကို သိသောဉာဏ်ကို နာမ်ဟူ၍မှတ်။

လျှာဖြင့် လျက်အပ်သော အရသာကို ရုပ်ဟူ၍မှတ်။ ၎င်းရုပ်ကို သိသောဉာဏ်ကို နာမ်ဟူ၍မှတ်။

ကိုယ်ဖြင့်ထိအပ်သော အတွေ့ကို ရုပ်ဟူ၍မှတ်။ ၎င်းရုပ်ကို သိသော ဉာဏ်ကို နာမ်ဟူ၍မှတ်။

မြင်=ရုပ်၊သိ=နာမ်။ကြား=ရုပ်၊သိ=နာမ်။ နံ=ရုပ်၊သိ=နာမ်။ လျက်=ရုပ်၊ သိ=နာမ်။ ထိ=ရုပ်၊ သိ=နာမ်။ မျက်စိဖြင့်မြင်သရွေ့ ရုပ်ဟူ၍မှတ်၊ ဉာဏ်ဖြင့် သိသရွေ့ နာမ်ဟူ၍မှတ်။

နားဖြင့် ကြားသရွေ့ ရုပ်ဟူ၍မှတ်၊ ဉာဏ်ဖြင့် သိသရွေ့ နာမ်ဟူ၍မှတ်။

နှာခေါင်းဖြင့် နံသရွေ့ ရုပ်ဟူ၍မှတ်၊ ဉာဏ်ဖြင့် သိသရွေ့ နာမ်ဟူ၍မှတ်။

လျှာဖြင့် လျက်သရွေ့ ရုပ်ဟူ၍မှတ်။ ဉာဏ်ဖြင့် သိသရွေ့ နာမ်ဟူ၍မှတ်။

ကိုယ်ဖြင့် ထိသဖွေ့ ရုပ်ဟူ၍မှတ်၊ ဉာဏ်ဖြင့် သိသဖွေ့ နာမ် ဟူ၍မှတ်။

ကုသိုလ်မှန်း သိသဖွေ့ နာမ်ဟူ၍မှတ်။ အကုသိုလ်မှန်းသိသဖွေ့ နာမ်ဟူ၍မှတ်။ လောကဒ္ဓ သိသဖွေ့ နာမ်ဟူ၍မှတ်။ ဓမ္မဒ္ဓ သိသဖွေ့ နာမ်ဟူ၍မှတ်။ (ရုပ်နာမ်နှစ်ပါး ခွဲနည်း။)

မြင်ရုပ်၊ ကြားရုပ်၊ နံရုပ်၊ လျက်ရုပ်၊ ထိရုပ်-ငါးပါးတို့တွင် မြင်ရုပ်တခုကို ပိုင်ပိုင်နိုင်နိုင် ထင်မြင်လျှင် ကြွင်းသောရုပ် လေးခုသည် အလွန် ထင်မြင်လွယ်၏။ မြင်ရုပ်ဟု ဆိုအပ်သော ဝဏ္ဏရုပ်တခုကို ထင်မြင်လျှင် ကြွင်းသောရုပ်တစ်ဆယ့်ခုနစ်ခုသည် အလွန် ထင်မြင်လွယ်၏။ ဝဏ္ဏရုပ်တခုကိုသာ လိုရင်းကြီးမှတ်။

ထို့ကြောင့် မြတ်စွာဘုရားသခင်သည် အဘိဓမ္မာခုနစ်ကျမ်း၌ ဝဏ္ဏရုပ်ကို တပုံထား၍ ကြွင်းသော ရုပ်နာမ်တို့ကို တပုံထား၍ ဟောတော်မူ၏။ ဟောဟန်ကား—

သနိဒဿနာ ဓမ္မာ။ အနိဒဿနာ ဓမ္မာ။
(ဓမ္မသင်္ဂဏီပါဠိတော်။ နှာ-၄ )

သနိဒဿနာ၊ မျက်စိဖြင့် မြင်ခြင်းရှိကုန်သော။ ဝါ၊ မျက်စိဖြင့် မြင်အပ်သည်၏အဖြစ် ရှိကုန်သော။ ဓမ္မာ၊ ဝဏ္ဏရုပ်တို့သည်။ သံဝိဇ္ဇန္တိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိကုန်၏။ အနိဒဿနာ၊ မျက်စိဖြင့် မြင်ခြင်းမရှိကုန်သော။ ဝါ၊ မျက်စိဖြင့် မြင်အပ်သည်၏ အဖြစ် မရှိကုန်သော။ ဓမ္မာ၊ ဝဏ္ဏမှ တပါးသော ရုပ်နာမ်တို့သည်။ သံဝိဇ္ဇန္တိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိကုန်၏။

ပရိယတ်အရာမှာ စာတကျမ်း ကောင်းကောင်းကြီးတတ်လျှင် ကြွင်းသော မသင်ရသေးသော ကျမ်းတို့ကို ကောင်းကောင်းကြီး

တတ်၏။ ကောင်းကောင်းကြီး ကြည့်ရှုနိုင်၏၊ ကောင်းကောင်းကြီး သိမြင်၏။ ထိုနည်းတူစွာ ပဋိပတ်အရာမှာ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် တခုခုသော ကမ္မဋ္ဌာန်း ကောင်းကောင်းကြီး ထင်မြင်လျှင် ကြွင်းသော ကမ္မဋ္ဌာန်းတို့သည် အလွန် ထင်မြင်လွယ်ကုန်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်မှ စ၍ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင်သော ဉာဏ်တို့တွင် နာမရူပ ပရိစ္ဆေဒဉာဏ် ကောင်းကောင်းကြီး ထင်မြင်လျှင် ကြွင်းသောဉာဏ်တို့သည် အလွန် ထင်မြင်လွယ်ကုန်၏။ နာမရူပပရိစ္ဆေဒဉာဏ်တွင် ရုပ် ကောင်းကောင်းကြီး ထင်မြင်လျှင် နာမ် အလွန် ထင်မြင်လွယ်၏။ ရုပ်နှစ်ဆယ့်ရှစ်ခုတို့တွင် ဝဏ္ဏရုပ် တခု ထင်မြင်လျှင် ကြွင်းသော ရုပ် နှစ်ဆယ့်ခုနစ်ခုသည် အလွန် ထင်မြင်လွယ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "ဧကော ဓမ္မော" ဟု ဟောတော်မူ၏။ ဟောဟန်ကား—

ဧကော ဓမ္မော ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ (အံ ၁၊ နှ၁-၄၄။)

ဘိက္ခဝေ၊ ရဟန်းတို့။ အာသေဝိတော၊ အဖန်ဖန် အထပ်ထပ် မှီဝဲအပ်သော။ ဘာဝိတော၊ ပွါးစေအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာ စီးဖြန်းအပ်သော။ ဧကော၊ တခုသော။ ဓမ္မော၊ တရားသည်။ အဘိညာယ၊ ထူးသော ဝိပဿနာဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ထိုးထွင်း၍ မဂ်ဉာဏ်ဖြင့် သိခြင်းငှါ။ နိဗ္ဗာနာယ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းခြင်းငှါ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။

ဤကား ဒုတိယ ဝိပဿနာလက်ာသံခိပ် အရတည်း။

## ဝိပဿနာကမ္မဋ္ဌာန်းပေးနည်း

ဝိပဿနာကမ္မဋ္ဌာန်းပေးနည်း လိုရင်း အချုပ်ကား—

**ဘုရားထံ ကိုယ်ကိုလှူပုံ။** ။ဣမာဟံ ဘန္တေ အတ္တဘာဝံ ဘဂဝတော တေမာသံ ပရိစ္စဇာမိ။

ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို။ ဘဂဝတော၊ မြတ်စွာဘုရားအား။ တေမာသံ၊ သုံးလပတ်လုံး။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။

**ဆရာထံ ကိုယ်ကိုလှူပုံ။** ။ဣမာဟံ အာစရိယ အတ္တဘာဝံ အာစရိယဿ တေမာသံ ပရိစ္စဇာမိ။

အာစရိယ၊ အရှင်ကမ္မဋ္ဌာန်းဆရာ။ အဟံ၊ အကျွန်ုပ်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို။ အာစရိယဿ၊ ကမ္မဋ္ဌာန်းဆရာအား။ တေမာသံ၊ သုံးလပတ်လုံး။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။

မြတ်စွာဘုရားအားလည်း၊ ကမ္မဋ္ဌာန်းဆရာအားလည်း အယုတ်ဆုံး သုံးလပတ်သုံး မိမိခန္ဓာကိုယ်ကြီးကို သုံးကြိမ်စီ စွန့်လှူအပ်နှင်း ရမည်။

**ဝိပဿနာတောင်းပုံ။** ။နိဗ္ဗာနဿ မေ ဘန္တေ သစ္ဆိကရဏတ္ထာယ ဝိပဿနာကမ္မဋ္ဌာနံ ဒေဟိ။

ဘန္တေ၊ အရှင်ကမ္မဋ္ဌာန်းဆရာ။ မေ၊ အကျွန်ုပ်အား။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ငြိမ်းသာကြီးကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက်ပြုပါရခြင်းအကျိုငှါ။ဝိပဿနာကမ္မဋ္ဌာနံ၊ဝိပဿနာကမ္မဋ္ဌာန်းကို။ တွံ၊ အရှင်ကမ္မဋ္ဌာန်းဆရာသည်။ ဒေဟိ၊ ကရုဏာရှေ့ထား၍။ ပေးသနားတော်မူပါလော့။

ကမ္မဋ္ဌာန်းဆရာထံ သုံးကြိမ်တောင်းရမည်။

အဒ္ဓါ ဣမာယ ပဋိပဒါယ နိဗ္ဗာနသုခံ လဘိဿာမိ။

ဣမာယ ပဋိပဒါယ၊ ဤဝိပဿနာအကျင့်ဖြင့်။ အဒ္ဓါ၊ ကေန်စင်စစ်။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာကြီးကို။ အဟံ၊ အကျွန်ုပ်သည်။ လဘိဿာမိ၊ လျင်မြန်စွာ ရပေတော့အံ့။

နိဗ္ဗာန်ချမ်းသာကြီးကို သုံးကြိမ် တောင်းရမည်။

ရုပ်ကို နှစ်လ စီးဖြန်းရမည်။ နာမ်ကို တလ စီးဖြန်းရမည်။ ၎င်းသုံးလ စီးဖြန်းမှ ရုပ်နာမ်ထင်မြင်မည်။ ရုပ်နာမ်ထင်လျှင် နာမရူပ ပရိစ္ဆေဒဉာဏ် ပိုင်၏။ နာမရူပပရိစ္ဆေဒဉာဏ် ပိုင်လျှင် ကြွင်းသောဉာဏ်တို့မှာ မခဲယဉ်း၊ ထင်လွယ်မြင်လွယ်၏။ နာမရူပ ပရိစ္ဆေဒဉာဏ် မပိုင်လျှင် ကြွင်းသောဉာဏ်တို့မှာ အလွန်ခဲယဉ်း၏။ နာမရူပပရိစ္ဆေဒဉာဏ်တခုကိုသာ အရင်းမူလ လိုရင်းကြီးမှတ်။

ဒုတိယကဏ္ဍ ပြီး၏။

# တတိယကဏ္ဍ

## ရူပပရိစ္ဆေဒဉာဏ် အခန်း

**ရုပ်ကို စီးဖြန်းသိပုံ။** ။ရူပပရိစ္ဆေဒဉာဏ် ရုပ်ကို အလတ်စီးဖြန်းရာ ခန္ဓာကိုယ်ကို ငါးပိုင်းပိုင်းနည်း၊ ပညတ် ပရမတ် ခွဲနည်း၊ သက္ကာယဒိဋ္ဌိခွါနည်း၊ ဘာဝနာကာရနည်း၊ ဥပဋ္ဌာနာကာရနည်း တို့ကို ပြဆိုပေအံ့—

ရူပပရိစ္ဆေဒဉာဏ် ဘာဝနာကာရ စီးဖြန်းနည်းကား—

"မြင်ကြား နံ့ လျက် ထိ၊ ငါးလုံးရှိ၊ မသိလျှင် ရုပ်မှတ်" ဟူသော တတိယဗိပဿနာ လက်သံခိပ်နှင့်အညီ သမထ ကမ္မဋ္ဌာန်းကိုစီးဖြန်း၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိကိုရသော ပုဂ္ဂိုလ်တို့တွင် အပ္ပနာသမာဓိရသော ပုဂ္ဂိုလ်မှာ ရုပ်နာမ် နှစ်ပါး တို့တွင် တပါးပါးကို အလိုရှိရာ စီးဖြန်းလေ။ ဥပစာရသမာဓိ ရသော ပုဂ္ဂိုလ်မှာ ရုပ်ကိုသာ ရှေးဦးစွာ စီးဖြန်းရမည်။

ရုပ်ကို စီးဖြန်းရာ၌ မိမိရုပ်ခန္ဓာကြီးကို ဉာဏ်ဖြင့် ငါးပိုင်း ပိုင်း ရမည်။ ပိုင်းနည်းကား—ဆံပင်တပိုင်း, ဦးခေါင်းတပိုင်း, လက် တပိုင်း, ကိုယ်တပိုင်း, ခြေတပိုင်း အားဖြင့် ငါးပိုင်း ပိုင်း။ ထိုတွင် ဆံပင်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု စီးဖြန်း။ ဦးခေါင်း၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု စီးဖြန်း။ လက်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု စီးဖြန်း။ ကိုယ်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု စီးဖြန်း။ ခြေ၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု စီးဖြန်း။ ထိုငါးပိုင်းတို့တွင် ပဌမအပိုင်းကို ရှေးဦးစွာ ဆံပင် ပျောက်အောင် ရုပ်သာမြင်အောင် စီးဖြန်းရမည်။ ပဌမအပိုင်း ထင်မြင်မှ ကြွင်းသောအပိုင်းတို့ကို စီးဖြန်းရမည်။

ပထမအပိုင်းကို ဆံပင်ပျောက်၍ ရုပ်ထင်မြင်အောင် စီးဖြန်း လိုသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စိတ်တည်ကြည် ငြိမ်သက်အောင် ထိုင်၍ စီးဖြန်း။ စိတ်တည်ကြည် ငြိမ်သက်လျှင် ဆံပင်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု တနေရှိ စီးဖြန်း။ ထိုအဆင်းသည် ဆံပင်ကောန်မဟုတ်၊ ရုပ်ကောန် ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသောအပိုင်းတို့မှာ ဆံပင်နည်းတူ အားထုတ်လေ။

မိမိရုပ်ခန္ဓာကြီး ငါးပိုင်းကို စီးဖြန်းနည်း လိုရင်းကြီး အချုပ် ပြီး၏။

**ပရမတ် ပညတ် ခွဲပုံ။** ။ဆံပင်သည် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏။ ဦးခေါင်းသည် ကောန်မရှိ၊ ရုပ်သာကောန်ရှိ၏။ လက်သည် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏။ ကိုယ်သည် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏။ ခြေသည် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏။ ပရမတ် ပညတ် နှစ်ပါးကို ဝိပဿနာပညာဖြင့် ပိုင်ပိုင်နိုင်နိုင် ခွဲနိုင်လျှင် သက္ကာယဒိဋ္ဌိ ပျောက်၏။

ဤကား ပရမတ်ပညတ် နှစ်ပါးခွဲနည်းတည်း။

**သက္ကာယဒိဋ္ဌိ ခွဲပုံ အကျဉ်း။** ။ဆံပင်သည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ဦးခေါင်းသည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ လက်သည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ကိုယ်သည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ခြေသည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ပညတ်ကို ဝိပဿနာ ပညာဖြင့် ပိုင်ပိုင်နိုင်နိုင် ခွါနိုင်လျှင် သက္ကာယဒိဋ္ဌိ ပျောက်၏။

ဤကား သက္ကာယဒိဋ္ဌိခွါနည်းတည်း။

ရူပပရိစ္ဆေဒဉာဏ် ပွါးပုံ။ ။ခန္ဓာကိုယ်ကြီးကို ဇာရိယာပုထ်လေးပါး၌ ရုပ်ထင်မြင်အောင် စီးဖြန်းလိုသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် မျက်စိဖြင့် အဆင်းကို မြင်တိုင်း မြင်တိုင်း မြင်အပ်သောအဆင်းကို ရုပ်,ရုပ်ဟု စီးဖြန်း။ ထိုအဆင်း ဟူသည် ဝေါဟာရပညတ်သာ၊ ကေန်မဟုတ်၊ ရုပ်သာ ကေန် ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

နားဖြင့် အသံကို ကြားတိုင်းကြားတိုင်း ကြားအပ်သော အသံကို ရုပ်,ရုပ်ဟု စီးဖြန်း။ ထိုအသံဟူသည် ဝေါဟာရပညတ်သာ၊ ကေန်မဟုတ်၊ ရုပ်သာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

နှာခေါင်းဖြင့် အနံ့ကို နံ့တိုင်းနံ့တိုင်း နံ့အပ်သော အနံ့ကို ရုပ်,ရုပ်ဟု စီးဖြန်း။ ထိုအနံ့ဟူသည် ဝေါဟာရပညတ်သာ၊ ကေန် မဟုတ်၊ ရုပ်သာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

လျှာဖြင့် အရသာကို လျက်တိုင်းလျက်တိုင်း လျက်အပ်သော အရသာကို ရုပ်,ရုပ်ဟု စီးဖြန်း။ ထိုအရသာဟူသည် ဝေါဟာရ ပညတ်သာ၊ ကေန်မဟုတ်၊ ရုပ်သာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ကိုယ်ဖြင့် တွေ့ကို ထိတိုင်းထိတိုင်း ထိအပ်သော အတွေ့ကို ရုပ်,ရုပ်ဟု စီးဖြန်း။ ထိုအတွေ့ဟူသည် ဝေါဟာရပညတ်သာ၊ ကေန်မဟုတ်၊ ရုပ်သာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဤကား ရူပပရိစ္ဆေဒဉာဏ် ဘာဝနာကာရ အလတ် စီးဖြန်း နည်းတည်း။

ရူပပရိစ္ဆေဒဉာဏ်ထင်မြင်ပုံ။　။ရူပပရိစ္ဆေဒဉာဏ် ဥပဋ္ဌာနာကာရ နည်းကား—

ဤဆိုခဲ့ပြီးသည့်အတိုင်း ဇာရိယာပုတ်လေးပါး၌ မီးပွတ်သော ယောက်ျားကဲ့သို့ မနေမနား အားထုတ်၍ ရုပ်,ရုပ်ဟု စီးဖြန်းလျှင် မကြာခင် ရူပပရိစ္ဆေဒဉာဏ် ကောန်ထင်လိမ့်မည်။ ဆံပင် ကောန် မဟုတ်ဟု ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် ထင်မြင်လျှင် ဆံပင်ပျောက်၏။ ရုပ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် ထင်မြင်လျှင် ရုပ်ပေါ်က်၏။ ရုပ်သည် ဆံပင်ကောန်မဟုတ်၊ ရုပ်ကောန် ဟုတ်၏ဟု ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် ထင်မြင်လျှင် ဆံပင်ပျောက်၍ ရုပ်ကောန် ပေါ်က်ပြီဟူ၍မှတ်။

သက်ရှိ သက်မဲ့၏ အဆင်းကို မျက်စိဖြင့် မြင်တိုင်းမြင်တိုင်း ရုပ်ချည်း ထင်လိမ့်မည်။ သက်ရှိ သက်မဲ့၏ အသံကို နားဖြင့်၊ ကြားတိုင်းကြားတိုင်း ရုပ်ချည်း ထင်လိမ့်မည်၊ သက်ရှိ သက်မဲ့၏ အနံ့ကို နှာခေါင်းဖြင့် နံတိုင်းနံတိုင်း ရုပ်ချည်း ထင်လိမ့်မည် သက်ရှိ သက်မဲ့၏ အရသာကို လျှာဖြင့် လျက်တိုင်းလျက်တိုင်း ရုပ်ချည်း ထင်လိမ့်မည်၊ သက်ရှိ သက်မဲ့၏ အတွေ့ကို ကိုယ်ဖြင့် ထိတိုင်းထိတိုင်း ရုပ်ချည်း ထင်လိမ့်မည်၊ မြင်သမျှ ကြားသမျှ နံသမျှ လျက်သမျှ ထိသမျှ ရုပ်ချည်း ဉာဏ်မှာ အမြဲ ထင်မြင်၍နေ လျှင် ရူပပရိစ္ဆေဒဉာဏ် ကောန်ထင်မြင်ပြီဟူ၍မှတ်။

ဤကား ရူပပရိစ္ဆေဒဉာဏ် ဥပဋ္ဌာနာကာရ အလတ်ထင်နည်း တည်း။

## ပညတ်ပျောက်၍ ရုပ်ထင်ပုံကို ဥပမာအမျိုးမျိုး ပြဆိုချက်

ဤ ကဖြင့် ပညတ်ပျောက်သည်-မပျောက်သည်, ရုပ်ထင်သည်-မထင်သည်ကို ထင်ရှားသိသာအောင် ဖယောင်းတိုင် ဥပမာ၊ ယုန်ချိုဥပမာ၊ ဆင်ရုပ်ဥပမာ၊ ဇာတ်ပွဲ သော ဥပမာတို့နှင့် တကွ သက္ကာယဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ်ခွဲနည်း၊ အတ္တဒိဋ္ဌိနှင့် ယထာဘူတဉာဏ်ခွဲနည်း၊ သက္ကာယဒိဋ္ဌိခွါနည်း အကျယ်တို့ကို ပြဆိုချက်-

**ဖယောင်းတိုင် ဥပမာ။** ။ဖယောင်းတိုင်ကြီး နှစ်တိုင်သည် အရှည် တခတောင်လောက်ရှိ၏၊ လုံးပတ် ခုံညင်းလောက် ရှိ၏၊ တခုသော တိုက်ခန် ကြီး၌ ပထမ ဖယောင်းတိုင် ထွန်းလျှင် မိုက်မှောင်ကြီးပျောက်၏။ဒုတိယ ဖယောင်းတိုင်ထွန်းလျှင် မိုက်မှောင်ကြီး ပျောက်သည်ထက် ပျောက်၏၊ တခုသော ခန္ဓာကိုယ်ကြီး၌ ဆံပင် ကေန်မဟုတ်ဟု သိသောဉာဏ်ရောင် ထွန်းတောက်လျှင် သက္ကာယဒိဋ္ဌိ ကိလေသာ မိုက်မှောင်ကြီး ပျောက်၏၊ ရုပ်ကေန် ဟုတ်သည်ဟု သိသောဉာဏ်ရောင် ထွန်းတောက်လျှင် သက္ကာယဒိဋ္ဌိ ကိလေသာမိုက်မှောင်ကြီး ပျောက်သည်ထက် ပျောက်၏။

တခုသော တိုက်ခန်းကြီးနှင့် တခုသော ခန္ဓာကိုယ်ကြီး တူ၏။ ဖယောင်းတိုင်ကြီး နှစ်ခုနှင့် ဉာဏ်ပညာကြီးနှစ်ခု တူ၏။ ပထမ မီးတိုင် ထွန် တောက်လျှင် မိုက်မှောင်ကြီး ပျောက်သည်နှင့် ဆံပင်ကေန်မဟုတ်ဟု သိသော ဉာဏ်ရောင် ထွန်းတောက်လျှင် သက္ကာယဒိဋ္ဌိ ကိလေသာမိုက်မှောင်ကြီး ပျောက်သည် တူ၏။ ဒုတိယ မီးတိုင် ထွန်းတောက်လျှင် မိုက်မှောင်ကြီးပျောက်သည် ထက် ပျောက်သည်နှင့် ရုပ်ကေန်ဟုတ်သည်ဟု သိသော ဉာဏ် ရောင် ထွန်းတောက်လျှင် သက္ကာယဒိဋ္ဌိ ကိလေသာမိုက်မှောင်

ကြီး ပျောက်သည်ထက် ပျောက်သည် တူ၏။ တည္ဖ်လုံး ဆီမီး ရောင် ထွန်းလင်းသည်နှင့် တဘာဝလုံး ဆံပင်ကေန်မဟုတ်၊ ရုပ် ကေန်ဟုတ်သည်ဟု သိသော ဉာဏ်ရောင် ထွန်းတောက်သည် တူ၏။ ဆီမီးရောင်ဖြင့် ထိုထိုဝတ္ထုကို မြင်သည်နှင့် ဘာဝနာဉာဏ် ဖြင့် သစ္စာလေးပါးကို မြင်သည်တူ၏။ မိုးလင် ၍ နေထွက်သည် နှင့် မင်္ဂဉာဏ်ကို ရသည် တူ၏။ နေရောင်ဖြင့် ထိုထိုဝတ္ထုကို မြင် သည်နှင့် မင်္ဂဉာဏ်ရောင်ဖြင့် သစ္စာလေးပါးကိုသိမြင်သည် တူ၏။

မင်္ဂဉာဏ်ဖြင့် သစ္စာလေးပါးကို သိခြင်းသည် မင်္ဂကိုရလျှင် ထင်ရှားလိမ့်မည်။ ဘာဝနာဉာဏ်ဖြင့် သစ္စာလေးပါးကို သိခြင်း ကား ရုပ်ကေန်ဟုတ်သည်ဟု သိသောဉာဏ်သည် ဒုက္ခသစ္စာကို သိသည်မည်၏။ ရုပ်ဖြစ်ကြောင်းတရား ရှေးဘဝ၌ဖြစ်သော လောဘကို သိခြင်းသည် သမုဒယသစ္စာကို သိသည်မည်၏။ ရုပ် တရား,လောဘဟုဆိုအပ်သော နာမ်တရား,ရုပ်နာမ်နှစ်ပါးတို့၏ မရှိရာ ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို အနုမာနအားဖြင့် ရမ်းဆ၍ သိသောဉာဏ်သည် နိရောဓသစ္စာကို သိသည် မည်၏။ ရုပ်နာမ်နှစ်ပါးကို သိသောဉာဏ်သည် လောကိယမဂ္ဂသစ္စာကို သိသည်မည်၏။ ဤသို့ဘာဝနာဉာဏ်ဖြင့် သစ္စာလေးပါးကို သိ သည်ဟူ၍မှတ်။ ကြွင်းသော ဦးခေါင်းစသည်တို့မှာ ဆံပင်နည်းတူ မှတ်။

ဖယောင်းတိုင် ဥပမာ ပြီး၏။

**ယုန်ချို-ဥပမာ။** ။ရူပက္ခန္ဓာကိုပ် ကြီးကို ဆံပင်စသော အမည်ဖြင့် ခေါ်ဝေါ်ပြောဆိုရာ၌ ထိုဆံပင်စသော အမည် ပညတ်တို့၏ နှုတ်ခမ်းဖျားမှာ အမည်မျှသာရှိ၍ ပရမတ္ထသဘာဝ ဓမ္မအားဖြင့် ထင်ရှားမရှိကြောင်း, ရူပကာယဖြစ်သော ရုပ်

အပေါင်းအစုသာ ပရမတ္ထသဘာဝဓမ္မ အားဖြင့် ထင်ရှားရှိကြောင်းကို ပြဆိုရာ ယုန်ချို-ဥပမာ—

ယုန်ချိုဟူသော ဝေါဟာရစကား၌ ယုန်မှာ ချိုဟူသော ဝေါဟာရသည် နှုတ်ခမ်းဖျားမှာ အမည်မျှသာ ရှိ၍ လောကအားဖြင့်ငှင်း၊ ပဿာဒစက္ခုအမြင်အားဖြင့်ငှင်း ထင်ရှားမရှိ။ ယုန်သာလျှင် လောကအားဖြင့်ငှင်း၊ ပဿာဒစက္ခုအမြင်အားဖြင့်ငှင်း ထင်ရှားရှိသကဲ့သို့ ထိုအတူ ဤရူပကာယခန္ဓာကိုယ်ကြီးကို ဆံပင်, ဦးခေါင်း, လက်, ကိုယ်, ခြေ-အားဖြင့် ငါးပိုင်းငါးစုပြု၍ ဆံပင်စသော အမည်ဖြင့် ခေါ်ဝေါ်ပြောဆိုရာ၌ ထိုဆံပင်စသော အမည်သည် နှုတ်ခမ်းဖျားမှာ အမည်မျှသာ ရှိ၍ ပရမတ္ထသဘာဝဓမ္မအားဖြင့်ငှင်း၊ ဉာဏစက္ခုအမြင်အားဖြင့်ငှင်း ကေန်ထင်ရှားမရှိ၊ ရုပ်အပေါင်းအစုဖြစ်သော ရူပကာယခန္ဓာကိုယ်ကြီးသာလျှင် ပရမတ္ထသဘာဝဓမ္မ အားဖြင့်ငှင်း၊ ဉာဏစက္ခုအမြင်အားဖြင့်ငှင်း ကေန်ထင်ရှားရှိ၏။

ဥပမာန-ဥပမေယျနှစ်ပါးတို့၏ တူသည့်အဖြစ် ဥပမာကား ယုန်မှာ ချိုသည် လောကအားဖြင့်ငှင်း၊ ပဿာဒစက္ခုအမြင်အားဖြင့်ငှင်း ကေန်ထင်ရှားမရှိသည်နှင့် ခန္ဓာကိုယ်ကြီးမှာ ဆံပင်, ဦးခေါင်း,လက်,ကိုယ်, ခြေ တို့သည် ပရမတ္ထ သဘာဝဓမ္မအားဖြင့်ငှင်း၊ ဉာဏစက္ခု အမြင်အားဖြင့်ငှင်း ကေန်ထင်ရှားမရှိသည်နှင့် တူ၏။ ။ယုန်သည် လောကအားဖြင့်ငှင်း၊ ပဿာဒစက္ခုအမြင်အားဖြင့်ငှင်း ကေန်ထင်ရှားရှိသည်နှင့် ရုပ်သည် ပရမတ္ထသဘာဝဓမ္မအားဖြင့်ငှင်း၊ ဉာဏစက္ခု အမြင်အားဖြင့်ငှင်း ကေန်ထင်ရှားရှိသည် တူ၏။

ယုန်ချို-ဥပမာ ပြီး၏။

**ဆင်ရုပ်-ဥပမာ။** ။ဆင်ရုပ် ဥပမာကို ပြဆိုပေအံ့— ဆင်အရှင်ကောင်မဟုတ်၊သစ်သားကောင်ဟုတ်၏။ဆင်မှတ်၏၊ ဆင်ခေါ်၏။ ဆံပင် ကောင်မဟုတ်၊ ရုပ်ကောင် ဟုတ်၏။ ဆံပင်မှတ်၏၊ ဆံပင်ခေါ်၏။ ၎င်းဆင်ရုပ်နှင့် ဥပမေယျကို ရှေးဦးစွာရအောင် ကျက်ရမည်၊ ရလျှင် ဥပမာနှင့် ဥပမေယျကို ဟပ်ရမည်။

ဟပ်ပုံကား—ရုပ်သေးထဲက ဆင်သည် အရှင် ကောင်မဟုတ်သကဲ့သို့ ဆံပင်ကို ဆံပင်ကောင်မဟုတ် ဟူ၍ မှတ်။ ရုပ်သေးထဲက ဆင်သည် သစ်သား ကောင်ဟုတ်သကဲ့သို့ ဆံပင်ကို ရုပ်ကောင်ဟုတ်၏ဟူ၍ မှတ်။ ရုပ်သေးထဲက ဆင်ကို စိတ်ဖြင့် ဆင်မှတ်ကြသော်လည်း ၎င်းဆင်သည် ဆင်အရှင် ကောင်မဖြစ်၊ သစ်သားကောင်ဖြစ်သကဲ့သို့ ဆံပင်ကို စိတ်ဖြင့် ဆံပင်မှတ်ကြသော်လည်း ဆံပင် ကောင်မဖြစ်၊ ရုပ်သာ ကောင်ဖြစ်၏ဟူ၍ မှတ်။ ရုပ်သေးထဲက ဆင်ကို နှုတ်ဖြင့် ဆင်ခေါ်ကြသော်လည်း ၎င်းဆင်သည် ဆင်အရှင် ကောင်မဖြစ်၊ သစ်သားကောင် ဖြစ်သကဲ့သို့ ဆံပင်ကို နှုတ်ဖြင့် ဆံပင်ခေါ်ကြသော်လည်း ဆံပင် ကောင်မဖြစ်။ ရုပ်သာကောင် ဖြစ်၏ ဟူ၍ မှတ်။

ဆင်အရှင် ကောင်မဟုတ်သည်နှင့် ဆံပင် ကောင်မဟုတ်သည် တူ၏။ သစ်သား ကောင်ဟုတ်သည်နှင့် ရုပ်ကောင်ဟုတ်သည် တူ၏။ ဆင်မှတ်သည်နှင့် ဆံပင် မှတ်သည် တူ၏။ ဆင်ခေါ်သည်နှင့် ဆံပင်ခေါ်သည် တူ၏။ ၎င်း ဥပမာဖြင့် ဥပမေယျကို ဆံပင်ကောင်မဟုတ်၊ ရုပ်ကောင်ဟုတ်၏ဟု မိမိသဘောထဲမှာ ပိုင်ပိုင်နိုင်နိုင်ကျလျှင် ရုပ်ကောင် ထင်မြင်ပြီ မှတ်။

တနည်းလည်း–တပါးသောသူတို့ကို ဆံပင်ကေန် ဟုတ်သည် ဟု အနည်းနည်း အထွေထွေ အကြိမ်ကြိမ်အကထပ်ထပ် ပြောဆိုငြား သော်လည်း မိမိဉာဏ်ထဲမှာ ဆံပင်ကေန်မဟုတ်၊ ရုပ်ကေန် ဟုတ်၏ဟု သဘောကျလျှင် ရူပပရိစ္ဆေဒဉာဏ် ကေန်မိုင်ငြိမှတ်။ ဆံပင်မှ ကြွင်းသော ဦးခေါင်း, လက်, ကိုယ်, ခြေတို့မှာ ဆံပင် နည်းတူမှတ်။

နတ်သားတယောက်က မြတ်စွာဘုရားကို လျှောက်၏။ "ဘုန်းတော်ဓနဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား၊ ဤမည်သော ရဟန်းများသည် "မမ စိုင်ရုံ၊ မမ ပတ္တော"သည်ဖြင့် ခေါ်ဝေါ်ကြ၏။ ထိုခေါ်ဝေါ်သော ရဟန်းများသည် အာသဝေါ တရား မကင်းသေးပါဟု ထင်ပါသည် မြတ်စွာဘုရား" ဟု လျှောက်၏။

ဒါယကာ နတ်သား၊ အာသဝေါတရား ကင်းငြီးသော ရဟန်း များသည် ငါ၏သင်္ကန်း ငါ၏သပိတ် စသည် ခေါ်ဝေါ်ကြငြား သော်လည်း အာသဝေါတရား မကင်းသေးဟု မဆိုရ၊ **သမုတိ ပညတ်** အားဖြင့် မှတ်လွယ်စေခြင်း အကျိုးငှါသာ ငါ၏သင်္ကန်း,ငါ၏ သပိတ် စသည် ခေါ်ဝေါ်ကြ၏ဟု ဟောတော်မူ၏။ ကြွင်းသော ဦးခေါင်းစသည်တို့မှာ နည်းတူမှတ်။

ဆင်ရုပ်-ဥပမာ ပြီး၏။

**ဇာတိပိ သော ဥပမာ။** ။ဇာတိပိ သော ဥပမာကို ပြဆိုဦးအံ့— ဇာတိပိ သော ကို ကျေကျေပြွန်ပြွန် အသက် ထက်ဆုံး မမေ့နိုင်အောင် သောသူသည် စာပေကျမ်းဂန် သင်အံ့၍နေသောအခါ ဇာတိပိ သောကို မရဘူးလို့ မဆိုရ၊ စာပေ

ကျမ်းဂန် ရွတ်ဖတ်သရဇ္ဈာယ်၍ နေသောအခါ ဇာတိပိ သောကို မရဘူးလို့ မဆိုရ၊ တရားဟော၍ နေသောအခါ ဇာတိပိသောကို မရဘူးလို့ မဆိုရ၊ အိပ်၍နေသောအခါ ဇာတိပိသောကို မရဘူးလို့ မဆိုရ၊ လောဘ,ဒေါသ,မောဟ, မာန စသည် အကုသိုလ်တရား ဖြစ်ပွါး၍နေသောအခါ ဇာတိပိ သောကို မရဘူးလို့ မဆိုရ၊ ဇာတိပိ သော ကို မပြန်သောအခါ ဇာတိပိ သောကို မရဘူးလို့ မဆိုရ သကဲ့သို့—

ထိုနည်းတူစွာ ရုပ်ထင်မြင်ပြီးသော သူသည် စာပေကျမ်းဂန် သင်အံ၍ နေသောအခါ ရုပ်မထင်မမြင်ဘူးဟု မဆိုရ၊ စာပေ ကျမ်းဂန် ရွတ်ဖတ်သရဇ္ဈာယ်၍ နေသောအခါ ရုပ်မထင်မမြင် ဘူးဟု မဆိုရ၊ တရားဟော၍ နေသောအခါ ရုပ်မထင်မမြင်ဘူး ဟု မဆိုရ၊ အိပ်၍နေသောအခါ ရုပ်မထင်မမြင်ဘူးဟု မဆိုရ၊ လောဘ,ဒေါသ, မောဟ, မာန စသည် အကုသိုလ်တရား ဖြစ်ပွါး ၍ နေသောအခါ ရုပ်မထင်မမြင်ဘူးဟု မဆိုရ၊ ရုပ်ကို အာရုံမပြု သောအခါ ရုပ်ကို မထင်မမြင်ဘူးဟု မဆိုရဟူ၍ မှတ်။

ဇာတိပိ သောကို ပြန်၍မရလျှင် ဇာတိပိ သော မရဘူး ဆိုရသကဲ့ သို့ ရုပ်ကို အာရုံပြု၍ မထင်မမြင်လျှင် ရုပ်ကို မထင်မမြင်ဘူး ဆိုရ ၏။ ဇာတိပိ သောကို ပြန်တိုင်းပြန်တိုင်း ရလျှင် ဇာတိပိ သောကို ရ၏ ဟု ဆိုရသကဲ့သို့ ရုပ်ကို အာရုံ ပြုတိုင်းပြုတိုင်း ထင်မြင်လျှင် ရုပ်ကို ထင်မြင်ပြီဟူ၍ မှတ်။

တနည်း—ဒိဗ္ဗသာရမင်း, အနာထပိဏ်, ဝိသာခါအစရှိသော သောတာပန်ပုဂ္ဂိုလ်တို့သည် လောဘ-ဒေါသစသည် အကုသိုလ် တရား ဖြစ်ပွါးသော်လည်း သက္ကာယဒိဋ္ဌိကို သမုစ္ဆေဒပဟာန်

အားဖြင့် အမြဲခွါ၍ နေဘိသကဲ့သို့ ထိုနည်းတူစွာ ရုပ်ထင်မြင်ပြီး သော သူသည် သက္ကာယဒိဋ္ဌိကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွါ၍ နေ၏၊ ရုပ်လည်း ဒဲမြဲ သင်၍နေ၏။ နာမ်မှာ ရုပ်နည်းတူမှတ်။

ဇာတိပိ သော-ဥပမာ ပြီး၏။

---

### သက္ကာယဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ် ခွဲပုံ

သက္ကာယဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ် ခွဲနည်းကို ပြဆိုပေအံ့—

ရုပ်ကို ဆံပင်ကောင်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင် သည် သက္ကာယဒိဋ္ဌိဖြစ်၏။ ရုပ်ကို ရုပ်ကောင်ဟုတ်သည်ဟု သိသော ဉာဏ်အမြင်သည် ရူပပရိစ္ဆေဒဉာဏ် ဖြစ်၏။

ရုပ်ကို ဦးခေါင်းကောင်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာ အမြင်သည် သက္ကာယဒိဋ္ဌိဖြစ်၏။ ရုပ်ကို ရုပ်ကောင်ဟုတ်သည်ဟု သိသောဉာဏ်အမြင်သည် ရူပပရိစ္ဆေဒဉာဏ် ဖြစ်၏။

ရုပ်ကို လက်ကောင်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင် သည် သက္ကာယဒိဋ္ဌိဖြစ်၏။ ရုပ်ကို ရုပ်ကောင်ဟုတ်သည်ဟု သိသော ဉာဏ်အမြင်သည် ရူပပရိစ္ဆေဒဉာဏ် ဖြစ်၏။

ရုပ်ကို ကိုယ်ကောင် ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင် သည် သက္ကာယဒိဋ္ဌိဖြစ်၏။ ရုပ်ကို ရုပ်ကောင် ဟုတ်သည်ဟု သိ သော ဉာဏ်အမြင်သည် ရူပပရိစ္ဆေဒဉာဏ် ဖြစ်၏။

ရုပ်ကို ခြေကောင်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင် သည် သက္ကာယဒိဋ္ဌိဖြစ်၏၊ ရုပ်ကို ရုပ်ကောင်ဟုတ်သည်ဟု သိသော ဉာဏ်အမြင်သည် ရူပပရိစ္ဆေဒဉာဏ် ဖြစ်၏။

တပိုင်းတပိုင်းကို ခြောက်ရက်စီ ခွဲလေ။

ဤကား သက္ကာယဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ် ခွဲနည်းကို ပြဆိုချက်တည်း။

**အတ္တဒိဋ္ဌိနှင့် ယထာဘူတဉာဏ် ခွဲပုံ**

အတ္တဒိဋ္ဌိနှင့် ယထာဘူတဉာဏ်ခွဲနည်းကို ပြဆိုပေအံ့—

ရုပ်ကို ဆံပင် ကေန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည် အတ္တဒိဋ္ဌိ ဖြစ်၏။ ရုပ်ကို ရုပ်ကေန်ဟုတ်သည်ဟု သိသောဉာဏ်အမြင်သည် ယထာဘူတဉာဏ် ဖြစ်၏။

ရုပ်ကို ဦးခေါင်းကေန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည် အတ္တဒိဋ္ဌိဖြစ်၏။ ရုပ်ကို ရုပ် ကေန်ဟုတ်သည်ဟု သိသောဉာဏ်အမြင်သည် ယထာဘူတဉာဏ် ဖြစ်၏။

ရုပ်ကို လက်ကေန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည် အတ္တဒိဋ္ဌိ ဖြစ်၏။ ရုပ်ကို ရုပ်ကေန် ဟုတ်သည်ဟုသိသောဉာဏ်အမြင်သည် ယထာဘူတဉာဏ် ဖြစ်၏။

ရုပ်ကို ကိုယ်ကေန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည် အတ္တဒိဋ္ဌိဖြစ်၏။ ရုပ်ကို ရုပ်ကေန်ဟုတ်သည်ဟု သိသောဉာဏ်အမြင်သည် ယထာဘူတဉာဏ် ဖြစ်၏။

ရုပ်ကို ခြေကေန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည် အတ္တဒိဋ္ဌိ ဖြစ်၏။ ရုပ်ကို ရုပ်ကေန်ဟုတ်သည်ဟု သိသောဉာဏ်အမြင်သည် ယထာဘူတဉာဏ် ဖြစ်၏။

တပိုင်းတပိုင်းကို ခြောက်ရက်စီ ခွဲလေ။

ဤကား အတ္တဒိဋ္ဌိနှင့် ယထာဘူတဉာဏ် ခွဲနည်းကို ပြဆိုချက်တည်း။

## သက္ကာယဒိဋ္ဌိခွါနည်း အကျယ်

သက္ကာယဒိဋ္ဌိ အကျယ်ခွါနည်းကို ပြဆိုပေအံ့—

ဆံပင်ကို မြင်သလော၊ ဆံပင်ကို မမြင်ပါ။ အဘယ့်ကြောင့် ဆံပင်ကို မမြင်သနည်း၊ ဆံပင်မရှိ၍ မမြင်ပါ။ ဆံပင် ဘယ်မှာရှိသနည်း၊ ဆံပင် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ဆံပင်ကို မမြင်လျှင် ဘာကိုမြင်သနည်း။ ရုပ်ကိုမြင်၏။ အဘယ့်ကြောင့် ရုပ်ကို မြင်သနည်း။ ရုပ်ရှိ၍ မြင်၏။ ဘယ်ရုပ်ကို မြင်သနည်း။ ဝဏ္ဏရုပ်ကို မြင်၏။

ဦးခေါင်း ကို မြင်သလော။ ဦးခေါင်းကို မမြင်ပါ။ အဘယ့်ကြောင့် ဦးခေါင်းကို မမြင်သနည်း။ ဦးခေါင်းမရှိ၍ မမြင်ပါ။ ဦးခေါင်း ဘယ်မှာ ရှိသနည်း။ ဦးခေါင် သည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ဦးခေါင် ကို မမြင်လျှင် ဘာကို မြင်သနည်း။ ရုပ်ကို မြင်၏။ အဘယ့်ကြောင့် ရုပ်ကို မြင်သနည်း။ ရုပ်ရှိ၍ မြင်၏။ ဘယ်ရုပ်ကို မြင်သနည်း။ ဝဏ္ဏရုပ်ကို မြင်၏။

လက်ကိုမြင်သလော။ လက်ကို မမြင်ပါ။ အဘယ့်ကြောင့် လက်ကို မမြင်သနည်း။ လက်မရှိ၍ မမြင်ပါ။ လက် ဘယ်မှာ ရှိသနည်း။ လက်သည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ လက်ကို မမြင်လျှင်ဘာကို မြင်သနည်း။ ရုပ်ကို မြင်၏။ အဘယ့်ကြောင့် ရုပ်ကိုမြင်သနည်း။ ရုပ်ရှိ၍ မြင်၏။ ဘယ်ရုပ်ကို မြင်သနည်း။ ဝဏ္ဏရုပ်ကိုမြင်၏။

ကိုယ်ကို မြင်သလော။ ကိုယ်ကို မမြင်ပါ။ အဘယ့်ကြောင့် ကိုယ်ကို မမြင်သနည်း။ ကိုယ်မရှိ၍ မမြင်ပါ၊ ကိုယ်ဘယ်မှာ ရှိသနည်း။ ကိုယ်သည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ကိုယ်

ကို မမြင်လျှင် ဘာကို မြင်သနည်း။ ရုပ်ကို မြင်၏။ အဘယ့်ကြောင့် ရုပ်ကို မြင်သနည်း။ ရုပ်ရှိ၍ မြင်၏။ ဘယ်ရုပ်ကို မြင်သနည်း။ ဝဏ္ဏရုပ်ကို မြင်၏။

ခြေကို မြင်သလော၊ ခြေကို မမြင်ပါ။ ခြေကို အဘယ့်ကြောင့် မမြင်သနည်း။ ခြေမရှိ၍ မမြင်ပါ။ ခြေ ဘယ်မှာရှိသနည်း။ ခြေသည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ခြေကို မမြင်လျှင် ဘာကို မြင်သနည်း။ ရုပ်ကို မြင်၏။ အဘယ့်ကြောင့် ရုပ်ကို မြင်သနည်း။ ရုပ်ရှိ၍ မြင်၏။ ဘယ်ရုပ်ကို မြင်သနည်း။ ဝဏ္ဏရုပ်ကို မြင်၏။ ။တပိုင်း တပိုင်းကို ခြောက်ရက်စီ ခွဲလေ။ ဤကား သဏ္ဌာနဒိဋ္ဌိ အကျယ် ခွါနည်းကို ပြဆိုချက်တည်း။

ရုပ်ကို မကျဉ်းမကျယ် အလယ်အလတ် စီးဖြန်းနည်း၊ ဥပဋ္ဌာနာကာရ ထင်နည်းနှင့်တကွ ဖယောင်းတိုင် ဥပမာ,ယုန်ချိုဥပမာ ဆင်ရုပ် ဥပမာ, ဇာတိပိသော ဥပမာ, သဏ္ဌာနဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ်ခွဲနည်း၊ အတ္တဒိဋ္ဌိနှင့် ယထာဘူတဉာဏ် ခွဲနည်း၊ သဏ္ဌာနဒိဋ္ဌိခွါနည်း အကျယ်တို့ကို ပြဆိုချက်ပြီး၏။

## ရုပ်ကို အကျယ် ဝိပဿနာ ရှုနည်း

ရုပ်ကို အကျယ် ဝိတ္ထာရ စီးဖြန်းနည်းကို ပြဆိုပေအံ့—

မိမိရုပ်ခန္ဓာကြီးကို ရုပ် ကျေကျေ ပွန်ပွန် ထင်မြင်အောင် သုံးဆယ့်နှစ်ကောဋ္ဌာသကို တရက်စီ စီးဖြန်းရမည်။

**ရုပ်အစု သုံးဆယ့်နှစ်ပါး။** ။သုံးဆယ့်နှစ်ကောဋ္ဌာသကား—ဆံပင်၊ အမွေး၊ လက်သည်း-ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊

အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤသုံးဆယ့်နှစ်ကောဋ္ဌာသကို ရအောင် ကျက်ရမည်။

သုံးဆယ့်နှစ်ကောဋ္ဌာသကို ရုပ်ထင်မြင်အောင် စီးဖြန်းနည်း လိုရင်းကြီးအချုပ်ကား–ဆံပင်၌ မြင်အပ်သော အဆင်းကို ရုပ်, ရုပ်ဟု စီးဖြန်း။ အမွေး၌ မြင်အပ်သော အဆင်းကို ရုပ်, ရုပ်ဟု စီးဖြန်း။ လက်သည်း ခြေသည်း၌ မြင်အပ်သော အဆင်းကို ရုပ်, ရုပ်ဟု စီးဖြန်း။ သွား၌မြင်အပ်သောအဆင်းကို ရုပ်,ရုပ်ဟု စီးဖြန်း။ အရေ၌ မြင်အပ်သောအဆင်းကို ရုပ်, ရုပ်ဟု စီးဖြန်း။ ကြွင်းသော ကောဋ္ဌာသတို့မှာလည်း နည်းတူ စီးဖြန်းလေ။

ဤကား သုံးဆယ့်နှစ်ကောဋ္ဌာသ၌ ရုပ်ထင်မြင်အောင် စီးဖြန်းနည်းကို ပြဆိုချက်တည်း။

**ပညတ် ပရမတ် ခွဲပုံ။** ။ဆံပင် ဧကန်မရှိ၊ ရုပ် ဧကန်ရှိ၏။ အမွေး ဧကန်မရှိ၊ ရုပ် ဧကန်ရှိ၏။ ကြွင်းသော ကောဋ္ဌာသတို့မှာ ဆံပင်, အမွေး-နည်းတူမှတ်။

ဤကား သုံးဆယ့်နှစ်ကောဋ္ဌာသ၌ ပရမတ် ပညတ် နှစ်ပါး ခွဲနည်းကို ပြဆိုချက်တည်း။

**သက္ကာယဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒ ဉာဏ်ခွဲပုံ။** ။ရုပ်ကို ဆံပင်မှတ်ထင်လျှင် သက္ကာယဒိဋ္ဌိဖြစ်၏၊ ရုပ်ကို ရုပ်မှတ်ထင်လျှင် ရူပပရိစ္ဆေဒဉာဏ် ဖြစ်၏။ ရုပ်ကို အမွေးမှတ်ထင်လျှင် သက္ကာယဒိဋ္ဌိ ဖြစ်၏၊ ရုပ်ကို ရုပ်မှတ်ထင်လျှင် ရူပပရိစ္ဆေဒ ဉာဏ် ဖြစ်၏။ ကြွင်းသော ကောဋ္ဌာသတို့မှာ ဆံပင်,အမွေး နည်းတူမှတ်။

ဤကား သက္ကာယဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ် ခွဲနည်းကို ပြဆိုချက်တည်း။

**သက္ကာယဒိဋ္ဌိ အကျယ်ခွါနည်း။** ။ဆံပင်ကို မြင်သလော။ ဆံပင်ကို မမြင်ပါ။ အဘယ့်ကြောင့် ဆံပင်ကို မမြင်သနည်း။ ဆံပင်မရှိ၍ မမြင်ပါ။ ဆံပင်ဘယ်မှာ ရှိသနည်း။ ဆံပင်သည် နှုတ်ခမ်းထဲမှာ အမည်မျှသာ ရှိ၏။ ဆံပင်ကို မမြင်လျှင် ဘာကို မြင်သနည်း။ ရုပ်ကို မြင်၏။ အဘယ့်ကြောင့် ရုပ်ကို မြင်သနည်း။ ရုပ်ရှိ၍ မြင်၏။ အဘယ်ရုပ်ကို မြင်သနည်း။ ဝဏ္ဏရုပ်ကို မြင်၏။ ကြွင်းသော ကောဋ္ဌာသတို့မှာ ဆံပင်နည်းတူမှတ်။

ဤကား သက္ကာယဒိဋ္ဌိ အကျယ်ခွါနည်းကို ပြဆိုချက်တည်း။

**သုံးဆယ့်နှစ်ကောဋ္ဌာသ ပွါးပုံအကျဉ်း။** ။သုံးဆယ့်နှစ်ကောဋ္ဌာသကို ရုပ်ထင်မြင်အောင် စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စိတ်တည်ကြည်ငြိမ်သက်အောင် ထိုင်၍စီးဖြန်း။ စိတ်တည်ကြည်ငြိမ်သက်လျှင် ဆံပင်၌ မြင်အပ်သော အဆင်းကို ရုပ်, ရုပ်ဟု တနာရီ စီးဖြန်း။ ဆံပင် ကေန်မရှိ၊ ရုပ်သာ ကေန်ရှိ၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ သက္ကာယဒိဋ္ဌိနှင့် ရူပပရိစ္ဆေဒဉာဏ် ခွဲနည်းကို ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ပညတ်နှင့် ပရမတ် ခွဲနည်းကို ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသော ကောဋ္ဌာသတို့မှာ ဆံပင်နည်းတူ အားထုတ်လေ။

ဤကား သုံးဆယ့်နှစ်ကောဋ္ဌာသ၌ လိုရင်းကြီး စီးဖြန်းနည်း အချုပ်ကို ပြဆိုချက်တည်း။

**မှာထားချက်။** ။ဋ္ဌင်းစီးဖြန်းနည်းများကို မြတ်စွာဘုရား တရားတော် ကောန်ဟုတ်သည်ဟု အလွန်ယုံကြည်ခြင်း သဒ္ဓါတရားတခု၊ ဇူရိယာပုထ်လေးပါး၌ အလွန်အားထုတ်ခြင်း ဝီရိယတရားတခု၊ ဇူရိယာပုထ်လေးပါး၌ အလွန်မပြတ် အောက်မေ့ခြင်း သတိတရားတခု၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်း၍ စိတ်တည်ကြည် ငြိမ်သက်ခြင်း သမာဓိတရားတခု၊ ဋ္ဌင်းတရားလေးပါးနှင့် ပြည့်စုံလျှင် ကောန်ထင်မြင်၏။ ဋ္ဌင်းတရားလေးပါးတွင် တပါးပါးချို့လျှင် ကောန်မထင်မမြင်တော့ပြီဟူ၍မှတ်။

မိမိရုပ်ခန္ဓာကြီး ငါးပိုင်းတို့တွင် တပိုင်းပိုင်းကို ရုပ်ထင်မြင်လျှင် ကြွင်းသော လေးပိုင်းတို့မှာ ကောန် ရုပ်ထင်မြင်ပြီဟူ၍မှတ်။

ရုပ်ကို ဆံပင် ကောန်မဟုတ်ဟု ပိုင်ပိုင်နိုင်နိုင် နှစ်နှစ်သက်သက် ဝမ်းမြောက် ဝမ်းသာ အလွန်ထင်မြင်သော ဉာဏ်ဖြစ်လာလျှင် သဒ္ဒါယဣန္ဒြေလည်းပျောက်၏၊ အတ္တဒိဋ္ဌိလည်းပျောက်၏၊ ပညတ်လည်း ပျောက်၏။ ရုပ်ကို ရုပ်ကောန်ဟုတ်သည်ဟု ပိုင်ပိုင်နိုင်နိုင် နှစ်နှစ်သက်သက် ဝမ်းမြောက်ဝမ်းသာ အလွန်ထင်မြင်သော ဉာဏ်ဖြစ်လာလျှင် ရူပပရိစ္ဆေဒဉာဏ် ပေါက်၏၊ ယထာဘူတဉာဏ် ပေါက်၏၊ ပရမတ်ပေါက်၏။ ကြွင်းသော အပိုင်း ကြွင်းသော ကောဋ္ဌာသတို့မှာ ဆံပင်နည်းတူမှတ်။

**ဒိဋ္ဌိနှင့် ပညာ။** ။ရုပ်ကို ဆံပင်ကောန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်ဖြစ်လျှင် သက္ကာယဒိဋ္ဌိလည်း ဖြစ်၏၊ အတ္တဒိဋ္ဌိလည်း ဖြစ်၏၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လည်း ဖြစ်၏၊ ဒိဋ္ဌိစေတသိက်လည်း ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိမဂ္ဂင်လည်း ဖြစ်၏။ ရုပ်ကို ရုပ်ကောန်ဟုတ်သည်ဟု သိသော ဉာဏ်အမြင်ဖြစ်လျှင် ရူပပရိစ္ဆေဒဉာဏ်လည်း ဖြစ်၏၊ ယထာဘူတဉာဏ်လည်း ဖြစ်၏၊ မဟာ

ကုသိုလ် ဉာဏသမ္ပယုတ်စိတ်လည်း ဖြစ်၏၊ အမောဟစေတသိက်လည်း ဖြစ်၏၊ ပညိန္ဒြေလည်း ဖြစ်၏၊ ပညာဗိုလ်လည်း ဖြစ်၏၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်း ဖြစ်၏၊ သမ္မာဒိဋ္ဌိမဂ္ဂင်လည်း ဖြစ်၏။ ဆံပင်မှ ကြွင်းသောလေးပိုင်း၊ ဆံပင်မှ ကြွင်းသော ကောဋ္ဌာသတို့မှာ ဆံပင်နည်းတူမှတ်။

ဤကား ဒိဋ္ဌိနှင့် ပညာ နှစ်ပါးအရ ပြဆိုချက်တည်း။

---

### သတိပဋ္ဌာန်လာ ဝိပဿနာရှုနည်း

သတိပဋ္ဌာန် ပါဠိတော်၌ ဣရိယာပထပဗ္ဗ, သမ္ပဇညပဗ္ဗ တရားနှင့်အညီ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနည်းကို ပြဆိုပေအံ့–

> ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ၊ သယာနော ဝါ သယာနောမှီတိ ပဇာနာတိ၊ ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

ဣရိယာပထပဗ္ဗံ နိဋ္ဌိတံ။

> ပုန စပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သံဃာဋိပတ္တ စီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊ အသိတေ ပီတေ ခါယိတေ

သာယိတေ သမ္ပဇာနကာရီ ဟောတိ၊ ဥစ္စာရပဿာဝ-ကမ္မေ သမ္ပဇာနကာရီ ဟောတိ၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာန-ကာရီ ဟောတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနု-ပဿီ ဝိဟရတိ။

သမ္ပဇညပဗ္ဗံ နိဋ္ဌိတံ။

(သတိပဋ္ဌာန် ပါဠိတော်၊ နှာ-၂၃၂-၃။)

**နိဿယ ပြန်ဆိုချက်။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊တပါးတုံ။ဘိက္ခု၊သံသရာဘေးကြီး, အပါယ်ဘေးကြီး, ဇာတိဘေးကြီး စသည်ကို ကြောက်သော ရှုသောသူသည်။ ဂစ္ဆန္တော ဝါ၊ သွားသော်မူလည်း။ ဂစ္ဆာမီတိ၊ ငါသွား၏ ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ဌိတော ဝါ၊ ရပ်သော်မူလည်း။ ဌိတော၊ ငါရပ်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ နိသိန္နော ဝါ၊ ထိုင်သော်မူလည်း။ နိသိန္နော၊ ငါထိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ သယာနော ဝါ၊ လျောင်းသော်မူလည်း။ သယာနော၊ ငါလျောင်းသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ယထာ ယထာ ဝါ ပန၊ အကြင် အကြင် အခြင်းအရာအားဖြင့်ကား။ အဿ၊ ထို ဣရိယာပုထ်ကို သိမ်းဆည်းသော ရဟန်း၏။ ကာယော၊ ရုပ်အပေါင်း အစုသည်။ ပဏိဟိတော၊ ထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ တထာ တထာ၊ ထိုထို အခြင်းအရာအားဖြင့်။ နံ ကာယံ၊ ထိုရုပ် အပေါင်းအစုကို။ ပဇာနာတိ၊ သိ၏။ ဣတိ၊ ဤသို့။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်သော။ ကာယေ ဝါ၊ ရုပ်အပေါင်းအစု၌မူလည်း။

ကာယာနုပဿီ၊ ရုပ်အပေါင်းအစုဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဣရိယာပထပဗ္ဗံ၊ ဣရိယာပုထ်လေးပါး၌ ရုပ်အပေါင်းအစုကို နှလုံးသွင်းသော အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ သံသရာဘေးကြီး, အပါယ်ဘေးကြီး, ဇာတိဘေးကြီး စသည်ကို ကြောက်သော ရှုသောသူသည်။ အဘိက္ကန္တေ၊ ရှေ့သို့ သွားသည်ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ တဖန် ပြန်၍ ဆုတ်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဝိပဿနာပညာဖြင့် ဆင်ခြင်၍ သွားခြင်း ပြန်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အာလောကိတေ၊ ဣရိယာပုထ်လေးပါးတွင် တပါးပါး၌ ရှေ့ကို တူရူကြည့်သည်ရှိသော်။ ဝိလောကိတေ၊ ဣရိယာပုထ်လေးပါးတွင် တပါးပါး၌ ဘေးကို စောင်း၍ ကြည့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဝိပဿနာပညာဖြင့် ဆင်ခြင်၍ ကြည့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သမိဉ္ဇိတေ၊ ဣရိယာပုထ်လေးပါးတွင် တပါးပါး၌ ဆန့်သောလက်ခြေကို ကွေးသည်ရှိသော်။ ပသာရိတေ၊ ဣရိယာပုထ်လေးပါးတွင် တပါးပါး၌ ကွေးသော လက်ခြေကို ဆန့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဝိပဿနာပညာဖြင့် ဆင်ခြင်၍ ကွေးခြင်း ဆန့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သံဃာဋိပတ္တစီဝရဓာရဏေ၊ ဣရိယာပုထ် လေးပါးတွင် တပါးပါး၌ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဝိပဿနာ ပညာဖြင့် ဆင်ခြင်၍ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အသိတေ၊ ဣရိယာပုထ် လေးပါးတွင် တပါးပါး၌ ဆွမ်း ထမင်း

စသော စားဘွယ်ကို စားသည်ရှိသော်။ ပီတေ၊ ဇူရိယာပုထ် လေးပါးတွင် တပါးပါး၌ သောက်ဘွယ်ကို သောက်သည် ရှိသော်။ ခါယိတေ၊ ဇူရိယာပုထ်လေးပါးတွင် တပါးပါး၌ ခဲဘွယ်ကို ခဲသည်ရှိသော်။ သာယိတေ၊ဇူရိယာပုထ်လေးပါးတွင် တပါးပါး၌ လျက်ဘွယ်ကို လျက်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဝိပဿနာပညာဖြင့် ဆင်ခြင်၍ ဆွမ်းစားခြင်းစသည်ကို ပြုလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာရပဿာဝကမ္မေ၊ ဇူရိယာပုထ် လေးပါးတွင် တပါးပါး၌ ကျင်ကြီး ကျင်ငယ် စွန့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ဝိပဿနာပညာဖြင့် ဆင်ခြင်၍ ကျင်ကြီး ကျင်ငယ် စွန့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဂတေ၊ သွားသည် ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ ဘာသိတေ၊ ဇူရိယာပုထ်လေးပါးတွင် တပါးပါး၌ စကားဆို သည်ရှိသော်။ တုဏှိဘာဝေ၊ဇူရိယာပုထ်လေးပါးတွင် တပါးပါး ၌ ဆိတ်ဆိတ်နေသည်ရှိသော်။ သမ္ပဇာနကာရီ၊ ဝိပဿနာပညာ ဖြင့် ဆင်ခြင်၍ သွားခြင်းစသည်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇူတိ၊ ဤသို့။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်သော။ ကာယေ၀၊ ရုပ်အပေါင်းအစု၌မူလည်း။ ကာယာနုပဿီ၊ ရုပ်အပေါင်းအစုဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

သမ္ပဇညပဗ္ဗံ၊ ဝိပဿနာပညာဖြင့် ဆင်ခြင်သော အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

## စီးဖြန်းနည်း အကျဉ်း

ဂုဏ်းပါဠိတော်နှင့်အညီ စီးဖြန်းနည်းကား—

**ခြေလှမ်းတိုင်း။** ။အဘိက္ကန္တေ-ပဋိက္ကန္တေ-အရမှာ စင်္ကြံသွားသော အခါ မိမိရုပ်ခန္ဓာကြီး တကိုယ်လုံးကို အာရုံပြု၍ ခြေတလှမ်း လှမ်းလျှင် ရုပ်ဟု တကြိမ် နှလုံးသွင်း။ ခြေတလှမ်း လှမ်းလျှင် ရုပ်ဟု တကြိမ် နှလုံးသွင်း။

**ကြည့်ရှုတိုင်း။** ။အာလောကိတေ-ဝိလောကိတေအရမှာ ဇာရိယာ ပုထ်လေးပါးတွင် တပါးပါး၌ ကြည့်သောအခါ သက်ရှိ-သက်မဲ့ ဟူသမျှ မျက်စိဖြင့် အဆင်းကို မြင်တိုင်းမြင်တိုင်း မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု နှလုံးသွင်း။

**အသံကြားတိုင်း။** ။သက်ရှိ-သက်မဲ့ ဟူသမျှ နားဖြင့် အသံကို ကြားတိုင်း ကြားတိုင်း ကြားအပ်သောအသံကို ရုပ်, ရုပ်ဟု နှလုံးသွင်း။

**အနံ့နံတိုင်း။** ။သက်ရှိသက်မဲ့ဟူသမျှ နှာခေါင်းဖြင့် အနံ့ကို နံတိုင်း နံတိုင်း နံအပ်သောအနံ့ကို ရုပ်,ရုပ်ဟု နှလုံးသွင်း။

**အရသာလျက်တိုင်း။** ။သက်ရှိသက်မဲ့ ဟူသမျှ လျှာဖြင့် အရသာ ကို လျက်တိုင်း လျက်တိုင်း လျက်အပ်သော အရသာကို ရုပ်,ရုပ်ဟု နှလုံးသွင်း။

**အတွေ့ကိုထိတိုင်း။** ။သက်ရှိသက်မဲ့ ဟူသမျှ ကိုယ်ဖြင့် အတွေ့ကို ထိတိုင်းထိတိုင်း ထိအပ်သော အတွေ့ကို ရုပ်, ရုပ်ဟု နှလုံးသွင်း။

**ကွေးတိုင်း ဆန့်တိုင်း။** ။သမိဉ္ဇိတေ- ပသာရိတေ-အရမှာ ဇာရိယာ ပုထ်လေးပါးတွင် တပါးပါး၌ လက်ခြေ

ကွေးခြင်းဆန့်ခြင်းကို ပြုသောအခါ လက်ခြေ ကွေးတိုင်းကွေးတိုင်း မိမိရုပ်ခန္ဓာကြီး တကိုယ်လုံးကို အာရုံပြု၍ ရုပ်,ရုပ်ဟု နှလုံးသွင်း။ လက်ခြေ ဆန့်တိုင်း ဆန့်တိုင်း မိမိရုပ်ခန္ဓာကြီး တကိုယ်လုံးကို အာရုံပြု၍ ရုပ်,ရုပ်ဟု နှလုံးသွင်း။

**ဝတ်တိုင်းရုံတိုင်း။** ။စီဝရဓာရဏေ-အရမှာ ဇုရိယာပုထ်လေးပါးတွင် တပါးပါး၌ သင်္ကန်းကို သုံးဆောင်သောအခါ မျက်စိဖြင့် သင်္ကန်းကို မြင်တိုင်း မြင်တိုင်း သင်္ကန်း၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ လက်ဖြင့် သင်္ကန်းကို ကိုင်တိုင်း ကိုင်တိုင်း သင်္ကန်း၌ ထိအပ်သောအတွေ့ကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ ပုဆိုး ထမီ အင်္ကျီ စသည်တို့မှာ သင်္ကန်းနည်းတူ ရုပ်, ရုပ်ဟု နှလုံးသွင်းလေ။

**ကိုင်တွယ်တိုင်း။** ။ပတ္တဓာရဏေ-အရမှာ ဇုရိယာပုထ်လေးပါးတွင် တပါးပါး၌ သပိတ်ကို သုံးဆောင်သောအခါ မျက်စိဖြင့် သပိတ်ကို မြင်တိုင်း မြင်တိုင်း သပိတ်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ လက်ဖြင့် သပိတ်ကို ကိုင်တိုင်း ကိုင်တိုင်း သပိတ်၌ ထိအပ်သော အတွေ့ကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ ပန်းကန်, ဇလုံ, ရေအိုး, ရေခွက် စသည်တို့မှာ သပိတ်နည်းတူ ရုပ်,ရုပ်ဟု နှလုံးသွင်းလေ။

**စားသုံးတိုင်း။** ။အသိတေ အရမှာ – ဇုရိယာပုထ်လေးပါးတွင် တပါးပါး၌ ဆွမ်းစားသောအခါ မျက်စိဖြင့် ဆွမ်း,ဟင်းလျာကို မြင်တိုင်း မြင်တိုင်း ဆွမ်း,ဟင်းလျာ၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ နှာခေါင်းဖြင့် ဆွမ်းဟင်းလျာအနံ့ကို နံတိုင်း နံတိုင်း ဆွမ်းဟင်းလျာ အနံ့၌ နံအပ်သောအနံ့ကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ လျှာဖြင့် ဆွမ်းဟင်း

လျှာအရသာကို လျက်တိုင်း လျက်တိုင်း ဆွမ်းဟင်းလျာ၌ လျက်အပ်သော အရသာကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ လက်ဖြင့် ဆွမ်းဟင်းလျာကို ကိုင်တိုင်းကိုင်တိုင်း ဆွမ်းဟင်းလျာ၌ ထိအပ်သော အတွေ့ကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ ဆွမ်း လက်ထဲသို့ရောက်လျှင် လက်ထဲက ဆွမ်းကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ ဆွမ်းစားသောအခါ ခံတွင်းထဲက ဆွမ်းမကုန်မချင်း ခံတွင်းထဲက ဆွမ်းကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ ဆွမ်းစား၍ပြီးလျှင် လက်က ဘာမျှမကိုင်ဘဲ သပိတ်ပေါ်ကို လက်တင်၍ထား၊ ခံတွင်းထဲက ဆွမ်းကုန်မှ လက်ဖြင့် ဆွမ်းကို ကိုင်ရမည်။ ထမင်းမှာ ဆွမ်းနည်းတူ နှလုံးသွင်းလေ။

**သောက်မျိုတိုင်း။** ။ပိတေ-အရမှာ ဣရိယာပုထ် လေးပါးတွင် တပါးပါး၌ ရေကို သုံးဆောင်သောအခါ မျက်စိဖြင့် ရေကို မြင်တိုင်းမြင်တိုင်း ရေ၌မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ လျှာဖြင့် ရေကို လျက်တိုင်းလျက်တိုင်း ရေ၌ လျက်အပ်သောအရသာကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ ကိုယ်ဖြင့် ရေကို ထိတိုင်း ထိတိုင်း ရေ၌ ထိအပ်သော အတွေ့ကို ရုပ်,ရုပ်ဟု နှလုံးသွင်း။

**ကိုက်ဝါးတိုင်း။** ။ခါယိတေ-အရမှာ ဣရိယာပုထ် လေးပါးတွင် တပါးပါး၌ ခဲဘွယ်ကို သုံးဆောင်သောအခါ မျက်စိဖြင့် ခဲဘွယ်ကို မြင်တိုင်းမြင်တိုင်း ခဲဘွယ်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ နှာခေါင်းဖြင့် ခဲဘွယ်အနံ့ကို နံတိုင်းနံတိုင်း ခဲဘွယ်၌ နံအပ်သော အနံ့ကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ လျှာဖြင့် ခဲဘွယ်ကို လျက်တိုင်းလျက်တိုင်း ခဲဘွယ်၌ လျက်အပ်သော အရသာကို ရုပ်,ရုပ်ဟု နှလုံးသွင်း။ လက်ဖြင့်

ခဲဘွယ်ကို ကိုင်တိုင်းကိုင်တိုင်း ခဲဘွယ်၌ ကိုင်အပ်သော အတွေ့ကို ရုပ်,ရုပ်ဟု နှလုံးသွင်း။

**လျှာဖြင့် လျက်တိုင်း။** ။သာယိတေ-အရမှာ ဇာရိယာပုထ် လေးပါးတွင် တပါးပါး၌ ဆေး, အဖျော်တို့ကို သုံးဆောင်သောအခါ မျက်စိဖြင့် ဆေး,အဖျော်ကို မြင်တိုင်းမြင်တိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။ နှာခေါင်းဖြင့် ဆေးအဖျော်အနံ့ကို နံတိုင်းနံတိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။ လျှာဖြင့် ဆေးအဖျော်အရသာကို လျက်တိုင်းလျက်တိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။ လက်ဖြင့် ဆေးအဖျော်ကို ကိုင်တိုင်း ကိုင်တိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။

**ကျင်ကြီးကျင်ငယ်စွန့်တိုင်း။** ။ဥစ္စာရပဿာဝကမ္မေ-အရမှာ ဇာရိယာပုထ်လေးပါးတွင် တပါးပါး၌ ကျင်ကြီးကျင်ငယ် စွန့်သောအခါ မျက်စိဖြင့် ကျင်ကြီးကျင်ငယ်ကို မြင်တိုင်းမြင်တိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။ နှာခေါင်းဖြင့် ကျင်ကြီးကျင်ငယ်အနံ့ကို နံတိုင်းနံတိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။

**ခြေလှမ်းတိုင်း။** ။ဂတေ-အရမှာ ခရီးသွားသောအခါ ခြေတလှမ်း လှမ်းလျှင် မိမိရုပ်ခန္ဓာကြီး တကိုယ်လုံးကို အာရုံပြု၍ ရုပ်ဟု တကြိမ် နှလုံးသွင်း။ ခြေတလှမ်း လှမ်းလျှင် မိမိရုပ်ခန္ဓာကြီး တကိုယ်လုံးကို အာရုံပြု၍ ရုပ်ဟု တကြိမ် နှလုံးသွင်း။ တနည်းကား-ခရီးသွားသောအခါ မြင်တိုင်း မြင်တိုင်း ကြားတိုင်း ကြားတိုင်း နံတိုင်း နံတိုင်း လျက်တိုင်း လျက်တိုင်း ထိတိုင်းထိတိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။

**တန့်ရပ်တိုင်း။** ။ဌိတေ-အရမှာ ရပ်သောအခါ မြင်တိုင်းမြင်တိုင်း ကြားတိုင်းကြားတိုင်း နံတိုင်းနံတိုင်း လျက်တိုင်း လျက်တိုင်း ထိတိုင်း ထိတိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။

**ထိုင်နေတိုင်း။**　။နိသိန္နေ-အရမှာ ထိုင်သောအခါ မြင်တိုင်း မြင်တိုင်း ကြားတိုင်းကြားတိုင်း နံ့တိုင်း နံ့တိုင်း လျက်တိုင်း လျက်တိုင်း ထိတိုင်း ထိတိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။

**အိပ်နေတိုင်း။**　။သုတ္တေ-အရမှာ အိပ်သောအခါ မပျော်ခင် မြင်တိုင်းမြင်တိုင်း ကြားတိုင်းကြားတိုင်း နံ့တိုင်း နံ့တိုင်း လျက်တိုင်းလျက်တိုင်း ထိတိုင်းထိတိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။

**နိုးကြားတိုင်း။**　။ဇာဂရိတေ-အရမှာ နိုးသောအခါ မြင်တိုင်း မြင်တိုင်း ကြားတိုင်းကြားတိုင်း နံ့တိုင်းနံ့တိုင်း လျက်တိုင်းလျက်တိုင်း ထိတိုင်းထိတိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။

**ပြောဆိုတိုင်း။**　။ဘာသိတေ-အရမှာ ဣရိယာပုထ် လေးပါးတွင် တပါးပါး၌ စကားပြောသောအခါ စကားပြောသောအသံကို ရုပ်,ရုပ်ဟု နှလုံးသွင်း။

**ဆိတ်ဆိတ်နေတိုင်း။**　။တုဏှီဘာဝေ-အရမှာဣရိယာပုထ်လေးပါးတွင် တပါးပါး၌ ဆိတ်ဆိတ်နေသောအခါ မြင်တိုင်းမြင်တိုင်း ကြားတိုင်းကြားတိုင်း နံ့တိုင်းနံ့တိုင်း လျက်တိုင်းလျက်တိုင်း ထိတိုင်းထိတိုင်း ရုပ်,ရုပ်ဟု နှလုံးသွင်း။

**တနည်း**—အာလောကိတေ—ဝိလောကိတေ အရမှာ မိမိကိုယ်၌ မြင်အပ်သောအဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက်စီးဖြန်း။ ထို့နောင် ငါ့ကိုယ် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။

ပါဠိတော်နှင့်အညီ စီးဖြန်းနည်း ပြီး၏။

## စိးဖြန်းနည်း အကျယ် ဖွင့်ပြချက်

နေယျတ္ထအားဖြင့် ရအပ်သော စိးဖြန်းနည်းကား—

သူ့ကိုယ်ကို မြင်လျှင် သူ့ကိုယ်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက်စိးဖြန်း။ ထိုနောင် သူ့ကိုယ် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။

ယောက်ျားကို မြင်လျှင် ယောက်ျား၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက် စိးဖြန်း။ ထိုနောင် ယောက်ျား ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့်ဆင်ခြင်။

မိန်းမကိုမြင်လျှင် မိန်းမ၌မြင်အပ်သော အဆင်းကို ရုပ်, ရုပ်ဟု ဆယ်ခေါက် စိးဖြန်း။ ထိုနောင် မိန်းမ ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသော လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါတို့မှာ နည်းတူမှတ်။

ကိုရွှေသီး, ကိုရွှေပွင့်ကို မြင်လျှင် ကိုရွှေသီး, ကိုရွှေပွင့် ၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက် စိးဖြန်း။ ထိုနောင် ကိုရွှေသီး, ကိုရွှေပွင့် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသော ယောက်ျားတို့၏ အမည်တို့မှာ နည်းတူမှတ်။

မရွှေပွင့်, မငွေပွင့်ကို မြင်လျှင် မရွှေပွင့်, မငွေပွင့် ၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက် စိးဖြန်း။ ထိုနောင် မရွှေပွင့်, မငွေပွင့် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့်ဆင်ခြင်။ ကြွင်းသော မိန်းမတို့၏ အမည်နာမတို့မှာလည်း နည်းတူမှတ်။

နွား, ခွေးကို မြင်လျှင် နွား,ခွေး၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက် စီးဖြန်း။ ထိုနောင် နွား,ခွေး ကေန်မရှိ၊ ရုပ်သာ ကေန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့်ဆင်ခြင်။ ကြွင်းသော တိရစ္ဆာန်တို့မှာ နည်းတူမှတ်။

မြေကြီးကို မြင်လျှင် မြေကြီး၌ မြင်အပ်သော အဆင်းကို ရုပ်, ရုပ်ဟု ဆယ်ခေါက် စီးဖြန်း။ ထိုနောင် မြေကြီး ကေန်မရှိ၊ ရုပ်သာ ကေန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသော ပံသုပထဝီ, ဇာတာပထဝီ, သေလာပထဝီ တို့မှာ နည်းတူမှတ်။

ရေကို မြင်လျှင် ရေ၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက်စီးဖြန်း။ ထိုနောင် ရေ ကေန်မရှိ၊ ရုပ်သာ ကေန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသော မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာ, မဟာသမုဒ္ဒရာ, သိဒ္ဓါခုနစ်တန်, လေးသိန်းရှစ်သောင်း အထုရှိသော ရေတို့မှာ နည်းတူမှတ်။

မီးကို မြင်လျှင် မီး၌မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက် စီးဖြန်း၊ ထိုနောင် မီး ကေန်မရှိ၊ ရုပ်သာ ကေန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့်ဆင်ခြင်။ ကြွင်းသော မီး, ငရဲမီး, ကမ္ဘာမီးတို့မှာ နည်းတူမှတ်။

လေကို မြင်လျှင် လေ၌မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက် စီးဖြန်း။ ထိုနောင် လေ ကေန်မရှိ၊ ရုပ်သာ ကေန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့်ဆင်ခြင်။ ကြွင်းသော ကိုးသိန်းခြောက်သောင်း အထုရှိသော လေတို့မှာ နည်းတူမှတ်။

အုန်းပင်, သရက်ပင် ကို မြင်လျှင် အုန်းပင်, သရက်ပင်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက်စီးဖြန်း။ ထိုနောင်

အုန်းပင်,သရက်ပင် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသော ငှက်ပျောပင်, ဖိန္နဲပင် စသည်တို့မှာ နည်းတူမှတ်။

တောင်ကိုမြင်လျှင် တောင်၌မြင်အပ်သော အဆင်းကို ရုပ်, ရုပ်ဟု ဆယ်ခေါက်စီးဖြန်း။ ထိုနောင် တောင် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသော တောင်, သတ္တရဘ္ဘန်တောင်, မဟာမြင်းခိုရ်တောင်, စကြဝဠာ တောင် စသည်တို့မှာ နည်းတူမှတ်။

ကျောင်းအိမ်ကို မြင်လျှင် ကျောင်းအိမ်၌ မြင်အပ်သော အဆင်းကို ရုပ်,ရုပ်ဟု ဆယ်ခေါက် စီးဖြန်း။ ထိုနောင် ကျောင်း အိမ် ကောန်မရှိ၊ ရုပ်သာ ကောန်ရှိ၏ဟု ဆယ်ခေါက် ဉာဏ်ဖြင့် ဆင်ခြင်။ ကြွင်းသော စရပ်, တန်ဆောင်း, ဂူစသည်တို့မှာ နည်းတူ မှတ်။ နေယျတ္တအားဖြင့် ရအပ်သော စီးဖြန်းနည်းပြီး၏။

ဤကား ရုပ်ဝိဇ္ဇာရ ဘာဝနာကာရ စီးဖြန်းနည်းကို ပြဆို ချက်တည်း။

## ရုပ်-ဥပဌာနာကာရထင်နည်းကို ပြဆိုချက်

ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဣရိယာပုထ် လေးပါး၌ မပြတ်မလပ် အားထုတ်၍ ရုပ်,ရုပ်ဟု စီးဖြန်းလျှင် မကြာခင် ရူပ ပရိစ္ဆေဒဉာဏ် ကောန်ထင်လိမ့်မည်၊ သက်ရှိသက်မဲ့၏ အဆင်းကို မျက်စိဖြင့် မြင်တိုင်းမြင်တိုင်း ရုပ်ချည်း ထင်လိမ့်မည်၊ သက်ရှိ သက်မဲ့၏ အသံကို နားဖြင့် ကြားတိုင်းကြားတိုင်း ရုပ်ချည်းထင် လိမ့်မည်၊ သက်ရှိသက်မဲ့၏ အနံ့ကို နှာခေါင်းဖြင့် နံ့တိုင်းနံ့တိုင်း ရုပ်ချည်း ထင်လိမ့်မည်၊ သက်ရှိသက်မဲ့၏ အရသာကို လျှာဖြင့်

လျက်တိုင်းလျက်တိုင်း ရုပ်ချည်း ထင်လိမ့်မည်၊ သက်ရှိသက်မဲ့၏ အတွေ့ကို ကိုယ်ဖြင့် ထိတိုင်းထိတိုင်း ရုပ်ချည်း ထင်လိမ့်မည်၊ မြင်သမျှ-ကြားသမျှ-နံသမျှ-လျက်သမျှ-ထိသမျှကို ရုပ်ချည်း ဉာဏ်ထဲ၌ အမြဲ ဘင်၍နေလျှင် ရူပပရိစ္ဆေဒဉာဏ် ကောင်းကြောင်းမြင်ပြီဟူ၍ မှတ်။

၍ကား ရုပ်-ဥပဋ္ဌာနာကာရ ထင်နည်းကို ပြဆိုချက်တည်း။

ပညိန္ဒြိယံ ဘာဝေန္တော မောဟံ ပဇဟတိ။

ပညိန္ဒြိယံ၊ ရူပပရိစ္ဆေဒဉာဏ် ထင့်မြင်အောင်။ ဝါ၊ ပညာပါရမီရင့်၍ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရလွယ်အောင်။ ဘာဝေန္တော၊ ဇာရိယာပုထ် လေးပါး၌ မီးပွတ်သော ယောက်ျားကဲ့သို့ မနေမနား အားထုတ်၍ ရုပ်,ရုပ်ဟု ပွါးသည်ရှိသော်။ မောဟံ၊ ရုပ်မှန်းမသိအောင် ဖုံးသွမ်းတတ်သော မောဟမိုက်မှောင်ကြီးကို။ ပဇဟာတိ၊ စွန့်ခွါပယ်ပင်နိုင်၏။

ရုပ်ကို အလယ်အလတ် စီးဖြန်းနည်း, အကျဉ်း စီးဖြန်းနည်း တို့ဖြင့် တန်ဆာဆင်အပ်သော သာမည ဓမ္မရုပ်စီး ဖြန်းနည်း ပြီး၏။

---

## သဘာဝဓမ္မရုပ် စီးဖြန်းပုံ

သဘာဝဓမ္မ-ရုပ် စီးဖြန်းနည်းကို ပြဆိုပေအံ့—

မိမိ မိမိတို့၏ ရုပ်ခန္ဓာကြီး၌ ကောဋ္ဌာသအားဖြင့် သုံးဆယ့်နှစ်ပါး, ကလာပ်အားဖြင့် နှစ်ဆယ့်တပါး အပြားရှိ၏။ ထိုတွင် ဆံပင်ဟု သမုတ်အပ်သော သမ္မုတိပညတ်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ-ဟူ၍ အဋ္ဌကလာပ် ရုပ် ရှစ်ခုရှိ၏။

နိဗ္ဗာနမဂ္ဂဒီပနီ ၁၂ - ပ-မ-ဆာ-၀

**တနည်းလည်း—**ခက်မာ၊ဖွဲ့စည်း၊ ပူအေး၊လှုပ်ရှား၊အဆင်း၊အနံ့၊ အရသာ၊ ဩဇဆိုအနှစ်ဟူ၍ အဋ္ဌကလာပ်ရုပ် ရှစ်ခုရှိ၏။

**ပထဝီဓာတ်။** ။ထိုတွင် ခက်မာခြင်းသဘောကို ပထဝီ, ပထဝီဟု စီးဖြန်း ။ ထိုခက်မာခြင်းသဘောသည် ဆံပင် ကောန်မဟုတ်၊ ပထဝီသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**အာပေါဓာတ်။** ။ဖွဲ့စည်းခြင်းသဘောကို အာပေါ, အာပေါဟု စီး ဖြန်း ။ ထိုဖွဲ့စည်းခြင်းသဘောသည် ဆံပင် ကောန် မဟုတ်၊ အာပေါသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**တေဇောဓာတ်။** ။ပူအေးခြင်းသဘောကို တေဇော, တေဇောဟု စီးဖြန်း။ ထိုပူအေးခြင်းသဘောသည် ဆံပင် ကောန်မဟုတ်၊ တေဇောသာ ကောန် ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ဝါယောဓာတ်။** ။လှုပ်ရှားခြင်းသဘောကို ဝါယော, ဝါယောဟု စီးဖြန်း။ ထိုလှုပ်ရှားခြင်းသဘောသည် ဆံပင် ကောန်မဟုတ်၊ ဝါယောသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**အဆင်းဓာတ်။** ။အဆင်းသဘောကို ဝဏ္ဏ, ဝဏ္ဏဟု စီဖြန်း။ ထို အဆင်းသဘောသည် ဆံပင်ကောန်မဟုတ်၊ ဝဏ္ဏ သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**အနံ့ဓာတ်။** ။အနံ့သဘောကို ဂန္ဓ, ဂန္ဓဟု စီးဖြန်း။ထိုအနံ့သဘော သည် ဆံပင် ကောန်မဟုတ်၊ ဂန္ဓသာ ကောန်ဟုတ်၏ ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**အရသာဓာတ်။** ။အရသာသဘောကို ရသ, ရသဟု စီးဖြန်း။ ထို ရသသဘောသည် ဆံပင်ကောန်မဟုတ်၊ရသသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ဩဇာဓာတ်။** ။အဆီအနှစ်သဘောကို ဩဇာ, ဩဇာဟု စီးဖြန်း။ ထိုအဆီအနှစ် သဘောသည် ဆံပင် ကေန်မဟုတ်၊ ဩဇာသာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ကြွင်းသောကောဋ္ဌာသတို့မှာ ဆံပင်နည်းတူမှတ်။ ကြွင်းသော ကလာပ်တို့မှာ အဋ္ဌကလာပ် နည်းတူမှတ်။

## ဆံပင်၌ ဓာတ်ရှစ်ပါး ဆင်ခြင်ပုံ

**တနည်းလည်း—** ခက်နု၊ဖွဲ့ယို၊ အေးပူ၊ ထောက်လှုပ်၊အဆင်း၊အနံ့၊ အရသာ၊ အဆီအနှစ် ဟူ၍ အဋ္ဌကလာပ်ရုပ် ရှစ်ခုရှိ၏။

ထို ရှစ်ခုတို့တွင် ခက်မာခြင်း, နူးညံ့ခြင်းသဘောကို ပထဝီ, ပထဝီဟု စီးဖြန်း။ ထိုခက်မာခြင်း,နူး ညံ့ခြင်းသဘောသည် ဆံပင် ကေန်မဟုတ်၊ ပထဝီသာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဖွဲ့စည်းခြင်း, ယိုစီးခြင်း သဘောကို အာပေါ, အာပေါဟု စီးဖြန်း။ ထိုဖွဲ့စည်းခြင်း, ယိုစီးခြင်းသဘောသည် ဆံပင် ကေန် မဟုတ်၊ အာပေါသာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

အေးခြင်း,ပူခြင်းသဘောကို တေဇော, တေဇောဟု စီးဖြန်း။ ထိုအေးခြင်း,ပူခြင်းသဘောသည် ဆံပင် ကေန်မဟုတ်၊ တေဇော သာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ထောက်ပံ့ခြင်း, လှုပ်ရှားခြင်း သဘောကို ဝါယော, ဝါယော ဟု စီးဖြန်း။ ထိုထောက်ပံ့ခြင်း, လှုပ်ရှားခြင်း သဘောသည် ဆံပင် ကေန်မဟုတ်၊ ဝါယောသာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

အဆင်း သဘောကို ဝဏ္ဏ,ဝဏ္ဏဟု စီးဖြန်း။လ။

အနံ့သဘောကို ဂန္ဓ, ဂန္ဓဟု စီးဖြန်း။လ။

အရသာသဘောကို ရသ, ရသဟု စီးဖြန်း။လ။

အဆီအနှစ်သဘောကို ဩဇာ, ဩဇာဟု စီးဖြန်း။ ထိုအဆီအနှစ်သဘောသည် ဆံပင် ကေန်မဟုတ်၊ ဩဇာသာ ကေန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ကြွင်းသော ကောဋ္ဌာသတို့မှာ ဆံပင်နည်းတူမှတ်၊ ကြွင်းသော ကလာပ်တို့မှာ အဋ္ဌကလာပ်နည်းတူမှတ်။

ထိုအဋ္ဌကလာပ်ရုပ် ရှစ်ခုတို့တွင် ကက္ခဠ၊ အာဗန္ဓန၊ သီတ၊ ဝိတ္ထမ္ဘန လက္ခဏာတို့သည် သီတသမုဋ္ဌာန်ကြောင့် ဖြစ်ကုန်၏။ မုဒု၊ ပဋ္ဌရဏ၊ ဥဏှ၊ စလန၊ လက္ခဏာတို့သည် ဥဏှသမုဋ္ဌာန် ကြောင့် ဖြစ်ကုန်၏။

သီတသမုဋ္ဌာန်ကြောင့်ဖြစ်သော လက္ခဏာတို့ကို ရှေးကချည်းထားလိုက်သည်။ ဥဏှသမုဋ္ဌာန်ကြောင့်ဖြစ်သော လက္ခဏာတို့ကိုကား နောက်ကချည်း ထားလိုက်သည်။

ဤကား သဘာဝဓမ္မ ရုပ် စီးဖြန်းနည်းကို ပြဆိုချက်တည်း။

ရူပပရိစ္ဆေဒဉာဏ် ပြီး၏။

တတိယကဏ္ဍ ပြီး၏။

# ပဝတ္တကထာ

## နာမပရိစ္ဆေဒဉာဏ်အခန်း

နာမပရိစ္ဆေဒဉာဏ်အရာ သာမညနာမ် မကျဉ်းမကျယ် အလယ်အလတ် စီးဖြန်းနည်းကို ပြဆိုပေအံ့။

### သာမညနာမ် အလတ် စီးဖြန်းနည်း

သာမညနာမ် ဘာဝနာကာရ အလတ်စီးဖြန်းနည်းကား—

မြင် ကြား နံ လျက် ထိ သိ၊ ခြောက်လုံးရှိ၊

သိလျှင် နာမ်ချည်းမှတ်—

ဟူသော တတိယ ဝိပဿနာ လင်္ကာသံခိပ်နှင့်အညီ မိမိနာမ် ခန္ဓာကြီးကို နာမ်ထင်မြင်အောင် ကမ္မဋ္ဌာန်း စီးဖြန်းလိုသော ဝိပဿနာယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စိတ်တည်ကြည် ငြိမ်သက်အောင် ထိုင်၍စီးဖြန်း၊ စိတ်တည်ကြည် ငြိမ်သက်လျှင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းမှန်းသိသော ကုသိုလ်စိတ်ကို နာမ်, နာမ်ဟု တနာရီ စီးဖြန်း၊ တနာရီပြည့်လျှင် ထိုကုသိုလ်စိတ်သည် ငါ ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ ဤကဲ့သို့ချည်း နာမ်မထင်မချင်း စီးဖြန်းလေ။

ဤကား မိမိနာမ်ခန္ဓာကြီးကို နာမ်ထင်မြင်အောင် ကမ္မဋ္ဌာန်း စီးဖြန်းနည်း လိုရင်းကြီးအချုပ်ကို ပြဆိုချက်တည်း။

မိမိနာမ်ခန္ဓာကြီးကို နာမ်ထင်မြင်အောင် ဣရိယာပုထ် လေးပါး၌ ကမ္မဋ္ဌာန် စီးဖြန်းလိုသော ဝိပဿနာယောဂီပုဂ္ဂိုလ်သည် မျက်စိဖြင့် အဆင်းကို မြင်တိုင်းမြင်တိုင်း မြင်၍သိတတ်သော

စိတ်ကို နာမ်, နာမ်ဟု စီးဖြန်း၊ ထိုစိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

နားဖြင့် အသံကို ကြားတိုင်းကြားတိုင်း ကြား၍ သိတတ်သော စိတ်ကို နာမ်, နာမ်ဟု စီးဖြန်း၊ ထိုစိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

နှာခေါင်းဖြင့် အနံ့ကို နံတိုင်းနံတိုင်း နံ၍ သိတတ်သော စိတ်ကို နာမ် နာမ်ဟု စီးဖြန်း၊ ထိုစိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

လျှာဖြင့် အရသာကို လျက်တိုင်းလျက်တိုင်း လျက်၍ သိတတ်သော စိတ်ကို နာမ် နာမ်ဟု စီးဖြန်း၊ ထို စိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ကိုယ်ဖြင့် အတွေ့ကို ထိတိုင်းထိတိုင်း ထိ၍သိတတ်သော စိတ်ကို နာမ် နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ကုသိုလ်မှန်း သိသောစိတ်ကို နာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဤကား သာမညနာမ် ဘာဝနာ ကာရ အလတ်စီးဖြန်းနည်းကို ပြဆိုချက်တည်း။

**သာမညနာမ်၌ ထင်မြင်ပုံ။** ။သာမညနာမ် ဥပဋ္ဌာန ကာရ အလတ် ထင်နည်းကား—ဤဆိုအပ်ခဲ့ပြီးသည့် အတိုင်း ဇာရိယာပုထ်လေးပါး၌ မှီးပွတ်သော ယောက်ျားကဲ့သို့

မနေမနား အားထုတ်၍ နာမ်, နာမ်ဟု မပြတ်မလပ် စီးဖြန်းလျှင် မကြာခင် နာမ်ကောန် ထင်မြင်လိမ့်မည်၊ အဇ္ဈတ္တ-ဗဟိဒ္ဓ သက်ရှိ ဟူသမျှကို နာမ်ချည်း ဉာဏ်ထဲ၌ အမြဲထင်၍နေလျှင် နာမ်ကောန် ထင်မြင်ပြီ ဟူ၍မှတ်။

ဤကား နာမ်ဥပဋ္ဌာနာကာရ အလယ်ထင်နည်းကို ပြဆိုချက်တည်း။

သာမညနာမ် မကျဉ်းမကျယ် အလယ်အလတ်
စီးဖြန်းနည်း ပြီး၏။

**သာမညနာမ်၌ အကျယ်စီးဖြန်းပုံ**

သာမညနာမ် အကျယ်ဝိတ္ထာရ စီးဖြန်းနည်း, ထင်နည်းတို့ကို ပြဆိုပေအံ့—

**သွားသောစိတ်။**　။သာမညနာမ် အကျယ်ဝိတ္ထာရ ဘာဝနာကာရ စီးဖြန်းနည်းကား အဘိက္ကန္တေ-ပဋိက္ကန္တေအရ မှာ စကြံသွားလိုသောစိတ်ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ခြေကို လှမ်းတိုင်း လှမ်းတိုင်း နာမ်,နာမ်ဟု စီးဖြန်း။ ခြေကို နောက်သို့ ဆုတ်တိုင်းဆုတ်တိုင်းနာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်, နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ ခြေ လှမ်းတိုင်း ဆုတ်တိုင်း ဤကဲ့သို့ချည်း စီးဖြန်း ဆင်ခြင်လေ။

**ကြည့်သောစိတ်။**　။အာလောကိတေ-ဝိလောကိတေအရမှာ ဇူရိယာပုထ်လေးပါးတွင် တပါးပါး၌ ကြည့်လိုသောစိတ်ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ နာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ကွေးလိုဆန့်လိုသောစိတ်။** ။သမိဉ္ဇိတေ-ပသာရိတေ-အရမှာ ဇူရိယာပုထ်လေးပါးတွင် တပါးပါး၌ ဆန့်သောလက်ခြေကို ကွေးလိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ လက်ခြေ ကွေးတိုင်း ကွေးတိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ကွေးသောလက်ခြေကို ဆန့်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ လက်ခြေဆန့်တိုင်း ဆန့်တိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ဝတ်ရုံလိုသောစိတ်။** ။စီဝရဓာရဏေ-အရမှာ ဇူရိယာပုထ်လေးပါးတွင် တပါးပါး၌ သင်္ကန်းကို ဝတ်လိုရုံလိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ဝတ်တိုင်း ရုံတိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ပုဆိုး-ထမီ-အင်္ကျီ စသည်တို့ကို ဝတ်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ဝတ်တိုင်း ရုံတိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ကိုင်လိုသောစိတ်။** ။ပတ္တဓာရဏေ-အရမှာ ဇူရိယာပုထ်လေးပါးတွင် တပါးပါး၌ သပိတ်ကို ကိုင်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ကိုင်တိုင်း ကိုင်တိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ရေအိုး-ရေခွက်-ပန်းကန်-ဇွန်း စသည်တို့ကို ကိုင်လိုသောစိတ် ဖြစ်၏။ထိုစိတ်ကို အာရုံပြု၍ ကိုင်တိုင်း ကိုင်တိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**စားလိုသောစိတ်။** ။အသိတေ-အရမှာ ဇာရိယာပုထ်လေးပါးတွင် တပါးပါး၌ ဆွမ်းစားလိုသောစိတ် ဖြစ်၏။ ထမင်းစားလိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ဆွမ်းစားတိုင်း ထမင်းစားတိုင်း နာမ်,နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**သောက်လိုသောစိတ်။** ။ပီတေ-အရမှာ ဇာရိယာပုထ်လေးပါးတွင် တပါးပါး၌ ရေကို သောက်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ရေသောက်တိုင်း သောက်တိုင်း နာမ်,နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ခဲစားလိုသောစိတ်။** ။ခါယိတေ-အရမှာ ဇာရိယာပုထ် လေးပါးတွင် တပါးပါး၌ ခဲဘွယ်ကို စားလိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ နာမ်,နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**လျက်လိုသောစိတ်။** ။သာယိတေ-အရမှာ ဇာရိယာပုထ် လေးပါးတွင် တပါးပါး၌ ဆေးအဖျော်ကို လျက်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ လျက်တိုင်း လျက်တိုင်း နာမ်,နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ကျင်ကြီး ကျင်ငယ်စွန့်လိုသောစိတ်။** ။ဥစ္စာရပဿာဝကမ္မေ-အရမှာ ဇာရိယာပုထ် လေးပါးတွင် တပါးပါး၌ ကျင်ကြီး ကျင်ငယ် စွန့်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ကျင်ကြီး ကျင်ငယ်စွန့်တိုင်း စွန့်တိုင်း နာမ်,နာမ်ဟု စီးဖြန်း။

ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**သွားလိုသောစိတ်။** ။ဂစ္ဆတော-အရမှာ သွားလိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ခြေလှမ်းတိုင်း လှမ်းတိုင်း နာမ်,နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ရပ်လိုသောစိတ်။** ။ဌိတေ-အရမှာ ရပ်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ရပ်တိုင်းရပ်တိုင်း နာမ်,နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ထိုင်လိုသောစိတ်။** ။နိသိန္နေ-အရမှာ ထိုင်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ထိုင်တိုင်း ထိုင်တိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**အိပ်လိုသောစိတ်။** ။သုတ္တေ-အရမှာ အိပ်လိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ အိပ်တိုင်း အိပ်တိုင်း နာမ်,နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**နိုးကြားသောစိတ်။** ။ဇာဂရိတေ-အရမှာ နိုးသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ နိုးတိုင်း နိုးတိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါ့ကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ပြောလိုသောစိတ်။** ။ဘာသိတေ-အရမှာ ဇုရိယာပုထ် လေးပါးတွင် တပါးပါး၌ စကားပြောလိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ စကားပြော တိုင်း ပြောတိုင်း နာမ်, နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ဆိတ်ဆိတ်နေလိုသောစိတ်။** ။တုဏှီဘာဝေ အရမှာ ဇုရိယာပုထ် လေးပါးတွင် တပါးပါး၌ ဆိတ်ဆိတ် နေလိုသောစိတ် ဖြစ်၏။ ထိုစိတ်ကို အာရုံပြု၍ ဆိတ်ဆိတ် နေတိုင်း နေတိုင်း နာမ်,နာမ်ဟု စီးဖြန်း။ ထိုစိတ်သည် ငါကိုယ် ကောန်မဟုတ်၊ နာမ်သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဤကား သာမညနာမ်အကျယ် ဘာဝနာကာရစီးဖြန်းနည်းကို ပြဆိုချက်ထည်း။

**သာမညနာမ်၌ထင်မြင်ပုံ။** ။သာမညနာမ် ဥပဋ္ဌာနာကာရအကျယ် ထင်နည်းကား—

ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဇုရိယာပုထ် လေးပါးတွင် တပါးပါး၌ မပြတ်ရလပ် စီးဖြန်းနိုင်လျှင် မကြာခင် နာမပရိစ္ဆေဒဉာဏ် ကောန်ထင်မြင် လိမ့်မည်။ အဇ္ဈတ္တ,ဗဟိဒ္ဓ၌ သက်ရှိဟူသမှုကို နာမ်ချည်းဟု ဉာဏ်ဖြင့် အမြဲမြင်၍နေလျှင် နာမပရိစ္ဆေဒ ဉာဏ် ကောန်ထင်မြင်ပြီဟူ၍ မှတ်။

ပညိန္ဒြိယံ ဘာဝေန္တော မောဟံ ပဇဟတိ။

ပညိန္ဒြိယံ၊ နာမပရိစ္ဆေဒဉာဏ် ထင်မြင်အောင်။ ဝါ၊ ပညာ ပါရမီရင့်၍ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရလွယ်အောင်။ ဘာ-

ဝေန္တော၊ ဇာရိယ ပုတ်လေးပါး၌ မီးပွတ်သော ယောက်ျားကဲ့သို့ မနေမနား အားထုတ်၍ နာမ်,နာမ်ဟု ပွါးစေသည်ရှိသော်။ မောဟံ၊ နာမ်မှန်းမသိအောင် ဖုံးလွှမ်းတတ်သော မောဟမိုက်မှောင်ကြီးကို။ ပဇဟတိ၊ လျှင်မြန်စွာ စွန့်ခွါပယ်ပင်နိုင်၏။

ဤကား သာမညနာမ် ဥပဋ္ဌာနာကာရ အကျယ်ထင်နည်းကို ပြဆိုချက်တည်း။

သာမညနာမ် ပြီး၏။

---

**သဘာဝနာမ်၌ စီးဖြန်းနည်း**

သဘာဝနာမ်ကို ပြဆိုပေအံ့—

**သဘာဝနာမ်ကလာပ်။** ။နာမ်ကလာပ်စည်းပုံကား—စက္ခုဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ဇီဝိတိန္ဒြေ၊မနသိကာရ။ (စက္ခုဝိညာဏကလာပ်ရှစ်ခု။)

သောတဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ။ (သောတဝိညာဏကလာပ်ရှစ်ခု။)

ဃာနဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ။ (ဃာနဝိညာဏကလာပ်ရှစ်ခု။)

ဇိဝှါဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ။ (ဇိဝှါဝိညာဏကလာပ်ရှစ်ခု။)

ကာယဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ။ (ကာယဝိညာဏကလာပ်ရှစ်ခု။)

ကုသိုလ်စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊

ဆန္ဒ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြ-မဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တ-လဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တ-ကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ၊ အမောဟ။ (မဟာကုသိုလ် ဝိညာဏကလာပ် သုံးဆယ့်ခုလေးခု။)

နာမ် ကလာပ်စည်းပုံ ပြီး၏။

---

## နာမ်ကလာပ်၌ ဝိပဿနာရှုပုံ

သဘာဝနာမ် စီးဖြန်းပုံကား—

**စက္ခုဝိညာဏကလာပ်။** ။ထို ဝိညာဏ်ခြောက်ခုတို့တွင် ရူပါရုံကို မြင်ခြင်းကို စက္ခုဝိညာဏ်, စက္ခုဝိညာဏ် ဟု စီးဖြန်း။ ထိုစက္ခုဝိညာဏ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ စက္ခုဝိညာဏ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ရူပါရုံကို တွေ့ခြင်းကို ဖဿ, ဖဿဟု စီးဖြန်း။ ထိုဖဿသည် ငါ့ကိုယ် ကောင်မဟုတ်၊ ဖဿသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ရူပါရုံကို ခံစားခြင်းကို ဝေဒနာ, ဝေဒနာဟု စီးဖြန်း။ ထို ဝေဒနာသည် ငါ့ကိုယ် ကောင်မဟုတ်၊ ဝေဒနာသာ ကောင် ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ရူပါရုံကို မှတ်ခြင်းကို သညာ,သညာဟုစီးဖြန်း။ထိုသညာသည် ငါ့ကိုယ် ကောင်မဟုတ်၊ သညာသာကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ရူပါရုံ၌ တိုက်ခွန်း နှိုးဆော်ခြင်းကို စေတနာ, စေတနာဟု စီးဖြန်း။ ထိုစေတနာသည် ငါ့ကိုယ် ကောင်မဟုတ်၊ စေတနာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ရူပါရုံ၌ တည်ကြည်ငြိမ်သက်ခြင်းကို ကေဂ္ဂတာ, ကေဂ္ဂတာဟု စီးဖြန်း။ ထိုကေဂ္ဂတာသည် ငါ့ကိုယ်ကောင်မဟုတ်၊ ကေဂ္ဂတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

အတူတကွဖြစ်သော နာမ်တရားတို့ကို စောင့်ရှောက်ခြင်း အစိုးရခြင်းကို ဇီဝိတိန္ဒြေ,ဇီဝိတိန္ဒြေဟု စီးဖြန်း။ ထိုဇီဝိတိန္ဒြေသည် ငါ့ကိုယ် ကောင်မဟုတ်၊ ဇီဝိတိန္ဒြေသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ရူပါရုံ၌ နှလုံးသွင်းခြင်းကို မနသိကာရ, မနသိကာရဟု စီးဖြန်း။ ထိုမနသိကာရသည် ငါ့ကိုယ်ကောင်မဟုတ်၊ မနသိကာရသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

စက္ခုဝိညာဏကလာပ် ရှုပ်ရှုစ်ခု ပြီး၏။

**သောတဝိညာဏကလာပ်။** ။သောတဝိညာဏကလာပ်ရှစ်ခုကား— သဒ္ဒါရုံကို ကြားခြင်းကို သောတဝိညာဏ်,သောတဝိညာဏ်ဟု စီးဖြန်း။ ထိုသောတဝိညာဏ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ သောတဝိညာဏ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။လ။သဒ္ဒါရုံ၌ နှလုံးသွင်းခြင်းကို မနသိကာရ, မနသိကာရဟု စီးဖြန်း။ ထိုမနသိကာရသည် ငါ့ကိုယ် ကောင်မဟုတ်၊ မနသိကာရသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

သောတဝိညာဏကလာပ်ရှစ်ခု ပြီး၏။

**ဃာနဝိညာဏကလာပ်။** ။ဃာနဝိညာဏကလာပ်ရှုစ်ခုကား—ဂန္ဓာရုံကို ဃာနဝိညာဏ်, ဃာနဝိညာဏ်ဟု စီးဖြန်း။ ထိုဃာနဝိညာဏ်သည် ငါကိုယ်ကောင်မဟုတ်၊ ဃာန-ဝိညာဏ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ (ဖဿစသည်မှာ စက္ခုဝိညာဏကလာပ်နည်းတူ မှတ်။)

ဃာနဝိညာဏကလာပ်ရှုစ်ခု ပြီး၏။

**ဇိဝှါဝိညာဏကလာပ်။** ။ဇိဝှါဝိညာဏကလာပ်ရှစ်ခုကား—ရသာရုံကို လျက်ခြင်းကို ဇိဝှါဝိညာဏ်, ဇိဝှါဝိညာဏ်ဟု စီးဖြန်း။ ထိုဇိဝှါဝိညာဏ်သည် ငါကိုယ် ကောင်မဟုတ်၊ ဇိဝှါဝိညာဏ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။ (ဖဿ စသည်မှာ စက္ခုဝိညာဏ် နည်းတူ။)

ဇိဝှါဝိညာဏကလာပ်ရှစ်ခု ပြီး၏။

**ကာယဝိညာဏကလာပ်။** ။ကာယဝိညာဏကလာပ် ရှစ်ခုကား—ဖောဋ္ဌဗ္ဗာရုံကို တွေ့ခြင်းကို ကာယဝိညာဏ်, ကာယဝိညာဏ်ဟု စီးဖြန်း။ ထိုကာယဝိညာဏ်သည် ငါကိုယ် ကောင်မဟုတ်၊ ကာယဝိညာဏ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ (ဖဿစသည်မှာ စက္ခုဝိညာဏကလာပ် နည်းတူမှတ်။)

ကာယဝိညာဏကလာပ် ရှစ်ခု ပြီး၏။

**မဟာကုသိုလ် ဝိညာဏကလာပ်။** ။မဟာကုသိုလ်ဝိညာဏကလာပ် သုံးဆယ့်လေးခုကား— ဘုရားအာရုံကို သိခြင်းကို မဟာကုသိုလ်စိတ်, မဟာကုသိုလ်စိတ်ဟု

စီးဖြန်း။ ထိုမဟာကုသိုလ်စိတ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ မဟာကုသိုလ်စိတ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို တွေ့ခြင်းကို ဖဿ, ဖဿဟု စီးဖြန်း။ ထိုဖဿသည် ငါ့ကိုယ် ကောင်မဟုတ်၊ ဖဿသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို ခံစားခြင်းကို ဝေဒနာ, ဝေဒနာဟု စီးဖြန်း။ ထိုဝေဒနာသည် ငါ့ကိုယ် ကောင်မဟုတ်၊ ဝေဒနာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို မှတ်ခြင်းကို သညာ, သညာဟု စီးဖြန်း။ ထိုသညာသည် ငါ့ကိုယ် ကောင်မဟုတ်၊ သညာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားအာရုံ၌ တိုက်တွန်း နှိုးဆော်ခြင်းကို စေတနာ,စေတနာဟု စီးဖြန်း။ ထိုစေတနာသည် ငါ့ကိုယ် ကောင်မဟုတ်။ စေတနာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားအာရုံ၌ ငြိမ်သက်တည်ကြည်ခြင်းကို ဧကဂ္ဂတာ, ဧကဂ္ဂတာဟု စီးဖြန်း။ ထိုဧကဂ္ဂတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ ဧကဂ္ဂတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

အတုတကွဖြစ်သော နာမ်တရားတို့ကို စောင့်ရှောက်ခြင်း အစိုးရခြင်းကို ဇီဝိတိန္ဒြေ,ဇီဝိတိန္ဒြေဟု စီးဖြန်း။ ထိုဇီဝိတိန္ဒြေသည် ငါ့ကိုယ် ကောင်မဟုတ်၊ ဇီဝိတိန္ဒြေသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံ၌ နှလုံးသွင်းခြင်းကို မနသိကာရ, မနသိကာရဟု စီးဖြန်း။ ထိုမနသိကာရသည် ငါ့ကိုယ် ကောန်မဟုတ်၊ မနသိကာရ သာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို ရှေးရှုကြံခြင်းကို ဝိတက်, ဝိတက်ဟု စီးဖြန်း။ ထိုဝိတက်သည် ငါ့ကိုယ် ကောန်မဟုတ်၊ ဝိတက်သာ ကောန် ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရား အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်းကို ဝိစာရ, ဝိစာရ ဟု စီးဖြန်း။ ထို ဝိစာရသည် ငါ့ကိုယ် ကောန်မဟုတ်။ ဝိစာရသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို ဆုံးဖြတ်နိုင်ခြင်းကို အဓိမောက္ခ,အဓိမောက္ခဟု စီးဖြန်း။ ထိုအဓိမောက္ခသည် ငါ့ကိုယ် ကောန်မဟုတ်၊ အဓိမောက္ခ သာ ကောန် ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို အားထုတ်ခြင်းကို ဝီရိယ, ဝီရိယဟု စီးဖြန်း။ ထိုဝီရိယသည် ငါ့ကိုယ် ကောန်မဟုတ်၊ ဝီရိယသာ ကောန် ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို နှစ်သက်ခြင်းကို ပီတိ, ပီတိဟု စီးဖြန်း။ ထို ပီတိသည် ငါ့ကိုယ် ကောန်မဟုတ်၊ ပီတိသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို ပြုလိုကာမတ္တကို ဆန္ဒ, ဆန္ဒဟု စီးဖြန်း။ ထိုဆန္ဒသည် ငါ့ကိုယ် ကောန်မဟုတ်၊ ဆန္ဒသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို ယုံကြည်ခြင်းကို သဒ္ဓါ, သဒ္ဓါဟု ဓိုးဖြန်း။ ထို သဒ္ဓါသည် ငါ့ကိုယ် ကောန်မဟုတ်၊ သဒ္ဓါသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံကို အောက်မေ့ခြင်းကို သတိ, သတိဟု ဓိုးဖြန်း။ ထို သတိသည် ငါ့ကိုယ် ကောန်မဟုတ်၊ သတိသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကာယဒုစရိုက်စသည် ဖြစ်မည်မှ ရှက်ခြင်းကို ဟိရီ, ဟိရီဟု ဓိုးဖြန်း။ ထိုဟိရီသည် ငါ့ကိုယ် ကောန်မဟုတ်၊ ဟိရီသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကာယဒုစရိုက်စသည် ဖြစ်မည်မှ ထိတ်လန့်ခြင်းကို ဩတ္တပ္ပ, ဩတ္တပ္ပဟု ဓိုးဖြန်း။ ထိုဩတ္တပ္ပသည် ငါ့ကိုယ် ကောန်မဟုတ်၊ ဩတ္တပ္ပသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံ၌ ငြိသောအားဖြင့် မတပ်ခြင်းကို အလောဘ, အလောဘဟု ဓိုးဖြန်း။ ထိုအလောဘသည် ငါ့ကိုယ် ကောန်မဟုတ်၊ အလောဘသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားအာရုံ၌ ကြမ်းတမ်းသောအားဖြင့် မပြစ်မှားခြင်းကို အဒေါသ,အဒေါသဟု ဓိုးဖြန်း။ ထိုအဒေါသသည် ငါ့ကိုယ် ကောန်မဟုတ်၊ အဒေါသသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ထိုထိုသို့သော ဘုရားအာရုံတို့၌ လျစ်လျူရှုခြင်းကို တတြ·မဇ္ဈတ္တတာ, တတြမဇ္ဈတ္တတာဟု ဓိုးဖြန်း။ ထိုတတြမဇ္ဈတ္တတာသည် ငါ့ကိုယ် ကောန်မဟုတ်၊ တတြမဇ္ဈတ္တတာသာ ကောန် ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ အကုသိုလ်စေတသိက်တွေ ငြိမ်းအေးခြင်းကို ကာယပဿဒ္ဓိ, ကာယပဿဒ္ဓိဟု စီးဖြန်း။ ထိုကာယပဿဒ္ဓိသည် ငါ့ကိုယ် ကောင်မဟုတ်၊ ကာယပဿဒ္ဓိသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ အကုသိုလ်စိတ်တွေ ငြိမ်းအေးခြင်းကို စိတ္တပဿဒ္ဓိ, စိတ္တပဿဒ္ဓိဟု စီးဖြန်း။ ထိုစိတ္တပဿဒ္ဓိသည် ငါ့ကိုယ် ကောင်မဟုတ်၊ စိတ္တပဿဒ္ဓိသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စေတသိက်တွေ လျင်မြန်ပေါ့ပါးခြင်းကို ကာယလဟုတာ, ကာယလဟုတာဟု စီးဖြန်း။ ထိုကာယလဟုတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ ကာယလဟုတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စိတ်တွေ လျင်မြန် ပေါ့ပါးခြင်းကို စိတ္တလဟုတာ, စိတ္တလဟုတာဟု စီးဖြန်း။ ထိုစိတ္တလဟုတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ စိတ္တလဟုတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စေတသိက်တွေ နူးညံ့ခြင်းကို ကာယမုဒုတာ, ကာယမုဒုတာဟု စီးဖြန်း။ ထိုကာယမုဒုတာသည် ငါ့ကိုယ် ကောင် မဟုတ်၊ ကာယမုဒုတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စိတ်တွေ နူးညံ့ခြင်းကို စိတ္တမုဒုတာ,စိတ္တမုဒုတာဟု စီးဖြန်း။ ထိုစိတ္တမုဒုတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ စိတ္တမုဒုတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စေတသိက်တွေ အမှုန့်ခံ့ခြင်းကို ကာယကမ္မညတာ, ကာယကမ္မညတာဟု စီးဖြန်း။ ထိုကာယကမ္မညတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ ကာယကမ္မညတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စိတ်တွေ အမှုန့်ခံ့ခြင်းကို စိတ္တကမ္မညတာ, စိတ္တကမ္မညတာဟု စီးဖြန်း။ ထိုစိတ္တကမ္မညတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ စိတ္တကမ္မညတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စေတသိက်တွေ ကျင်နာခြင်းမှ ငြိမ်းခြင်းကို ကာယပါဂုညတာ, ကာယပါဂုညတာဟု စီးဖြန်း။ ထိုကာယပါဂုညတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ ကာယပါဂုညတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စိတ်တွေ ကျင်နာခြင်းမှ ငြိမ်းခြင်းကို စိတ္တပါဂုညတာ, စိတ္တပါဂုညတာဟု စီးဖြန်း။ ထိုစိတ္တပါဂုညတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ စိတ္တပါဂုညတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စေတသိက်တွေ ဖြောင့်မတ်စွာ ဖြစ်ခြင်းကို ကာယုဇုကတာ, ကာယုဇုကတာဟု စီးဖြန်း။ ထိုကာယုဇုကတာသည် ငါ့ကိုယ် ကောင်မဟုတ်၊ ကာယုဇုကတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ကုသိုလ်စိတ်တွေ ဖြောင့်မတ်စွာ ဖြစ်ခြင်းကို စိတ္တုဇုကတာ, စိတ္တုဇုကတာဟု စီးဖြန်း။ ထိုစိတ္တုဇုကတာသည် ငါ့ကိုယ် ကောင် မဟုတ်၊ စိတ္တုဇုကတာသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ဘုရားကို အာရုံပြုသောအခါ ဘုရားအာရုံကို မတွေမဝေ သိခြင်းကို အမောဟ, အမောဟဟု စီးဖြန်း။ ထိုအမောဟသည် ငါ့ကိုယ် ကောင်မဟုတ်၊ အမောဟသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဤကား သဘာဝဓမ္မနာမ် စီးဖြန်းနည်းကို ပြဆိုချက်တည်း။

နာမပရိစ္ဆေဒဉာဏ် ပြီး၏။

စတုတ္ထကဏ္ဍ ပြီး၏။

# ပဋ္ဌမကဏ္ဍ

## နာမရူပပရိစ္ဆေဒဉာဏ်ခန်း

**ပြုမူသိမြင်တိုင်း ပွါးရန်** ။ ။ ထင်မြင်ပြီးသော ရုပ်နာမ် နှစ်ပါးကို ပေါင်း၍ ကမ္မဋ္ဌာန်း စီးဖြန်းနည်း လိုရင်းကြီးအချုပ်ကို ပြဆိုပေအံ့—

ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ-အရမှာ ထင်မြင်ပြီးသော မိမိ ရုပ်ခန္ဓာကြီးကို အာရုံပြု၍ လက်ျာညာခြေ လှမ်းလျှင် ရုပ်ဟု တကြိမ် စီးဖြန်း။ ထင်မြင်ပြီးသော မိမိ နာမ်ခန္ဓာကြီးကို အာရုံပြု၍ လက်ဝဲဘယ်ခြေ လှမ်းလျှင် နာမ်ဟု တကြိမ်စီးဖြန်း။ ခြေလှမ်းတိုင်း လှမ်းတိုင်း ဤကဲ့သို့ချည်း စီးဖြန်းလေ။

တနည်း — သွားသောအခါ မျက်စိဖြင့် သက်ရှိကို မြင်တိုင်း မြင်တိုင်း ရုပ်နာမ်, ရုပ်နာမ်ဟု စီးဖြန်း။ ထိုရုပ်နာမ်သည် သတ္တဝါ ကောင်မဟုတ်၊ ရုပ်နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

နားဖြင့် သက်ရှိအသံကို ကြားတိုင်း ကြားတိုင်း ရုပ်နာမ်, ရုပ်နာမ်ဟု စီးဖြန်း။ ထိုရုပ်နာမ်သည် သတ္တဝါ ကောင်မဟုတ်၊ ရုပ်နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ကိုယ်ဖြင့် သက်ရှိကို ထိတိုင်း ထိတိုင်း ရုပ်နာမ်, ရုပ်နာမ်ဟု စီးဖြန်း။ ထိုရုပ်နာမ်သည် သတ္တဝါ ကောင်မဟုတ်။ ရုပ်နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဌိတောဝါ ဌိတောမှိတိ ပဇာနာတိ-အရမှာ ရပ်သောအခါ မိမိ ရုပ်နာမ်နှစ်ပါးကို အာရုံပြု၍—

နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ-အရမှာ ထိုင်သော အခါ မိမိ ရုပ်နာမ်နှစ်ပါးကို အာရုံပြု၍—

သယာနော ဝါ သယာနောမှိတိ ပဇာနာတိ-အရမှာ အိပ်သောအခါ မိမိ ရုပ်နာမ်နှစ်ပါးကို အာရုံပြု၍—

ရုပ်နာမ်, ရုပ်နာမ်ဟု စီးဖြန်း။ ထိုရုပ်နာမ်သည် ငါ့ကိုယ် ကောင် မဟုတ်၊ ရုပ်နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

**တနည်း**—ရပ်သောအခါ ထိုင်သောအခါ လျောင်းသောအခါ မျက်စိဖြင့် သက်ရှိကို မြင်တိုင်း မြင်တိုင်း ရုပ်နာမ်, ရုပ်နာမ်ဟု စီးဖြန်း။ ထိုရုပ်နာမ်သည် သတ္တဝါ ကောင် မဟုတ်၊ ရုပ်နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။

ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ်တို့၌ နားဖြင့် သက်ရှိအသံကို ကြားလျှင် ကြားတိုင်း ကြားတိုင်း ရုပ်နာမ်, ရုပ်နာမ်ဟု စီးဖြန်း။ ထိုရုပ်နာမ်သည် သတ္တဝါ ကောင်မဟုတ်၊ ရုပ်နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ ၎င်း ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ်တို့၌ ကိုယ်ဖြင့် သက်ရှိကို ထိလျှင် ထိတိုင်း ထိတိုင်း ရုပ်နာမ်, ရုပ်နာမ်ဟု စီးဖြန်း။ ထိုရုပ်နာမ်သည် သတ္တဝါ ကောင်မဟုတ်၊ ရုပ်နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

သွားသောအခါ သွားမှန်းသိရမည်၊ ရပ်သောအခါ ရပ်မှန်း သိရမည်၊ ထိုင်သောအခါ ထိုင်မှန်းသိရမည်၊ လျောင်းသောအခါ လျောင်းမှန်းသိရမည် ဆိုသည်ကား ဣရိယာပုထ် လေးပါး၌ ဝိပဿနာ ဉာဏ်ပညာဖြင့် ဆင်ခြင်၍ သိရမည် ဆိုလိုသည်။

ရုပ်နာမ်နှစ်ပါးကို ပေါင်း၍ ဘာဝနာကာရ စီးဖြန်းနည်းကို ပြဆိုချက် ပြီး၏။

**ရုပ်နာမ်ပွါး၍ ထင်မြင်ပုံ။** ။ရုပ်နာမ်နှစ်ပါးကို ပေါင်း၍ ဥပဋ္ဌာနာကာရ ထင်နည်းကို ပြဆိုပေအံ့—

ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဇူရိယာပုထ် လေးပါးတို့၌ မီးပွတ်သော ယောက်ျားကဲ့သို့ မနေမနား အားထုတ်၍ စီးဖြန်းလျှင် မကြာခင် နာမရူပပရိစ္ဆေဒဉာဏ် ထင်မြင်လိမ့်မည်၊ အဇ္ဈတ္တဗဟိဒ္ဓ၌ သက်ရှိဟူသမျှ ရုပ်နာမ် နှစ်ပါးချည်း ဉာဏ်၌ အမြဲထင်၍ နေလျှင် နာမရူပပရိစ္ဆေဒဉာဏ် ကောန် ထင်မြင်ပြီဟူ၍ မှတ်။

ပညိန္ဒြိယံ ဘာဝေန္တော မောဟံ ပဇဟတိ။

ပညိန္ဒြိယံ၊ နာမရူပပရိစ္ဆေဒဉာဏ် ထင်မြင်လွယ်အောင်။ ဝါ၊ ပညာပါရမီရင့်၍ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရလွယ်အောင်။ ဘာဝေန္တော၊ ဇူရိယာပုထ် လေးပါး၌ မီးပွတ်သော ယောက်ျားကဲ့သို့ မနေမနား အားထုတ်၍ ရုပ်နာမ်, ရုပ်နာမ်ဟု ပွါးစေသည် ရှိသော်။ မောဟံ၊ ရုပ်နာမ်မှန်း မသိအောင် ဖုံးလွှမ်းတတ်သော မောဟ မိုက်မှောင်ကြီးကို။ ပဇဟတိ၊ လျင်မြန်စွာ စွန့်ခွါ ပယ်ပစ်နိုင်၏။

ရုပ်နာမ်နှစ်ပါးကိုပေါင်း၍ ဥပဋ္ဌာနာကာရ ထင်နည်းကို ပြဆိုချက် ပြီး၏။

**ရုပ်မှုန်စုပွါးနည်း။** ။ရုပ်စု နာမ်စု စီးဖြန်းနည်း, ရုပ်ကို မှုံလေးမျိုးတို့ဖြင့် ခွဲနည်း စသည်ကို ပြဆိုပေအံ့—

ရုပ်မှုန့်စု စီးဖြန်းနည်းကား—

ဆံပင်၌ မြင်အပ်သော အဆင်းစုကို"ရုပ်စု,ရုပ်စု"ဟု စီးဖြန်း။

ဦးခေါင်း၌ မြင်အပ်သော အဆင်းစုကို "ရုပ်စု,ရုပ်စု" ဟု စီးဖြန်း။

လက်၌ မြင်အပ်သော အဆင်းစုကို "ရုပ်စု,ရုပ်စု"ဟု စီးဖြန်း။

ကိုယ်၌ မြင်အပ်သော အဆင်းစုကို "ရုပ်စု,ရုပ်စု"ဟု စီးဖြန်း။

ခြေ၌ မြင်အပ်သော အဆင်းစုကို "ရုပ်စု,ရုပ်စု"ဟု စီးဖြန်း။

မျက်စိဖြင့် မြင်အပ်သော အဆင်းစုကို "ရုပ်စု,ရုပ်စု" ဟု စီးဖြန်း။

နားဖြင့် ကြားအပ်သော အသံစုကို "ရုပ်စု,ရုပ်စု"ဟု စီးဖြန်း။

နှာခေါင်းဖြင့် နံအပ်သော အနံ့စုကို "ရုပ်စု,ရုပ်စု"ဟု စီးဖြန်း။

လျှာဖြင့် လျက်အပ်သော အရသာစုကို "ရုပ်စု,ရုပ်စု" ဟု စီးဖြန်း။

ကိုယ်ဖြင့် ထိအပ်သော အတွေ့စုကို "ရုပ်စု,ရုပ်စု"ဟု စီးဖြန်း။

ဤကား ရုပ်မှုန့်စု အကျဉ်း စီးဖြန်းနည်းတည်း။

**၃၂-ကောဋ္ဌာသ၌ မြူလေးမျိုး ခွဲ၍ပွါးပုံ။** ။သုံးဆယ့်နှစ်ကောဋ္ဌာသ၌ ရုပ်စုပေါင်းကို မြူလေးမျိုး တို့နှင့် ခွဲ၍ ပြဆိုပေအံ့—

မြူသည် ရထရေဏုမြူ, တဇ္ဇာရီမြူ, အဏုမြူ, ပရမာဏုမြူဟူ၍ လေးပါးအပြား ရှိ၏၊ ထိုတွင် ရထားသွားသောအခါ, လှည်း သွားသောအခါ ထသော မြူမှုန့်ကို ရထရေဏုမြူ ဟူ၍မှတ်။

ထိုရထရေဏုမြူကို သုံးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကို **တဇ္ဇာရီ** မြူဟူ၍မှတ်၊ ထိုတဇ္ဇာရီမြူသည် ကျောင်းခန်း, အိမ်ခန်းထဲမှာ နေပြောက်ထိုးသောအခါ မြင်ရသောမြူမှုန့်တည်း။

ထိုတဇ္ဇာရီမြူကို သုံးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကို **အဏုမြူ** ဟူ၍မှတ်၊ ထိုအဏုမြူကို ပသာဒစက္ခု အလွန်ကောင်းသော သူတို့နှင့် သူငယ်များ မြင်နိုင်၏။

ထိုအဏုမြူကို သုံးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကို **ပရမာဏုမြူ** ဟူ၍မှတ်၊ ထိုပရမာဏုမြူကို နတ်မြဲဟူသော အဘိညာဏ်ရသောသူ, ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် မြင်နိုင်ကုန်၏၊ သာမည လူတို့သည် မမြင်နိုင်ကုန်။

**ပရမာဏုမြူ၌ ရုပ်ကလာပ်ပေါင်း။** ။ပရမာဏုမြူ၌ ရုပ်အဋ္ဌကလာပ် ပေါင်း (၅၀) ငါးဆယ် ရှိ၏၊ ရုပ်ပေါင်း (၄၀၀) လေးရာ ရှိ၏။

**အဏုမြူ၌ရုပ်ကလာပ်ပေါင်း။** ။အဏုမြူ၌ ရုပ်အဋ္ဌကလာပ်ပေါင်း (၁၈၀၀)တထောင့်ရှစ်ရာ ရှိ၏၊ ရုပ်ပေါင်း (၁၄၄၀၀) တသောင်းလေးထောင့်လေးရာ ရှိ၏။

**တဇ္ဇာရီမြူ၌ ရုပ်ကလာပ်ပေါင်း။** ။တဇ္ဇာရီမြူ၌ ရုပ်အဋ္ဌကလာပ်ပေါင်း (၆၄၈၀၀) ခြောက်သောင်း လေးထောင့်ရှစ်ရာ ရှိ၏၊ ရုပ်ပေါင်း (၅၁၈၄၀၀) ငါးသိန်းတသောင်း ရှစ်ထောင့်လေးရာ ရှိ၏။

**ရထရေဏုမြူ၌ ရုပ်ကလာပ်ပေါင်း။** ။ရထရေဏုမြူ၌ ရုပ်အဋ္ဌကလာပ် ပေါင်း(၂၃၃၂၈၀၀)နှစ်သန်း သုံးသိန်း သုံးသောင်း နှစ်ထောင့် ရှစ်ရာ ရှိ၏၊ ရုပ် ပေါင်း

(၁၀၆၆၂၄၀၀) တကုဋေ့ရှစ်သန်းခြောက်သိန်းခြောက်သောင်း နှစ်ထောင့်လေးရာ ရှိ၏။

**ဆံပင်၌ မြူနှင့် ရုပ်ကလာပ်။** ။ဆံပင်၌ ပရမာဏုမြူပေါင်း အသင်္ချေ အနန္တ ရှိ၏၊ ရုပ်အဋ္ဌကလာပ်ပေါင်း အသင်္ချေအနန္တ ရှိ၏၊ ရုပ်ပေါင်း အသင်္ချေအနန္တ ရှိ၏၊ ဆံပင်၌ အဏုမြူပေါင်း အသင်္ချေ အနန္တ ရှိ၏၊ ရုပ်အဋ္ဌကလာပ်ပေါင်း အသင်္ချေအနန္တရှိ၏၊ ရုပ်ပေါင်း အသင်္ချေအနန္တ ရှိ၏၊ ဆံပင်၌ တဇ္ဇာရီမြူပေါင်း အသင်္ချေအနန္တ ရှိ၏၊ ရုပ်အဋ္ဌကလာပ်ပေါင်း အသင်္ချေအနန္တ ရှိ၏၊ ရုပ်ပေါင်း အသင်္ချေအနန္တ ရှိ၏၊ ဆံပင်၌ ရထရေဏုမြူပေါင်း အသင်္ချေအနန္တ ရှိ၏၊ ရုပ်အဋ္ဌကလာပ်ပေါင်း အသင်္ချေအနန္တ ရှိ၏၊ ရုပ်ပေါင်း အသင်္ချေအနန္တ ရှိ၏၊ ကြွင်းသော ကောဋ္ဌာသတို့မှာ ဆံပင်နည်းတူမှတ်။ ဤကား သုံးဆယ့်နှစ် ကောဋ္ဌာသ၌ ရုပ်ပေါင်းကို ပြဆိုချက်တည်း။

ရုပ်စုစီးဖြန်းနည်း ပြီး၏။

**နာမ်စုပွါးနည်း။** ။နာမ်စုစီးဖြန်းနည်းကား–မြင်၍ သိတတ်သော သဘောစုကို "နာမ်စု, နာမ်စု"ဟု စီးဖြန်း။

ကြား၍သိတတ်သောသဘောစုကို"နာမ်စု,နာမ်စု"ဟုစီးဖြန်း။

နံ၍ သိတတ်သော သဘောစုကို "နာမ်စု,နာမ်စု"ဟု စီးဖြန်း။

လျက်၍သိတတ်သောသဘောစုကို"နာမ်စု,နာမ်စု"ဟုစီးဖြန်း။

ထိ၍ သိတတ်သော သဘောစုကို"နာမ်စု,နာမ်စု"ဟု စီးဖြန်း။

ကြံသိုလ်မှန်း သိသော သဘောစုကို"နာမ်စု,နာမ်စု"ဟုစီးဖြန်း။

အကုသိုလ်မှန်း သိသော သဘောစုကို "နာမ်စု,နာမ်စု"ဟု စီးဖြန်း။

နာမ်စုစီးဖြန်းနည်း ပြီး၏။

ရုပ်နာမ်နှစ်ပါးကို စီးဖြန်းနည်း လိုရင်းကြီးအချုပ် ပြီး၏။

**ရုပ်နာမ် ၂-ပါး အကျဉ်းပွါးပုံ။** ။ရုပ်နာမ်နှစ်ပါး အကျဉ်းစီးဖြန်းနည်းကို ပြဆိုပေအံ့—

သိ,မသိ။ သိတတ်သောသဘောကို နာမ်ဟူ၍မှတ်။ မသိတတ်သော သဘောကို ရုပ်ဟူ၍မှတ်။

ရုပ်နာမ်နှစ်ပါး အကျဉ်းမှတ်နည်း ပြီး၏။

**ရုပ်နာမ်ခွဲပုံ။** ။သိ,မသိ။ သိတတ်သော သဘောစုကို နာမ်စုဟူ၍မှတ်။ မသိတတ်သောသဘောစုကို ရုပ်စုဟူ၍မှတ်။

ရုပ်စုနာမ်စု အကျဉ်းမှတ်နည်း ပြီး၏။

**ပရမတ် ပညတ်ခွဲပုံ။** ။ရှိ,မရှိ။ရှိသောသဘောကိုရုပ်နာမ်ဟူ၍မှတ်။ မရှိသောသဘောကို ငါ့ကိုယ်ဟူ၍မှတ်။

**တနည်းလည်း**—ရှိသောသဘောကို ပရမတ်ဟူ၍မှတ်။ မရှိသောသဘောကို ပညတ်ဟူ၍မှတ်။

ပရမတ် ပညတ် နှစ်ပါး အကျဉ်းမှတ်နည်း ပြီး၏။

**ဒိဋ္ဌိနှင့်ပညာခွဲပုံ။** ။မှားမြင်-မှန်မြင်။ ငါ့ကိုယ် ကောင်ဟုတ်သည်ဟု မြင်ခြင်းကို သက္ကာယဒိဋ္ဌိဟူ၍မှတ်။

ရုပ်နာမ်ကောင်းဟုတ်သည်ဟု မြင်ခြင်းကို ဝိပဿနာပညာဟူ၍ မှတ်။

သဏ္ဌာယဒိဋ္ဌိနှင့် ဝိပဿနာသမ္မာဒိဋ္ဌိ နှစ်ပါး
အကျဉ်းမှတ်နည်း ပြီး၏။

**ပညတ်အကျဉ်းချုပ်။**　။ဝေါဟာရပညတ် ဟူသမျှသည် နှုတ်ခမ်း ထဲမှာ အမည်မျှသာ ရှိ၏။

သဏ္ဌာယဒိဋ္ဌိခွါနည်းအကျဉ်း ပြီး၏။

**ပညတ်နှစ်မျိုး။**　။ရှိ သိ,မရှိ သိ။ ရုပ်နာမ်နှစ်ပါး ကောင်းရှိသော ပညတ်ကို ဝိဇ္ဇမာနပညတ်ဟူ၍မှတ်။

ရုပ်နာမ်နှစ်ပါး ကောင်းမရှိသော ပညတ်ကို အဝိဇ္ဇမာန ပညတ် ဟူ၍မှတ်။

ဝိဇ္ဇမာနပညတ်နှင့် အဝိဇ္ဇမာနပညတ် နှစ်ပါး
အကျဉ်းမှတ်နည်း ပြီး၏။

**ရုပ်နာမ်ခွဲပွါးပုံ။**　။သိ နာမ်,သိ နာမ်,သိ နာမ်,သိ နာမ်။
မသိ ရုပ်,မသိ ရုပ်,မသိ ရုပ်,မသိ ရုပ်။

ဘာဝနာကာရ အကျဉ်းစီးဖြန်းနည်း ပြီး၏။

**ရုပ်နာမ်ခွဲထင်ပုံ။**　။ရှိ သိ,ရှိ သိ,ရှိ သိ,ရှိ သိ။
မရှိ သိ,မရှိ သိ,မရှိ သိ,မရှိ သိ။

ဥပဋ္ဌာနာကာရ အကျဉ်းထင်နည်း ပြီး၏။

ရုပ်နာမ်နှစ်ပါး အကျဉ်းစီးဖြန်းနည်း ပြီး၏။

ရုပ်နှင့်နာမ်သာရှိပုံ။ ။ခန္ဓာ, အာယတန, ဓာတ်,ပိဋကတ်သုံးပုံ, ဘုံသုံးဆယ့်တစ်တို့၌ ရုပ်နာမ်နှစ်ပါးသာ ရှိကြောင်းနှင့် အဘိဓမ္မာ တတ်-မတတ်သောသူတို့၏ ဥပမာတို့ကို ပြဆိုချက်—

မြင်-ကြား-နံ-လျက်-ထိ၊ရုပ်နာမ်မှတ်ဘိ၊သိလျှင်နာမ်ချည်းမှတ်-ဟူသော ပထမ ဝိပဿနာ လင်္ကာသံခိပ်နှင့်အညီ ရုပ်နာမ်နှစ်ပါးကိုသိလျှင် ဝိပဿနာယောဂီပုဂ္ဂိုလ်မှာ ဝိပဿနာကိစ္စ ပြီးစီးနိုင်၏။ အဘယ့်ကြောင့် ပြီးစီးနိုင်သနည်း။ ခန္ဓာငါးပါး၌ ရုပ်နာမ် နှစ်ပါးသာ ရှိ၏။ အာယတန တဆယ့်နှစ်ပါး၌ ရုပ်နာမ်နှစ်ပါးသာရှိ၏။ ဓာတ်တဆယ့်ရှစ်ပါး၌ ရုပ်နာမ်နှစ်ပါးသာ ရှိ၏။ အဘိဓမ္မာခုနစ်ကျမ်း၌ ရုပ်နာမ်နှစ်ပါးသာ ရှိ၏။ ပိဋကတ်သုံးပုံ၌ ရုပ်နာမ် နှစ်ပါးသာ ရှိ၏။ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးသာ ရှိ၏။ ခေတ်သုံးပါး၌ ရုပ်နာမ်နှစ်ပါးသာ ရှိ၏။ လောကသုံးပါး၌ ရုပ်နာမ်နှစ်ပါးသာ ရှိ၏။

ရုပ်နာမ်နှစ်ပါးသည် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောသာ ရှိ၏။ ရုပ်နာမ်နှစ်ပါးမှ တပါး အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော ကျန်မရှိ။ ထိုကြောင့် ဝိပဿနာကိစ္စ ပြီးစီးနိုင်၏။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၏ အဘိဓမ္မာသင်္ဂြိုဟ်ဟူသည်ကား— (မြင်-ကြား-နံ-လျက်-ထိ-သိ) ၄င်းအက္ခရာခြောက်လုံးတို့တည်း။ ၄င်းအက္ခရာခြောက်လုံးကို သိလျှင် ဝိပဿနာကိစ္စ ပြီးစီးနိုင်၏။ ၄င်းအက္ခရာခြောက်လုံးကို ဝိပဿနာယောဂီပုဂ္ဂိုလ်တို့၏ အဘိဓမ္မာဟူ၍မှတ်။ သင်္ဂြိုဟ်ဟူ၍ မှတ်။ အဘိဓမ္မာဆိုသည်

ကား ရုပ်နာမ်နှစ်ပါးကို အဘိဓမ္မာ ဆိုလိုသည်။ သင်္ဂြိုဟ်ဆိုသည်ကား ရုပ်နာမ်နှစ်ပါးအကျဉ်းပြခြင်းကို သင်္ဂြိုဟ်ဆိုလိုသည်။

ဝင်းအကွာရာ ခြောက်လုံးတို့တွင် ရုပ်ဖက်က မြင်-တလုံး ထင်မြင်လျှင်ကြွင်းသောရုပ်တဆယ့်ခုနစ်ခု ထင်မြင်လွယ်၏၊ မခဲယဉ်း၊ အလွန်လွယ်၏။ နာမ်ဘက်က သိ- တလုံး ထင်မြင်လျှင် ကြွင်းသော နာမ် ထင်မြင်လွယ်၏၊ မခဲယဉ်း၊ အလွန်လွယ်၏။ ဝိပဿနာယောဂီပုဂ္ဂိုလ်မှာ ထင်လွယ် မြင်လွယ်သော နည်းတခုကိုသာ လိုရင်းကြီးမှတ်။ နည်းများလျှင် အလွန်ထင်ခဲ၏၊ မြင်ခဲ၏။

## အဘိဓမ္မာတတ်-မတတ်သော သူတို့၏ ဥပမာကို ပြဆိုချက်

**သဗ္ဗညုဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓ။** ။အဘိဓမ္မာတတ်သောသူသည် ဝိပဿနာကို အားထုတ်၍ တရားထင်မြင်လျှင် မြတ်စွာဘုရားနှင့် တူ၏။ မအ-သောသူနှင့် တူ၏။ အဘိဓမ္မာ မတတ်သောသူသည် ဝိပဿနာကို အားထုတ်၍ တရားထင်မြင်လျှင် ပစ္စေကဗုဒ္ဓါနှင့် တူ၏။ သူအ-ကြီးနှင့် တူ၏။

အဘယ်သို့ တူကြသနည်း၊ မြတ်စွာဘုရားသည် ပရမတ္ထတရား ရုပ်နာမ်နှစ်ပါးကို မိမိလည်း အကျဉ်းအကျယ်အားဖြင့် ခွဲခြမ်း စိတ်ဖြာ၍ သိတော်မူ၏။ သူတပါးကိုလည်း အကျဉ်းအကျယ်အားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူနိုင်၏။ မအ-သောသူသည် အိပ်မက်မက်သည်ရှိသော် မိမိအိပ်မက်ကို မိမိလည်း သိ၏။ သူတပါးကိုလည်း ပြောကြားနိုင်၏။ ထိုနည်းတူစွာ အဘိဓမ္မာတတ်သောသူသည် ပရမတ္ထတရား ရုပ်နာမ်နှစ်ပါးကို မိမိလည်း အကျဉ်းအကျယ်အားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ သိ၏။ သူတပါးကိုလည်း အကျဉ်းအကျယ်အားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောနိုင်၏။

ပစ္စေကဗုဒ္ဓါသည် ပရမတ္ထတရားကို မိမိသာ ထင်မြင်၏။ သူတပါးကို ပညတ်တင်၍ မဟောပြောနိုင်။ သူအ-ကြီးသည် အိပ်မက်မက်သည်ရှိသော် မိမိအိပ်မက်ကို မိမိသာ ထင်မြင်၏။ သူတပါးကိုကား မပြောမကြားနိုင်။ ထိုနည်းတူစွာ အဘိဓမ္မာ မတတ်သောသူသည် ပရမတ္ထတရား ရုပ်နာမ်နှစ်ပါးကို မိမိသာ အကျဉ်းအားဖြင့် သိ၏။ သူတပါးကို အကျဉ်းအကျယ်အားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ မဟောမပြောနိုင်။

**ပညတ်သုံးမျိုးနှင့် သိပုံအထူး။** ။ပညတ်သုံးပါးကို ထိုက်သည်အား လျော်စွာ သိပုံ, ရုပ်နာမ်ကို စွဲ၍ မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ ဖြစ်ပုံကို ပြဆိုပေအံ့—

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၏ မှတ်ရန်ပညတ်သည် ဝိဇ္ဇမာန ပညတ်, အဝိဇ္ဇမာနပညတ်, သမ္မုတိပညတ်အားဖြင့် သုံးပါး အပြားရှိ၏။ ထိုတွင် ဘုံသုံးပါး၌ ပရမတ္ထတရား ရုပ်နာမ်နှစ်ပါး ထင်ရှားရှိသည်ဟု သိသောဉာဏ်သည် ဝိဇ္ဇမာနပညတ်ကို သိ သည်မည်၏။ ဘုံသုံးပါး၌ ငါ့ကိုယ်,သူ့ကိုယ်, ယောက်ျား, မိန်းမ, လူ, နတ်, ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဟု ပရမတ္ထတရားအားဖြင့် ထင်ရှား မရှိသည်ကို သိသောဉာဏ်သည် အဝိဇ္ဇမာနပညတ်ကို သိသည် မည်၏။ ဘုံသုံးပါး၌ ငါ့ကိုယ်, သူ့ကိုယ်, ယောက်ျား, မိန်းမ, လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်သတ္တဝါဟု ခေါ်ဝေါ်လွယ်စေခြင်း အကျိုး ငှါ အမည်ပညတ် သမုတ်အပ်သည်ဟု သိသောဉာဏ်သည် သမ္မု-တိ ပညတ်ကို သိသည်မည်၏။

မြတ်စွာဘုရားသည် ပညတ်သုံးပါးလုံးကို သိတော်မူ၏။ ပစ္စေ-ကဗုဒ္ဓါသည် အဝိဇ္ဇမာနပညတ်, သမ္မုတိပညတ် နှစ်ပါးကိုသာ သိတော်မူ၏။

နာမရူပပရိစ္ဆေဒဉာဏ် ထင်မြင်ပြီးသောသူသည် ပညတ်သုံးပါးလုံးကို ပိုင်၏၊ ပညတ်သုံးပါး တပါးပါးပိုင်လျှင် သက္ကာယဒိဋ္ဌိကို ပယ်နိုင်၏။ ပညတ်သုံးပါး တပါးပါးကိုမျှ မပိုင်လျှင် သက္ကာယဒိဋ္ဌိကို မပယ်နိုင်။

**မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ။** ။ရုပ်နာမ်နှစ်ပါးကို ငါ့ကိုယ်, သူ့ကိုယ်, ယောကျ်ား, မိန်းမ, လူ နတ် ဖြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ ကောန်ရှိသည်ဟု မှတ်ထင်သော မိစ္ဆာဉာဏ်အမြင်သည် အတ္တဒိဋ္ဌိလည်း ဖြစ်၏၊ သက္ကာယဒိဋ္ဌိလည်း ဖြစ်၏၊ ဒိဋ္ဌိစေတသိက်လည်း ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိမဂ္ဂင်လည်း ဖြစ်၏။

ရုပ်နာမ်နှစ်ပါးကို ရုပ်နာမ်နှစ်ပါး ကောန်ဟုတ်သည်ဟုသိသော ဉာဏ်အမြင်သည် နာမရူပပရိစ္ဆေဒဉာဏ်လည်း ဖြစ်၏၊ ယထာဘူတဉာဏ်လည်း ဖြစ်၏၊ အမောဟစေတသိက်လည်း ဖြစ်၏၊ အသမ္မောဟသမ္ပဇညလည်း ဖြစ်၏၊ အနတ္တဉာဏ်လည်း ဖြစ်၏၊ ဒိဋ္ဌိဝိသုဒ္ဓိလည်း ဖြစ်၏၊ သမ္မာဒိဋ္ဌိလည်း ဖြစ်၏၊ ဝိမံသာဝိပတိလည်း ဖြစ်၏၊ ပညိန္ဒြေလည်း ဖြစ်၏၊ ပညာဗိုလ်လည်း ဖြစ်၏၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်း ဖြစ်၏၊ သမ္မာဒိဋ္ဌိမဂ္ဂင်လည်း ဖြစ်၏။

ပညတ်သုံးပါးကို ထိုက်သည့်အားလျော်စွာ သိပုံ, ရုပ်နာမ်ကို စွဲ၍ မိစ္ဆာဒိဋ္ဌိ,သမ္မာဒိဋ္ဌိ ဖြစ်ပုံကို ပြဆိုချက် ပြီး၏။

### သက္ကာယဒိဋ္ဌိ ဖြစ်ခြင်း ချုပ်ခြင်း အကျယ် အကျဉ်း

သက္ကာယဒိဋ္ဌိဖြစ်ခြင်း အကျယ်, ၎င်းအကျဉ်း, ၎င်းမဖြစ်ရန် အကျဉ်းချုပ်, ၎င်းဖြစ်-မဖြစ် သာဓကပါဠိ, ၎င်းအနက်တို့ကို ပြဆိုပေအံ့—

**နိဗ္ဗာနမဂ္ဂဒီပနီ ၁၄—ပ-မ-သ-စ**

**သက္ကာယဒိဋ္ဌိဖြစ်ခြင်းအကျယ်။** ။သက္ကာယဒိဋ္ဌိ ဖြစ်ခြင်း အကျယ် ဝိတ္ထာရကား — ရုပ်နာမ်နှစ်ပါးတို့တွင် တပါးတပါး၌ သက္ကာယဒိဋ္ဌိလေးပါးစီဖြစ်သောကြောင့် ရုပ်နာမ်နှစ်ပါး၌ သက္ကာယဒိဋ္ဌိ ရှစ်ပါးဖြစ်၏။

ခန္ဓာငါးပါးတို့တွင် တပါးတပါး၌ သက္ကာယဒိဋ္ဌိလေးပါးစီဖြစ်သောကြောင့် ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်၏။

အာယတန တဆယ့်နှစ်ပါးတို့တွင် တပါးတပါး၌ သက္ကာယဒိဋ္ဌိလေးပါးစီ ဖြစ်သောကြောင့် အာယတန တဆယ့်နှစ်ပါး၌ သက္ကာယဒိဋ္ဌိ လေးဆယ့်ရှစ်ပါးဖြစ်၏။

ဓာတ် တဆယ့်ရှစ်ပါးတို့တွင် တပါးတပါး၌ သက္ကာယဒိဋ္ဌိ လေးပါးစီ ဖြစ်သောကြောင့် ဓာတ်တဆယ့်ရှစ်ပါး၌ သက္ကာယဒိဋ္ဌိ ခုနစ်ဆယ့်နှစ်ပါး ဖြစ်၏။

ဘုံသုံးပါး၌ ခန္ဓာ အာယတန ဓာတ်တို့သည် များစွာ အသင်္ချေ အနန္တရှိကုန်၏။ ခန္ဓာ အာယတန ဓာတ် တပါးတပါး၌ သက္ကာယဒိဋ္ဌိ လေးပါးလေးပါးစီ ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိပေါင်း များစွာ အသင်္ချေ အနန္တ ဖြစ်ကုန်၏။

ခေတ်သုံးပါး၌ ခန္ဓာ အာယတန ဓာတ်တို့သည် များစွာ အသင်္ချေအနန္တ ရှိကုန်၏။ ခန္ဓာ အာယတန ဓာတ်တပါးတပါး၌ သက္ကာယဒိဋ္ဌိ လေးပါးစီဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိပေါင်း များစွာ အသင်္ချေအနန္တ ဖြစ်ကုန်၏။

သတ္တဝါ တယောက် တယောက်၌ ကလာပ်မှုန်ပေါင်း များစွာ အသင်္ချေအနန္တ ရှိကုန်၏။ ကလာပ်မှုန် တခုတခု၌ သက္ကာယဒိဋ္ဌိ

လေးပါးစီ ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိပေါင်း များစွာ အသချေ အနန္တ ဖြစ်ကုန်၏။

ရုပ်နာမ်နှစ်ပါး၌ သက္ကာယဒိဋ္ဌိ ဖြစ်သည်ရှိသော် ခန္ဓာငါးပါး၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ အာယတန တဆယ့်နှစ်ပါး၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ ဓာတ် တဆယ့်ရှစ်ပါး၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ ဘုံသုံးပါး၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ ခေတ် သုံးပါး၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ သတ္တဝါတယောက် တယောက်၌ စွဲလမ်းသောသက္ကာယဒိဋ္ဌိ။ **နတ္ထိက, အဟေတုက, အကြိယ** ဒိဋ္ဌိကြီးသုံးပါး၊ ဆယ်ပါးသော အန္တဂ္ဂါဟိကဒိဋ္ဌိကြီး၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိကြီးတို့သည် ဖြစ်ကုန်၏။

**သက္ကာယဒိဋ္ဌိ ဖြစ်ခြင်းအကျယ် ပြီး၏။**

**သက္ကာယဒိဋ္ဌိအကျဉ်း။**    ။သက္ကာယဒိဋ္ဌိဖြစ်ခြင်း လိုရင်းကြီး အကျဉ်းချုပ် မှတ်ရန်ကား— ရုပ်ကို ငါ့ကိုယ်ကောန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည် သက္ကာယဒိဋ္ဌိ ဖြစ်၏။ နာမ်ကို ငါ့ကိုယ်ကောန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည် သက္ကာယဒိဋ္ဌိ ဖြစ်၏။ အသက်မရှိသော ရုပ်၌ အမည်ပညတ်ကို ကောန်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည် သက္ကာယဒိဋ္ဌိ ဖြစ်၏။ ဤသုံးပါးတို့တွင် တပါးတပါး၌ သက္ကာယဒိဋ္ဌိဖြစ်လျှင် သုံးပါးလုံး၌ သက္ကာယဒိဋ္ဌိ ဖြစ်၏။

သက္ကာယဒိဋ္ဌိဖြစ်ခြင်း အကျဉ်းပြီး၏။

**သက္ကာယဒိဋ္ဌိ မဖြစ်ခြင်း အချုပ်။** ။သက္ကာယဒိဋ္ဌိမဖြစ်ခြင်းလိုရင်းကြီး အကျဉ်း မှတ်ရန်ကား—ရုပ်ကို ငါ့ကိုယ် ကောင်မဟုတ်ဟု သိသောဉာဏ်အမြင်သည် သက္ကာယဒိဋ္ဌိ မဖြစ်။ နာမ်ကို ငါ့ကိုယ် ကောင်မဟုတ်ဟု သိသော ဉာဏ်အမြင်သည် သက္ကာယဒိဋ္ဌိ မဖြစ်။ အသက်မရှိသော ရုပ်၌ အမည် ပညတ်ကို ကောင်မဟုတ်ဟု သိသောဉာဏ်အမြင်သည် သက္ကာယ ဒိဋ္ဌိ မဖြစ်။ ဤသုံးပါးတို့တွင် တပါးတပါး၌ သက္ကာယဒိဋ္ဌိ မဖြစ် လျှင် သုံးပါးလုံး၌ သက္ကာယဒိဋ္ဌိ မဖြစ်။

**တနည်းကား**—ရုပ်ကို ရုပ်ကောင်ဟုတ်သည်ဟု သိသောဉာဏ် အမြင်သည် သက္ကာယဒိဋ္ဌိ မဖြစ်။ နာမ်ကို နာမ်ကောင်ဟုတ်သည်ဟု သိသော ဉာဏ်အမြင်သည် သက္ကာယဒိဋ္ဌိ မဖြစ်။ အသက်မရှိသော ရုပ်ကို ရုပ် ကောင် ဟုတ်သည်ဟု သိသော ဉာဏ်အမြင်သည် သက္ကာယဒိဋ္ဌိ မဖြစ်။

ရုပ်နာမ်နှစ်ပါး၌ သက္ကာယဒိဋ္ဌိ မဖြစ်သည်ရှိသော် ခန္ဓာ ငါးပါး၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ အာယတန တဆယ့် နှစ်ပါး, ဓာတ် တဆယ့်ရှစ်ပါးတို့၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ ဘုံသုံးပါး, ခေတ်သုံးပါးတို့၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ သတ္တဝါ တယောက် တယောက်၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ နတ္ထိက, အဟေတုက, အကိရိယ ဒိဋ္ဌိကြီး သုံးပါး, ဆယ်ပါးသော အန္တဂ္ဂါ- ဟိက ဒိဋ္ဌိကြီး၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိကြီးတို့သည် မဖြစ်ကုန်။

သက္ကာယဒိဋ္ဌိ မဖြစ်ခြင်း လိုရင်းကြီ အချုပ် ပြီး၏။

**သက္ကာယဒိဋ္ဌိ၌ ဖြစ်,ချုပ် သာဓက။** ။သက္ကာယဒိဋ္ဌိ ဖြစ်-မဖြစ် **သာဓက** ပါဠိစုကား—

သက္ကာယဒိဋ္ဌိယာ သတိ ဣမာ ဒိဋ္ဌိယော ဥပ္ပဇ္ဇန္တိ။
သက္ကာယဒိဋ္ဌိယာ အသတိ ဣမာ ဒိဋ္ဌိယော န ဟောန္တိ။
(သံယုတ္တနိကာယ် သဠာယတနသံယုတ်၊ နှာ-၄၇၀)

သက္ကာယဒိဋ္ဌိယာ၊ ရုပ်နာမ်နှစ်ပါးကို ငါ့ကိုယ် ကောင်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည်။ သတိ၊ အစ္စတ္တ၌ ဖြစ်သည်ရှိသော်။ ဣမာ ဒိဋ္ဌိယော၊ ဤခန္ဓာငါးပါး၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ, အာယတန တဆယ့်နှစ်ပါး, ဓာတ်တဆယ့်ရှစ်ပါး, ဘုံသုံးပါး, ခေတ်သုံးပါး,သတ္တဝါ တယောက်တယောက်၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊နတ္ထိက, အဟေတုက, အကြိယဒိဋ္ဌိကြီးသုံးပါး၊ ဆယ်ပါးသော အန္တဂ္ဂါဟိကဒိဋ္ဌိကြီး၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိကြီး တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်၏။ သက္ကာယဒိဋ္ဌိယာ၊ ရုပ်နာမ်နှစ်ပါးကို ငါ့ကိုယ် ကောင်ဟုတ်သည်ဟု မှတ်ထင်သော မိစ္ဆာအမြင်သည်။ အသတိ၊ အစ္စတ္တ၌ မဖြစ်သည်ရှိသော်။ ဣမာ ဒိဋ္ဌိယော၊ ဤခန္ဓာ ငါးပါး၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ အာယတန တဆယ့်နှစ်ပါး, ဓာတ်တဆယ့်ရှစ်ပါး, ဘုံသုံးပါး, ခေတ်သုံးပါး, သတ္တဝါ တယောက်တယောက်၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိ၊ နတ္ထိက, အဟေတုက, အကြိယ ဒိဋ္ဌိကြီး သုံးပါး၊ ဆယ်ပါးသော အန္တဂ္ဂါဟိကဒိဋ္ဌိကြီး၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိကြီး တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

အန္တမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ
ဒိဋ္ဌိ နာမ သဂ္ဂ ဥပနေတုံ နတ္ထိ၊ ကေန္တံ နိရယသ္မိံ ယေဝ
နိမုဇ္ဇာပေတိ။(အင်္ဂုတ္တရကောကနိပါတ်အဋ္ဌကထာ၊ ၃၆၉)

အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဝီသတိဝတ္ထုကံ၊ နှစ်ဆယ်သော ဝတ္ထုရှိသော။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ဥပါဒါယ၊ အစပြု၍။ ဒိဋ္ဌိနာမ၊ ဒိဋ္ဌိမည်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဥပနေတုံ၊ ဆောင်ခြင်းငှါ။ နတ္ထိ၊ မရှိ။ ကေန္တံ၊ စင်စစ်။ နိရယသ္မိံ ယေဝ၊ ငရဲ၌သာလျှင်။ နိမုဇ္ဇာပေတိ၊ နစ်ပုပ်မြုပ်စေ၏။

**နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ။**

နာမရူပပရိဂ္ဂဟော၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်းခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

**နာမရူပပရိဂ္ဂဟော သမ္မာဒိဋ္ဌိ နာမ။**

နာမရူပပရိဂ္ဂဟော၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်းခြင်းသည်။ သမ္မာဒိဋ္ဌိနာမ၊ သမ္မာဒိဋ္ဌိ မည်၏။

**နာမရူပပရိဂ္ဂဟော ယထာဘူတဉာဏံ နာမ။**

နာမရူပပရိဂ္ဂဟော၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်းခြင်းသည်။ ယထာဘူတဉာဏံ နာမ၊ နာမ်ရုပ် နှစ်ပါးကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။

**နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ။**

နာမရူပ ဝဝတ္ထာနေန၊ နာမ်ရုပ်နှစ်ပါးကို ပိုင်းခြား မှတ်သားသဖြင့်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ပဟီနာ၊ ပယ်အပ်သည်။ **ဟောတိ**၊ ဖြစ်၏။

**နာမရူပါနံ ဥပ္ပါဒဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ ပဟာနံ ဟောတိ။**

နာမရူပါနံ၊ နာမ်ရုပ်တရားတို့၏။ ဥပ္ပါဒဒဿနေန၊ ဖြစ်ခြင်းကို ဟုတ်တိုင်းမှန်စွာ မြင်သဖြင့်။ ဥစ္ဆေဒဒိဋ္ဌိယာ၊ ဥစ္ဆေဒဒိဋ္ဌိကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

> နာမရူပါနံ ဝယဒဿနေန သဿတဒိဋ္ဌိယာ ပဟာနံ ဟောတိ။

နာမရူပါနံ၊ နာမ်ရုပ်တရားတို့၏။ ဝယဒဿနေန၊ ပျက်ခြင်းကို ဟုတ်တိုင်း မှန်စွာ မြင်သဖြင့်။ သဿတဒိဋ္ဌိယာ၊ သဿတဒိဋ္ဌိကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

> သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
> သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

သတ္တိယာ၊ လှံမ-ကြီးဖြင့်။ ဩမဋ္ဌော ဝိယ၊ ရင်၌ စူးဝင်၍ လျင်မြန်စွာ နုတ်သော သူကဲ့သို့ငင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဍယှမာနောဝ၊ မီးလောင်၍ လျင်မြန်စွာ သတ်သော သူကဲ့သို့ငင်း။ သက္ကာယဒိဋ္ဌိံ၊ အနမတဂ္ဂ သံသရာမှ စ၍ ယခုဘဝ တိုင်အောင် မိမိကိုယ်၌ သက္ကာယဒိဋ္ဌိ ငြောင့်ကြီး စူးဝင်ခြင်း, သက္ကာယဒိဋ္ဌိ ကိလေသာမီးကြီး လောင်ခြင်းကို။ ပဟာနာယ၊ မကြာ ချက်ခြင်း လက်ငင်း နုတ်ဖြုတ် ပယ်နုတ်သတ်ခြင်းငှါ။ သတော၊ သတိ ရှိသော။ ဘိက္ခု၊ သံသရာဘေးကြီးကို ကြောက်သောသူသည်။ ပရိဗ္ဗဇေ၊ ရုပ်နာမ် စသည်ကို မထင် မမြင်မချင်း လွန်မင်းစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။

ခန္ဓာငါးပါး၌ ရုပ်နာမ်နှစ်ပါးသာ ရှိ၏။ အာယတန တဆယ့်နှစ်ပါး၊ ဓာတ် တဆယ့်ရှစ်ပါး၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ ဘုံသုံးပါး၊ ခေတ်သုံးပါး၊ လောကသုံးပါးတို့၌ ရုပ်နာမ်နှစ်ပါးသာ ရှိ၏။

ရုပ်နာမ်နှစ်ပါးမှ တပါး လောကသုံးပါး၌ ယုန်ချိုသည် ထင်ရှား ကောန် မရှိသကဲ့သို့ ထိုနည်းတူစွာ ငါ့ကိုယ်, သူ့ကိုယ်, ယောက်ျား, မိန်းမ, လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါ, အသက်,ကောန် ထင်ရှား မရှိဟူ၍ မှတ်။

ထို့ကြောင့်—ကုသလာ ဓမ္မာ။ အကုသလာ ဓမ္မာ။ အဗျာကတာ ဓမ္မာ-ဟု ဓမ္မသင်္ဂဏီပါဠိတော် (နှာ-၁)၌ ဟောတော်မူ၏။

ကုသလာ၊ ကုသိုလ်စိတ် စေတသိက်တို့သည်။ ဝါ၊ ကုသိုလ် နာမ်တရားတို့သည်။ ဓမ္မာ၊ ငါ့ကိုယ်လည်း မဟုတ်, သူ့ကိုယ်လည်း မဟုတ်, ယောက်ျားလည်း မဟုတ်, မိန်းမလည်းမဟုတ်, လူလည်း မဟုတ်, နတ်လည်း မဟုတ်, ဗြဟ္မာလည်း မဟုတ်, ပုဂ္ဂိုလ်လည်း မဟုတ်, သတ္တဝါလည်း မဟုတ်, အသက်လည်း မဟုတ်ကုန်သည်။ ဟောဣ၊ ဖြစ်ကုန်၏။ အကုသလာ၊ အကုသိုလ် စိတ်-စေတသိက် တို့သည်။ ဝါ၊အကုသိုလ်နာမ်တရားတို့သည်။ ဓမ္မာ၊ ငါ့ကိုယ်လည်း မဟုတ်။ လ။ အသက်လည်း မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဗျာကတာ၊ ဝိပါက်ကြိယာစိတ္တုပ္ပါဒ် ရုပ် နိဗ္ဗာန် တို့သည်။ ဝါ၊ အဗျာကတ ရုပ်နာမ်နှစ်ပါးတို့သည်။ ဓမ္မာ၊ ငါ့ကိုယ်လည်း မဟုတ်။လ။ အသက်လည်း မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သက္ကာယဒိဋ္ဌိ ဖြစ်-မဖြစ် ပါဠိစု ပြီး၏။

---

## ရုပ်နာမ်နှင့် လက္ခဏာယာဉ်

ရုပ်နာမ်နှစ်ပါး၌ အနိစ္စ စသောသဘောသာ ရှိကြောင်းကို ပြဆိုပေအံ့—

ရုပ်နာမ် နှစ်ပါးသည် အနိစ္စ သဘော, ဒုက္ခသဘော, အနတ္တ သဘောသာ ရှိ၏။ ရုပ်နာမ် နှစ်ပါးမှတပါး အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော ကေန်မရှိ။ ရုပ်နာမ်နှစ်ပါးသည် အဘယ့်ကြောင့် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော သာ ရှိသနည်း။ ရုပ်နာမ်နှစ်ပါးသည် အဖန်တလဲလဲ ဖြစ်ပျက်၍နေ သောကြောင့် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောသာ ရှိ၏။ ထို့ကြောင့်—

သဗ္ဗေ သင်္ခါရာ အနိစ္စာ။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ။
သဗ္ဗေ ဓမ္မာ အနတ္တာ။ (ဓမ္မပဒပါဠိတော်။ နှာ-၅၃)

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါးတို့သည်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန် သော။ သင်္ခါရာ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးတို့သည်။ ဒုက္ခာ၊ ဒုက္ခ မည်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ဘုံလေးပါး၌ ရုပ်နာမ်နှစ်ပါးတို့သည်။ အနတ္တာ၊ အနတ္တ မည်ကုန်၏။

သဗ္ဗေ ဓမ္မာ အနတ္တာတိ သဗ္ဗေ စတုဘူမကဓမ္မာ အနတ္တာ။
(ခန္ဓဝါရသံယုတ် အဋ္ဌကထာ၊ နှာ-၂၉၁)

### သုတမယဉာဏ် ဘာဝနာမယဉာဏ် နှစ်ပါးကို ပြဆိုချက်

ရုပ်နာမ်နှစ်ပါး ထင်မြင်အောင် စီးဖြန်းနည်း၌ လွယ်လွယ်သာ ထင်၍အလွန်ခက်သည့် ရုပ်နာမ်တရား၊တိမ်တိမ်သာ ထင်၍ အလွန် နက်သည့် ရုပ်နာမ်တရား၊ ပြောကြား၍ ယုံနိုင်ဘူး၊ ကြုံဘူးမှသိမည်၊ မယုံလျှင် ကြံစမ်းတော့ စိတ်ပန်းရမည်၊ ဆရာကိုယ်တိုင်ပြမှ နည်း ကျကျမည် မှတ်လေ။

လွှယ်လွှယ်သာ ထင်၍ အလွန်ခက်သည့် ရုပ်နာမ်တရားဆိုသည်ကား– ရုပ်နာမ်နှစ်ပါးသည် သုတမယပရိယတ္တိဉာဏ် အနေအားဖြင့် လွယ်၏။ ဘာဝနာမယပဋိပတ္တိဉာဏ် အနေအာ ဖြင့် အလွန်ခက်လှ၏ဟု ဆိုလိုသည်။

တိမ်တိမ်သာထင်၍ အလွန်နက်သည့် ရုပ်နာမ်တရား ဆိုသည်ကား– ရုပ်နာမ်နှစ်ပါးသည် သုတမယပရိယတ္တိဉာဏ် အနေအားဖြင့် တိမ်၏၊ဘာဝနာမယပဋိပတ္တိဉာဏ်အနေအားဖြင့် အလွန်နက်လှ၏ဟု ဆိုလိုသည်။

**အန္ဓ-ကလျာဏ-ပုထုဇဉ် ခွဲပြချက်**

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။

> တတ္ထ ယဿ ခန္ဓဓာတုအာယတနာဒိသု ဥဂ္ဂဟဏ-ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော။ ယဿ ပန တာနိ အတ္ထိ၊ သော ကလျာ-ဏပုထုဇ္ဇနော။ (သီလက္ခန် အဋ္ဌကထာ။နှာ-၅၀-၉။)

အန္ဓော၊ သုတမယပညာ, ဘာဝနာမယပညာ- မျက်စိ ကန်းသော။ ဧကော၊ တယောက်သော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်ဂင်း။ ကလျာဏော၊ သုတမယပညာ, ဘာဝနာမယပညာ မျက်စိကောင်းသော။ ဧကော၊ တယောက်သော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်ဂင်း။ ဣတိ၊ ဤ သို့။ ဒုဝေ၊ နှစ်ယောက် ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်

မူသော။ ဗုဒ္ဓေန၊ ဥဿယျငါးထပ် တရားမြတ်ကို အတတ်သိမြင်တော်မူသော ဘုရားရှင်သည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

တတ္ထ၊ ထိုနှစ်ယောက်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့တွင်။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ခန္ဓ ဓာတု အာယတနာ ဒီသု၊ ခန္ဓာ ဓာတ် အာယတနစသည်တို့၌။ဥဂ္ဂဟဏပရိပုစ္ဆာသဝနဓာရဏပစ္စဝေက္ခဏာနိ၊ သင်ခြင်း အဖန်ဖန်မေးမြန်းခြင်း နာခြင်း ဆောင်ခြင်း ဉာဏ်ဖြင့် သက်ဝင်၍ ရှုခြင်းတို့သည်။ နတ္ထိ-နသန္တိ၊ မရှိကုန်။ အယံ၊ ဤပုဂ္ဂိုလ်သည်။ အန္ဓပုထုဇ္ဇနော၊ သုတမယပညာ, ဘာဝနာမယပညာ-မျက်စိ ကန်းသော ပုထုဇဉ်ပုဂ္ဂိုလ် မည်၏။ ယဿ ပန၊ အကြင်ပုဂ္ဂိုလ်အားကား။တာနိ ဥဂ္ဂဟဏ ပရိပုစ္ဆာသဝနဓာရဏ-ပစ္စဝေက္ခဏာနိ၊ထိုသင်ခြင်း အဖန်ဖန်မေးမြန်းခြင်းနာခြင်း ဆောင်ခြင်း ဉာဏ်ဖြင့်သက်ဝင်၍ ရှုခြင်းတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ကလျာဏပုထုဇ္ဇနော၊ သုတမယပညာ, ဘာဝနာမယပညာ မျက်စိကောင်းသော ပုထုဇဉ်ပုဂ္ဂိုလ်မည်၏။

### မြင်သင့်သည်ကိုမမြင် မမြင်သင့်သည်ကို မြင်ပုံ

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။

(သတိပဋ္ဌာနဝိဘင်း အဋ္ဌကထာ၊ နှာ-၂၀၇, သုတ်မဟာဝါ အဋ္ဌကထာ၊ နှာ-၃၄၇, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ လာသော ပေါရာဏကဂါထာ)။

ယံ၊ အကြင် ငါ့ကိုယ်, သူ့ကိုယ်, ယောက်ျား, မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါဟူ၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကို။ ဗာလော၊ ဝိပဿနာ ပညာမျက်စိ မရှိသော အန္ဓပုထုဇဉ်

ကန်းသည်။ ပဿတိ၊ ထင်ရှားရှိ၏ဟူ၍ ဖောက်ပြန်သော မိစ္ဆာအမြင်ဖြင့် မြင်၏။ တံ၊ ထိုဖောက်ပြန်သော မိစ္ဆာအမြင်ဖြင့် မြင်သော ငါ့ကိုယ်, သူ့ကိုယ်, ယောကျ်ား, မိန်းမ,လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါကို။ ပဏ္ဍိတေဟိ၊ ဝိပဿနာ ပညာမျက်စိရှိသော ကလျာဏပုထုဇဉ်,ဟုတ်မှန်စွာသိသော အရိယာပုဂ္ဂိုလ်အရှင်မြတ်တို့သည်။ န ဒိဋ္ဌံ၊ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟူ၍ မမြင်အပ်။ ယံ၊ အကြင် ရုပ်နာမ်နှစ်ပါး အပေါင်းအစုကို။ ပဏ္ဍိတေဟိ၊ ဝိပဿနာ ပညာမျက်စိရှိသော ကလျာဏ ပုထုဇဉ်, ဟုတ်မှန်စွာသိသော အရိယာပုဂ္ဂိုလ်အရှင်မြတ်တို့သည်။ ဒိဋ္ဌံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟူ၍ မြင်အပ်၏။ တံ၊ ထို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်နှစ်ပါး အပေါင်းအစုကို။ ဗာလော၊ ဝိပဿနာပညာ မျက်စိမရှိသော အန္ဓပုထုဇဉ်ကန်းသည်။ န ပဿတိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏ဟူ၍ မမြင်။ အပဿံ-အပဿမာနော၊ ရုပ်နာမ်နှစ်ပါး အပေါင်းအစုကို မမြင်သော။ မူဠှော၊ တွေဝေ မိုက်ဘိ ဝိပဿနာ ပညာမျက်စိမရှိသော အန္ဓပုထုဇဉ်ကန်းကို။ မာရေန၊ တထောင့်ငါးရာ ကိလေသာကို ပိုင်ကာစိုးနင်း အဝိဇ္ဇာ မာရ်မင်းသည်။ ဗဒ္ဓေါ၊ ပစ္စည်း၌စွာ သတ္တဝါကို တွယ်တာ တပ်မက် နှစ်သက်ခြင်းတဏှာ သံယောဇဉ် ကျောက်ကြိုးဖြင့် ဖွဲ့ အပ်၏။ ဗန္ဓမာနော၊ ပစ္စည်း၌စွာ သတ္တဝါကို တွယ်တာ တပ်မက် နှစ်သက်ခြင်း တဏှာသံယောဇဉ် ကျောက်ကြိုးဖြင့် ဖွဲ့မိ သော အန္ဓပုထုဇဉ်ကန်းသည်။ န မုစ္စတိ၊ အိုနာ သေပြန် ဖန်ဖန်မစဲ သံသရာဝဲ ဝဋ်ဆင်းရဲ ဩဃဝဲမှ ဘယ်နံ့ရောအခါမှ မလွတ်နိုင်တော့သည်သာတည်း။

### ကျမ်းဂန်တတ်သော်လည်း ဘီလူးလက်မှ
### မလွတ်သေးကြောင်းကို ပြဆိုချက်

ဂန္ထေ ဉာတေပိ နော ကာယေ၊ ဂါဟော ဂါဟတိ ပုဂ္ဂလံ။
ဂန္ထေ ဉာတေ အဉာတေပိ၊ ကာယေ ဉာတေ န ဂါဟတိ။

ဂန္ထေ၊ စာပေကျမ်းဂန်ကို။ ဉာတေပိ၊ ပိဋကတ်သုံးပုံ နှုတ်ငုံ ရ၍ သုတမယဉာဏ်ဖြင့် သိအပ်သော်လည်း။ ကာယေ၊ ရုပ်နာမ် အပေါင်းကို။ နော ဉာတေ၊ ဟုတ်တိုင်းမှန်စွာ ဝိပဿနာပညာ, မဂ်ပညာဖြင့် မသိအပ်သည်ရှိသော်။ တံ ပုဂ္ဂလံ၊ ထို ပိဋကတ် သုံးပုံ နှုတ်ငုံရ၍ တတ်သောပုဂ္ဂိုလ်ကြီးကို။ ဂါဟော၊ တဏှာ မာန ဒိဋ္ဌိ တည်းဟူသော ဘုတ်ဘီလူးသည်။ ဂါဟတိ၊ ပူးဝင် ဖမ်းစား၏။ ဝါ၊ အပါယ်လေးပါးသို့ ဆောင်တတ်၏။ ဂန္ထေ၊ စာပေ ကျမ်းဂန်ကို။ ဉာတေပိ၊ သုတမယဉာဏ်ဖြင့် သိအပ်သော်ငြား။ အဉာတေပိ၊ မသိအပ်သော်ငြား။ ကာယေ၊ ရုပ်နာမ်အပေါင်းကို။ ဉာတေ၊ ဟုတ်တိုင်းမှန်စွာ ဝိပဿနာပညာ, မဂ်ပညာဖြင့် သိမြင် အပ်သည်ရှိသော်။ ဂါဟော၊ တဏှာ မာန ဒိဋ္ဌိ တည်းဟူသော ဘုတ်ဘီလူးသည်။ န ဂါဟတိ၊ မပူးဝင် မဖမ်းစားနိုင်။ ဝါ၊ အပါယ်လေးပါးသို့ မဆောင်နိုင်။

### နာမ်ရုပ်နှစ်ပါး ပေါင်းမိခြင်းကြောင့်
### လှုပ်ရှားတတ်သကဲ့သို့ ဖြစ်ကြောင်းကို ပြဆိုချက်

ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမည သမာယုတံ။

ရဇ္ဇုယောဂါ၊ ကြိုးနှင့်ပေါင်းယှဉ်မိခြင်းကြောင့်။ ဒါရုယန္တံ၊ သစ်သားယန္တရားရုပ်သေးသည်။ သဗျာပါရံဝ၊ သွား လာ က ခုန်

ဗျာပါရရှိပုံယောင်ယောင်။ ခါယတိ ယထာ၊ ထင်ရဘိသကဲ့သို့။ ဧဝံတဿ၊ ထိုအတူ။ သုညံ၊ သတ္တဇီဝ စသည်မှ ဆိတ်သော။ နာမရူပံ၊ နာမ်ရုပ်နှစ်ပါးသည်။ အညမညသမာယုတံ၊ အချင်းချင်း ပေါင်းယှဉ်မိသည်ဖြစ်၍။ သဗျာပါရံဝ၊ ယာပိုထ်လေးရပ် လှုပ်ရှားဟတ်သကဲ့သို့။ ခါယတိ၊ ထင်ရ၏။

## စိတ်ကို နှိပ်ကွပ်ရမည့်အကြောင်းကို ပြဆိုချက်

နိဂ္ဂဏှေယျ သကံ စိတ္တံ၊ ကိဋ္ဌာဒိံ ဝိယ ဒုပ္ပသုံ။
သတိမာ သမ္ပဇာနော စ၊ စရေ သဗ္ဗိရိယာပထေ။

ကိဋ္ဌာဒိံ၊ ထွန်ကြဲပြုပြင် စပါးပင်ကို ဝင်၍ စားလေ့ရှိသော။ ဒုပ္ပသုံ၊ အသုံးမကျ မထွန်မကာရသော နွားဆိုး, နွားကြမ်း, နွားသရမ်းကို။ သာမိကော၊ နွားရှင်ယောက်ျားသည်။ နိဂ္ဂဏှေယျ ဝိယ၊ နွားချည်တိုင်၌ နိုင်နိုင်ဖွဲ့လျက် ရိုက်နှက်ဆုံးမသကဲ့သို့။ ယော၊ အကြင် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ အလိုရှိသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ ကိဋ္ဌာဒိံ၊ ရုပ်နာမ်နှစ်ပါး မသိ ငြာ၍ ငါးပါး အာရုံ ကာမဂုဏ်ကို လုံ စုံလိုက်ငြား ကျက်စား တတ်သော။ သကံ စိတ္တံ၊ မိမိစိတ်မိုက် ဗိတ်ဆိုး ခေါင်ထိပ်ခုံးကို။ နိဂ္ဂဏှေယျ၊ ဝိပဿနာ ဘာဝနာကိုင် နိုင်နိုင်မြဲတည် သတိချည်၍ သမ္ပဇည နှင်တံပြလျက် ဆုံးမ နှိပ်ကွပ်ရာ၏။ သော၊ ထိုဝိပဿနာ ဉာဏ်ပညာဖြင့် ကောင်းစွာ ဆုံးမပြီးသော ယောဂီပုဂ္ဂိုလ်သည်။ သဗ္ဗိရိယာပထေ၊ လျောင်း, ထိုင်, ရပ်, သွား လေးပါးယာဒိုထ် ပြုစဉ်ခိုက်၌။ ဝါ၊ အဘိက္ကန္တ ပဋိက္ကန္တ စသည်လုံးစုံ ယာဒိုထ်ကုန်၌။ သတိမာ၊ ဝိပဿနာ ဉာဏ်ပညာနှင့်ယှဉ်သော သတိရှိသည်ဖြစ်၍ လည်း။ သမ္ပဇာနော စ၊ သတိယှဉ်၍ သမ္ပဇညတရားလေးပါးကို

ကောင်းစွာအပြားအားဖြင့် သိသည်ဖြစ်၍ငင်း။ ဝါ၊ ယထာဘူတ နာမရူပ စသည်ကို မှချထင်ထင် သိမြင်သည်ဖြစ်၍ငင်း။ စရေ၊ နေ့ရောည့ပါ အခါမစဲ အမြဲမကွာ ကျင့်လေရာ၏။

## သမ္မဇညတရား လေးပါးကို ခွဲ၍ပြဆိုချက်

ဇာရိယာပထနှင့် သမ္မဇညတရားသည် သတိပဋ္ဌာန်တစောင်လုံးကို နှလုံးသွင်းရမည့် အာကာရ ဖြစ်၏။ ပိဋကတ်သုံးပုံကို နှလုံးသွင်းရမည့် အာကာရ ဖြစ်၏။ သတိပဋ္ဌာန်တစောင်လုံး၌ ပဇာနာတိပုဒ် ဟူသမျှသည် သမ္မဇညတရားချည်း ဖြစ်၏။

သမ္မဇည တရားသည် သာတ္ထက သမ္မဇည, သပ္ပါယ သမ္မဇည, ဂေါစရ သမ္မဇည, အသမ္မောဟ သမ္မဇညအားဖြင့် လေးပါး အပြားရှိ၏။

ထိုတွင် ပစ္စုပ္ပန်သံသရာ၌ အကျိုးရှိသည်-မရှိသည်ကို သိတတ်သော ဉာဏ်သည် သာတ္ထကသမ္မဇညမည်၏။

ပစ္စုပ္ပန် သံသရာ၌ လျောက်ပတ်သည်-မလျောက်ပတ်သည်ကို သိတတ်သော ဉာဏ်သည် သပ္ပါယသမ္မဇညမည်၏။

ဇာရိယာပုထ် လေးပါး၌ သမထဝိပဿနာကမ္မဋ္ဌာန်းကို မပြတ်မသပ် အာရုံပြုမည်ကို သိတတ်သောဉာဏ်သည် ဂေါစရသမ္မဇည မည်၏။

ဇာရိယာပုထ် လေးပါး၌ ရုပ်နာမ်စသည်ကို သိတတ်သော ဉာဏ်သည် အသမ္မောဟသမ္မဇညမည်၏။

**နာမရူပပရိစ္ဆေဒ အရေးကြီးပုံ။** ။နာမရူပပရိစ္ဆေဒဉာဏ်သည် မဂ်ဖိုလ်၏ ပုဗ္ဗနိမိတ်လည်း ဖြစ်၏။

မဂ်ဖိုလ်ကို လျင်မြန်စွာ ရောက်ကြောင်း ပဋ္ဌမဉာဏ်လည်း ဖြစ်၏ မဂ်ဖိုလ်၏ မူလဘူတလည်း ဖြစ်၏၊ မဂ်ဖိုလ်၏ အခြေပါဒလည်း ဖြစ်၏၊ ဝိပဿနာဉာဏ် ဆယ်ပါး၏ မူလဘူတလည်း ဖြစ်၏၊ ဝိပဿနာဉာဏ် ဆယ်ပါး၏ အခြေပါဒလည်း ဖြစ်၏။

> ပစ္စဝေက္ခဏ သမ္မာဒိဋ္ဌိ ကမ္မဿကတသမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ စာတိ။ သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ၊ ဇူစေ့တံ ကုသလံ၊ နော စေ သက္ကောတိ၊ သတ္တ ဘဝေ ဒေတိ အာဝုသော။ (ကောဂ်တ္တရအဋ္ဌကထာ။ နှာ-၃၆၉)။

ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိကို။ ဘာဝိတာ၊ ပွါးအပ်သည်ရှိသော်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင်။ ဝါ၊ယခု ဘဝ၌သာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ဝါ၊ ရဟန္တာ အဖြစ်သို့။ ပါပေတုံ၊ ရောက်စေခြင်းငှါ။ သစေ သက္ကောတိ၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့။ ဇူစေ့တံ၊ ဤသို့ စွမ်းနိုင်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ နော စေ သက္ကောတိ၊ အကယ်၍ ယခုဘဝ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်အံ့။ အာဝုသော၊ ငါ့ရှင်။ သတ္တဘဝေ၊ ခုနစ်ဘဝ အတွင်း၌။ ဒေတိ၊ အရဟတ္တဖိုလ် အကျိုးကို ပေးနိုင်၏။

နာမရူပပရိစ္ဆေဒဉာဏ် ပြီး၏။

ပဌမကဏ္ဍ ပြီး၏။

# ဆဋ္ဌကဏ္ဍ

## ပစ္စယပရိဂ္ဂဟဉာဏ် အခန်း

ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြဆိုပေအံ့—

**ကမ္မပစ္စည်းနည်း။** ။ကမ္မပစ္စည်း ဆင်ခြင်နည်းကား– နာမရူပ ပရိစ္ဆေဒဉာဏ်ကို ထင်မြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စိတ်တည်ကြည်ငြိမ်သက်အောင် စီးဖြန်း။ စိတ်တည်ကြည်ငြိမ်သက်လျှင်—

"ကံကြောင့် ရုပ်နာမ်ဖြစ်၏၊ ကံကြောင့် ရုပ်နာမ်ဖြစ်၏။"

"လူ နတ် ဗြဟ္မာ မိဘကြောင့် ရုပ်နာမ်မဖြစ်၊ လူ နတ် ဗြဟ္မာ မိဘကြောင့် ရုပ်နာမ်မဖြစ်"ဟု ဆင်ခြင်။ (အဇ္ဈတ္တဘို့။)

"ကံကြောင့် ရုပ်ဖြစ်၏၊ ကံကြောင့် ရုပ်ဖြစ်၏"ဟု ဆင်ခြင်။ (ကေဝေါကာရဘုံဘို့။)

"ကံကြောင့် နာမ်ဖြစ်၏၊ ကံကြောင့် နာမ်ဖြစ်၏"ဟု ဆင်ခြင်။ (စတုဝေါကာရဘုံဘို့။)

"ကံကြောင့် ရုပ်နာမ်ဖြစ်၏၊ ကံကြောင့် ရုပ်နာမ်ဖြစ်၏။ အကြောင်းကြောင့် ရုပ်နာမ်ဖြစ်၏၊ အကြောင်းကြောင့် ရုပ်နာမ်ဖြစ်၏။ ရုပ်နာမ်ကြောင့် ရုပ်နာမ်ဖြစ်၏၊ ရုပ်နာမ်ကြောင့် ရုပ်နာမ်ဖြစ်၏။"

ပဋိသန္ဓေအခါ “အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ကံကြောင့် ရုပ်နာမ်ဖြစ်၏။ ပဝတ္တိအခါ ကံ, စိတ်, ဥတု, အာဟာရကြောင့် ရုပ်ဖြစ်၏။ ဒွါရ, အာရုံ စသည်ကြောင့် နာမ်ဖြစ်၏” ဟု ဆင်ခြင်။ (ပဉ္စဝေါကာရဘုံတို့။)

ကမ္မပစ္စည်း ဆင်ခြင်နည်း ပြီး၏။

**ပဋိစ္စသမုပ္ပါဒ်နည်း ဆင်ခြင်ပုံ။** ။ပဋိစ္စသမုပ္ပါဒ်ပစ္စည်း ဆင်ခြင်နည်းကို ပြဆိုပေအံ့—

ငါးပါးသောအကြောင်းကြောင့် ငါးပါးသောအကျိုး ဖြစ်၏။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရ အားဖြင့် ငါးပါးသော အကြောင်းတရားတို့ကြောင့် ဝိညာဏ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ အားဖြင့် ငါးပါးသော အကျိုးတရားတို့သည် ဖြစ်ကုန်၏ဟု ဆင်ခြင်။

**အင်္ဂါ တဆယ့်နှစ်ပါး။** ။ပဋိစ္စသမုပ္ပါဒ်သည် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ-ဟူ၍ အင်္ဂါအားဖြင့် တဆယ့်နှစ်ပါး အပြား ရှိ၏။

**အခြင်းအရာ နှစ်ဆယ်။** ။အခြင်းအရာ အားဖြင့်ကား– အတိတ်အကြောင်း ငါးပါး၊ ပစ္စုပ္ပန် အကျိုး ငါးပါး၊ ပစ္စုပ္ပန်အကြောင်း ငါးပါး၊ အနာဂတ်အကျိုး ငါးပါး ဟူ၍ နှစ်ဆယ် အပြား ရှိ၏။

**အတိတ်အကြောင်းငါးပါး။** ။ထိုတွင် အတိတ်အကြောင်း ငါးပါး ဟူသည်ကား—အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရ အားဖြင့် ငါးပါးတည်း။ ထိုတွင် သစ္စာ

လေးပါးကို မသိခြင်းသည် **အဝိဇ္ဇာ** မည်၏။ လူနတ်ဗြဟ္မာအဖြစ်ကို ရှေးဦးစွာ တကြိမ် လိုချင်သော လောဘသည် **တဏှာ**မည်၏။ လူနတ်ဗြဟ္မာအဖြစ်ကို နောင်အခါ အဖန်တလဲလဲ လိုချင်သော လောဘသည် **ဥပါဒါန်** မည်၏။ လူနတ်ဗြဟ္မာအဖြစ်ကို တောင့်တ၍ ပြုသောကုသိုလ်စေတနာသည် **ကံ** မည်၏။ လူနတ်ဗြဟ္မာ အဖြစ်ကို တောင့်တ၍ ပြုသော ကုသိုလ် စေတနာနှင့်တကွ စိတ္တုပ္ပါဒ်သည် **ပုညာဘိသင်္ခါရ** မည်၏။ (အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ တို့မှာ မလိုပြီ။)

**ပစ္စုပ္ပန်အကျိုး ငါးပါး။**　။ပစ္စုပ္ပန်အကျိုး ငါးပါးဟူသည်ကား— ဝိညာဏ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ အားဖြင့် ငါးပါးတည်း။ ထိုတွင် ပဋိသန္ဓေစိတ်သည် **ဝိညာဏ်** မည်၏။ ပဋိသန္ဓေစိတ်နှင့် ယှဉ်သော စေတသိက် သုံးဆယ့်သုံးခု၊ ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်သော ကမ္မဇရုပ် သုံးဆယ်၊ ပေါင်း ခြောက်ဆယ့်သုံးခုသည် **နာမ်ရုပ်** မည်၏။ ပဋိသန္ဓေ စိတ်သည် **မနာယတန** မည်၏။ ကမ္မဇရုပ် သုံးဆယ်၌ရှိသော ကာယပသာဒသည် **ကာယာယတန** မည်၏။ ဝဏ္ဏသုံးခုသည် **ဝဏ္ဏာယတန** မည်၏။ ဂန္ဓ သုံးခုသည် **ဂန္ဓာယတန** မည်၏။ ရသ သုံးခုသည် **ရသာယတန** မည်၏။ ဖောဋ္ဌဗ္ဗကိုးခုသည် **ဖောဋ္ဌဗ္ဗာယတန** မည်၏။ ကြွင်း တဆယ့်ဘခု၊ စေတသိက် သုံးဆယ့်သုံးခု ပေါင်း လေးဆယ့်လေးခုသည် **ဓမ္မာယတန** မည်၏။ ပေါင်း ခုနစ်ခုသည် **သဠာယတန** မည်၏။ ပဋိသန္ဓေစိတ်၏ အာရုံကို တွေ့ခြင်းသည် **ဖဿ** မည်၏။ ပဋိသန္ဓေစိတ်၏ အာရုံကို ခံစားခြင်းသည် **ဝေဒနာ** မည်၏။

**ပစ္စုပ္ပန်အကြောင်း ငါးပါး။** ။ပစ္စုပ္ပန်အကြောင်း ငါးပါးဟူသည်ကား—အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရ အားဖြင့် ငါးပါးတည်း။ ထိုတွင် သစ္စာလေးတန်၊ ပုဗ္ဗန္တာပရန္တ၊ ဥဘယန္တ၊ ပဋိစ္စသမုပ္ပါဒ ဤရှစ်ဌာနတို့၌ မသိအောင် ဖုံးလွှမ်းတတ်သော မောဟသည် **အဝိဇ္ဇာ** မည်၏။ လူနတ်ဗြဟ္မာအဖြစ်ကို ရှေးဦးစွာ တကြိမ်လိုချင်သော လောဘသည် **တဏှာ** မည်၏။ လူနတ်ဗြဟ္မာအဖြစ်ကို နောက်၌ အဖန်တလဲလဲ လိုချင်သော လောဘသည် **ဥပါဒါန်** မည်၏။ လူနတ်ဗြဟ္မာအဖြစ်ကို တောင့်တ၍ ပြုသောကုသိုလ်စေတနာသည် **ကံ** မည်၏။ လူနတ်ဗြဟ္မာ အဖြစ်ကို တောင့်တ၍ ပြုသော ကုသိုလ်စေတနာနှင့်တကွ စိတ္တုပ္ပါဒ်သည် **ပုညာဘိသင်္ခါရ** မည်၏။

သစ္စာလေးပါးကို မသိခြင်းသည် **အဝိဇ္ဇာ** မည်၏၊ ဘုံသုံးပါး၌ ကာမဂုဏ်ငါးပါးကို ရှေးဦးစွာ တကြိမ် တောင့်တသော လောဘသည် **တဏှာ** မည်၏။ ဘုံသုံးပါး၌ ကာမဂုဏ်ငါးပါးကို အဖန်တလဲလဲ တောင့်တသော လောဘသည် **ဥပါဒါန်** မည်၏။ ဘုံသုံးပါး၌ ကာမဂုဏ်ငါးပါးကို တောင့်တ၍ ပြုသော အကုသိုလ်စေတနာသည် **ကံ** မည်၏။ ဘုံသုံးပါး၌ ကာမဂုဏ် ငါးပါးကို တောင့်တ၍ပြုသော အကုသိုလ်စေတနာနှင့်တကွ စိတ္တုပ္ပါဒ်သည် **အပုညာဘိသင်္ခါရ** မည်၏။(အာနေဉ္ဇာဘိသင်္ခါရမှာ မလိုပြီ။)

ဤကား ဘုံသုံးပါး၌ သံသရာစက်လည်ကြောင်း ပစ္စုပ္ပန်အကြောင်း ငါးပါးတည်း။

သစ္စာလေးပါးကို သိခြင်းသည် **ဝိဇ္ဇာ** မည်၏။ နိဗ္ဗာန်ကို သာမည လိုချင်တောင့်တခြင်းသည် **ဆန္ဒ** မည်၏။ နိဗ္ဗာန်ကို အလွန် လိုချင်တောင့်တခြင်းသည် **အဓိကဆန္ဒ** မည်၏။ နိဗ္ဗာန်ကို

တောင့်တ၍ပြုသော ကုသိုလ်စေတနာသည် ကံ မည်၏။ နိဗ္ဗာန်ကို တောင့်တ၍ပြုသော ကုသိုလ်စေတနာနှင့်တကွ စိတ္တုပ္ပါဒ်သည် ပုညာဘိသင်္ခါရ မည်၏။

ဤ ကား ဘုံသုံး ပါး၌ သံရာစက်ပြတ်ကြောင်းပစ္စုပ္ပန်အကြောင်း ငါးပါးတည်း။ (အနာဂတ်အကျိုး ငါးပါးမှာ ပစ္စုပ္ပန်အကျိုး ငါးပါးနှင့် နည်းတူမှတ်။)

ပဋိစ္စသမုပ္ပါဒ်ပစ္စည်း ဆင်ခြင်နည်း ပြီး၏။

**ပဋ္ဌာန်းပစ္စည်းနည်း။** ။ပဋ္ဌာန်းပစ္စည်းဆင်ခြင်နည်းကို ပြဆိုပေအံ့— နှစ်ဆယ့်လေးပါးသော အကြောင်းကြောင့် နှစ်ဆယ့်လေးပါးသော အကျိုး ဖြစ်၏၊ ဟေတုပစ္စည်း, အာရမ္မဏပစ္စည်းစသော နှစ်ဆယ့်လေးပါးသော အကြောင်းတရားတို့ကြောင့် ဟေတုပစ္စယုပ္ပန်, အာရမ္မဏပစ္စယုပ္ပန်စသော နှစ်ဆယ့်လေးပါးသော အကျိုးတရားတို့သည် ဖြစ်ကုန်၏၊ ပဋ္ဌာန်းပစ္စည်း ဆင်ခြင်နည်းအကျယ်မှာ ပဋ္ဌာန်းကျမ်း ကိုဘတ်လျှင်သိမြင်လွယ်၏။

ပဋ္ဌာန်းပစ္စည်းဆင်ခြင်နည်း ပြီး၏။

ဣရိယာပထပဗ္ဗအရာမှာ ဣရိယာပုထ်လေးပါးတွင် တပါးပါး၌ ကမ္မပစ္စည်းနည်း, ပဋိစ္စသမုပ္ပါဒ်ပစ္စည်းနည်း, ပဋ္ဌာန်းပစ္စည်း နည်းတို့ကို ဆင်ခြင်ရမည်။

ဤကား ပစ္စယပရိဂ္ဂဟဉာဏ် ဘာဝနာကာရ စီးဖြန်းနည်း တည်း။

**ပစ္စယပရိဂ္ဂဟဉာဏ် ထင်ပုံ။** ။ပစ္စယပရိဂ္ဂဟဉာဏ် ဉပဋ္ဌာနာကာရ ထင်နည်းကား—

ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း အကြောင်းတရားကို သိမ်းဆည်းလျှင် ပစ္စယပရိဂ္ဂဟဉာဏ် ထင်မြင်၏။ ပစ္စယပရိဂ္ဂဟဉာဏ် ထင်မြင်လျှင် ယုံမှားခြင်း-ဝိစိကိစ္ဆာ တဆယ့်ခြောက်ပါး ပျောက်၏။

ဤကား ပစ္စယပရိဂ္ဂဟဉာဏ် ဥပဋ္ဌာနာကာရ ထင်နည်းတည်း။

**ယုံမှားခြင်း တဆယ့်ခြောက်ပါး**

ယုံမှားခြင်း ဝိစိကိစ္ဆာ တဆယ့်ခြောက်ပါးဟူသည်ကား—

အဟောသိံ နု ခေါ၊ နနု ခေါ အဟောသိံ၊ ကိံ နု ခေါ အဟောသိံ၊ ကထံ နု ခေါ အဟောသိံ၊ ကိံ ဟုတွာ ကိံ အဟောသိံ နု ခေါ။

(အတိတ်၌ ယုံမှားခြင်း ၅-ပါး။)

ဘဝိဿာမိ နု ခေါ၊ နနု ခေါ ဘဝိဿာမိ၊ ကိံ နု ခေါ ဘဝိဿာမိ၊ ကထံ နု ခေါ ဘဝိဿာမိ၊ ကိံ ဟုတွာ ကိံ ဘဝိဿာမိ နု ခေါ။

(အနာဂတ်၌ ယုံမှားခြင်း ၅-ပါး။)

အဟံ နု ခေါ၊ နနု ခေါ၊ ကိံ နု ခေါ၊ ကထံ နု ခေါ၊ ကုတော အာဂတော နု ခေါ၊ ကုဟိံ ဂါမိ ဘဝိဿတိ နု ခေါ။

(ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး။)

အဟောသိံ နု ခေါ၊ ငါသည် အတိတ်ကာလ၌ ဖြစ်ဘူးလေသလော။ နနု ခေါ အဟောသိံ၊ ငါသည် အတိတ်ကာလ၌ မဖြစ်ဘူးလေသလော။ ကိံ နု ခေါ အဟောသိံ၊ ငါသည် အတိတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်လေသနည်း။ ကထံ နု ခေါ အဟော-

သိ၊ ငါသည် အတိတ်ကာလ၌ အဘယ်သို့ နိမ့် မြင့် ဖြူ ညို စသော အခြင်းအရာအားဖြင့် ဖြစ်လေသနည်း။ ကိံ ဟုတွာ ကိံ အဟောသိံ နု ခေါ၊ ငါသည် အတိတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်၍ အဘယ်သို့သောသူ ဆက်ကာဆက်ကာ ဖြစ်လေသနည်း။ (ဤသို့ အတိတ်၌ ယုံမှားခြင်း ၅-ပါး။)

ဘဝိဿာမိ နု ခေါ၊ ငါသည် အနာဂတ်ကာလ၌ ဖြစ်အံ့လော။ န နု ခေါ ဘဝိဿာမိ၊ ငါသည် အနာဂတ်ကာလ၌ မဖြစ်အံ့လော။ ကိံ နု ခေါ ဘဝိဿာမိ၊ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်အံ့နည်း။ ကထံ နု ခေါ ဘဝိဿာမိ၊ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့ နိမ့် မြင့် ဖြူ ညို စသော အခြင်းအရာအားဖြင့် ဖြစ်အံ့နည်း။ ကိံ ဟုတွာ ကိံ ဘဝိဿာမိနုခေါ၊ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်၍ အဘယ်သို့သောသူ ဆက်ကာဆက်ကာ ဖြစ်အံ့နည်း။ (ဤသို့ အနာဂတ်၌ ယုံမှားခြင်း ၅-ပါး။)

အဟံ နု ခေါ၊ ငါသည် ပစ္စုပ္ပန်ကာလ၌ ဖြစ်၏လော။ နော နု ခေါ၊ ငါသည် ပစ္စုပ္ပန်ကာလ၌ မဖြစ်ပါသလော။ ကိံ နု ခေါ၊ ငါသည် ပစ္စုပ္ပန်ကာလ၌ အဘယ်သို့သောသူ ဖြစ်သနည်း။ ကထံ နု ခေါ၊ငါသည် ပစ္စုပ္ပန်ကာလ၌ အဘယ်သို့ နိမ့် မြင့် ဖြူ ညို စသော အခြင်းအရာအားဖြင့် ဖြစ်သနည်း။ ကုတော အာဂတော နု ခေါ၊ ငါသည် ပစ္စုပ္ပန်ဘဝသို့ အဘယ်က လာခဲ့လေသနည်း။ ကုဟိံ ဘဝိဿတိ နု ခေါ၊ ငါသည် ပစ္စုပ္ပန်ဘဝမှ အဘယ်သို့ သွားအံ့နည်း။ (ဤသို့ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး။) ပေါင်း ယုံမှားခြင်း ၁၆-ပါးတည်း။

### နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် အကျိုး

**စူဠသောတာပန်ဖြစ်နိုင်ပုံ။** ။နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ထင်မြင်သောသူအား ရအပ်သော အကျိုးအာနိသံသကို ပြဆိုပေအံ့—

နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်ကို ရပြီးသော ပုဂ္ဂိုလ်သည် ဝါတာတပ, ဘယဘေရဝ, အရတိ ရတိတို့ကို သည်းခံနိုင်၏။ **နိဝါတ, နိမာန, ခန္တီ, သောဝစ္စ, သန္တုဋ္ဌိ, သလ္လေခ** စသော ကျေးဇူးအထူးသို့လည်း ရောက်၏။ အရိယမဂ်တည်းဟူသော ထောက်တည်ရာ ပတိဋ္ဌာ၊ အရိယဖိုလ်တည်းဟူသော သက်သာရာ အဿာသကို ရသကဲ့သို့ ဖြစ်၏။ ယခုဘဝ မဂ်ဖိုလ်မရ စုတိကျသည်ရှိသော် သုဂတိဘဝသို့ မုချ လားရောက်သည် ဖြစ်၍ နိယတဂတိရှိရကား သောတာပန်နှင့်လည်း အလားတူ၏၊ **စူဠသောတာပန်** မည်၏။

တနည်းလည်း နာမရူပပရိစ္ဆေဒအားဖြင့် ခန္ဓာဒိဓမ္မတို့ကို သဘာဝ,သရသအားဖြင့် ကောင်းစွာမှတ်၍ သာသနာတော်၌ ဓမ္မူပသံဟိတ ပါမောဇ္ဇကို ရသဖြင့် ရအပ်သော အဿာသ ရှိ၏။ သပ္ပစ္စယနာမရူပကို မြင်သဖြင့် ဒိဋ္ဌိဟူသော ဆူးငြောင့်လေတ်ကို ပယ်နုတ်နိုင်၏။ အဟေတု, ဝိသမဟေတုဝါဒကို နှင်ထုတ်လျက် ဟုတ်မှန်တိုင်းသော ယထာသဘ ပစ္စယတို့ကြောင့် နာမရူပဓမ္မတို့၏ ဖြစ်ခြင်းကို သိရကား သာသနာတော်၌ တွန်လျှောင်ခြင်းကင်းသော ဘာဒ္ဓါခြင်း ရှိသည်ဖြစ်၍ ရအပ်သော ပတိဋ္ဌာရှိ၏။ နာမရူပ ဝဝတ္ထာန်ဖြင့် ဒုက္ခသစ္စာကို ဓမ္မဋ္ဌိတိဉာဏ်ဖြင့် သမုဒယသစ္စာကို သိုဉာဏ်၏ နောက်အဖို့၌ အနိစ္စာဒိမနသိကာရ ဝင်ဖြင့်

မဂ္ဂသစ္စာကို သိ၍ နာမရူပပဝတ္တိ၏ ဒုက္ခအဖြစ်ကို မြင်သဖြင့် အပ္ပဝတ္တနိရောဓ၌ ကောင်း ညွတ်ကိုင်းသော အဇ္ဈာသယရှိရကား လောကီဉာဏ်ဖြင့်ပင်လျှင် သစ္စာလေးတန်ကို သိသည်ဖြစ်၍ အပါယ်၌ မဖြစ်ထိုက် သောတာပန်ကဲ့သို့ ဖြစ်ထိုက်သောကြောင့် နိယတဂတိ ရှိ၏။ ထို့ကြောင့် **စူဠသောတာပန်** မည်၏။

**တနည်းလည်း** — နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရားရှင်၏ သာသနာတော်၌ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်း တရားကို သိမြင်သောကြောင့် သက်သာရာကြီးကို ရသည် ဖြစ်၍၎င်း၊ သံသရာဝဋ်ဆင်းရဲကြီးမှ ထွက်မြောက်ကြောင်း တရားကိုသိမြင်သောကြောင့် ကိုးကွယ်ရာ,မှီခိုရာ,ထောက်တည်ရာကြီး ကို ရသည် ဖြစ်၍၎င်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို အားထုတ်နိုင်သော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံ၌ မြဲသော ဂတိ ရှိသည်ဖြစ်၍၎င်း၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင် ရှစ်ပါးတည်း ဟူသော ရေအယဉ်သို့ ရောက်သည်ဖြစ်၍၎င်း **စူဠသောတာပန်** မည်၏။ ထို့ကြောင့် —

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ-သာသနေ လဒ္ဓဿာသော လဒ္ဓပ္ပတိဋ္ဌော နိယတ-ဂတိကော စူဠသောတာပန္နော နာမ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ဒု-၂၄၀။ ဒီဃနိကာယ် ဗြဟ္မ-ဇာလသုတ် အဋ္ဌကထာ။)

ဣမိနာ ပန ဉာဏေန၊ ဤနာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယ-ပရိဂ္ဂဟဉာဏ် နှစ်ပါး နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿ-ကော၊ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။

ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ လဒ္ဓဿာသော၊ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်း တရားကောင်းကို သိမြင်သောကြောင့် သက်သာရာကြီးကို ရသည်ဖြစ်၍ရှင်း။ လဒ္ဓပ္ပတိဋ္ဌော၊ သံသရာဝဋ်ဆင်းရဲကြီးမှ ထွက်မြောက်ကြောင်း တရားကို သိမြင်သောကြောင့် ကိုးကွယ်ရာ,မှီခိုရာ,ယောက်တည်ရာကြီးကို ရသည်ဖြစ်၍ရှင်း။ နိယတဂတိကော၊ မဂ်ဖိုလ် နိဗ္ဗာန် လျင်မြန်စွာ ရောက်ကြောင်း တရားကို အားထုတ်နိုင်သော လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ၌ မြဲသောဂတိ ရှိသည်ဖြစ်၍ရှင်း။ စူဠသောတာပန္နော နာမ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါးတည်း ဟူသော ရေအယဉ်သို့ ရှေးဦးစွာ ရောက်သောကြောင့် စူဠ-သောတာပန် မည်၏။

နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ထင်မြင်သော သူအား ရအပ်သော အကျိုးအာနိသံသကို ပြဆိုချက်ပြီး၏။

## စူဠသောတာပန် ဝိဂ္ဂဟ်

သောတံ အာဒိတော ပဋ္ဌိသု ပါပုဏိံသူတိ သောတာ-
ပန္နာ။ စူဠာ သောတာပန္နာ စူဠသောတာပန္နာ။
(မဂ္ဂသံယုတ်အဋ္ဌကထာ။)

ယေ၊ အကြင် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်။ သောတံ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေအယဉ်သို့။ အာဒိတော၊ အစစွာ။ ပဋ္ဌိံသု-ပါပုဏိံသု၊ ရောက်ကုန်ပြီ။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုနာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်တို့သည်။

သောတာပန္နာ၊ သောတာပန် မည်ကုန်၏။ စူဠ္ဌာ၊ငယ်ကုန်သော။ သောတာပန္နာ၊သောတာပန်ပုဂ္ဂိုလ်ဘို့တည်း။ စူဠသောတာပန္နာ၊ ငယ်သော သောတာပန်ပုဂ္ဂိုလ်တို့။ ဝါ၊ သောတာပန်ထွေးတို့။

ပစ္စယပရိဂ္ဂဟဉာဏ် ပြီး၏။

---

## သမ္မသနဉာဏ်နှင့် ဉဒယဗ္ဗယဉာဏ် ပြဆိုချက်

သမ္မသနဉာဏ်, ဉဒယဗ္ဗယဉာဏ်တို့ကို ပြဆိုပေအံ့—

### စီးဖြန်းရန် သာဓကပါဠိအနက်

သဗ္ဗေ သင်္ခါရာ အနိစ္စာ။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ။
သဗ္ဗေ ဓမ္မာ အနတ္တာ။ (ဓမ္မပဒပါဠိတော်။ နှာ-၅၃။)

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါးတို့သည်။ အနိစ္စာ၊ အဖန်တလဲလဲ ဖြစ်ပျက်၍ နေသောကြောင့် အမြဲမရှိကုန်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါးတို့သည်။ ဒုက္ခာ၊ အဖန်တလဲလဲ ဖြစ်ပျက်၍ နေသောကြောင့် ဆင်းရဲကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးတို့သည်။ အနတ္တာ၊ အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အစိုးမရအပ်သောကြောင့် ကိုယ်မဟုတ်ကုန်။

ဓမ္မာတိ စတုဘူမကာ ဓမ္မာ အနတ္တာ-ဟု အဋ္ဌကထာတို့၌ ဖွင့်ဆိုအပ်သည်လည်း ဝိပဿနာ ယောဂီပုဂ္ဂိုလ်မှာ သမ္မသနဉာဏ်, ဉဒယဗ္ဗယဉာဏ်စသည်ကိုစီးဖြန်းသောအခါလောကုတ္တရာစိတ်နှင့်

နိဗ္ဗာန်ကို ချန်၍ ထားရသောကြောင့် “ဓမ္မာ” ဟူသောပုဒ်၌ တေဘူမကဓမ္မကိုသာ ဆိုလိုက်သည်။

**အနိစ္စသဘော**

ပဉ္စက္ခန္ဓာ ဥပ္ပါဒဝယဝတ္တိတော ဝိပရိဏာမတော တာဝကာလိကတော နိစ္စပ္ပဋိက္ခေပတော စ အနိစ္စာ။

ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဥပ္ပါဒ ဝယ-ဝတ္တိတော၊ အဖန်ဖန်လဲလဲ ဖြစ်တတ် ပျက်တတ်သော သဘောတရားကြောင့်၎င်း၊ ဝိပရိဏာမတော၊ အဖန်တလဲလဲ ဖြစ်ပျက်သည်ဖြစ်၍ ဖောက်ပြန်တတ်သောကြောင့်၎င်း။ တာဝကာလိ-ကတော၊ အဖန်တလဲလဲ ဖြစ်ပျက်လျက် အခိုက်အတန့်မျှ တည်တတ်သောကြောင့်၎င်း။ နိစ္စပ္ပဋိက္ခေပတော စ၊ အဖန်တလဲလဲ မဖြစ်မပျက်ဘဲ မြဲသည်ကို ပယ်တတ်သောကြောင့်၎င်း။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။

**ဒုက္ခသဘော**

ပဉ္စက္ခန္ဓာ အဘိဏှ သမ္ပဋိပီဠနတော ဒုက္ခမတော ဒုက္ခ-ဝတ္ထုတော သုခပ္ပဋိက္ခေပတော စ ဒုက္ခာ။

(ရာဟုလသံယုတ် အဋ္ဌကထာ၊ သံ၊ဋ္ဌ၊ ၂-၁၉၆)

ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အဘိဏှ-သမ္ပဋိပီဠနတော၊ အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းဖြင့် မပြတ်မလပ် အမြဲနှိပ်စက်တတ်သောကြောင့်၎င်း။ ဒုက္ခမတော၊ အဖန်တလဲလဲ ဖြစ်ခြင်းပျက်ခြင်းကို သည်းခံနိုင်ခဲသောကြောင့်၎င်း။ ဒုက္ခဝတ္ထု-တော၊ အဖန်တလဲလဲ ဖြစ်ခြင်းပျက်ခြင်း၏ တည်ရာဖြစ်သော

ကြောင့်ဧင်း။ သုခပ္ပဋိကူလပတော စ၊ အဖန်တလဲလဲ မဖြစ်မပျက်ဘဲ အမြဲချမ်းသာသည်ကို ပယ်တတ်သောကြောင့်ဧင်း။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။

**အနတ္တသဘော**

ပဉ္စက္ခန္ဓာ သုညဂမနတော အသာမိကတော အဝသဝတ္တိတော အတ္တပ္ပဋိက္ခေပတော စ အနတ္တာ။

ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ သုညဂမနတော၊ အဖန်တလဲလဲ ဖြစ်ပျက်၍နေသဖြင့် နိစ္စ, သုခ, အတ္တ, သုဘမှ ဆိတ်ခြင်းသို့ ရောက်သောကြောင့်ဧင်း။ အသာမိကတော၊ အဖန်တလဲလဲ ဖြစ်ခြင်းပျက်ခြင်းကို အစိုးမရသောကြောင့်ဧင်း။ အဝသဝတ္တိတော၊ အဖန်တလဲလဲ မဖြစ်မပျက်အောင် အလိုသို့ မလိုက်သောကြောင့်ဧင်း။ အတ္တပ္ပဋိက္ခေပတော စ၊ အဖန်တလဲလဲ ဖြစ်ပျက်၍ နေသဖြင့် ငါ့ကိုယ်, သူ့ကိုယ်ဟူသည်ကို ပယ်တတ်သောကြောင့်ဧင်း။ အနတ္တာ၊ အနတ္တမည်ကုန်၏။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
(မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၊ဒီ၊၂၊၁၂၉)

ဒုက္ခာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

အနတ္တာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ—

ဟူ၍လည်း ရွတ်သင့်၏။

ဥပ္ပါဒ ဝယ ဓမ္မိနော၊ ဖြစ်တတ် ပျက်တတ်သော သဘော တရားရှိကုန်သော။ သင်္ခါရာ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးတို့သည်။ အနိစ္စာ ဝတ၊ အဖန်တလဲလဲ ဖြစ်ပျက်၍ နေသောကြောင့် အမြဲ မရှိကုန်စွ ပါတကား။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ ဝတ၊ ချုပ်ပျောက်ကုန်စွ ပါတကား။ တေသံ၊ ထိုဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါးတို့၏။ ဝူပသမော၊ အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်း မရှိပဲ ငြိမ်းရာ ကုန်ရာဖြစ်သော အနုပါဒိသေသ နိဗ္ဗာန်သည်။ သုခေါ-သုသုခေါ၊ အလွန်ချမ်းသာလှပေ၏။

ဒုက္ခာ ဝတ၊ အဖန်တလဲလဲ ဖြစ်ပျက်၍ နေသောကြောင့် ဆင်းရဲကုန်စွ ပါတကား။

အနတ္တာ ဝတ၊ အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အစိုး မရလေသောကြောင့် ကိုယ်မဟုတ်ကုန်စွ ပါတကား။ (ကြွင်း သောအနက်တို့မှာ အနိစ္စနည်းတူ။)

## လက္ခဏာယာဉ် သုံးပါးအဓိပ္ပါယ်

ပဉ္စက္ခန္ဓာ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ခယဋ္ဌေန၊ အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ကုန်တတ်သော အနက် သဘောကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဘယဋ္ဌေန၊ အဖန် တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ဘေး ဟူသော အနက်သဘော ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အသာရကဋ္ဌေန၊ အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းဖြင့်။ အနှစ်သာရမရှိသော အနက်သဘော ကြောင့်။ အနတ္တာ၊ အစိုးရသောကိုယ် မဟုတ်ကုန်။

## ရူပ-ဘာဝနာကာရနည်း

**ရုပ်ကို ဘာဝနာပွါးပုံ။** ။ရှင်းပါဠိတော်များနှင့်အညီ ရူပသမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ် စီးဖြန်းနည်း**ကား**— ရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ထင်မြင်ပြီးသော ဝိပဿနာ **ယောဂီ**ပုဂ္ဂိုလ်သည် ရှေးဦးစွာ ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်း**ကို စိတ်တည်ကြည် ငြိမ်သက်**အောင်** စီးဖြန်း၊ စိတ်တည်ကြည်ငြိမ်သက်လျှင် ထင်မြင်ပြီးသော မိမိရုပ်ခန္ဓာကြီးကို အာရုံပြု၍ "ရုပ်တွေ ခု ဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခု များစွာဖြစ်၊ ခုများစွာ ပျက်၏။ ရုပ်တွေ ခု မရေတွက်နိုင်အောင် ဖြစ်၊ ခု မရေတွက်နိုင်အောင် ပျက်၏" ဟု စီးဖြန်း။

"ရုပ်တွေ ခုဖြစ်၊ ခုပျက်၍နေပါတကား။ ရုပ်တွေ ခုများစွာဖြစ်၊ ခု များစွာ ပျက်၍နေပါတကား။ ရုပ်တွေ ခု မရေတွက်နိုင်အောင် ဖြစ်၊ ခု မရေတွက်နိုင်အောင် ပျက်၍နေပါတ**ကား**" ဟု ဉာဏ်ဖြင့် ဆင်ခြင်။

"ရုပ်တွေ ခုဖြစ်၊ ခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၍ **အစိုး**မရလေသောကြောင့် အနတ္တ အနတ္တ။

ရုပ်တွေ ခု များစွာဖြစ်၊ ခု များစွာပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ရုပ်တွေ ခု များစွာဖြစ်၊ ခု များစွာပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ရုပ်တွေ ခု များစွာဖြစ်၊ ခု များစွာ ပျက်၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။

ရုပ်တွေ ခု မရေတွက်နိုင်အောင် ဖြစ်၊ ခု မရေတွက်နိုင်အောင် ပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ရုပ်တွေ ခု မရေတွက်နိုင်အောင် ဖြစ်၊ ခု မရေတွက်နိုင်အောင် ပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ရုပ်တွေ ခု မရေတွက်နိုင်အောင် ဖြစ်၊ ခု မရေတွက်နိုင်အောင် ပျက်၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ" ဟု စီးဖြန်း။

**ဣရိယာပုထ် လေးပါး၌ ရုပ်ကို ပွါးပုံ ။** ။ဣရိယာပထပဗ္ဗ အရမှာ သွားသော အခါ မိမိရုပ်ခန္ဓာကြီးကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု စီးဖြန်း။

ရပ်သောအခါ မိမိရုပ်ခန္ဓာကြီးကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု စီးဖြန်း။

ထိုင်သောအခါ မိမိရုပ်ခန္ဓာကြီးကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု စီးဖြန်း။

လျောင်းသောအခါ မိမိရုပ်ခန္ဓာကြီးကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု စီးဖြန်း။

**အတွင်း-အပ-ရုပ်၌ စီးဖြန်းပုံ။** ။ဣရိယာပုထ် လေးပါး၌ အဇ္ဈတ္တရုပ်ကို အနိစ္စ ဒုက္ခ အနတ္တ ဟု စီးဖြန်း။

ဣရိယာပုထ်လေးပါး၌—

မျက်စိဖြင့် အဆင်းကို မြင်တိုင်းမြင်တိုင်း မြင်အပ်သော အဆင်းကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု ဆယ်ခေါက် စီးဖြန်း။

နားဖြင့် အသံကို ကြားတိုင်း ကြားတိုင်း ကြားအပ်သော အသံကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု ဆယ်ခေါက် စီးဖြန်း။

နှာခေါင်းဖြင့် အနံ့ကို နံတိုင်း နံတိုင်း နံအပ်သောအနံ့ကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု ဆယ်ခေါက် စီးဖြန်း။

လျှာဖြင့် အရသာကို လျက်တိုင်း လျက်တိုင်း လျက်အပ်သော အရသာကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု ဆယ်ခေါက် စီးဖြန်း။

ကိုယ်ဖြင့် အတွေ့ကို ထိတိုင်း ထိတိုင်း ထိအပ်သော အတွေ့ကို အာရုံပြု၍ "ရုပ်တွေ ခုဖြစ်၊ ခုပျက်၏။ ရုပ်တွေ ခုဖြစ်၊ ခုပျက်၏" ဟု ဆယ်ခေါက် စီးဖြန်း။

အဇ္ဈတ္တ, ဗဟိဒ္ဓရုပ်ကို အနိစ္စ ဒုက္ခ အနတ္တ စီးဖြန်းနည်း ပြီး၏။

ရူပဘာဝနာကာရ စီးဖြန်းနည်း ပြီး၏။

**ရုပ်၌ဘာဝနာပွါး၍ ထင်မြင်ပုံ။** ။ရုပ်ဥပဋ္ဌာနာကာရထင်နည်းကား– ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဇာရိယာပုထ် လေးပါး၌ မီးပွတ်သော ယောကျ်ားကဲ့သို့ မနေမနား အားထုတ်၍ ရုပ်၏ ဖြစ်ခြင်း ပျက်ခြင်းကို စီးဖြန်းလျှင် မကြာခင် ရုပ်၏ ဖြစ်ခြင်း ပျက်ခြင်းကို ထင်မြင်လိမ့်မည်။ ဇာရိယာပုထ် လေးပါး၌ ရုပ်၏ ဖြစ်ခြင်း ပျက်ခြင်းကို ဉာဏ်၌ အမြဲထင်မြင်၍ နေလျှင် ရုပ်ဖြစ်ခြင်းပျက်ခြင်းကို ကောင်းထင်မြင်ပြီဟူ၍ မှတ်။

ရူပဥပဋ္ဌာနာကာရထင်နည်း ပြီး၏။

## နာမ-ဘာဝနာကာရနည်း

**နာပ်ကို ဘာဝနာပွါးပုံ။** ။နာမဘာဝနာကာရ စီးဖြန်းနည်းကား–နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို ထင်မြင်ပြီးသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စိတ်တည်ကြည် ငြိမ်သက်အောင် စီးဖြန်း။ စိတ်တည်ကြည်ငြိမ်သက်လျှင် ယင်မြင်ပြီးသော မိမိနာမ်ခန္ဓာကြီးကို အာရုံပြု၍ "နာမ်တွေ ခုဖြစ် ခုပျက်၏။ နာမ်တွေ ခုများစွာဖြစ် ခုများစွာပျက်၏။ နာမ်တွေ ခုမရေမတွက်နိုင်အောင်ဖြစ် ခုမရေမတွက်နိုင်အောင် ပျက်၏''ဟု စီးဖြန်း။

"နာမ်တွေ ခုဖြစ် ခုပျက်၍ နေပါတကား။ နာမ်တွေ ခုများစွာဖြစ် ခုများစွာ ပျက်၍နေပါတကား။ နာမ်တွေ ခုမရေမတွက်နိုင်အောင်ဖြစ် ခုမရေမတွက်နိုင်အောင် ပျက်၍နေပါတကား''ဟု ဉာဏ်ဖြင့် ဆင်ခြင်။

"နာမ်တွေ ခုဖြစ် ခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ နာမ်တွေ ခုဖြစ် ခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ နာမ်တွေ ခုဖြစ် ခုပျက်၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။ နာမ်တွေ ခုများစွာဖြစ် ခုများစွာ ပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ နာမ်တွေ ခုများစွာဖြစ် ခုများစွာ ပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ နာမ်တွေ ခုများစွာ ဖြစ် ခုများစွာပျက်၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ''။

**ဣရိယာပုထ်လေးပါး၌ နာမ်ကိုပွါးပုံ။** ။ဣရိယာပထပဗ္ဗ အရာမှာ သွားသောအခါ မိမိနာမ်ခန္ဓာကြီးကိုအာရုံပြု၍ နာမ်တွေ ခုဖြစ်၊ ခုပျက်၏။ နာမ်တွေ ခုဖြစ်၊ ခုပျက်၏ဟု စီးဖြန်း။

ရပ်သောအခါ မိမိနာမ်ခန္ဓာကြီးကို အာရုံပြု၍ နာမ်တွေ ချဖြစ်၊ ချပျက်၏။ နာမ်တွေ ချဖြစ်၊ ချပျက်၏ဟု စီးဖြန်း။

ထိုင်သောအခါ မိမိနာမ်ခန္ဓာကြီးကို အာရုံပြု၍ နာမ်တွေ ချဖြစ် ချပျက်၏။ နာမ်တွေ ချဖြစ် ချပျက်၏ဟု စီးဖြန်း။

လျောင်းသောအခါ မိမိနာမ်ခန္ဓာကြီးကို အာရုံပြု၍ နာမ်တွေ ချဖြစ်၊ ချပျက်၏။ နာမ်တွေ ချဖြစ် ချပျက်၏ဟု စီးဖြန်း။

**အတွင်းနာမ်၌ ပွါးပုံ။**　။ဇာရီယာပုထ်လေးပါး၌ မျက်စိဖြင့် အဆင်းကို မြင်တိုင်း မြင်တိုင်း မြင်တတ်သောစိတ်ကို အာရုံပြု၍ နာမ်တွေ ချဖြစ်၊ ချပျက်၏။ နာမ်တွေ ချဖြစ်၊ ချပျက်၏ဟု ဆယ်ခေါက် စီးဖြန်း။

နားဖြင့် အသံကို ကြားတိုင်း ကြားတိုင်း ကြားတတ်သောစိတ်ကို အာရုံပြု၍ နာမ်တွေ ချဖြစ်၊ ချပျက်၏။ နာမ်တွေ ချဖြစ်၊ ချပျက်၏ဟု ဆယ်ခေါက် စီးဖြန်း။

နှာခေါင်းဖြင့် အနံ့ကို နံတိုင်း နံတိုင်း နံတတ်သောစိတ်ကို အာရုံပြု၍ နာမ်တွေ ချဖြစ်၊ ချပျက်၏။ နာမ်တွေ ချဖြစ် ချပျက်၏ဟု ဆယ်ခေါက် စီးဖြန်း။

လျှာဖြင့် အရသာကို လျက်တိုင်း လျက်တိုင်း လျက်တတ်သောစိတ်ကို အာရုံပြု၍ နာမ်တွေ ချဖြစ်၊ ချပျက်၏။ နာမ်တွေ ချဖြစ်၊ ချပျက်၏ဟု ဆယ်ခေါက် စီးဖြန်း။

ကိုယ်ဖြင့် အတွေ့ကို ထိတိုင်း ထိတိုင်း ထိတတ်သောစိတ်ကို အာရုံပြု၍ နာမ်တွေ ခဏဖြစ်၊ ခဏပျက်၏။ နာမ်တွေ ခဏဖြစ်၊ ခဏပျက်၏ဟု ဆယ်ခေါက် စီးဖြန်း။

အဇ္ဈတ္တနာမ်ကို အနိစ္စ ဒုက္ခ အနတ္တ စီးဖြန်းနည်း ပြီး၏။
နာမဘာဝနာကာရ စီးဖြန်းနည်း ပြီး၏။

**နာမ်ကိုပွါး၍ ထင်ပုံ။** ။နာမ ဥပဋ္ဌာနာကာရ ထင်နည်းကား— ဤဆိုအပ်ခဲ့ပြီးသည့် အတိုင်း ဇာရီယာပုထ် လေးပါး၌ မီးပွတ်သောယောက်ျားကဲ့သို့ မနေမနားအားထုတ်၍ နာမ်၏ ဖြစ်ခြင်း ပျက်ခြင်းကို စီးဖြန်းလျှင် မကြာခင် နာမ်၏ ဖြစ်ခြင်း ပျက်ခြင်းကို ဉာဏ်၌ ထင်မြင်လိမ့်မည်။ ဇာရီယာပုထ် လေးပါး၌ နာမ်၏ ဖြစ်ခြင်း ပျက်ခြင်းကို ဉာဏ်ထဲ၌ အမြဲထင်မြင်၍ နေလျှင် နာမ်ဖြစ်ခြင်း ပျက်ခြင်းကို ကောင်း ထင်မြင်ပြီဟူ၍ မှတ်။

နာမ ဥပဋ္ဌာနာကာရ ထင်နည်း ပြီး၏။

---

## နာမရူပ ဘာဝနာကာရနည်း

**ရုပ်နာမ်နှစ်ပါး၌ ပွါးပုံ။** ။ရုပ်နာမ်နှစ်ပါးကို ပေါင်း၍ စီးဖြန်းနည်းကား—နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်ကို ကောင်းစွာ ထင်မြင်ပြီးသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ရှေးဦး စွာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စိတ် တည်ကြည် ငြိမ်သက်အောင် စီးဖြန်း။

စိတ်တည်ကြည်ငြိမ်သက်လျှင် မိမိရုပ်နာမ်နှစ်ပါးကို အာရုံပြု၍ "ရုပ်နာမ်ခဏဖြစ်၊ ခဏပျက်၏။ ရုပ်နာမ် ခဏများစွာဖြစ်၊ ခဏများစွာ ပျက်၏။ ရုပ်နာမ် ခဏရေတွက်နိုင်အောင် ဖြစ်၊ ခဏရေတွက်နိုင်အောင် ပျက်

၏" ဟု စီးဖြန်း။ "ရုပ်နာမ် ခုဖြစ်၊ ခုပျက်၍ နေပါတကား။ ရုပ်နာမ် ခုများစွာ ဖြစ်၊ ခုများစွာ ပျက်၍ နေပါတကား။ ရုပ်နာမ် ခုမရေတွက်နိုင်အောင် ဖြစ်၊ ခုမရေတွက်နိုင်အောင် ပျက်၍ နေပါတကား"ဟု ညာဏ်ဖြင့် ဆင်ခြင်။

"ရုပ်နာမ် ခုဖြစ်၊ ခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ရုပ်နာမ် ခုဖြစ်၊ ခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ရုပ်နာမ် ခုဖြစ်၊ခုပျက်၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။ ရုပ်နာမ် ခုများစွာဖြစ်၊ ခုများစွာပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ရုပ်နာမ် ခုများစွာဖြစ်၊ ခုများစွာ ပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ရုပ်နာမ် ခုများစွာဖြစ်၊ ခုများစွာ ပျက်၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။ ရုပ်နာမ် ခုမရေတွက်နိုင်အောင် ဖြစ်၊ ခုမရေတွက်နိုင်အောင် ပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ရုပ်နာမ် ခုမရေတွက်နိုင်အောင်ဖြစ်၊ ခုမရေတွက်နိုင်အောင်ပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ရုပ်နာမ် ခုမရေတွက်နိုင်အောင် ဖြစ်၊ ခုမရေတွက်နိုင်အောင် ပျက်၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ"။

အဇ္ဈတ္တရုပ်နာမ်နှစ်ပါးကို အနိစ္စ-ဒုက္ခ-အနတ္တ
စီးဖြန်းနည်း ပြီး၏။

---

**မျက်စိတမှိတ်တွင်း ရုပ်နာမ်တရားပျက်ပုံကို ရှုနည်း**

မျက်စိတမှိတ်ခန့် ကာလ၌ ရုပ်နာမ်နှစ်ပါးကို အနိစ္စ-ဒုက္ခ-အနတ္တ စီးဖြန်းနည်းကို ပြဆိုပေအံ့—

**နာမ်ပျက်ပုံရှုနည်း။** ။မျက်စိတမှိတ်ခန့် ကာလ၌ နာမ်တရား အပေါင်းသည် ကုဋေတသိန်း ဖြစ်၏၊

ကုဋ္ဌေတသိန်း ပျက်၏ဟု စီးဖြန်း။ မျက်စိ တမှိတ်ခန့် ကာလ၌ နာမ်တရားအပေါင်းသည် ကုဋ္ဌေတသိန်း ဖြစ်ပျက်၍ နေပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

မျက်စိ တမှိတ်ခန့် ကာလ၌ နာမ်တရား အပေါင်းသည် ကုဋ္ဌေတသိန်းဖြစ်ခြင်း ပျက်ခြင်း ဖြင့် မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ မျက်စိတမှိတ်ခန့် ကာလ၌ နာမ်တရား အပေါင်းသည် ကုဋ္ဌေတသိန်း ဖြစ်ခြင်း ပျက်ခြင်း ဖြင့် ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ မျက်စိတမှိတ်ခန့် ကာလ၌ နာမ်တရားအပေါင်းသည် ကုဋ္ဌေတသိန်း ဖြစ်ခြင်း ပျက်ခြင်းဖြင့် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။

**စိတ္တဇရုပ်ပျက်ပုံ ရှုနည်း။** ။မျက်စိတမှိတ်ခန့် ကာလ၌ စိတ္တဇရုပ် အပေါင်းသည် ကုဋ္ဌေငါးထောင်ကျော် ဖြစ်၏၊ ကုဋ္ဌေငါးထောင်ကျော် ပျက်၏ဟု စီးဖြန်း။ မျက်စိတမှိတ်ခန့် ကာလ၌ စိတ္တဇရုပ် အပေါင်းသည် ကုဋ္ဌေငါးထောင်ကျော် ဖြစ်ပျက်၍ နေပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

မျက်စိတမှိတ်ခန့် ကာလ၌ စိတ္တဇရုပ်အပေါင်းသည် ကုဋ္ဌေငါးထောင်ကျော် ဖြစ်ခြင်းပျက်ခြင်းဖြင့်မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ မျက်စိတမှိတ်ခန့် ကာလ၌ စိတ္တဇရုပ် အပေါင်းသည် ကုဋ္ဌေငါးထောင်ကျော် ဖြစ်ခြင်း ပျက်ခြင်းဖြင့် ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ မျက်စိတမှိတ်ခန့် ကာလ၌ စိတ္တဇရုပ်အပေါင်းသည် ကုဋ္ဌေငါးထောင်ကျော် ဖြစ်ခြင်း ပျက်ခြင်းဖြင့် အစိုးမရလေသော ကြောင့် အနတ္တ အနတ္တ။

**ကမ္မဇရုပ်ပျက်ပုံ ရှုနည်း။** ။မျက်စိတမှိတ်ခန့် ကာလ၌ ကမ္မဇရုပ် အပေါင်းသည် အသင်္ချေအနန္တ ဖြစ်၏၊ အသင်္ချေအနန္တ ပျက်၏ဟု စီးဖြန်း။ မျက်စိတမှိတ်ခန့် ကာလ၌ ကမ္မဇရုပ် အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်ပျက်၍ နေပါတကားဟု ဉာဏ်ဖြင့်ဆင်ခြင်။

မျက်စိတမှိတ်ခန့်ကာလ၌ ကမ္မဇရုပ် အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်ခြင်းပျက်ခြင်း ဖြင့် မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ မျက်စိတမှိတ်ခန့်ကာလ၌ ကမ္မဇရုပ် အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်ခြင်းပျက်ခြင်းဖြင့် ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ မျက်စိတမှိတ်ခန့်ကာလ၌ ကမ္မဇရုပ် အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်ခြင်း ပျက်ခြင်းဖြင့် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။

**ဥတုဇရုပ်ပျက်ပုံ ရှုနည်း။** ။မျက်စိတမှိတ်ခန့် ကာလ၌ ဥတုဇရုပ် အပေါင်းသည် အသင်္ချေအနန္တ ဖြစ်၏၊ အသင်္ချေအနန္တ ပျက်၏ဟု စီးဖြန်း။ မျက်စိတမှိတ်ခန့် ကာလ၌ ဥတုဇရုပ်အပေါင်းသည် အသင်္ချေအနန္တ ဖြစ်ပျက်၍နေပါတကားဟု ဉာဏ်ဖြင့်ဆင်ခြင်။

မျက်စိတမှိတ်ခန့် ကာလ၌ ဥတုဇရုပ် အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်ခြင်း ပျက်ခြင်းဖြင့် မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ မျက်စိတမှိတ်ခန့် ကာလ၌ ဥတုဇရုပ်အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ မျက်စိတမှိတ်ခန့် ကာလ၌ ဥတုဇရုပ်အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်ခြင်း ပျက်ခြင်းဖြင့် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။

**အာဟာရဇရုပ်ပျက်ပုံ ရှုနည်း။** ။မျက်စိတမှိတ်ခန့် ကာလ၌ အာဟာရဇရုပ် အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်၏၊ အသင်္ချေအနန္တ ပျက်၏ဟု စီးဖြန်း။ မျက်စိတမှိတ်ခန့် ကာလ၌ အာဟာရဇရုပ် အပေါင်းသည် အသင်္ချေအနန္တ ဖြစ်ပျက်၍နေပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

မျက်စိတမှိတ်ခန့် ကာလ၌ အာဟာရဇရုပ်အပေါင်းသည် အသင်္ချေအနန္တ ဖြစ်ခြင်းပျက်ခြင်းဖြင့် မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ မျက်စိတမှိတ်ခန့် ကာလ၌ အာဟာရဇရုပ်အပေါင်းသည် အသင်္ချေ အနန္တ ဖြစ်ခြင်းပျက်ခြင်းဖြင့် ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ မျက်စိတမှိတ်ခန့် ကာလ၌ အာဟာရဇရုပ်အပေါင်းသည် အသင်္ချေအနန္တ ဖြစ်ခြင်း ပျက်ခြင်းဖြင့် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။

မျက်စိတမှိတ်ခန့် ကာလ၌ ရုပ်နာမ်နှစ်ပါးကို
အနိစ္စ-ဒုက္ခ-အနတ္တ စီးဖြန်းနည်း ပြီး၏။

**ပစ္စုပ္ပန်ဘဝ၌ ရုပ်နာမ်ကို ရှုပုံ။** ။ပဋိသန္ဓေစိတ်မှစ၍ စုတိစိတ်တိုင်အောင် ဖြစ်သော ရုပ်နာမ်တို့သည် မျက်စိတမှိတ်ခန့် ကာလမျှ မရပ်မဆိုင်းဘဲ ဒိုင်းဒိုင်းပြေး အဖန်ဘလဲလဲ ဖြစ်ခြင်း ပျက်ခြင်းဖြင့် မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ပဋိသန္ဓေစိတ်မှစ၍ စုတိစိတ်တိုင်အောင် ဖြစ်သော ရုပ်နာမ်တို့သည် မျက်စိတမှိတ်ခန့် ကာလမျှ မရပ်မဆိုင်းဘဲ ဒိုင်းဒိုင်းပြေး အဖန်ဘလဲလဲ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ပဋိသန္ဓေစိတ်မှစ၍ စုတိစိတ်တိုင်အောင် ဖြစ်သော ရုပ်နာမ်တို့သည် မျက်စိတမှိတ်ခန့် ကာလမျှ မရပ်မဆိုင်းဘဲ ဒိုင်း

ဒိုင်းပြေး အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းဖြင့် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။

ပစ္စုပ္ပန်ကာလ၌ ရုပ်နာမ် နှစ်ပါးကို
အနိစ္စ-ဒုက္ခ-အနတ္တ စီးဖြန်းနည်း ပြီး၏။

ရုပ်နာမ်သည် ကိုယ်မဟုတ်ဟု ထင်မြင်၏။

ရုပ်နာမ်သည် မိမိဥစ္စာ သတ္တဝါသန္တာန်မဟုတ်ဟု ထင်မြင်၏။

ရုပ်နာမ်သည် ငါမဟုတ်ဟု ထင်မြင်၏။

ရုပ်နာမ်သည် ငါ၏ဥစ္စာမဟုတ်ဟု ထင်မြင်၏။

ရုပ်နာမ်သည် သူတပါးမဟုတ်ဟု ထင်မြင်၏။

ရုပ်နာမ်သည် သူတပါး၏ ဥစ္စာမဟုတ်ဟု ထင်မြင်၏။

ရုပ်နာမ်သည် ချစ်ခြင်း,မုန်းခြင်းမရှိ၊ လျစ်လျူသာ ရှုဖွယ်ရှိခြင်းကို ထင်မြင်၏။

ရုပ်နာမ်ကို ချစ်လျှင် လောဘဖြစ်ဖွယ်ကို ထင်မြင်၏။

ရုပ်နာမ်ကို မုန်းလျှင် ဒေါသဖြစ်ဖွယ်ကို ထင်မြင်၏။

ရုပ်နာမ်ကို လောဘ, ဒေါသဖြစ်လျှင် သံသရာ ရှည်ခြင်းကို ထင်မြင်၏။

ရုပ်နာမ်ကို လောဘ, ဒေါသမဖြစ်လျှင် သံသရာ တိုခြင်းကို ထင်မြင်၏။

ရုပ်နာမ်ကို လျစ်လျူရှုမှသာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို လျင်မြန်စွာ ရလိမ့်မည်ဟု ထင်မြင်၏။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို လျင်မြန်စွာရမှ နိစ္စသုခ အမြဲချမ်းသာကြီးကို ရမည်ဟု ထင်မြင်၏။

သင်္ခါရုပေက္ခာဉာဏ် အကျယ်ထင်မြင်နည်း ပြီး၏။

**အလတ်ထင်ပုံ**။ ။သန္တိရူပေက္ခာဉာဏ် အလတ်ထင်နည်းကား—
ရုပ်နာမ် ဖြစ်ခြင်း ပျက်ခြင်းသည် သူ့သဘော
အတိုင်း ဖြစ်ပျက်၏ဟု ထင်မြင်၏။

ဖြစ်ခြင်း ပျက်ခြင်းရှိသော ရုပ်နာမ်သည် နိစ္စ, သုခ, အတ္တ, သုဘမှ ကင်းဆိတ်၏ဟု ထင်မြင်၏။

နိစ္စ, သုခ, အတ္တ, သုဘမှ ကင်းဆိတ်သော ရုပ်နာမ်သည် ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ဟု ထင်မြင်၏။

ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်သော ရုပ်နာမ်သည် ချစ်ခြင်း, မုန်းခြင်းမရှိ၊ လျစ်လျူသာ ရှုဖွယ်ရှိ၏ဟု ထင်မြင်၏။

ရုပ်နာမ်ကို လျစ်လျူရှုမှသာ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလိမ့်မည်ဟု ထင်မြင်၏။

မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာရမှ နိစ္စ,သုခ အမြဲချမ်းသာကြီးကို ရမည်ဟု ထင်မြင်၏။

ဤကား ဥပဋ္ဌာနာကာရ ထင်နည်းတည်း။

သန္တိရူပေက္ခာဉာဏ် အလတ်ထင်နည်း ပြီး၏။

**ဘိက္ခုမည်ပုံ**

**သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။**
**အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။**

(ဓမ္မပဒပါဠိတော်၌ ပဉ္စဂ္ဂဒါယက ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏)။

ယဿ၊ အကြင် လူနတ်မြဟ္မာ သတ္တဝါအပေါင်းအား။ သဗ္ဗ-သော သဗ္ဗသ္မိံပိ၊အလုံးစုံလည်းဖြစ်သော။ နာမရူပသ္မိံ၊ နာမ်ရုပ်၌။ မမာယိတံ၊ ငါ့,ငါ၏ ကိုယ်ဟု စွဲလမ်းခြင်း မြတ်နိုးခြင်းသည်။ နတ္ထိ၊ မရှိ။ အသတာ စ၊ နာမ်ရုပ်နှစ်ဖော် ပျက်စီးသော်လည်း။ န သောစတိ၊ မစိုးရိမ်။ သ-သော၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊ ဘိက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

---

## အနုလောမ-စသော အထက်ဉာဏ် ငါးပါးဖြစ်ပုံ

အနုလောမဉာဏ်, ဂေါတြဘုဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ကို ပြဆိုပေအံ့—

> ယဒါ ဟာဝေ မဂ္ဂေါ ဥပ္ပဇ္ဇိဿတိ၊ တဒါ ပစ္ဆိမသင်္ခါရုပေက္ခာဉာဏာရမ္မဏံ အာရမ္မဏံ ကတွာ ပရိကမ္မံ ဥပစာရံ အနုလောမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တံသမ္ပယုတ္တံ ဉာဏံ . အနုလောမေ ဉာဏံ။
>
> တတော ပရံ နိဗ္ဗာနံ အာရမ္မဏံ ကတွာ ဂေါတြဘုဉာဏံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တတော ပရံ သကိံယေဝ မဂ္ဂေါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တတော ပရံ ဒွတ္တိက္ခတ္တုံ ဖလမေဝ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တတော ပရံ ဘဝင်္ဂပါတော ဟောတီတိ။
>
> သေက္ခာ မဂ္ဂံ ဝါ ဖလံ ဝါ နိဗ္ဗာနံ ဝါ ပဟီနေ ကိလေသေ ဝါ အပဟီနေ ကိလေသေ ဝါ ပစ္စဝေက္ခန္တိ။

အသေက္ခာ မဂ္ဂံ ဝါ ဖလံ ဝါ နိဗ္ဗာနံ ဝါ ပဟီနေ ကိလေသေ
ဝါ ပစ္စဝေက္ခန္တိ။

ယဒါ၊ အကြင်အခါ၌။ ဟဝေ၊ စင်စစ်။ မဂ္ဂေါ၊ သည်။ ဥပ္ပဇ္ဇိ-
ဿတိ၊ ဖြစ်လတ္တံ့။ တဒါ၊ ၌။ ပစ္စိမသင်္ခါရုပေက္ခာ ဉာဏာရမ္မဏံ၊
နောက်ဆုံး သင်္ခါရုပေက္ခာဉာဏ်၏ အာရုံကို။ အာရမ္မဏံ ကတွာ၊
အာရုံပြု၍။ ပရိကမ္မံ၊ ပရိကံသည်၎င်း။ ဥပစာရံ၊ ဥပစာသည်၎င်း။
အနုလောမံ၊ အနုလုံသည်၎င်း။ ဥပ္ပဇ္ဇိတွာ၊ ၍။ နိရုဇ္ဈတိ၊ ချုပ်ကွယ်
လေ၏။ တံ သမ္ဗယုတ္တံ၊ ထိုအနုလုံနှင့် ယှဉ်သော။ ဉာဏံ၊ သည်။
အနုလောမေ ဉာဏံ၊ အနုလောမဉာဏ်မည်၏။

တတော၊ ထိုအနုလောမ ဉာဏ်ချုပ်သည်မှ။ ပရံ၊ နောက်၌။
နိဗ္ဗာနံ၊ ကို။ အာရမ္မဏံ ကတွာ၊ ၍။ ဂေါတြဘုဉာဏံ၊ ဂေါတြဘု-
ဉာဏ်သည်။ ဥပ္ပဇ္ဇိတွာ၊ ၍။ နိရုဇ္ဈတိ၊ ၏။ တတော၊ ထိုဂေါတြ-
ဘုဉာဏ်ချုပ်သည်မှ။ပရံ၊နောက်၌။သကိံ ယေဝ၊တကြိမ်သာလျှင်။
မဂ္ဂေါ၊ သောတာပတ္တိမဂ်သည်။ ဥပ္ပဇ္ဇိတွာ၊ ၍။ နိရုဇ္ဈတိ၊ ၏။
တတော၊ ထိုသောတာပတ္တိမဂ်စိတ် ချုပ်သည်မှ။ ပရံ၊ နောက်၌။
ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ်-သုံးကြိမ်။ ဖလမေဝ၊ သောတာပတ္တိ ဖိုလ်စိတ်
သည်သာလျှင်။ ဥပ္ပဇ္ဇိတွာ၊ ၍။ နိရုဇ္ဈတိ၊ ၏။ တတော၊ ထိုဖိုလ်စိတ်
နှစ်ကြိမ်-သုံးကြိမ် ချုပ်သည်မှ။ ပရံ၊ ၌။ ဘဝင်္ဂပါတော၊ ဘဝင်
ကျသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသည်ကား မဂ္ဂဝီထိကို ဆိုရာ
စကားရပ် အပြီးသတ်တည်း။

သေက္ခာ၊ သေက္ခပုဂ္ဂိုလ်တို့သည်။ မဂ္ဂံ ဝါ၊ မဂ်ကို၎င်း။ ဖလံဝါ၊
ဖိုလ်ကို၎င်း။ နိဗ္ဗာနံ ဝါ၊ နိဗ္ဗာန်ကို၎င်း။ ပဟီနေ၊ ပယ်အပ်ကုန်
ပြီးသော။ ကိလေသေ ဝါ၊ ကိလေသာတို့ကို၎င်း။ အပဟီနေ၊
မပယ်အပ်သေး ကြွင်းကုန်သော။ ကိလေသေ ဝါ၊ တို့ကို၎င်း။

ပစ္စဝေက္ခဏ်ကြိ၊ကုန်၏။ အသေက္ခာ၊ရဟန္တာပုဂ္ဂိုလ်တို့သည်။ မဂ္ဂ ၀ါ၊ ကိုဂုဏ်း။ ဖလံ ၀ါ၊ ကိုဂုဏ်း။ နိဗ္ဗာနံ ၀ါ၊ ကိုဂုဏ်း။ ပဟီနေ၊ ပယ်အပ်ကုန်ပြီးသော။ ကိလေသေ ၀ါ၊ တို့ကိုဂုဏ်း။ ပစ္စဝေက္ခန္တိ၊ ကုန်၏။

**မဂ်စိတ် ဖိုလ်စိတ်ဖြစ်ပုံ။** ။ဤ သခ်ီရုပေက္ခာဉာဏ်ကို အဖန်ဖန်မှီဝဲသော ယောဂီပုဂ္ဂိုလ်အား မဂ်ဖိုလ်ဖြစ်ခါနီးသည်ရှိသော် မနောဒွါရာဝဇ္ဇန်း ဖြစ်၏။ ထို့နောင် ပရိကံ, ဥပစာ, အနုလုံဟူသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော သုံးကြိမ်ဖြစ်၏။ ထို့နောင် ဂေါတြဘူစိတ် ဖြစ်၏။ ထို့နောင် မဂ်စိတ်တကြိမ်, ဖိုလ်စိတ် နှစ်ကြိမ်, သုံးကြိမ်ဖြစ်၍ ဘဝင်ကျ၏။

ဤသို့လျှင် မဂ်လေးတန်, ဖိုလ်လေးတန်, ပစ္စဝေက္ခဏာဉာဏ်အစဉ်အားဖြင့် အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်၍ ဒုက္ခခပ်သိမ်းကုန်ငြိမ်း၍ ဟိန်းချရလေ၏။

(ဘယဉာဏ်မှစ၍ မုဉ္စိတုကမျတာဉာဏ်တိုင်အောင် ပွါးပုံ ဘာဝနာကာရ အထူးမရှိ။ ဘင်္ဂါနုပဿနာနည်းအတိုင်းသာ ပွါးများအပ်၏။ ဥဒယဗ္ဗယဉာဏ်နှင့် ဘင်ဉာဏ်မှာ အနုအရင့်သာ ထူးသည်။)

"ရုပ်နာမ်၊ ရုပ်နာမ်" ပထမ အချက်။

"ရုပ်နာမ် ခုဖြစ် ခုပျက်၏၊ ရုပ်နာမ် ခုဖြစ် ခုပျက်၏" ဒုတိယ အချက်။

"ရုပ်နာမ် မချစ်နှင့်၊မမုန်းနှင့်။ ရုပ်နာမ် မချစ်နှင့်၊ မမုန်းနှင့်" တတိယအချက်။

ပထမအချက်ကို ပိုင်လျှင် တဒင် ပဟာန်, ဝိက္ခမ္ဘန ပဟာန်အားဖြင့် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်နိုင်၏။ စူဠသောတာပန်

ဖြစ်၏။ ဒုတိယအချက်ကိုပိုင်လျှင် အနိစ္စ,ဒုက္ခ,အနတ္တကို ထင်မြင်၏၊ တတိယ အချက်ကို ပိုင်လျှင် မဂ်ဖိုလ်ကိုရ၏၊ မဟာသောတာပန်ဖြစ်၏။

ဤသုံးချက်ကို ပိုင်ပိုင်နိုင်နိုင် ထင်ပြီးသော ဝိပဿနာယောဂီပုဂ္ဂိုလ်သည် ပယ်ဗောဓ ကြီး-ငယ်ကို အဟုတ်ႇအဟုတ် တကယ်ဖြတ်ပြီး၍ ဂင်္ဂါတီရိယမထေရ်, မဟာသိဝမထေရ်, စိတ္တဂုတ္တမထေရ်များကဲ့သို့ အားထုတ်၍ သဒ္ဓါရုပေက္ခာညာဏ် ရင့်သန်၍ အနုလောမညာဏ် အခြေမှန်လျှင် နေယျပုဂ္ဂိုလ်ဖြစ်က ယခုဘဝ မဂ်ဖိုလ်ရ၏၊ ပဒပရမပုဂ္ဂိုလ်ဖြစ်က ဒုတိယဘဝ မဂ်ဖိုလ်ရ၏။ ယခုဘဝ မဂ်ဖိုလ်ရထိုက်သော ဥဃ္ဃဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်တို့တွင် ဥဃ္ဃဋိတညူပုဂ္ဂိုလ်မှာ မြတ်စွာဘုရားသခင်သည် တရားတော်ကို အကျဉ်းသင်္ခေပအားဖြင့် ဟောတော်မူသည်၏အဆုံး၌ မဂ်ဖိုလ်ရ၏။ ဝိပဉ္စိတညူပုဂ္ဂိုလ်မှာ အကျဉ်းသင်္ခေပကို အကျယ်ဝိတ္ထာရအားဖြင့် ဝေဘန်၍ ဟောတော်မူသည့်အဆုံး၌ မဂ်ဖိုလ်ရ၏။ နေယျပုဂ္ဂိုလ်မှာ အကျဉ်း အကျယ်အားဖြင့် ဝိသုဒ္ဓိအစဉ်အတိုင်း သင်ကြားလေ့ကျက် နှုတ်တက်အာဂုမ်ဆောင်၍ အားထုတ်နိုင်မှ မဂ်ဖိုလ်ကို ရ၏။

နေယျပုဂ္ဂိုလ်သည် တိက္ခ, မဇ္ဈိမ, မုဒု-သုံးပါး ရှိသည်တွင် တိက္ခပညာပုဂ္ဂိုလ်မှာ နံနက်အခါ တရားအားထုတ်က ညချမ်းအခါ မဂ်ဖိုလ်ရ၏၊ မဇ္ဈိမနေယျပုဂ္ဂိုလ်မှာ ခုနစ်ရက်ကစ၍ ခုနစ်နှစ်တိုင်အောင် တရားအားထုတ်က မဂ်ဖိုလ်ရ၏။ မုဒုနေယျပုဂ္ဂိုလ်မှာ ခုနစ်နှစ်ကစ၍ သေသည့်တိုင်အောင် တရားကိုအားထုတ်က မဂ်ဖိုလ်ရ၏။

သဗ္ဗမ္ပိ စေတံ မဇ္ဈိမသော၀ နေယျပုဂ္ဂလဿ ဝသေန ဝုတ္တံ။ တိက္ခပညံ ပန သန္ဓာယ ပါတော အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတီတိ ဝုတ္တံ။ (မူလပဏ္ဏာသ သတိပဋ္ဌာနသုတ် အဋ္ဌကထာ၊ နှာ-၃၀၅)

ဧတံ သဗ္ဗမ္ပိ စ၊ ကြွင်းမဲ့ဥဿုံ ထိုအလုံးစုံသော စကားကိုလည်း။ မဇ္ဈိမဿ၊ အလယ်အလတ်ဖြစ်သော။ နေယျပုဂ္ဂလဿ ဧဝ၊ နေယျပုဂ္ဂိုလ်၏သာလျှင်။ ဝသေန၊ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တိက္ခပညံ ပန၊ လျင်မြန်ထက်သန် ပညာ သန္တေဉာဏ်ရှိသော ပုဂ္ဂိုလ်ကိုကား။ သန္ဓာယ၊ ရည်ရော်၍။ ပါတော အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတီတိ၊ တိဟူ၍။ ဝုတ္တံ၊ ၏။ ပါတော၊ နံနက်စောစော။ အနုသိဋ္ဌော၊ မြတ်စွာဘုရားသည် ဆုံးမအပ်၏။ သာယံ၊ ညချမ်းအခါ၌။ ဝိသေသံ၊ ထူးမြတ်သော တရားကို။ အဓိဂမိဿတိ၊ ရလတ္တံ့။

ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ ပုထုဇဉ်အဖြစ်မှ အရိယာ အဖြစ်သို့ ရောက်အောင် ကျင့်နည်း, အားထုတ်နည်းကိုသာ လိုရင်းကြီး မှတ်၊ အရိယာတို့၏ ဖြစ်ပုံ အခြင်းအရာကို လိုရင်းကြီးမမှတ်လင့်၊ သိလျှင် ကောင်းပါ၏။

အနုလောမဉာဏ်, ဂေါတြဘုဉာဏ်, မဂ်ဉာဏ်,
ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် ပြီး၏။

အဋ္ဌမကဏ္ဍ ပြီး၏။

## နဝမကဏ္ဍ

### ဗုဒ္ဓါရမ္မဏာပီတိ-မှ ဉာဏ်စဉ်တက် စီးဖြန်းနည်း

ဗုဒ္ဓါရမ္မဏာ ပီတိကို အကြောင်းပြု၍ ဘာဝနာကာရ အကျဉ်းနည်းဖြင့် နိဗ္ဗာန်ရောက်ကြောင်းကို ပြဆိုပေအံ့—

**သမ္မသနဉာဏ်။** ။ဘုရားအာရုံကို နှစ်သက်ခြင်းကို ပီတိ, ပီတိဟု စီးဖြန်း။ ထိုပီတိသည် ငါ့ကိုယ် ကောင်မဟုတ်၊ ပီတိသာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ (သဘာဝနာမ် စီးဖြန်းနည်း။)

ဘုရားအာရုံကို နှစ်သက်ခြင်းပီတိကို နာမ်, နာမ်ဟု စီးဖြန်း။

ထိုနာမ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။ (သာမညနာမ် စီးဖြန်းနည်း။)

နာမပရိစ္ဆေဒဉာဏ် ပြီး၏။

ဘုရားအာရုံကြောင့် ပီတိဖြစ်၏၊ ဘုရားမအာရုံကြောင့် ပီတိဖြစ်၏ဟု ဉာဏ်ဖြင့် ဆင်ခြင်။

ပစ္စယပရိဂ္ဂဟဉာဏ် ပြီး၏။

**ဥဒယဗ္ဗယဉာဏ်။** ။ပီတိတွေ ခုဖြစ် ခုပျက်၏၊ ပီတိတွေ ခုဖြစ် ခုပျက်၏ဟု စီးဖြန်း။

ပီတိတွေ ခုဖြစ်,ခုပျက်၍နေပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

**ဉာဏ်နှစ်ပါးအထူး။** ။ပီတိ ဖြစ်ခြင်း,ပျက်ခြင်းကို သုံးသပ်ခြင်းသည် သမ္မသနဉာဏ်၊ ပီတိ ဖြစ်ခြင်း, ပျက်ခြင်းကို ထင်မြင်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်၊ ဉာဏ်နှစ်ပါးတို့၏ အထူးတည်း။

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ပြီး၏။

**ဘင်္ဂဉာဏ်။** ။ပီတိတွေ ပျက်စီးကုန်, ပီတိတွေ ပျက်စီးကုန်ဟု စီးဖြန်း။

ပီတိတွေ ခုပျက်စီး၍ နေပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘင်္ဂဉာဏ် ပြီး၏။

**ဘယဉာဏ်။** ။ပီတိတွေ ပျက်စီးခြင်းသည် ကြောက်မက်ဘွယ် ရှိစွတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

ဘယဉာဏ် ပြီး၏။

**အာဒီနဝဉာဏ်။** ။ပီတိတွေ ပျက်စီးခြင်းသည် အပြစ်ကြီး ရှိစွတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

အာဒီနဝဉာဏ် ပြီး၏။

**နိဗ္ဗိဒါဉာဏ်။** ။ပီတိတွေ ပျက်စီးခြင်းသည် ပျင်းရိငြီးငွေ့ဘွယ် ရှိစွတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

နိဗ္ဗိဒါဉာဏ် ပြီး၏။

**မုဉ္စိတုကမျတာဉာဏ်။** ။ပီတိတွေပျက်စီးခြင်းမှ လွတ်ခြင်းငှါ အလိုရှိအပ်စွတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

မုဉ္စိတုကမျတာဉာဏ် ပြီး၏။

**ပဋိသင်္ခါဉာဏ်။** ။ပီတိတွေ ပျက်စီး၍ နေပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

ပီတိတွေ ပျက်စီး၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ပီတိတွေ ပျက်စီး၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ပီတိတွေ ပျက်စီး၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။

ပဋိသင်္ခါဉာဏ် ပြီး၏။

**သင်္ခါရုပေက္ခာဉာဏ်။** ။ပီတိတွေ ပျက်စီးကုန်၊ ပီတိတွေ ပျက်စီးကုန်၊ ပီတိတွေ ပျက်စီးခြင်းသည် သူ့သဘောအတိုင်း ပျက်စီး၍ နေပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

ပီတိတွေ ပျက်စီးခြင်းသည် ချစ်ခြင်း, မုန်းခြင်းမရှိ၊ လျစ်လျူရှုဖွယ်သာ ရှိစွတကားဟု ဉာဏ်ဖြင့် ဆင်ခြင်။

သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

**နိဗ္ဗာန်ရောက်ပုံ။** ။ဤသင်္ခါရုပေက္ခာဉာဏ်ကို အဖန်တလဲလဲ မှီဝဲသော ယောဂီပုဂ္ဂိုလ်အား မဂ်ဖိုလ်ဖြစ်ခါနီးသည် ရှိသော် မနောဒွါရာဝဇ္ဇန်း ဖြစ်၏၊ ထို့နောင် ပရိကံ,ဥပစာ, အနုလုံ-ဟူသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော သုံးကြိမ် ဖြစ်၏၊ ထို့နောင် ဂေါတြဘူစိတ် ဖြစ်၏၊ ထို့နောင် မဂ်စိတ်တကြိမ်, ဖိုလ်စိတ် နှစ်ကြိမ်-သုံးကြိမ် ဖြစ်၍ မဂ်လေးတန်, ဖိုလ်လေးတန်, ပစ္စဝေက္ခဏာဉာဏ် အစဉ်အားဖြင့် အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်၍ ဒုက္ခခပ်သိမ်း ကုန်ငြိမ်း၍ ဟိန်းချရလေ၏။

## ဘုရားဂုဏ် အကျိုးပြ ပါဠိ-အနက်

ဗုဒ္ဓဂုဏေ အနုဿရိတွာ ပီတိံ ဥပ္ပါဒေတွာ တမေဝ
ပီတိံ အနိစ္စာဒိဝသေန ဝိပဿိတွာ ဝိပဿနာဂတ္တံ
ဂါဟေတဗ္ဗံ။

ဗုဒ္ဓဂုဏေ၊ အရဟံ-စသော ဘုရားရှင့် ဂုဏ်တော်တို့ကို။ အနုဿရိတွာ၊ အဖန်ဖန်လဲလဲ အောက်မေ့၍။ ပီတိံ၊ ပီတိကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ တမေဝ ပီတိံ၊ ထိုပီတိကိုပင်လျှင်။ အနိစ္စာဒိဝသေန၊ မမြဲခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်။ ဝိပဿိတွာ၊ ပညာဖြင့် ဆင်ခြင်၍။ ဝိပဿနာဂတ္တံ၊ ဝိပဿနာ ဉာဏ်တည်းဟူသော တိုက်ခန်းကို။ ဂါဟေတဗ္ဗံ၊ ယူစေအပ်၏။

ယံ တေဇာ အနိဝရဏော၊ ပါမောဇ္ဇကော သပီတိကော။
ပီတျာရဗ္ဘ ဝိပဿန္တော၊ ပပ္ပေါတိ ဖလမုတ္တမံ။

ယံ တေဇာ၊ အကြင်ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း၏ အာနုဘော်ကြောင့်။ အနိဝရဏော၊ နီဝရဏ ကင်းသည်ဖြစ်၍။ ပါမောဇ္ဇကော၊ နုသော ပီတိရှိသည်ဖြစ်၍။ သပီတိကော၊ ရင့်သောပီတိရှိသည်ဖြစ်၍။ ပီတိံ၊ အနုအရင့် အဆင့်ဆင့် ပီတိကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝိပဿန္တော၊ ထိုပီတိကို ပညာဖြင့်ဆင်ခြင်လျက်။ ဥတ္တမံ၊ မြတ်သော။ ဖလံ၊ အရဟတ္တဖိုလ်သို့။ ပပ္ပေါတိ၊ ရောက်စွမ်းနိုင်၏။

ဗုဒ္ဓါဒိဂေါစရံ ပီတိံ၊ လဘိတွာယေဝ တံခဏေ။
ဝိပဿန် ဝဍ္ဎေတွာန၊ သုဝိမုတ္တာ အသင်္ချာ။

ဗုဒ္ဓါဒိဂေါစရံ၊ ဘုရားစသောဂုဏ်လျှင် အာရုံရှိသော။ ပီတိံ၊ ပီတိကို။ လဘိတွာယေဝ၊ ရကုန်သည် ဖြစ်၍သာလျှင်။ တံခဏေ၊

ထိုရသောခဏ၌။ ဝိပဿနံ၊ ထိုဝိဘဲ၏ ဖြစ်ခြင်းပျက်ခြင်းကို ပညာဖြင့် ရှုဆင်ခြင်ခြင်းကို။ ဝဍ္ဎေတွာန၊ ပွါးစေ၍။ သုဝိမုတ္တာ၊ ကိလေသာမှ ကောင်းစွာလွတ်ကုန်သော သူတို့သည်။ အသဲယာ၊ မရေတွက် မပိုင်းခြားနိုင်ကုန်။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သော ပီတိ ပဝရုတ္တမာ။

ပထဗျာ၊ မြေအလုံးစုံ၌။ ဧကရဇ္ဇေန၊ ဧကရာဇ်မင်း ပြုရသည်ထက်ငင်း။ သဂ္ဂဿ၊ နတ်ပြည်ဗြဟ္မာ့ပြည်သို့။ ဂမနေန ဝါ၊ သွားရသည်ထက်ငင်း။ သဗ္ဗလောကာဓိပစ္စေန ဝါ၊ လေးကျွန်းလုံးကို အစိုးရသော စကြာမင်းစည်းစိမ်ထက်ငင်း။ သော ပီတိ၊ သမထ ဝိပဿနာနှင့် ယှဉ်သော ထိုပီတိသည်။ ပဝရုတ္တမာ၊ အလွန်အမြတ်ဆုံး ဖြစ်၏။

အရဟတ္တံ သရန္တဿ၊ ကာယေ ယာ ပီတိ ဇာယတိ။
သာယေဝ ပီတိ နိဗ္ဗာနံ၊ သန္တံ ပါပေတိ အစ္စုတံ။

အရဟတ္တံ၊ အရဟံ အရဟံဟူ၍။ သရန္တဿ၊ အောက်မေ့သောသူ၏။ ကာယေ၊ ကိုယ်၌။ ယာ ပီတိ၊ အကြင်သမထနှင့် ယှဉ်သော ပီတိသည်။ ဇာယတိ၊ ဖြစ်၏။ သာ ပီတိ၊ ထိုပီတိသည်။ သန္တံ၊ စေတသိကဒုက္ခ၏ ကင်းငြိမ်းရာဖြစ်သော။ အစ္စုတံ၊ ရုပ်နာမ်နှစ်ပါးတို့၏ မပြတ်ဖြစ်ရာ သံသရာ၏ အဆုံးစွန်ဖြစ်သော။ နိဗ္ဗာနံ၊ သဥပါဒိသေသ နိဗ္ဗာန်သို့။ ပါပေတိ ဧဝ၊ ရောက်စေနိုင်သည် သာတည်း။

အရဟတ္တံ အပေက္ခန္တဿ၊ ကာယေ ယာ ပီတိ ဇာယတိ။
သာယေဝ ပီတိ နိဗ္ဗာနံ၊ သန္တံ ပါပေတိ အစ္စုတံ။

အရဟတ္တံ၊ အရဟံ အရဟံဟူ၍။ အပေက္ခန္တဿ၊ ဝိပဿနာဉာဏ်ဖြင့် ရှုသောသူ၏။ ကာယေ၊ ကိုယ်၌။ ယာ ပီတိ၊ အကြင်

ဝိပဿနာနှင့် ယှဉ်သောပီတိသည်။ ဇာယတိ၊ ဖြစ်၏။ သာ ပီတိ၊ ထိုပီတိသည်။ သန္တံ၊ စိတ်နှလုံး၏ ငြိမ်သက်ရာဖြစ်သော။ အန္တိမံ၊ ရုပ်နာမ်နှစ်ပါးတို့၏ မပြတ်ဖြစ်ရာ သံသရာ၏ အဆုံးစွန်ဖြစ်သော။ နိဗ္ဗာနံ၊ သဥပါဒိသေသ နိဗ္ဗာန်သို့။ ပါပေတိ ဝေ၊ ရောက်စေနိုင်သည် သာတည်း။

ဤစကားရပ်တို့သည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်တို့၌ လာကုန်၏။

ပီတိကို ဆင်ခြင်သော ဘာဝနာကာရ စီးဖြန်းနည်း ပြီး၏။

---

### အဆက်ဆက်သော အကျိုးပြ ပါဠိ-အနက်

ဝိနယော သံဝရတ္ထာယ ဟောတိ။ သံဝရော အဝိပ္ပဋိသာရတ္ထာယ ဟောတိ။ အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယ ဟောတိ။ ပါမောဇ္ဇံ ပီတတ္ထာယ ဟောတိ။ ပီတိ ပဿဒ္ဓတ္ထာယ ဟောတိ။ ပဿဒ္ဓိ သုခတ္ထာယ ဟောတိ။ သုခံ သမာဓတ္ထာယ ဟောတိ။ သမာဓိ ယထာဘူတဉာဏဒဿနတ္ထာယ ဟောတိ။ ယထာဘူတဉာဏဒဿနံ နိဗ္ဗိဒတ္ထာယ ဟောတိ။ နိဗ္ဗိဒါ ဝိရာဂတ္ထာယ ဟောတိ။ ဝိရာဂေါ ဝိမုတ္တတ္ထာယ ဟောတိ။ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနတ္ထာယ ဟောတိ။ ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ ဟောတိ။

ဝိနယော၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ် ရမည်ဟု မိမိကိုယ်ကို မိမိဆုံးမခြင်းသည်။ သံဝရတ္ထာယ၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ အမြဲအောက်မေ့ခြင်း-သတိသံဝရ အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ သံဝရော၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ အမြဲ အောက်မေ့

ခြင်း သတိသံဝရသည်။ အဝိပ္ပဋိသာရတ္ထာယ၊ ဘုရားအာရုံကို ထင်မြင်၍ နှလုံးသာရွှင်ခြင်းအကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ အဝိပ္ပဋိ-သာရော၊ ဘုရားအာရုံကို ထင်မြင်၍ နှလုံးသာရွှင်ခြင်းသည်။ ပါမောဇ္ဇတ္ထာယ၊ ဘုရားအာရုံကို ထင်မြင်၍ ဝမ်းမြောက်ခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ပါမောဇ္ဇံ၊ ဘုရားအာရုံကို ထင်မြင်၍ ဝမ်းမြောက်ခြင်းသည်။ ပီတတ္ထာယ၊ ဘုရားအာရုံ၌ နှစ်သက်ခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ပီတိ ၊ ဘုရားအာရုံ၌ နှစ်သက်ခြင်း သည်။ ပဿဒ္ဓတ္ထာယ၊ ဘုရားအာရုံ ထင်မြင်၍ လောဘ, ဒေါသ-အစရှိသော ကိလေသာ ငြိမ်းခြင်းအကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ပဿဒ္ဓိ၊ ဘုရားအာရုံ ထင်မြင်၍ လောဘ, ဒေါသ-အစရှိသော ကိလေသာ ငြိမ်းခြင်းသည်။ သုခတ္ထာယ၊ ဘုရားအာရုံ ထင်မြင်၍ ချမ်းသာခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ သုခံ၊ ချမ်းသာခြင်း သည်။ သမာဓတ္ထာယ၊ ဘုရားအာရုံ၌ တည်ကြည်ခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ သမာဓိ၊ ဘုရားအာရုံ၌ တည်ကြည်ခြင်းသည်။ ယထာဘူတဉာဏဒဿနတ္ထာယ၊ ဘုရားအာရုံကို နှစ်သက်ခြင်း သည် ပီတိဟု သိခြင်း, နာမ်ဟု သိခြင်း, ပီတိဖြစ်ကြောင်း ကို သိမ်းဆည်းခြင်း, ပီတိဖြစ်ခြင်း ပျက်ခြင်း စသည်ကို ဟုတ်တိုင်း မှန်စွာ သိမြင်ခြင်းအကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ယထာဘူတ-ဉာဏဒဿနံ၊ ပီတိကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည်။ နိဗ္ဗိဒတ္ထာယ၊ ပီတိ၌ ငြီးငွေ့ခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗိဒါ၊ ပီတိ၌ ငြီးငွေ့ခြင်းသည်။ ဝိရာဂတ္ထာယ၊ မဂ်ကိုရခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ဝိရာဂေါ၊ မဂ်ကို ရခြင်းသည်။ ဝိမုတ္တတ္ထာယ၊ ဖိုလ်ကိုရခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိ၊ ဖိုလ်ကို ရခြင်းသည်။ ဝိမုတ္တိဉာဏဒဿနတ္ထာယ၊ မဂ် ဖိုလ် နိဗ္ဗာန် ပယ်ပြီး-မပယ်သေးသော ကိလေသာတို့ကို ဆင်ခြင်ခြင်း အကျိုး

ငါ။'ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိဉာဏဒဿနံ၊ မဂ် ဖိုလ် နိဗ္ဗာန် ပယ်ပြီး-မပယ်သေးသော ကိလေသာတို့ကို ဆင်ခြင်ခြင်းသည်။ အနုပါဒါပရိနိဗ္ဗာနတ္ထာယ၊ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။

အရှင်ဖုဿဒေဝမထေရ်သည်လည်း မာရ်မင်းသည် ဖန်ဆင်း၍ ပြအပ်သော မြတ်စွာဘုရား၏ အသွင်သဏ္ဍာန်ကို မြင်၍ ရာဂ, ဒေါသ, မောဟ ကင်းပြီးသော မြတ်စွာဘုရားမှာ နူကား အဘယ်မှာ ဆိုဘွယ်ရာရှိအံ့နည်း၊ အလွန်တင့်တယ်တော် မူပေလိမ့်မည် တကားဟု ဘုရားလျှင် အာရုံရှိသော ဗုဒ္ဓါရမ္မဏာပီတိကို ရ၍ ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။ (ပရိဝါ အဋ္ဌကထာ။)

ဗုဒ္ဓါရမ္မဏာပီတိဖြင့် နိဗ္ဗာန်ရောက်ကြောင်းကို ပြဆိုချက် ပြီး၏။

---

## ဉာဏ်စဉ် ၁၆-ပါး ဘုရားရှိခိုး

ဉာဏ်တဆယ့်ခြောက်ပါး ဥပဋ္ဌာနာကာရအကျယ်ကို ဘုရားရှိခိုးနှင့်တကွ ပြဆိုပေအံ့-

> ပရမတ္ထတော ပုဂ္ဂလော သတ္တော နာမ နတ္ထိ နာမရူပမေဝ အတ္ထိ၊ နာမရူပတော အညော ပုဂ္ဂလော ဝါ သတ္တော ဝါ မနုဿော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ။

ကျမ်းဂန်ပါဠိ လာရှိသည်နှင့် အညီ ရုပ်နာမ်မှတပါး ပုဂ္ဂိုလ်ကောင်ကြီး, သတ္တဝါကောင်ကြီး, ငါကောင်ကြီး, သူတပါးကောင်ကြီး, ယောကျ်ားကောင်ကြီး, မိန်းမကောင်ကြီး, လူကောင်ကြီး, နတ်ကောင်ကြီး, ဗြဟ္မာကောင်ကြီး ဟူ၍ ပရမတ္ထအားဖြင့်

ထင်ရှားကေန် မရှိ။ ရုပ်နာမ်သာ ပရမတ္ထအားဖြင့် ထင်ရှားကေန် ရှိ၏။ ရှိသော ရုပ်နာမ်တို့သည် ပုဂ္ဂိုလ်လည်း မဟုတ်, သတ္တဝါ လည်း မဟုတ်, အသက်လည်း မဟုတ်သော သဘောတရား ရှိကုန်၏။

ဤသို့ သဘောတရားကို ဟုတ်တိုင်းမှန်စွာ ဘာဝနာပညာ, မဂ်ပညာမျက်စိဖြင့် တပ်တပ်ထင်ထင် မသိ မမြင်ကြမူ၍ တဏှာ, မာန, သက္ကာယဒိဋ္ဌိဖြင့် (ရူပံ အတ္တတော သမနုပဿတိ) အစ ရှိသော နည်းအတိုင်း သက္ကာယဒိဋ္ဌိပွါးများ၍ သံသရာရှည်လျား လျက် သံသရာ သစ်ငုတ်-သံသရာခလုတ်ဖြစ်၍ နေကြ၏။ သက္ကာ ယဒိဋ္ဌိ ပွါးများ သံသရာ ရှည်လျားသည့်အတိုင်း ပုဂ္ဂိုလ်ကောင် ကြီး, သတ္တဝါကောင်ကြီး, ငါကောင်ကြီး, သူတပါးကောင်ကြီး, ယောကျ်ားကောင်ကြီး, မိန်းမကောင်ကြီး, လူကောင်ကြီး, နတ် ကောင်ကြီး, ဗြဟ္မာကောင်ကြီး ကေန် ဟုတ်သည်ဟု အထင် အမှတ် အားကြီးလှ၍ သက္ကာယဒိဋ္ဌိကို ဖျက်ဆီးခြင်းငှါ မတတ် နိုင်ဘဲ နေကြ၏။ စင်စစ်အားဖြင့်ကား ပုဂ္ဂိုလ်ကောင်ကြီး,သတ္တဝါ ကောင်ကြီး, ငါကောင်ကြီး, သူတပါးကောင်ကြီး, ယောကျ်ား ကောင်ကြီး, မိန်းမကောင်ကြီး, လူကောင်ကြီး, နတ်ကောင်ကြီး, ဗြဟ္မာကောင်ကြီး ကေန်မရှိ၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးသာ ကေန်ရှိသည်ဟု ထင်မြင်သော **နာမရူပပရိစ္ဆေဒဉာဏ်ငင်း။**

> တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော။ ။
> အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊
> ဝိညာဏပစ္စယာ နာမရူပံ။

အစရှိသော ကျမ်းဟော လာရှိသည့်နှင့်အညီ ပစ္စုပ္ပန် ရုပ် နာမ်တရားတို့သည် အကြောင်းတရားကြောင့် ဖြစ်ကုန်၏။ ပဋိ-

သန္တေအခါ ရုပ်-နာမ်နှစ်ပါးတို့သည် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ပဂတ္တိအခါ ရုပ်သည် ကံ, စိတ်, ဥတု, အာဟာရကြောင့် ဖြစ်၏။ နာမ်သည် စက္ခုပသာဒ ရူပါရုံစသော မှီရာ အာရုံတို့ကြောင့် ဖြစ်၏။ ပဋိစ္စ-သမုပ္ပါဒ်နည်းအားဖြင့် အဝိဇ္ဇာ အစရှိသော ငါးပါးသော အကြောင်းတရားတို့ကြောင့် ဝိညာဏ်အစရှိသော ငါးပါးသော အကျိုးတရားတို့သည် ဖြစ်ကုန်၏။ ပဋ္ဌာန်းနည်းအားဖြင့် ဟေတုပစ္စည်း စသော နှစ်ဆယ့်လေးပါးသော အကြောင်းတရားတို့ကြောင့် ဟေတုပစ္စယုပ္ပန်စသော နှစ်ဆယ့်လေးပါးသောအကျိုးတရားတို့သည် ဖြစ်ကုန်၏။ ဤသို့ ရုပ်နာမ်ဖြစ်ကြောင်းတရားကို တပ်တပ်ထင်ထင် ကောန်သိမြင်၍ ဤရုပ်နာမ် တရားတို့သည် လူ, နတ်, ဗြဟ္မာ, မိဘ စသည်တို့ကြောင့် ဖြစ်သည် ကောန်မဟုတ်၊ ဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကြောင့်သာ ကောန်ဖြစ်ကုန်၏။ ဤသို့ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးဖြစ်ကြောင်းတရားကို သိမ်းဆည်း၍ ထင်မြင်သော **ပစ္စယပရိဂ္ဂဟဉာဏ်ရင်း**။

ဇလမေ ပဋ္ဌက္ခန္ဓာ ဓမ္မာ ခယဋ္ဌေန် ဝယဋ္ဌေန အနိစ္စာ။
ဘယဋ္ဌေန် ပီဠနဋ္ဌေန ဒုက္ခာ။ အသာရကဋ္ဌေန အနိသ-
ရဏဋ္ဌေန အနတ္တာ။ ဧဝံ သမ္မသနံ သမ္မသနေ ဉာဏံ။

ကျမ်းဂန်လာရှိသည်နှင့်အညီ ဤရုပ်နာမ်တရားတို့သည် ရှေး၌ တရံတဆစ်မျှ မဖြစ်ဘူးသေးကုန်သည်ဖြစ်၍ ယခု ဖြစ်ကုန်ဆဲ၊ ယခု ဖြစ်လျှင် ဖြစ်ခြင်း ချုပ်ပျောက်ခြင်း ယိုယွင်းပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ဥပါဒ်အားဖြင့် တခဏမျှဖြစ်၍ ဌီအားဖြင့် တခဏမျှတည်၍ ဘင်အားဖြင့် တခဏသို့ ရောက်သဖြင့် လျှပ်စစ်တပြက်

အခါ၌ပင်လျှင် အသောင်း အသိန်းမက ရုပ်သစ်-နာမ်သစ် လဲ၍ လဲ၍ ဖြစ်၍-ဖြစ်၍ ပျက်၍-ပျက်၍ သေ၍-သေ၍ နေကြကုန်၏။

ထို့ကြောင့် ရုပ်နာမ်တို့သည် ဖြစ်ခြင်း ပျက်ခြင်းဖြင့် မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ရုပ်နာမ်တို့သည် ဖြစ်ခြင်း ပျက်ခြင်းဖြင့် ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ရုပ်နာမ်တို့သည် ဖြစ်ခြင်း ပျက်ခြင်းဖြင့် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။ ဥပါဒ်သည် ဌီသို့ ရောက်သည်ဖြစ်၍ ဌီသည် ဘင်သို့ရောက်သည်ဖြစ်၍ ဘင်သည် အကြွင်းမဲ့ ကုန်ခြင်းသို့ ရောက်သည်ဖြစ်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ ဥပါဒ်ကို ဌီခဏနှိပ်စက်အပ်သည်ဖြစ်၍ ဌီကို ဘင်ခဏနှိပ်စက်အပ်သည်ဖြစ်၍ ဘင်ကို အကြွင်းမဲ့ ကုန်ခြင်း နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ ဥပါဒ်ခဏမှ ဌီခဏသို့ မရောက်ရအောင် ဌီခဏမှ ဘင်ခဏသို့ မရောက်ရအောင် ဘင်ခဏမှ အကြွင်းမဲ့ ချုပ်ခြင်း ကုန်ခြင်းသို့ မရောက်ရအောင် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။ ဤသို့ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်သော **သမ္မသနဉာဏ်ရင်း**။

ဣမေ နာမရူပါ ဓမ္မာ အဟုတွာ သမ္ဘဝန္တိ ဟုတွာ ပဋိဝေန္တိ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ။

ကျမ်းဂန်လာရှိသည်နှင့်အညီ ရုပ်နာမ် နှစ်ပါးတို့သည် ရှေး၌ မဖြစ်ဘူးကုန်သေး၊ နောက်၌လည်း မဖြစ်ကုန်လတ္တံ့၊ မိမိ ဖြစ်ရာ ဖြစ်ရာ ပစ္စုပ္ပန်ခဏ၌သာလျှင် မျက်စိတမှိတ်ခန့်ကာလ၌ လျင်မြန်စွာ လျင်မြန်စွာ ဖြစ်၍ ဖြစ်၍ လျင်မြန်စွာ လျင်မြန်စွာ ပျက်ကြကုန်၏၊ ပျက်ကြကုန်၏။ ဤသို့ ရုပ်နာမ်၏ ဖြစ်ခြင်းပျက်ခြင်းကို

**အဖန်ဖန် ဆင်ခြင်သော်** ရုပ်နာမ်၏ ဖြစ်ခြင်း ပျက်ခြင်းသည် ထင်လာ၏။ ထင်လာပုံကား—

ဆီးနှင်းပေါက်တို့ကို မွန်းတည့်နေရှိန် ကျောက်သကဲ့သို့၎င်း၊ ရေပွက်ကဲ့သို့၎င်း၊ ရေ၌ ဒုတ် လှင်ကန်ရေး, ပွတ်ဆောက်ဖျားဌ မုန်ညင်းစေ့, လျှပ်စစ်, တံလျှပ်, အိပ်မက်, မီးစက်ကွင်း, ဂန္ဓဗ္ဗနတ်မြို့, ကျတ်ရွာ, ရေမြှုပ်စိုင်, ငှက်ပျောပင်တို့ကဲ့သို့၎င်း၊ ရုပ်နာမ် နှစ်ပါးသည် တစုံတရာ အမြဲအရှည် မတည်၊ ချမ်းသာဟူ၍ အလျှင်းမဖြစ်၊ အနှစ်သာရဟူသည် တစိုးတစိမျှ မရှိ၊ ရုပ်နာမ်၏ ဖြစ်ခြင်း ပျက်ခြင်းကို အလွန်ထင်မြင်၏။ ရုပ်နာမ်၏ ဖြစ်ခြင်း ပျက်ခြင်းကို ထင်မြင်လျှင် ဥဒယဗ္ဗယဉာဏ် ထက်သန် သန့်ရှင်း စင်ကြယ်ခြင်းသို့ ရောက်၏။ ဥဒယဗ္ဗယဉာဏ်ဟူသော တရုဏ-ဝိပဿနာကို ရ၍ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် တယောက် ထွက်မြောက်တော့သည်။ ထိုအခါ သြဘာသ စသော ဝိပဿနုပက္ကိ-လေသာ=ဝိပဿနာ၏ အညစ်အကြေးဆယ်ပါး ဖြစ်လာသည်။ ထိုဆယ်ပါးကို တဏှာ, မာန, ဒိဋ္ဌိအားဖြင့် မစွဲလမ်းဘဲ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကိုသာ ရှု၍ ဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါး ဖြစ်ခြင်း ပျက်ခြင်းကို ထင်မြင်သော **ဥဒယဗ္ဗယဉာဏ်** ၎င်း။

> ဣမေ ပဉ္စက္ခန္ဓာ ဓမ္မာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ ဘိဇ္ဇန္တိ၊ ဝိနဿန္တိ၊ ဝိပရိဏာမံ ဂစ္ဆန္တိ၊ ဧဝံ ဘင်္ဂါနုပဿနံ ဘဂေ ဉာဏံ။

ကျမ်းဂန်လာရှိသည်နှင့်အညီ ရုပ်နာမ်တရားတို့ကို စဉ်းစား နိုင်းချိန်သော ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် စွမ်းသန်ထက် မြက်လှ၍ ဖြစ်ခြင်း ပျက်ခြင်းဖြင့် သင်္ခါရရုပ်နာမ်တရားတို့သည် လျှင်စွာ လျှင်စွာ ထင်လာဖန် များသည်ရှိသော် လျှပ်စစ်ပြက်

သည်ကို မော်၍ကြည့်သောသူအား လျှပ်စစ်၏ လျင်မြန်ခြင်းကြောင့် ဖြစ်ခြင်းကို မမြင်လိုက်ရဘဲ ပျက်ဆဲကိုသာ မြင်ရ၍ အပျက်သာ ထင်သကဲ့သို့ ဉပါဒ်ကိုရင်း, ဌီကိုရင်း, ပဝတ္တကိုရင်း, နိမိတ္တကိုရင်း လွှတ်လျက် ခယ, ဝယ, ဘေဒ ဟူသော ခဏိက-နိရောဓ အပျက်ချည်းသာ ထင်တော့သည်။ ဘင်္ဂသာ သတိဉာဏ်တည်တော့သည်။

"ဉတ္တေ ဉဏ္ဏေ ဉဘောပိ ဝိပဿန္တိ" ဟူသည်နှင့် အညီ အာရုံဖြစ်သော ရုပ်နာမ်တို့၏ ဘင်ကိုရင်း၊ ထိုရုပ်နာမ်လျှင် အာရုံရှိသော အာရမ္မဏိက ဝိပဿနာစိတ်၏ ဘင်ကိုရင်း အာရုံပြု၍ ထိုဘင်ဉာဏ်ဖြင့် အဖန်ဖန် အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ ဟု ရှုလျက်, ထိုသင်္ခါရတို့၌ ငြီးငွေ့လျက်, တပ်ခြင်းကင်းလျက် ရာဂကို ဝိက္ခမ္ဘန အားဖြင့် ချုပ်စေလျက် ငါ ယခု မြင်သော ပစ္စုပ္ပန်သင်္ခါရ၏ရင်း၊ အနုမာနဉာဏ်ဖြင့် ဆ၍ သိရသော အတိတ်, အနာဂတ် သင်္ခါရ၏ရင်း ချုပ်ခြင်းပျောက်ခြင်း မရှိခြင်းကိုသာ နှလုံးသွင်းလျက် ဤအနိစ္စာဒိအနုပဿနာ၏ ပရိစ္စာဂ-ပဋိနိဿဂ္ဂ ပက္ခန္ဒနပဋိနိဿဂ္ဂ ဖြစ်၍ အကျိုးဖြစ်သော ခန္ဓာဘိ-သင်္ခါရတို့နှင့် တကွသော ကိလေသမာရ်ကို တွန်းလှန်စွန့်ပစ်လျက် သင်္ခတ ဒေါသကို မြင်သဖြင့် သင်္ခါရမှ ပြန်သော နိဗ္ဗာန်ပြည်ကြီးသို့ ယိုစီးကိုင်းညွတ် လွတ်လွတ်ပြေးဝင်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ ဘင်္ဂါနုပဿနာဉာဏ် တက်သန်အားရှိသော အခါ ကွဲဆဲဖြစ်သော ဒုဋ္ဌလအိုးခွက်၊ ပျော်ချက်ဆဲဖြစ်သော နှမ်း၊ ပရေမ်းပတာ ကြဲသော မြူနတို့ကဲ့သို့ ဉပါဒ် စသည်ကို လွှတ်လျက် အပျက်ကိုသာ ရှု၏။ မိုးပေါက်ကြီးစွာ မိုးရွာတုန်းအခါ ပမ်း ထိပ်၌ ရပ်၍ကြည့်သော စက္ခုမာယောကျ်ားသည် ရေပြင်၌ ဖြစ်၍

ဖြစ်၍ လျင်စွာ လျင်စွာ ပျက်သော ဥဖောင်းရေပွက်တို့ကို မြင်သကဲ့သို့ ခပ်သိမ်းကုန်သော ဘုံသုံးပါးတို့၌ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် လျင်စွာ လျင်စွာ ပျက်ကုန်၏ဟု ထင်မြင်သော **ဘင်္ဂဉာဏ်ရင်း**။

နိရုဒ္ဓါတီတာ သင်္ခါရာ၊ ပစ္စုပ္ပန္နာ စ ဘိဇ္ဇရေ။
**အ**နာဂတာ ဘိဇ္ဇိဿန္တိ၊ သဗ္ဗေ တေ ဘာယိတဗ္ဗကာ။

ကျမ်းဂန်လာရှိသည်နှင့် အညီ ဤ ဘင်္ဂါနုပဿနာဉာဏ်ကို အဖန်ဖန် မှီဝဲပွါးများသော ယောဂီပုဂ္ဂိုလ်အား အသက်ရှည်ကြာ ချမ်းသာလိုသော ဘေးကိုလည်း ကြောက်တတ်သော ဘီရုက ယောကျ်ားအား ခြင်္သေ့, သစ်, ကျား, သားရဲ, ဝံ,အောင်း, မွေး ဆောင်းစွယ်ပြူး ဘီလူးရက္ခိုသ်, နွားမိုက်,ခွေးကြမ်း, မုန်ပြွမ်းသော ဆင်, အဆိပ်လျင်သော မြွေဆိုး,မိုးကြိုးစက်ကွင်း, သင်းချိုင်း,စစ်ပွဲ အလျှံစဲသော ရှားမီးခဲစုကို တွေ့၍ မှိုင်မေ့ဝေနောက် သေမတတ် ကြောက်ခြင်း ဖြစ်သကဲ့သို့ ခပ်သိမ်းဉဿုံ ပျက်ပြားကုန်သော တေဘူမိက သင်္ခါရတို့သည် ကြောက်မက်ဖွယ်သော ဘေးကြီးဟု ထင်လာကုန်၏။

ယင်းသို့ ထင်လာသောအခါ သတ်ပြီး·သတ်ဆဲ သားကြီး· သားလတ်တို့ကို မြင်၍ သတ်လတ္တံ့. သားငယ်၌ တွယ်တာငဲ့ကွက်ခြင်း အာလယ စွန့်သော အမိကဲ့သို့ရင်း၊ မြို့တံခါးဝ၌ တိက္ခ, မဇ္ဈ,မုဒုဖြစ်သော မီးကျီးတွင်း သုံးခု ရှားသား တံကျင်,သံတံကျင်, ရွှေတံကျင် သုံးချောင်းတို့ကို မြင်သော ယောကျ်ားကဲ့သို့ရင်း ကာမ,ရူပ, အရူပ-ဟူသော ဘဝသုံးပါး၌ ဖြစ်ကုန်သော အတိတ် အနာဂတ် ပစ္စုပ္ပန် သင်္ခါရ ရုပ်နာမ်ဓမ္မတို့ကို ကြောက်မက်ဖွယ် ဘေးကြီးပါတကားဟု ထင်မြင်သော **ဘယဉာဏ်ရင်း**။

"သုခေန ဇိဝိတုကာမဿ ဘိရုကပုရိသဿ"အစရှိသော ကျမ်းဟော လာရှိသည်နှင့်အညီ ဤဘယတုပဋ္ဌာနဉာဏ်ကို အဖန်တလဲလဲ မှီဝဲပွါးများသော ယောဂီပုဂ္ဂိုလ်သည် အသက်ရှည်လို ချမ်းသာလိုသော ဘီရုကယောကျ်ားသည် သားရဲနေသော ရှိ၊ ကျားနိုသော တောင်ခေါင်း၊ မိကျောင်းရကျိုက်စောင့်သော ရေ၊ ခိုးသူ ခိုးပြနေသောလမ်း၊ သန်လျက်ထမ်း၍လာသော သူသတ်၊ အဆိပ်ခပ်သောထမင်း၊ မီးဝင်းဝင်းပြောင်ပြောင် လောင်သော အိမ်၊ ရွယ်ချိန်လွှတ်ပစ် ထိုးခုတ်ထစ်သော စစ်မြေသို့ရောက်၍ ရှုံကြောက်လန့်ထိတ် စိတ်မပျော်ရွှင် ယက်ဝန်းကျင်အားဖြင့် အပြစ်ဒေါသအာဒီနဝကိုသာ မြင်သကဲ့သို့ ခပ်သိမ်းသော ဘဝ-ယောနိ-ဂတိ-ဌိတိ-နိဝါသတို့၌ တာဏ လေဏ-ဂတိ-ပဋိသရဏကို မမြင်၊ ဘဝါ-ဒိဂတ ဘယ်တစုံတခုသော သင်္ခါရကိုမျှ ပတ္ထနာပရာမာသ-မပြု၊ ဘုံသုံးတန်ကို အလျှံကင်းစဲသော မီးခဲတွင်း မီးခဲစု၊ ဓားတစ်လေးခုကို အဆိပ်လျင်ဆန်သော မြွေ၊ ငါးထွေသော ခန္ဓာကို ဥက္ခိတ္တာသိ-က ချိမ-မိုးရွယ်သော သန်လျက်ရှိသော သူသတ်ယောကျ်ား၊ အဇ္ဈတ္တိကာယတန ခြောက်ပါးကို ရှာပျက်ပမာ၊ ဗာဟိရာယတန ခြောက်ပါးကို ဂါမဃာတက ခိုးသား၊ ဝိညာဏဋ္ဌိတိခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့ကို တဆယ့်ဘပါးသော လောင်မီးတို့ဖြင့် ရောင်ညီးပေါက်ရှ တောက်ပပြောင်ပြောင် ဝင်းဝင်းလောင်၍ နေသည့်ပမာ ဘင်္ဂါနုပဿနာ၏ အစွမ်းဖြင့် ဘေးဟု ထင်လာကုန်ပြီးသော သင်္ခါရရုပ်နာမ် တရားတို့ကို ဂဏ္ဍရောဂါ၊ သလ္လာဗာဓ၊ အဃပမာ၊ သက်သာရာမရှိ၊ သမုတ္တိ ကင်းစင် ထက်ဝန်းကျင်မှ ကြီးစွာသော အပြစ်အစုဟုသာ ထင်မြင်သော **အာဒီနဝဉာဏ်ရင်း**။

သေယျထာပိ နာမ စိတ္တကူဋ ပဗ္ဗတ ပါဒါဘိရတော
သုဝဏ္ဏရာဇဟံသော—

အစရှိသော ကျမ်းဟော လာရှိသည်နှင့်အညီ အနောတတ် အိုင်၏ အနောက်မျက်နှာ ရတနာခုနစ်ပါးဖြင့်ပြီးသော စိတ္တကူဋ် တောင်ခြေ၌ ပျော်နေကျ ရွှေဟင်္သာမင်းသည် စဏ္ဍာသရွာအထွက် အိုင်ငယ်တစ်းပွက်၌ မနှစ်သက် မပျော်ပိုက်နိုင်, အိုင်ကြီးခုနစ်ပါး၌သာ ပျော်ပါးနှစ်ခြိုက်သကဲ့သို့ရှင်း၊ ရွှေချိုင့်လှောင်အုံင်း သားမင်း ကေသရာသည် ယူဇနာသုံးထောင် ကျယ်ပြော ဆောင်သော ဟေမဝန်တောင်အကွေ့၌သာ ပျော်မွေ့သကဲ့ကိုရှင်း၊ ဟတ္ထ ပါဒ ဝါလ သောဏ္ဍ ဝတ္ထိကောသဟူသော ဘူမိဖုသန အင်္ဂါခုနစ်ပါး တို့ဖြင့် မြေ၌ကည်သောကြောင့် သတ္တပတိဋ္ဌမည်သော သဗ္ဗသေတ- ဝေဘာသပုံ ဆဒ္ဒန်ဆင်မင်းသည် မြို့တွင်း၌ မမွေ့လျော်နိုင်, ဆဒ္ဒန် အိုင်၌သာ ပျော်ပါးသကဲ့သို့ရှင်း ခပ်သိမ်းကုန်သော သင်္ခါရရုပ်နာမ် တရားတို့ကို အပြစ်ဒေါသ အာဒီနဝအားဖြင့် မြင်ပြီးသော ဤ ယောဂီ,ဟင်္သာ,ကေသရာ,ဆင်မင်းသည် အကြွင်းမရှိသော ဘဝ- ယောနိ ဂတိ ဌိတိ နိဝါသ ဂဟ သဘေဒက သင်္ခါရတို့၌ မနှစ်ခြိုက် နိုင် ညှိုးမှိုင်နွမ်းချည့် ပျင်းရိငြီးငွေ့ မပျော်မွေ့ပဲ အနုပဿနာ ခုနစ်ပါး, အနုပဿနာ သုံးပါး, အဓိမုတ္တိပုဗ္ဗက, အနွယဒဿန, အနုမာနဉာဏ်ဖြင့် မြင်အပ်သော အနုပ္ပါဒစသော နိဗ္ဗာန်တရား၌ သာ ပျော်ပါး ညွတ်ကိုင်း ရှိုင်းသောစိတ် ရှိသော နိဗ္ဗိဒါဉာဏ်ရှင်း။

ယထာ ကိံ ဇာလဗ္ဘန္တရဂတော မစ္ဆော၊ သပ္ပမုခ-
ဂတော မဏ္ဍူကော—

အစရှိသော ကျမ်းဟော လာရှိသည်နှင့်အညီ ဤနိဗ္ဗိဒါဉာဏ် ဖြင့် ဘုံသုံးတန် နှောင်အိမ်တွင် ဆန့်ကျင်ငြီးငွေ့ မပျော်မွေ့နိုင်

သော ယောဂီထွတ်ဖျား၊ အမျိုးကောင်းသားအား၊ ကွန်မိုက်၌ငါး၊ မြွေဒိသော ဖားယောင်၊ ချိုင့်လှောင်သောတောကြက်၊ အလမ္ပာယ် လက်၌မြွေ၊ ကျေ့ာကွင်းမိလေသော သမင်၊ ဂဠုန်နှုတ်တွင် နဂါး၊ ကြောင်ဘားလက်၌ ကြွက်သူငယ်၊ ဇွန်လက်သည်းဝယ် စာသူငယ်၊ နက်ကျယ်စွာသော ညွှန်အိုင်၌ ကျသောဆင်၊ ရာဟုခံတွင်းတွင် လဗိမာန်၊ ရန်သူ ဝန်းဝိုင်းအပ်သော ယောက်ျား-စသည်တို့ကဲ့သို့ ဘယ် တစုံတရာသော သင်္ခါရတရားဖြင့် ပျော်ပါး ငြိကပ် ဖွဲ့စပ် တပ်စွန်းခြင်းမရှိ၊ လွန်စွာထန်ပြင်း လွတ်ကင်း ထွက်မြောက်လို သော စိတ်ဖြစ်သော မုဉ္စိတုကမျတာဉာဏ်ရင်း။

ဧကော ကိရ ပုရိသော မစ္ဆေ ဂဏှိဿာမီတိ မစ္ဆခိပ္ပံ ဂဟေတွာ ဥဒကေ ဩဍ္ဍေတိ–

အစရှိသော ကျမ်းဟော လာရှိသည်နှင့် အညီ ငါးဆောင်းသော ယောက်ျား တံငါသားသည် ရေမြွေဟောက်ကို ဆောင်းမိ၍ ဆောင်းပေါက်မှ လက်ဖြင့်နှိုက်လျက် နှစ်ခြိုက်ဝမ်းသာ ငါးကြီးစွာ၏-ဟု ဖော်ကာ ကြည့်ရှုသဖြင့် လည်ရေး သုံးဆင့်ကို မြင်၍ အလွန်ကြောက်လန့်ပြစ်တင် မကိုင်ချင်လှ လွတ်ချင်လှ၍ လက်မှအသာ ဖြေကာချေပွတ် ပစ်လွှတ်တက်ပြေး၍ မြွေဘေးမှ ငါလွတ်လာခဲ့ပေပြီဟု လာခဲ့ရာလမ်းကို ဝမ်းမြောက်လည်လှည့် ပြန်ကာကြည့်သကဲ့သို့ ရုပ်နာမ်သင်္ခါရ တရားတို့ကို မသိမ်းဆည်းခင်က လွန်မင်းစုံမက် အတ္တဘောကို နှစ်သက်၍ လက္ခဏာရေး သုံးပါးတို့ကို သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်တို့ဖြင့် မြင်ပြီး၍ အစဉ်အတိုင်း ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်ဖြစ်၍ ထိုသင်္ခါရတို့မှ လုလုလွတ်ဖို့ရန် တဖန် ထိုသင်္ခါရတို့ကို ဆိုခဲ့ပြီးသော အခြင်းအရာတို့ဖြင့်ရင်း၊ “သဗ္ဗမ္ပိ

သင်္ခါရဂတံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အသုဘံ ဒုဂ္ဂန္ဓ-ဇေဂုစ္ဆ ပဋိကူလဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" ဟူ၍ရှင်း သိမ်းဆည်းပြန်သဖြင့် တဖန် နိစ္စ, သုခ, သုဘ, အတ္တ အခြင်းအရာ အားဖြင့် မထင်လာဘဲ ကောင်းစွာ လွတ်ကြီးလွတ်လေအောင် ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း ပျက်ခြင်း စသည်ကို ထင်မြင်သော **ပဋိသင်္ခါဉာဏ်ရှင်း**။

ဣမေ ပဉ္စက္ခန္ဓာ ခမ္ဘာ ရိတ္တာ၊ တုစ္ဆာ၊ သုညာ၊ နိရတ္ထကာ—

အစရှိသော ကျမ်းဟော လာရှိသည်နှင့် အညီ ဤသို့လျှင် ဆိုခဲ့ပြီးသော အခြင်းအရာတို့ဖြင့် သိမ်းဆည်း၍ သုညအားဖြင့် မြင်ပြီးသည်ရှိသော် လက္ခဏာရေးသုံးပါးသို့ တင်လျက် ပဋိသင်္ခါ ဉာဏ်ဖြင့် သင်္ခါရတို့ကို အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ-ဟု အဖန်ဖန်ရှုသော ယောဂီသည် ချစ်လှစွာသော မယားကို မုန်းထားပြစ်မြင် ကွာကြဉ်ပြီးနောက် တစုံတယောက်သော ယောကျ်ားနှင့် စကားကြုံညွှင် နေချင်တိုင်း နေသော်လည်း မမုန်း, မချစ် လျစ်လျူသာ ဖြစ်သကဲ့သို့ ခပ်သိမ်းသော သင်္ခါရတို့၌ ငါတည်း, ငါ၏ ဥစ္စာတည်း-ဟု ယူဘွယ်ကို မမြင်ခြင်း ကြောင့် ကြောက်ခြင်း, နှစ်သက်ခြင်းကို စွန့်ပစ်၍ မမုန်း, မချစ် လျစ်လျူသာ ဖြစ်၏၊ ဤသို့ သိမြင်သော ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ကြာရွက်၌ ရေပေါက်, မီး၌ ကျရောက်သော အကြော ကြက်တောင်တို့ကဲ့သို့ ထိတ် ထောင် နောင်အိမ် အလား ဘဝ သုံးပါး, ယောနိလေးပါး စသည်တို့၌ မနှစ်ခြိုက် မပွါးပြန့်မူ၍ တို တွန့် ကွေး ကုပ် နောက်သို့ ဆုတ်နစ် လျစ်လျူဖြစ်ခြင်းသော်ရှင်း၊ စက်ဆုပ် ရွံရှာခြင်းသော်ရှင်း ထင်မြင်သော **သင်္ခါရုပေက္ခာဉာဏ်ရှင်း**။

“ယဒါ ဟဝေ မဂ္ဂေါ ဥပ္ပဇ္ဇိဿတိ” အစရှိသောကျမ်းဟောလာ ရှိသည်နှင့်အညီ ဤသင်္ခါရုပေက္ခာဉာဏ်ကို အဖန်တလဲလဲ မှီဝဲပွါး များသော ယောဂီအား အလွန်အားရှိသော အဓိမောက္ခသဒ္ဒါ၊ ကောင်းစွာ ချီးမြှောက်အပ်သော ဝီရိယ၊ ထင်မြင်လစွာသော သတိ၊ အလွန်တည်ကြည်သော စိတ်၊ တိက္ခ တေရ ထက်မြက်လှ သော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ၍ အနုလောမဉာဏ်၏ အခြေမှန်လျက် နိဗ္ဗာန်ကို သန္တ-အာ ဖြင့် မြင်သည်ရှိသော် သမုဒ္ဒ-ရာ၌ ကုန်သွားသော သင်္ဘောသားတို့ ယူဆောင်အပ်သော ဒိသာ-ကာက-ဒိသာကာကန္တ်သည် ကမ်းမမြင်သေးသမျှ ကာလပတ်လုံး ပြန်ကာပြန်ကာ လင် ယဉ်းတိုင်၌သာ နားလာ၍ ကမ်းကိုမြင်သည့် အခါ မပြန်လာဘဲ ကမ်းရှိရာအရပ်သို့ ရှေးရှုပျံသွားသကဲ့သို့ ခပ်သိမ်း သော သင်္ခါရဝဋ်ကို အာရုံမပြု၊ လက်လွှတ်၍ ရှုံ့လှန်လျက် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်သို့ အစဉ်အတိုင်း တက်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်သို့ ပြေးဝင်သိမြင်သော အနုလောမ ဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရင်း။

> သေက္ခာ မဂ္ဂံ ဝါ ဖလံ ဝါ နိဗ္ဗာနံ ဝါ ပဟီနေ ကိလေ-သေ ဝါ အပဟီနေ ကိလေသေ ဝါ ပစ္စဝေက္ခန္တိ။ အသေက္ခာ မဂ္ဂံ ဝါ ဖလံ ဝါ နိဗ္ဗာနံ ဝါ ပဟီနေ ကိလေသေ ဝါ ပစ္စဝေက္ခန္တိ-

ကျမ်းဂန်လာရှိသည်နှင့် အညီ နိဗ္ဗာန်ကို သိမြင်ပြီးသော အရိ-ယာသခင် ထေရ်အရှင်တို့မှာ ဝမ်းမြောက်ဝမ်းသာ မိမိရပြီးသော မဂ်ကို ဆင်ခြင်သောဉာဏ်၊ မိမိရပြီးသော ဖိုလ်ကို ဆင်ခြင်သော ဉာဏ်၊ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်သော ဉာဏ်၊ သောတာပတ္တိမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသော

ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကို ဆင်ခြင်သောဉာဏ်၊ မဂ်ဖြင့် မပယ်နိုင်သေး ကြွင်းကျန်သေးသော ရာဂ, ဒေါသ, မောဟ,မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟု ဆိုအပ်သော ကိလေသာ ရှစ်ပါးကို ဆင်ခြင်သောဉာဏ်၊ သကဒါဂါမိ မဂ်ဖြင့် တနုကရ အားဖြင့် ပယ်အပ်ပြီးသော ကာမရာဂ,ဒေါသ၊ ထိုရာဂ, ဒေါသ နှစ်ပါးနှင့် တကွဖြစ်သော မောဟ၊ ဤကိလေသာ နှစ်ပါး သုံးပါး ကို ဆင်ခြင်သော ဉာဏ်၊ ၎င်းမဂ်ဖြင့် မပယ် ကြွင်းကျန်သေးသော ကိလေသာ ရှစ်ပါးကို ဆင်ခြင်သောဉာဏ်၊ အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသော ကာမရာဂ,ဒေါသ ကိလေသာ နှစ်ပါးကို ဆင်ခြင်သောဉာဏ်၊ ၎င်းမဂ်ဖြင့် မပယ်နိုင်သေး ကြွင်း ကျန်သော ရုန့်ရင်းသော ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာ ခုနစ်ပါးကို ဆင်ခြင် သောဉာဏ်၊ အရဟတ္တမဂ်ဖြင့် အကြွင်းအကျန်မရှိ အလုံးစုံ ပယ် သတ်အပ်ပြီးသော ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာ ခုနစ်ပါးကို ဆင်ခြင်သော **ပစ္စ-ဝေက္ခဏာဉာဏ်ရင်း**။

ဤကား ဉာဏ်ဘဆဲ့ခြောက်ပါး နိဗ္ဗာန်သွားသော လမ်းတည်း ။ ထိုလမ်းကို ဘုရားမြတ်စွာတို့ ရှေးဦးစွာ ထွင်ပြင်ကြွသွားတော် မူကြသောကြောင့် တပည့်နောက်သားတို့ လိုက်ရလေသတည်း။

ဧဝံ သောဠသ ဉာဏေဟိ၊ ဥဇုမဂ္ဂေန နိဗ္ဗုတိံ။
ဂတေ ဝန္ဒာမိ သမ္ဗုဒ္ဓေ၊ ဥဇုမဂ္ဂဿ ဒေသကေ။

ဧဝံ၊ ဤသို့။ သောဠသ ဉာဏေဟိ၊ ရှေးရှေးဘုရားရှင်တို့၏ တရားဉာဏ်တဆဲ့ခြောက်ပါးကို နာကြားရ၍ ရှေးရှေးဘုရားနည်း တူ ဉာဏ်ဘဆယ့်ခြောက်ဆူ တို့ဖြင့်။ ဥဇုမဂ္ဂေန၊ ဖြောင့်တန်းသော

လမ်းဖြင့်။ နိဗ္ဗုတိံ၊ တဆယ့်တသီး မီးငြိမ်းရာမှန် နိဗ္ဗာန်ပြည်မြတ်သို့။ ဂတော၊ ဝိပဿနာဉာဏ်ပေါက် ကြွရောက်တော်မူကုန်ပြီးသော။ ဥဇုမဂ္ဂဥ္စ၊ တဆယ့်တသီး ရာဂမီးစသည့်တို့၏ အေးမြ ငြိမ်းချမ်း ဘေးဘျာမစပ် နိဗ္ဗာန်ရပ်၏ ဖြောင့်မတ်သော လမ်းကိုလည်း။ ဒေသတော၊ ဟောဖော်ညွှန်ပြ လမ်းချတော် မူပေတတ်ကုန်သော။ သမ္ဗုဒ္ဓေ၊ ဂဂ်ါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော သက်တော်ထင်ရှား မြတ်စွာဘုရားတို့ကို။ အဟံ၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ကြည်ညိုမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား-မြတ်စွာဘုရား။

ဉာဏ် တဆယ့်ခြောက်ပါး ဥပဋ္ဌာနာကာရ
အကျယ်နည်းကို
ဘုရားရှိခိုးနှင့်တကွ ပြဆိုချက် ပြီး၏။

---

**ဉာဏ်စဉ် ၁၆-ပါးနှင့် တံငါ ဥပမာ**

ဉာဏ်တဆယ့်ခြောက်ပါးကို တံငါသည် ဥပမာဖြင့် ပြဆို **ပေအံ့ —**

တဦးယောကျ်ား၊ တံငါသားသည်၊ ငါးဖမ်းမည် ဟန်၊ စိတ်အားသန်၍၊ ရေကန်သို့ သက်၊ ဆောင်းလက် ကိုင်စွဲ၊ ရေထဲ ပုန်းအောင်း၊ ငါးကို ဆောင်းလျှင်၊ လက်မောင်း လက်ရုံး၊ ဝါးလုံး ခန့်နီး၊ အကြီး အကျက်၊ စက် အဆင်းထွေး၊ လည်ရေး သုံးတန်း၊ မျက်ဆံ နီကြင်၊ အဆိပ်လျှင်သော၊ မြွေဟောက် ပေါက်မွေး၊ သဲမြွေ ပွေးကို၊ အပြေးသိုက်ချုပ်၊ ဆောင်းနှင့် အုပ်မိက၊ အဟုတ်အဟုတ်၊ ငါးကြီးမှတ်၍၊ ရတတ်ပြီ တခါ၊ ငါ တံငါဟု၊ ဝမ်းသာ အားရ၊

စိတ်မာန် ကြွလျက်၊ ဆောင်း၀ လက်သွင်း၊ အပြင်း သိမ်းအုပ်၊ လည်ကို ဆုပ်ပြီးလျှင်၊ ကော်ထုတ်၍ ကြည့်သောအခါ၊ လည်ရေး သုံးတန်၊ မျက်ဆံနီကြင်၊ မြွေကို မြင်၍၊ အထင် မှောက်မှား၊ ငါးကား မဟုတ်၊ ကြမ်းကြုတ် ခက်ထန်၊ လျှင်မြန် အားရှိ၊ မြွေကြီး ဟု သိလတ်မူ၊ သည်းအူ ပြန်မတတ်၊ လန့်ဖျပ် ကြက်သီး၊ ချွေး ဒီးဒီးကျ၊ ကြောက်လန့်လှသောကြောင့်၊ ရောမ မြွေ၊ မကိုက်ပေ လို့သာ၊ ကိုက်လေလျှင် သေဘေးစင်စစ်၊ မုချ ဖြစ်ရာ၏ဟု၊ အပြစ်ကို မြင်လျက်၊ မနှစ်သက် မသာယာ၊ လွှန်စွာ တွန့်ကုပ်၊ စက်ဆုပ် ငြီးငွေ့၍၊ မတွေ့မမြင်အောင်၊ လွှတ်ချင်သော အခါ၊ လွှတ်ရာ အကြောင်း၊ ဦးခေါင်း, အမြီး၊ တလျောက်တည်း တရပယ်၊ မုန့်ညက်ကို နယ်သကဲ့သို့၊ နှောက်နယ် ပင်ပန်း၊ အား ကုန်ခန်းစေပြီးမှ၊ မြွေကြမ်းကို လွှတ်လျက်၊ ကမ်းပေါ်ထက်သို့၊ ပြေးတက် ရပ်နေဘိသကဲ့သို့၊ ထိုအတူ ယောဂီပုဂ္ဂိုလ်၊ ရှေးမဆွ၌၊ ရအပ်သော အတ္တဘောကို၊ လှည်းချော လှည်းယာဉ်၊ မြင်း ဆင် ရထား၊ အစား အ၀တ်၊ ပေါက်လွှတ်ကျင်းပ၊ အားမရနိုင်ဘဲ၊ နိစ္စ,သုခ၊ အတ္တ မှတ် ဝင်၊ ကြေးမုံပြင်၌၊ သုတ်သင် ဖြီးလိမ်း၍၊ တစိန် စိန်း ကြည့်ရှုလျက်၊ သြော်-သုခံ၀တ၊ သြော်-သုခံ၀တ၊ စိတ်ထဲက တပြုံးပြုံး၊ နှစ်သက်တုန်း အခါကို၊ ရေတံငါမိုက်၊ ဆောင်း၌မိငြား၊ မြွေကို ငါးဟု၊ မှတ်မှားသော အခါလို၊ ဥပမာ ထပ်တူ၊ ရှေးဦးစွာ ယူရမည်။

ဤယောဂီသည်၊ မနသီကာရ၊ ကလျာဏ မိတ်ကောင်း၊ အဆင်သင့် ပေါင်းမိ၍၊ သူတော်ကောင်းတရားကို၊ ကြားနာ ပွါးများ၊ အားထုတ်ရသဖြင့်၊ ဤအတ္တဘောကား၊ နိစ္စ, သုခ၊ အတ္တ-မဟုတ်၊ နာမ်ရုပ် မျှသာတည်းဟု၊ တနည်း နာမ်ရုပ်

ဖြစ်ကြောင်း၊ အကြောင်း ကြောင်းကို၊ ကောင်းကောင်း သိပြီးမှ၊ ဃန မြေးယှက်၊ တခဲနက်ကို၊ ခွဲဖျက် ခွါစိတ်ပြန်၍၊ ရုပ်နာမ်ဖြစ်ပျက်၊ လက္ခဏာတင်၊ ကောင်းစွာ မြင်သည်နှင့်၊ တံငါလုသွမ်း၊ မြွေကို ဖမ်း၍၊ စုံစမ်း ကြည့်ရှု၊ အစုစုကို၊ သုံးခု လည်ရစ်၊ မြွေအဖြစ်၌၊ စိစစ်သည်ကို၊ နည်းမှီထပ်တူ၊ ဒုတိယ ယူရမည်။

ဤယောဂီသည်၊ လောကီသင်္ခါရ၊ ဟူသမျှ၌၊ အနိစ္စ, ဒုက္ခ၊ အနတ္တ-ဟု၊ အပျက်ကို ရှု၍၊ ဘယတုပဋ္ဌာနဉာဏ်၊ ထက်သန် လျင်လျင်၊ မြစွာထင်သည်နှင့်၊ ယခင်တံငါအား၊ မြွေလည်ကျားကို၊ ကြောက်အားတကြီး၊ ကြက်သီးထကြွ၊ ချွေးစီးကျသည်ကို၊ တတိယ နည်းတူ၊ ဥပမာယူရမည်။

ယောဂီလုလွန်၊ ပုဂ္ဂိုလ်မွန်၏၊ ဉာဏ်မျက်စိဖြင့်၊ အာဒီနဝ၊ ထိုအခါ၌၊ တံငါလုမိုက်၊ မြွေကိုက်မည့်အဖြစ်ကို၊ စိစစ်ထင်မြင်၊ ယခင် နည်းသာ၊ ငြီးငွေ့စဉ် အခါမှာ၊ နိဗ္ဗိဒါဉာဏ်နှင့်ယှဉ်၊ လွှတ်ချင်သည့် အမှုကို၊ မုဉ္စိတုကမျတာ၊ လွတ်ရာသောအကြောင်း၊ ထောင်းထောင်းကြောက်၊ မြွေကို လက်ဖြင့်၊ နှိပ်စက်ပွတ်ချေ၊ ပင်ပန်းစေလျက်၊ ဦးခေါင်းထက်၌၊ သွက်သွက်လှည့်ရမ်း၊ မကိုက်နိုင်အောင်၊ အားကုန်ခန်းမှ၊ မြွေကမ်းကို လွှတ်လျက်၊ ကန်ဘောင်ထက်သို့၊ ပြေးတက် ရပ်နေသကဲ့သို့၊ ထိုနည်းတူစွာ၊ အနာဒိက၊ ဘဝအဟို၊ ရှေးထိုထိုက၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူတပါး၊ ယောကျ်ား မိန်းမ၊ နိစ္စ-သုခ၊ သာဘ-အတ္တ၊ ရွှေညာ စွဲမှတ်၊ ဤလေးရပ်ကို၊ ထပ်၍ဖန်၊ မဖောက်ပြန်အောင်၊ ရုပ်နာမ် ခန္ဓာ၊ အာယတန ဓာတ်၊ ဥပါဒ်ဌီဘင်၊ အစဉ်မပြတ်၊ ဆင်းရဲအစု၊ အသုဘစစ်၊ အနှစ် မပါ၊ အကာအဘိ၊ ကိုယ်မရှိဟု၊ တိလက္ခဏာ၊ ဘာဝနာသုံးတန်ဖြင့်၊ အဖန်ဖန်သုံးသပ်သော၊ ယောဂီသူမြတ်၏၊ ပဋိသင်္ခါနုပဿနာ

ဉာဏ်၊ မြဲမြဲကြံ့ခိုင်၊ မယိမ်းယိုင်သည့်ကိုပင်၊ ထိုဥပမာဖြင့်၊ ကောင်း
စွာဟပ်၍၊ ထပ်တူ သိမ်းကျုံးပြီးမှ၊ နှလုံးသွင်းရန်၊ ဤပဋိသင်္ခါ
ဉာဏ်ကို၊ အဖန်ဖန်မှီဝဲ၍၊ မြဲမြဲခိုင်ခံ့၊ တည်တံ့သော ဝိပဿနာ
ရှိသော ယောဂီသူမြတ်အား၊ တယောက်သော ဧကတ္တပိယ၊ သဘာဝ
ယောက်ျားသည်၊ ရှေးရှေးသောအခါ၊ ကြင်နာနှစ်သက်၊ ကိုယ့်
အသက်ထက်၊ ဆတက် မြိမြိ၊ ဖန်ဖန် တပ်ရစ်၊ အားသွန်ချစ်
သော၊ အဆင်းနုတ်တူ၊ အမူယွင်းချွတ်၊ တရားလွတ် မယားချော
ကို၊ သဘောဖောက်ပြား၊ သူတပါးနှင့်၊ ယဉ်ပါး လွန်ကြူး၊
လက်ပူး တွေ့မိ၊ ကိုယ်တိုင် သိသဖြင့်၊ စိစိ ကြေညက်၊ ဒုတ်လက်
ဒဏ်ထား၍၊ ခါးဝတ် ထည်ချင်းနှင့်၊ ကျောရှင်းစွန့်ပစ်ပြီးနောက်၊
ဖောက်ဖောက် ယွင်းယွင်း၊ ဘယ်လိုပင် အကျင့်ကင်းသော်
လည်း၊ ချစ်ခြင်း မုန်းခြင်း၊ အခင်းမပြု၊ လျစ်လျူရှုသကဲ့သို့၊ ထို
အတူ မရက် မစက်၊ နှစ်သက်လှစွာ၊ အဇ္ဈတ္တ-ဗဟိဒ္ဓ၊ အလုံးစုံ
သော သင်္ခါရတို့၌၊ ငါ့ကိုယ် ငါ့ဥစ္စာဟူသော၊ အတ္တ, အတ္တနိယ
တို့၏၊ သုညသဘောကို၊ ထိုပဋိသင်္ခါဉာဏ်ဖြင့်၊ ပြက်ပြက်ထင်ထင်၊
ဟုတ်တိုင်း မြင်ရကား၊ ဘယတုပဋ္ဌာနဉာဏ်ဖြင့်၊ မြင်ပြီးသော
ကြောက်ခြင်းကိုရင်း၊ ဝိပဿနာပီတိကြောင့် ဖြစ်သော နန္ဒီ ဟူ
သော နှစ်သက်ခြင်းကိုရင်း၊ ပယ်ဖျောက်စွန့်ခွါလိုက်၊ လျစ်လျူသာ
ဖြစ်သည်နှင့်၊ တံငါ လူနောက်၊ သဲမြွေဟောက်ကို စွန့်မြောက်ပြီး
လတ်၊ တပ်နှစ်သက်ခြင်း ကြောက်ခြင်း၊ အလျှင်း မပြု၊ လျစ်လျူရှုပြီး၊
ထိုနည်းတူစွာ၊ ဥပမာထပ်တူ ယူပြီကား၊ တံငါ လူနှမ်း၊ သဲမြွေ
ကြမ်းကို၊ ဖမ်းပြီးအခါ၊ ချမ်းသာစွာ ကြံ၊ ရှေ့နောက်အတန်တန်၊
ရေကန်ဖြတ်ရေး၊ ကုန်းထက် ပြေး၍၊ ရေဘေး မြွေဘေး၊ သေ
ဘေး အတန်တန်၊ ဆင်ခြင်ပြန်ရာ၊ ကိုယ်, စိတ် နှစ်ဖြာ၊ ချမ်းသာရာ
ရောက်သကဲ့သို့၊ ထိုနည်း တူညီ၊ ယောဂီသူမွန်၊ ပုဂ္ဂိုလ်ချွန်သည်၊

လွှန်စွာအားထုတ်ရာ၊ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်၍၊ အနုလောမဉာဏ်၊ အခြေမှန်လျှင်၊ နိဗ္ဗာန်ကို သန္တာအားဖြင့်၊ ထင်ရှားစွာ မြင်၊ ပုထုဇဉ်ဖြတ်၊ အရိယာဇာတ်ပွါး၊ လေးပါး မဂ်ဖိုလ်၊ စဉ်တိုင်းကို တက်၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ကိပယ်ကျန်ကို၊ တဖန်ဆင်ခြင်ရာ၊ ကိုယ်, စိတ် နှစ်ဖြာ၊ ချမ်းသာစွာရှိ၊ သဥပါဒိသေသ၊ အနုပါဒိသေသ၊ နိဗ္ဗာနသို့ရောက်၍၊ ဒုက္ခခပ်သိမ်း၊ ကုန်ငြိမ်း၍၊ ဟိန်းချသည့် ယောဂီသူမြတ်တို့။

ဤကား ဉာဏ်တဆယ့်ခြောက်ပါးကို တံငါဥပမာဖြင့် လင်္ကာ သံပေါက် ပြဆိုချက် ပြီး၏။

### ဉာဏ်စဉ် ၁၆-ပါးနှင့် အလောင်းမင်းသား ဥပမာ

ဉာဏ်တဆယ့်ခြောက်ပါးကို ဘုရားအလောင်းတော်မင်းသား ဥပမာဆောင်၍ ထင်အောင် ပြဆိုပေအံ့—

တရံရောအခါ ငါတို့ဘုရားအလောင်းတော် မင်းသားသည် မင်းအဖြစ် ရရာ ရကြောင်းကို ပစ္စေကဗုဒ္ဓါအား လျှောက်၏။ ပစ္စေကဗုဒ္ဓါသည် ဗာရာဏသီပြည်မှ တက္ကသိုလ်ပြည်သို့ ခုနစ်ရက်နှင့် ရောက်အောင် သွားနိုင်လျှင် မင်းဖြစ်မည်ဟု မိန့်တော်မူ၏။ ဘုရားအလောင်းတော်မင်းသားသည် ကျွန်ငါးယောက်နှင့်တကွ ဘီလူးတောအားရန် ကင်းစေခြင်းငှါ ပစ္စေကဗုဒ္ဓါ၏ တရားတော်ကို နာ၍ ပရိတ်ပန်း ပရိတ်ချည် ပရိတ်သဲတို့ကို ယူလျက် တက္ကသိုလ်ပြည်သို့ သွားသောကာလ ဘီလူးတောအုပ်သို့ ရောက်၏။

ထိုတောအုပ်၌ ဘီလူးမတို့သည် လူမိန်းမယောင် ဖန်ဆင်း၍ ကာမဂုဏ်ငါးပါးဖြင့် ဖြားယောင်းလျက် ကျွန်မိုက်ငါးယောက်တို့ကို စားလေ၏။ ဘုရားအလောင်းတော် မင်းသားသည် ခုနစ်

ရက်မြောက်၍ တက္ကသိုလ်ပြည်သို့ ရောက်သောကာလ တခုသော စရပ်၌ နေလေ၏။ တယောက်သော ဘီလူးမသည် မင်းသား နောက်သို့ လိုက်၍ တခုသောနေရာ၌ နေလေ၏။

ထိုတိုင်းပြည်ရှင် မင်းကြီးသည် မြို့ကိုလှည့်၍ ကြည့်သောအခါ လူမိန်းမယောင် ဖန်ဆင်းသော ဘီလူးမကို မြင်လေ၏၊ မင်းကြီးသည် ဘီလူးမ၌ တပ်နှစ်သက်၍ အမတ်တယောက်ကို "အရှင်ရှိသလော"ဟု မေးစေ၏၊ အမတ်သည် ဘီလူးမအား မေး၏၊ ဘီလူးမသည် မင်းသားကို "ခင်ပွန်းပါ"ဟု ပြောကြားလေ၏။ မင်းသားအားမေးပြန်၏၊မင်းသားသည် "ဤမိန်းမကား ကျွန်ုပ်၏ မိန်းမမဟုတ်ပါ၊ လူမိန်းမလည်း မဟုတ်ပါ၊ ဘီလူးမပါတည်း" ဟု ပြောကြားလေ၏၊ အမတ်သည် ထိုသူ၏ စကားကို မင်းကြီး အား လျှောက်၏၊ မင်းကြီးသည် မင်းသားစကားကို မနာမယူဘဲ ဘီလူးမကို နန်းတော်သို့ ခေါ်၍ မိဖုရားအရာ မြှောက်တင် လေ၏။

ဘီလူးမသည် မိမိကိုယ်ကို အလွန်ချစ်နှစ်သက်မှန်းသိ၍ တနန်း တော်လုံး အပိုင်စား ဟောင်းလေ၏၊ ဘီလူးမသည် အပိုင်စား ရ၍ ညဉ့်သို့ ရောက်သောအခါ မိမိ၏ အပေါင်းအဖော်ဖြစ်သော ဘီလူးတို့ကို ခေါ်၍ တနန်းတော်လုံး ပျက်ပျက်ပြုန်း သေဆုံးကုန် အောင် စားလေ၏၊ အမတ်တို့သည် ဘုရားအလောင်းတော် မင်းသားကို မင်းမြှောက်ကြကုန်၏။

ဥပမာန- ဥပမေယျ ဟပ်ပုံကား— ဘုရားအလောင်းတော် မင်းသားသည် ဘီလူးမကို ဘီလူးမဟု ပိုင်းခြား၍ သိသည်နှင့် ဖြဟ္မာ, နတ်, လူ သုံးဘုံသူသည့် ရုပ်နာမ်ကို ရုပ်နာမ်ဟု ပိုင်းခြား ၍သိသော နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်သည် တူ၏။ ဘီလူးမ ဖြစ်

ကြောင်း အခြင်းအရာကို သိသည်နှင့် ရုပ်နာမ်ဖြစ်ကြောင်းကို သိမ်းဆည်းသော ပစ္စယ ရိဂ္ဂဟဉာဏ် ဖြစ်သည် တူ၏။ ဘီလူးမသည် အဖန်တလဲလဲ လူဖြစ်ချေ, ဘီလူးမ ဖြစ်ချေကို သိသည်နှင့် ဘုံသုံးပါး၌ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်၍ ထင်မြင်သော သမ္မသနဉာဏ်ဖြစ်သည် တူ၏၊ ဘီလူးမသည် လူဖြစ်ချေ, ဘီလူးမ ဖြစ်ချေ ဧကန်ဘဲဟု သိသည်နှင့် ဘုံသုံးပါး၌ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို ဧကန်ဘဲဟု ထင်မြင်သော ဥဒယဗ္ဗယဉာဏ်ဖြစ်သည် တူ၏။ ဘီလူးမသည် လူကို အဖန်တလဲလဲ သေကြေပျက်စီးအောင် စားမှန်း ဧကန် သိသည်နှင့် ဘုံသုံးပါး၌ ရုပ်နာမ် အဖန်တလဲလဲ ပျက်စီးခြင်းသည် ဧကန်ဘဲဟု ထင်မြင်သော ဘင်္ဂဉာဏ်ဖြစ်သည် တူ၏။ လူသားစားသော ဘီလူးမကို ကြောက်မက်ဖွယ်ဘေးကြီးဟု ထင်သည်နှင့် ဘုံသုံးပါး၌ အဖန်တလဲလဲ ပျက်စီးသော ရုပ်နာမ်ကို ကြောက်မက်ဖွယ်ဘေးကြီးဟု ထင်မြင်သော ဘယဉာဏ်ဖြစ်သည် တူ၏။ လူသားစားသော ဘီလူးမကို အပြစ်ကြီးဟု ထင်သည်နှင့် ဘုံသုံးပါး၌ အဖန်တလဲလဲ ပျက်စီးသော ရုပ်နာမ်ကို နှစ်သက်ဖွယ်မရှိ အပြစ်ကြီးဟု ထင်မြင်သော အာဒီနဝဉာဏ်ဖြစ်သည် တူ၏။ လူသားစားသော ဘီလူးမကို စက်ဆုပ်ရွံရှာငြီးငွေ့ဖွယ် ထင်သည်နှင့် ဘုံသုံးပါး၌ အဖန်တလဲလဲ ပျက်စီးသော ရုပ်နာမ်ကို စက်ဆုပ်ရွံရှာ ငြီးငွေ့ဖွယ်ဘဲဟု ထင်မြင်သော နိဗ္ဗိဒါဉာဏ်ဖြစ်သည် တူ၏။ ဘီလူးမဘေးမှ လွတ်ခြင်းငှါ အလိုရှိသည်နှင့် ဘုံသုံးပါး၌ အဖန်တလဲလဲ ပျက်စီးခြင်းရှိသော ရုပ်နာမ်မှ လွတ်ခြင်းငှါ အလိုရှိသည်ဟု ထင်မြင်သော မုဉ္စိတုကမျတာဉာဏ် ဖြစ်သည် တူ၏။ ဘီလူးမဘေးမှ လွတ်အောင် တဖန် ဆင်ခြင်ပြန်သည်နှင့် ဘုံသုံးပါး၌ ရုပ်နာမ်ကို နိစ္စ, သုခ, အတ္တ, သုဘ မထင်လာအောင်

ဥဒယဗ္ဗယစသည်ကို တဖန် ဆင်ခြင်ပြန်သော ပဋိသင်္ခါဉာဏ် ဖြစ်သည် တူ၏။ ဘီလူးမကို ချစ်ခြင်း မုန်းခြင်း မရှိသည်နှင့် နိစ္စ, သုခ, အတ္တ,သုဘမှ ကင်းဆိတ်သော ဘုံသုံးပါး၌ ရုပ်နာမ်ကို ချစ်ခြင်း မုန်းခြင်းမရှိ လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်ဖြစ်သည် တူ၏။ ဘီလူးမသည် ရှေ့ကိုလည်း စားခဲ့ဘူးပြီ၊ နောက်ကိုလည်း စားလတ္တံ့ဟု ထင်သည်နှင့် ရှေ့ဉာဏ် နောက်ဉာဏ် အားလျော်စွာ ထင်မြင်သော အနုလောမဉာဏ်ဖြစ်သည် တူ၏။ ဘီလူးမလည်း ရှင်သော အဖြစ်မှ သေသောအဖြစ်သို့ရောက်အောင် အားထုတ်သည်ကို ထင်သည်နှင့် ပုထုဇဉ်အဖြစ်မှ အရိယာအဖြစ်သို့ ရောက်သည်ကို ထင်မြင်သော ဂေါတြဘူဉာဏ်ဖြစ်သည် တူ၏။

မင်းသားသည် ထီးနန်းကိုမြင်သည်နှင့် နိဗ္ဗာန်ကိုထင်မြင်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်သည် တူ၏။ မင်းသားသည် ရှင်ဘုရင်ဖြစ်၍ မိမိအား လျော်ကပ်ပတ်သော ထီးနန်းပြာသာဒ် စသည်ကို ဆင်ခြင်၍နေသည်နှင့် ဖြဟ္မာ နတ် လူ သုံးဘုံသူသည် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာဖြစ်၍ မဂ် ဖိုလ် နိဗ္ဗာန် ပယ်ပြီး-မပယ်သေးသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်သည် တူ၏။ မင်းသားသည် ထီးဖြူကို ဆောင်း၍ မင်းဖြစ်သည်နှင့် ဗြဟ္မာ နတ် လူ သုံးဘုံသူသည် အရဟတ္တဖိုလ်တည်း ဟူသော ထီးဖြူကို ဆောင်း၍ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ ဖြစ်သည် တူ၏။ မင်းသားသည် ပစ္စေကဗုဒ္ဓါ၏ စကားတော်ကို နားထောင်၍ ထီးနန်းရသည်နှင့် ဗြဟ္မာ နတ် လူ သုံးဘုံသူသည် ဘုရားစကားတော်ကို နားထောင်၍ သဥပါဒိသေသ နိဗ္ဗာန် ရသည် တူ၏။ မင်းသား၏ ပရိတ်ပန်း ပရိတ်ချည် ပရိတ်သဲတို့နှင့် ဗြဟ္မာ နတ် လူ သုံးဘုံသူတို့၏ သီလ, သမာဓိ, ပညာ တူ၏။

ပဥ္စကဗုဒ္ဓါနှင့် မြတ်စွာဘုရား တို့၏။ ကျွန်ငါးယောက်နှင့် တကွ ရှင်ဘုရင်မိုက်ကြီးသည် ဘီလူးမကို လူမိန်းမ မှတ်ထင်သည်နှင့် အချို့သော မြဟ္မာ နတ် လူ သုံးဘုံသူသည် ရုပ်နာမ်ကို လူ နတ် မြဟ္မာ သတ္တဝါ ကောင်ဟု မှတ်ထင်သည် တို့၏။ ကျွန်မိုက်ငါးယောက်နှင့်တကွ ရှင်ဘုရင်မိုက်ကြီးသည် ဘုရားအလောင်းတော် မင်းသား စကား ကို နားမထောင်မူ၍ သေကြေပျက်စီးခြင်းသို့ ရောက်သည်နှင့် မြဟ္မာ နတ် လူ သုံး ဘုံသူသည် မြတ်စွာဘုရားစကားတော်ကို နားမထောင်မူ၍ အဖန်တလဲလဲ သေကြေပျက်စီးရသည် တို့၏။

ထို့ကြောင့် အဖန်တလဲလဲ သေရခြင်းဘေးကြီးကို အဟုတ်အမှန် ကောင်ကြောက်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ရုပ်နာမ်ကို လူ နတ် မြဟ္မာ သတ္တဝါကောင်ဘဲဟု မှတ်ထင်ခြင်း ကင်းကြရအောင်, နာမရူပပရိစ္ဆေဒဉာဏ် စသည့်ကို ထင်မြင်အောင် ကြိုးစားပွါးများ အားထုတ်ကြကုန်။

ဉာဏ်တဆယ့်ခြောက်ပါးကို ဘုရားအလောင်းတော်မင်းသား ဥပမာဆောင်၍ ထင်အောင် ပြဆိုချက် ပြီး၏။

---

**အနိစ္စ-ဒုက္ခ-အနတ္တ-တို့ ထင်မြင်ပြီးဖြစ်၍ ဣရိယာပုထ်လေးပါး၌ မဂ်ဖိုလ်မရမချင်း ဒုက္ခကမ္မဋ္ဌာန်း စီးဖြန်းရမည်ကိုပြဆိုချက်**

**တဏှာကိုရှု၍ ဉာဏ်စဉ် ၁၆-ပါးတက်ပုံ။** ။ပဋိစ္စသမုပ္ပါဒ်စက် တဆယ့်နှစ်ကွက်တို့တွင် တဏှာကွက်က ထွက်ဟန်ကို ဉာဏ်တဆယ့်ခြောက်ပါးအကျဉ်းနှင့် တကွ ပြဆိုပေအံ့—

(၁) ဘုံသုံးပါး၌ ငါးပါးအာရုံ ကာမဂုဏ်ကို စုံစုံမက်မက် တပ်နှစ်သက်ခြင်း တဏှာကို လောဘ-လောဘ ဟု စီးဖြန်း။ ထို လောဘသည် ငါ့ကိုယ် ကောင်မဟုတ်၊ လောဘသာ ကောင် ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။ (သဘာဝနာမ် စီးဖြန်းနည်း။)

ဘုံသုံးပါး၌ ငါးပါးအာရုံ ကာမဂုဏ်ကို စုံစုံမက်မက် တပ်နှစ် သက်ခြင်း တဏှာကို နာမ်-နာမ် ဟု စီးဖြန်း။ ထိုနာမ်သည် ငါ့ကိုယ် ကောင်မဟုတ်၊ နာမ်သာ ကောင်ဟုတ်၏ဟု ဉာဏ်ဖြင့်ဆင်ခြင်။ (သာမညနာမ် စီးဖြန်းနည်း။)

နာမပရိစ္ဆေဒဉာဏ် ပြီး၏။

(၂) ဘုံသုံးပါး၌ ငါးပါးအာရုံ ကာမဂုဏ်ကို ချမ်းချမ်း သာသာ ခံစားစံစားချင်သော ဝေဒနာကြောင့် လောဘဖြစ်၏၊ ဝေဒနာကြောင့် လောဘဖြစ်၏။

ပစ္စယပရိဂ္ဂဟဉာဏ် ပြီး၏။

(၃) (၄) လောဘတွေ ဖြစ်ပျက်၊ လောဘတွေ ဖြစ်ပျက်။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။

သမ္မသနဉာဏ်-ဥဒယဗ္ဗယဉာဏ် ပြီး၏။

(၅) လောဘတွေ ပျက်စီးကုန်၊ လောဘတွေ ပျက်စီးကုန်။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။

ဘင်္ဂဉာဏ် ပြီး၏။

(၆) လောဘဖြစ်ခြင်းသည် ကြောက်မက်ဖွယ်ရှိစွတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။

ဘယဉာဏ် ပြီး၏။

(၇) လောဘဖြစ်ခြင်းသည် အပြစ်ကြီးရှိစွတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။

အာဒီနဝဉာဏ် ပြီး၏။

(၈) လောဘဖြစ်ခြင်းသည် စက်ဆုပ်ရွံရှာ ငြီးငွေ့ဘွယ်ရှိစွတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။

နိဗ္ဗိဒါဉာဏ် ပြီး၏။

(၉) လောဘမှ လွတ်ခြင်းငှါ အလိုရှိအပ်စွ တကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။

မုဉ္စိတုကမျတာဉာဏ် ပြီး၏။

(၁၀) လောဘတွေ ပျက်စီးကုန်၊ လောဘတွေ ပျက်စီးကုန်။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။

ပဋိသင်္ခါဉာဏ် ပြီး၏။

(၁၁) လောဘသည် ချစ်ခြင်း မုန်းခြင်း မရှိ၊ လျစ်လျူသာ ရှုဖွယ်ရှိစွတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။

သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

(၁၂) ရှေ့ဉာဏ် နောက်ဉာဏ်အား လျော်သောဉာဏ်။

အနုလောမဉာဏ် ပြီး၏။

(၁၃) ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်ကို ပွါးစေတတ်သော ဉာဏ်။

ဂေါတြဘုဉာဏ် ပြီး၏။

(၁၄-၁၅) နိဗ္ဗာန်ကို သိမြင်သော ဉာဏ်။

မဂ်ဉာဏ်-ဖိုလ်ဉာဏ် ပြီး၏။

(၁၆) မဂ်ဖိုလ် နိဗ္ဗာန် ပယ်ပြီး-မပယ်သေးသော ကိလေသာတို့ကို ဆင်ခြင်သော ဉာဏ်။

ပစ္စဝေက္ခဏာဉာဏ် ပြီး၏။

ဤဆိုအပ်ခဲ့ပြီးသည်ကား ဉာဏ်တဆယ့်ခြောက်ပါး အကျဉ်းနှင့် တကွ ဒုက္ခကမ္မဋ္ဌာန်းကို ပြဆိုချက်တည်း။

**လောဘကြီး ပယ်သတ်ခန်း**

**လောဘ၏ အပြစ်ကို ရှုနည်း။** ။သမထဝိပဿနာ ထင်မြင်ပြီးသော ယောဂီ ပုဂ္ဂိုလ်သည် ဤဆိုလတ္တံ့သော နည်းကို အားထုတ်မှ ဆင်းရဲအပေါင်း၌ သံဝေဂကြီးဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ လိုချင်၏။ ဇာရိယာပုထ် လေးပါး၌ အမြဲအားထုတ်ရန် လိုရင်းကြီးကား—

**လောဘကြီးလျှင် ဆင်းရဲကြီး၏။**

**လောဘနည်းလျှင် ဆင်းရဲနည်း၏။**

**လောဘမရှိလျှင် ဆင်းရဲမရှိ။**

ဤ သုံးပုဒ်ကို ရှေးဦးစွာ ရအောင် ကျက်ရမည်။

**လောဘကြောင့် ဇာတိဒုက္ခ ရပုံ။** ။ငါသည် လောဘကြောင့် လူ နတ် ဗြဟ္မာ အဖြစ်၌ ဆင်းရဲ အပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်း ညက် ညက်ကြေ အသချေ်အနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘမဖြစ်စေနှင့်၊ လောဘမဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

**လောဘကြောင့် တိရစ္ဆာန်ဒုက္ခ ရပုံ။** ။ငါသည် လောဘကြောင့် တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အဖြစ်၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက်ကြေ အသချေ် အနန္တ ခံခဲ့ရလေပြီ တကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခ ဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲ ကြီး၏။ နောင် ဤကဲ့သို့လောဘမဖြစ်စေနှင့်၊ လောဘမဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရ လိမ့်မည်ပါတကား။

**လောဘကြောင့် ငရဲဒုက္ခ ရပုံ။** ။ငါသည် လောဘကြောင့် ငရဲကြီး ငရဲငယ် အသွယ်သွယ်၌ ဆင်းရဲ အပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်း ညက်ညက်ကြေ အသချေ်အနန္တ ခံခဲ့ရလေပြီတကား။ လောဘ ကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။ လောဘ ကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘ မဖြစ်စေနှင့်၊ လောဘ မဖြစ်စေနှင့်။ နောင်

ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည် ပါတတား။

**ပစ္စည်းတွယ်တာမှုအပြစ်။** ။ငါသည် ဉာတိ, ကုလ၊ ဝိဟာရနှင့်၊ သိဿ,ပရိဝါ၊ ပစ္စည်းဘဏ္ဍာကို ခင်မင်စုံမက် တပ်နှစ်သက်၍ နေခဲ့ခြင်းကြောင့် အပါယ်လေးပါး၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်း ညက်ညက်ကြေ အသချေအနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့်ဒုက္ခဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘ မဖြစ်စေနှင့်၊ လောဘ မဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

**ပုဂ္ဂိုလ်တွယ်တာမှုအပြစ်။** ။ငါသည် မိန်းမ, ယောကျ်ား, သား, သမီး, ပစ္စည်းဘဏ္ဍာကို ခင်မင်စုံမက် တပ်နှစ်သက်၍ နေခဲ့ခြင်းကြောင့် အပါယ်လေးပါး၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်း ညက်ညက်ကြေ အသချေအနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘ မဖြစ်စေနှင့်၊ လောဘမဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

**အဆင်း၌ တပ်မက်မှုအပြစ်။** ။ငါသည် အဆင်းမျိုးစုံ ရူပါရုံကို စုံစုံမက်မက် တပ်နှစ်သက်၍ နေခဲ့ခြင်းကြောင့် အပါယ်လေးပါး၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက်ကြေ အသချေအနန္တ

ခံခဲ့ရလေပြီတကား၊ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘမဖြစ်စေနှင့်၊ လောဘ မဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

**အသံ၌ တပ်မက်မှုအပြစ်။** ။ငါသည် အသံမျိုးစုံ သဒ္ဒါရုံကို စုံစုံမက်မက် တပ်နှစ်သက်၍ နေခဲ့ခြင်းကြောင့် အပါယ်လေးပါး၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက်ကြေ အသချေအနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘမဖြစ်စေနှင့်၊ လောဘ မဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

**အနံ့၌ တပ်မက်မှုအပြစ်။** ။ငါသည် အမွှေးမျိုးစုံ ဂန္ဓာရုံကို စုံစုံမက်မက် တပ်နှစ်သက်၍ နေခဲ့ခြင်းကြောင့် အပါယ်လေးပါး၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက်ကြေ အသချေအနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။

နောင် ဤကဲ့သို့ လောဘမဖြစ်စေနှင့်၊ လောဘမဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

**အရသာ၌ တပ်မက်မှုအပြစ်။** ။ငါသည် အစားမျိုးစုံ ရသာရုံကို စုံစုံမက်မက် တပ်နှစ်သက်၍ နေခဲ့ခြင်းကြောင့် အပါယ်လေးပါး၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်း ညက်ညက်ကြေ အသခေျ်အနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခ ဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘမဖြစ်စေနှင့်၊ လောဘ မဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

**အတွေ့၌ တပ်မက်မှု အပြစ်။** ။ငါသည် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို စုံစုံမက်မက် တပ်နှစ်သက်၍ နေခဲ့ခြင်းကြောင့် အပါယ်လေးပါး၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက်ကြေ အသခေျ်အနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့် ဒုက္ခဖြစ်၏၊ လောဘကြောင့် ဒုက္ခဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘမဖြစ်စေနှင့်၊ လောဘ မဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

လောဘကြီး ပယ်သတ်ခန်း ပြီး၏။

---

## လောဘနည်းခြင်း အကျိုး

**လောဘနည်း၍ ချမ်းသာပုံ။** ။နိဗ္ဗာန်ကို တောင့်တ၍ ဒါနပြုသော သူသည် လောဘနည်း၍ ပြု၏၊

လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

ဒါနပြုသောသူထက် နိဗ္ဗာန်ကို တောင့်တ၍ သီလ ဆောက်တည်သောသူသည် လောဘသာ၍ နည်း၏။ လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

သီလဆောက်တည်သောသူထက် နိဗ္ဗာန်တောင့်တ၍ သမထ အားထုတ်သောသူသည် လောဘ သာ၍နည်း၏၊ လောဘ နည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

သမထ အားထုတ်သောသူထက် နိဗ္ဗာန်တောင့်တ၍ နာမရူပ-ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်ကို ထင်မြင်သောသူသည် လောဘ သာ၍နည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

ဇင်းဉာဏ်များကို ထင်မြင်သော သူထက် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်,ဘင်ဉာဏ်များကို ထင်မြင်သောသူသည် လောဘ သာ၍နည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်း လျှင် ဆင်းရဲနည်း၏။

ဇင်းဉာဏ်များကို ထင်မြင်သောသူထက် ဘယဉာဏ်, အာဒီ-နဝဉာဏ်, နိဗ္ဗိဒါဉာဏ်များကို ထင်မြင်သောသူသည် လောဘ သာ၍ နည်း၏၊ လောဘနည်းလျှင် ဆင်းရဲ နည်း၏၊ လောဘ နည်းလျှင် ဆင်းရဲနည်း၏။

ဇင်းဉာဏ်များကို ထင်မြင်သောသူထက် မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်များကို ထင်မြင်သောသူသည် လောဘ သာ၍နည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

ၐင်းဉာဏ်များကို ထင်မြင်သောသူထက် သောတာပန်သည် လောဘ သာ၍နည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

သောတာပန်ထက် သကဒါဂါမ်သည် လောဘသာ၍နည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

သကဒါဂါမ်ထက် အနာဂါမ်သည် လောဘ သာ၍နည်း၏ လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

လောဘနည်းခြင်းအကျိုး ပြီး၏။

---

**လောဘမရှိခြင်း အကျိုး**

**လောဘမရှိ၍ ချမ်းသာပုံ။** ။ရဟန္တာသည် လောဘမရှိ-ဆင်းရဲမရှိ၊ လောဘမရှိ-ဆင်းရဲမရှိ။ ပစ္စေကဗုဒ္ဓါသည် လောဘမရှိ-ဆင်းရဲ မရှိ၊ လောဘမရှိ-ဆင်းရဲ မရှိ။ မြတ်စွာဘုရားသည် လောဘမရှိ-ဆင်းရဲမရှိ၊ လောဘမရှိ-ဆင်းရဲ မရှိ။ သဉပါဒိသေသ နိဗ္ဗာန်သည် လောဘမရှိ-ဆင်းရဲမရှိ၊ လောဘမရှိ-ဆင်းရဲမရှိ။ အနုပါဒိသေသနိဗ္ဗာန်သည် လောဘမရှိ-ဆင်းရဲမရှိ၊ လောဘမရှိ-ဆင်းရဲမရှိ။

လောဘမရှိခြင်းအကျိုး ပြီး၏။

---

**လောဘအပြစ်ကိုရှု၍ အားထုတ်နည်း**

**အကျဉ်းချုပ် လောဘအပြစ်ရှုနည်း။** ။လိုရင်းကြီး အကျဉ်းချုပ် အားထုတ်နည်းကား —

ဘုံသုံးပါး၌ ငါးပါးအာရုံ ကာမဂုဏ်ကို စုံစုံမက်မက် တပ်နှစ်သက်၍ နေသောသူသည် လောဘကြီးလျှင် ဆင်းရဲကြီး၏၊ လောဘကြီးလျှင် ဆင်းရဲကြီး၏။ နောင် ဤကဲ့သို့ လောဘမဖြစ်စေနှင့်၊ လောဘမဖြစ်စေနှင့်။ နောင် ဤကဲ့သို့ လောဘဖြစ်လျှင် ဤကဲ့သို့ ဆင်းရဲကြီးကို ခံရလိမ့်မည်ပါတကား။

နိဗ္ဗာန်ကို တောင့်တ၍ ဒါန သီလ သမထ ဝိပဿနာကို အားထုတ်သော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်သည် လောဘနည်းလျှင် ဆင်းရဲနည်း၏၊ လောဘနည်းလျှင် ဆင်းရဲနည်း၏။

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသည် လောဘမရှိ-ဆင်းရဲမရှိ၊ လောဘမရှိ-ဆင်းရဲမရှိ။

လိုရင်းကြီး အကျဉ်းချုပ် အားထုတ်နည်း ပြီး၏။

---

**အာရုံငါးပါး နှစ်သက်လျှင် ဒုက္ခမှ မလွတ်ကြောင်း**

ဒုက္ခန္တိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ။

(အင်္ဂုတ္တိုရ်ပါဠိတော်)

**ဘိက္ခဝေ**၊ သံသရာဘေးကို ကြောက်သော ရှုသော သူတော်**ကောင်း** အပေါင်းတို့။ ဒုက္ခန္တိ ဧတံ၊ ဘုံသုံးပါး၌ ဆင်းရဲ**အပေါင်း**ဟူသော ဤအမည်သည်။ ကာမာနံ၊ ငါးပါးအာရုံ **ကာ**မဂုဏ်တို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

ယော ရူပါယတနံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ။ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

ယော၊ အကြင်သူသည်။ ရူပါယတနံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ အဘိနန္ဒတိ၊ စုံစုံမက်မက် အလွန်တပ်နှစ်သက်၏။ သော၊ ထိုရူပါရုံကို တပ်နှစ်သက်သောသူသည်။ ဒုက္ခံ၊ ဆင်းရဲအပေါင်းကို။ အဘိနန္ဒတိ၊ အလွန်တပ်နှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဆင်းရဲအပေါင်းကို။ အဘိနန္ဒတိ၊ အလွန်တပ်နှစ်သက်၏။ သော၊ ထိုဆင်းရဲအပေါင်းကို အလွန်တပ်နှစ်သက်သောသူသည်။ ဒုက္ခသ္မာ၊ ဆင်းရဲ အပေါင်းမှ။ အပရိမုတ္တော၊ ထက်ဝန်းကျင်မလွတ်သောသူ မည်၏။ ဣတိ၊ ဤသို့။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ မုချပုံသေ ဟောပေ၏။

သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံတို့မှာ ရူပါရုံနည်းတူမှတ်။

## လောဘ၏အခိုက်အတန့်၌ ဒုက္ခငါးမျိုးဖြစ်ကြောင်း

လောဘ၏ ဥပါဒ် ဌီ ဘင်-အခိုက်၌ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ ဟူ၍ ဒုက္ခ ငါးပါးရှိ၏။ ထိုတွင် ဥပါဒ်သည် ဇာတိဒုက္ခမည်၏။ ဌီသည် ဇရာဒုက္ခမည်၏။ ဘင်သည် မရဏဒုက္ခမည်၏။ ခဏသုံးပါးလုံးသည် သင်္ခါရဒုက္ခမည်၏။ ဥပါဒ်၏ ဌီသို့ ရောက်၍ ဖောက်ပြန်ခြင်း, ဌီ၏ ဘင်သို့ ရောက်၍ ဖောက်ပြန်ခြင်း, ဘင်၏ အကြွင်းမရှိခြင်းသို့ ရောက်၍ ဖောက်ပြန်ခြင်းသည် ဝိပရိဏာမဒုက္ခမည်၏။

## လောဘဥပါဒ်ဆဲခဏ၌ သစ္စာလေးပါးခွဲပြချက်

**လောဘအကြောင်းခံ သစ္စာလေးတန်။**　။လောဘသည် ဒုက္ခကြီး ငါးပါး ရှိ၍ ဒုက္ခသစ္စာမည်၏။ လောဘဖြစ်ကြောင်းဖြစ်သော ဝေဒနာသည် သမုဒယသစ္စာမည်၏။ လောဘ၏ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓ

သစ္စာမည်၏။ လောဘ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် အစရှိသော ဉာဏ်အပေါင်းသည် မဂ္ဂသစ္စာမည်၏။

သစ္စာလေးပါး တနည်းကား—ဆင်းရဲအပေါင်းသည် ဒုက္ခသစ္စာ မည်၏။ ဆင်းရဲအပေါင်း ဖြစ်ကြောင်းဖြစ်သော လောဘသည် သမုဒယသစ္စာမည်၏။ ဆင်းရဲအပေါင်း ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ ဆင်းရဲအပေါင်းချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဒါန-သီလ-သမထကုသိုလ်,ဝိပဿ-နာ ကုသိုလ်, မဂ်ကုသိုလ်သည် မဂ္ဂသစ္စာမည်၏။

### သစ္စာ ၄-ပါးကို မသိမမြင်နိုင်ကြပုံ

> ပုရိမာနိ ဒွေ သစ္စာနိ ဒုဒ္ဒသတ္တာ, ပစ္ဆိမာနိ ဒွေ သစ္စာနိ ဂမ္ဘီရတ္တာ န ဇာနန္တိ။

တော၊ ထို လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ သစ္စာနိ၊ ဒုက္ခသစ္စာ သမုဒယသစ္စာတို့ကို။ ဒုဒ္ဒသတ္တာ၊ မြင်နိုင်ခဲသည်၏ အဖြစ်ကြောင့်။ န ဇာနန္တိ၊ မသိနိုင်ကြကုန်။ ပစ္ဆိမာနိ၊ နောက်၌ဖြစ်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ သစ္စာနိ၊ နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကို။ ဂမ္ဘီရတ္တာ၊ နက်နဲသည်၏အဖြစ်ကြောင့်။ န ဇာနန္တိ၊ မသိနိုင်ကြကုန်။

### သစ္စာလေးပါးမှ လွတ်သောတရား မရှိ

သမထ ဝိပဿနာ ပိုင်ပိုင်နိုင်နိုင်ရှိလျှင် သစ္စာလေးပါးကို သိလွယ် မြင်လွယ်၏။

စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

စတုသစ္စဝိနိမုတ္တော၊ သစ္စာလေးပါးမှလွတ်သော။ ဓမ္မော နာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။

**ကမ္မဋ္ဌာန်းမှ လွှတ်သောတရား မရှိ**

သမထ ဝိပဿနာကို ပိုင်ပိုင်နိုင်နိုင်ရှိလျှင် ဉာဏ်မျက်စိဖြင့် မြင်သရွေ့ ကမ္မဋ္ဌာန်းချည်း ဖြစ်၏။

ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

ကမ္မဋ္ဌာနဝိနိမုတ္တော၊ ကမ္မဋ္ဌာန်းမှလွတ်သော။ ဓမ္မော နာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။

ပဋိစ္စသမုပ္ပါဒ် သံသရာစက် တဏှာကွက်က
ယွက်ဟန်ကို ပြဆိုချက် ပြီး၏။

နဝမကဏ္ဍ ပြီး၏။

# ဒေသမကထာ

## တရားတော်များ အကျဉ်းချုပ်

**ဝိပဿနာအကျဉ်း။** ။ဝိပဿနာအကျဉ်းချုပ်ကို ပြဆိုပေအံ့—

အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿီ။

ဒုက္ခ၊ ဒုက္ခလက္ခဏာ၊ ဒုက္ခာနုပဿနာ၊ ဒုက္ခာနုပဿီ။

အနတ္တ၊အနတ္တလက္ခဏာ၊အနတ္တာနုပဿနာ၊အနတ္တာနုပဿီ။

ထိုတွင် ရုပ်နာမ်သည် **အနိစ္စ** မည်၏။ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်၍ပျက်ခြင်းကြောင့် မမြဲခြင်းသည် **အနိစ္စလက္ခဏာ** မည်၏။ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်၍ ပျက်ခြင်းကြောင့် အမြဲမရှိသည်ကို သိမြင်သော ဉာဏ်သည် **အနိစ္စာနုပဿနာ** မည်၏။ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်၍ပျက်ခြင်းကြောင့် အမြဲမရှိသည်ကို ရှုသောသူသည် **အနိစ္စာနုပဿီ** မည်၏။

ရုပ်နာမ်သည် **ဒုက္ခ** မည်၏။ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်၍ ပျက်ခြင်းကြောင့် ဆင်းရဲခြင်းသည် **ဒုက္ခလက္ခဏာ** မည်၏။ ရုပ်နာမ် အဖန်တလဲလဲဖြစ်၍ ပျက်ခြင်းကြောင့် ဆင်းရဲသည်ကို သိမြင်သော ဉာဏ်သည် **ဒုက္ခာနုပဿနာ** မည်၏။ ရုပ် နာမ် အဖန်တလဲလဲ ဖြစ်၍ ပျက်ခြင်းကြောင့် ဆင်းရဲသည်ကို ရှုသောသူသည် **ဒုက္ခာနုပဿီ** မည်၏။

ရုပ် နာမ်သည် **အနတ္တ** မည်၏။ ရုပ် နာမ် အဖန်တလဲလဲ ဖြစ်၍ ပျက်ခြင်းကြောင့် အစိုးမရခြင်းသည် **အနတ္တလက္ခဏာ** မည်၏။ ရုပ် နာမ် အဖန်တလဲလဲ ဖြစ်၍ ပျက်ခြင်းကြောင့် အစိုးရသော ကိုယ် မဟုတ်သည်ကို သိမြင်သော ဉာဏ်သည် **အနတ္တာနုပဿနာ** မည်၏။

ရုပ် နာမ် အဖန်တလဲလဲ ဖြစ်၍ ပျက်ခြင်းကြောင့် အစိုးရသော ကိုယ်မဟုတ်သည်ကို ရှုသောသူသည် **အနတ္တာနုပဿီ** မည်၏။

ဓမ္မသုံးပါး၊လက္ခဏာသုံးပါး၊အနုပဿနာသုံးပါး၊
အနုပဿီ သုံးပါး ပြီး၏။

ဝိပဿနာ အကျဉ်းချုပ် ပြီး၏။

**သတိပဋ္ဌာန်အကျဉ်း။** ။သတိပဋ္ဌာန် လေးပါး အကျဉ်းချုပ်ကို ပြဆိုပေအံ့—

ကာယ၊ ကာယာနုပဿနာ၊ ကာယာနုပဿနာသတိပဋ္ဌာန်၊ ကာယာနုပဿနာသတိပဋ္ဌာန်ဆောင် ပုဂ္ဂိုလ်။

ဝေဒနာ၊ ဝေဒနာနုပဿနာ၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်ဆောင် ပုဂ္ဂိုလ်။

စိတ္တ၊ စိတ္တာနုပဿနာ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ဆောင် ပုဂ္ဂိုလ်။

ဓမ္မ၊ ဓမ္မာနုပဿနာ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆောင် ပုဂ္ဂိုလ်။

ထိုတွင် ရုပ်သည် **ကာယ** မည်၏။ ရုပ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို သိသောဉာဏ်သည် **ကာယာနုပဿနာ** မည်၏။ ရုပ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိ၍နေအောင် သတိဆောင်ခြင်းသည် **ကာယာနုပဿနာသတိပဋ္ဌာန်** မည်၏။ ရုပ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိ၍နေအောင် သတိဆောင်သော သူသည် **ကာယာနုပဿနာ သတိပဋ္ဌာန်ဆောင်ပုဂ္ဂိုလ်** မည်၏။

အာရုံကို ခံစားခြင်းသည် **ဝေဒနာ** မည်၏။ ဝေဒနာ အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို သိသောဉာဏ်သည် **ဝေဒနာနုပဿနာ** မည်၏။ ဝေဒနာ ဖြစ်ခြင်းပျက်ခြင်းကို အမြဲသိ၍နေအောင် သတိဆောင်ခြင်းသည် **ဝေဒနာနုပဿနာသတိပဋ္ဌာန်** မည်၏။ ဝေဒနာ ဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိ၍နေအောင် သတိဆောင်သောသူသည် **ဝေဒနာနုပဿနာသတိပဋ္ဌာန်ဆောင် ပုဂ္ဂိုလ်** မည်၏။

အာရုံကို သိခြင်းသည် **စိတ်** မည်၏။ စိတ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို သိသောဉာဏ်သည် **စိတ္တာနုပဿနာ** မည်၏။ စိတ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိ၍နေအောင် သတိဆောင်ခြင်းသည် **စိတ္တာနုပဿနာသတိပဋ္ဌာန်** မည်၏။ စိတ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိ၍နေအောင် သတိဆောင်သောသူသည် **စိတ္တာနုပဿနာသတိပဋ္ဌာန်ဆောင်ပုဂ္ဂိုလ်**မည်၏။

ရုပ်နာမ်သည် **ဓမ္မ** မည်၏။ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို သိသောဉာဏ်သည် **ဓမ္မာနုပဿနာ** မည်၏။ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိ၍နေအောင် သတိဆောင်ခြင်းသည် **ဓမ္မာနုပဿနာသတိပဋ္ဌာန်** မည်၏။ ရုပ်နာမ် အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိ၍နေအောင် သတိဆောင်သောသူသည် **ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆောင်ပုဂ္ဂိုလ်** မည်၏။

သတိပဋ္ဌာန်လေးပါး အကျဉ်းချုပ် ပြီး၏။

**သစ္စာလေးပါး အကျဉ်း။** ။သစ္စာလေးပါး အကျဉ်းကို ပြဆိုပေအံ့ –

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

ရုပ်နာမ်နှစ်ပါး ဟူသမျှသည် **ဒုက္ခသစ္စာ** မည်၏။ ရုပ်နာမ်နှစ်ပါး ဖြစ်ကြောင်းဖြစ်သော လောဘသည် **သမုဒယသစ္စာ** မည်၏။ (**တနည်း**) ရုပ်နာမ်နှစ်ပါး ဖြစ်ကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်သည် **သမုဒယသစ္စာ** မည်၏။ ရုပ်နာမ်နှစ်ပါး ချုပ်ရာ နိဗ္ဗာန်သည် **နိရောဓသစ္စာ** မည်၏။ ရုပ်နာမ်နှစ်ပါး ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော ကုသိုလ်သည် **မဂ္ဂသစ္စာ** မည်၏။

**တနည်းကား**—သတ္တဝါသည် **ဒုက္ခသစ္စာ** မည်၏။ သတ္တဝါ ဖြစ်ကြောင်း ဖြစ်သော လောဘသည် **သမုဒယသစ္စာ** မည်၏။ (**တနည်း**) သတ္တဝါဖြစ်ကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်သည် **သမုဒယသစ္စာ** မည်၏။ သတ္တဝါ ချုပ်ရာ နိဗ္ဗာန်သည် **နိရောဓသစ္စာ** မည်၏။ သတ္တဝါချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော ကုသိုလ်သည် **မဂ္ဂသစ္စာ** မည်၏။

**တနည်းကား**— ဆင်းရဲဟူသမျှသည် **ဒုက္ခသစ္စာ** မည်၏။ ဆင်းရဲ ဖြစ်ကြောင်း ဖြစ်သော လောဘသည် **သမုဒယသစ္စာ** မည်၏။ (**တနည်း**) ဆင်းရဲဖြစ်ကြောင်း ဖြစ်သော ကုသိုလ်, အကုသိုလ်သည် **သမုဒယသစ္စာ** မည်၏။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သည် **နိရောဓသစ္စာ** မည်၏။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော ကုသိုလ်သည် **မဂ္ဂသစ္စာ** မည်၏။ နိဗ္ဗာန်သို့ ရောက်ကြောင်းကုသိုလ် ဟူသမျှသည် တဒင်, ဝိက္ခမ္ဘန, သမုစ္ဆေဒပဟာန်အားဖြင့် ကိလေသာတို့ကို သတ်၍ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောကြောင့် **မဂ္ဂသစ္စာ** ချည်း မည်၏။

သစ္စာလေးပါး အကျဉ်းကို ပြဆိုချက် ပြီး၏။

## ပဋိစ္စသမုပ္ပါဒ်၌ သစ္စာ ၄၈-ပါး ဖွဲ့ပြချက်

ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ရပ် တို့တွင် မရဏာဒုက္ခစသည်တို့၏ သံသရာစက်က ထွက်ဟန်ကို သစ္စာလေးပါး အကျယ်နှင့်တကွ ပြဆိုပေအံ့—

**မရဏနှင့် သစ္စာလေးပါး။** ။အဖန်တလဲလဲ သေခြင်း ဆင်းရဲသည် မရဏာဒုက္ခသစ္စာမည်၏။ **အဖန်တလဲလဲ** သေခြင်း ဆင်းရဲဖြစ်ကြောင်းဖြစ်သော ဇာတိသည် သမုဒယသစ္စာ မည်၏။ သေခြင်းဆင်းရဲ ကင်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ အဖန်တလဲလဲ သေခြင်းကင်းရာ တရားကို ပွါးများ အားထုတ်ခြင်းသည် မဂ္ဂသစ္စာ မည်၏။ မရဏာဒုက္ခ၌ သစ္စာ လေးပါး။ (ဇရာဒုက္ခမှာ မရဏာဒုက္ခ နည်းတူမှတ်။)

**ဇာတိနှင့် သစ္စာလေးပါး။** ။အဖန်တလဲလဲ ပဋိသန္ဓေ နေခြင်း ဆင်းရဲသည် ဇာတိဒုက္ခသစ္စာ မည်၏။ **အဖန်တလဲလဲ** ပဋိသန္ဓေ နေကြောင်းဖြစ်သော ဘဝသည် သမုဒယသစ္စာ မည်၏။ ပဋိသန္ဓေနေခြင်းကင်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ အဖန်တလဲလဲ ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ် ကင်းရာ တရားကို ပွါးများ အားထုတ်ခြင်းသည် မဂ္ဂသစ္စာ မည်၏။ ဇာတိဒုက္ခ၌ သစ္စာလေးပါး။ (ကြွင်းသော ပဋိစ္စသမုပ္ပါဒ် စက်တို့မှာ မရဏာဒုက္ခ, ဇာတိဒုက္ခ နည်းတူမှတ်။)

ပဋိစ္စသမုပ္ပါဒ် တပါးတပါး၌ သစ္စာလေးပါး လေးပါးစီ ရသောကြောင့် ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါး၌ သစ္စာလေးဆယ့် ရှစ်ပါးရ၏။

**သစ္စာသိခြင်း လေးပါး။** ။ဆင်းရဲကို ကောင်းမွန်စွာ သိခြင်း၊ ဆင်းရဲဖြစ်ကြောင်းကို ကောင်းမွန်စွာ သိခြင်း၊ ချမ်းသာကို ကောင်းမွန်စွာ သိခြင်း၊ ချမ်းသာ ဖြစ်ကြောင်းကို ကောင်းမွန်စွာ သိခြင်း။ (သစ္စာသိခြင်း လေးပါး။)

အပူကို ကောင်းမွန်စွာသိခြင်း၊ အပူဖြစ်ကြောင်းကို ကောင်းမွန်စွာ သိခြင်း၊ အအေးကို ကောင်းမွန်စွာသိခြင်း၊ အအေးဖြစ်ကြောင်းကို ကောင်းမွန်စွာ သိခြင်း။ (သစ္စာသိခြင်း လေးပါး။)

**သစ္စာမသိခြင်းလေးပါး။** ။ဆင်းရဲကို ကောင်းမွန်စွာ မသိခြင်း၊ ဆင်းရဲဖြစ်ကြောင်းကို ကောင်းမွန်စွာ မသိခြင်း၊ ချမ်းသာကို ကောင်းမွန်စွာ မသိခြင်း၊ ချမ်းသာဖြစ်ကြောင်းကို ကောင်းမွန်စွာ မသိခြင်း။ (သစ္စာမသိခြင်း လေးပါး။)

အပူကို ကောင်းမွန်စွာမသိခြင်း၊ အပူဖြစ်ကြောင်းကို ကောင်းမွန်စွာ မသိခြင်း၊ အအေးကို ကောင်းမွန်စွာ မသိခြင်း၊ အအေးဖြစ်ကြောင်းကို ကောင်းမွန်စွာ မသိခြင်း။ (သစ္စာမသိခြင်း လေးပါး။)

## သစ္စာလေးပါး ဆောင်ပုဒ်များ

စတုသစ္စာ၊ ဟုတ်တိုင်းမှန်၊ ကောင်းသိမှ မဂ်ဖိုလ်ရမြဲ။

သစ္စာလေးတန်၊ မသိပြန်၊ ကောင်းမဂ်ဖိုလ် မရမြဲ။

မဂ်ဖိုလ်မရ၊ ရှိပြန်က၊ ဒုက္ခ ဘယ်မစဲ။

မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စ ချမ်းသာမြဲ။

ငါးပြစ် ပူပင်၊ လိုချင် မသိ၊ သိလျှင် မလို၊ နိဗ္ဗာန်ထို၊ မဂ်ဖိုလ် ကောင်းဘဲ။

ကြောင်း ဖြတ် ပူ အေး၊ ချမ်းသာပေး၊ ချမ်းအေးနိဗ္ဗာန် အမှန်ဘဲ။

စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

စတုသစ္စဝိနိမုတ္တော၊ သစ္စာလေးပါးမှ လွတ်သော။ ဓမ္မော နာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။

မြတ်စွာဘုရား ဟောတော်မူအပ်သော ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်တွင် သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိ။ (ပဋိစ္စသမုပ္ပါဒ်တို့တွင် မရဏ ဒုက္ခသစ္စာကိုသာ အကျယ်ပြ မည်၊ ကြွင်းသော ပဋိစ္စသမုပ္ပါဒ်တို့မှာ မရဏ ဒုက္ခသစ္စာနည်းကို မှီး၍သိလေ။)

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အပ္ပမာဒေါ၊ သေခြင်းတရားမှ အလွန်ကြောက်၍ သီလ, သမထ, ဝိပဿနာကို မမေ့ မလျော့သော သူသည်။ အမတံ၊ သေခြင်းကင်းရာ နိဗ္ဗာန်ညာသို့။ ပဒံ၊ လျင်မြန်စွာ ရောက် ကြောင်းပေတည်း။ ပမာဒေါ၊ သေခြင်းတရားမှ မကြောက်၍ သီလ, သမထ, ဝိပဿနာကို မေ့လျော့သောသူသည်။ မစ္စုနော၊ အဖန်တလဲလဲ သေခြင်း၏။ ပဒံ၊ အကြောင်းပေတည်း။ အပ္ပမတ္တာ၊ သေခြင်းတရားမှ အလွန်ကြောက်၍ သီလ, သမထ, ဝိပဿနာကို မမေ့ မလျော့ကုန်သော သူတို့သည်။ န မီယန္တိ၊ သေသည် မမည် ကုန်။ ယေ၊ အကြင်သူတို့သည်။ ပမတ္တာ၊ သေခြင်းတရားမှ မကြောက်၍ သီလ, သမထ, ဝိပဿနာကို မေ့လျော့ကုန်၏။ တေ၊ ထိုသူတို့သည်။ မတာ ယထာ၊ သေသော သူတို့ကဲ့သို့တည်း။ ဝါ၊ သေသောသူနှင့် တူကုန်၏။

ဤင်းပါဠိတော်ဖြင့် သစ္စာလေးပါးလုံးကို ပြတော်မူ၏။

## သစ္စာလေးပါးကို ဆင်ခြင်နည်း

**သစ္စာလေးပါးဒေသနက္ကမဆင်ခြင်ပုံ။** ။သစ္စာလေးပါး ဒေသနက္ကမ ဆင်ခြင်နည်းကား—

အဖန်တလဲလဲ သေရခြင်းသည် အလွန်ဆင်းရဲစွ ပါတကား။ (မရဏ ဒုက္ခသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။)

တပည့်သားမြေး၊ သီတင်းသုံးဘော်၊ ဆရာ၊ မိဘ၊ ဆွေမျိုး၊ ဒါယကာ၊ ဒါယိကာမ၊ ပစ္စည်း-တို့သည် အဖန်တလဲလဲ သေခြင်းဆင်းရဲ၏ ဖြစ်ကြောင်းပါတကား။ (ရဟန်း၊ သာမဏေ၊ လူ သူတော်စင်၊ သီလရှင်တို့ သမုဒယသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။)

သား သမီး မယား လင် ဆရာ မိဘ ဆွေမျိုး အဆွေခင်ပွန်း ပစ္စည်းတို့သည် အဖန်တလဲလဲ သေခြင်းဆင်းရဲ၏ ဖြစ်ကြောင်းပါတကား။ (ယောကျ်ား မိန်းမတို့ သမုဒယသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။)

သေခြင်းဆင်းရဲ ငြိမ်းအေးရာနိဗ္ဗာန်သည် အလွန်ချမ်းသာစွပါတကား။ (နိရောဓသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။)

ယခု သေရလိမ့်မည်၊ တော်တော်ကြာ သေရလိမ့်မည်ဟု ပွါးများခြင်းသည် အလွန်ချမ်းသာခြင်း၏ အကြောင်းပါတကား။ (မဂ္ဂသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။)

**သစ္စာလေးပါး ဒေသနက္ကမ ဆင်ခြင်နည်း ပြီး၏။**

**သစ္စာလေးပါးပဝတ္တိက္ကမ ဆင်ခြင်နည်း။** ။သစ္စာလေးပါးပဝတ္တိက္ကမ ဆင်ခြင်နည်းကား—

အဖန်တလဲလဲ သေခြင်းဆင်းရဲသည် အလွန် ပူခြင်း၏ အကြောင်းဖြစ်ပါတကား၊ အဖန်တလဲလဲ သေခြင်းဆင်းရဲသည် အလွန်ပူခြင်း၏ အကြောင်းဖြစ်ပါတကား။ (သမုဒယသစ္စာကို ဉာဏ်ဖြင့် ဆင်ခြင်ပုံ။)

အဖန်တလဲလဲ သေခြင်းဆင်းရဲသည် အလွန်ပူပါတကား၊ အဖန်တလဲလဲ သေခြင်းဆင်းရဲသည် အလွန်ပူပါတကား။ (ဒုက္ခသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။)

သေခြင်းဆင်းရဲ၏ ချမ်းသာကြောင်း ဟူသမျှသည် အလွန် အေးခြင်း၏ အကြောင်းဖြစ်ပါတကား၊ သေခြင်းဆင်းရဲ၏ ချမ်းသာကြောင်း ဟူသမျှသည် အလွန်အေးခြင်း၏ အကြောင်းဖြစ်ပါတကား။ (မဂ္ဂသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။)

သေခြင်းဆင်းရဲ ကင်းရာနိဗ္ဗာန်သည် အလွန် အေးပါတကား၊ သေခြင်းဆင်းရဲ ကင်းရာနိဗ္ဗာန်သည် အလွန်အေးပါတကား။ (နိရောဓသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။)

သစ္စာလေးပါး ပဝတ္တိက္ကမ ဆင်ခြင်နည်း ပြီး၏။

**မရဏဒုက္ခသိရန် အရေးကြီးပုံ။** ။ပဋိသန္ဓေနေခြင်း အိုခြင်း အစရှိသောဘေးအပေါင်းတို့တွင် မရဏဒုက္ခ သဘေးကြီးတခုကိုသာ အဘယ့်ကြောင့် ပြပါသနည်းဟူမူ ထိုဘေးအပေါင်းတို့တွင် မရဏဒုက္ခ သဘေးကြီးတခုသို့ ကောန်အမှန်ရောက်လျှင် ကြွင်းသော ဘေးကြီးတို့သို့ ကောန်အမှန် ရောက်၏။ မရဏဒုက္ခ သဘေးကြီးတခုမှ ကောန်အမှန် လွတ်လျှင် ကြွင်းသော ဘေးကြီးတို့မှလည်း ကောန်အမှန် လွတ်၏။ ပစ္စုပ္ပန်၌ မရဏဒုက္ခ သဘေးကြီးတခုကိုသာ လိုရင်းကြီးမှတ်။

ထို့ကြောင့် "ယခု သေရလိမ့်မည်၊ တော်တော်ကြာ သေရလိမ့်မည်"ဟု ပြသည်။ ၎င်းပစ္စုပ္ပန်၌ မရဏာဒုက္ခ သေဘေးကြီးတခုကို ကေန်အမှန်သိအောင် ဉာဏ်ဖြင့် ဆင်ခြင်ရလိမ့်မည်။ ပစ္စုပ္ပန် မရဏာဒုက္ခ သေဘေးကြီးတခုကို ကေန်အမှန် သိမြင်လျှင် အတိတ် အနာဂတ်၌ မရဏာဒုက္ခ သေဘေးကြီးတွေကို ကေန်အမှန် သိမြင်လိမ့်မည်။ ပစ္စုပ္ပန် အတိတ် အနာဂတ်၌ မရဏာဒုက္ခ သေဘေးကြီးတွေကို ကေန်အမှန် သိမြင်လျှင် ကြွင်းသော ဆင်းရဲဒုက္ခ ဘေးကြီးဟူသမျှတို့ကို ကေန်အမှန် သိမြင်လိမ့်မည်။ ဆင်းရဲဒုက္ခ ဘေးကြီးဟူသမျှတို့ကို ကေန်အမှန် သိမြင်လျှင် ဒုက္ခသစ္စာကို ကေန်အမှန် သိမြင်လိမ့်မည်။ ဒုက္ခသစ္စာကို ကေန်အမှန် သိမြင်လျှင် ကြွင်းသော သစ္စာသုံးပါးတို့ကို ကေန်အမှန် သိမြင်လိမ့်မည်။

ထို့ကြောင့် သစ္စာလေးပါး မြတ်တရားကို ဘာဝနာဉာဏ် မဂ်ဉာဏ်ဖြင့် ကေန်အမှန် သိမြင်လိုသော သမထ ဝိပဿနာ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ပစ္စုပ္ပန်၌ မရဏာဒုက္ခ သေဘေးကြီးတခုကို မီးပွတ်သော ယောက်ျားကဲ့သို့ သမ္မဇည တရားနှင့်အညီ ဇာရိယာပုထ် လေးပါးဖြင့် မနေမနား လွန်စွာကြိုးစား ပွါးများအားထုတ်နိုင်ကြ စေကုန်သတည်း။ ဝါ၊ ပွါးများအားထုတ်ကြကုန်။

သစ္စာလေးတန် ဉာဏ်ဖြင့်ဆင်ခြင်ရန် အကျဉ်းပြီး၏။

## မရဏာဒုက္ခ သစ္စာထင်ပုံ

**သတိပဋ္ဌာန် ပါဠိတော်။** ။မရဏာဒုက္ခ သစ္စာ ထင်မြင်ပုံကား—

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ
ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ-

ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ "အတ္ထိ ဓမ္မာ"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ[၁]။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

(သတိပဋ္ဌာန် ပါဠိတော်၊ ၂၃၁။)

**သတိပဋ္ဌာန် ပါဠိတော်နိဿယ။** ။ဘိက္ခဝေ၊ အဖန်တလဲလဲ သေမည့် **အရေးလာမည့်ဘေးကို မြော်တွေး**

---

၁။ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ (ဆဋ္ဌမူ)။

ကြောက်ဘိ အိုပညာရှိတို့။ သတ္တာနံ၊ လူနတ် ဗြဟ္မာ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ယခုဘဝ တထောင့်ငါးရာ ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်ခြင်းငှါ။ သောကပရိဒေဝါနံ၊ စိုးရိမ်ကြောင့်ကြခြင်း ငိုကြွေးမြည်တမ်းခြင်းတို့ကို။ သမတိက္ကမာယ၊ ယခုဘဝ လွန်မြောက်ခြင်းငှါ၊ ဒုက္ခဒေါမနဿာနံ၊ ကိုယ်၏ဆင်းရဲခြင်း စိတ်နှလုံး မသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ယခုဘဝ ချုပ်ခြင်းသို့ ရောက်ခြင်းငှါ။ ဉာယဿ၊ အရိယာမဂ်ကို။ အဓိဂမာယ၊ ယခုဘဝ ရခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ချမ်းသာကြီးကို။ သစ္ဆိကိရိယာယ၊ ယခုဘဝ မျက်မှောက်ပြုခြင်းငှါ။ ပဝတ္တော၊ ဖြစ်သော။ ဧကာယနော၊ တယောက် အထီးတည်းသာလျှင် သွားအပ်သော။ အယံ ဤဒီသော၊ ဤသို့သဘောရှိသော။ မဂ္ဂေါ၊ ခရီးသည်။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံ ယေဇူမေ သတိပဋ္ဌာနာ၊ ဤသတိပဋ္ဌာန်တို့တည်း။

ဘိက္ခဝေ၊ တို့။ ဇူခ၊ ဤ ငါဘုရားသာသနာတော်ကြီး ၌။ ဘိက္ခု၊ အဖန်တလဲလဲ သေဘေးကြီးကို ကြောက်သောသူသည်။ အာတာပီ၊ နိဝရဏစသော တရားကို အာရုံပြု၍ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ နိဝရဏစသော တရားကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ နိဝရဏစသောတရားကို အောက်မေ့တတ်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ၊ သညုပါဒါနက္ခန္ဓာ, သဒ်ါချုပါဒါနက္ခန္ဓာ ဟူသော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ နိဝရဏစသောတရားကို ထင်သောအားဖြင့် ရှေးရှုကြံခြင်းဟု ဆိုအပ်သော လောဘ, ရှေးရှုကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်းဟု ဆိုအပ်

သော ဒေါမနဿကို။ ဝိနေယျ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ဖျောက်၍။ ဓမ္မေသု၊ နီဝရဏစသော တရားတို့၌။ ဓမ္မာနု-ဿီ၊ နီဝရဏစသော တရားကို အနိစ္စစသည်ဖြင့် အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဣတိ၊ ဤသို့။ အဇ္ဈတ္တံ ဝါ၊ မိမိ သန္တာန်၌မူလည်း။ ဓမ္မေသု၊ သစ္စာလေးပါးတရားတို့၌။ ဓမ္မာ-နုပဿီ၊ သစ္စာလေးပါးတရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌မူလည်း။ ဓမ္မေသု၊ သစ္စာလေးပါးတရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာလေးပါးတရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ၊ ရံခါ မိမိသန္တာန်, ရံခါ သူတပါးသန္တာန်၌မူလည်း။ ဓမ္မေသု၊ သစ္စာလေးပါးတရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာလေးပါးတရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ သစ္စာ လေးပါး တရားတို့၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ သစ္စာလေးပါးတရားတို့၌။ ဝယဓမ္မာနုပဿီ ဝါ၊ ပျက် ကြောင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရ-တိ၊ နေ၏။ ဓမ္မေသု၊ သစ္စာလေးပါးတရားတို့၌။ သမုဒယဝယ-ဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းသဘော, ပျက်ကြောင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မာ၊ သစ္စာ လေးပါး တရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုသစ္စာလေးပါးတရားကို ရှုသောသူအား။ သတိ ဝါ ပန၊ သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုရှေးရှုထင်လာသော သတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့် သစ္စာနုလောမ ဉာဏ်၏ ပွါးခြင်းအတိုင်းအရှည် အကျိုးငှါ၎င်း။ ပဋိဿတိမတ္တာ-

ယ၊ အဆင့်ဆင့် သတိတရားပွါးခြင်း အတိုင်းအရှည် အကျိုးငှါ ငှင်း။ ဟောတိ၊ ဖြစ်၏။ သော ဘိက္ခု၊ ထိုသစ္စာလေးပါး တရားကို အဖန်တလဲလဲ ရှုသောသူသည်။ အနိဿိတော စ၊ တဏှာဒိဋ္ဌိ အားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ ဥပါဒါ-နက္ခန္ဓာဟူသော လောက၌။ ကိဉ္စိ၊ တစုံတခုသောတရားကို။ အတ္တာတိ ဝါ၊ ဒိဋ္ဌိအားဖြင့် ငါ့အစိုးရသော ကိုယ်ဟူ၍ငှင်း။ အတ္တနိယန္တိ ဝါ၊ တဏှာအားဖြင့် ငါ၏ဥစ္စာဟူ၍ငှင်း။ န စ ဥပါဒိယတိ၊ မစွဲလမ်း။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ ခေါ၊ ဤသို့လျှင်။ ဘိက္ခု၊ အဖန်တလဲလဲ သေဘေးကြီးကို ရှုသောသူသည်။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာလေးပါးတရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ တို့။ ယော ဟိ ကောစိ၊ အကြင် အမှတ်မရှိ တစုံ တယောက်သော သူသည်။ သတ္တဝဿာနိ၊ ၇-နှစ်တို့ပတ်လုံး။ ဧဝမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန် လေးပါးတို့ကို။ ဧဝံ၊ ဤသို့ ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွါးငြားအံ့။ တဿ၊ ထိုပွါးသောသူအား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌လျှင်။ အညာ ဝါ၊ အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိဿ-တိ၊ ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ဥပါဒါန်တရားအကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ အနာဂါမ်၏ အဖြစ်သည် မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဇာတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါးကုန် သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊တပါးပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

**နိဗ္ဗာန်ရောက်နိုင်သည့် တရား တပါးသာ**

မြတ်စွာဘုရားသည် သတိပဋ္ဌာန် လေးပါးကို မဂ်ဖိုလ်ရစေခြင်းငှါ ဟောတော်မူ၏။ လေးပါးလုံးကို ကျက်မှတ် ဆောင်ရွက်၍ ကျင့်မှ မဂ်ဖိုလ်ရသည် မဟုတ်၊ တပါးပါးကို ထင်မြင်အောင် ကျင့်လျှင် မဂ်ဖိုလ်ကို ရ၏။

ထိုလေးပါးတို့တွင် ဓမ္မာနုပဿနာသတိပဋ္ဌာန်၌ နီဝရဏ, ခန္ဓာ, အာယတန, သစ္စာ, ဗောဇ္ဈင်, အရိယသစ္စာ ဤငါးပါးကို ကျက်မှတ်ဆောင်ရွက်၍ ကျင့်မှ မဂ်ဖိုလ်ရသည်မဟုတ်၊ တပါးပါးကို ထင်မြင်အောင် ကျင့်လျှင် မဂ်ဖိုလ်ကို ရ၏။

ထိုငါးပါးတို့တွင် အရိယာသစ္စာ၌ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဤလေးပါးလုံးကို ကျက်မှတ်ဆောင်ရွက်၍ ကျင့်မှ မဂ်ဖိုလ်ကို ရသည်မဟုတ်၊ တပါးပါးကို ထင်မြင်အောင် ကျင့်လျှင် မဂ်ဖိုလ်ကို ရ၏။

ထိုလေးပါးတို့တွင် ဒုက္ခသစ္စာ၌ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏ-ဒုက္ခ, သောကပရိဒေဝဒုက္ခ, ဒေါမနဿဥပါယာသဒုက္ခ, အပ္ပိ-ယေဟိ သမ္ပယောဂဒုက္ခ, ပိယေဟိ ဝိပ္ပယောဂဒုက္ခ, ယံပိစ္ဆံ န လဘတိ တံပိဒုက္ခ, သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခ၊ ဤရှစ်ပါးလုံးကို ကျက်မှတ်ဆောင်ရွက်၍ ကျင့်မှ မဂ်ဖိုလ်ကို ရသည်မဟုတ်၊ တပါးပါး ထင်မြင်အောင် ကျင့်လျှင် မဂ်ဖိုလ်ကို ရ၏။

ထိုရှစ်ပါးတို့တွင် မရဏဒုက္ခ၌ စုတိ, စဝနတာ, ဘေဒ, အန္တရဓာန, မစ္စု, မရဏ, ကာလကိရိယ, ခန္ဓာနံဘေဒ, ကဠေဝ-ရဿနိက္ခေပ, ဇီဝိတိန္ဒြိယဿုပစ္ဆေဒ၊ ဤဆယ်ပါးလုံးကို ကျက်မှတ်ဆောင်ရွက်၍ ကျင့်မှ မဂ်ဖိုလ်ရသည် မဟုတ်၊ တပါးပါးကို ထင်မြင်အောင် ကျင့်လျှင် မဂ်ဖိုလ်ကို ရ၏။

**မရဏာဒုက္ခ သိမြင်ရန် ပဓာနဖြစ်ပုံ။** ။ထိုဆယ်ပါးတို့တွင် မရဏာဒုက္ခ တပါးကို ထင်မြင်အောင် ကျင့်လျှင် မဂ်ဖိုလ်ကို ရ၏။ ပစ္စုပ္ပန်၌ မရဏာဒုက္ခ သေဘေးကြီး တခုကို ကောင်းအမှန် သိမြင်အောင် ဉာဏ်ဖြင့် ဆင်ခြင်ရလိမ့်မည်။ ပစ္စုပ္ပန်၌ မရဏာဒုက္ခ သေဘေးကြီးတခုကို ကောင်းအမှန် သိမြင်လျှင် အတိတ် အနာဂတ်၌ မရဏာဒုက္ခ သေဘေးကြီးကို ကောင်းအမှန် သိမြင်လိမ့်မည်။ ပစ္စုပ္ပန်၌ မရဏာဒုက္ခ သေဘေးကြီးတခုကို ကောင်းအမှန် သိမြင်လျှင် သစ္စာလေးပါးကို ကောင်းအမှန် သိမြင်လိမ့်မည်။ စုတိ,စဝနတာ-စသော ဒုက္ခတရားတို့ကို ကောင်းအမှန် သိမြင်လိမ့်မည်။ နိဝရဏစသော တရားတို့ကို ကောင်းအမှန် သိမြင်လိမ့်မည်။ သတိပဋ္ဌာန်လေးပါးလုံးကို ကောင်းအမှန် သိမြင်လိမ့်မည်။ ဇာန္ဒြိယသံဝေသီလကို လုံခြုံပြည့်စုံအောင် ကောင်းအမှန် စောင့်ရှောက်လိမ့်မည်။ အဖန်တလဲလဲ သေခြင်းတရားသည် အမြဲမရှိပါတကားဟု အနိစ္စသညာကို ကောင်းအမှန် သိမြင်လိမ့်မည်။ အဖန်တလဲလဲ သေခြင်းတရားသည် အလွန်ဆင်းရဲပါတကားဟု ဒုက္ခသညာကို ကောင်းအမှန် သိမြင်လိမ့်မည်။ အဖန်တလဲလဲ သေခြင်းဆင်းရဲကို အစိုးမရပါတကားဟု အနတ္တသညာကို ကောင်းအမှန် သိမြင်လိမ့်မည်။ ပစ္စုပ္ပန်မရဏာဒုက္ခ သေဘေးကြီး တခုကို ကောင်းအမှန် သိမြင်လျှင် အလုံးစုံသောတရားတို့ကို မိမိ ဉာဏ်အားလျော်စွာ ကောင်းအမှန် သိမြင်လိမ့်မည်။

ထို့ကြောင့်—

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ (အံ၊၁။၄၄)-

ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

ဘိက္ခဝေ၊ တို့။ ကော၊ တခုသော။ ခမ္မော၊ သေခြင်းတရားကို။ အာသေဝိတော၊ အဖန်တလဲလဲ မှီဝဲအပ်သည်ရှိသော်။ ဘာဝိ-တော၊ အဖန်တလဲလဲ ပွါးများအပ်သည်ရှိသော်။ ဗဟုလီက-တော၊ မထင်မမြင်မချင်း အကြိမ်များစွာ စီးဖြန်းခြင်းကို ပြုအပ်သည်ရှိသော်။ အဘိညာယ၊ သစ္စာလေးပါး မြတ်တရားကို ထူးသော ဉာဏ်ဖြင့် သိမြင်ခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်း၍ သိမြင်ခြင်းငှါ။ နိဗ္ဗာနာယ၊ သေခြင်း ဆင်းရဲခပ်သိမ်း ကုန်ငြိမ်းခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

**ပစ္စုပ္ပန်၌ မရဏာဒုက္ခ ဆင်ပုံ။** ။သေခြင်း တရားကို ထင်မြင်အောင် စီးဖြန်းလိုလျှင်—

**ယခု သေရလိမ့်မည်၊ တော်တော်ကြာ သေရလိမ့်မည်။**
**ယခု သေရလိမ့်မည်၊ တော်တော်ကြာ သေရလိမ့်မည်—**

ဟု စီးဖြန်း။

**တိဿမင်းသား ဝတ္ထု။** ။ ၎င်း သေခြင်းတရားကို ဇာရိယာပုထ် လေးပါး၌ သမ္ပဇဉ တရားနှင့် အညီ မရဏာဒုက္ခ သေဘေးကြီး မထင်မမြင်မချင်း စီးဖြန်းရလိမ့်မည်။ အဘယ်ပုဂ္ဂိုလ်ကဲ့သို့ သေခြင်းတရားကို ထင်မြင်အောင် စီးဖြန်းရမည်နည်းဟူမူ—ဇမ္ဗူဒိပ် တကျွန်းလုံးကို အစိုးရသော သီရိ-ဓမ္မာသောကမင်းကြီး၏ ညီတော်တိဿ အိမ်ရှေ့မင်းသားကဲ့သို့ ထင်မြင်အောင် စီးဖြန်းရလိမ့်မည်။

သီရိဓမ္မာသောကမင်းကြီးသည် ညီတော်တိဿ အိမ်ရှေ့မင်းသားအား ခါးပါးအာရုံ ကာမဂုဏ်ကို အလိုရှိတိုင်း ခံစား စံစားလေ၊ ခုနစ်ရက်ကလွန်လျှင် သတ်မည်ဟု ဆို၍ ခုနစ်ရက် ပတ်သုံး ဇမ္ဗူဒိပ်တကျွန်းလုံးကို အပ်နှင်း၏။ ညီတော်တိဿ

အိမ်ရှေ့မင်းသားသည် ခုနစ်ရက်က လွန်လျှင် သေဘေးကြီးကို အလွန်အမင်း ကြောက်ဟု၍ ငါးပါးအာရုံ ကာမဂုဏ်ကို မခံစား မစံစားနိုင်ဘဲ မရဏာဒုက္ခ သေဘေးကြီးကို တထိတ်ထိတ် တလန့်လန့်နှင့် မသေရုံသာ ခဲဘွယ်ဘောဇဉ်တို့ကို သုံးဆောင်၍ ဇရိယာပုထ်လေးပါးဖြင့် နေလေ၏။

"ငါသည် ယနေ့ကစ ခုနစ်ရက်က လွန်လျှင် ကေန်အမှန် မုချ သေရလိမ့်မည်"ဟု မရဏာဒုက္ခ သေဘေးကို အလွန်အမင်း ကြောက်၏။ ခုနစ်ရက်က မောက်၍ ရှစ်ရက်သို့ ရောက်သောအခါ "ငါသည် ယနေ့ ကေန်မုချ သေရတော့မည်"ဟု မရဏာဒုက္ခ သေဘေးကြီးကို အလွန်အမင်း ကြောက်လေ၏။ ရှစ်ရက် မြောက်သောနေ့၌ သီရိဓမ္မာသောကမင်းကြီးသည် ညီတော် တိဿ အိမ်ရှေ့မင်းသားကို ခေါ်၍ "ညီတော်တိဿသည် ငါးပါး အာရုံ ကာမဂုဏ်တို့ကို အလိုရှိတိုင်း ခံစားစံစားပါ၏လော"ဟု မေးတော်မူ၏။

"နောင်တော်ဘုရား.... မရဏာဒုက္ခ သေဘေးကြီးကို အလွန် အမင်း ကြောက်လှ၍ ငါးပါးအာရုံ ကာမဂုဏ်တို့ကို မခံစား မစံစားနိုင်ပါ"ဟု သံတော်ဦး တင်လေ၏။

"ညီတော်... ထိုနည်းတူစွာ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းတော်တို့သည် မရဏာဒုက္ခ သေဘေးကြီးကို အလွန်အမင်း ကြောက်ကုန်သည်ဖြစ်၍ မရဏာဒုက္ခ သေဘေးကြီးကို တထိတ်ထိတ် တလန့်လန့်နှင့် ဇရိယာပုထ်လေးပါးဖြင့် နေတော်မူကြကုန်၏"ဟု မိန့်တော်မူ၏။

ညီတော် တိဿ အိမ်ရှေ့မင်းသားသည် မရဏာဒုက္ခ သေဘေး ကြီးကို အလွန်အမင်း ကြောက်သောကြောင့် သေခြင်းတရားကို

အရင်းပြု၍ မြတ်စွာဘုရားသာသနာတော်၌ ဝင်၍ ရဟန်းပြု ပြီးလျှင် တရားကို အားထုတ်လေသော် မကြာမြင့်မီ ရဟန္တာ အဖြစ်သို့ ရောက်လေ၏။ ၎င်းတိဿ အိမ်ရှေ့မင်းသားကဲ့သို့ မရဏဒုက္ခ သဘောကြီးကို ထင်မြင်အောင် စီးဖြန်းရလိမ့်မည်။

**သဘောကို ကြောက်သင့်ပုံ။** ။ဆို သီရိဓမ္မာသောက မင်းကြီး၏ ညီတော် တိဿ အိမ်ရှေ့မင်းသား သည် မရဏဒုက္ခ သဘောကြီးကို အလွန်အမင်း ကြောက်သလို ထိုနည်းတူစွာ ပစ္စုပ္ပန်၌ မရဏဒုက္ခ သဘောကြီး, တမလွန်၌ မရဏဒုက္ခ သဘောကြီးကို အလွန်အမင်း ကြောက်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ဇာရိယာပုထ်လေးပါး၌ မရှောင်သာ မတိမ်းသာသော ရူပသဒ္ဒစသည့် အာရုံ ကာမဂုဏ် ကို တွေ့ကြုံလျှင် မျက်နှာမချင်နိုင် မပြုနိုင်ဘဲ မရဏဒုက္ခ သဘောကြီးကို တသိတ်ထိတ် တလန့်လန့်နှင့် သမထဝိပဿနာ အားထုတ်နိုင်ရုံသာ ခဲဘွယ်ဘောဇဉ်မသော ရသာရုံတို့ကို အာရုံပြု၍ နေကြရလိမ့်မည်။

ဇာရိယာပုထ် လေးပါး၌ မရဏဒုက္ခ သဘောကြီးကို ဉာဏ်ထဲ မှာ အမြဲ ထင်မြင်၍နေလျှင် မရဏဒုက္ခသစ္စာကို ကောင်းစွာ မြင်ပြီ ဟူ၍ မှတ်။ ပစ္စုပ္ပန်၌ မရဏဒုက္ခ သဘောကြီးကို ထင်မြင်လျှင် အတိတ်၌ မရဏဒုက္ခ သဘောကြီးကို ထင်မြင်လိမ့်မည်။

**အတိတ်၌ မရဏဒုက္ခသင်ပုံ။** ။တကမ္ဘာ နှစ်ကမ္ဘာစသည်၌ မြဟ္မာ ဖြစ်၍ ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းသောင်းညက်ညက်ကြေအောင် အသာချေ်အနန္တ သေခြင်း ဆင်းရဲကို ခံခဲ့ရလှလေပြီ။

အသင်္ချေတမ်း၌ လူ နတ် တိရစ္ဆာန် စသည်ဖြစ်၍ ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက် ကြေအောင် အသင်္ချေ အနန္တ သေခြင်းဆင်းရဲကို ခံခဲ့ရလှလေပြီ။

တသိန်းတမ်း စသည်၌ လူ နတ် တိရစ္ဆာန် စသည်ဖြစ်၍။ပ။ ခံခဲ့ရလှလေပြီ။

ဆယ်နှစ်တမ်း, တရာတမ်း စသည်၌ လူနတ်တိရစ္ဆာန် စသည် ဖြစ်၍။ပ။ ခံခဲ့ရလှပေပြီ။

အသက် တဆယ်,နှစ်ဆယ် စသည်၌ လူနတ်တိရစ္ဆာန် စသည် ဖြစ်၍။ပ။ခံခဲ့ရလှလေပြီ။

တနှစ်, နှစ်နှစ် စသည်၌ လူနတ်တိရစ္ဆာန် စသည်ဖြစ်၍။ပ။ ခံခဲ့ရလှလေပြီ။

တလ, နှစ်လ စသည်၌ လူနတ်တိရစ္ဆာန် စသည်ဖြစ်၍။ပ။ခံခဲ့ ရလှလေပြီ။

တရက်, နှစ်ရက် စသည်၌ လူတိရစ္ဆာန် စသည်ဖြစ်၍။ပ။ ခံခဲ့ ရလှလေပြီ။

တနာရီ, နှစ်နာရီ စသည်၌ လူတိရစ္ဆာန် စသည်ဖြစ်၍။ပ။ခံခဲ့ ရလှလေပြီ။

မျက်စိတမှိတ်ခန့်, နှစ်မှိတ်ခန့် စသည်၌ လူတိရစ္ဆာန် စသည် ဖြစ်၍။ပ။ ခံခဲ့ရလှလေပြီ။

အမိဝမ်းတွင်း၌ တလ, နှစ်လ စသည်၌ လူတိရစ္ဆာန် စသည် ဖြစ်၍။ပ။ခံခဲ့ရလှလေပြီ။

အမိဝမ်းတွင်း၌ တရက်,နှစ်ရက် စသည်၌ လူတိရစ္ဆာန် စသည် ဖြစ်၍။ပ။ခံခဲ့ရလှလေပြီ။

အမိဝမ်းတွင်း၌ တနာရီ,နှစ်နာရီစသည်၌ လူတိရစ္ဆာန် စသည် ဖြစ်၍။ပ။ခံခဲ့ရလှလေပြီ။

အမိဝမ်းတွင်း၌ မျက်စိ တမှိတ်ခန့်, နှစ်မှိတ်ခန့် စသည်၌ လူ တိရစ္ဆာန် စသည်ဖြစ်၍ ဘဝပေါင်း ကမ္ဘာပေါင်း ထောင်း ထောင်း ညက်ညက်ကြေ အသင်္ချေ အနန္တ သေခြင်းဆင်းရဲကို ခံခဲ့ ရလှလေပြီ။

အမိဝမ်းတွင်း၌ စိတ္တက္ခဏ တချက်, နှစ်ချက် စသည်ဖြစ်၍ ဘဝ ပေါင်း ကမ္ဘာပေါင်း၌ စိတ္တက္ခဏပေါင်း အသင်္ချေ အနန္တ ပျက် စီးခဲ့လှလေပြီ။

ရုပ်နာမ်တို့၏ ဥပါဒ်သည် ဌီသို့ရောက်သည်ဖြစ်၍ မမြဲလေ သောကြောင့် ဘဝပေါင်း ကမ္ဘာပေါင်း၌ ဥပါဒ်ပေါင်း အသင်္ချေ အနန္တ ပျက်စီးခဲ့ရလှလေပြီ။

ရုပ်နာမ်တို့၏ ဌီသည် ဘင်သို့ရောက်သည်ဖြစ်၍ မမြဲလေသော ကြောင့် ဘဝပေါင်း ကမ္ဘာပေါင်း၌ ဌီပေါင်း အသင်္ချေ အနန္တ ပျက်စီးခဲ့ရလှလေပြီ။

ရုပ်နာမ်တို့၏ ဘင်သည် အကြွင်းမဲ့ ကုန်ခြင်းသို့ ရောက်သည် ဖြစ်၍ မမြဲလေသောကြောင့် ဘဝပေါင်း ကမ္ဘာပေါင်း၌ ဘင် ပေါင်း အသင်္ချေ အနန္တ ပျက်စီးခဲ့ရလှလေပြီ။

သေခြင်းတရား အားမထုတ်မီ ရှေးအဖို့၌ ဖြစ်ပျက်သမျှကို အတိတ်ချည်း မှတ်။

အတိတ်၌ မရဏဒုက္ခ သေဘေးကြီး ထင်မြင်ပုံ ပြီး၏။

**အနာဂတ်၌ ထင်ပုံ။** ။အနာဂတ်၌ မရဏဒုက္ခ သေဘေးကြီး ထင် မြင်ပုံမှာ အရဟတ္တမဂ်, အရဟတ္တဖိုလ် မရ မချင်း အတိတ်နည်းတူမှတ်။

မရေယျန္တိ အနုဗ္ဗိဂ္ဂေါ၊ ပါပကံ ကတ္တုမုသာယဟော။
ကရေယျ ဟာသနန္ဒိံ စ၊ စာပလ္လံ ပမာဒံ ဝါ။

မရေယျန္တိ၊ ယခု သေရလိမ့်မည်, တော်တော်ကြာ သေရလိမ့်ဟု။ အနုဗ္ဗိဂ္ဂေါ၊ မရဏာဒုက္ခ သေဘေးကြီးကို အလွန်အမင်း မထိတ်လန့်သော သူသည်။ ပါပကံ၊ မကောင်းမှုကို။ ကတ္တုံ၊ ပြုခြင်းငှါ။ ဥဿဟေ၊ ရဲဝံ့ရာ၏။ ဟာသနန္ဒိံ စ၊ ငါးပါးအာရုံ ကာမဂုဏ်ကို တွေ့ကြုံလျှင် ပြုံးခြင်း ရယ်ရွှင်ခြင်း တပ်နှစ်သက်ခြင်းကိုငင်း။ စာပလ္လံ၊ ငါးပါးအာရုံ ကာမဂုဏ်ကို တွေ့ကြုံလျှင် လျှပ်ပေါ်လော်လည်ခြင်းကိုငင်း။ ပမာဒံ ဝါ၊ သီလ, သမထ, ဝိပဿနာ၌ မေ့လျော့ခြင်းကိုငင်း။ ကရေယျ၊ ပြုဝံ့ရာ၏။

မရေယျာမိတိ သံဝိဂ္ဂေါ၊ လောကာမေဝ ဂဝေသတိ။
န ဟာသံ နေဝ နန္ဒိံ စ၊ န စာပလော ကဒါစိ ပိ။

မရေယျာမိတိ၊ ယခု သေရလိမ့်မည်, တော်တော်ကြာ သေရလိမ့်မည်ဟု။ သံဝိဂ္ဂေါ၊ မရဏာဒုက္ခ သေဘေးကြီးကို အလွန်အမင်း ထိတ်လန့်သော သူသည်။ လောကာမေဝ၊ သေခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း ပုန်းအောင်းရာ သီလ, သမထ, ဝိပဿနာ တရားကိုသာလျှင်။ ဂဝေသတိ၊ ရှာမှီး၏။ န ဟာသံ စ၊ ရယ်လည်း မရယ်ဝံ့။ နေဝ နန္ဒိံ စ၊ တပ်နှစ်သက်ခြင်းကိုလည်း မပြုဝံ့။ ကဒါစိ ပိ၊ ဟာရံတဆစ်မျှလည်း။ န စာပလော၊ လျှပ်ပေါ်လော်လည်ခြင်း မရှိ။

မရဏာဒုက္ခ သစ္စာထင်ပုံ ပြီး၏။

နိဗ္ဗာနမဂ္ဂဒီပနီ ၂၄-ပ-မ-သာ-စ

## သမုဒယသစ္စာ ထင်မြင်ပုံ

**သမုဒယသစ္စာများ။** ။သမုဒယသစ္စာ ထင်မြင်ပုံကား—

ရဟန်း သာမဏေ လူသူတော်စင် သီလရှင်တို့မှာ တပည့်၊ သား၊ မြေး၊ ဆရာ၊ မိဘ၊ ဆွေမျိုး၊ဒါယကာ၊ဒါယိကာမ၊ပစ္စည်း။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို ဗဟိဒ္ဓသမုဒယကြီး ဟူ၍မှတ်၊ ဗဟိဒ္ဓရန်သူကြီး ဟူ၍မှတ်။ ကာမဂုဏ်ညွှန်ထဲ၌နေသော မိန်းမ ယောကျ်ားတို့မှာ သား၊ သမီး၊ မယား၊ လင်၊ ဆရာ၊ မိဘ၊ ဆွေမျိုး၊ အဆွေခင်ပွန်း၊ ပစ္စည်း။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို ဗဟိဒ္ဓသမုဒယကြီး ဟူ၍မှတ်၊ ဗဟိဒ္ဓ ရန်သူကြီး ဟူ၍မှတ်။ မိမိထံ၌ ဖြစ်၍လာသော သက်ရှိသက်မဲ့ ဟူသမျှတို့ကို ဗဟိဒ္ဓသမုဒယကြီး ဟူ၍မှတ်၊ ဗဟိဒ္ဓရန်သူကြီး ဟူ၍မှတ်။ ဗဟိဒ္ဓသမုဒယကြောင့်ဖြစ်သော လောဘ ဒေါသ အစရှိသော အကုသိုလ်တရားတို့ကို အဇ္ဈတ္တသမုဒယကြီး ဟူ၍မှတ်၊ အဇ္ဈတ္တရန်သူကြီး ဟူ၍မှတ်။

**အတိတ် သမုဒယသစ္စာကို ဆင်ခြင်ပုံ။** ။ဤပုဂ္ဂိုလ်,ဤပစ္စည်းတို့ကြောင့် အဖန်တလဲလဲသေခြင်းဆင်းရဲကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်း ညက်ညက်ကြေအောင် အသချေ အနန္တ ခံခဲ့ရလှလေကုန်ပြီ။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကြောင့် ရာဂမီး, ဒေါသမီး အစရှိသော တဆယ့်တပါးသော မီးတို့သည် ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်း ညက်ညက်ကြေအောင် အသချေအနန္တ လောင်ခဲ့ရလှလေကုန်ပြီ။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကြောင့် လောဘ, ဒေါသ အစရှိသော ကိလေသာ ရန်သူတို့သည် ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက်ကြေအောင် အသချေအနန္တ နှိပ်စက်ခံခဲ့ရလှလေကုန်ပြီ။ဤပုဂ္ဂိုလ်,ဤပစ္စည်းတို့ကြောင့် ပဋိသန္ဓေနေခြင်း,

အိုခြင်း အစရှိသော ဆင်းရဲအပေါင်းတို့ကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက်ကြေအောင် အသနိုင်္ အနန္တ ခံခဲ့ရလှလေကုန်ပြီ။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကြောင့် အပါယ်လေးဘုံ၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်း ညက်ညက်ကြေအောင် အသင်္ချေ အနန္တ ခံခဲ့ရလှလေကုန်ပြီ။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကြောင့် ငရဲကြီး ငရဲငယ် အသွယ်သွယ်တို့၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း ထောင်းထောင်းညက်ညက်ကြေအောင် အသင်္ချေ အနန္တ ခံခဲ့ရလှလေကုန်ပြီ။ ဤကား အတိတ်၌ သမုဒယသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ။

**အနာဂတ် သမုဒယသစ္စာကို ဆင်ခြင်ပုံ။** ။ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို ပြတ်ပြတ်တောက်တောက် ပယ်နိုင်လျှင် အဖန်တလဲလဲ သေခြင်းဆင်းရဲအပေါင်းမှ ကေန်မုချ ကင်းငြိမ်းလိမ့်မည်။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို ပြတ်ပြတ်တောက်တောက် ပယ်နိုင်လျှင် ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကြောင့်ဖြစ်သော ရာဂမီး, ဒေါသမီး အစရှိသော တဆယ့်တပါးသော မီးတို့သည် ကေန်မုချ ကင်းငြိမ်းကုန်၏။ ဤပုဂ္ဂိုလ်,ဤပစ္စည်းတို့ကို ပြတ်ပြတ်တောက်တောက် ပယ်နိုင်လျှင် ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကြောင့်ဖြစ်သော လောဘ, ဒေါသ အစရှိသော ကိလေသာရန်သူတို့သည် ကေန်မုချ ကင်းငြိမ်းကုန်၏။ ဤပုဂ္ဂိုလ်,ဤပစ္စည်းတို့ကို ပြတ်ပြတ်တောက်တောက် ပယ်နိုင်လျှင် အဖန်တလဲလဲ ပဋိသန္ဓေနေခြင်း, အိုခြင်း အစရှိသော ဆင်းရဲအပေါင်းတို့သည် ကေန်မုချ ကင်းငြိမ်းလိမ့်မည်။

ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို ပြတ်ပြတ်တောက်တောက် ပယ်နိုင်လျှင် အပါယ်လေးဘုံ၌ခံရသော ဆင်းရဲအပေါင်းတို့သည် ကေန်မုချ ကင်းငြိမ်းလိမ့်မည်။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို ပြတ်ပြတ်တောက်တောက် ပယ်နိုင်လျှင် ငရဲကြီး ငရဲငယ် အသွယ်သွယ်တို့၌ ခံရသော ဆင်းရဲအပေါင်းတို့သည် ကေန်မုချ ကင်းငြိမ်းလိမ့်မည်။ ဤကား အနာဂတ်၌ သမုဒယသစ္စာကို ဉာဏ်ဖြင့် ဆင်ခြင်ပုံ။

**ပစ္စုပ္ပန် သမုဒယသစ္စာကို ဆင်ခြင်ပုံ။** ။ဤပုဂ္ဂိုလ်, ဤပစ္စည်း တို့သည် အဖန်တလဲလဲ ရာဂမီး, ဒေါသမီး အစရှိသော မီးအပေါင်း လောင်ကြောင်း ဖြစ်ပါတကား။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့သည် အဖန်တလဲလဲ လောဘ, ဒေါသ အစရှိသော ကိလေသာ ရန်သူအပေါင်း နှိပ်စက်ကြောင်း ဖြစ်ပါတကား။ ဤကား ပစ္စုပ္ပန်၌ သမုဒယသစ္စာကို ဉာဏ်ဖြင့် ဆင်ခြင်ပုံ။

ဣရိယာပုထ်လေးပါး၌ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့သည် အဖန်တလဲလဲ ဆင်းရဲဖြစ်ကြောင်းဟု ဉာဏ်ထဲမှာ အမြဲ ထင်မြင်၍ နေလျှင် သမုဒယသစ္စာကို ကေန် ထင်မြင်ပြီဟူ၍မှတ်။

**ဇာတိ ရန်ဘေးကို ဆင်ခြင်နည်း**

မိမိထံ၌ သက်ရှိသက်မဲ့ ဟူသရွေ့ ဖြစ်ပေါ်လာသမျှကို ဇာတိချည်းမှတ်။ မိမိထံ၌ ဖြစ်ပေါ်လာသော ဇာတိကို ရန်သူကြီးဟူ၍မှတ်၊ ဘေးကြီး ဟူ၍မှတ်။ မိမိထံ၌ ဖြစ်ပေါ်၍လာသော ဇာတိကို ဝေးအောင် ရှောင်ကြလေ။

အဘယ့်ကြောင့် ဇာတိကို ရန်သူကြီး, ဘေးကြီးဟူ၍ မှတ်ရမည်နည်း ဟူမူ မိမိထံ၌ ဖြစ်ပေါ်၍လာသော ဇာတိကြောင့်

ဘဝများစွာ သံသရာမှာ ကမ္ဘာအဆက်ဆက် မရေတွက်နိုင်အောင် ဆင်းရဲကို ခံခဲ့ရလှဘူးလေသောကြောင့်တည်း။

ထို့ကြောင့် "ဇာတိယာ ဒုက္ခံ ဇာတိဒုက္ခံ"ဟု ကျမ်းဂန်၌ဆို၏။

ဇာတိယာ၊ မိမိထံ၌ သက်ရှိသက်မဲ့ ဟူသမျှ ဖြစ်ပေါ်လာခြင်းကြောင့်။ ဒုက္ခံ၊ ဘဝများစွာ သံသရာမှာ ကမ္ဘာအဆက်ဆက် မရေတွက်နိုင်အောင် ဆင်းရဲကို ခံခဲ့ရလှဘူးလေပြီ။ ဇာတိဒုက္ခံ၊ မိမိထံ၌ သက်ရှိသက်မဲ့ ဖြစ်ပေါ်လာခြင်းကြောင့် ဘဝများစွာ သံသရာမှာ ကမ္ဘာအဆက်ဆက် မရေတွက်နိုင်အောင်သော ဆင်းရဲကို ခံခဲ့ရလှဘူးလေပြီ။ ဤကား အတိတ်ဘဝ၌ ဇာတိဒုက္ခကို ပြဆိုချက်။

ဇာတိယာ၊ မိမိထံ၌ သက်ရှိသက်မဲ့ဟူသမျှ ဖြစ်ပေါ်လာခြင်းကြောင့်။ ဒုက္ခံ၊ ပစ္စုပ္ပန်၌ အဖန်တလဲလဲ စိုးရိမ်ကြောင့်ကြ ပူပန်ဆင်းရဲခြင်းတည်း။ ဇာတိဒုက္ခံ၊ မိမိထံ၌ သက်ရှိသက်မဲ့ ဟူသမျှ ဖြစ်ပေါ်လာခြင်းကြောင့် ပစ္စုပ္ပန်၌ အဖန်တလဲလဲ စိုးရိမ်ကြောင့်ကြ ပူပန်ဆင်းရဲခြင်း။ ဤကား ပစ္စုပ္ပန်ဇာတိကို ပြဆိုချက်။

မိမိထံ၌ သက်ရှိသက်မဲ့ ဇာတိဖြစ်ပေါ်လာလျှင် ၎င်းဇာတိဟူသောအကြောင်းကြောင့် သောက, ပရိဒေဝစသော တရားတို့သည် ဖြစ်ပေါ်၍လာတော့သည်။ ဇာတိကို ဝေးအောင် ရှောင်ကြလေ။ ဇာတိကို ဝေးအောင်ရှောင်နိုင်လျှင် ၎င်းဇာတိကြောင့် ဖြစ်ပေါ်လာသော သောက,ပရိဒေဝစသောတရားတို့သည် ငြိမ်းကုန်၏။ ထို့ကြောင့်—

ပိယတော ဇာယတီ သောကော၊ ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။
(ဓမ္မပဒပါဠိတော်-၄၄။)

ပိယတော၊ ဗဟိဒ္ဓသမုဒယကို ချစ်ခြင်းကြောင့်။ သောကော၊ စိုးရိမ်ကြောင့်ကြခြင်း အဇ္ဈတ္တသမုဒယသည်။ ဇာယတိ၊ ဖြစ်ပေါ်၍ လာ၏။ ပိယတော၊ ဗဟိဒ္ဓသမုဒယကို ချစ်ခြင်းကြောင့်။ ဘယံ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း အစရှိသော ဘေးအပေါင်းသည်။ ဇာယတိ၊ အဇ္ဈတ္တ၌ ဖြစ်ပေါ်၍လာ၏။ ပိယတော၊ ဗဟိဒ္ဓသမုဒယကို ချစ်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ ကင်းသောသူအား။ သောကော၊ စိုးရိမ်ကြောင့်ကြခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း အစရှိသော ဘေးအပေါင်းသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိချေတော့အံ့နည်း။ (ပိယနှင့် ဇာတိ အတူတူမှတ်။ သမုဒယနှင့် ဇာတိ အတူတူမှတ်။)

သမုဒယသစ္စာ ထင်မြင်ပုံ ပြီး၏။

---

## နိရောဓသစ္စာ ထင်မြင်ပုံ

နိရောဓသစ္စာ ထင်မြင်ပုံကား—

သေခြင်းဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သည် အလွန်ချမ်းသာစွပါတကား။ ရာဂမီး, ဒေါသမီး အစရှိသော မီးအပေါင်း ငြိမ်းအေးရာနိဗ္ဗာန်သည် အလွန်ချမ်းသာစွပါတကား။ လောဘ, ဒေါသ အစရှိသော ကိလေသာရန်သူ ငြိမ်းအေးရာ နိဗ္ဗာန်သည် အလွန်ချမ်းသာစွပါတကား။ ပဋိသန္ဓေနေခြင်း,

အိုခြင်း အစရှိသော ဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သည် အလွန်ချမ်းသာစွပါတကား။

အပါယ်လေးဘုံ၌ ခံရသော ဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သည် ၊ လွန် ချမ်းသာစွပါတကား။ ငရဲကြီး-ငရဲငယ် အသွယ်သွယ်၌ ခံရသော ဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သည် အလွန်ချမ်းသာစွပါတကား။ (နိရောဓသစ္စာကို အကြိမ် သုံးဆယ်စီ ဉာဏ်ဖြင့်ဆင်ခြင်ရမည်။)

ဇရိယာပုထ် လေးပါး၌ ဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သည် အလွန်ချမ်းသာ၏ဟု ဉာဏ်ထဲမှာ အမြဲထင်မြင်၍နေလျှင် နိရောဓသစ္စာကို အာရမ္မဏာကရဏအားဖြင့် ကောင်းထင်မြင်ပြီ ဟူ၍မှတ်။

သုသုခံ ဝတ နိဗ္ဗာနံ ယတ္ထ ဝေရူပံ ဒုက္ခံ န သံဝိဇ္ဇတိ။

ယတ္ထ၊ အကြင်ရွှေပြည် နိဗ္ဗာန်ကြီး၌။ ဝေရူပံ၊ ဤသို့သဘော ရှိသော။ ဒုက္ခံ၊ ဆင်းရဲအပေါင်းသည်။ န သံဝိဇ္ဇတိ၊ မရှိ။ နိဗ္ဗာနံ၊ ဆင်းရဲအပေါင်း ကင်းငြိမ်းရာ ရွှေပြည်နိဗ္ဗာန်ကြီးသည်။ သုသုခံ ဝတ၊ အလွန်ချမ်းသာစွပါတကား။

နိရောဓသစ္စာ ထင်မြင်ပုံ ပြီး၏။

---

## မဂ္ဂသစ္စာ ထင်မြင်ပုံ

မဂ္ဂသစ္စာ ထင်မြင်ပုံကား—

သေခြင်း ဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော သေခြင်းတရားကို ပွါးများခြင်းသည် အလွန်

ချမ်းသာခြင်း၏ အကြောင်းပါတကား။ ရာဂမီး, ဒေါသမီး အစ ရှိသော မီးအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော သေခြင်းတရားကို ပွါးများခြင်းသည် အလွန် ချမ်းသာ ခြင်း၏ အကြောင်းပါတကား။ လောဘ, ဒေါသ အစရှိသော ကိလေသာရန်သူအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော သေခြင်းတရားကို ပွါးများခြင်းသည် အလွန် ချမ်းသာ ခြင်း၏ အကြောင်းပါတကား။ ပဋိသန္ဓေနေခြင်း, အိုခြင်း အစ ရှိသော ဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော သေခြင်းတရားကို ပွါးများခြင်းသည် အလွန် ချမ်းသာ ခြင်း၏ အကြောင်းပါတကား။

အပါယ်လေးဘုံ၌ ခံရသော ဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သေးခြင်းတရားကို ပွါးများ ခြင်းသည် အလွန်ချမ်းသာခြင်း၏ အကြောင်းပါတကား။ငရဲကြီး, ငရဲငယ် အသွယ်သွယ်၌ ခံရသော ဆင်းရဲအပေါင်း ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သေခြင်းတရားကို ပွါးများ ခြင်းသည် အလွန်ချမ်းသာခြင်း၏ အကြောင် ပါတကား။ (မဂ္ဂ-သစ္စာကို အကြိမ်သုံးဆယ်စီ ဉာဏ်ဖြင့် ဆင်ခြင်ရမည်။)

**မသေရာနိဗ္ဗာန်သို့ ရောက်ရန် ကြိုးစားသင့်ပုံ**

မယာ သမာ နဝါ ဝုဍ္ဎာ၊ တဒါဝုဓေဟိ တေ မတာ။
တထာဟံပိ မရိဿာမိ၊ လေဏံ ပုညံဝ မေ ကတံ။

မယာ၊ ငါနှင့်။ သမာ၊ အသက်အရွယ် တူကုန်သော သူတို့ သည်ငင်း။ မယာ၊ ငါ့အောက်။ နဝါ၊ အသက်အရွယ် ငယ်ကုန် သော သူတို့သည်ငင်း။ မယာ၊ ငါ့ထက်။ ဝုဍ္ဎာ၊ အသက်အရွယ်

ကြီးကုန်သော သူတို့သည်ဂုဏ်။ တေ သမ္မေ၊ ထိုအလုံးစုံသော သူတို့သည်။ တဒါဂုဓေဟိ၊ ထို ဖျားခြင်း, နာခြင်း အစရှိသော သေမင်း လက်နက်တို့ဖြင့်။ မတာ၊ သေကြေလှလေကုန်ပြီ။ တထာ၊ ထိုသူတို့အလား မခြားတူစွာ။ အဟံပိ၊ ငါသည်လည်း။ မရိဿာမိ၊ ကေန်မုချ သေရပေအံ့။ မေ၊ ငါ၏။ ကတံ၊ ပြုအပ်သော။ ပုညံ၀၊ သီလ, သမထ, ဝိပဿနာ ကုသိုလ်သည်သာလျှင်။ လေဏံ၊ သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ပုန်းအောင်းရာ မှန်လေ၏။

**မရဏာဿတိပွါးခြင်း အကျိုးများ**

မရဏာဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ အမတောဂဓာ အမတပရိယောသာနာ၊ ဘာဝေထာ-နော ဘိက္ခဝေ မရဏာဿတိံ။

ဘိက္ခဝေ၊ တို့။ မရဏာဿတိံ၊ ယခုသေရလိမ့်မည်, တော်တော်ကြာ သေရလိမ့်မည်ဟု အောက်မေ့သော သတိကို။ ဘာဝိတာ၊ အဖန်တလဲလဲ ပွါးများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ မထင်မချင်း အကြိမ်များစွာ စီးဖြန်းခြင်းကို ပြုအပ်သည်ရှိသော်။ အမတောဂဓာ၊ သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်၏။ အမတ-ပရိယောသာနာ၊ သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်မှ အကျိုး ဆုံး၏။ ဘိက္ခဝေ၊ တို့။ တုမှေ၊ အဖန်တလဲလဲ သေဘေးကြီးကို ကြောက်ကုန်သော သင်သူတော်ကောင်း အပေါင်းတို့သည်။ မရဏာဿတိံ၊ ယခု သေရလိမ့်မည်, တော်တော်ကြာ သေရလိမ့်မည်ဟု အောက်မေ့သော သတိကို။ ဘာဝေထာနော-ဘာဝေထ အနု၊ အဖန်တလဲလဲ ပွါးကြကုန်လော့။

**မရဏာဿတိပွါးသူ ၈-မျိုး**

ရတ္တိဒိဝဥ္စ ဒိဝသံ၊ ဥပၔုံ ကေဘောဇနံ။
ဥပၔုံ စတုပဥ္စာဒံ ၊ ကောလောပဒ'မဿသံ။
ဇီဝေယျံ မနသာကေယျံ၊ ဗဟုံ ဝတ ကတံ မမ။
မရဏာဿတိ ဘာဝေသု၊ ပမာဒါ သတ္တ န'ဋ္ဌမော။
(အင်္ဂုတ္တိုရပါဠိတော် ၁၃၅,၁၃၈-လာ သင်္ဂဟဂါထာ။)

အဟံ၊ ငါသည်။ ရတ္တိဒိဝဥ္စ၊ ညဉ့်-နေ့-ပတ်လုံးငင်း။ ဒိဝသံ၊ တနေ့ အခါပတ်လုံးငင်း။ ဥပၔုံ၊ နေ့ထက်ဝက် အခါပတ်လုံးငင်း။ ကေဘောဇနံ၊ ဆွမ်းတကြိမ်စား အခါပတ်လုံးငင်း။ ဥပၔုံ၊ ဆွမ်းတကြိမ်စား၏ ထက်ဝက် အခါပတ်လုံးငင်း။ စတုပဥ္စာဒံ၊ ဆွမ်းလေးလုပ် ငါးလုပ်စား အခါပတ်လုံးငင်း။ ကောလောပဒံ၊ ဆွမ်းတလုပ်စား အခါပတ်လုံးငင်း။ အဿသံ-အဿာသပဿာသ်၊ ထွက်ဝင်ရှုရှိုက် အခိုက်အတန့် ကာလပတ်လုံးငင်း။ ဇီဝေယျံ၊ အသက်မသေ နေရဘိမူကား။ မနသာကေယျံ၊ မြတ်စွာဘုရား သုံးလူ့ဖျား၏ ဟောကြားတော်မူတိုင်း နှလုံးသွင်းရာ၏။ ဝံ၊ ဤသို့ အသက်မသေ နေ၍စဉ်လျှင်း နှလုံးသွင်းသည်ရှိသော်။ မမ၊ ငါအား။ ဗဟုံ ဝတ၊ များစွာစင်စစ်သာလျှင်။ ကတံ၊ ဆုံးမတိုင်း ပြုသည်မည်သည်။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ မရဏာဿတိဘာဝေသု၊ သေခြင်းတရားကို အောက်မေ့ကုန်သော ရဟန်းရှစ်ပါးတို့တွင်။ သတ္တ၊ ရှေး ခုနစ်ပါးသော ရဟန်းတို့သည်။ ပမာဒါ၊ သီလ, သမထ, ဝိပဿနာ၌ မေ့လျော့သော ပမာဒဝိဟာရီရဟန်းမည်ကုန်၏။ အဋ္ဌမော၊ ရှစ်ယောက်မြောက်

သော ရဟန်းသည်။ န ပမာဒေါ၊ သီလ, သမထ, ဝိပဿနာ၌ မမေ့ မလျော့သော အပ္ပမာဒဝိဟာရီရဟန်းမည်၏။

### သေခြင်းတရား ပွါးများသူများ လင်္ကာ

တရက်တနေ့၊ ထက်ဝက်နေ့သား၊ တကြိမ်စားငြား၊ ထက်ဝက်စားမျှ၊ လေးငါးလုပ်မျို၊ တလုပ်ကိုပင်၊ ထွက်ဝင်သက်မျှ၊ သက်ရှင်ကြ၊ ပြုရကုသိုလ်များပါတကား။

### သေခြင်းတရားပွါး ရဟန်းရှစ်ပါး

ထိုရှစ်ပါးသော ရဟန်းတို့တွင် ပဌမရဟန်းသည် တရက်အတွင်း သေရလိမ့်မည်ဟု နှလုံးသွင်း၏။ ဒုတိယရဟန်းသည် နေထွက်က နေဝင် အတွင်း သေရလိမ့်မည်၊ နေဝင်က နေထွက်အတွင်း သေရလိမ့်မည်ဟု နှလုံးသွင်း၏။ တတိယရဟန်းသည် နေထွက်က မွန်းတည့်အတွင်း သေရလိမ့်မည်၊ မွန်းတည့်က နေဝင်အတွင်း သေရလိမ့်မည်၊ နေဝင်က သန်းခေါင်အတွင်း သေရလိမ့်မည်၊ သန်းခေါင်က နေထွက်အတွင်း သေရလိမ့်မည်ဟု နှလုံးသွင်း၏။ စတုတ္ထရဟန်းသည် ဆွမ်းတကြိမ်စားအခါအတွင်း သေရလိမ့်မည်ဟု နှလုံးသွင်း၏။ ပဉ္စမရဟန်းသည် ဆွမ်းတကြိမ်စား ထက်ဝက်အတွင်း သေရလိမ့်မည်ဟု နှလုံးသွင်း၏။ ဆဋ္ဌမရဟန်းသည် ဆွမ်းလေးလုပ်-ငါးလုပ်စားအခါအတွင်း သေရလိမ့်မည်ဟု နှလုံးသွင်း၏။ သတ္တမရဟန်းသည် ဆွမ်းတလုပ်စားအခါအတွင်း သေရလိမ့်မည်ဟု နှလုံးသွင်း၏။ အဋ္ဌမရဟန်းသည် ထွက်သက် ဝင်သက် အတွင်းသေရလိမ့်မည်ဟု နှလုံးသွင်း၏။

ထိုရှစ်ပါးသော ရဟန်းတို့တွင် အဋ္ဌကထာရှိ ပါဠိတော် အလိုအားဖြင့် အဋ္ဌမရဟန်းသည် သေဘေးကြီးကို ကြောက်၍ သီလ,

သမထ, ဝိပဿနာ၌ မမွေ့မလျော်သော အပ္ပမာဒဝိဟာရီရဟန်း မည်၏။ ကြွင်းသော ရဟန်းခုနစ်ပါးတို့သည် သေဘေးကြီးကို မကြောက်၍ သီလ, သမထ, ဝိပဿနာ၌ မွေ့လျော်သော ပမာဒ-ဝိဟာရီရဟန်း မည်ကုန်၏။

ဆဋ္ဌဂ္ဂိတ္တိုရ်ပါဠိတော် အလိုအားဖြင့် သတ္တမရဟန်း, အဋ္ဌမရဟန်းတို့သည် သေဘေးကြီးကို ကြောက်၍ သီလ, သမထ, ဝိပဿနာ၌ မမွေ့မလျော်သော အပ္ပမာဒဝိဟာရီရဟန်း မည်ကုန်၏။ ကြွင်း ခြောက်ပါးသော ရဟန်းတို့သည် သေဘေးကြီးကို မကြောက်၍ သီလ, သမထ, ဝိပဿနာ၌ မွေ့လျော်သော ပမာဒ ဝိဟာရီရဟန်း မည်ကုန်၏။

ယခု သေရလိမ့်မည်ဟု ပွါးများခြင်းသည် အဋ္ဌမရဟန်းနှင့် တူ၏။ တော်တော်ကြာ သေရလိမ့်မည်ဟု ပွါးများခြင်းသည် သတ္တမရဟန်းနှင့် တူ၏။

**သေလျှင် အပါယ်မလားရန် သတိပေးချက်**

မာ ဣဓေဝ မရိသထ။

တုမှေ၊ အဖန်တလဲလဲ သေခြင်းဆင်းရဲကို ကြောက်သော သူတို့သည်။ ဣဓေဝ၊ ရွှေ-ငွေ-ဥစ္စာ ရတနာတို့ကို ခင်မင်လျက် ဤမြို့ ဤရွာတို့၏အတွင်း သား-သမီး-လင်-မယားတို့၏ ခြေရင်း၌ သာလျှင်။ မာ မရိသထ စ၊ သေလည်း မသေကြပါကုန်လင့်။ ဝါ၊ သေလျှင် အပါယ်သွားသူ များကုန်၏။ (ယောကျ်ား မိန်းမ တို့ ဆင်ခြင်ဘို့။)

တုမှေ၊ အဖန်တလဲလဲ သေခြင်းဆင်းရဲကို ကြောက်သော သူတို့သည်။ ဣဓေဝ၊ ဤမြို့ရွာ၏ အနီးအပါး, ဒါယကာ-ဒါယိကာမတို့၏ အနား, တည့်ဝေါက်ငမ်းစိတ်ကြမ်းများလျက် ပစ္စည်းတို့၏

အကြား, ဗာဟိရကိစ္စ အများအပြား ရှာကျောင်းများ၌သာလျှင်။ မာ မရှိသထ စ၊ သေလည်းမသေကြပါကုန်လင့်။ ဝါ၊ သေလျှင် အပါယ်သွားသူ များကုန်၏။(မြို့ရွာ၌နေသော ရဟန်း သာမဏေ သီလရှင်တို့ ဆင်ခြင်ဘို့။)

တုဒမ္၊ အဖန်တလဲလဲ သေခြင်းဆင်းရဲကို ကြောက်သော သူတို့ သည်။ ဇရာမေဝ၊ တော၌နေပြား တပည့်ဝေါက်ငမ်း စိတ်ကြမ်း များလျက် အလကားဝိတက် လွန်နှိပ်စက်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဝိပဿနာဉာဏ်ကို တတန်မျှမရ မဟာဗောလုမ္မတ္တက ၍အန္ဓပုထုဇဉ် အဖြစ်၌သာလျှင်။ မာ မရှိသသ စ၊ သေလည်းမသေကြပါကုန် လင့်။ ဝါ၊ သေလျှင်အပါယ်လားသူ များကုန်၏။ (တော၌ နေ သော ရဟန်းသာမဏေ လူသူတော်စင် သီလရှင်တို့ ဆင်ခြင်ဘို့။)

ဇူရိယာပုထ်လေးပါးတို့၌ သေခြင်းဆင်းရဲအပေါင်း ငြိမ်းအေး ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သေခြင်းတရားကို ပွါး များခြင်း အကျင့်သည် အလွန် ချမ်းသာကြောင်းဟု ဉာဏ်ထဲမှာ အမြဲ ထင်မြင်၍ နေလျှင် မဂ္ဂသစ္စာကို ကောန်ထင်မြင်ပြီ ဟူ၍မှတ်။

**သစ္စာလေးပါး သိပုံလေးမျိုး**

သစ္စာလေးပါးကို သိမြင်ခြင်းသည်—

၁။ သုတမယဉာဏ်ဖြင့် သိမြင်ခြင်း၊

၂။ စိန္တာမယဉာဏ်ဖြင့် သိမြင်ခြင်း၊

၃။ ဘာဝနာမယဉာဏ်ဖြင့် သိမြင်ခြင်း၊

၄။ မဂ်ဉာဏ်ဖြင့် သိမြင်ခြင်း—

၍သို့ သိမြင်ခြင်းသည် လေးပါးစီ ဖြစ်၏။

**တနည်းလည်း—**

၁။ သုတမယဉာဏ်ဖြင့် သိမြင်ခြင်း၊
၂။ ဝဝတ္ထာနဉာဏ်ဖြင့် သိမြင်ခြင်း၊
၃။ သမ္မသနဉာဏ်ဖြင့် သိမြင်ခြင်း၊
၄။ အဘိသမယဉာဏ်ဖြင့် သိမြင်ခြင်း—

ဤသို့သိမြင်ခြင်းသည် လေးပါးစီ ဖြစ်၏။

ထိုလေးပါးတို့တွင် တပါးတပါး၌ အသီးအသီး သိမြင်ခြင်းတို့သည် မိမိတို့ ဉာဏ်ရှိသည့်အားလျော်စွာ ဖြစ်ကုန်၏။ မရဏ ဒုက္ခသစ္စာ ဆိုသည်ကား—သေခြင် ဆင်းရဲကို ကောန်အမှန် သိမြင်ခြင်းတည်း။ သမုဒယသစ္စာဆိုသည်ကား—သေခြင်းဆင်းရဲ၏ ဖြစ်ကြောင်းကို ကောန်အမှန်သိမြင်ခြင်းတည်း။ နိရောဓသစ္စာဆိုသည်ကား—သေခြင်းဆင်းရဲ၏ ငြိမ်းအေးရာနိဗ္ဗာန်ကို ကောန်အမှန် သိမြင်ခြင်းတည်း။ မဂ္ဂသစ္စာဆိုသည်ကား—သေခြင်းဆင်းရဲ၏ ငြိမ်းအေးရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို ကောန်အမှန် သိမြင်ခြင်းတည်း။

**မဂ္ဂင်ရှင်းချက်။** ။မဂ္ဂင်ဆိုသည်ကား—"ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ၊ မဂ္ဂဿ အင်္ဂံ မဂ္ဂင်္ဂံ" ဟူသောဝစနတ္ထနှင့်အညီ လောဘ-ဒေါသအစရှိသောကိလေသာတို့ကိုသတ်သျက် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း။ မရဏ ဒုက္ခသစ္စာတခု ထင်မြင်လျှင် မဂ္ဂင်ရှစ်ပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ သတိပဋ္ဌာန်လေးပါးတို့သည် ထင်မြင်ကုန်၏။

မဂ္ဂသစ္စာထင်မြင်ပုံ ပြီး၏။

သစ္စာလေးပါး ထင်မြင်ပုံအကျယ် ပြီး၏။

## သစ္စာ ၂-ပါးကို ဝတ္ထုနှင့်ပြချက်

သမုဒယသစ္စာ, မရဏဒုက္ခသစ္စာ နှစ်ပါးတို့ကို ဉာဏ်ဖြင့် ထင်မြင်အောင် ဝတ္ထုနှင့်တကွ ပြဆိုပေအံ့—

**သမုဒယသစ္စာ။** ။"ပိယတော ဇာယတိ သောကော၊ ပိယတော ဇာယတီ ဘယံ"ဟူသော ဓမ္မပဒ ပါဠိတော်၌ ပိယတော-ဟူသောပုဒ်ဖြင့် သမုဒယသစ္စာကို ပြ၏။

**ဒုက္ခသစ္စာ။** ။"ဇာယတိ သောကော, ဇာယတိ ဘယံ"ဟူသော ပုဒ်ဖြင့် ဒုက္ခသစ္စာကို ပြ၏။ ၎င်းပါဠိတော်နှင့် အညီ သစ္စာနှစ်ပါးကို ပြအံ့—

**တေလပတ္တ ဇာတ်တော်။** ။ဘုရား အလောင်းတော် မင်းသားသည် ကျွန် ငါးယောက်နှင့် တကွ ဗာရာဏသီပြည်မှ တက္ကသိုလ်ပြည်သို့ သွားသောကာလ တခုသော တောအုပ်သို့ ရောက်၏။ ထိုသို့ ရောက်သောအခါ ဘီလူးမတို့သည် ငါးပါးအာရုံ ကာမဂုဏ်ကို စုံစုံမက်မက် အလွန်တပ်နှစ်သက်အောင်, အလွန်လှပတင့်တယ် တဆယ့်ခြောက်နှစ်အရွယ် ရှုချင်စဖွယ်ရှိအောင် လူ မိန်းမယောင် ဟန်ဆောင် ဖန်ဆင်းကုန်၏။ ထိုကျွန်ခိုက်ငါးယောက်တို့သည် ငါးပါးအာရုံ ကာမဂုဏ်ကို အသီးအသီးစီ အလွန်အမင်း စုံမက်တပ်နှစ်သက်လှ၍ ဘီလူးမတို့ထံ၌ နေရစ်ခဲ့ကြကုန်၏။ ဘီလူးမတို့သည် ကျွန်မိုက် ငါးယောက်တို့ကို အာရုံငါးပါးတို့တွင် တပါးတပါးစီဖြင့် ဖြားယောင်း၍ မိခြံခင်ပွန်းဖြစ်သော လင်တို့ကို စားကြကုန်၏။ ကျွန်မိုက် ငါးယောက်တို့သည် ဘီလူးမတို့၏လက်၌ မချိမ်ဆုံ

မလှမပ ဆင်းရဲလှစွာ သေကြေပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။ ထို့ကြောင့် —

ဒုက္ခန္တိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ။

ဘိက္ခဝေ၊ တို့။ ဒုက္ခန္တိ ဧတံ၊ ကျွန်မိုက် ငါးယောက်တို့သည် ဘီလူးမတို့၏ လက်၌ မချိမဆံ့ မလှမပ သေကြေပျက်စီးကြ၍ ဆင်းရဲရခြင်းဟူသော ဤအမည်သည်။ ကာမာနံ၊ ငါးပါးအာရုံ ကာမဂုဏ်တို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

**ကျွန်များကို ဘီလူးစားခြင်း။** ။ဤ ကျွန်မိုက် ငါးယောက်တို့သည် ငါးပါးအာရုံ ကာမဂုဏ်ကို စုံစုံမက်မက် အလွန် တပ်နှစ်သက်ခြင်းကို အကြောင်းပြု၍ ဘီလူးမတို့၏ လက်၌ မချိမဆံ့ မလှမပ ဆင်းရဲလှစွာ သေကြေပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။ ထို့ကြောင့် ငါးပါးအာရုံ ကာမဂုဏ်ကို ဘေးကြီးဟု မှတ်ကြလေ။ ထိုငါးပါးအာရုံ ကာမဂုဏ်ကို ဝေးဝေးက ရှောင်ကြလေ။

**တပြည်လုံး ဘီလူးစားခြင်း။** ။ဘုရားအလောင်းတော် မင်းသားသည် တက္ကသိုလ်ပြည်သို့ ရောက်သောအခါ တခုသော စရပ်၌ နေလေ၏။ တယောက်သော ဘီလူးမသည် ဘုရားလောင်း၏ အနီးအပါး တခုသောနေရာ၌ နေပြန်လေ၏။ ထိုတိုင်းပြည်ကို စိုးအုပ်၍ မင်းလုပ်သော ရှင်ဘုရင်မိုက်ကြီးသည် တိုင်းပြည်ကို လှည့်လည်၍ ကြည့်လေရာ ဘီလူးမကို မြင်လေ၏။ ရှင်ဘုရင်မိုက်ကြီးသည် အမတ်တယောက်ကို မေးစေ၏။

အမတ်သည် "အရှင်ယောကျ်ား ရှိသလော"ဟု မေးလေ၏။ ဘီလူးမက ဤသူသည် ကျွန်ုပ်၏ ခင်ပွန်းပါဟု ပြောကြားလေ၏။

အမတ်သည် မင်းသားကို တဖန် မေးပြန်၏။ မင်းသားသည် "အကျွန်ုပ်၏ မိန်းမမဟုတ်ပါ၊ လူမိန်းမလည်း မဟုတ်ပါ၊ ဘီလူးမ စင်စစ်ပါတည်း။ ဤဘီလူးမသည် အကျွန်ုပ်၏ အဖော်ဖြစ်သော လူငါးယောက်တို့ကို စားသောက်သော ဘီလူးမပါတည်း"ဟု ပြောကြားလေ၏။

အမတ်သည် ထိုသူ၏စကားကို လျှောက်ကြားလေ၏။ ရှင်ဘုရင်မိုက်ကြီးသည် မင်းသားစကားကို မနာမယူဘဲ ဘီလူးမ၏ အဆင်းမျိုးစုံ ရူပါရုံကို စုံစုံမက်မက် အလွန်တပ်နှစ်သက်လှ၍ ဘီလူးမကို နန်းတော်သို့ ခေါ်ပြီးလျှင် မိဖုရားအရာ မြှောက်တင်လေ၏။

ဘီလူးမသည် မိမိ၌ အလွန်စုံမက် တပ်နှစ်သက်မှုန်းကို သိ၍ "အရှင်မင်းကြီး အကျွန်ုပ်အား တနန်းတော်လုံးကို အပိုင်စား ပေးသနားတော်မူပါ"ဟု တောင်းလေလျှင် ရှင်ဘုရင်မိုက်ကြီးသည် ဘီလူးမတောင်းတိုင်း အပိုင်စား ပေးသနားလေ၏။ ဘီလူးမသည် ညဉ့်သို့ ရောက်လျှင် မိမိဆွေမျိုးဉာတိဖြစ်သော ဘီလူးတို့ကို ခေါ်၍ ရှင်ဘုရင်မိုက်ကြီးနှင့် တကွ တဆွေလုံး တမျိုးလုံး တနန်းတော်လုံး သေဆုံးခြင်းသို့ ရောက်အောင် စားကြလေကုန်၏။

**အဆင်းကို တပ်မက်မှုအပြစ်။** ။ရှင်ဘုရင်မိုက်ကြီးသည် မိမိနှင့်တကွ တဆွေလုံး တမျိုးလုံး တနန်းတော်လုံး ဘီလူးတို့၏လက်၌ မချိမဆံ့ မလှမပ သေကြေပျက်စီးခြင်းသို့ ရောက်ရသည်ကား ရူပါရုံကို တပ်နှစ်သက်ခြင်းကြောင့်တည်း။ ရူပါရုံကို ဘေးကြီးဟု မှတ်ကြလေ၊ ရူပါရုံကို ဝေးဝေးက ရှောင်ကြရမည်။

အာရုံငါးပါး ကာမဂုဏ်တရားတို့တွင် ရူပါရုံတခုကို တွေ့ကြုံ၍ မခရောင်ရှားနိုင်လျှင် ကြွင်းသော အာရုံလေးပါးတို့သည် တွေ့ကြုံဖြစ်ပွါးတော့သည်သာတည်း။ ရူပါရုံတခုကို လုံခြုံအောင် စောင့်ရှောက်နိုင်လျှင် ကြွင်းသော အာရုံတရားတို့သည် လုံခြုံတော့သည်သာတည်း။ အာရုံငါးပါးကို အကြောင်းပြု၍ ဘေးကြီးဘေးငယ် အသွယ်သွယ် ဖြစ်သမျှသည် ရူပါရုံအကြီးအမှူး အဦးပြု၍ ဘေးကြီး-ဘေးငယ် အသွယ်သွယ် ဖြစ်ပွါး၏။ ထို့ကြောင့်—

> ယော ရူပါယတနံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ။ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ၂၆။)

ယော၊ အကြင် ရှင်ဘုရင်မိုက်ကြီးသည်။ ရူပါယတနံ၊ ဘီလူးမ၏ အဆင်းမျိုးစုံ ရူပါရုံကို။ အဘိနန္ဒတိ၊ စုံစုံမက်မက် အလွန်တပ်နှစ်သက်၏။ သော၊ ထိုရူပါရုံကို အလွန်တပ်နှစ်သက်သော ရှင်ဘုရင်မိုက်ကြီးသည်။ ဒုက္ခံ၊ မိမိနှင့်တကွ တဆွေလုံး တမျိုးလုံး တနန်းတော်လုံး သေဆုံးပျက်စီးခြင်း ဆင်းရဲအပေါင်ကို။ အဘိနန္ဒတိ၊ အလွန် တပ်နှစ်သက်သည် မည်၏။ ယော၊ အကြင် ရှင်ဘုရင်မိုက်ကြီးသည်။ ဒုက္ခံ၊ မိမိနှင့်တကွ တဆွေလုံး တမျိုးလုံး တနန်းတော်လုံး သေဆုံးပျက်စီးရခြင်း ဆင်းရဲအပေါင်းကို။ အဘိနန္ဒတိ၊ အလွန် တပ်နှစ်သက်၏။ သော၊ ထိုသေခြင်းဆင်းရဲအပေါင်းကို အလွန်တပ်နှစ်သက်သော ရှင်ဘုရင်မိုက်ကြီးသည်။ ဒုက္ခသ္မာ၊ အဖန်တလဲလဲ သေခြင်းဆင်းရဲအပေါင်းမှ။ အပရိမုတ္တော၊ ထက်ဝန်းကျင် မလွတ်နိုင်။ ဣတိ၊ ဤသို့။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ မုချပုံသေ ဟောခဲ့ပေ၏။

စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ အယံ ဒုက္ခဿ သမုဒယော။(သံ ၁၊ နှာ-၃၀၀။)

စက္ခုံ စ၊ ရှင်ဘုရင်မိုက်ကြီး၏ စက္ခုပသာဒရုပ်ကိုငင်း။ ရူပေ စ၊ ဘီလူးမ၏ အဆင်းရုပ်တို့ကိုငင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ ရှင်ဘုရင်မိုက်ကြီး၏ စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုပသာဒရုပ်, ရူပါရုံ, စက္ခုဝိညာဏ်စိတ် သုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံ တွေ့ထိခြင်းသည်။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ဘီလူးမ၏ ရူပါရုံနှင့် ပေါင်းဆုံတွေ့ထိခြင်းဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဘီလူးမ၏ ရူပါရုံကို ခံစားချင် ဖြစ်သော ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ ဝေဒနာပစ္စယာ၊ ဘီလူးမ၏ ရူပါရုံကို ခံစားစံစားချင်သော ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ ဘီလူးမ၏ ရူပါရုံကို အလွန်စုံမက် တပ်နှစ်သက်သော လောဘသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ အယံ တဏှာ၊ ဤဘီလူးမ၏ ရူပါရုံကို အလွန်စုံမက် တပ်နှစ်သက်သော လောဘသည်။ ဒုက္ခဿ၊ ရှင်ဘုရင်မိုက်ကြီးနှင့်တကွ တဆွေလုံး တမျိုးလုံး တနန်းတော်လုံး သေဘားပျက်စီးခြင်းဆင်းရဲ၏။ သမုဒယော၊ ဖြစ်ကြောင်းပါတည်း။

**သားဆိုးများကို မွေးဖွားခြင်း။**　။ရှင်ဘုရင်မိုက်ကြီး၏ စက္ခုပသာဒ တည်းဟူသော ယောကျ်ားသည် ဘီလူးမ၏ ရူပါရုံရုပ်တည်း ဟူသော မိန်းမနှင့် တွေ့ဆုံ ပေါင်းဖော်ခြင်းကြောင့် တကြိမ် တကြိမ် တပ်နှစ်သက်လျှင် ရာဂတည်း ဟူသော သားညစ် သားဆိုး သားမိုက်တို့သည် ခုနစ်ယောက် ခုနစ်ယောက် ဖွားမြင်လေကုန်၏။

ပဉ္စမဇောတည်း ဟူသော သားကြီးသြရသသည် ပစ္စက္ခမျက်မှောက်၌ ရှင်ဘုရင်မိုက်ကြီးနှင့်တကွ အဆွေလုံး တမျိုးလုံး တနန်းတော်လုံး သေဆုံးပျက်စီးအောင် မကောင်းကျိုးကို ပေးလေ၏။ သတ္တမဇောတည်း ဟူသော သားငယ် သားထွေးသည် ဒုတိယဘဝ၌ မကောင်းကျိုးကို ပေးနိုင်၏။ အလယ်ဇော ငါးချက်တည်း ဟူသော သားလတ်တို့သည် တတိယဘဝမှ စ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် မကောင်းကျိုးကို ပေးနိုင်ကုန်၏။

**အဆင်း၌ တပ်မက်မှု မပြုသင့်။** ။ထို့ကြောင့် အဖန်တလဲလဲ သေဘေးကြီးကို ကြောက်ကုန်သော သူတော်ကောင်း အပေါင်းတို့သည် စက္ခုပသာဒရုပ် တည်းဟူသော သတို့သား၏ ရူပါရုံတည်း ဟူသော သတို့သမီးနှင့် ပေါင်းဖော်ခြင်းကို သမထ ဝိပဿနာ တည်းဟူသော မိဘနှစ်ပါးတို့က မနိုင်လျှင် နိုင်အောင် တားမြစ်ရာ၏။ ထို့ကြောင့်—

စက္ခုရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သော စ၊ သံဝါသံ တေန ဝါရယေ။

စက္ခု၊ ရှင်ဘုရင်မိုက်ကြီး၏ စက္ခုပသာဒရုပ်တည်းဟူသော ယောကျ်ားသည်။ ရူပေန၊ ဘီလူးမ၏ ရူပါရုံ တည်းဟူသော မိန်းမနှင့်။ သံဝါသာ၊ ပေါင်းဖော်ခြင်းကြောင့်။ ရာဂပုတ္တံ၊ ရာဂတည်းဟူသော သားညစ် သားဆိုး သားမိုက်ကို။ ဝိဇာယတိ၊ တကြိမ် တကြိမ် တပ်နှစ်သက်လျှင် ခုနစ်ယောက် ခုနစ်ယောက် ဖွားမြင်လေ၏။ သော စ၊ ထိုရှင်ဘုရင်မိုက်ကြီးက ဖွားမြင်သော ရာဂတည်းဟူသော သားညစ် သားဆိုး သားမိုက်သည်။ မဟာ-နတ္ထကရော၊ ပစ္စုပ္ပန်၌ သေခြင်းဆင်းရဲ, တမလွန်၌ အဖန်တလဲလဲ

သေခြင်း ဆင်းရဲတည်းဟူသော များစွာသော အကျိုးမဲ့ကို ပြုတတ်၏။ တေန၊ ထိုကြောင့်။ သော၊ ထိုအဖန်တလဲလဲ သေခြင်းဆင်းရဲကို ကြောက်သော သူတော်ကောင်း အပေါင်းသည်။ သံဝါသံ၊ စက္ခုပသာဒ ရုပ်တည်းဟူသော သတိုသား၏ ရူပါရုံရုပ်တည်းဟူသော သတိုသမီးနှင့် ပေါင်းဖော်ခြင်းကို။ ဝါရယေ၊ သမထ ဝိပဿနာတည်းဟူသော မိဘနှစ်ပါးက မနိုင်နိုင်အောင် တားမြစ်ရာ၏။ ဝါ၊ တားမြစ်ကြလေ။ ဝါ၊ စက္ခုဒွါရကို စောင့်ရှောက်ကြလေ။

**ဒုက္ခ၏အမြစ်ကို စိစစ်ချက်။** ။အဘယ့်ကြောင့် ရှင်ဘုရင်မိုက်ကြီးနှင့် တကွ တဆွေလုံး တမျိုးလုံး တနန်းတော်လုံး သေဆုံးပျက်စီးခြင်းသို့ ရောက်ကုန်သနည်း ဟူမူ ရှင်ဘုရင်မိုက်ကြီးသည် ဘီလူးမ၏ ရူပါရုံကို တပ်နှစ်သက်သောကြောင့်တည်း။ အဘယ့်ကြောင့် ဘီလူးမ၏ ရူပါရုံကို တပ်နှစ်သက်သနည်း။ စက္ခုဒွါရကို မစောင့် ထိန်းသော ကြောင့်တည်း။ အဘယ့်ကြောင့် စက္ခုဒွါရကို မစောင့်ထိန်းသနည်း။ မနိုဒွါရကို မစောင့်ထိန်းနိုင်သောကြောင့်တည်း။ အဘယ့်ကြောင့် မနိုဒွါရကို မစောင့်ထိန်းနိုင်သနည်း။ သမထ ဝိပဿနာကို အားမထုတ်သောကြောင့်တည်း။ အဘယ့်ကြောင့် သမထ ဝိပဿနာကို အားမထုတ်သနည်း။ ကလျာဏမိတ္တ သပ္ပုရိသသံသေဝကို မရသောကြောင့်တည်း။ အဘယ့်ကြောင့် ကလျာဏမိတ္တ သပ္ပုရိသသံသေဝကို မရသနည်း။ သမထ ဝိပဿနာကို ဟုတ်တိုင်းမှန်စွာ သိမြင်အောင် ဟောပြနိုင်သော ဆရာကို မရသောကြောင့်တည်း။

## မိတ်ဆွေကောင်းကို ပေါင်းရမည်

ထို့ကြောင့်—

ကလျာဏမိတ္တော ဘိက္ခဝေ အကုသလံ ပဇဟတိ ကုသလံ ဘာဝေတိ–

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ အဖန်တလဲလဲ သေဘေးကြီးကို ကြောက်ကန်သော သူတော်ကောင်း အပေါင်းတို့။ ကလျာဏမိတ္တော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းကို ပြတတ်သော အဆွေခင်ပွန်းကောင်းသည်။ အကုသလံ၊ သံသရာရှည်ကြောင်း, အပါယ်လားကြောင်း ဖြစ်သော အကုသိုလ်ကို။ ပဇဟတိ၊ ပွန့်၏။ ကုသလံ၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော သီလ,သမထ, ဝိပဿနာ ကုသိုလ်ကို။ ဘာဝေတိ၊ ပွါးစေ၏။

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။
(နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ၃၅၀။)

ယထာဘူတံ၊ သာမည ဝိပဿနာကို ဟုတ်တိုင်း မှန်စွာ။ ဉာဏာယ၊ ကိုယ်စီ ကိုယ်င သိကြခြင်းငှါ။ သတ္ထာ၊ သေသေချာချာ ဟောပြနိုင်မည့် ဆရာကို။ ပရိယေသိတဗ္ဗော၊ မတွေ့မချင်း ယခု လက်ငင်း ချက်ခြင်း ရှာမှီးအပ်၏။

ရှင်ဘုရင်မိုက်ကြီးနှင့် ကကွ ကျွန်မိုက် ငါးယောက်တို့သည် ဘီလူးမကို လူမိန်းမဘဲဟု အလွဲလွဲမှတ်ထင်ကြ၍ သေကြေပျက်စီးခြင်းသို့ ရောက်ကြကုန်သလို ထိုနည်းတူစွာ ဖြဟ္မွာ နတ် လူ သုံးဘုံ သူတို့သည် ရုပ်နာမ်နှစ်ပါးကို ငါ၊ ကိုယ် သူ့ကိုယ် ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဘဲဟု အလွဲလွဲမှတ်ထင်

ကြ၍ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာ ဝဲသြဲ့ထဲ၌ အဖန်တလဲလဲ သေခြင်းဆင်းရဲသို့ ရောက်ကြကုန်၏။ ထိုရုပ်နာမ်နှစ်ပါးကို ငါကိုယ် သူ့ကိုယ် ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဘဲဟု အလွဲလွဲ မမှတ် မထင်ကြရ အောင် ကာယဝိဝေက, စိတ္တဝိဝေက ရရာအရပ်တို့သို့ ကပ်၍ ပစ္စုပ္ပန်,သံသရာ၌ အကျိုးရှိသည်, မရှိသည်ကို ဟုတ်တိုင်းမှန်စွာ သိစေခြင်းငှါလည်း၊ နာမရူပပရိစ္ဆေဒဉာဏ် စသည်ကို ဟုတ်တိုင်း မှန်စွာ သိစေခြင်းငှါလည်း၊ လူနတ်ဗြဟ္မာ သတ္တဝါများစွာ မိမိဖြစ်ခဲ့ ရ၍ အဖန်တလဲလဲ သေခြင်းဆင်းရဲကို ဟုတ်တိုင်းမှန်စွာ သိစေ ခြင်းငှါလည်း မြတ်စွာဘုရားသခင်သည်—

ပဋိသလ္လာနေ ဘိက္ခဝေ ယောဂမာပဇ္ဇထ။ ပဋိသလ္လီနော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ သမာဓိံ ဘိက္ခဝေ ဘာဝေထ။ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ—

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ အဖန်တလဲလဲ သေမည့်အရေး လာမည့်ဘေးကို မြော်တွေးကြောက်ဘိ အိုပညာရှိတို့။ ပဋိသလ္လာနေ၊ အဖော်မမှီး တယောက်အထီးတည်း နေခြင်း၌။ ယောဂံ၊ အားထုတ်ခြင်း လုံ့လကို။ အာပဇ္ဇထ၊ ဖြစ်စေကြကုန်လော့။ ဘိက္ခဝေ၊ တို့။ ပဋိ- သလ္လီနော၊ အဖော်မမှီး တယောက် အထီးတည်း နေလေ့ရှိသော။ ဘိက္ခု၊ အဖန်တလဲလဲ သေဘေးကို ရှုသောသူသည်။ ယထာဘူတံ၊ ပစ္စုပ္ပန်,သံသရာ၌ အကျိုးရှိသည်, မရှိသည်ကို ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိမြင်၍လာ၏။ ဘိက္ခဝေ၊ တို့။ သမာဓိံ၊ စိတ် တည်ကြည် ငြိမ်သက်အောင် သမထကမ္မဋ္ဌာန်းကို။ ဘာဝေထ၊

ပွါးကြကုန်လော့။ ဘိက္ခဝေ၊ တို့။ သမာဟိတော၊ စိတ်တည်ကြည် ငြိမ်သက်ခြင်းရှိသော။ ဘိက္ခု၊ သည်။ ယထာဘူတံ၊ နာမရူပ ပရိစ္ဆေဒဉာဏ် စသည်ကို ဟုတ်တိုင်းမှန်စွာ။ ဝါ၊ လူ နတ် ဗြဟ္မာ သတ္တဝါများစွာ ဖြစ်ခဲ့ရ၍ အဖန်တလဲလဲ သေခြင်းဆင်းရဲကို ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိမြင်၍လာ၏။

သမုဒယသစ္စာ, မဂ္ဂဒုက္ခသစ္စာနှစ်ပါးကို
ဝဋ္ဋနှင့်တကွ ပြဆိုချက် ပြီး၏။

---

**သစ္စာလေးတန်ကို ဉာဏ်ဖြင့် ဆင်ခြင်ရန်**

သစ္စာလေးပါးကို ဉာဏ်ဖြင့် ဆင်ခြင်ရန်ကို ပြဆိုပေအံ့—

**ဒုက္ခနှင့် နိရောဓ ဆင်ခြင်ရန်။** ။ဒုက္ခသစ္စာ,နိရောဓသစ္စာ နှစ်ပါးကို ဉာဏ်ဖြင့်ဆင်ခြင်ရန်ကို ပြဆိုချက်–

"အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ"ဟူသော ဓမ္မပဒပါဠိတော်၌ "အပ္ပမတ္တာ န မီယန္တိ"ဟူသောပုဒ်ဖြင့် နိရောဓ သစ္စာကို ပြ၏။ "ယေ ပမတ္တာ ယထာ မတာ"ဟူသောပုဒ်ဖြင့် ဒုက္ခသစ္စာကို ပြ၏။ ၎င်းပါဠိတော်နှင့်အညီ သစ္စာနှစ်ပါးကိုပြအံ့။

ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး ဟူ၍ မီးတဆယ့်တပါး အပြားရှိ၏။

ထိုမီးတို့တွင် ရာဂမီးသည် အလွန်ပူစွပါတကား။ ရာဂမီး ငြိမ်းရာ နိဗ္ဗာန်သည် အလွန်အေးစွပါတကား။ ဒေါသမီးသည် အလွန်ပူစွပါတကား။ ဒေါသမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန် အေးစွပါတကား။ မောဟမီးသည် အလွန်ပူစွပါတကား။ မောဟမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန် အေးစွပါတကား။ ဇာတိ

မီးသည် အလွန်ပူစွပါတကား။ ဇာတိမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန်အေးစွပါတကား။ ဇရာမီးသည် အလွန်ပူစွပါတကား။ ဇရာမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန် အေးစွပါတကား။ မရဏမီးသည် အလွန်ပူစွပါတကား။ မရဏမီ ငြိမ်းရာ နိဗ္ဗာန်သည် အလွန် အေးစွပါတကား။ သောကမီးသည် အလွန်ပူစွပါတကား။ သောကမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန် အေးစွပါတကား။ ပရိဒေဝမီးသည် အလွန်ပူစွပါတကား။ ပရိဒေဝမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန်အေးစွပါတကား။ ဒုက္ခမီးသည် အလွန်ပူစွပါတကား။ ဒုက္ခမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန်အေးစွပါတကား။ ဒေါမနဿမီးသည် အလွန်ပူစွပါတကား။ ဒေါမနဿမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန်အေးစွပါတကား။ ဥပါယာသမီးသည် အလွန်ပူစွပါတကား။ ဥပါယာသမီးငြိမ်းရာ နိဗ္ဗာန်သည် အလွန်အေးစွပါတကား။

ထိုမီးဘို့တွင် သတ္တဝါဟူသမျှသည် မရဏဒုက္ခ သေဘေးကြီးကို အကြောက်ဆုံးတည်း။ ထိုမရဏဒုက္ခမီးကြီး လောင်မှန်းကိုကေန်အမှန် သိအောင် မရဏဒုက္ခမီး ငြိမ်းအေးရာ နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ကြောင်းဖြစ်သော သေခြင်းတရားကို ဇွရိယာ ပုဆ်လေးပါးဖြင့် မီးပွတ်သော ယောကျ်ားကဲ့သို့ မနေမနား လွန်ကြိုးစား အားထုတ်နိုင်ကြစေကုန်သတည်း။

မီးဟူသမျှတို့တွင် အစဆုံးပြသော ရာဂမီးကို အပူဆုံးဟူ၍ မှတ်။ ထို့ကြောင့် "နတ္ထိ ရာဂသမော အဂ္ဂိ"ဟူ၍ ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။ ရုပ်နာမ်နှစ်ပါး ရှိခြင်းသည် အလွန်ပူစွပါတကား။ ရုပ်နာမ်နှစ်ပါး မရှိရာ နိဗ္ဗာန်သည် အလွန်အေးစွပါတကား။ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း ပျက်ခြင်း ရှိခြင်းသည်

အလွန်ပူစွပါတကား။ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း ပျက်ခြင်းမရှိရာ နိဗ္ဗာန်သည် အလွန် အေးစွပါတကား။ ရုပ်နာမ်နှစ်ပါးကို ချစ်ခြင်း မုန်းခြင်းရှိခြင်းသည် အလွန်ပူစွပါတကား။ ရုပ်နာမ်နှစ်ပါးကို ချစ်ခြင်း မုန်းခြင်းမရှိရာ နိဗ္ဗာန်သည် အလွန်အေးစွပါတကား။

ဒုက္ခသစ္စာ, နိရောဓသစ္စာ နှစ်တန်ကို
ဉာဏ်ဖြင့်ဆင်ခြင်ရန် ပြဆိုချက် ပြီး၏။

---

**သမုဒယသစ္စာ, မဂ္ဂသစ္စာနှစ်တန်ကို**
**ဉာဏ်ဖြင့်ဆင်ခြင်ရန် ပြဆိုချက်**

"အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ" ဟူသော ဓမ္မပဒပါဠိတော်၌ "အပ္ပမာဒေါ အမတံ ပဒံ" ဟူသောပုဒ်ဖြင့် မဂ္ဂသစ္စာကို ပြ၏။ "ပမာဒေါ မစ္စုနော ပဒံ" ဟူသောပုဒ်ဖြင့် သမုဒယသစ္စာကို ပြ၏။ ၎င်းပါဠိတော်နှင့်အညီ သစ္စာနှစ်ပါးကို ပြအံ့။

လောဘဖြစ်ခြင်းသည် အလွန်ပူခြင်း၏ အကြောင်း ဖြစ်ပါတကား၊ အလောဘဖြစ်ခြင်းသည် အလွန်အေးခြင်း၏ အကြောင်း ဖြစ်ပါတကား။ ဒေါသဖြစ်ခြင်းသည် အလွန်ပူခြင်း၏ အကြောင်း ဖြစ်ပါတကား၊ အဒေါသဖြစ်ခြင်းသည် အလွန်အေးခြင်း၏ အကြောင်းဖြစ်ပါတကား။ မောဟဖြစ်ခြင်းသည် အလွန်ပူခြင်း၏ အကြောင်း ဖြစ်ပါတကား၊ အမောဟဖြစ်ခြင်းသည် အလွန်အေးခြင်း၏ အကြောင်းဖြစ်ပါတကား။

ဒုစရိုက်ကို ပြုခြင်းသည် အလွန်ပူခြင်း၏ အကြောင်းဖြစ်ပါတကား။ နိဗ္ဗာန်ကို တောင့်တ၍ သုစရိုက်ကို ပြုခြင်းသည်

အလွန်အေးခြင်း၏ အကြောင်းဖြစ်ပါတကား။ ဘုံသုံးပါးကို တောင့်တ၍ ပုညကြိယာကို ပြုခြင်းသည် အလွန် ပူခြင်း၏ အကြောင်းဖြစ်ပါတကား။ နိဗ္ဗာန်ကို တောင့်တ၍ ပုညကြိယာကို ပြုခြင်းသည် အလွန်အေးခြင်း၏ အကြောင်းဖြစ်ပါတကား။ ပါရမီကို မဖြည့်ခြင်းသည် အလွန်ပူခြင်း၏ အကြောင်းဖြစ်ပါတကား။ ပါရမီကို ဖြည့်ခြင်းသည် အလွန်အေးခြင်း၏ အကြောင်းဖြစ်ပါ တကား။

ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို မစွန့်နိုင်ခြင်းသည် အလွန်ပူခြင်း၏ အကြောင်းဖြစ်ပါတကား။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို စွန့်နိုင် ခြင်းသည် အလွန်အေးခြင်း၏ အကြောင်းဖြစ်ပါတကား။ ဤပုဂ္ဂိုလ် ဤပစ္စည်းတို့ကို မစွန့်နိုင်ခြင်းသည် အလွန် ပူခဲကြီး ပူလုံးကြီး ဖြစ်ခြင်း၏ အကြောင်းဖြစ်ပါတကား။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို စွန့်နိုင်ခြင်းသည် အလွန်အေးခဲကြီး အေးလုံးကြီး ဖြစ်ခြင်း၏ အကြောင်းဖြစ်ပါတကား။ ဤပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို မစွန့်နိုင် ခြင်းသည် အလွန်ဆင်းရဲခြင်း၏ အကြောင်းဖြစ်ပါတကား။ ဤ ပုဂ္ဂိုလ်, ဤပစ္စည်းတို့ကို စွန့်နိုင်ခြင်းသည် အလွန်ချမ်းသာခြင်း၏ အကြောင်းဖြစ်ပါတကား။

"နတ္ထိ ခန္ဓသမာ ဒုက္ခာ" ဟူသော ဓမ္မပဒပါဠိတော်နှင့်အညီ ဘုံသုံးပါး၌ ခန္ဓာငါးပါး ရုပ်နာမ်တရားနှင့် တူသော ဆင်းရဲ မည်သည် မရှိ။ ထို့ကြောင့်—

> ဣမေသံ မမ ခန္ဓာနံ ဥပ္ပဇ္ဇနံ ဝါ ဘိဇ္ဇနံ ဝါ ဒုက္ခဒုက္ခံ အတိဒုက္ခံ၊ တတော ကဒါပိ မုစ္စေယျံ။ သာဓု ဝတ မုစ္စနံ။ သာဓု ဝတ အပဂမနံ။ သာဓု ဝတ နိဗ္ဗုတိ။ ဧဝံ မုစ္စနာနုပဿနံ မုဉ္စိတုကမျတာဉာဏံ။

မမ၊ ငါဟုသမုတ် အကောင်ပုပ်၏။ ဧတမေသံ ခန္ဓာနံ၊ ဤခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၏။ ဥပ္ပဇ္ဇနံ ဝါ၊ ဖြစ်ခြင်းသည်၎င်း။ ဘိဇ္ဇနံ ဝါ၊ ပျက်စီးခြင်းသည်၎င်း။ ဝါ၊ လူ နတ် ဗြဟ္မာ သတ္တဝါ များစွာ ဖြစ်ခဲ့ရခြင်း ပျက်ခဲ့ရခြင်းသည်၎င်း။ ဒုက္ခဒုက္ခံ၊ ဆင်းရဲကြီးငယ် အသွယ်သွယ်နှိပ်နင်း ပင်ပန်းခြင်း ဖြစ်ရ၏။ အတိဒုက္ခံ၊ အလွန်အကဲ လွန်ဆင်းရဲ အမြဲဖြစ်ရ၏။ တဘော၊ ထိုဆင်းရဲပေါင်းစုံ သုံးပါးဘုံမှ။ ဝါ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားမှ။ ကဒါ၊ အဘယ်အခါ၌။ အဟံ၊ ငါဟုသမုတ် အကောင်ပုပ်သည်။ မုစ္စေယျံ၊ စင်စစ်မချွတ် ကင် လွတ်ရပါအံ့နည်း။ မုစ္စနံ၊ စင်စစ်မချွတ် ကင်း လွတ်ရပါမူ။ သာဓု ဝတ၊ ကြော် ကောင်းလေအံ့ပါတကား။ အပဂမနံ၊ ချုပ်ပျောက်သန့်ရှင်း ကင်းလွတ်ရပါမူ။ သာဓု ဝတ၊ ကြော် ကောင်းလေအံ့ပါတကား။ နိဗ္ဗုတိ၊ အခါခပ်သိမ်း အေးငြိမ်း ရပါမူ။ သာဓုဝတ၊ ကြော် ကောင်းလေအံ့ပါတကား။ ဧဝံ၊ ဤသို့။ မုစ္စနာနုပဿနံ၊ ဆင်းရဲပေါင်းစုံ သုံးပါးဘုံမှ လွတ်လိုသော အခြင်းအရာဖြင့် ရှုဆင်ခြင် ထင်မြင်သော ဉာဏ်သည်။ မုဉ္စိတု-ကမျတာဉာဏံ၊ မုဉ္စိတုကမျတာဉာဏ် မည်၏။ (ရဟန်းသာမဏေ လူသူတော်စင် သံလရှင်တို့ နှလုံးသွင်းဘို့။)

**မဂ္ဂသစ္စာ,နိရောဓသစ္စာနှစ်ဘန်ကို ဉာဏ်ဖြင့်ဆင်ခြင်ရန် ပြဆိုချက်**

"ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ" ဟူသော ဓမ္မပဒပါဠိတော်၌ "ပိယတော ဝိပ္ပမုတ္တဿ" ဟူသော ပုဒ်ဖြင့် မဂ္ဂသစ္စာကို ပြ၏။ "နတ္ထိ သောကော ကုတော ဘယံ" ဟူသော ပုဒ်ဖြင့် နိရောဓသစ္စာကို ပြ၏။ ၎င်းပါဠိတော်နှင့်အညီ သစ္စာနှစ်ပါးကို ပြအံ့—

မြဟ္မာ နတ်လူ သုံးဘုံသူတို့၏ အား ထုတ်သော သီလ, သမထ ဝိပဿနာကုသိုလ်သည် အနုပါဒိသေသ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်းပါတကား။ သီလ, သမထ, ဝိပဿနာကို အား ထုတ်သော ဗြဟ္မာ နတ် လူ သုံးဘုံသူတို့၏ချုပ်ရာ အနုပါဒိသေသ နိဗ္ဗာန်ကြီးသည် အလွန် ချမ်းသာစွပါတကား။ သောတာပန်, သကဒါဂါမဲ, အနာဂါမ်တို့၏ အားထုတ်သော သီလ, သမထ, ဝိပဿနာကုသိုလ်သည် အနုပါဒိသေသ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်းပါတကား။ သီလ, သမထ, ဝိပဿနာကို အား ထုတ်သော သောတာပန်, သကဒါဂါမိ, အနာဂါမ်တို့၏ ချုပ်ရာ အနုပါဒိသေသ နိဗ္ဗာန်ကြီးသည် အလွန် ချမ်းသာစွပါတကား။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့၏ ရှေးရှေးက အား ထုတ်ဘူးသော သီလ, သမထ, ဝိပဿနာကုသိုလ်သည် အနုပါဒိ-သေသ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်းပါတကား။ ရှေး ရှေးက သီလ, သမထ, ဝိပဿနာကို အားထုတ်ဘူးသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့၏ ကိန်းအောင်းမွေလျော် စံပျော်ရာ အနုပါဒိသေသ နိဗ္ဗာန်ကြီးသည် အလွန်ချမ်းသာစွပါ တကား။

မဂ္ဂသစ္စာ နိရောဓသစ္စာ နှစ်ပါးကို ဉာဏ်ဖြင့်
ဆင်ခြင်ရန်ကို ပြဆိုချက် ပြီး၏။

ဒသမကဏ္ဍ ပြီး၏။

# ဇေကာဒသမကဏ္ဍ

## နိဗ္ဗာန်သို့ အမြန်ရောက်ကြောင်းတရား ၆-ပါး

နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ကြောင်းတရား အကျဉ်းချုပ်စကား ခြောက်ပါးကို ပြဆိုပေအံ့—

သမထ ဝိပဿနာ အားထုတ်၍ ထင်မြင်ပြီးသော ယောဂီပုဂ္ဂိုလ်တို့မှာ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်လျင်မြန်မြန်ကြီး အလိုရှိပါလျှင်—

(၁) ပလိဗောဓကြီးကို ပါး, ဆယ်ပါးတို့ကို အဟုတ်အဟုတ်တကယ်ဖြတ်ရမည်။

(၂) စိတ်ဘည်ကြည် ငြိမ်သက်အောင် မိမိယင်မြင်ဘူးသောသမထကို အားထုတ်ရမည်။

(၃) စိတ်တည်ကြည် ငြိမ်သက်လျှင် သစ္စာလေးပါး အကျဉ်းအကျယ်ကို ဉာဏ်ဖြင့် ဆင်ခြင်ရမည်။

(၄) ဆင်ခြင်၍ပြီးလျှင် နာမရူပပရိစ္ဆေဒဉာဏ်မှ စ၍ သင်္ခါရုပေက္ခာဉာဏ် တိုင်အောင် ဉာဏ်ဖြင့် ဆင်ခြင်ရမည်။

(၅) ၎င်းအကျယ်ကို မဆင်ခြင်နိုင်သော သူမှာ ရုပ်နာမ်, ရုပ်နာမ် ယခုဖြစ် ယခုပျက်။ ရုပ်နာမ် မချစ်နှင့် မမုန်းနှင့်။ ၎င်းအကျဉ်းကို ဉာဏ်ဖြင့် ဆင်ခြင်ရမည်။ ဆင်ခြင်၍ပြီးလျှင် မေတ္တာသုတ်၏ အနက်အဓိပ္ပါယ်ကို ဉာဏ်ဖြင့် ဆင်ခြင်ရမည်။

(၆) ဇာရိယာပုတ် လေးပါး၌ ပစ္စုပ္ပန် မရဏ ဒုက္ခဘေးကြီးကို သမ္ပဇဉ်တရားနှင့် အညီ အမြဲဆင်ခြင်ရမည်။

ဝှင်းဘုရားခြောက်ပါးနှင့် ပြည့်စုံအောင် ဆင်ခြင်နိုင်လျှင် နေယျပုဂ္ဂိုလ်ဖြစ်က ယခုဘဝ၌ မဂ်ဖိုလ်ရနိုင်၏။ ပဒပရမပုဂ္ဂိုလ် ဖြစ်က ဒုတိယဘဝ၌ မဂ်ဖိုလ်ရနိုင်၏။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ကို လျင်လျင်မြန်မြန်ကြီး အလိုရှိသော သူတော်ကောင်း အပေါင်း တို့သည် ဝှင်းတရား ခြောက်ပါးနှင့် ညီအောင် လွန်စွာကြိုးစား အားထုတ်၍ ပွါးများနိုင်ကြစေကုန်သတည်း။

နိဗ္ဗာန်သို့ လျင်မြန်စွာရောက်ကြောင်းတရား
အကျဉ်းချုပ်စကားခြောက်ပါး ပြဆိုချက် ပြီး၏။

---

**ဓမ္မကထိကတို့အား သတိပေးချက်**

ဓမ္မကထိကပုဂ္ဂိုလ်တို့ နှလုံးသွင်းရန်ကို ပြဆိုပေအံ့—

**သစ္စာပြ၍ တရားသိမ်းရန်။** ။ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် တရား ဟောတိုင်း တရားဟောတိုင်း တရား၏အဆုံး၌ သစ္စာလေးပါးကို အကျဉ်းအကျယ်ပြ၍ တရားဟော လျှင် အလွန်ကျေးဇူးများ၏၊ အဘယ်ကဲ့သို့ ကျေးဇူးများပါသနည်း ဟူမူ သစ္စာလေးပါးကို သိသော သုတမယဉာဏ်သည် သစ္စာ လေးပါးကို အကျဉ်းအကျယ်အားဖြင့် ဟောမည်ဟု ကြံစည်သော စိန္တာမယ ဉာဏ်အား ကျေးဇူးပြု၏။ သစ္စာလေးပါးကို ကြံစည် သော စိန္တာမယဉာဏ်သည် သစ္စာလေးပါးကို သိသော ဘာဝနာ-မယဉာဏ်အား ကျေးဇူးပြု၏။ သစ္စာလေးပါးကို သိသော ဘာ-ဝနာမယဉာဏ်သည် သစ္စာလေးပါးကို သိသော မဂ်ဉာဏ်အား ကျေးဇူးပြု၏။ မဂ်ဉာဏ်ကို ရပါလျှင် အလွန်ကျေးဇူးများ၏။ သစ္စာလေးပါးကို ဆက်လက်၍ တရားဟောလျှင် တရားဟော

သော ပုဂ္ဂိုလ်, တရားနာသော ပုဂ္ဂိုလ်တို့မှာ ယခုဘဝ-နောက်ဘဝတို့၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိစွမ်းနိုင်သော မဂ်ဉာဏ်ကို လျင်မြန်စွာ ရကြောင်းပေတည်း။

**ဓနဉ္စာနိပုဏ္ဏားဝတ္ထု။** ။အဘယ်ပုဂ္ဂိုလ်သည် တရား၏အဆုံး၌သစ္စာလေးပါးကို ဆက်၍ မနာရခြင်းကြောင့် မဂ်ဖိုလ်မရသနည်း။ အရှင်သာရိပုတ္တရာသည် ဓနဉ္စာနိပုဏ္ဏားအား တရားဟောသောကာလ တရား၏ အဆုံး၌ သစ္စာလေးပါးကို ဆက်၍ မဟောခြင်းကြောင့် ဓနဉ္စာနိပုဏ္ဏားသည် စုတေ့လျင် ဗြဟ္မာ့ပြည်သို့ ရောက်လေ၏။ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းကို မြတ်စွာဘုရားအား လျှောက်၏။

မြတ်စွာဘုရားသည် "ချစ်သား သာရိပုတ္တရာ တရား၏အဆုံး၌ အဘယ့်ကြောင့် သစ္စာလေးပါးကို ဆက်၍ မဟောသနည်း"ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာသည် ဗြဟ္မာ့ပြည်သို့ လိုက်၍ သစ္စာလေးပါးကို ဆက်လက်ကာ တရားဟောရပြန်၏။ ဗြဟ္မာသည် သစ္စာလေးပါး မြတ်တရားကို ကြားနာရပြန်၍ မဂ်ဖိုလ်ရလေ၏။ ထို့ကြောင့် တရား၏အဆုံး၌ သစ္စာလေးပါးကို အကျဉ်းအကျယ် ပြ၍ တရားဟောရမည်။

**သစ္စာကို အကျယ်ပြဟောခြင်း အကျိုး။** ။တရား၏အဆုံး၌ သစ္စာလေးပါးကို အကျဉ်းအကျယ် ပြပြီး၍ တရားသိမ်းရန်ကား—

မရဏဒုက္ခ သေဘေးကြီး ကို အလွန်အမင်း ကြောက်၍ မရဏဒုက္ခသစ္စာကို သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်ဖြင့် ပိုင်းခြား၍ ကေန်အမှန် သိမြင်ပြီးသော တရားနာ

ပရိသတ်အပေါင်း သူတော်ကောင်း တို့သည် မရဏဒုက္ခ သေဘေးကြီးဖြစ်ခြင်း၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို ကေန်အမှန် ပယ်နိုင်ကြပြီး မရဏဒုက္ခ သေဘေးကြီး လွတ်ရာ နိရောဓသစ္စာဟု ဆိုအပ်သော နိဗ္ဗာန်ချမ်းသာကြီးကို လျင်မြန်စွာ ရပါလို၏ဟု ပတ္ထနာအာသီသပြုကြ၍ မရဏဒုက္ခ သေဘေးကြီး လွတ်ရာ နိဗ္ဗာန်ချမ်းသာကြီးကို လျင်မြန်စွာ ရခြင်း၏ အကြောင်း ဖြစ်သော သီလ, သမထ, ဝိပဿနာဟု ဆိုအပ်သော မဂ္ဂသစ္စာကို ပွါးများ လွန်ကြိုးစား၍ အားထုတ်ကြကုန်။

ဓမ္မကထိက ပုဂ္ဂိုလ်တို့ နှလုံးသွင်းရန် ပြဆိုချက် ပြီး၏။
သစ္စာလေးပါးအကျယ်ကို ပြဆိုချက် ပြီး၏။

---

## သီလာနုဿတိ စီးဖြန်းနည်း

သီလာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်းကို ပြဆိုပေအံ့—

**သီလာနုဿတိ သုံးမျိုး။** ။"ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ" ဟူသော ပါဠိနှင့်အညီ သီလာနုဿတိ ကမ္မဋ္ဌာန်းသည်—

၁။ ဟီနသီလာနုဿတိ ကမ္မဋ္ဌာန်း၊

၂။ မဇ္ဈိမသီလာနုဿတိ ကမ္မဋ္ဌာန်း၊

၃။ ပဏီတသီလာနုဿတိ ကမ္မဋ္ဌာန်း—

ဟူ၍ သုံးပါးအပြား ရှိ၏။

**ဟီနသီလာနုဿတိ။** ။ထိုတွင် ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါး သီလ စတုပါရိသုဒ္ဓိသီလ တို့နှင့် ပြည့်စုံ ကာမတ္တဖြစ်သော ယုတ်ညံ့သော သီလသည် ဟီနသီလာနုဿတိ ကမ္မဋ္ဌာန်း မည်၏။

**မဇ္ဈိမသီလာနုဿတိ**။ ။မိမိမိမိတို့၌ ဆောက်တည်ပြီးသောသီလကို တနာရီ စသည် အောက်မေ့ ဆင်ခြင်၍ စိတ်ဖြင့် စီးဖြန်းသော အလယ်အလတ် ဖြစ်သော သီလသည် မဇ္ဈိမသီလာနုဿတိ ကမ္မဋ္ဌာန်း မည်၏။

**ပဏီတသီလာနုဿတိ**။ ။မိမိ မိမိတို့၌ ရအပ်သော သီလ ကုသိုလ် စေတနာကို စေတနာ, စေတနာ ဟု စီးဖြန်း။ ထိုစေတနာသည် ငါ့ကိုယ် ကောင်မဟုတ်၊ စေတနာသာ ကောင်ဟုတ်၏ ဟု ဉာဏ်ဖြင့် အကြိမ်သုံးဆယ်စီ ဆင်ခြင်ရမည်။ စေတနာကို ငါ့ကိုယ် ကောင်ဟုတ်သည်ဟု မှတ်ထင်လျှင် သက္ကာယဒိဋ္ဌိ ဖြစ်၏။ စေတနာကို ငါ့ကိုယ် ကောင်မဟုတ်ဟု သိသော ဉာဏ်သည် ပညာဖြစ်၏။ စေတနာကို စေတနာ ကောင် ဟုတ်သည်ဟု သိသောဉာဏ်သည် ပညာဖြစ်၏။ အကြိမ်သုံးဆယ်စီ ဉာဏ်ဖြင့် ဆင်ခြင်ရမည်။ ပညာဖြစ်လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ဟု ဆိုလိုသည်။

စေတနာ ယခုဖြစ် ယခုပျက်၏။ စေတနာ ယခု များစွာဖြစ် ယခု များစွာပျက်၏။ စေတနာ ယခု မရေတွက်နိုင်အောင် ဖြစ် ယခု မရေတွက်နိုင်အောင် ပျက်၏။ အကြိမ်သုံးဆယ်စီ စိတ်ဖြင့် စီးဖြန်းရမည်။

စေတနာသည် ယခုဖြစ် ယခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ စေတနာသည် ယခုဖြစ် ယခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ စေတနာသည် ယခုဖြစ် ယခုပျက်၍ အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။ စေတနာသည် ယခုဖြစ် ယခုပျက်၍ မတင့်တယ်လေသောကြောင့် အသုဘ အသုဘဟု အကြိမ်သုံးဆယ်စီ စိတ်ဖြင့် စီးဖြန်း။

**ဉဒယဗ္ဗယဉာဏ် အကျိုးကြီးပုံ**

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဉဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဉဒယဗ္ဗယံ။
(ဓမ္မပဒပါဠိတော် နှာ-၃၀)

ဉဒယဗ္ဗယံ၊ စေတနာ၏ ဖြစ်ခြင်း ပျက်ခြင်းကို။ အပဿံ-အပဿန္တော၊ တကြိမ်တခါမျှ မထင် မမြင်ဘူးသေးသော။ ယော စ၊ အကြင် သီလဆောက်တည်သော ပုဂ္ဂိုလ်သည်ကား။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ရာ၏။ တဿ၊ ထိုစေတနာ၏ ဖြစ်ခြင်း ပျက်ခြင်းကို မထင်မမြင်ဘူးသေးသော သီလဆောက်တည်သော ပုဂ္ဂိုလ်၏။ ဇီဝိတံ၊ အသက်တရာ ရှည်သောထက်။ ဉဒယဗ္ဗယံ၊ စေတနာ၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿတော၊ ထင်မြင်သော သီလယောဂီ ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ အလွန် မြတ်ပါသေး၏။

ဤဒေသနာကား နေယျတ္ထဒေသနာ ဖြစ်၏။ နီတတ္ထဒေသနာ ကား ပဋ္ဌာနစာရိကို ဟောတော်မူ၏။

စေတနာ ဖြစ်ခြင်း ပျက်ခြင်းသည် သူ့သဘောအတိုင်း ဖြစ် ပျက်ပါတကား။ ဖြစ်ခြင်း ပျက်ခြင်းရှိသော စေတနာသည် နိစ္စ-သုခ-အတ္တ-သုဘမှ ကင်းဆိတ်ပါတကား။

နိစ္စ-သုခ-အတ္တ-သုဘမှ ကင်းဆိတ်သော စေတနာသည် ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ခဲ့ပါတကား။

ငါ-သူတပါး-ယောက်ျား-မိန်းမ-လူ-နတ်-ဗြဟ္မာ-ပုဂ္ဂိုလ်-သတ္တဝါ မဟုတ်သော စေတနာသည် ချစ်ခြင်း မုန်းခြင်းမရှိ၊ လျစ်လျူသာ ရှုဖွယ်ရှိစွပါတကား။ စေတနာကို ချစ်ခြင်း မုန် ခြင်းမရှိ၊ လျစ်လျူရှုမှသာ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလိမ့်ပါတကား။

မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရမှ နိစ္စသုခ အေးမြချမ်းသာကြီးကို ရလိမ့်ပါတကား။ ဆယ်ကြိမ်စီ စီးဖြန်း။

စေတနာကို ငါ၏စေတနာဟု မှတ်ထင်ခြင်းသည် တဏှာ ဖြစ်၏။ စေတနာကို ငါ့,ငါဟု မှတ်ထင်ခြင်းသည် မာန ဖြစ်၏။ စေတနာကို ငါ့ ကိုယ်ဟု မှတ်ထင်လျှင် ဒိဋ္ဌိ ဖြစ်၏။ တဏှာ မာန ဒိဋ္ဌိသည် လောဘနှင့်ယှဉ်သောကြောင့် စေတနာကို ချစ်သည် မည်၏။ စေတနာကို နှလုံးမသာမယာရှိခြင်းသည် စေတနာကို မုန်းသည်မည်၏။ စေတနာ ဖြစ်ခြင်း ပျက်ခြင်းသည် သူ့သဘော အတိုင်း ဖြစ်ပျက်ပါတကားဟု သိသော ဉာဏ်သည် စေတနာကို လျစ်လျူရှုသည် မည်၏။

ပဏ္ဍိတာသီလာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်းတည်း။

အကျဉ်းစီးဖြန်းနည်းကား–

စေတနာ စေတနာ။

စေတနာ ယခုဖြစ် ယခုပျက်၏။ စေတနာ ယခုဖြစ် ယခုပျက်၏။

စေတနာကို မချစ်နှင့် မမုန်းနှင့်။ စေတနာကို မချစ်နှင့် မမုန်းနှင့်။ အကြိမ်သုံး ဆယ်စီ စီးဖြန်း။

ပဏ္ဍိတာသီလာနုဿတိကမ္မဋ္ဌာန်းအကျဉ်း စီးဖြန်းနည်း ပြီး၏။

သီလာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်း ပြဆိုချက်ပြီး၏။

## စာဂါနုဿတိ စီးဖြန်းနည်း

စာဂါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်းကို ပြဆိုပေအံ့—

သီလေ ပတိဋ္ဌာယ ဒိန္နံ မဟပ္ဖလံ။

သီလေ၊ ဝါရိတ္တဘာဂိယသီလ, ဝိသေသဘာဂိယသီလ၊ နိဗ္ဗေဓ-ဘာဂိယသီလ၌။ ပတိဋ္ဌာယ၊ ဆောက်တည်ပြီး၍။ ဝါ၊ သီလ, သမထ, ဝိပဿနာတို့ကို အားထုတ်ပြီး၍။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ များသော အကျိုးရှိ၏။

**လိုရင်းအဓိပ္ပါယ်။**　။လိုရင်းကြီး ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား—အလှူပေးသည်ရှိသော် ရှေးဦးစွာ သီလ, သမထ, ဝိပဿနာတို့ကို အားထုတ်ပြီးမှ အလှူပေးလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရနိုင်၏ဟု ဆိုလိုသည်။

အလှူတကြိမ်ပေးလျှင် ပုညကြိယာဆယ်ပါး၊ ပါရမီဆယ်ပါးတို့ကို ပြည့်စုံအောင် အလှူပေးရမည်။ လူ့ဘုံ, နတ်ဘုံကို တောင့်တ၍ ပေးသောအလှူသည် သံသရာဝဋ်ဆင်းရဲကြီး၌ ကျင်လည်ကြောင်းဖြစ်သောကြောင့် မကောင်း။ နိဗ္ဗာန် ချမ်းသာကြီးကို တောင့်တ၍ ပေးသောအလှူသည် သံသရာဝဋ်ဆင်းရဲကြီးမှ ထွက်မြောက်ကြောင်းဖြစ်သောကြောင့် အလွန်ကောင်း၏။ ထိုပုညကြိယာဆယ်ပါးတို့တွင် ဒါန, သီလ, ဘာဝနာသုံးပါးတို့ကို လိုရင်းကြီးဟူ၍မှတ်။

ထိုသုံးပါးတို့တွင် သီလကို ရှေးဦးစွာ ဆောက်တည်ပြီးမှ ဒါနကို သမထ ဝိပဿနာ ဘာဝနာပွါးရမည်။ ဒါနသည် ဝတ္ထုဒါန, စေတနာဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ ဘာဝနာသည် သမထဘာဝနာ, ဝိပဿနာဘာဝနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထို

တွင် ဝဋ္ဋုဒါနကို သမထ ဘာဝနာဖြစ်အောင် ပွါးရမည်၊ စေတနာဒါနကို ဝိပဿနာ ဘာဝနာဖြစ်အောင် ပွါးရမည်။

**စာဂါနုဿတိ သုံးမျိုး။** ။ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။ ကမ္မဋ္ဌာနဝိနိမုတ္တော၊ ကမ္မဋ္ဌာန်းမှ လွတ်သော။ ဓမ္မော နာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။

မြတ်စွာဘုရား တရားဟောသည် "ကမ္မဋ္ဌာန်းမှ လွတ်သော တရားမည်သည်မရှိ"ဆိုသည်နှင့်အညီ အလှူပေးခြင်းသည် စာဂါ-နုဿတိ ကမ္မဋ္ဌာန်း မည်၏။ ထိုစာဂါနုဿတိကမ္မဋ္ဌာန်းသည်—

၁။ ဟီနစာဂါနုဿတိကမ္မဋ္ဌာန်း၊

၂။ မဇ္ဈိမစာဂါနုဿတိကမ္မဋ္ဌာန်း၊

၃။ ပဏီတစာဂါနုဿတိကမ္မဋ္ဌာန်း–

ဟူ၍ သုံးပါးအပြားရှိ၏။

**ဟီနစာဂါနုဿတိ။** ။ထိုတွင် နိဗ္ဗာန်ကို တောင့်တ၍ သမထ-ဝိပဿနာ မစီးဖြန်းဘဲ အလှူပေးခြင်းသည် ယုတ်ညံ့သော ဟီနစာဂါနုဿတိကမ္မဋ္ဌာန်းမည်။

ဟီနစာဂါနုဿတိကမ္မဋ္ဌာန်း ပြီး၏။

**မဇ္ဈိမစာဂါနုဿတိ။** ။မဇ္ဈိမစာဂါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်းကား— ရှေးဦးစွာ ယေဘုယျကျားမှာ မဟာ ခွေထိုင်နည်း ထိုင်ရမည်၊ မိန်းမမှာ အစုပလ္လင်တင်နည်း ထိုင်ရမည်။ ၎င်း ထိုင်နည်းများကို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမှာ ပြခဲ့ပြီ။ ထိုင်၍ပြီးလျှင် မိမိရှေ့မှာ ငါးတောင်ကွာခန့် အရပ်၌ အလှူဝတ္ထု၊

တို့ကို ကောင်းကောင်းမှန်မှန် ကြည့်ညှိဖွယ် ရှိအောင် ထားရမည်၊ ထားပြီးသော ထိုအလျှုဝတ္ထုအာရုံသည် ပရိကမ္မနိမိတ်မည်၏။

ထိုအလျှုဝတ္ထုကို စက္ခုဒွါရဖြင့် မြင်အောင် စေ့စေ့ ကြည့်၍ထား၊ စက္ခုဒွါရဖြင့် မြင်လျှင် မျက်စိကို မှိတ်၍ မနောဒွါရဖြင့် မြင်အောင် စေ့စေ့ကြည့်၊ ဤကဲ့သို့ချည်း သုံးကြိမ်ကြည့်။ သုံးကြိမ်ပြည့်လျှင် မနောဒွါရဖြင့် အလျှုဝတ္ထုကို စေ့စေ့ကြည့်၍ အလှူ, အလှူဟု မနောဒွါရမှာ ထင်မြင်အောင် စိတ်ဖြင့်စီးဖြန်း၊ မထင်မမြင်မချင်း စီးဖြန်းရမည်။ မနောဒွါရမှာ ထင်မြင်သော အလျှုဝတ္ထု အာရုံသည် ဥဂ္ဂဟနိမိတ်မည်၏။

မနောဒွါရဖြင့် အလျှုဝတ္ထုကို ထင်မြင်သောအခါ အလွန်စိတ်ချမ်းသာ၏၊ ကုသိုလ်များစွာ ဖြစ်၏၊ စိတ်ချမ်းသာ၍ ကုသိုလ်များစွာဖြစ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရနိုင်ကြောင်း ဖြစ်၏၊ အပါယ်ဘေးမှလည်း စိတ်ချရ၏။ ထိုဥဂ္ဂဟနိမိတ်ဟု ဆိုအပ်သော အလျှုဝတ္ထုကို စေ့စေ့ကြည့်၍ အလှူ,အလှူဟု အဆက်ထက်ဆုံး ထင်မြင်အောင် စီဖြန်းရမည်။ ထိုထင်မြင်သော အလျှုဝတ္ထုကို ကုသိုလ် ကမ္မနိမိတ်ဟု ခေါ်သည်။

ထိုကုသိုလ် ကမ္မနိမိတ်ကို အာရုံပြု၍ စုတေရလျှင် နိဗ္ဗာန်ချမ်းသာကြီးသို့ လျင်မြန်စွာ ရောက်ကြောင်းတရားကို အားထုတ်နိုင်သော လူနတ်ဖြစ်ရ၏။ လူနတ်ဖြစ်လျှင် ယခုဘဝထက် အဆအရာ အဆအထောင်မက နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဒါန, သီလ, သမာဓ ဝိပဿနာ တရားတို့ကို အားတုတ်နိုင်လိမ့်မည်။

မနောဒွါရဖြင့် အလျှုဝတ္ထုကို စေ့စေ့ကြည့်၍ အလှူ, အလှူဟု ပွါးသောအခါ လောဘ,ဒေါသအစရှိသော ကိလေသာငြိမ်းအေး ခြင်းသည် သမထမည်၏။ အလှူ,အလှူဟု ပွါးသောအခါ ကုသိုလ်များစွာဖြစ်ခြင်းသည် ဘာဝနာမည်၏။ အလှူ,အလှူဟု ပွါးသော အခါလောဘ,ဒေါသအစရှိသော ကိလေသာငြိမ်းအေး၍ကုသိုလ် များစွာ ဖြစ်ခြင်းသည် သမထဘာဝနာမည်၏။ မနောဒွါရဖြင့် အလှူဝတ္ထုကို အလှူ,အလှူဟု စီးဖြန်းခြင်းသည် အလယ်အလတ် ဖြစ်သော မဇ္ဈိမစာဂါနုဿတိကမ္မဋ္ဌာန်း မည်၏။

မဇ္ဈိမ စာဂါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်း ပြီး၏။

**ပဏီတစာဂါနုဿတိ အကျယ်။** ။ပဏီတစာဂါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်းကား— ဒါနကုသိုလ် စေတနာကို စေတနာ, စေတနာဟု ဒုံကြိမ်သုံးဆယ်စီ စီးဖြန်းရမည်။ ထိုစေတနာသည် အလှူပေးပုဂ္ဂိုလ် ကောန်မဟုတ်၊ စေတနာသာ ကောန်ဟုတ်၏ဟု ဉာဏ်ဖြင့် ဒုံကြိမ်သုံးဆယ်စီ ဆင်ခြင်ရမည်။

ထိုစေတနာကို အလှူပေးပုဂ္ဂိုလ် ကောန်ဟုတ်သည်ဟု မှတ်ထင်လျှင် သက္ကာယဒိဋ္ဌိဖြစ်၏။ ထိုစေတနာကို အလှူပေးပုဂ္ဂိုလ် ကောန်မဟုတ်ဟု သိသောဉာဏ်သည် ပညာဖြစ်၏၊ ထိုစေတနာကို စေတနာ ကောန်ဟုတ်၏ဟု သိသောဉာဏ်သည် ပညာဖြစ်၏၊ ဒုံကြိမ်သုံးဆယ်စီ ဉာဏ်ဖြင့်ဆင်ခြင်ရမည်၊ ပညာ ဖြစ်လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ဟု ဆိုလိုသည်။ သုတ္တန်အလို,သမထအလိုအားဖြင့် စေတနာကို အလှူပေးပုဂ္ဂိုလ်ဟူ၍ မှတ်၊ အဘိဓမ္မာအလို,ဝိပဿနာအလို အားဖြင့် စေတနာကို အလှူပေးပုဂ္ဂိုလ် ကောန်မဟုတ်ဟူ၍မှတ်။

သဏ္ဌာယမိဋ္ဌံ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

သဏ္ဌာယမိဋ္ဌံ၊ သဏ္ဌာယမိဋ္ဌကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ သတော၊ သတိရှိသော။ ဘိက္ခု၊ သံသရာဘေးကြီးကို ရှုသောသူသည်။ ပရိဗ္ဗဇေ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။

စေတနာကို စေတနာမှန်း သိသောဉာဏ်သည် နာမပရိစ္ဆေဒဉာဏ်လည်း ဖြစ်၏။ ဒိဋ္ဌိဝိသုဒ္ဓိလည်း ဖြစ်၏။ စေတနာသည် အလှူဝတ္ထုကြောင့် ဖြစ်၏၊ စေတနာသည် အလှူဝတ္ထုကြောင့် ဖြစ်၏။ အကြိမ်သုံးဆယ်စီ စီးဖြန်းရမည်။

စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ စေတနာ။ အယံ သုခဿ သမုဒယော။

စက္ခုံ စ၊ အလှူပေးပုဂ္ဂိုလ်တို့၏ စက္ခုပသာဒရုပ်ကိုငင်း။ ရူပေ စ၊ အလှူဝတ္ထု၌ မြင်အပ်သော အဆင်းရုပ်တို့ကိုငင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ အလှူပေးပုဂ္ဂိုလ်၌ စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာ၏။ တိဏ္ဏံ၊ စက္ခုပသာဒရုပ်, အဆင်းရုပ်, စက္ခုဝိညာဏ်စိတ် သုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံတွေ့ထိခြင်းသည်။ ဖဿော၊ လှူဖွယ်ဝတ္ထု၌ အဆင်းကို တွေ့ခြင်း ဖဿ မည်၏။ ဖဿပစ္စယာ၊ လှူဖွယ်ဝတ္ထု၌ အဆင်းကို တွေ့ခြင်း ဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ လှူဖွယ်ဝတ္ထု၌ မြင်အပ်သော အဆင်းကို ဝမ်းမြောက်ဝမ်းသာ ခံစားခြင်း သုခဝေဒနာတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ ဝေဒနာပစ္စယာ၊ လှူဖွယ်ဝတ္ထု၌ မြင်အပ်သော အဆင်းကို ဝမ်းမြောက်ဝမ်းသာ ခံစားခြင်းဟူသော အကြောင်းကြောင့်။ စေတနာ၊ လှူဖွယ် ဝတ္ထုကို နိဗ္ဗာန်သို့

ရောက်အောင် ကြိုးစားလျှ,ကြိုးစားလျှဟု နှိုးဆော်တိုက်တွန်းခြင်း စေတနာတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ အယံ စေတနာ၊ ဤလျှဖွယ်ဝတ္ထုကို နိဗ္ဗာန်သို့ ရောက်အောင် ကြိုးစားလျှ, ကြိုးစားလျှဟု နှိုးဆော်တိုက်တွန်းခြင်း စေတနာတရားသည်။ သုခဿ၊ နိဗ္ဗာန်ချမ်းသာကြီး၏။ သမုဒယော၊ လျင်လျင်မြန်မြန်ကြီး ဖြစ်ကြောင်းပေတည်း။

စေတနာဖြစ်ကြောင်းကို သိမ်းဆည်းသော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်လည်း မည်၏၊ ကင်္ခါဝိတရဏဝိသုဒ္ဓိလည်း မည်၏။ နာမပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကိုသိမြင်ခြင်းသည် ဝိပဿနာဉာဏ်ဆယ်ပါး၏ အခြေပါဒလည်းဖြစ်၏၊ အနိစ္စ, ဒုက္ခ, အနတ္တတို့၏ အခြေပါဒလည်းဖြစ်၏၊ မဂ်ဖိုလ်တို့၏ ပုဗ္ဗနိမိတ်လည်း ဖြစ်၏၊နိယတဂတိလည်းဖြစ်၏၊ စူဠသောတာပန်လည်းမည်၏။

အဘယ့်ကြောင့် စူဠသောတာပန် မည်သနည်း။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပ္ပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၃-၂၄၀။)

ဣမိနာ ပန ဉာဏေန၊ ဤ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာတော်ကြီး၌။ လဒ္ဓဿာသော၊ရပ် နာမ် ခန္ဓာ အာယတနဓာတ်တို့၏ ချုပ်ရာ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်း တရားနှစ်ပါးကို သိမြင်ရသောကြောင့်

စိတ်၏သက်သာရာကြီးကို ရသည်ဖြစ်၍ငင်း။ လဋ္ဌပွတိဋ္ဌော၊ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာဝဋ္ဋ ဆင်းရဲကြီးထဲမှ ထွက်မြောက်ကြောင်း တရားနှင့်ပါးကို သိမြင် ရသောကြောင့် စိတ်၏ထောက်တည်ရာကြီး, ကိုးကွယ်ရာကြီး, မှီခိုရာကြီးကို ရသည်ဖြစ်၍ငင်း။ နိယျာဂတိကော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကို အားထုတ်နိုင်သော လူ့နတ် ဗြဟ္မာ အဖြစ်၌ မြဲသော ဂတိရှိသည်ဖြစ်၍ငင်း။ စူဋ္ဌသောတာပန္နော နာမ၊ စူဋ္ဌသောတာပန် မည်၏။

ထို့ကြောင့် စူဋ္ဌသောတာပန်မည်၏။

စေတနာ ယခုဖြစ် ယခုပျက်၏၊ စေတနာ ယခုဖြစ် ယခုပျက်၏။

စေတနာ ယခုများစွာဖြစ် ယခုများစွာပျက်၏။ စေတနာ ယခု များစွာဖြစ် ယခုများစွာပျက်၏။

စေတနာ ယခု မရေတွက်နိုင်အောင် ဖြစ် ယခု မရေတွက် နိုင်အောင် ပျက်၏၊ စေတနာ ယခု မရေတွက်နိုင်အောင် ဖြစ် ယခု မရေတွက်နိုင်အောင် ပျက်၏။ အကြိမ်သုံးဆယ်စီ စီးဖြန်း။

စေတနာ အနိစ္စ၊ စေတနာ ဒုက္ခ၊ စေတနာ အနတ္တ၊ စေတနာ အသုဘ။

စေတနာ ယခုဖြစ် ယခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ စေတနာ ယခုဖြစ် ယခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ စေတနာ ယခုဖြစ် ယခုပျက်၍ အစိုးမရလေသော ကြောင့် အနတ္တ အနတ္တ။ စေတနာ ယခုဖြစ် ယခုပျက်၍ မတင့် တယ်လေသောကြောင့် အသုဘ အသုဘ။

စေတနာ၏ဥပါဒ်သည် ဌီသို့ရောက်သည်ဖြစ်၍ မမြဲလေသော ကြောင့် အနိစ္စ အနိစ္စ။ စေတနာ၏ ဌီသည် ဘင်သို့ရောက်သည် ဖြစ်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။ စေတနာ၏ဘင်သည် အကြွင်းမဲ့ ကုန်ခြင်းသို့ ရောက်သည်ဖြစ်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ။

စေတနာ၏ ဥပါဒ်သည် ဌီဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲ လေသောကြောင့် ဒုက္ခ ဒုက္ခ။ စေတနာ၏ ဌီ သည် ဘင်ဖြင့် နှိပ် စက်အပ်သည်ဖြစ်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။ စေတနာ ၏ ဘင်သည် အကြွင်းမဲ့ ကုန်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ ဒုက္ခ။

စေတနာ၏ ဥပါဒ်သည် ဌီသို့ မရောက်ရအောင် အစိုးမရ လေသောကြောင့် အနတ္တ အနတ္တ။ စေတနာ၏ ဌီ သည် ဘင်သို့ မရောက်ရအောင် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။ စေတနာ၏ ဘင်သည် အကြွင်းမဲ့ ကုန်ခြင်းသို့ မရောက်ရအောင် အစိုးမရလေသောကြောင့် အနတ္တ အနတ္တ။ ဤကြိမ့်သုံးဆယ်စီ စီးဖြန်း။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။
(ဓမ္မပဒပါဠိတော်၊ ၃၀)

ဥဒယဗ္ဗယံ၊ စေတနာ၏ ဖြစ်ခြင်း ပျက်ခြင်းကို။ အပဿံ- အပဿန္တော၊ တကြိမ်တခါမျှ မဘင်မမြင်ဘူးသေးသော။ ယော စ၊ အကြင် အလူပေး ပုဂ္ဂိုလ်သည်ကား။ ဝဿသတံ၊ အနှစ် တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ရာ၏။ တသ္မာ၊ ထိုစေတနာ၏

ဖြစ်ခြင်းပျက်ခြင်းကို မထင် မမြင် ဘူးသေးသော အလှူပေး ပုဂ္ဂိုလ်၏။ ဇီဝိတာ၊ အသက်တရာ ရှည်သောထက်။ ဥဒယဗ္ဗယံ၊ စေတနာ၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿတော၊ ထင်မြင်သော အလှူပေးပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက် ရှည်ခြင်းသည်။ သေယျော၊ အလွန်မြတ်လှပါ၏။

ဤဒေသနာကား နေယျတ္ထဒေသနာဖြစ်၏။ နီတတ္ထ ဒေသနာ ကား ပဋ္ဌာနစာရီကို ဟော၏။

စေတနာ ဖြစ်ခြင်း,ပျက်ခြင်းသည် သူ့သဘောအတိုင်းဖြစ်ပျက် ပါတကား။

ဖြစ်ခြင်း ပျက်ခြင်းရှိသော စေတနာသည် နိစ္စ-သုခ-အတ္တ- သုဘမှ ကင်းဆိတ်ခဲ့ပါတကား။

နိစ္စ-သုခ-အတ္တ-သုဘမှ ကင်းဆိတ်သော စေတနာသည် အလှူ ပေးပုဂ္ဂိုလ် မဟုတ်ခဲ့ပါတကား။

အလှူပေးပုဂ္ဂိုလ် မဟုတ်သော စေတနာသည် ချစ်ခြင်း မုန်း ခြင်းမရှိ, လျစ်လျူသာ ရှုဖွယ်ရှိစွပါတကား။ စေတနာကို ချစ်ခြင်း မုန်းခြင်းမရှိ, လျစ်လျူရှုမှသာ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရလိမ့် ပါတကား။ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရမှ နိစ္စ သုခ အေးမြချမ်း သာကြီးကို ရလိမ့်ပါတကား။

စေတနာကို ငါ၏စေတနာဟု တပ်မက်ခြင်းသည် တဏှာ ဖြစ်၏။ စေတနာကို ငါ,ငါဟု မှတ်ထင်ခြင်းသည် မာနဖြစ်၏။ စေတနာကို အလှူပေးပုဂ္ဂိုလ်ဟု စွဲလမ်းခြင်းသည် ဒိဋ္ဌိဖြစ်၏။ မာန, ဒိဋ္ဌိတို့သည် လောဘနှင့် ယှဉ်သောကြောင့် စေတနာကို ချစ်သည်မည်၏။ စေတနာကို နှလုံးမသာမယာခြင်းသည် စေတ နာကို မုန်းသည်မည်၏။ စေတနာ ဖြစ်ခြင်း, ပျက်ခြင်းသည် သူ့

သဘောအတိုင်း ဖြစ်ပျက်ပါတကားဟု သိသော ဉာဏ်သည် စေတနာကို လျစ်လျူရှုသည် မည်၏။ စေတနာကိုချစ်လျှင် မုန်းလျှင် သံသရာရှည်၏။ စေတနာကို မချစ် မမုန်းလျှင် သံသရာတို၏။

**ဒါနမှ ပုညကြိယာ ၁၀-ပါး ဖြစ်ပုံ**

အလှူပေးလျှင် အလှူပေးဆဲ သီလကို ဆောက်တည်ခြင်းသည် သီလကုသိုလ်။

သမထ, ဝိပဿနာကို စီးဖြန်းခြင်းသည် ဘာဝနာကုသိုလ်။

အလှူခံပုဂ္ဂိုလ်တို့ကို ရိုသေခြင်းသည် အပစာယနကုသိုလ်။

အလှူခံပုဂ္ဂိုလ်တို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းသည် ဝေယျာဝစ္စကုသိုလ်။

မိမိပြုသော ကုသိုလ်အဖို့ကို အမျှဝေခြင်းသည် ပတ္တိဒါနကုသိုလ်။

ကုသိုလ်အဖို့ကို မိမိ ဝမ်းမြောက်ခြင်းသည် ပတ္တာနုမောဒနကုသိုလ်။

ဒါနတရား စသည်တို့ကို ကြားနာရခြင်းသည် ဓမ္မဿဝနကုသိုလ်။

ဤရွေ့ ဤမျှ လှူသည်ဟု ပြောကြားခြင်းသည် ဓမ္မဒေသနာကုသိုလ်။

စေတနာကိုငင်း၊ စေတနာ၏ အကျိုးကိုငင်း ယုံကြည်ခြင်းသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ စေတနာကို သိသောဉာဏ်, စေတနာ ဖြစ်ကြောင်းကို သိသောဉာဏ်, စေတနာ ဖြစ်ခြင်း ပျက်ခြင်း စသည်ကို သိသောဉာဏ်သည် ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဤသမ္မာဒိဋ္ဌိ နှစ်ပါးကို ဖြောင့်မတ်စွာ ယူခြင်းသည် ဒိဋ္ဌိဇုကမ္မကုသိုလ်။

ဤသို့ အလှူဘကြိမ်ပေးလျှင် ပုညကြိယာဆယ်ပါး ပြည့်စုံအောင် ပေးရမည်။

**ဒါနမှ ပါရမီ ၁၀-ပါးဖြစ်ပုံ**

အလှူပေးလျှင် ရှေးဦးစွာ နိဗ္ဗာန်ကိုတောင့်တ၍ ပေးရမည်။ နိဗ္ဗာန်ကို တောင့်တ၍ ပေးသော အလှူသည် **ဒါနပါရမီ**။

သီလကို ဆောက်တည်ခြင်းသည် **သီလပါရမီ**။

လောဘမှ ထွက်မြောက်ခြင်းသည် **နေက္ခမ္မပါရမီ**။

စေတနာကုသိုလ်ကို သိသောဉာဏ်၊ စေတနာဖြစ်ကြောင်းကို သိသောဉာဏ်၊ စေတနာ ဖြစ်ခြင်း ပျက်ခြင်းစသည်ကို သိသောဉာဏ်သည် **ပညာပါရမီ**။

ဒါန, သီလ, သမထ, ဝိပဿနာတို့ကို အားထုတ်ခြင်းသည် **ဝီရိယပါရမီ**။

လှူဖွယ်ကိစ္စကို အားထုတ်၍ ပင်ပန်ခြင်းကို သည်းခံခြင်းသည် **ခန္တီပါရမီ**။

လှူမည်ဟု မှန်ကန်သောစကားကို ဆိုခြင်းသည် **သစ္စာပါရမီ**။

ဤအလှူကို ပြီးစီးအောင် အားထုတ်မည်ဟု စိတ်ကို အဓိဋ္ဌာန်ခြင်းသည် **အဓိဋ္ဌာန်ပါရမီ**။

သူတပါး ချမ်းသာအောင် ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ ပြုခြင်းသည် **မေတ္တာပါရမီ**။

"ဥပပတ္တိတော ယုတ္တိတော သဘာဝတော ဇုက္ခတိ ပဿ-တီတိ ဥပေက္ခာ"ဟူသော ဝစနတ္ထနှင့်အညီ အလှူဝတ္ထုတို့ကို တွယ်တာခြင်းမရှိ, လျစ်လျူရှု၍ လှူခြင်းသည် **ဥပေက္ခာပါရမီ**။

စေတနာ၏ သဘောတရားသည် နိဗ္ဗာန်သို့ ရောက်ကြောင်းတရား ကောင်မှန်၏ဟု မြင်ခြင်းသည် **ဥပေက္ခာပါရမီ**။

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဟု ဟောတော်မူသည်နှင့် အညီ စေတနာကို နိဗ္ဗာန်သို့ရောက်ကြောင်း ကံဟူ၍မှတ်။

သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မ-ယောနီ ကမ္မဗန္ဓူ ကမ္မပဋိသရဏာ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ အလှူပေးပုဂ္ဂိုလ်တို့သည်။ ကမ္မဿကာ၊ ကုသိုလ်စေတနာသည်သာလျှင် နိဗ္ဗာန်သို့ရောက်ကြောင်း မိမိဥစ္စာထုပ်ကြီး မည်ကုန်၏။ ကမ္မဒါယာဒါ၊ ကုသိုလ်စေတနာသည်သာလျှင် နိဗ္ဗာန်သို့ရောက်ကြောင်း အမွေခံကြီး မည်ကုန်၏။ ကမ္မယောနီ၊ ကုသိုလ်စေတနာသည်သာလျှင် နိဗ္ဗာန်သို့ ရောက်ကြောင်း အမျိုးကောင်းကြီး မည်ကုန်၏။ ကမ္မဗန္ဓူ၊ ကုသိုလ်စေတနာသည် သာလျှင် နိဗ္ဗာန်သို့ရောက်ကြောင်း အဆွေခင်ပွန်းကောင်းကြီး မည်ကုန်၏။ ကမ္မပဋိသရဏာ၊ ကုသိုလ်စေတနာသည်သာလျှင် နိဗ္ဗာန်သို့ ရောက်ကြောင်း ကိုးကွယ်ရာကြီး မည်ကုန်၏။

စေတနာ၏ သဘောတရားကို ရှုမြင်ခြင်းကို နိဗ္ဗာန်သို့ရောက်ကြောင်း ဥပေက္ခာပါရမီဟူ၍ မှတ်။ အလှူတကြိမ်ပေးလျှင် ပါရမီ ဆယ်ပါး ပြည့်စုံအောင် ပေးရမည်။ အလှူပေးဆဲမှာ နိဗ္ဗာန်ကို တောင့်တ၍ ပြုပြုသမျှသော ကုသိုလ်များကို ပါရမီချည်း မှတ်။

ပဏ္ဍိတ စာဂါနုဿတိကမ္မဋ္ဌာန်း

အကျယ်စီးဖြန်းနည်း ပြီး၏။

**ပဏီတစာဂါနုဿတိ အကျဉ်း။** ။ပဏီတစာဂါနုဿတိ ကမ္မဋ္ဌာန်း အကျဉ်း စီးဖြန်းနည်းကား —

စေတနာ, စေတနာ။ စေတနာ ယခုဖြစ် ယခုပျက်၏။ စေတနာ ယခုဖြစ် ယခုပျက်၏။ စေတနာကို မချစ်နှင့် မမုန်းနှင့်။ စေတနာကို မချစ်နှင့် မမုန်းနှင့်။

ပဏီတစာဂါနုဿတိ ကမ္မဋ္ဌာန်း
အကျဉ်းစီးဖြန်းနည်း ပြီး၏။

---

## ပဋိသမ္ဘိဒါလေးပါး ကောက်ယူပုံ

**စေတနာနှင့် နိဗ္ဗာန် လိုရင်း ဖြစ်ပုံ။** ။ထို တရား အပေါင်းတို့တွင် စေတနာကို နိဗ္ဗာန်သို့ ရောက်ကြောင်းတရားဟူ၍မှတ်။ စေတနာ၏ အကျိုးကို နိဗ္ဗာန်ဟူ၍မှတ်။ စေတနာနှင့် နိဗ္ဗာန် ဤတရားနှစ်ပါးကို လိုရင်းကြီးဟူ၍ မှတ်။

စေတနာ၏ အကျိုးဖြစ်သော နိဗ္ဗာန်ကို ဖောက်ထွင်း ဖွင့်လှန်လျက် မဖောက်မပြန် ဝေဘန်ခွဲခြမ်းတတ်သော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏။

နိဗ္ဗာန်သို့ ရောက်ကြောင်း တရားဖြစ်သော စေတနာကို ဖောက်ထွင်းဖွင့်လှန်လျက် မဖောက်မပြန်ဝေဘန်ခွဲခြမ်းတတ်သော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏။

စေတနာ၏ အက္ခရာ ပုဒ် ဓာတ် ပစ္စည်း လိင် ဝုစ်တို့ကို ဖောက်ဃွင်း ဖွင့်လှန်လျက် မဖောက်မပြန် ဝေဘန်ခွဲခြမ်း တထ်သော ဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါ မည်၏။

စေတနာ၏ အနက်အဓိပ္ပါယ်၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ဖောက်ထွင်းဖွင့်လှန်လျက် မဖောက်မပြန် ဝေဘန်ခွဲခြမ်းတတ်သော ဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါ မည်၏။

စေတနာတခုနှင့်ပင် ပဋိသမ္ဘိဒါလေးပါးလုံး နားလည်ရမည်၊ စေတနာတခုနှင့် ပဋိသမ္ဘိဒါလေးပါး နားလည်၍ နောင် မဂ်ဖိုလ်ကိုရလျှင် ပဋိသမ္ဘိဒါလေးပါး ပြည့်စုံခြင်း၏ အကြောင်း ပေတည်း။

**စေတနာ၏ ဓမ္မ၀၀တ္ထာန် ၄-ပါး။** ။စေတနာ၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဟူ၍ လေးပါး အပြားရှိ၏။ ထိုတွင် စေတနာသည် နိဗ္ဗာန်သို့ရောက်အောင် ကြိုးစားလှူ, ကြိုးစားလှူဟု တိုက်တွန်း နှိုးဆော်ခြင်း လက္ခဏာ ရှိ၏။ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော အညီအညွတ် ယှဉ်ဖော် ယှဉ်ဖက် တရားတို့ကို အားထုတ်ခြင်း ကိစ္စရသ ရှိ၏။ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကို ဆုံးဖြတ် စီရင်နိုင်ခြင်း ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ ကြွင်းသော ကုသိုလ် နာမ်ခန္ဓာ သုံးပါးလျှင် နီးစွာသော အကြောင်း ရှိ၏။

သာရိပုတ္တဿရေန သမ္ဗုဒ္ဓဿ ဒိန္နဒါနတော ဗုဒ္ဓေန
သာရိပုတ္တဿ ဒိန္နဒါနံ မဟပ္ဖလံ။

တိလမတ္တံ ကတံ ပုညံ၊ ယုတ္တံ ဉာဏေန စေတသာ။
မေရုပ္ပမာဏံ တံ ဖလံ၊ နိဗ္ဗာနမ္ပိ ဝိဇကံ။

သာရိပုတ္တဿရေန၊ အရှင်သာရိပုတ္တရာ မထေရ်သည်။ သမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒိန္နဒါနတော၊ ဆွမ်း သက်န်း

အစရှိသည်ကို လှူသော အလှူထက်။ ဗုဒ္ဓေန၊ မြတ်စွာဘုရား သခင်သည်။ သာရိပုတ္တဿ၊ အရှင်သာရိပုတ္တရာ မထေရ်အား။ ဒိန္နဒါနံ၊ ဆွမ်း သင်္ကန်း အစရှိသည်ကို လှူသောအလှူသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိ၏။

ဉာဏေန၊ သုတမယဉာဏ်, ဘာဝနာမယဉာဏ်နှင့်။ ယုတ္တံ၊ ယှဉ်သော။ စေတသာ၊ ကုသိုလ်စိတ်ဖြင့်။ ကတံ၊ ပြုအပ်သော။ တိလမတ္တံ၊ နှမ်းစေ့မျှသော။ ပုညံ၊ ဆွမ်း သင်္ကန်း အစရှိသော အလှူသည်။ မေရုပ္ပမာဏံ၊ မြင်းမိုရ်တောင် ပမာဏရှိသော။ တံ ဖလံ၊ ထိုအကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ကိမိဝ၊ ဥပမာဆို အဘယ်လိုနည်း ဟူမူကား။ ဗီဇကံ၊ သေးသေးသွယ်သွယ် အလွန် ငယ်သော ညောင်စေ့သည်။ နိဂြောဓမိဝ၊ ကြီးကြီးမားမား ညောင်ပင်ကြီးအလား ဖြစ်စေနိုင်သကဲ့သို့တည်း။

လိုရင်းကြီး ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား— အလှူပေးပုဂ္ဂိုလ်သည် အလှူခံပုဂ္ဂိုလ်ထက် ဆွမ်း သင်္ကန်းအစရှိသော အလှူ၏ အကျိုး အာနိသင်ကို များများကြီး သိလျှင် များများကြီး ကုသိုလ်ရ၏။ များများကြီး ကုသိုလ်ရလျှင် မြန်မြန်ကြီး နိဗ္ဗာန်ရလွယ်၏ဟု ဆို လိုသည်။

စာဂါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်း ပြဆိုချက် ပြီး၏။

---

## ရေစက်ချနည်း အကျယ်

ရေစက်ချနည်းကို ပြဆိုပေအံ့—

ဘန္တေ၊ နိဗ္ဗာန်ဆုပန် အလှူခံပုဂ္ဂိုလ်တို့။ မယံ၊ နိဗ္ဗာန်ဆုကို လိုသော အလှူပေးပုဂ္ဂိုလ်တို့သည်။ ကမ္မဋ္ဌ၊ နိဗ္ဗာန်သို့ ထုတ်ချောက်

ရောက်ကြောင်းဖြစ်သော ကုသိုလ်စေတနာကိုရင်း။ ကမ္မဖလဥ္စ၊ ကုသိုလ်စေတနာ၏ အကျိုးဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးကိုရင်း။ သဒ္ဒဟိတွာ၊ အလွန်အမင်း ယုံကြည်ခြင်း ရှိပါကုန်သည်ဖြစ်၍။ သံသာရဝဋ္ဋဒုက္ခတော၊ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာဝဲ ဝဋ္ဋဆင်းရဲအပေါင်းမှ။ မောစနတ္ထာယ စ၊ လျင်လျင်မြန်မြန် ထွက်မြောက်ရန် အကျိုးငှါရင်း။ နိဗ္ဗာနသဿ၊ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ်တို့၏ချုပ်ရာ အနုပါဒိသေသ နိဗ္ဗာန်ချမ်းသာကြီးကို။ သစ္ဆိကရဏတ္ထာယ စ၊ လျင်လျင်မြန်မြန် မျက်မှောက်ပြုရန် အကျိုးငှါရင်း။ တိသရဏေန၊ ရတနာ သုံးရပ် ဆည်းကပ်ကိုးကွယ်ခြင်းနှင့်။ သဟ၊ တကွ။ သီလံ၊ မိမိကျင့်သုံး နှလုံးသွင်းအပ်သော သီလကို။ သမာဒိယိတွာ၊ ခံယူစောင့်စည်း ဆောက်တည်ပြီး၍။ သမထံ၊ မဇ္ဈိမစာဂါနုဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေတွာ၊အကြိမ်ကြိမ်အထပ်ထပ် စီးဖြန်းပြီး၍။ ဝိပဿနံ၊ ပဏီ တစာဂါနုဿတိကမ္မဋ္ဌာန်းသို့။ အာရောပေတွာ၊ လက္ခဏာ သုံး တန် အဖန်ဖန် တင်ပြီး၍။ ဣမာနိ နာနာဒါနဝတ္ထူနိ၊ ဤသို့ ဆွမ်း အစရှိသော အထူးထူးသော လှူဖွယ် ဝတ္ထုတို့ကို။ အာယသ္မန္တာ-နံ၊ နိဗ္ဗာန်ဆုပန် အလှူခံပုဂ္ဂိုလ်တို့အား။ ယထာသုခံ၊ အလိုတော် ရှိသည့် အတိုင်း။ ပရိဘုဥ္ဇိတုံ၊ သုံးဆောင်စိမ့်သောငှါ။ ဒက္ခိဏောဒကံ၊နိဗ္ဗာန်သို့ရောက်ကြောင်း သဒ္ဓါကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မ-ဋ္ဌာန်းကို စီးဖြန်းရသောကြောင့် မြတ်သော အလှူရေစက်ကို။ ပါတေတွာ၊သွန်းချ၍။ ဒေမ၊စိတ်ဖြင့်ရည်မှန်းတိုင်း မဆုတ်ဆိုင်းပဲ စွန့်ကြဲပေးလှူပါကုန်၏။ ပူဇေမ၊ သူတော်စံပျော် နိဗ္ဗာန်မြော်၍ ပူဇော်ပါကုန်၏။ သဒ္ဓံ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ နိဗ္ဗာန် ဆုပန် အလှူခံပုဂ္ဂိုလ်တို့သည်။ ယထာသုခံ၊ အလိုတော်ရှိသည့် အတိုင်း။ ပရိဘုဥ္ဇန္တု၊ သုံးဆောင်တော်မူကြ စေကုန်သတည်း။

ဣမိနာ ပုညကမ္မေန၊ အားထုတ်ပြုစု ဤကောင်းမှုကုသိုလ်စေတနာကြောင့်။ မယံ၊ နိဗ္ဗာန်ဆုလို အလှူပေးပုဂ္ဂိုလ်အကျွန်ုပ်တို့သည်။ အဇာတိံ၊ တကြိမ်တခါမျှ ပဋိသန္ဓေနေခြင်းလည်း မရှိထသော။ အဇရံ၊ တကြိမ်တခါမျှ အိုခြင်းလည်း မရှိထသော။ အဗျာဓိံ၊ တကြိမ်တခါမျှ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာလည်း မရှိထသော။ အမတံ၊ တကြိမ်တခါမျှ သေခြင်းလည်း မရှိထသော။ အဂတံ၊ တကြိမ်တခေါက်မျှ မရောက်ဘူးထသော။ နိဗ္ဗာနသုခံ၊ ဆင်းရဲခပ်သိမ်း ငြိမ်းအေးချမ်းသာခြင်းသို့။ သီဃံ သီဃံ၊ လျင်လျင်မြန်မြန် ကြီး။ ပပ္ပေါမ၊ ရောက်ရပါလိုကုန်၏။ ဣဒံ ပုညဘာဂံ၊ အားထုတ်ပြုစု ဤကောင်းမှုကုသိုလ် အဖို့ကို။ မယံ၊ နိဗ္ဗာန်ဆုလို ပုဂ္ဂိုလ်သမုတ် နာမ်ရုပ်နှစ်ဖော် တပည့်တော်တို့သည်။ သဗ္ဗသတ္တာနဥ္စ၊ ငါးပါးအာရုံကာမဂုဏ်ကို စုံမက်ကပ်ငြိ လုံးစုံရှိသော သတ္တဝါတို့အား၎င်း။ မာတာပိတူနဥ္စ၊ မြင်းမိုရ်မက ကျေးဇူးကြီးလှ မိနှင့်ဘတို့အား၎င်း။ အာစရိယာနဥ္စ၊ မြင်းမိုရ်အလား ကျေးဇူးများသော ဆရာသမားတို့အား၎င်း။ ဉာတကာနဥ္စ၊ အရာရာမျိုး လွန်အားကိုးရသော ဆွေမျိုးတို့အား၎င်း။ ဒေဝတာနဥ္စ၊ ကိုယ်စောင့်နတ်မှ၍ ဘုမ္မာရုက္ခ အာကာသနတ် အပေါင်းတို့အား၎င်း။ ဘူပါလဿ စ၊ ရေမြေသနင်း ပြည့်ရှင်မင်းအား၎င်း။ ယမရာဇဿ စ၊ ငရဲသနင်း ယမမင်းအား၎င်း။ သမံ ဒေမ၊ အလှူပေးပုဂ္ဂိုလ်တို့ ကုသိုလ်အဖို့ကို ရသကဲ့သို့ ရပါစေဟု အညီအမျှ ပေးဝေပါကုန်၏။ အမှာကံ၊ နိဗ္ဗာန်ဆုလို အလှူပေးပုဂ္ဂိုလ် အကျွန်ုပ်တို့၏။ ဣဒံ ပုညဘာဂံ၊ အားထုတ်ပြုစု ဤကောင်းမှု ကုသိုလ် အဖို့ကို။ သဗ္ဗသတ္တာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့သည်။ အမှေဟ်၊ နိဗ္ဗာန်ဆုလို အလှူပေးပုဂ္ဂိုလ် အကျွန်ုပ်တို့နှင့်။ သမံ၊ အညီအမျှ။ လဘန္တု၊ ရကြသည် ဖြစ်စေကုန်လော့။ အနာဂတေ၊ နောင်အခါ၌။ ဣဒံ

ပုညဘာဂံ၊ အားထုတ်ပြုစု ဤကောင်းမှု ကုသိုလ် အဖို့ကို။ ပမဇ္ဇောဘိ၊ သတိလွတ်ပေါ့ မေ့လျော့သော်လည်း။ ဣယံ ဝသုန္ဓိ၊ သန်းချာတွက်ကိန်း နှစ်သိန်း လေးသောင်း မြေပေါင်းအထုရှိသော ဤ မဟာပထဝီ မြေကြီးသည်။ သက္ခိ၊ တော်လဲလျောင် ပွဲတင်နှံ့စပ် လှုပ်အပ်သော သက်သေသည်။ ဟုတွာ၊ ဖြစ်၍။ တိဋ္ဌတု၊ မြေကြီး ပေါ်၌ ရေစက်သွန်းချသည့် အခါမှစ၍ သဥပါဒိသေသ နိဗ္ဗာနသို့ ရောက်သည့် ဘဝတိုင်အောင် အမြဲတည်စေသတည်း။

ရေစက်ချနည်း အကျယ် ပြီး၏။

---

**ရေစက်ချနည်းအကျဉ်း**

ရေစက်ချနည်းအကျဉ်းကို ပြဆိုပေအံ့–

ဘန္တေ၊ အလှူခံပုဂ္ဂိုလ်တို့။ မယံ၊ အလှူပေးပုဂ္ဂိုလ် အကျွန်ုပ်တို့ သည်။ ကမ္မဥ္စ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ကုသိုလ်စေတနာကိုလည်း။ ကမ္မဖလဉ္စ၊ ကုသိုလ်စေတနာ၏ အကျိုးဖြစ်သော နိဗ္ဗာန်ကိုလည်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည် ဖြစ်၍။ သံသာ-ရဝဋ္ဋ ဒုက္ခတော၊ သံသရာနည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစ-နတ္ထာယ စ၊ ထွက်မြောက်ပါခြင်း အကျိုးငှါလည်း။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ချမ်းသာကြီး၏။ သစ္ဆိကရဏတ္ထာယ စ၊ မျက်မှောက်ပြုပါ ရခြင်း အကျိုးငှါလည်း။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊သီလကို။ သမာဒိယိတွာ၊ ကောင်းစွာဆောက်တည် ပြီး၍။ ဘာဝနံ၊ သမထဘာဝနာ, ဝိပဿနာ ဘာဝနာကို။ ဘာဝေတွာ၊ စီးဖြန်းပြီး၍။ ဇုမာနိ နာနာဒါနဝတ္ထူနိ၊ ဤ ဆွမ်း

အစရှိသော အထူးထူးသော လှူဖွယ်ဝတ္ထုတို့ကို။ အာယသ္မန္တာနံ၊ အလှူခံပုဂ္ဂိုလ်တို့အား။ ယထာသုခံ၊ အလိုတော်ရှိသည့်အတိုင်း။ ပရိဘုဥ္ဇိတုံ၊ သုံးဆောင်စိမ့်သောငှါ။ ဒက္ခိဏောဒကံ၊ မြတ်သော အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ ဒေမ၊ လှူဒါန်းပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ အလှူခံပုဂ္ဂိုလ်တို့သည်။ ယထာသုခံ၊ အလိုတော်ရှိသည့်အတိုင်း။ ပရိဘုဥ္ဇန္တု၊ သုံးဆောင်တော်မူကြစေကုန်သတည်း။

ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကံ စေတနာကြောင့်။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာကြီးသို့။ သီဃံ သီဃံ၊ လျင်လျင် မြန်မြန်ကြီး။ ပပ္ပောမ၊ ရောက်ရပါလိုကုန်၏။ ဣဒံ ပုညဘာဂံ၊ ဤ ကောင်းမှု ကုသိုလ်အဖို့ကို။ သဗ္ဗသတ္တာနဥ္စ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့အားရင်း။ မာတာပိတူနဥ္စ၊ အမိအဘတို့အားရင်း။ အာစရိယာနဥ္စ၊ ဆရာသမားတို့အားရင်း။ ဉာတကာနဥ္စ၊ အဆွေ အမျိုးတို့အားရင်း။ ဒေဝတာနဥ္စ၊ နတ်တို့အားရင်း။ ဘူပါလဿ စ၊ ပြည့်ရှင်မင်းအားရင်း။ ယမရာဇဿ စ၊ ယမမင်း အားရင်း။ သမံ ဒေမ၊ အမျှပေးဝေပါကုန်၏။ အမှာကံ၊ အလှူပေး ပုဂ္ဂိုလ် အကျွန်ုပ်တို့၏။ ဣဒံ ပုညဘာဂံ၊ ဤကောင်းမှု ကုသိုလ် အဖို့ကို။ သဗ္ဗသတ္တာ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ သမံ၊ အညီအမျှ။ လဘန္တု၊ ရကြသည် ဖြစ်စေကုန်လော့။

ရေစက်ချနည်းအကျဉ်း ပြီး၏။

**မှာထားချက်။** ။"ဣမာနိ နာနာဒါနဝတ္ထူနိ"ပုဒ်ကို သက်နှင့်ကို လှူလိုလျှင် "ဤသို့ သက်နှင့်အစရှိသော အထူး ထူးသော အလှူဝတ္ထုတို့ကို"ဟု မိမိလှူရာ အလှူဝတ္ထုတို့ကို အစက

ထည့်၍ ဆို။ ရေစက်ချသောအခါ ဒေမ-တပုဒ်၊ ပူဇေမ-တပုဒ်၊ ပပ္ပေါမ-တပုဒ်၊ သမ်ဒေမ-တပုဒ် ၎င်းလေးပုဒ်တို့ကို သုံးကြိမ်စီ ဆိုရမည် လိုရင်းကြီး မှတ်။

မြတ်စွာဘုရားသခင်သည် မောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်သောအခါ ဝေဿန္တရာမင်းကြီး ဖြစ်စဉ် ကာလက အသဒိသ အလှူကြီးကို ပေးလှူခဲ့သောအခါ မြေကြီးပေါ်၌ ရေစက်သွန်းချကြောင်းကို သက်သေပြုတော်မူ၏။ ၎င်းထုံ ကို နှလုံးပြု၍ အလှူပေးသောအခါ မြေကြီးပေါ်၌ ရေစက်သွန် ချကြကုန်၏။ အလှူပေးသောအခါ ရေစက်မချသော်လည်း "ဤအလှူဝတ္ထုတို့ကို ဤအလှူခံပုဂ္ဂိုလ်တို့အား လှူပါကုန်၏၊ ဤကောင်းမှုစေတနာကြောင့် နိဗ္ဗာန် ချမ်းသာကြီးကို လျင်မြန်စွာ ရပါလို၏"ဟု ဆိုခြင်းကိုသာ လိုရင်းကြီးမှတ်။

ရေစက်ချနည်း ပြဆိုချက် ပြီး၏။

---

## ယောဂီပုဂ္ဂိုလ်များ သိမှတ်ဖွယ်
## ပိုဒ်စုံ ရတု

သူတော်ကောင်းတို့ တောလားနည်း၊ တောရတနည်း၊ ခေါင်းပါးသော အစာစားနည်းများကို ပြဆိုပေအံ့—

အာရညကင်၊ ခုတင်ရအောင်၊ ရွာကို ရှောင်၍၊ လေးတောင်လွတ်လွတ်၊ ကိုင်းညွှတ်ကွေးကွေး၊ ကုလလေးတာ၊ ပြန်ငါးရာဖြင့်၊ သချာမှန်လှ၊ တခေါသဌ၊ နေယ ကျိန်းအောင်း၊ သစ်မြစ်ကျောင်းလည်း၊ ညောင်စောင်းဆံ့ရုံ၊ တစုံသက်န်း၊ ဖန်ရည်စွန်းသား၊ ခါးပန်း, သင်းပိုင်၊ ခရိုင်, ပဲ့ခွပ်၊ သပိတ်အပ်နှင့်၊ ဘိနပ်, ထီးကုပ်၊

လက်ဆုပ် ကိုင်သွား၊ကရား, သားရေနယ်၊ပခုံးလွယ်၍၊လေးဆယ်
ကမ္မဋ္ဌာန်း၊ ကသိုဏ်းဝန်းလည်း၊ စီးဖြန်းတစ်တစ်၊ ထွာလေးသစ်
ဖြင့်၊ မချစ်ဖော်ရွေ၊ ကိုယ်ထီးနေ၍၊ ကောစာရ၊ မာန်စောင်
ချလျက်၊ လောဘမစော၊ လူမနှောတည့်၊ တတောထွက်လျှင်၊
တတောဝင်၍၊ တပင် ထွက်သွား၊ တပင်နားလျက်၊ ခေါင်းပါး
အစာ၊ မျှရုံသာလျှင်၊ ပမာနှိုင်းတု၊ ကြက်မ ဥလောက်၊ ဒေါင်းဥ
အောက်ဖြင့်၊ ဖြောက်ဖြောက် မဝါး၊ လုပ်ရေစားမှ၊ လေးငါးလုပ်
လျော့၊ ဖျော့တော့ကိုယ်လက်၊ ပစ္စေက်လည်း၊ နေလျက် အမြဲ၊
သုံးစွဲဘိုင်းပင်၊ ရွတ်ဆင်ခြင်မှ၊ သုတ်သင် အာပတ်၊ ပရိဝတ်နှင့်၊
မာနတ် ဗွာန်သွင်း၊ မကင်း စောင့်စည်း၊ သီလ ဆည်းလျက်၊ပလ-
လည်းဆင်၊ ကျင့်သော သွင်သို၊ အောင်မြင် တံခွန်၊ သာမျိုး
လွန်သည်။　။နိဗ္ဗာန်ရွှေမြို့ ပျော်မည်ဘို့။

မရှင်သဘင်၊ စိတ်ကိုဆင်၍၊ တောဝင် ဝိဝိ၊ ညဥ့်ရှိနံနက်၊ ခတ်
တံမြက်နှင့်၊ကိုယ်လက် ကျန်းအောင်၊သုံးရေဆောင်၍၊ညောင်ဗော
ဓိပင်၊ စေတီပြင်ကို၊ သုတ်သင် လှည်းလျက်၊ ကျောင်းသို့တက်မှ၊
ဓမ္မစကြာ၊ မဟာသမယ၊ ပေါင်းချုပ်မကွာ၊ ရတနာရွှေချိုင့်၊ တံ
တိုင်းပမာ၊ စောင်ရန်းကာလျက်၊ မေတ္တာပုပ္ပြီး၊ ဆွမ်းခံနီး၌၊
ကြယ်ကြီး နက္ခတ်၊ အခါမှတ်လျက်၊ လွယ်စွပ်သပိတ်၊ ပရိတ်
ရွတ်သွား၊ သင့်ရာနားမှ၊ သုံးပါး အဝန်း၊ ခါးပန်း ပတ်ရစ်၊
ပုဆစ်ဒူးမှ၊ ရှစ်သစ် ချ၍၊ ဖော်က သင်းပိုင်၊ တပြိုင် ရုံဟုတ်၊ ဒုကုဋ်
ထို့ထက်၊ လေးသစ်တက်မှ၊ နှစ်ဖက်အစွန်း၊ အဝန်း သတ်သတ်၊
အနားပတ်လည်၊ မြဲအောင် ချည်၍၊ လည်-လက်ကောက်ဝတ်၊
လွှမ်းပတ်ပြီးမှ၊ အိတ်ဈွပ် ရေကျင်း၊ မကင်း ပခုံးဝယ်၊ သပိတ်လွယ်
လျက်၊ ငိုက်ငယ်မျက်နှာ၊ ပြင်းစွာ မသွား၊ ရထားထမ်းပိုး၊ မြော်ရှိုး

တည့်တည့်၊ လေးခေါင်ကြည့်၍၊ မလှည့်အာရုံ၊ ရေလုပ်ငုံသို့၊ ခြေစုံခွှေတွင်၊ ရုပ်သည်မြင်မှု၊ ပွတ်စင် ရောင်မှောင်း၊ စလောင်း လက်စွဲ၊ လှူဆဲဆဲဌ်၊ လက်ဝဲလှစ်ခါ၊ လကျာ ညွှတ်ခံ၊ ငိနည်းကံနှင့်၊ တစဉ်တည်းပင်၊ ယွင်းမထင်သည်။ ။မဂ္ဂင်ကူးတို့ လှော်မည်ဘို့။

**တစဉ်တပြင်၊ ကုံသုံးခွင်မှ၊ လွတ်ချင်သောလျှော၊ ကျင့်ဘူးလေသော်၊ သက်သေသော်ကား၊ ရေသော်များ၏၊ မင်းသားတေမိ၊ ဇာသိ ဇနက်၊** ဧတာယွက်လေဘူး၊ ကျေးဇူးများစွာ၊ သုမေဓာသို့၊ မြိုင် သာ တောဖျား၊ သစ်သီးစား၍၊ လေးပါးမြဟ္မ၊ ဝိဟာရကို၊ ရွှရွ စီးဖြန်း၊ ကမ္မဋ္ဌာန်းကြောင့်၊ မစွန်းသီလ၊ ဈာန်ပုံရ၍၊ မြဟ္မာ့ဘုံနေ၊ ဖြစ်ဘူးလေ၏၊ လူ့ပြေခါသင့်၊ သစ္စာပွင့်က၊ ထိုနှင့်တကွ၊ ဈာန် မရလည်း၊ နောက်မှဝါသနာ၊ ပါမိခ္ဓွင့်ပါဟု၊ သဒ္ဓါအလွန်၊ ရှိသည် တန်ဟု၊ သုသာန်ရကွ၊ အာရည်နှင့်၊ တကွမကွာ၊ ဓုတ္တာကာနိသဇ၊ ကြိုက်လစ် ပံသုကူ၊ ဆောင်ယူအညီ၊ တိစီဝရိက်၊ ကျင့်ဝတ်စိတ်ဖြင့်၊ သိတ်သိတ်မကွာ၊ အရိယာတို့၊ ယထာသန္တတိ၊ မယှိန္ဒင်းပြိုင်၊ ပတ္တပိုဏ်နှင့်၊ ခရိုင်ရောရှ၊ ခလုပစ္ဆာ၊ ကောသန၊ မလွှက်ရတည့်၊ ခံဘဆွမ်းဝတ်၊ ပိဏ္ဍပါတ်နှင့်၊ မပြတ်ဿပဒါန်၊ အမှန်မြဲပင်၊ စုတင် အမျိုး၊ သုံးဆယ့်ကိုးနှင့်၊ ကျင့်ရိုးအမှန်၊ ဓိဋ္ဌာန်ဝိကပ်၊ ရှစ်ရပ် လို့လ၊ ကြောင့်ကြဆယ်ဖြာ၊ ပြစ်ခူါရှင်းထ၊ ဒ႔ရိယတို့၊ ဝံသလေး သွယ်၊ ခင်ကြ သ်သီလ၊ သန္တောသဟု၊ ဒမ္မကျင့်မှု၊ ဆယ့်နှစ်ခုကို။ ။ **သာခု နတ်တို့ ခေါ်မည်ဘို့။**

**စာအံ၍ ကုလလေးတာ ဇောရတာနည်း**

က-ဂ စမြှောက်၊ အားသို့ရောက်၊ တခေါက်ပြန်ခါ ကီ-ငါးရာ။

ကကြီးရေ-က, ကကြီးရေးချ-ကာ စသည်ဖြင့် အားသို့ရောက်အောင် အံပြီးလျှင် ကကြီးရေ-က, ကကြီးရေးချ-ကာ စသည်ဖြင့် ကီ-သို့ရောက်အောင် တခေါက်ပြန်၍ အံရမည်။

**စာအံ၍ မဟာမြင်းမိုရ်တာ တတိုင်တာနည်း**

က-က စမြောက်၊ အားသို့ရောက်၊ သုံးခေါက်ပြန်-ပီ တတိုင်သာ။

ကကြီးရေ-က, ကကြီးရေးချ-ကာ စသည်ဖြင့် အားသို့ သုံးခေါက်ရောက်အောင် အံ၍ပြီးလျှင် ကကြီးရေ-က, ကကြီးရေး ချ ကာ-စသည်ဖြင့် ပီ-သို့ရောက်အောင် တခေါက် အံရမည်။

**ခြေလှမ်း၍ ကုလလေးတာ တောရတာနည်း**

ကုလလေးတာ ငါးရာမှာ အတောင်ပေါင်း နှစ်ထောင်ရှိ၏၊ ခြေဘလှမ်းမှာ တတောင့်ထွာရှိ၏၊ ခြေနှစ်လှမ်းမှာ သုံးတောင်ရှိ၏၊ ခြေတလှမ်းကို တတောင့်ထွာရှိအောင် လှမ်းရမည်။ ပုတီးတကုံးကို လုံးရေ တရာ ထားရမည်။ အရာမ်ရှိလျှင် အရာမ်ရှိရာ အရပ်က ခြေကိုစုံရပ်၍, အရာမ်မရှိလျှင် အရာမ်ထိုက်ရာ ဒွေလေဠူ-ပါတ–အရပ်က ခြေကို စုံရပ်၍ ရှေးဦး စွာ ဘယ်ခြေ လှမ်းရမည်။ နောက်မှ ညာခြေကို လှမ်းရမည်။ ညာခြေလှမ်းတိုင်းလှမ်းတိုင်း ညာဘက်လက်က ပုတီး တလုံး တလုံး ချရမည်။ ပုတီး ခုနစ်ပတ် ရလျှင် အတောင်ပေါင်း နှစ်ထောင့်တရာ ရှိ၏၊ တရာ ပို၏။

**ခြေလှမ်း၍ မဟာမြင်းမိုရ်တာ တတိုင်တာနည်း**

မဟာမြင်းမိုရ်တာ တတိုင်မှာ အတောင်ပေါင်း ခုနစ်ထောင်ရှိ၏။ ပုတီး, ခြေလှမ်း, အရာမ်တို့မှာ ရှေးနည်းအတိုင်း ယူ။ ပုတီးနှစ်ဆယ့်လေးပတ်ရလျှင် အတောင်ပေါင်း ခုနစ်ထောင့်နှစ်ရာ ရှိ၏။ နှစ်ရာ ပို၏။

## ခေါင်းပါးသော အစာစားနည်း

သုမေဓော တေမိယော ကဏှော၊ အကိတ္တိတာပသာဒယော။
သဗ္ဗမံသံ ဝိဝဇ္ဇေတွာ၊ ပူရေသုံ ဗောဓိဟေတဝေ။

တသ္မာ သလ္လေခိကော ပေါသော၊ သံပဿံ အတ္တ'မတ္တနော။
သဗ္ဗမံသံ ဝိဝဇ္ဇေယျ၊ ယောဂကမ္မေသု ပတ္တိယာ။

သုမေဓော၊သုမေဓာရှင်ရသေ့ငင်း။တေမိယော၊တေမိရှင်ရသေ့ငင်း။ ကဏှော၊ ကဏှာရှင်ရသေ့ငင်း။ အကိတ္တိတာပသာဒယော၊ အကိတ္တိရှင်ရသေ့စသော ဘုရားအလောင်းတို့ငင်း။ သဗ္ဗမံသံ၊ အလုံးစုံသော အသားကို။ ဝိဝဇ္ဇေတွာ၊ရှောင်ကြဉ်ကုန်၍။ ဗောဓိ-ဟေတဝေ၊ သဗ္ဗညုတဉာဏ် ရင့်သန်ခြင်း၏ ပါရမီအဆောက်အဦတို့ကို။ ပူရေသုံ၊ ဖြည့်ကျင့်ကုန်ပြီ။

တသ္မာ၊ ထိုကြောင့်။ သလ္လေခိကော၊ ခေါင်းပါးအောင်ကျင့်သော။ အတ္တနော၊ မိမိ၏။ အတ္တံ၊ အကျိုးကို။ သံပဿံ-သံပဿန္တော၊ ရှုသော။ ပေါသော၊ ရဟန်း သာမဏေ လူသူတော်စင် သီလရှင်သည်။ ယောဂကမ္မေသု၊ ယောဂလေးဖြာကုန်ရာနိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ ဝါ၊ ရောက်လွယ်အောင်။ သဗ္ဗမံသံ၊ အလုံးစုံသော အသားကို။ ဝိဝဇ္ဇေယျ၊ မစားအရှင်း ရှောင်ကွင်းရာ၏။

သဗ္ဗမံသံ ပရိဝဇ္ဇေမိ။ ။အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗမံသံ၊ ကုန်းရေမဆို ထိုထိုသတ္တဝါအသားကို။ ပရိဝဇ္ဇေမိ၊ မစားအရှင်း ရှောင်ကွင်းပါ၏။

ဤသို့ ဘုရားအလောင်း သူတော်ကောင်းတို့၏ ထုံးဟောင်းတန်း ပုံစံကို ရှုပြီးလျှင်—

"မြေ၌သွားသော သတ္တဝါအသားကို မစားအရှင်း ရှောင်ကွင်းရသော စေတနာကြောင့် မြေကြီးအထုနှင့်တူသော ဘုန်းသမ္ဘာကံ ပညာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ရွှေဘုံနိဗ္ဗာန်ကို မြန်မြန်ကြီး ရပါလို၏။

ရေ၌သွားသော သတ္တဝါအသားကို မစားအရှင်း ရှောင်ကွင်းရသောစေတနာကြောင့် သမုဒ္ဒရာလှိုင်းတံပိုးကဲ့သို့ တိုးတက်သော ဘုန်းသမ္ဘာကံ ပညာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ရွှေဘုံနိဗ္ဗာန်ကို မြန်မြန်ကြီး ရပါလို၏။

ကောင်းကင်ပျံသွား သတ္တဝါအသားကို မစားအရှင်း ရှောင်ကွင်းရသော စေတနာကြောင့် ကောင်းကင်ဝန်းကဲ့သို့ ကျယ်ဝန်းသော ဘုန်းသမ္ဘာကံ ပညာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ရွှေဘုံနိဗ္ဗာန်ကို မြန်မြန်ကြီး ရပါလို၏"ဟု ဆုတောင်းကြလေ။

သူတော်ကောင်းတို့ တောလားနည်း၊ တောရတာနည်း၊ ခေါင်းပါးသော အစာစားနည်းများကို ပြဆိုချက် ပြီး၏။

---

## မာရ်စစ်သည် ဆယ်တပ်

ဤစာအုပ်ကို ကြည့်ရှုနည်းမှီ၍ ယောဂီပုဂ္ဂိုလ်ပြုလုပ်ကြသော ရဟန်းရှင်လူ သူတော်ကောင်းတို့ နှလုံးသွင်းရန် မာရ်စစ်သည် ဆယ်တပ်ကား—

စစ်သည် ဆယ်တပ်ကို ပေါက်အောင်တိုက်နိုင်မှ မြို့ကိုရ၍ နန်းထိုင်ရသော မင်းအဖြစ်သို့ ရောက်သကဲ့သို့ မာရ်မင်းစစ်သည် ဆယ်တပ်ကို ပေါက်အောင် တိုက်နိုင်သော ယောဂီပုဂ္ဂိုလ်မှ အရိယာအသင်းပါ၍ နိဗ္ဗုတာမြို့နန်းကို ရသည်။ မာရ်စစ်သည်

ဆယ်တပ်ကို "ကာမာ တေ ပဌမာ သေနာ" စသည်ဖြင့် မြတ်စွာဘုရား ဟောတော်မူ၏။

ကာမာရတိ ခုပ္ပိပါသာ၊ တဏှာ စ ထိနမိဒ္ဓကာ။
ဘီရူ ဝိစိကိစ္ဆာ မာနော၊ လာဘာဒျုက္ကံသနာဒယော။

သော နမုစိနော သေနာ၊ မာရဿာ'ဘိပ္ပဟာရိနီ။
န တံ အသူရော ဇိနာတိ၊ ဇေတွာဝ လဘတေ သုခံ။
(သင်္ဂဟဂါထာ)

ကာမာ၊ ရူပသဒ္ဒ စသည့်အာရုံ ကာမဂုဏ် ငါးပါးတို့ငင်း။ အရတိ၊ ရသေ့ရဟန်း သီလရှင် သူတော်စင်အဖြစ်၌ မမွေ့လျော်ခြင်းငင်း။ ခုပ္ပိပါသာ၊ ဆာလောင်မွတ်သိပ်ခြင်းငင်း။ တဏှာ၊ ဇုဋ္ဌာရုံကို တပ်မက်ခြင်းငင်း။ ထိနမိဒ္ဓကာ၊ အိပ်ချင်ငိုက်မိန်း တက်ဖိန်းပျင်းရိခြင်းတို့ငင်း။ ဘီရူ၊ တောမြိုင်ချောက်၌ တယောက်ထီးတည်း နေရမည်ကို ကြောက်ခြင်းငင်း။ ဝိစိကိစ္ဆာ၊ ကမ္မဋ္ဌာန်း မတိုးမတက်လာသဖြင့် မိမိကျင့်သော သိက္ခာကို ယုံမှားခြင်းငင်း။ မာနော၊ ငါသည် ကမ္မဋ္ဌာန်းကို လွန်စွာ စီးဖြန်းအားထုတ်နိုင်ပါ တကားဟု မာန်ထောင်လွှားခြင်းငင်း။ လာဘာဒိ၊ လာဘ်သပ္ပ- ကာ ပူဇာသက္ကာရ ပရိဝါရ ကိတ္တိယသ များခြင်းငင်း။ ဥက္ကံသ- နာဒယော၊ ကိုယ့်ကိုမြှောက်စား သူတပါးကို မထီမဲ့မြင်ပြုခြင်းတို့ငင်း။

မာရဿ၊ သံသရာဝဋ် ဘဝညွတ်က မလွတ်ခေစဘဲ အဖန်တလဲလဲ သေအောင်သတ်တတ်သော။ နမုစိနော၊ မာရ်နတ်မင်း၏။ သော သေနာ၊ ဤစစ်သည်ဆယ်တပ်သည်။ အဘိပ္ပဟာရိနီ၊ သံသရာ ဝဋ် ဘဝညွတ်က လွတ်ဖို့ အလုပ် တရားဆုတ်အောင် ပုတ်

ခတ်နှောင့်ယှက် ဖျက်ဆီးတတ်၏။ တံ၊ ထိုမာရ်မင်းစစ်သည် ဆယ်တပ်ကို။ အသူရော၊ သဒ္ဓါ ပညာ လုံ့လ သတိ သမာဓိ လက်နက်ငါးပါးကင်း၍ ရဲစွမ်းခြင်းသတ္တိ မရှိသောသူညံ့သည်။ န ဇိနာတိ၊ မအောင်မြင်နိုင်။ ဇေတွာဝ၊ လက်နက်ငါးပါး ဆောင်ထားကိုင်စွဲသူရဲကောင်း ရဲခေါင်ဖြစ်၍ အောင်မြင်နိုင်မှသာလျှင်။ သုခံ၊ တခါရောက်က တခေါက်မပြန် အမြဲမှန်သော နိဗ္ဗာန်ချမ်းသာကြီးကို။ လဘတေ၊ ရနိုင် ရောက်နိုင်၏။

ဤကား အနက်တည်း။ အဓိပ္ပါယ်ကား—

**၁-ကာမ တပ်မတော်။** ။ရူပသဒ္ဒ စသည့်အပြား သားမယားအာရုံ ကာမဂုဏ်ကို စုံမက်တပ်စွန်းသောကိလေသာ ကာမ လောဘ တည်းဟူသော ပဌမတပ် မာရ်နတ်စစ်သည်ကို မဖြိုမဖျက်နိုင်, တောမထွက်နိုင်ကြ၍ မိန်းမယောက်ျား လူအများတို့ အပါးပါးသော ဘေးဆိုး အမျိုးမျိုးသော ဆင်းရဲဒုက္ခတွေနှင့်တွေ့ကြုံ အဖုံဖုံသောမကောင်းမှု အကုသိုလ် ဒုစရိုက် အကျင့်ပျက်တို့ဖြင့် အသက်မွေးမှားကြလျက် အပါယ်နရက်သို့ လား သံသရာဝဋ်ဒုက္ခရှည်လျား၍ အများသတ္တဝါခပင်း တအင်းအင်းနှင့် မာရ်မင်းနယ်စက်မှ မလွတ်ထွက်နိုင်, ငေးမှိုင်၍ နေကြရကုန်၏။

**၂-အရတိတပ်မတော်။** ။ကံတော်ကံညား ပညာရှိများ၏ ဩဝါဒ သပ္ပုရိသူပနိဿယကို ရ၍သော်၎င်း၊ စားရန် ဝတ်ရန် အကြံအစည်မတဲ့ ခိုကိုးရာမဲ့၍သော်၎င်း သားမယား အာရုံ ကာမဂုဏ်တည်းဟူသော ပဌမတင်ကို ဖြိုဖျက် တောထွက်၍ လာပါသော်လည်း အဖော်အလှော် မရှိ တယောက်တည်း အိပ်ရခြင်း၊ တထပ်တည်း စားရခြင်း၊ စာပေပိဋကတ်, ပရိယတ်,

ပဋိပတ်တို့ကို အားထုတ်ရခြင်း စသော ရသေ့ရဟန်း သီလရှင် သူတော်စင်တို့ တရားအလုပ်ကို အားထုတ် ကျင့်ကြံရမည်ကို ခဲယဉ်းပျင်းရိလှ၍ အရတိတည်းဟူသော ဒုတိယတပ်ကို မဖြိုဖျက် နိုင်ပဲ စာကိုင်ယောင် ပုတီးကိုင်ယောင် ထယောင် ထိုင်ယောင် စကြံသွားယောင် ယောင်တွေ အနပ္ပကမ်းနှင့်ပင် ကာလ ကုန်ကျွန်း စာပေကမ္မဋ္ဌာန်း လစ်ဟင်း၍ မာရ်မင်းလက်နက် နိုင်ငံသို့ ပါရလေ၏။

